


# ဦးဝင်းထိန်

တပ်ချုပ်ကြီးများ

ရေး ဆောင်းပါး

ဦးသိန်းစိန်

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း — ပထမအကြိမ်၊ ၂၀၁၃၊ မေလ

အုပ်ရေ — ၂၀၀၀

တန်ဖိုး — ၃၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ — ဝင်းပေ ပုံနှိပ်တိုက် (၀၀၃၁၃)
၁၂၄၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၃၅၁၀၁၇၄၄၊ ၀၉ ၇၈၅၂၈၁၉၄၄

ထုတ်ဝေသူ — ဒေါ်သင်းသင်းမြင့် (၀၀၃၇၂)၊ သင်း၊ စာပေ
၁၉၊ ဓမ္မာရာမလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး — ဝင်းပေ စာပေ၊ ပုံနှိပ်နှင့် စာအုပ်ချုပ် လုပ်ငန်း
ဦးသန်းဝင်း၊ ၁၂၄၊ မဟာဗန္ဓုလလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၃၅၁၀၁၇၄၄၊ ၀၉ ၇၈၅၂၈၁၉၄၄

မျက်နှာဖုံး ဒီဇိုင်း — Prestige

# ကျွန်တော်နှင့် တပ်ချုပ်များ၊ ဗိုလ်သိန်းဝိန် ဘာကြောင့် သမ္မတဖြစ်လာရသလဲ

နှင့်

အခြား ဆောင်းပါးများ

## ဦးဝင်းထိန်


ဦးဝင်းထိန်
ကျွန်တော်နှင့် တပ်ချုပ်များ ဗိုလ်သိန်းဝိန် ဘာကြောင့် သမ္မတဖြစ်လာရသလဲနှင့် အခြား ဆောင်းပါးများ
(ပထမ အကြိမ် ၂၀၁၃)
စာ- ၃၈၂၊ ၂၂ စင်တီ x ၁၃ စင်တီ
[illegible]
[illegible]

# မာတိကာ


၁။ ဗိုလ်သိန်းစိန် ဘာ့ကြောင့် သမ္မတ ဖြစ်လာရသလဲ ၁

၂။ ဦးနေဝင်းကို ရှိခိုးရဦးတော့ ၉

၃။ ကျွန်တော်နှင့် တစ်ရှိန်ထိုးက ကိုအေး ၂၅

၄။ ကိုဝင်းညွှန့်နှင့် ကျွန်တော် ၃၉

၅။ ဦးနေဝင်းနှင့် ရတနာနတ်မယ် ၄၉

၆။ ဦးနေဝင်း၏ ရှော်ဇီနှင့် (ဒေါ်)မေနှင်းမွယ် ၆၃

၇။ မြန်မာပြည် တောက်လှမ်းရေးများရဲ့ အနှစ် ၂၀ သံသရာစက်ဝန်း ၇၁

၈။ ဝိုးလေးတစ်ကောင်နှင့် နင်းဆီတစ်ပွေ့ ၈၉

၉။ နိုင်ငံရေး လေနှင့် ဝမ်းနှင့် ဟွဲစေလို ၁၀၃

၁၀။ NLD နှစ်ခြမ်းကွဲရောလား ၁၁၉

၁၁။ ကျွန်တော်လည်း ပင်စင်စား ဖြစ်ခဲ့ရပါတယ် ၁၂၉

၁၂။ ရွေးကောက်တွေ ရွေ့နေကြလေရောသလား ၁၃၇

၁၃။ ရောက်ခဲ့ပါပြီ ဇူလိုင်ယာခေါ် ၁၄၉

၁၄။ ဗိုလ်သိန်းစိန် ဘာ့ကြောင့်သမ္မတဖြစ်ရသလဲ၏ နောက်ဆက်တွဲ ၁၇၇

၁၅။ ဦးဝင်းတင်၊ ကျွန်တော်နှင့် ရတနာ သုံးပါး ၁၈၅

၁၆။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) နှင့် ကျွန်တော် ၁၉၅

၁၇။ ဘကြီးအောင် ညာတယ်၊ မင်းသုဝဏ်နှင့် ကျွန်တော် ၂၂၇

၁၈။ ဝက်ကျော့ရှူးကို အထူးသတိရျှက် ဆရာဇက် ၂၃၃

၁၉။ ကျွန်တော့် သူငယ်ချင်း သံမဏိဝင်းထိန် ၂၃၉

၂၀။ ကျွန်တော်နှင့် တပ်ရင်းမှူးများ ၂၄၇

၂၁။ ကျွန်တော်နှင့် အပတ်စဉ် ၁ က အစ်ကိုကြီးများ ၃၀၉

၂၂။ ဒါနိုးတွေ ဖြစ်ခဲ့ရတယ်ဆိုတာ ယုံနိုင်ကြပါ့မလား ၃၃၇

၂၃။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများနှင့် ကျွန်တော် ၃၅၁

၂၄။ အတွေ့ကလေး တစ်တွေ့ ၃၆၇

# ဗိုလ်သိန်းစိန် ဘာ့ကြောင့် သမ္မတ ဖြစ်လာရသလဲ

## အာဏာ အလွှဲအပြောင်း

၂၀၁၁ ခုနှစ်မှာ "နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ" က အပြီးပိုင် အာဏာစွန့်ပြီး သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အရပ်သား အစိုးရကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အာဏာ လွှဲပြောင်းပေး ခဲ့ပါတယ်။

ဦးသိန်းစိန်ဟာ ၂၀၁၆ ခုနှစ်၊ မတ်လကုန်အထိ သမ္မတ တာဝန် ထမ်း ဆောင်သွားခဲ့ပါတယ်။ သူ့ရဲ့ သမ္မတ သက်တမ်းကာလနဲ့ ပတ်သက်လို့ နိုင်ငံ ရေး ဝေဖန် သုံးသပ်သူတွေက အမျိုးမျိုး သုံးသပ်ကြတာ အားလုံး အသိပါပဲ။ အကောင်းမြင်တဲ့ လူတွေက သူ့ ကောင်းတာတွေ၊ အကောင်း မမြင်တဲ့ လူ တွေက သူ့ရဲ့ ချို့ယွင်းချက်တွေ ရေးကြတာပေါ့။ နိုင်ငံရေးတွေလေ။

ကျွန်တော်ကတော့ သူ့အကြောင်း ရေးတဲ့အခါ နိုင်ငံရေး အမြင်နဲ့ ရေး မှာ မဟုတ်ပါဘူး။ သူက စစ်တက္ကသိုလ် အပတ်စဉ် ၉၊ ကျွန်တော်က အပါတ် စဉ် ၅ ဆိုတော့ စစ်တက္ကသိုလ် ကျောင်းဆင်း အမြင်နဲ့ သုံးသပ်ပြီး ရေးပြမှာပါ။ စစ်တက္ကသိုလ် ကျောင်းဆင်း အချင်းချင်းမို့ ကျွန်တော်က ဝါစဉ်အရ စီနီယာ ကျတဲ့အတွက် DSA ရဲ့ ထုံးတမ်း အစဉ်အလာအရ သုံးလေ့ရှိတဲ့ အသုံး အနှုန်းအတိုင်း ဗိုလ်သိန်းစိန်၊ ဗိုလ်စိုးဝင်းလို့ ရေးသွားပါ့မယ်။ ရိုင်းပြတယ်လို့ မထင်စေလိုပါ။

## မြင်းခြံထောင်မှာ

ကျွန်တော် မြင်းခြံထောင်မှာ နေစဉ်က ဖြစ်ပါတယ်။ အဆိုးလောကဓံတွေကို ခက်ခက်ခဲခဲ ဖြတ်သန်းပြီးတဲ့နောက် ၁၉၉၉ ခုနှစ်မှာ International Com-

mittee of Red Cross (ICRC) လို့ ခေါ်တဲ့ ကမ္ဘာ့ ကြက်ခြေနီ အဖွဲ့တွေကို ထောင်အသီးသီးမှာ ဝင်ခွင့်ပေးပြီး နိုင်ငံရေး အကျဉ်းသားတွေ တစ်စ တစ်စ လွတ်လပ်ခွင့် ရလာတဲ့ အချိန်မှာပါ။

အစတုန်းကတော့ ဖတ်စရာစာ ဆိုတာ ဆေးပေါ့လိပ် အစီခံမှာ ပတ်ထားတဲ့ အပိုင်းအစလေးတွေကိုပဲ ဖတ်ခဲ့ကြရာက နောက်ပိုင်းတော့ စာအုပ်တွေ သတင်းစာတွေ ဖတ်ခွင့် ရလာပါတယ်။ ဒါကြောင့် ပြည်တွင်း ပြည်ပ သတင်းတွေကိုလည်း မပြတ်ရရှိခဲ့ပါတယ်။

၁၉၉၇ ခုနှစ်မှာတော့ "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (နဝတ)" ကို ဖျက်သိမ်းပြီး "နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (နအဖ)" က နိုင်ငံ့တာဝန်ကို လွှဲပြောင်း ယူခဲ့ပါတယ်။ အဲဒီလို လွှဲပြောင်း ယူတဲ့အခါမှာ အရင်အဖွဲ့က ထိပ်ပိုင်း လေးဦးပဲ ပြန်ပါလာပါတယ်။

သူတို့ကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ အတွင်းရေးမှူး ၂ ဗိုလ်ချုပ်ကြီး တင်ဦးတို့ ဖြစ်ပါတယ်။

အရင်အဖွဲ့က ဝန်ကြီး အားလုံးကိုတော့ "အကြံပေး အဖွဲ့" လို့ ဖွဲ့ပေးပြီး ဝန်ကြီးအသစ် အားလုံးနဲ့ အစားထိုး ဖွဲ့စည်းခဲ့တာပါ။ ဝန်ကြီး အသစ်တွေဟာ အဲဒီတုန်းက တိုင်းမှူး၊ တပ်မမှူးများ ဖြစ်ကြပါတယ်။ ဝန်ကြီး အဟောင်းတွေ ပါတဲ့ "အကြံပေး အဖွဲ့" ဆိုတာဟာလည်း နောက်များမကြာမီ အပြီးအပိုင် ဖျက်သိမ်းခဲ့ပါတယ်။

## လူသစ်တွေ တက်လာပြီ

နောက်များမကြာမီ နအဖ အဖွဲ့ကို လူသစ်တွေနဲ့ အစားထိုးလာပြန်ပါတယ်။ အတွင်းရေးမှူး ၂ ဗိုလ်ချုပ်ကြီး တင်ဦးက ရဟတ်ယာဉ် ပျက်ပြီး ကွယ်လွန်သွားခဲ့ပါတယ်။ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုတော့ ဝန်ကြီးချုပ် ရာထူး ပေးလိုက်ပါတယ်။

နအဖရဲ့ အတွင်းရေးမှူး ၁ အဖြစ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး ၂ အဖြစ် ဗိုလ်ချုပ်ကြီး သိန်းစိန်တို့ကို တာဝန်ပေးလိုက်ပြီး တပ်မတော်ရဲ့ ပူးပေါင်း ညှိနှိုင်းကွပ်ကဲမှု ဌာနချုပ်မှူးအဖြစ် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း ဖြစ်လာပါတယ်။

နအဖရဲ့ အဂါစဉ် protocol အရဆိုရင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နံပါတ် ၁၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးက နံပါတ် ၂၊ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက နံပါတ် ၃၊ ဗိုလ်ချုပ်ကြီး စိုးဝင်းက နံပါတ် ၄ နဲ့ ဗိုလ်ချုပ်ကြီး သိန်းစိန်က နံပါတ် ၅ ပေါ့။

## ကျွန်တော့် အတွေး

နအဖရဲ့ အပြောင်းအလဲကို သတင်းစာမှာ ကျွန်တော် ဖတ်ရတဲ့အခါ တစ်ခုခုတော့ မှားနေပြီလို့ ကျွန်တော် တွေးမိပါတယ်။ ထိပ်ပိုင်း နှစ်ယောက်ကို ကျွန်တော် စိတ်မဝင်စားပါဘူး။ နောက်ပိုင်း သုံးယောက်ကိုသာ စိတ်ဝင်စားတာပါ။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ သုံးယောက်စလုံးက စစ်တက္ကသိုလ် ကျောင်းဆင်းတွေ ဖြစ်လို့ပါ။

ပြီးတော့ သူတို့ သုံးယောက်ရဲ့ နအဖ အဂါစဉ်အရ ဆိုရင် ထားရာနေ၊ စေရာ သွားရမှာပါ။ ဒါပေမဲ့ တပ်မတော် ထုံးတမ်းစဉ်လာနဲ့ စစ်တက္ကသိုလ် အစဉ်အလာအရ ဆိုရင် တက်တက်စင်အောင် လွဲနေလို့ပါ။

ကြည့်လေ။ အစိုးရအဖွဲ့ နံပါတ် ၃ ရောက်နေတဲ့ ဗိုလ်သူရရွှေမန်းက အပတ်စဉ် ၁၁၊ နံပါတ် ၄ နေရာ ရောက်နေတဲ့ ဗိုလ်စိုးဝင်းက အပတ်စဉ် ၁၂ နဲ့ နံပါတ် ၅ နေရာက ရောက်နေတဲ့ ဗိုလ်သိန်းစိန်က အပတ်စဉ် ၉ ဖြစ်နေပါတယ်။

စစ်တက္ကသိုလ် အစဉ်အလာအရ ပြောရမယ်ဆိုရင် ဗိုလ်သိန်းစိန်က နံပါတ် ၃ နေရာ၊ ဗိုလ်စိုးဝင်းကတော့ နံပါတ် ၄ ထားပါတော့။ ဗိုလ်သူရရွှေမန်းက နံပါတ် ၅ ဖြစ်ရမှာပါ။ အခုတော့ ဇောက်ထိုးဇောက်ထိုး။

ကျွန်တော် တွေးကြည့်ပါတယ်။ စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝနဲ့ ကိုယ့်အောက်က ဂျူနီယာကျတဲ့ ဒုတိယနှစ်နဲ့ တတိယနှစ် ဗိုလ်လောင်း

နှစ်ယောက်က ကိုယ့်အပေါ် တက်ပြီး ဗိုလ်လုပ်နေပြီပေါ့။ ကျွန်တော်သာ ဗိုလ်သိန်းစိန် နေရာမှာဆိုရင် တော်တော် ခံပြင်းမိမှာပါ။

ဒီလို ပြောရတာကတော့ ကျွန်တော်တို့ အားလုံးဟာ ပုထုဇဉ်တွေလေ။ "အတ္တ" ဆိုတဲ့ အင်မတန် သိရခက်ပြီး ဖျောက်ဖျက်ရ ခက်တဲ့ အခံဓာတ်ဟာ လူတိုင်းမှာ ရှိတာကြောင့်ပါ။

နောက်ပြီး စစ်တက္ကသိုလ် ကျောင်းဆင်းတွေ အချင်းချင်းဆိုရင် စီနီယာ၊ ဂျူနီယာဆိုတဲ့ ဓါဝဉ်ဟာ သေမှပဲ ပျောက်တတ်တာမျိုးပါ။ ဘာ့ကြောင့် ဒီလို ပြောရသလဲဆိုတော့ အခု ကျွန်တော်တို့ အသက် ၆၀ ကျော် ၇၀ အရွယ် တွေ၊ လူမှုရေးကိစ္စ တစ်ခုခုနဲ့ ဆုံတဲ့အခါ ဂျူနီယာ တစ်ယောက်က စီနီယာ တစ်ယောက်ကို "မင်းနဲ့.... ငါနဲ့" ပြောတဲ့အခါ ကာယကံရှင် ကိုယ်တိုင် မပြော နဲ့ ဘေးက မခံနိုင်တဲ့ ဂျူနီယာ တစ်ယောက်က စီနီယာကို အဲဒီလို ပြောရ မလား ဆိုပြီး ရှုးရှုးရှဲရှဲနဲ့ ပြဿနာ ရှာတာမျိုး ကြုံတွေ့ခဲ့ရဖူးလို့ပါ။

ဒါပေမဲ့ သူတို့က နိုင်ငံတော် အဆင့်လေ။ အဆင့်အမြင့်ဆုံးပေါ့။ ဒီလို အစီအစဉ်ကို နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သူ သင့်လျော်မယ် ထင်လို့ တာဝန် ပေးထားတာတွေကို ဘယ်သူ စောဒက တက်ရဲမှာလဲ။ ဒါကြောင့် သင့်လျော်၏၊ မသင့်လျော်၏ မစဉ်းစားတော့ဘဲ ဗိုလ်သိန်းစိန်ဟာ သူ ကျရာနေရာမှာ တာဝန် ထမ်းဆောင်ရမှာပေါ့။ အောင့်သက်သက် ဖြစ်ရင် လည်း မျိုသိပ်ထားရမှာပေါ့။

စစ်တက္ကသိုလ် အစဉ်အလာအရ ဆိုရင် လုံးဝ မခံစားရဘူး ဆိုတာ မဖြစ်နိုင်ပါဘူး။ နံပါတ် ၄ နေရာ ရောက်နေတဲ့ အပတ်စဉ် ၁၂ က ဗိုလ်စိုးဝင်း ကလည်း နံပါတ် ၃ နေရာ ရောက်နေတဲ့ အပတ်စဉ် ၁၁ က ဗိုလ်သူရရွှေမန်း အပေါ်မှာ အလားတူပဲ ခံစားရနိုင်ပါတယ်။

တစ်ခုတော့ ပြောနိုင်တာပေါ့လေ။ နိုင်ငံတော်အဆင့် ကြီးလေးတဲ့ တာဝန်တွေ ထမ်းဆောင်နေလို့ စီနီယာ၊ ဂျူနီယာ ဆိုတာတွေဟာ အရေးမပါ တော့ဘူး။ အရည်အချင်းသာ အဓိကပဲလို့ ပြောလို့ရပါတယ်။

တစ်ခုဖြစ်နိုင်တာက ဒီလို အထက်အောက် အဆီအငေါ် မတည့်တာ တွေကို ဟိုလူကြီး (ဗိုလ်ချုပ် သန်းရွှေ) က သိသိကြီးနဲ့ လုပ်တာလား။ မသိပဲနဲ့

လုပ်တာလား ဆိုတာတော့ ကာယကံရှင်တွေမှ သိကြမှာပါ။

## ကံတရားရဲ့ စွက်ဖက်မှု

သိပ်မကြာပါဘူး။ နံပါတ် ၄ နေရာ ရောက်နေတဲ့ ဗိုလ်ချုပ်ကြီး စိုးဝင်းဟာ သွေးကင်ဆာ ရောဂါနဲ့ ကွယ်လွန်သွားတဲ့အခါ ဗိုလ်သိန်းစိန်ဟာ ဝန်ကြီးချုပ် ဖြစ်လာပါတယ်။ နံပါတ် ၄ ဖြစ်လာပြီပေါ့။ ဒါပေမဲ့ သူ့အပေါ်မှာ တော့ နံပါတ် ၃ က ဗိုလ်သူရရွှေမန်း။



ဗိုလ်သိန်းစိန်ဟာ အတွင်းရေးမှူး ၂ ဘဝနဲ့ အပေါ်က သူ့ဂျူနီယာ နှစ်ယောက်ရဲ့ ဦးဆောင်မှုကို နာခံပြီး အလုပ် လုပ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် "ခန္တီ- မနိုင်၍ သည်းခံရခြင်းသည် လည်းကောင်း" ဆိုတဲ့ နိပါတ်တော်လာ စကားမှုရင်းကို လူနောက် တစ်ယောက်ရဲ့ အပြောနဲ့ သူဟာ

သည်းခံစိတ်ကို အရင်းတည်ပြီး ကြိတ်မှိတ်ပြီး တာဝန် ထမ်းဆောင်ခဲ့တယ်လို့ ပြောရမှာပါ။

## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ

ဒီလိုနဲ့ နအဖဟာ သူတို့ရဲ့ နိုင်ငံရေးလမ်းစဉ်အရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲ အတည်ပြုနိုင်ခဲ့ပါတယ်။ အဲဒီလို ပြုနိုင်အောင်လည်း ဗိုလ်သိန်းစိန် ခေါင်းဆောင်တဲ့ အမျိုးသားညီလာခံက အတည်ပြုနိုင်ခဲ့ပါတယ်။

အမျိုးသား ညီလာခံကို သူ ဦးဆောင်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အောင်မြင်စွာ ရေးဆွဲနိုင်ခြင်းဟာ ဗိုလ်သိန်းစိန်ရဲ့ အောင်မြင်မှုလို့ ပြောနိုင်ပါတယ်။

ဒီအချက်ဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်သိန်းစိန်အပေါ်မှာ impression အထင်ကြီးမှု ဖြစ်လာစေနိုင်တဲ့ အချက်ပါ။

အဲဒါအပြင် ၂၀၀၈ ခုနှစ်၊ မေလမှာ မြန်မာပြည် အောက်ပိုင်းကို ဖြိုဖျက် မွှေသွားတဲ့ နာဂစ် (Nargis) မုန်တိုင်းအပြီး တစ်ပတ်အတွင်းမှာ အဲဒီ ဖွဲ့စည်းပုံ ဥပဒေကို တစ်နိုင်ငံလုံး အတိုင်းအတာ ဆန္ဒ ခံယူပွဲ referendum နဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။

အုပ်ချုပ်ရေး ယန္တရားကြီး တစ်ခုလုံးကို ကျွမ်းကျင်စွာ ကိုင်တွယ်ပြီး ဗိုလ်သိန်းစိန်ဟာ အဲဒီ ဆန္ဒခံယူပွဲကို အောင်မြင်အောင် ကျင်းပနိုင်ခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာလည်း ဟိုလူကြီးက သူ့အပေါ် အထင်ကြီးစရာ အကွက် တစ်ကွက်ပါ။

## ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ

၂၀၁၀၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD က ရွေးကောက်ပွဲ မဝင်တဲ့အတွက် ပြည်ခိုင်ဖြိုး ပါတီဟာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အပြတ်အသတ် နိုင်ခဲ့ပါတယ်။

အဲဒီလို နိုင်ခဲ့တဲ့အတွက် နအဖလို့ ခေါ်တဲ့ စစ်အုပ်ချုပ်ရေး အဖွဲ့က ရွေးကောက်ပွဲနဲ့ နိုင်လာတဲ့ ပြည်ခိုင်ဖြိုး အစိုးရကို အာဏာ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ တစ်ဆင့်ကြား သတင်းတွေ အရ နောက်တက်လာမယ့် အစိုးရ အဖွဲ့မှာ ဘယ်သူတွေက ဘယ်ရာထူးတွေကို ယူရမယ် ဆိုတာ ဘယ် သူမှ မဆုံးဖြတ်နိုင်ခဲ့ပါဘူး။ လပေါင်းများစွာ အီနေခဲ့ပါတယ်။

အဲဒီလို သို့လော သို့လော ဖြစ်နေရာက တစ်ရက်မှာ ဦးသန်းရွှေက ရွေးကောက်ပွဲ အနိုင်ရ ပြည်ခိုင်ဖြိုး ပါတီရဲ့ ခေါင်းဆောင် အဖွဲ့ကို ခေါ်ပြီး အစည်းအဝေး လုပ်ပါသတဲ့။ အဲဒီ အစည်းအဝေးကျမှ "ဗိုလ်သိန်းစိန်က သမ္မတ လုပ်၊ ဗိုလ်တင်အောင်မြင့်ဦးက ဒုတိယ သမ္မတ၊ တိုင်းရင်းသားထဲက ဒုတိယ သမ္မတ တစ်ယောက် ရွေး" ဆိုပြီး ညွှန်ကြား ပေးပါတယ်တဲ့။

တစ်ဆက်တည်း "ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဗိုလ်ရွှေမန်း လုပ်၊ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဗိုလ်ခင်အောင်မြင့် လုပ်။ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌတွေကိုတော့ မင်းတို့ သင့်သလို ရွေးကြ" ဆိုပြီး တာဝန်တွေ ပေးပါတယ်တဲ့။

အဓိကကျတဲ့ ရာထူးတွေ အဲဒီလို ပေးပြီးမှ နောက်တက်လာမယ့် အစိုးရ အဖွဲ့ အနေနဲ့ ရှေ့ကို ဘယ်လို ဆက်လက် ဆောင်ရွက်သင့်တယ် ဆိုတဲ့ အကြောင်းတွေကို ညွှန်ကြား ပေးပါသတဲ့။ ဒီဖြစ်ရပ်တွေဟာ သူများ ပြန်ပြောလို့ ကြားတဲ့အတိုင်း ပြန်ရေးပြရတာပါ။

အဲဒီတော့ ကျွန်တော် အထက်မှာ ခေါင်းစဉ်တပ်ခဲ့သလို ဗိုလ်သိန်းစိန် ဟာ နအဖ အင်္ဂါစဉ်မှာ နောက်ဆုံးမှာ ရှိနေရာက သူ့ရဲ့ သည်းခံမှုနဲ့ အလုပ် တာဝန် ကျေပွန်မှုတွေကြောင့် သမ္မတ ဖြစ်လာတာပဲလို့ ကျွန်တော် ကောက် ချက် ချပါတယ်။

အများက ထင်မှတ်နေကြတဲ့ ဗိုလ်သူရရွှေမန်း သမ္မတ ဖြစ်လာမယ် ဆိုတဲ့ သတင်းဟာ လုံးဝ မှားသွားပြီပေါ့ ခင်ဗျာ။ ဒါတွေက အရင် အစိုးရ (နအဖ) ရဲ့ အတွင်းရေးတွေမို့လို့ မှားတယ် ဆိုရင်လည်း သည်းခံကြစေလိုပါ တယ်။

တကယ်တော့ အဲဒီတုန်းက ပါဝင်ခဲ့တဲ့ အဓိက ဇာတ်ကောင်တွေက ပြန်ရေးပြရင်ဖြင့် ကျွန်တော့်ထက် ပိုပြီးတော့ တိကျတဲ့ မှတ်တမ်းတစ်ခု ဖြစ်လာမှာပါ။

*****

# ဦးနေဝင်းကို ရှိုးရစေဦးတော့

## ၂၁ ရာစု ပင်လုံ

နိုင်ငံ့ တာဝန်ကို NLD အစိုးရ စတင် တာဝန်ယူခဲ့တဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံမှာ ထာဝရ ငြိမ်းချမ်းရေး အတွက် ရည်ရွယ်ပြီး ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံ ကျင်းပခဲ့တာ ယခုဆိုရင် တတိယ အကြိမ်ထိ ပြီးမြောက်ခဲ့ပါပြီ။ မကြာခင်မှာ စတုတ္ထ အကြိမ် ကျင်းပတော့မယ် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ရတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ပြည်သူအများ မျှော်လင့် တောင့်တနေတဲ့ ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

အခု အနေအထားမှာတော့ မျှော်လင့်ခြင်း အဆင့်မှာပဲ ရှိပြီး လက်တွေ့အကောင်အထည် ဖော်ဖို့ကတော့ တော်တော်ကို လိုနေပါသေးတယ်။ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ကိစ္စကိုတောင်မှ ပီပြင်အောင် အကောင်အထည် မပေါ်နိုင်သေးပဲကိုး။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ သဲသဲကွဲကွဲ အနေအထားကို ရောက်အောင် အကြိမ်ပေါင်း မြောက်မြားစွာ ဆွေးနွေး ညှိနှိုင်းရမှာပါ။ နိုင်ငံရေး ပါတီတွေနဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တပ်မတော် စတဲ့ အဖွဲ့တွေ အချင်းချင်း အာပေါက်မတတ် ငြင်းကြ၊ ခုန်ကြရဦးမှာပါ။

## ၁၉၈၉ ခုနှစ်က စခဲ့တယ်

တကယ်တော့ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ လက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်း စေဖို့အတွက် တွေ့ဆုံ ဆွေးနွေးခြင်းဖြင့် အဖြေရှာမယ် ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ၁၉၈၉ ခုနှစ်ကတည်းက NLD က ကြေညာချက်တစ်စု

ထုတ်ပြန်ခဲ့တာပါ။ တိတိကျကျ ပြောရရင် ဒေါ်အောင်ဆန်းစုကြည်ဟာ NLD အင်အားစု အချို့နဲ့အတူ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံမြို့ကို ရောက်ရှိသွားပြီး ပင်လုံမြို့ရှိ သမိုင်းဝင် ကျောက်တိုင်ရှေ့မှာ ကိုယ်တိုင်ကိုယ်ကျ ကြေညာခဲ့တာပါ။

ဒါကြောင့် NLD ဟာ ဒီသဘောထားကို တစ်သမတ်တည်း ဆုပ်ကိုင်ပြီး နိုင်ငံရေး လှုပ်ရှားမှုများ ဆောင်ရွက်တဲ့အခါမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ရင် ဒီရည်ရွယ်ချက်ကို ဘယ်တော့မှ လက်မလွှတ်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ၂၀၁၆ ခုနှစ်ကစပြီး နိုင်ငံ့ရဲ့ တာဝန် လွှဲပြောင်း ထမ်းဆောင်ခဲ့တဲ့ အချိန်ကစပြီး ငြိမ်းချမ်းရေးကို ဦးတည်တဲ့ လုပ်ရပ်တွေ ဆောင်ရွက်ခဲ့တာဟာ ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံတွေက သက်သေတည်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ နိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားရေးကို ရှေးရှုတဲ့ နိုင်ငံရေး လှုပ်ရှားမှု နည်းလမ်း မျိုးစုံနဲ့ ကြိုးပမ်းခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်းခဲ့တဲ့ သာဓကတွေထဲက ဖြစ်စဉ်တစ်ခုကို ၁၉၉၅ ခုနှစ်က ကျွန်တော် ထဲထဲဝင်ဝင် လုံးပမ်းခဲ့ရဖူးပါတယ်။ သူ ပထမ အကြိမ် အကျယ်ချုပ် ဘဝက လွတ်မြောက်ပြီးတဲ့ ကာလ နောက်လများမှာပါ။

## တိုင်ရှိုးဆို မိုးပျံမယ်

၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှာ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် ဘဝက လွတ်မြောက်ခဲ့ပါတယ်။ သူ့ရဲ့ မေတ္တာရပ်ခံချက်အရ ကျွန်တော်ဟာ အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်းလို့ ခေါ်တဲ့ သူနေတဲ့ အိမ်ကြီးကို ရုံးအဖြစ် အသုံးပြုပြီး နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်တဲ့အခါ ကျွန်တော်က တနင်္ဂနွေနေ့က လွဲရင် တစ်ပတ်မှာ မြောက်ရက် သွားရောက်ခဲ့ပါတယ်။ သူ့ဆီကို လာလည်တဲ့ ပြည်တွင်းက ဧည့်သည်တွေနဲ့ တွေ့ဆုံပွဲတွေ စီစဉ်ပေးရသလို သူ့ဆီ ရေးတဲ့ စာတွေကိုလည်း ဖတ်ကြား စိစစ်ပြီး သူ့ကို တင်ပြရပါတယ်။

ပြည်ပ ဧည့်သည်တွေ၊ ပြည်ပ မီဒီယာတွေနဲ့ ပတ်သက်ရင်တော့ ဦးအေးဝင်းက တာဝန်ယူပါတယ်။ ဦးအေးဝင်းဟာ အာဇာနည် ဦးဘဝင်းရဲ့ သားအကြီးဆုံးပါ။ ဒေါ်စုနဲ့ဆိုရင် မောင်နမ တစ်ဝမ်းကွဲပေါ့။ ပြည်ပရောက်





ဒေါက်တာ စိန်ဝင်းကတော့ ဦးအေးဝင်းရဲ့ ညီအငယ်ဆုံးပါ။ သူဟာ စက်မှု ၁ မှာ ညွှန်ကြားရေးမှူး ရာထူးအထိ တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဒေါ်စု နိုင်ငံရေး နယ်ပယ်ထဲကို ရောက်လာတော့မှ သူဟာ အငြိမ်းစား ယူခဲ့တာပါ။

နေ့လယ်စာ စားရင် ဒေါ်စုရယ်၊ ဦးအေးဝင်းရယ်၊ ကျွန်တော်ရယ် အတူစားလေ့ရှိပါတယ်။ ရုံးချိန်မှာ နိုင်ငံရေး ကိစ္စတွေနဲ့ လုံးပမ်းနေရတာမို့ ထမင်းစားချိန်မှာတော့ လွတ်လွတ်လပ်လပ် တခြား ကိစ္စတွေ ပြောကြ၊ ဆိုကြပေါ့။ ပြောကြတဲ့ ဘာသာရပ်တွေ ဘယ်လောက်ပဲ စုံစုံ ရံဖန်ရံခါ နိုင်ငံရေးဘက်ကို ရောက်သွားတတ်ပါတယ်။

အဲဒီအချိန်မှာ နဝတ အစိုးရမှာ ဗိုလ်ချုပ်မှူးကြီး စောမောင် အငြိမ်းစား ယူသွားပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့နဲ့တကွ အားလုံးသော ပြည်သူတွေက မြန်မာပြည် နိုင်ငံရေးမှာ ဗိုလ်ချုပ်မှူးကြီး စောမောင် အုပ်ချုပ်သည် ဖြစ်စေ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အုပ်ချုပ်သည် ဖြစ်စေ သူတို့အပေါ်မှာ လမ်းစဉ်ပါတီ ဥက္ကဋ္ဌဟောင်း ဦးနေဝင်းက ဩဇာညောင်းတယ်လို့ ယူဆထားခဲ့ကြပါတယ်။ ဒီအယူအဆကို ဒေါ်စုကလည်း သိနေပါတယ်။

ဒီလို သိနေတဲ့အတွက် မြန်မာနိုင်ငံ အနာဂတ် တိုးတက်ရေးနဲ့ ငြိမ်းချမ်းရေး ကိစ္စတွေမှာ ဦးနေဝင်းသာ အဓိကလို့ ကျွန်တော်တို့ အားလုံး ယုံကြည်နေကြပါတယ်။ ဒေါ်စုဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားဖို့အရေးနဲ့ ပတ်သက်လို့ အဓိကအားဖြင့် ဦးနေဝင်းရဲ့ ဩဇာကို အသုံးချပြီး နိုင်ငံ့အတွက် လုပ်ချင်တဲ့ ဆန္ဒရှိကြောင်း မကြာခဏ ပြောဆိုလေ့ရှိပါတယ်။ ဘယ်လောက်အထိ ပြောသလဲဆိုရင် "နိုင်ငံ တိုးတက်ဖို့အတွက် လုပ်ရမယ် ဆိုရင် ဦးနေဝင်းက အဓိကကျလို့ သူသာ ကူညီမယ်ဆိုရင် သူ့ကို ရှိခိုးရ၊ ရှိခိုးရ၊ ရှိခိုးပါ့မယ်" လို့ မကြာ မကြာ ရေရွတ်လေ့ရှိပါတယ်။

**ဦးတင်အောင်ဟိန်း၊ ကိုကိုမောင်ကြီးနဲ့ ဗိုလ်မှူး သူရချစ်နိုင် (ဝလ)**

တိုင်းပြည် တိုးတက်ဖို့ ပြင်းပြတဲ့ ဒေါ်စုရဲ့ဆန္ဒတွေကို ကြားရဖန် များတဲ့အခါ ကျွန်တော်လည်း စဉ်းစားလာရပါပြီ။ ဦးနေဝင်းဆီကို ဘယ်လမ်းကြောင်းက

ဝင်ရင် ရနိုင်မလဲပေါ့။ အဲဒီမှာကျွန်တော့် ခေါ်ဒါ ဗိုလ်မှူး သူရချစ်နိုင် (လေ) ကို သွားသတိရပါတယ်။ ဗိုလ်မှူး ချစ်နိုင်ဟာ "ဗိုလ်ကြီး အုန်းကျော်မြင့် အရေးအခင်း" တုန်းက ကျွန်တော်နဲ့အတူ ရေကြည်အိုင် ထောက်လှမ်းရေး အချုပ် စခန်းမှာ အတူတကွ နေထိုင်ခဲ့ပြီး တပ်မတော်က တစ်ရက်တည်း အငြိမ်းစားပေးခြင်း ခံခဲ့ရသူပါ။ သူဟာ ၂၈ လမ်းမှာ မိသားစုနဲ့အတူ နေထိုင်ပြီး တိုင်းရင်းဆေး တစ်မျိုး ထုတ်လုပ် ရောင်းချတဲ့လုပ်ငန်း တစ်ခုနဲ့ အောင်မြင်နေသူပါ။

ဗိုလ်မှူး သူရချစ်နိုင်ဟာ တပ်မတော် (လေ) ကပါ။ တရုတ်ဖြူ အရေးအခင်း ကာလမှာ တစ်ဖက်က ကျူးကျော်လာတဲ့ လေယာဉ် နှစ်စီးကို ပစ်ချနိုင်ခဲ့လို့ "သူရ" ဘွဲ့ ရခဲ့သူပါ။ လမ်းစဉ်ပါတီခွဲ့တော့ ထုံးစံအတိုင်း သူလည်း ပါတီဝင် ဖြစ်လာပြီး ပါတီက ဖွင့်တဲ့ သဘောတရားရေး သင်တန်းကျောင်းမှာ ဒုတိယ ကျောင်းအုပ် ဖြစ်ခဲ့ပါတယ်။ ဥက္ကဋ္ဌကတော့ နာမည်ကျော် "အညာမညာ သဘောတရား" စာအုပ် ရေးရာမှာ အဓိကကျတဲ့ ဦးချစ်လှိုင် ဖြစ်ပါတယ်။ နောက်ပိုင်း ပါတီကနေ ကာကာ (လေ) ပြန်အပြောင်းခံရတော့ နဝရတ် ရိပ်သာမှာ ဗိုလ်အုန်းကျော်မြင့်နဲ့ တစ်တိုက်တည်း နေရပါတယ်။ ဗိုလ်အုန်းကျော်မြင့်က သူ့ကို လေးစားတဲ့အတွက် ကိစ္စကြီးငယ်တွေကို တိုင်ပင်လေ့ ရှိပါတယ်။ အဲဒီတော့ အုန်းကျော်မြင့်လည်း ပြဿနာတက်ရော သူပါ ပါလာတော့တာပေါ့။

အမှုပြီးတော့ ကျွန်တော်တို့နဲ့အတူ တပ်မတော်က အငြိမ်းစား ပေးခြင်း ခံရပါတယ်။ အမိန့်စာမှာ "ဤအရာရှိများ၏ တပ်မတော်တွင် အမှုထမ်းခဲ့ခြင်းများကို ကျေနပ်ဖွယ် မရှိ" လို့ မှတ်ချက် ပါပါတယ်။ ဒီစာလည်း ရရော ဗိုလ်မှူး ချစ်နိုင်က ပေါက်ကွဲပြီး "ပြည်ပ ရန်သူ လေယာဉ်တွေကို ချေမှုန်းနိုင်ခဲ့လို့ သူရဘွဲ့ရတာ ငါတစ်ယောက်တည်း ရှိတာကွ၊ ဒါကိုမှ ကျေနပ်ဖွယ် မရှိဘူး ဆိုရင်... ဟဲကွာ... ဟဲကွာ" ဆိုပြီး အမိန့်စာကို ဆွဲဆုတ်၊ လွှင့်ပစ်ပြီး ဖနောင့်နဲ့ပါ ပေါက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

ကျွန်တော်ဟာ ဗိုလ်မှူး ချစ်နိုင်နဲ့ အဆက်အသွယ် မပြတ်တဲ့အတွက် တနင်္ဂနွေ နေ့တိုင်းလိုလို သူ့အိမ်ကို ရောက်တတ်ပါတယ်။ သူတို့ တစ်အိမ်

သားလုံးနဲ့လည်း ရင်းနှီးကြပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြင်းပြတဲ့ အာသီသနဲ့ ပတ်သက်လို့ ဗိုလ်မှူး ချစ်နိုင်ရဲ့ အိမ်ကိုသွားပြီး သူနဲ့ တိုင်ပင်မိပါတယ်။ ကျွန်တော့်လိုပဲ ဗိုလ်မှူး ချစ်နိုင် အိမ်ကို မကြာ မကြာ လာလည်လေ့ ရှိသူတွေကတော့ ဦးတင်အောင်ဟိန်းနဲ့ (ဦး)ကိုကိုမောင်ကြီးတို့ ဖြစ်ပါတယ်။

ဦးတင်အောင်ဟိန်း ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ လမ်းစဉ်ပါတီ ခေတ်က ဘာသာကြီးချုပ်ဟောင်း ဖြစ်ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး စတင် ဖြစ်ပွားတဲ့ အခါ "တိုင်းပြည်ကို တစ်ပါတီ အာဏာရှင် စနစ်နဲ့ အုပ်ချုပ်တာ ကြိုက်သလား။ ပါတီစုံ စနစ်နဲ့ အုပ်ချုပ်တာ ကြိုက်သလား" ဆိုတဲ့အရေးကို ပြည်သူ့ ဆန္ဒ ကောက်ယူဖို့ ကော်မရှင်ဖွဲ့ရာမှာ သူက ဥက္ကဋ္ဌ ဖြစ်ပါတယ်။ အဲဒီ ကော်မရှင်ဟာ သက်ဆိုးမရှည်ခဲ့ပါဘူး။

ဘာ့ကြောင့်လဲဆိုတော့ အခု တပ်မတော် ခန်းမလို့ ဆိုတဲ့ (ဟိုတုန်းက Envoy Hall) နေရာမှာ ပထမဦးဆုံး ရုံးဖွင့်တဲ့ နေ့မှာပဲ ဆန္ဒပြတဲ့ လူထုကြီးက ဝိုင်းပြီး တောင်းဆိုလို့ တစ်ရက်တည်းနဲ့ ကိစ္စပြတ်သွားတာပါ။ ဘယ်လို ပြတ် သွားသလဲ ဆိုတော့ ဦးတင်အောင်ဟိန်း ကိုယ်တိုင်က မြန်မာနိုင်ငံ အနာဂတ် နိုင်ငံရေး စနစ်ကို ပြည်သူလူထုက ပါတီစုံ ဒီမိုကရေစီ စနစ်ကိုသာ လိုလား ပါကြောင်းလို့ ကြေညာပေးလိုက်တာပါ။

(ဦး)ကိုကိုမောင်ကြီး ဆိုတာက သူ့နာမည်ရင်းက ဦးချစ်လှိုင်ပါ။ ကိုကို မောင် ဆိုတာက သူ့ရဲ့ ကလောင်နာမည်ပါ။ အရင်တုန်းက တပ်မတော် စိတ် ဓာတ် စစ်ဆင်ရေး ဌာနက အရပ်သား အရာရှိပါ။ စစ်ရုံးမှာ ရှိနေစဉ်မှာပဲ သူ့ကိုပြင်သစ်နိုင်ငံမှာ ပညာသင် စေလွှတ်ခဲ့ဖူးပါတယ်။ သူ့အတွေ့အကြုံတွေ ကို အခြေခံပြီး ထိုစဉ်က မြဝတီ မဂ္ဂဇင်းမှာ "ပါရီတွင် ဒေါင်တင်ခဲ့စဉ်က" ဆိုတဲ့ အခန်းဆက် ဆောင်းပါးတွေ ရေးခဲ့ဖူးပါတယ်။ အဲဒီလိုနေရာက စစ် အစိုးရ လက်ထက်မှာ သူ စာတွေရေးတဲ့အခါ ကိုကိုမောင် ဆိုတဲ့နာမည်အစား ကိုကိုမောင်ကြီးလို့ နာမည် ပြောင်းခဲ့ပါတယ်။

ဦးတင်အောင်ဟိန်းနဲ့ ဦးကိုကိုမောင်ကြီးတို့ဟာ မြို့ထဲ ၂၈ လမ်းက ဗိုလ်မှူး သူရချစ်နိုင် အိမ်ကို မကြာခဏ လာလည်လေ့ ရှိပါတယ်။ ဒါ့ကြောင့်

ကျွန်တော်က ဗိုလ်မှူး ချစ်ခိုင်ကို မှုဆောပါတယ်။ ဦးတင်အောင်ဟိန်းနဲ့ ဦးကိုကိုမောင်ကြီးတို့ဟာ နိုင်ငံရေး သမ္မာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ ပြည်တွင်း ပြည်ပရေးရာတွေကိုလည်း နှံ့စပ် နားလည်သူတွေပါ။ ပြီးတော့ဗိုလ်မှူး ချစ်ခိုင်ရဲ့ ပြောစကားအရ သူတို့ နှစ်ယောက်စလုံးဟာ ဒေါ်အောင်ဆန်းစုကြည်ကို ကရုဏာသက်နေတယ် ဆိုတာလည်း သိရပါတယ်။

ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က ဦးနေဝင်းနဲ့ တွေ့ဆုံပြီး နိုင်ငံရေး အဖြေရှာဖို့ အားသန်နေတဲ့အကြောင်း ဗိုလ်မှူး ချစ်ခိုင်ကို ပြောပါတယ်။ ဦးနေဝင်းနဲ့ တွေ့ဖို့ ဗိုလ်မှူး ချစ်ခိုင်က အလှမ်းဝေးနေပေမဲ့ နိုင်ငံရေး တက္ကသိုလ်ကျောင်းအုပ်ကြီး လုပ်ခဲ့ဖူးတဲ့ ဦးချစ်လှိုင်နဲ့ လမ်းစဉ်ပါတီ တရားသူကြီးချုပ်ဟောင်း ဦးတင်အောင်ဟိန်းတို့ ဆိုလျှင် လမ်းကြောင်း ရှာနိုင်မှာဖြစ်ကြောင်း ပြောပြရ ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒနဲ့ ပတ်သက်လို့ လမ်းစဖော်ရန် အနီးစပ်ဆုံး ပုဂ္ဂိုလ်တွေဟာ ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ ဖြစ်နိုင်ဖို့ များကြောင်း၊ ဒါ့ကြောင့် ကျွန်တော်နဲ့ အဲဒီ ပုဂ္ဂိုလ်တွေနဲ့ နောက်အပတ် တနင်္ဂနွေနေ့မှာ ချိန်းပေးစေလိုကြောင်း ပြောပြတဲ့အခါ ဗိုလ်မှူး ချစ်ခိုင်က အားတက်သရော ထောက်ခံပါတယ်။ သူ စီစဉ်ပေးမယ် ဆိုတဲ့အကြောင်းလည်း ကတိပေးပါတယ်။ ဒါ့ကြောင့် နောက်တနင်္ဂနွေနေ့မှာ ဗိုလ်မှူး ချစ်ခိုင် အိမ်မှာပဲ လေးယောက်သား ဆုံကြပါတယ်။

## ဒေါ်နီနီမြင့်

ကျွန်တော်က ဗိုလ်မှူး ချစ်ခိုင် အိမ်ကို ရောက်လာတဲ့ ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒကို ပြောပြလိုက်ပါတယ်။ နိုင်ငံ တိုးတက်ရေး အတွက် လိုလားတယ် ဆိုရင် နဝတ အစိုးရအပေါ် ဩဇာ ညောင်းမယ်လို့ ယူဆရတဲ့ ဦးနေဝင်းနဲ့ တွေ့ဆုံလိုကြောင်း၊ နိုင်ငံ အနာဂတ်ရေးနဲ့ ပတ်သက်လို့ ဦးနေဝင်းရဲ့ ဩဇာ အာဏာကို အသုံးပြုပြီး ဆောင်ရွက်လိုကြောင်း၊ ဒါ့ကြောင့် ဦးနေဝင်းနဲ့သာ တွေ့ခွင့်ရရင် သူ့ကို ရိုရိုးချုပ်ဖို့တောင် အဆင်သင့် ရှိနေကြောင်း။ ဒါ့ကြောင့် လူကြီးမင်းများအနေနဲ့ ဒေါ်အောင်ဆန်း

စုကြည်ကို ဦးနေဝင်းနဲ့ တွေ့ဖို့အတွက် အကူအညီ ပေးစေ လိုကြောင်း ပြောကြားပါတယ်။

လူကြီး နှစ်ဦးကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒကို သဘောကျ ပါကြောင်း။ ဒါကြောင့် ကူညီဖို့ ဝန်မလေးကြကြောင်း ပြန်ပြောပါတယ်။ တွေ့ ဆုံဖို့ကို ဘယ်လို လုပ်ရမလဲလို့ နည်းလမ်း ရှာကြတဲ့အခါကျတော့ လူကြီး တစ်ယောက်က (ဘယ်သူလဲ ဆိုတာ မမှတ်မိတော့ပါဘူး။) ဒေါ်နီနီမြင့်က တစ်ဆင့် သတင်းပို့ရင် ရနိုင်မယ်ထင်ကြောင်း ပြောပါတယ်။ ဒေါ်နီနီမြင့် ဆို တာ မီဒီယာတွေရဲ့ သတ်မှတ်ချက်အရ ဦးနေဝင်းရဲ့ နံပါတ် ၄ နဲ့ နံပါတ် ၆ ယောက်မြောက် ဇနီးပါ။ စာရှုသူများ ရှုပ်တရက် နားထွေးသွားမလားတော့ မသိပါ။ ဒေါ်ခင်မေသန်း ကွယ်လွန်သွားတော့ ဦးနေဝင်းဟာ ဒေါ်နီနီမြင့်နဲ့ လက်ထပ်ခဲ့ပါတယ်။ ဒေါ်ခင်မေသန်းက ဦးနေဝင်းရဲ့ ဇနီး နံပါတ် ၃ ဆိုတော့ ဒေါ်နီနီမြင့်က နံပါတ် ၄ ပေါ့။

ဒေါ်နီနီမြင့်က ရန်ကုန် တက္ကသိုလ် သမိုင်း ဌာနမှာ ကထိကလို့ ထင်ပါ တယ်။ အိမ်ထောင်သက် သိပ်မရှည်မှာ ဒေါ်နီနီမြင့်ရဲ့ ညီမ ထင်ပါရဲ့၊ ဒေါ်နီနီ မြင့်ရဲ့ ရုံးတံဆိပ်တွေ သုံးပြီး ကုန်သွယ်ရေးက ပစ္စည်းတွေ ဝယ်ယူခဲ့တာတွေ နဲ့ ပတ်သက်ပြီး တရားတပေါင် ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ထင်ပါရဲ့ ဦးနေဝင်းဟာ ဒေါ်နီနီမြင့် အတွက် တက္ကသိုလ်ဝင်းထဲက ဆရာများအိမ် တစ် လုံးကို စီစဉ်ပြီး နေစေပါတယ်။ ဒါပေမဲ့ ဒေါ်နီနီမြင့် အိမ်မှာ စောင့်ရှောက်ဖို့ ဆိုပြီး ထောက်လှမ်းရေး နှစ်ယောက်ကို တွဲဖက်ပေးထားပါတယ်။ ဒေါ်နီနီမြင့် ရဲ့ အိမ်နှိမ့်စ ဘဝပေါ့။

အဲဒီလို ဖြစ်နေစိုက်မှာ ဦးနေဝင်းဟာ ဥရောပခရီး တစ်ခုထွက်ရင်းနဲ့ အီတလီနိုင်ငံမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသူ ရတနာနတ်မယ် (ခ) June Rose Bellamy နဲ့ တွေ့ဆုံပြီး မြန်မာပြည်ကို ပြန်ခေါ်ခဲ့ပါတယ်။ ရောက်တာနဲ့ လက်ထပ်လိုက်ပါတယ်။ ၁၉၇၆ ခုနှစ်၊ ဩဂုတ်လလောက်မှာ ထင်ပါတယ်။ အုန်းကျော်မြင့် ကိစ္စနဲ့ ကျွန်တော်တို့ ဧကြည်အိုင်ကို ရောက်နေစိုက်မှာ သတင်းစာထဲက ဖတ်ရလို့ သိခဲ့ရတာပါ။ ဒါပေမဲ့ သိပ်မကြာပါဘူး။ ဦးနေဝင်းနဲ့ ရတနာနတ်မယ်တို့ ပြင်းပြင်းထန်ထန် ကတောက်ကဆ ဖြစ်တယ်လို့ ကြား

သိရပါတယ်။ မကြာပါဘူး။ ရတနာနတ်မယ်ဟာ အီတလီနိုင်ငံ ပြန်သွားပါတယ်။

ရတနာနတ်မယ်နဲ့ ကျွန်တော် ၁၉၆၃ ခုနှစ်မှာ မေမြို့ စိန့်မိုက်ကယ်ကျောင်း၊ ကျောင်းအုပ်ကြီး Mr. Wiltshire (ကျွန်တော့် သူငယ်ချင်း ဒေးဗစ်ရဲ့ အဖေ) ရဲ့ အိမ်မှာ တွေ့ဖူးပါတယ်။ အရပ်က ငါးပေ ခုနစ်လက်မလောက် ရှိမယ် ထင်ပါတယ်။ အသားအရေက ဖြူဝင်းပြီး အင်မတန် ချောမော လှပတဲ့ မိန်းမ တစ်ယောက်ပါ။ အဲဒီအချိန်လောက်မှာ Asiaweek မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ ဖော်ပြခြင်း ခံထားရပါတယ်။ မြန်မာ အဝတ်အစား၊ ထိုင်မသိမ်း အင်္ကျီ ချိတ်ထဘီနဲ့ အလွန် ကျက်သရေရှိပါတယ်။ သူ့ခင်ပွန်း အီတာလီယံ လူမျိုး Mr. Bellamy ကိုလည်း တွေ့ရပါတယ်။ အရပ်ပုပု၊ ထိပ်ပြောင်ပြောင်၊ သူ့ထက် အသက်ကြီးပါတယ်။ U.N. က အရာရှိလို့ ထင်ပါတယ်။

အဲဒီနောက် မကြာပါဘူး ဒေါ်နီနီမြင့်ကို ပြန်ခေါ်ပြီး ပေါင်းသင်းပြန်ပါတယ်။ ဒါ့ကြောင့် ဒေါ်နီနီမြင့်ဟာ ဦးနေဝင်းရဲ့ နံပါတ် ၄ နဲ့ နံပါတ် ၆ ယောက်မြောက် ဇနီးလို့ ပြောရတာပါ။ ကျွန်တော် ဗိုလ်မှူး ချစ်ခိုင်ရဲ့ တိုက်ခန်းမှာ ဦးတင်အောင်ဟိန်း၊ ဦးချစ်လှိုင်တို့နဲ့ တွေ့ဆုံနေတဲ့ ကာလမှာ ဒေါ်နီနီမြင့်ဟာ ရန်ကုန် တက္ကသိုလ်ထဲက ဌာန တစ်ခုမှာ ရုံးတစ်လုံး၊ ကားတစ်စင်း အနေအထား ရှိနေပြီလို့ သိရပါတယ်။ သူတို့ ပြောစကားအရ သူတို့ နှစ်ယောက်အနက်က နှစ်ယောက်စလုံး သော်လည်းကောင်း၊ တစ်ယောက်ယောက် သော်လည်းကောင်း ဒေါ်နီနီမြင့်ကို သွားတွေ့ပြီး အကျိုးအကြောင်း ပြောကြမယ်လို့ သဘောတူလိုက်ကြပါတယ်။

## သူတို့ချည့် အရင်တွေ့မယ်

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆက်ဆွေးနွေးကြရာမှာ လူကြီး နှစ်ဦးက ဦးနေဝင်းနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့မယ်ဆိုတဲ့ idea ဟာ အလွန် ကောင်းတယ်၊ ထောက်ခံတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခု ဖြစ်တယ်။ ဒါပေမဲ့ ဒေါ်နီနီမြင့်နဲ့ တွေ့တဲ့အခါ ပထမဦးဆုံး သူတို့နှစ်ယောက်နဲ့ ဦးနေဝင်းတို့ အရင်တွေ့ဖို့ ပြောကြည့်မယ်၊ သူတို့ နှစ်ယောက်နဲ့ တွေ့ပြီးမှ အကျိုးအကြောင်းကို

ရေလည်အောင် အဓိုးကြီးကို ရှင်းပြမယ်၊ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံအတွက် ဆိုရင် သူ့ကို ရှိုးဆိုလည်း ရိုးပါ့မယ်ဆိုတဲ့ ဆန္ဒရှိကြောင်းကိုပါ ပြောပြီး တိုက်တွန်းမယ်ဆိုပြီး အားတက်သရော ထောက်ခံစကားတွေ ပြောကြပါတယ်။ ဒါ့ကြောင့် ရက်ချိန်းရရင် ပြန်အကြောင်းကြားမယ် ဆိုတဲ့ စကားတွေ ပြောပြီး လှုစုခွဲလိုက်ကြပါတယ်။

## လည်ပင်း ရှည်လာမတတ်

ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ကို တွေ့ပြီးနောက်မှာ သူတို့ရဲ့ ထောက်ခံမှု၊ သူတို့ရဲ့ အားတက်သရော ရှိမှုတွေကို ဒေါ်အောင်ဆန်းစုကြည်ကို ပြန်ပြောရပါတယ်။ ဒေါ်နီနီမြင့်နဲ့တွေ့ဆုံပြီး လမ်းကြောင်းရှာမယ့်အကြောင်းတွေကိုပါ ရှင်းပြခဲ့ပါတယ်၊ သူကတော့ ကျွန်တော် ပြောသမျှကို ဂရုတစိုက် နားထောင်ပါတယ်။ တက်ကြွတဲ့ အမူအရာတော့ သိပ်မတွေ့ရပါဘူး။ တွေ့ရင်တော့ ကောင်းတယ်၊ မတွေ့တော့လည်း ကိစ္စမရှိဘူးဆိုတဲ့ အမူအရာမျိုးလို့ ကျွန်တော် ထင်မှတ်မိပါတယ်။

လူကြီးနှစ်ယောက်ရဲ့ ပြောစကားကြောင့် နောက်အပတ်မှာ သတင်းထူးများ ကြားရမလားဆိုပြီး မျှော်မိပါတယ်။ သတင်းက တစ်ပတ်လည်း မလာ၊ နှစ်ပတ်လည်း မလာ၊ ဗိုလ်မှူး ချစ်နိုင်ကို အပတ်စဉ် အမြဲ ဖုန်းဆက်မေးတိုင်းလည်း ဘာမှ မထူးသေးဘူး ဆိုတာ ကြားရတော့ ကျွန်တော့်မှာ အားမလို အားမရပေါ့။ သုံးပတ်ကျော်လို့ လေးပတ်မြောက်တော့မှ သူတို့နှစ်ဦးနဲ့ ဦးနေဝင်း တွေ့ဖို့ သဘောတူလိုက်ပြီဆိုတဲ့ အဖြေရပါတယ်။

ဟုတ်ပြီ၊ ကျွန်တော်ကတော့ ကြိုက်ပြီပေါ့။ ကိုယ် ကြိုးစားတာတွေ အကောင်အထည် ပေါ်လုနီးပြီပေါ့။ ဒီအတွေးနဲ့ ကျွန်တော်ဟာ သူတို့ရဲ့ တွေ့ဆုံမှု သတင်းကို မျှော်တလင့်လင့်နဲ့ နားစွင့်နေပါတယ်။ ဗိုလ်မှူး ချစ်နိုင်နဲ့လည်း တယ်လီဖုန်း အရည်မျော်ကျမတတ် ပြောဆို ဆွေးနွေး တိုင်ပင်ခဲ့ပါတယ်။ ဗိုလ်မှူး ချစ်နိုင်ဟာ ဗဟိုနိုင်ငံရေး တက္ကသိုလ်မှာ ဒုတိယ ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူ တစ်ယောက်ဖြစ်လို့ နိုင်ငံရေးပါး အလွန်ဝပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ကိုယ်တိုင်ကိုယ်ကျ မပါဝင်ခဲ့သော်

လည်း သူမြို့နယ် တစ်ပိုက်မှာတော့ ဒီမိုကရေစီ ဘက်တော်သား တစ်ယောက်လို့ အများက သတ်မှတ်ကြပါတယ်။

## တွေ့ခဲ့ကြပြီ

သူတို့နဲ့ တွေ့ဖို့ ချိန်းဆိုတဲ့နေ့မှာ ကျွန်တော် ဗိုလ်မှူး ချစ်ခိုင်အိမ် ရောက်သွားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တိုင်ပင်ခဲ့တဲ့ရက်နဲ့ တွက်မယ်ဆိုရင် တစ်လခွဲလောက် ရှိပါပြီ။ အခုတော့ ကျွန်တော် တိုက်တွန်းတဲ့အတိုင်း ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်ခိုင်တို့က ဦးနေဝင်းနဲ့ သွားတွေ့တဲ့အကြောင်းကို ကျွန်တော်တို့ကို ပြန်ပြောပြဖို့ ချိန်းတာပါ။ သူတို့နဲ့ တိုက်ရိုက် ပြောရတာ မဟုတ်ဘဲ ဗိုလ်မှူး ချစ်ခိုင်နဲ့ပဲ ပြောရတာပါ။ သူတို့ တွေ့ပြီးတဲ့အခါ အခြေအနေ ဘယ်လိုနေလဲလို့ ဗိုလ်မှူး ချစ်ခိုင်ကို မေးတဲ့အခါ သူလည်း မသိရသေးပါဘူးတဲ့။

ရောက်လာကြပါပြီ။ မနက် ၁၀ နာရီလောက်မှာ။ သူတို့ ရောက်လာပြီဆိုတာနဲ့ အရင်ရောက်နှင့်နေတဲ့ ကျွန်တော်က သူတို့ အမူအရာကို အကဲခတ်လိုက်ပါတယ်။ သူတို့အမူအရာက တက်ကြွ ရွှင်လန်းတဲ့ ပုံစံမျိုး မဟုတ်သလို စိတ်ပျက်အားလျော့တဲ့ အမူအရာမျိုးလည်း မရှိပါဘူး။ ပုံမှန်ပါပဲ။ သူတို့ရဲ့အဲဒီအမူအရာကို မြင်ရတာနဲ့ မျှော်လင့်တကြီးဖြစ်နေတဲ့ ကျွန်တော် စိတ်ပျက်သလို ဖြစ်သွားပါတယ်။ ဒါပေမဲ့ စိတ်ချက်ကို ထိန်းချုပ်ပြီး "ဆရာတို့ အခြေအနေ ဘယ်လိုပါလဲ" လို့ မေးတဲ့အခါ ဦးချစ်လှိုင်က "ပြောပါ့မယ်" လို့ ပြန်ဖြေပါတယ်။

"သူ ချိန်းထားတဲ့အတိုင်း ကျွန်တော်တို့ အဘိုးကြီး (ဦးနေဝင်း) ဆီ ရောက်သွားတော့ သူက ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းပဲဗျ၊ အချင်းချင်း မတွေ့တာ ကြာပြီဖြစ်လို့ အာလာပသလ္လာပ စကားတောင် တော်တော်ကြာ ပြောဖြစ်ကြသေးတယ်၊ သူကပဲ စပြီး မင်းတို့နဲ့ တွေ့ရတာ အတော်ပဲ၊ စကားတွေ ပြောချင်နေတာ၊ ဒါပေမဲ့ကွာ နိုင်ငံရေးတွေ၊ စီးပွားရေးတွေ မပြောကြေးလို့ နိဒါန်းချီခဲ့တယ်ဗျ။

"သူက ဆက်ပြီးပြောပါတယ်၊ အခုအချိန်ရလို့ ဘုရား နိပါတ်တော်တွေ တော်တော်များများ ဖတ်ခဲ့ရကြောင်း၊ ဒါကြောင့် လောကဓမ္မတွေ ပိုပြီး

နားလည်လာကြောင်း အရှည်ကြီး ရှင်းပြပါတယ်၊ တရားတွေကို နားလည်လာတယ် ဆိုတဲ့ အကြောင်းပေါ့။

"အံ့ဩစရာ စကားတွေလည်း ကြားခဲ့ရသေးတယ်ဗျ၊ ဘာလဲဆိုတော့ အခုလို တရားတွေ သိတာ အင်မတန် နောက်ကျသွားတယ်၊ ဒီတရားတွေသာ ဟိုတုန်းက သိခဲ့ရင် ငါ အာဏာတောင် သိမ်းဖြစ်မယ် မထင်ဘူးလို့ ပြောပါတယ်၊ အဲဒီစကား ကြားတော့ ကျွန်တော်ဆိုရင် ခေါင်းတောင် ကြီးသွားတာပဲဗျာ၊ အဲဒီလို စကားတွေကို သူကပဲ ဒိုင်ခံပြီး ဖောင်နေအောင် ပြောတာ၊ ကျွန်တော်တို့ ပြန်ပြောစရာ အချိန်တောင် မရှိဘူး။ သူပြောလို့ အားရတော့မှ ကိုင်းလာ နေ့လယ်စာ စားကြရအောင်ကွာ ဆိုပြီး ကျွန်တော်တို့ကို နေ့လယ်စာ ကျွေးပါတယ်။ ဒါနဲ့ သူ ကျွေးတဲ့ နေ့လယ်စာ စားပြီး ကျွန်တော်တို့ နှစ်ယောက် ပြန်လာခဲ့ပါတယ်"

ကျွန်တော်က မနေနိုင်လို့ မေးခွန်းထုတ်ပါတယ်။

"ဆရာတို့ မူလ ရည်ရွယ်ချက် ဖြစ်တဲ့ ဒေါ်စုနဲ့ တွေ့ဖို့ စကား စမိသေးသလား"

ဦးချစ်လှိုင်က "ကျွန်တော်တို့ ဘာမှ မပြောလိုက်ရဘူးဆို၊ သူကချည်းပဲ ဒိုင်ခံ စကားပြောခဲ့တာဗျ၊ ပြီးတော့ သူက ကြိုဗိတ်ထားတယ်လေ၊ နိုင်ငံရေးနဲ့ စီးပွားရေး အကြောင်း မပြောကြေး ဆိုပြီး၊ ဒါနဲ့ ကျွန်တော်တို့လည်း သူ့ကို ကန်တော့ပြီး ပြန်လာခဲ့ကြတာပဲ"

## ကျွန်တော့်အမြင်

ဦးချစ်လှိုင်ရဲ့ စကားကို ကြားရတဲ့အခါ ကျွန်တော် သေချင်စော် နံသွားပါတယ်။ နိုင်ငံသူ၊ နိုင်ငံတော်သားတွေ အကျိုးအတွက် ရည်ရွယ်ပြီး နိုင်ငံရေး အဖြေရှာနိုင်အောင်လို့ ဒေါ်စုနဲ့ ဦးနေဝင်းတို့ တွေ့ဖို့ တိုက်တွန်းခဲ့တယ်။ ဒီလို နည်းလမ်း ရှာဖို့လည်း အသည်းအသန် စဉ်းစားခဲ့တယ်။ တကယ်လည်း တွေ့ရော သူတို့ ဘာမှမပြောလိုက်ရပဲ ဟိုကပြောတာ နားထောင်၊ သူကျွေးတာတွေ စား၊ ပြီးတော့ ဖင်ဘူးတောင်းထောင်ပြီး ရှိခိုး၊ ပြန်လာ၊ ဒါ့ကြောင့် ကျွန်တော် သေချင်စော် နံသွားတာပါ။

ဒီလူကြီးတွေက အသက် ၇၀ တန်း ရောက်နေပြီ၊ ကျွန်တော်က ၅၀ ကျော်ကျော်လေး။ သူတို့ရဲ့အသက်ဂုဏ်၊ သိက္ခာဂုဏ်တွေကို လေးစားသောအားဖြင့် ကျွန်တော့်ဒေါသတွေကို ချုပ်တည်းထားရပါတယ်။ ကိုယ့်အဖွဲ့ထဲက လူငယ်တွေ ဆိုရင်တော့ ကျွန်တော် အော်ငေါက်ပစ်လိုက်မှာပါ။ သူတို့ ဦးနေဝင်းနဲ့ တွေ့တဲ့အခါ အဓိက ရည်မှန်းချက်ကို သေသေချာချာ မှာကြားခဲ့ပါလျက်နှင့် သူတို့ နှစ်ယောက်က ဘာမှမပြောဖြစ်ဘဲ ပြန်လာခဲ့တာဟာ ကျွန်တော့်အမြင်မှာတော့ အရှုံးနီးပေါ့။

ဒါပေမဲ့ သူတို့မျက်နှာ ကြည့်ရတာကတော့ နည်းနည်းလေးမှ အပြစ်ရှိတဲ့ပုံ Guilty Conscious ရှိပုံ မပေါ်ပါ။ တွေ့ရခဲ့တဲ့ သူတို့ရဲ့ "အသက်သခင် ကျေးဇူးရှင်" လို့ ဆိုရမယ့် ပုဂ္ဂိုလ်ကြီးကို တွေ့ရတာကိုပဲ သူတို့အဖို့ အကျေနပ်ကြီး ကျေနပ်နေတဲ့ပုံပါ။ သူတို့ ရည်မှန်းချက် မပြည့်လို့ ကျွန်တော့်ကို အားနာတာ၊ တောင်းပန်စကားဆိုမယ့် အရိပ်အယောင် လုံးဝမတွေ့ရပါ။

နောက်တစ်နေ့ကျတော့ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို ဖြစ်ကြောင်းရယ် ကုန်စင် ရှင်းပြပါတယ်။ ကျွန်တော် ကြိုးစားခဲ့သမျှ အကောင်အထည် မပေါ်တဲ့အတွက်လည်း အားမလိုအားမရ ဖြစ်မိပါတယ်။ ဒီလူကြီး နှစ်ယောက်ကို ကျွန်တော် ဒေါသဖြစ်မိတဲ့ အကြောင်းပြောတော့ ဒေါ်စုက "ထားလိုက်ပါ ကိုဝင်းထိန်ရယ်၊ ဒီတစ်နည်း မရလည်း နောက်တစ်နည်းပေါ့၊ တစ်ချိန်ချိန်မှာ အခွင့်အရေး ပေါ်ဦးမှာပါ" လို့ မှတ်ချက်ချပါတယ်။ သူကတော့ အမူအရာတစ်ချက် မပျက်ပါ။

## ကိုကိုမောင်ကြီးရဲ့စာအုပ်

၂၀၁၀ ခုနှစ်၊ ဇူလိုင်လမှာ ကျွန်တော် ထောင်က လွတ်တော့၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာမှာ ခုလွှာ တစ်လဝက်ပြီး ဝိပဿနာ တရားများ ပွားများခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့ နိုဝင်ဘာလ နောက်ဆုံးပတ်မှာ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်လာပါတယ်။ ကျွန်တော် ခုလွှာက ထွက်ပြီး NLD ရုံးချုပ်မှာ ပါတီလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပါတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည် နာမည်နဲ့ လာတဲ့ စာတွေကို ဖွင့်ပြီး သင့်လျော်

တဲ့ အကြောင်းအရာတွေကို ဒေါ်အောင်ဆန်းစုကြည်ထံ တင်ပြတဲ့ အလုပ် ဆက်လုပ်ပါတယ်။

အားလပ်တဲ့ အချိန်ရရင်တော့ ထောင်ကျစဉ်မှာ ဖြစ်ပျက်ခဲ့တဲ့ ပြည်တွင်း ပြည်ပ ဖြစ်စဉ်တွေကို ပြန်လေ့လာပါတယ်။ စာအုပ်တွေ ပြန်ဖတ်ပါတယ်။ အဲဒီလို ပြန်ဖတ်တဲ့အခါ ကိုကိုမောင်ကြီး ရေးတဲ့ ၁၉၁၀ အတွေ့အကြုံ စာအုပ်ကြီး (နာမည် မေ့သွားပါပြီ) ကိုလည်း ဖတ်ရပါတယ်။ အဲဒီလို ဖတ်ရင်းနဲ့ သူနဲ့ ဦးတင်အောင်ဟိန်းတို့ ဦးနေဝင်းဆီ သွားလည်တဲ့ အကြောင်း ရေးထားပါတယ်။ အဲဒီ တွေ့ဆုံပွဲမှာ ဦးနေဝင်းက သူဟာ တရားတွေကို လေ့လာတာ များလာတော့ တရားအသိတွေ ရလာကြောင်း။ အဲဒီ တရားအသိတွေ ဟိုတုန်းကသာ ရှိခဲ့ရင် သူ အာဏာသိမ်းမိမှာတောင် မဟုတ်ကြောင်း ပြောတဲ့ စကားတွေ ရေးထားပါတယ်။

အဲဒီအကြောင်းဟာ သူ့စာအုပ်ကို ဖတ်တဲ့သူတွေသာမက၊ စာအုပ်ကို မှီပြီး ထုတ်နုတ် ဖော်ပြကြတဲ့ မီဒီယာတွေရဲ့ ကျေးဇူးကြောင့် တော်တော်ပျံ့နှံ့ ကျော်ကြားသွားပါတယ်။ ဒါပေမဲ့ သူတို့နဲ့ ဦးနေဝင်း တွေ့ဆုံပွဲကို ကျွန်တော်က တိုက်တွန်းတဲ့ အကြောင်းရော၊ ဒေါ်စုနဲ့ ဦးနေဝင်း တွေ့ဖို့ အကြောင်းတွေ သူတို့ မပြောဖြစ်တာကိုရော ရေးမထားပါ။ သိသိကြီး ချန်ထားခဲ့ပါတယ်။

## ကိုကိုမောင်ကြီးနဲ့ ပြန်ဆုံတဲ့အခါ

ဒီလိုနဲ့ ကံကြမ္မာရဲ့ စေစားချက်လို့ပဲ ပြောပါရစေတော့၊ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်ဟာ မိတ္ထီလာ မြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေစဉ် ကာလမှာ လစဉ် ကိုယ့်မြို့နယ်ကို ပြန်ပြီး ကိုယ်စားလှယ် အလုပ်တွေ လုပ်ရသလို၊ ရံဖန်ရံခါမှာလည်း လွှတ်တော်တွင်း အလုပ်တွေ၊ အခမ်းအနားတွေလည်း တက်ရောက်ခဲ့ရပါတယ်။

လွှတ်တော် သဘင်ဆောင်မှာ လုပ်တဲ့ အခမ်းအနား တစ်ခုမှာပါ။ ပြင်ပ ပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားထားတဲ့အတွက် လူတော်တော်စုံတဲ့ အခမ်းအနား တစ်ခုမှာ ကျွန်တော်လည်း တက်ရောက်ခဲ့ပါတယ်။ အခမ်းအနား

ခေါင်းစဉ်တော့ မေ့သွားပါပြီ။ ဒါပေမဲ့ ရှေ့ဆုံးတန်း ထိုင်ခုံတစ်ခုမှာ ကိုကို မောင်ကြီးကို ကျွန်တော် လှမ်းမြင်လိုက်ရပါတယ်။ တော်တော်အိုစာသွားပါပြီ။ အသက်ကလည်း ၈၀ ကျော်သွားပြီ ထင်ပါရဲ့။

အခမ်းအနား ပြီးလို့ ပရိသတ်တွေ လူစုကွဲစပြုတဲ့ အချိန်မှာ ကျွန်တော် သူ့ကို သွားနှုတ်ဆက်ပါတယ်။ ကျွန်တော့်ကို သူ မှတ်မိပါတယ်။ ကျွန်တော် ကလည်း သူ့စာအုပ်ကို ဖတ်ပြီးပြီ ဖြစ်ကြောင်း၊ အဲဒီစာအုပ်မှာ ဦးနေဝင်းနဲ့ တွေ့တဲ့ အကြောင်းတွေကို အစဖော်ပြီး "ဆရာ၊ အဲဒီအပိုင်မှာ ကျွန်တော်က တိုက်တွန်းလို့ဆိုတာလည်း ထည့်မရေးဘူး၊ ဦးနေဝင်းဆီ သွားတဲ့ ရည်ရွယ် ချက်က ဒေါ်စုနဲ့ တွေ့ဆုံဖို့ကို တိုက်တွန်းချင်လို့ ဆိုတာလည်း ထည့်မရေးဘူး" လို့ ပြောလိုက်ပါတယ်။

သူက "ဟုတ်ကဲ့... ဟုတ်ကဲ့...၊ ဒေးရှာ" ဆိုပြီး ရှေ့မဆက်နိုင်ပါဘူး။ ကျွန်တော်က "ဆရာ့ စာအုပ်ထဲမှာ ပါတဲ့ အခန်းကို ညွှန်းပြီး ဒေါ်စုနဲ့ ဦးနေဝင်း



တွေ့ဆုံဖို့ ကျွန်တော် တိုက်တွန်းလို့ သွားခဲ့တယ် ဆိုတဲ့အကြောင်း ဆောင်းပါး တစ်ပုဒ် ရေးမယ်နော် ဆရာ" လို့ ပြောတဲ့အခါ သူက "ရေးပါ၊ ရေးပါ" လို့ ပြန်ပြောပါတယ်။

အဲဒီသဘောပါတဲ့ ဆောင်းပါးတစ်ပုဒ်ကို ရေးပြီး ရပ်သွားတဲ့ ကိုမြတ်ခိုင်ရဲ့ ဂျာနယ် တစ်စောင်မှာ ရေးဖူးပါတယ်။ အခု ပြန်ရေးရပြန်ပါပြီ။ ဟိုတုန်းက ရေးခဲ့တာတွေနဲ့တော့ လုံးစေ့ပတ်စေ တူမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သဘောသွားကတော့ အတူတူပါပဲ။ အခုလို ပြန်ရေးရတဲ့ ရည်ရွယ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေးအတွက် ၂၁ ရာစု ပင်လုံ ညီလာခံ ကျင်းပပြီး ကြိုးစားနေတာဟာ အခုမှ မဟုတ်ပါဘူး။ ဟိုကတည်းက အချိန်မရွေး စဉ်းစားပြီး ကြိုးပမ်းနေတယ် ဆိုတာ အများပြည်သူ သိစေချင်လို့ ယခုလို ထပ်မံ တင်ပြရခြင်း ဖြစ်ပါကြောင်း.....။

*****

## ကျွန်တော်နှင့် တစ်ရှိန်တုန်းက ကိုအေး
## (ဒုတိယ ဗိုလ်ချုပ်မှူးကြီး- ငြိမ်း)

### မူလ သိကျွမ်းစ

ကျွန်တော်က စစ်တက္ကသိုလ် အပတ်စဉ် ၅ ကျောင်းဆင်းဖြစ်ပြီး ကိုအေးက အပတ်စဉ် ၁ ကျောင်းဆင်းတစ်ယောက် ဖြစ်ပါတယ်။ ခုခေတ် နောက်ပေါက် စစ်တက္ကသိုလ် ကျောင်းဆင်း အချင်းချင်းတော့ ဘယ်လို ခေါ်ကြသလဲ မသိဘူး။ ကျွန်တော်တို့ ခေတ်ကတော့ စီနီယာ ဗိုလ်လောင်းက ဂျူနီယာ ဗိုလ်လောင်းကို "မင်းနဲ့.... ငါနဲ့" ပြောဆို ဆက်ဆံလေ့ ရှိသလို၊ ဂျူနီယာ ဗိုလ်လောင်းကလည်း စီနီယာ ဗိုလ်လောင်းကို "ကို" တပ်ခေါ် လေ့ ရှိတာဟာ ဓလေ့ထုံးတမ်း တစ်ခုပါ။

ရာထူးတွေ ဘယ်လောက်ပဲ မြင့်သွားမြင့်သွား ဒီအခေါ် အဝေါ် အထက် အဆင့်ကတော့ မပျက်ယွင်းခဲ့တာ တောက်လျှောက် တွေ့ခဲ့ရပါတယ်။ နောက် ...င်းတော့ တပ်မှူးတွေ၊ တိုင်းမှူးတွေ ဖြစ်သွားလို့ အခေါ် အဝေါ် ပြောင်းသွား ...ာ ရှိတတ်ခဲ့ပါတယ်။ "အဘ" လို့ ခေါ်တဲ့ အသုံးအနှုန်းကတော့ စစ်အစိုးရ ...က်ထက်ကျမှ တွင်ကျယ်လာတာပါ။ ဒါကြောင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီး ...ဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ သူ့ကို "ကိုအေး" လို့ ခေါ်တာဟာ ...းတမ်းစဉ်လာအရ ဖြစ်ပါတယ် ဆိုတာ ပဏာမ ဖော်ပြပါရစေ။

### အပတ်စဉ် ၁ အကြောင်း တစ်စေ့တစ်စောင်း

...ိုအေးတို့ အသုတ်က ၁၉၅၉ ခုနှစ်၊ ဧပြီလမှာ ကျောင်းဆင်းခဲ့ပြီး ကျွန်တော် ...ို့ အပတ်စဉ် ၅ က ၁၉၆၃ ခုနှစ်၊ မေလ ကုန်ခါနီးမှ စစ်တက္ကသိုလ်ကို ...ောက်ခဲ့ပါတယ်။ ဒါကြောင့် အပတ်စဉ် ၁ က ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့

မသိ၊ မမှီခဲ့ပါဘူး။ ဒါပေမဲ့ စစ်တက္ကသိုလ်ကို ရောက်လို့ တပ်ခွဲတိုင်း၊ တပ်စု တိုင်းမှာ အပတ်စဉ်အလိုက် ဗိုလ်လောင်းတွေ မျှတ ထည့်သွင်း ဖွဲ့စည်းထား တော့ ကျွန်တော် ရောက်နေတဲ့ ဘုရင့်နောင် တပ်ခွဲ တပ်စု ၆ မှာ အပတ်စဉ် ၄၊ အပတ်စဉ် ၃ နဲ့ အပတ်စဉ် ၂ က ဗိုလ်လောင်းတွေနဲ့ တွေ့ဆုံ ဆက်ဆံရ ပါတယ်။ ဒါကြောင့် သူတို့ဆီက ရံဖန်ရံခါ ကြားရတတ်တဲ့ အပတ်စဉ် ၁ က အကိုကြီးတွေ အကြောင်း ကြိုးကြား ကြိုးကြား ကြားသိခဲ့ရပါတယ်။

အထူးသဖြင့် သာမန်မျှသော အကြောင်းတွေသာ ရှိခဲ့ဖူးတဲ့ သူတွေ အကြောင်းကြားရခဲပြီး ထူးခြားဖြစ်စဉ်တွေမှာ ပါခဲ့တဲ့ သူတွေအကြောင်းတော့ ပိုကြားသိရတာပေါ့။ ဥပမာ ဒေါင်စစ်သည်ဆု ရသွားတဲ့ ကိုသောင်းက ကျောက်ဆည် ဇာတိ ဖြစ်ကြောင်း၊ ယောကျ်ား ပီသပြီး နှစ်လိုဖွယ် အမူအရာ နဲ့ ဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ကြောင်း၊ လှေကျင့် ထူးချွန်ဆု ရတဲ့ ကို ဘိုရှိန်းကတော့ ယောကျ်ား ပီသပြီး တည်ကြည်တဲ့ ရုပ်လက္ခဏာ ရှိသူ ဖြစ် ကြောင်း ကြားခဲ့ရပါတယ်။

စာပေထူးချွန်ဆု ရသွားတဲ့ ကိုစံလွင်ကတော့ ခေါင်းကြီးသလောက် ဉာဏ်ကောင်းတဲ့သူ ဖြစ်ကြောင်း၊ အင်္ဂလိပ်စာ တော်လွန်းလို့ အင်္ဂလိပ်စာ သင်တန်းတွေမှာ သူကြိုက်ရာ စာအုပ်တွေ ဖတ်ခွင့်ပြုကြောင်း၊ ဒါပေမဲ့ စည်း ကမ်း မညီညွတ်လို့ Extra Drill လို့ ခေါ်တဲ့ ကျောပိုးအိတ်ထဲကို အုတ်ခဲ ရှစ်လုံး ထည့်ပြီး အပြေးနိုင်းတဲ့အက် ခဏ ခဏ ခံရဖူးကြောင်း သူတို့ ပြောလို့ ကြားသိရဖူးပါတယ်။ ဒါပေမဲ့ ကိုအေး အကြောင်းကိုတော့ မကြားမိခဲ့ပါ။

## ကက (ကျင့်) မှာ

ကိုအေးကို တွေ့မိတာက ၁၉၆၇ ခုနှစ်မှာ ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး ရန်ကုန်ကို ပြောင်းလာတော့ ကျွန်တော့်ကို ကက (ကျင့်) အစီအစဉ်နဲ့ ရုရှား ဘာသာကို နိုင်ငံခြားဘာသာသင် သိပ္ပံမှာ အချိန်ပြည့် တက်ခဲ့ရပါတယ်။ ဒါ့ ကြောင့်မို့ ကက (ကျင့်) ကို သွားရောက် ဝန်ဆောင်ပြီး သတင်းပို့တဲ့ အခါ ကိုအေး နဲ့ တွေ့ရခြင်း ဖြစ်ပါတယ်။ သူဟာ ကျောင်းဆင်းဆင်းခြင်း ခလရ ၃၀ (ထို စဉ်က ဘိုတလေးမြို့) မှာ တာဝန်ကျပြီး ကက (ကျင့်) ကို ဦးစီး အရာရှိ

ဗိုလ်သိန်းစိန် ဘာကြောင့် သမ္မတ ဖြစ်လာရသလဲနှင့် အခြား ဆောင်းပါးများ

(ဘာတိယတန်း) အနေနဲ့ ပြောင်းရွှေ့ ရောက်ရှိလာခိုက် ဖြစ်ပါတယ်။ ကက (ကျွင့်) မှာ သူနဲ့အတူ ရောက်ရှိလာတဲ့ အပတ်စဉ် ၁ က အရာရှိ တစ်ဦးလည်း ရှိပါတယ်။ သူကတော့ ကိုထွန်းရွှေ (ညွှန်ချုပ်- ကွယ်လွန်) ဖြစ်ပါတယ်။



ကိုအေးက အရပ်က ငါးပေ ၁၀ လက်မလောက် ရှိမယ် ထင်ပါတယ်။ နောက်ကိုယ်ခာ သွယ်လျလျပါ။ သူ ဒုတိယ ဗိုလ်ချုပ်မှူးကြီး ဖြစ်လာတော့လည်း ဓာတ်ပုံထဲမှာ တွေ့ရတာအရ နည်းနည်း ဖြည့်လာတာက လွဲလို့ အရမ်း ဘာရော ဝလာတာမျိုး မရှိခဲ့ပါ။ အမူအရာက အမြဲတမ်းလိုလို မပြုံးတပြုံး နဲ့နေတတ်တော့ ဖော်ရွေတဲ့ အမူအရာမျိုး ဖြစ်နေတာပေါ့။ ရုရှား ဘာသာ သင်တန်း တက်ရောက်မှု အခြေအနေတွေကို ကက (ကျွင့်) ကို သွားပြီး ညလ တစ်ခါ၊ ခြောက်လ တစ်ခါလောက် သွားသတင်းပို့ရတဲ့အခါ သူနဲ့ ပိုပြီး ခင်မင်ခဲ့ပါတယ်။ အလားတူပဲ ကိုထွန်းရွှေနဲ့လည်း ပိုရင်းနှီးခဲ့ပါတယ်။

ကိုထွန်းရွှေကတော့ ကျွန်တော့်ကို ပိုပြီး ရင်းရင်းနှီးနှီး ဆက်ဆံပါတယ်။ ညမှာ- ကျွန်တော့် ဇာတိ၊ မိသားစု စတဲ့ ကိစ္စတွေကို စိတ်ဝင်တစား မေးမြန်း

လေ့ ရှိပေမဲ့ ကိုအေးကတော့ အဲဒီလို မေးတာမြန်းတာတွေ မရှိပါ။ ကျွန်တော့်ကို စိတ်မဝင်စားလို့ မဟုတ်ပါဘူး။ ဘာသိဘာသာ နေတတ်တာက သူ့ရဲ့ စရိုက် လက္ခဏာ တစ်ခုပါ။ ကျွန်တော်က မေးမှသာ သူလည်း မိတ္ထီလာ အ.ထ.က (၁) မှ စစ်တက္ကသိုလ်သို့ ရောက်လာသူ ဖြစ်ကြောင်း သိရပါတယ်။

သူ့ရဲ့ ဇာတိက စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့က ဖြစ်ပါတယ်။ ဒါကလည်း သူ ပြောလို့ သိတာ မဟုတ်ပါဘူး။ သူ့အစ်ကိုဖြစ်သူ ထိုစဉ်က ဒုတိယ ဗိုလ်မှူးကြီး ကျော်ဇော (နောင် ကောင်စစ်ဝန်- ကွယ်လွန်) က မိတ္ထီလာမြို့မှာ ရှိတဲ့ အမြောက်တပ်မှာ တပ်မှူးအဖြစ် နေတုန်းမှာ သူက အကိုကြီးအိမ်က တစ်ဆင့် အ.ထ.က (၁) မှာ ကျောင်းလာနေတာပါ။

ကျွန်တော့် ဦးလေးများ ဖြစ်တဲ့ ဦးငြိမ်းနဲ့ ဦးသန်းတို့ကိုလည်း သူ သိပါတယ်။ ဦးငြိမ်းနဲ့က အတန်းဖော်တွေပါ။ ကိုအေးဟာ အဲဒီတုန်း ကတည်းက အေးအေးဆေးဆေး နေတတ်တော့ လူတွေက သူ့ကို သိပ်သတိမထားမိပါ။

## ကျွန်တော်လည်း စစ်ရုံး ရောက်ပြီ

၁၉၆၉ ခုနှစ်မှာ ရုရှားဘာသာ ဒီပလိုမာကို ထူးချွန်အဆင့်နဲ့ အောင်မြင်ခဲ့ပြီးနောက် မကြာခင် ကျွန်တော့်ကို စစ်ရုံးကို တွဲဖက် ပြောင်းရွှေ့ခဲ့ရပါတယ်။ ကက (ကြည်း) တာဝန် ဌာနမှာပါ။ နောက် ကက (ကြည်း) စီမံရေး ဌာနခွဲ ဖွင့်ခွင့်ရတော့ အဲဒီကို ပြောင်းရွှေ့ခဲ့ရပါတယ်။ စစ်ရုံးကို ပြောင်းရွှေ့ခဲ့ရတာနဲ့ အတူ ကျွန်တော် ကိုယ်တိုင်လည်း စစ်ရုံးက အရောရှိ ရှိပ်သာကို ပြောင်းရွှေ့ ရောက်ရှိခဲ့ပါတယ်။ အဲဒီတုန်းက စစ်ရုံး ရိပ်သာဟာ အဆောက်အဦ သုံးခု ရှိပါတယ်။

ပထမ အဆောက်အဦးကတော့ အသစ်စက်စက် သုံးထပ်တိုက်ကြီးပါ။ အဲဒီမှာက နယ်က လာတဲ့ တိုင်းမှူး၊ တပ်မမှူးတွေ တည်းခိုဖို့ပါ။ နောက်တစ်လုံးကတော့ အိမ်မည်းကြီးလို့ ခေါ်ပါတယ်။ အဲဒီ အိမ်မည်းကြီးမှာ စစ်ရုံးကို လာတဲ့ နယ်တပ်ခွဲတွေက အရာရှိတွေ လာရောက် တည်းခိုဖို့ အတွက်ပါ။

နောက်တစ်နေရာကတော့ လမ်းမကြီးကို မျက်နှာမူထားတဲ့ သုံးအိမ်တန်းလို့ ခေါ်တဲ့ အဆောက်အဦ သုံးခုပါ။ အဆောက်အဦ တစ်ခုမှာ အခန်း လေးခန်း ပါပြီး အဆောက်အဦ နှစ်ခုကို အရာရှိ လူပျိုများအတွက် ဖြစ်ပြီး နောက်တစ်ခု ကတော့ အမျိုးသမီး အပျို အရာရှိများ အတွက် ဖြစ်ပါတယ်။

မှတ်မိသမျှ တင်ပြရရင် အဆောင် ၁ မှာ ကိုအေး၊ Sandhurst ကျောင်းဆင်း ဗိုလ်မှူး တင်မောင် (ကက/ထောက်- ကွယ်လွန်) နဲ့ ဗိုလ်မှူး မောင်မောင်ခင် (ကွယ်လွန်) တို့ နေကြပါတယ်။ ကျွန်တော် စစ်ရုံးပြောင်းတော့ အဲဒီ အဆောင်ကို ရောက်လာပါတယ်။ ကိုအေးနဲ့ အခန်းချင်း ကပ်လျက်ပေါ့။ ဗိုလ်မှူး မောင်မောင့်ခင်ကတော့ ဗိုလ်မှူးကြီး ဘဝမှာ ထိုစဉ်က နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီး ခင်သန်းနုနဲ့ အိမ်ထောင်ကျပြီးနောက် တရုတ်ပြည် စစ်သံ ဖြစ်၊ ပြန်လာတော့ ညွှန်ချုပ်ဖြစ်နဲ့ နောက်ဆုံး အငြိမ်းစား ယူသွားခဲ့တဲ့အထိ ကျွန်တော်နဲ့ အဆက်သွယ် မပြတ်ပါ။

ဒုတိယ အဆောင်မှာတော့ ဗိုလ်မှူး မြင့်ထွန်း(အားကာ ညွှန်မှူး- ကွယ်လွန်) ၊ ဗိုလ်မှူး ခင်မောင်ဆွေ (စက်မှု ၁ - ကွယ်လွန်)၊ ဗိုလ်မှူး မင်းလှိုင် (DSA ၃ - ယခု အငြိမ်းစား) နဲ့ ဗိုလ်ကြီး အောင်မင်း (စီမံဘဏ္ဍာ အထူး အရာရှိ) တို့ နေခဲ့ကြတာ မှတ်မိပါတယ်။ တတိယဆောင်မှာတော့ အခန်း လေးခန်း ရှိပေမဲ့ နှစ်ခန်းမှာပဲ လူနေပါတယ်။ ပထမ တစ်ခန်းမှာ ဗိုလ်ကြီး ဒေါ်မိမိလေး ရှိပါတယ်။ သူက အထည်အလိပ် ပညာနဲ့ အင်ဂျင်နီယာဘွဲ့ ရပြီး ကကာ နက်) မှာ ဦးစီး အရာရှိ (တ) ပါ။ နောက်တစ်ခန်းမှာတော့ ဒေါ်မြမြစန်း။ နောင်မှာ ကိုအေးနဲ့ အိမ်ထောင်ကျပြီး ဒုတိယ ဗိုလ်ချုပ်မှူးကြီး ကတော် ဖြစ်လာသူပါ။

## အတွဲတွေ

အဲဒီ အဆောင်တွေမှာ နေရင်းနဲ့ ကိုအောင်မင်းနဲ့ ဒေါ်မိမိလေးတို့ဟာ သမီးရည်းစား ဖြစ်သွားကြပြီး နှစ်အကြာကြီး တွဲပြီးနောက် အိမ်ထောင်ပြုသွားကြပါတယ်။ ကိုအေးနဲ့ ဒေါ်မြမြစန်းတို့လည်း ကျွန်တော်တို့ မျက်စိရှေ့မှာတင် အတွဲတွေ ဖြစ်သွားကြပြီး သူတို့လည်း အိမ်ထောင်ပြုသွားကြပါတယ်။ ကို

အေးနဲ့ ဒေါ်မြမြစန်းတို့ဟာ ကျွန်တော် အိမ်ထောင်ပြုတဲ့ ၁၉၇၂ ခုနှစ် နောက်ပိုင်းတွင်မှ အိမ်ထောင် ပြုဖြစ်သွားကြပါတယ်။

## သုံးအိမ်တန်းမှာ နေကြစဉ်က

ကျွန်တော်နဲ့ ကိုအေးက အခန်းချင်း ကပ်လျက်ပါ။ သူကတော့ စခန်းမှူးနဲ့ ဘယ်လို အစီအစဉ် ရှိသလဲ မသိဘူး၊ မေးလည်း မမေးမိပါဘူး။ သူ့ရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးဖို့ ချင်းအမျိုးသား ရဲဘော် တစ်ယောက် တာဝန်ချထားပေးပါတယ်။ သူက ကိုအေးရဲ့ အခန်း သန့်ရှင်းရေး၊ အဝတ်အစား လျှော်ဖွပ်၊ ဒီးမှုတိုက် စတဲ့ အလုပ်တွေ လုပ်ပေးပါတယ်။ အလားတူပဲ ဗိုလ်မှူး မောင်မောင်ခင်တို့ ဗိုလ်မှူး တင်မောင်တို့မှာလည်း လိုရာခိုင်းဖို့ ရဲဘော်လေးတွေ ရှိကြပါတယ်။ ကျွန်တော်ကတော့ စစ်ရုံးရဲ့ အုပ်ချုပ်ပုံ ယန္တယားကို နားမလည်တော့ ဘယ်သူမှ မရှိပါဘူး။

ကိုအေးကတော့ နာမည်နဲ့လိုက်အောင် အေးပါတယ်။ အားကစား လှုပ်ရှားမှုတွေကိုလည်း ဘာမှ စိတ်မဝင်စားပါ။ နောက်ပိုင်း သူ ဗိုလ်မှူးကြီး ဖြစ်တော့ ဂေါက်ရိုက်စပြုလာပြီလို့ သိရပါတယ်။ သူများကိစ္စတွေကိုလည်း စပ်စပ်စုစု လိုက်ပါ ဆောင်ရွက်ခြင်း၊ မေးမြန်းခြင်းများလည်း မရှိခဲ့ပါဘူး။ အစားအသောက်လည်း ကြေး မများတတ်ပါဘူး။ သူနဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး ရိုပ် သာ မှာ ပဲ စားခဲ့ကြပါတယ်။ ကျွန်တော် အဲဒီတုန်းက ယမကာတွေနဲ့ မယဉ်ပါးသေးသော်လည်းပဲ ကိုအေးကတော့ ရံဖန်ရံခါ ညနေစာ မစားခင် ဘီယာသောက်လေ့ ရှိတာကိုတော့ မှတ်မိပါတယ်။

သူများကိစ္စတွေ ဝင်ပါလေ့မရှိသလို ပေါင်းသင်း ဆက်ဆံရေးမှာလည်း အန္တတာခံခဲ့တာကို တွေ့ရပါတယ်။ အပတ်စဉ်ထဲက ကျောင်းဆင်းတဲ့ အရာရှိ အများစု စစ်ရုံးကို ရောက်တိုင်း ကျွန်တော်တို့နဲ့ တွေ့လေ့ရှိပါတယ်။ အဲဒီအခါမှာ သူတို့ အားလုံးနီးပါးက "ဟေ့ကောင်၊ မောင်အေး... ငပျင်း" လို့ ခေါ်စနောက်လေ့ ရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျောင်းမှာကတည်းက ရခဲ့တဲ့ သူ့ရဲ့ nick name ဟာ "ငပျင်း" ပါတဲ့။ သူ ပြောပြလို့ သိရတာက ဗိုလ်လောင်းဘဝမှာ သကြံန်ပိတ်ရက် လေးရက်စလုံး အိမ်သာတက်တာနဲ့

ထမင်းစားတာက လွဲရင် အမြဲတမ်း အိပ်ရာပေါ်မှာပဲ လဲလျောင်းနေခဲ့တဲ့ အချိန်ကာလပြီး သူတို့ကပေးတဲ့ နာမည်ပါတဲ့။

ကိုအေးက စစ်ဦးစီးမှူး (တတိယတန်း) ဗိုလ်ကြီး အဆင့်နဲ့ ကက (ကျင့်) မှာ ရှိနေရာက ရာထူး တစ်ဆင့်တက်လို့ ဗိုလ်မှူး ဖြစ်တော့လည်း ကက (ကျင့်) မှာပါပဲ။ သူ ဗိုလ်မှူးဘဝမှာတောင် တစ်ဌာနတည်းက ဗိုလ်မှူး ခေါ်ညွှန့်ညွှန့် (မာမီညွှန့်) ဆိုရင် သူ့ကို နိုင်မှနိုင်၊ စကားပြောတိုင်း "ဟော့ကောင်... မောင်အေး" လို့ အမြဲခေါ် လေ့ ရှိပါတယ်။ သူက စိတ်မဆိုးတဲ့ အပြင် ပြုံးပြုံးပြုံးပြုံးနဲ့ မာမီညွှန့်ကို အမြဲ နွဲ့ဆိုး ဆိုးနေကျပါ။



## ထူးခြားတဲ့ ဖြစ်စဉ်တစ်ခု

အခု ပြန်ပြောင်း ပြောပြချင်တဲ့ ဖြစ်ရပ်တစ်ခုဟာ တော်လှန်ရေး ကောင်စီ အစိုးရ ကာလမှာ ကြုံတွေ့ခဲ့ရတာပါ။ မြန်မာပြည် တစ်နိုင်ငံလုံး အခုလို ကျော်ကြမောင်း မဟုတ်သေးပါဘူး။ လက်ဝဲမောင်း စနစ်ပါ။ ကိုအေးရော ညွှန်တော်ပါ အိမ်ထောင်မကျကြသေးတဲ့ ကာလတစ်ခု ဖြစ်ပါတယ်။ အခု ပြောပြချင်တဲ့ အကြောင်းအရာ ခေါင်းစဉ်က ကိုအေးဟာ ဗိုလ်မှူးအဖြစ် ရာထူး တိုးမြှင့်ခံရလို့ ကျွန်တော်နဲ့ မိတ်ဆွေအချို့ကို ညှိခံ ကျွေးမွေးမယ့် အစီအစဉ် အကြောင်းပါ။

အဲဒီနေ့က စနေနေ့ပါ။ စနေနေ့ နေ့ဝက် အလုပ် လုပ်ရတဲ့ ကာလ ဖြစ်ပါတယ်။ ကိုအေးဟာ ဗိုလ်ကြီးဘဝကနေ ဗိုလ်မှူးအဖြစ် ရာထူးတိုးတဲ့

အတွက်ကြောင့် ကျွန်တော်နဲ့ ကျွန်တော့် မိတ်ဆွေ၊ အပတ်စဉ် ၅ ကပါပဲ၊ ဗိုလ်ကြီး David Wiltshire လည်း ရန်ကုန် ရောက်နေခိုက်မို့ ကျွန်တော်တို့ကို ကျွေးမွေး ပြုစုမယ်ပေါ့။ David က မေမြို့ စစ်တက္ကသိုလ်ကို အင်္ဂလိပ်စာ ဌာနမှာ နည်းပြအဖြစ် ပြောင်းရွှေ့မိန့်ထွက်လို့ ကက (ကျင့်) ကို လာသတင်း ပို့တာပါ။ ကျွန်တော့် အခန်းမှာပဲ တည်းပါတယ်။

အဲဒီနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မန္တလေးမှာ တာဝန်ကျနေတဲ့ ဗိုလ်ကြီး ခင်မောင်လေး (ကွယ်လွန်) ကလည်း ဗိုလ်မှူးအဖြစ် ရာထူးတိုးလို့ သူလည်း ကျွန်တော်တို့ကို ကျွေးမွေး ပြုစုမယ်ပေါ့။ အစီအစဉ်က ကျွန်တော်တို့ လေးယောက်သား ရိပ်သာမှာ တစ်ခွက်တစ်ဖလား သောက်ပြီး အဲဒီတုန်းက နာမည်ကြီးတဲ့ ၂၀ လမ်းက တရုတ်စားသောက်ဆိုင် "လုလုချွန်း" ကို သွားကြမယ်ပေါ့။ အဲဒီခေတ်က လုလုချွန်းဟာ မြိတ်ကပ်ကြေးကိုက် ခေါက်ဆွဲကြောင့် နာမည်ကြီးပါတယ်။

ဒါကြောင့် စနေ နေ့ဝက် ရုံးဆင်းတာနဲ့ ကျွန်တော်တို့ အခန်းတွေရဲ့ ရှေ့က ကွက်လပ်လေးမှာ လေးယောက်သား ဘီယာ တစ်ပုလင်းစီနဲ့ ပွဲစခဲ့ပါတယ်။ ကိုခင်မောင်လေးကလည်း သူ့ရဲ့ တပ်အတွေ့အကြုံတွေ ပြောပြ၊ David ကလည်း အဲဒီအချိန်ထိ ခလရ ၂၆ နဲ့ မှန်ပြည်နယ်မှာ ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေ ပြောပြနဲ့ စကားဝိုင်းဟာ မြိုင်လို့နေပါတယ်၊ နေ့ခင်း နှစ်နာရီလောက်မှာ စခဲ့ကြတာပါ။

အချိန်ကလည်း ကုန်မှန်းမသိ ကုန်သွားခဲ့တာ တစ်ယောက်ကို မြန်မာ ဘီယာ နှစ်ပုလင်းစီလောက် ကုန်သွားတော့ ရေချိန်ကိုက်နေကြပြီပေါ့။ မှောင်ရီပျိုးပြ ညနေ ခြောက်နာရီလောက်မှာ စစ်ရုံးက ကိုအေးရဲ့ ကားနဲ့ ထွက်ခဲ့ကြပါတယ်။ ကိုအေးက စစ်ဦးစီး အရာရှိ ဒုတိယတန်းဆိုတော့ စစ်ဝိမ်းရောင် ဘီ-၆၀၀ တစ်စီးရပါတယ်။ အဲဒီကားနဲ့ သွားကြတာပါ။ ကားကို ကိုအေးက မောင်းပြီး သူ့ဘေးက ကိုခင်မောင်လေး၊ ကျွန်တော်နဲ့ David က နောက်ခန်းထဲမှာပါ။ မိုးကလည်း ဖွဲဖွဲလေးကျနေပါပြီ။

ကိုအေး မောင်းတဲ့ ကားလေးဟာ အလုံပြဘုရားလမ်း၊ အဲဒီကမှ တစ်ဆင့် ဆူးလေဘုရားလမ်း၊ ကမ်းနား လမ်းဆုံ ရောက်တော့ ညာဘက်ချိုးပြီ

ပေါ့။ တကယ်တော့ မဟာဗန္ဓုလ လမ်းဆုံ ရောက်ရင် ညာချိုးရမှာပါ။ လေးယောက်သား စကားတွေ ဖောင်နေကြတော့ ကမ်းနား လမ်းဆုံ ရောက်မှ ညာချိုးဖြစ်တာပါ။ အချိန်ကတော့ သိပ်မပြင်းပါဘူး။ လမ်းမီးတွေလည်း လင်းစ ပြုနေပါပြီ။

ဒီလို မောင်းနေရင်းနဲ့ ကုန်သွယ်ရေးရုံးရှေ့ ရောက်လာပါပြီ။ စကားတွေ ပြောနေတဲ့ကြားက ကမ်းနားလမ်းမှာပဲ ဆိုက်ကားတစ်စီးဟာ လမ်းလယ်ကောင်ကနေ ကျွန်တော်တို့ မျက်နှာမူရာအတိုင်း မောင်းနေပါတယ်။ ကားတွေ သိပ်မရှိတော့ သူလည်း လမ်းလယ်ကောင်ကနေ စိတ်အေးလက်အေး နင်းနေဟန်တူပါရဲ့။ ကိုအေးက ဘီယာ အရှိန်လေးနဲ့မို့ စကားတွေ ပြောနေလိုက်တာ ကိုယ့်ရှေ့က ဆိုက်ကားကို မြင်ဟန်မတူပါဘူး။ ဒါကြောင့် ကျွန်တော်က နောက်ကနေပြီး "ကိုအေး၊ ရှေ့မှာ ဆိုက်ကား" လို့မှ ပြောလို့ မဆုံးခင် ကားက ဆိုက်ကားကို ဝင်တိုက်မိပါလေရော။

ရုပ်ရှင်ထဲကအတိုင်းပါပဲ ဆိုက်ကားကတော့ ရှေ့ဘက်ကို လွင့်သွားပြီး ဆိုက်ကားဆရာက ကားပေါ်ကို ပက်လက်ကြီးကျလာပါတော့တယ်။ အဲဒီလို ကျတဲ့အရှိန်နဲ့ အသစ်စက်စက်ကားရဲ့ ရှေ့မှန်တစ်ခုလုံး ဖြန်းခနဲ ကွဲသွားပါလေရော။ အဲဒါနဲ့ ကိုအေးက ကားကို ရပ်လိုက်ပါတယ်။ ပြီးတော့ ဆိုက်ကားသမားကို ကားပေါ်က ဆင်းခိုင်းပြီး အခြေအနေ စုံးစမ်းပါတယ်။

ဆိုက်ကားဆရာကို ကျွန်တော်တို့ မေးမြန်းနေခိုက်မှာပဲ မလှမ်းမကမ်းမှာ ရှိနေတဲ့ ဆိုက်ကားဂိတ်က ဆိုက်ကားသမား ၁၀ ယောက်လောက်က အနားကို ရောက်လာပါတယ်။ ဘေးနားမှာရှိတဲ့ လူတစ်ချို့လည်း ရောက်လာပါတယ်။ ကျွန်တော်တို့က စစ်ကား ဆိုပေမဲ့ အဲဒီအချိန်တုန်းက လူတွေဟာ ငဲ့ရှဲ့မှု မရှိကြပါဘူး။ ရောက်လာတဲ့ လူတွေကို ကျွန်တော်တို့ဟာ စစ်ရုံးက အရာရှိတွေ ဖြစ်ကြောင်း၊ အခုလို တိုက်မိတာကလည်း တမင်သက်သက် တိုက်မိခြင်း မဟုတ်ဘဲ ဆိုက်ကားသမားကလည်း အလင်းရောင် နည်းနေချိန်မှာ လမ်းလယ်ကောင် တက်မောင်းလို့ ဖြစ်ရကြောင်း၊ ဒါပေမဲ့ ဖျက်ဆီးမှု အားလုံးနဲ့ ဆိုက်ကားဆရာရဲ့ ကျန်းမာရေးကို ကျွန်တော်တို့ တာဝန်ယူပါကြောင်းကို ထပ်ဖန်တလဲလဲ ပြောနေရပါတယ်။

အာပေါက်အောင် ပြောရတယ် ဆိုတာ ဒါမျိုး ထင်ပါရဲ့လို့ စိတ်ထဲမှာ ဖြတ်ခနဲ စိတ်ကူးပေါ်ပါသေးတယ်။ အဲဒီခေတ်က လူတွေရဲ့ ပတ်ဝန်းကျင်ပေါ် အမြင်နဲ့ ခုခေတ် လူတွေရဲ့အမြင် တော်တော် ကွာခြားပါတယ်။ ပြဿနာ ဖြစ်စဉ်က ကျွန်တော်တို့ ကားဟာ စစ်စိမ်းရောင်မို့ စစ်ကားမှန်း လူတွေ သိကြပါတယ်။ ခုခေတ်ဆိုရင်တော့ ဒီလိုကားမျိုးနဲ့ ပြဿနာပေါ်ရင် လူတွေက ရှဉ်းကပ်ခဲ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီတုန်းက လူတွေကတော့ အဲဒီလို စိုးရိမ်စိတ်တွေ မရှိတာတော့ သေချာပါတယ်။

## အပြန်အလှန် အခြင်းအခုန်

ကျွန်တော်ကပဲ ဦးဆောင်ပြီး ဖြစ်စဉ်ကို ပြောနေစိုက်မှာ သူတို့ကလည်း ကျွန်တော်တို့ကို ပြစ်တင်စကားတွေ ပြောနေခဲ့ပါတယ်။ "ခင်ဗျားတို့ ဘယ်လို မောင်းတာလဲ"၊ "ဆိုက်ကားကြီး တစ်စီးလုံး လမ်းပေါ်မှာ သွားနေတာ မမြင်ဘူးလား"၊ "ဆိုက်ကား ပျက်သွားပြီ ဘယ်လို လုပ်မလဲ"၊ "ဆိုက်ကား သမားလည်း အကျရရသွားပြီ" စသဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းပြော နေကြပါတယ်။ သူတို့ ပြောသမျှကို ကျွန်တော်က ဒိုင်ခံ ဖြေရှင်း ပြောဆိုနေ ရပါတယ်။ ဆိုက်ကားသမားကိုလည်း ခေါ်ပြီးတော့ "ခင်ဗျား ဘယ်နာသွားလဲ" လို့ မေးတော့ သူက "ခါးနာသွားတယ်" လို့ ပြောပါတယ်။

ကျွန်တော်ကပဲ "ကဲ ဒါဆိုရင် ထိုင်ထ လုပ်ကြည့်စမ်း"လို့ မေးမေးပြော ပြော သူ့ကို နိုင်းတဲ့အခါ ဆိုက်ကားသမားက ထိုင်ထ လုပ်ပြပါတယ်။ ကျွန်တော်က ပရိသတ်ကို "ကဲ တွေ့လား။ ဆိုက်ကားသမား ဘာမှမဖြစ်ဘူး။ ကားပေါ်ပြုတ်ကျလို့ ခါး နည်းနည်းနာသွားတာပဲ ရှိတယ်" လို့ ပြောပြီး အခြေအနေ ထိန်းလိုက်ပါတယ်။ ဆိုက်ကားကို စစ်ကြည့်တော့လည်း နောက် ထိုင်ခုံက အတွင်းကို ရှိုင့်ဝင်သွားပြီး နောက်ဘီးက နည်းနည်း ခွေသွားတာ တွေ့ရပါတယ်။

လူတွေ ငြိမ်ကျသွားတော့မှ "အဲဒီတော့ဗျာ ဆိုက်ကားသမားကို ဆေးကုတာရော၊ ဆိုက်ကားကို ပြင်ပေးတာရော ကျုပ်တို့ တာဝန်ယူတယ်၊ ဘယ်လောက် ကျမယ်လို့ ခန့်မှန်းကြလဲ" လို့ မေးတဲ့အခါ လူအုပ်ထဲက

တစ်ယောက်က "ဆေးကုတာရော၊ ဆိုက်ကား ပြင်တာရော ကျပ် ၁၅၀၀ လောက် ကျမယ်" လို့ ပြောပါတယ်။

အဲဒီအခါမှာ ကျွန်တော့် ဘေးနားမှာ ရောက်နေတဲ့ David က too much လို့ ပြောပါတယ်။ အဓိပ္ပာယ်က "များလွန်းတယ်" ပေါ့။ ကျွန်တော်က လည်း ဆိုက်ကားဆရာဘက်ကို လှည့်ပြီး "ကဲ... ခင်ဗျား ပြောဗျာ၊ ဆိုက်ကား ပြင်တာ ခင်ဗျား ဘယ်လောက် ကျမယ် ထင်လဲ" လို့ မေးတဲ့အခါ ဆိုက်ကား ဆရာက "လွန်ရော၊ ကျံရော ၅၀၀ လောက်ပေါ့" လို့ ပြောပါတယ်။ ကျွန်တော် က "ခင်ဗျားကို ဆေးတစ်ခါထိုး ၁၀၀ ၊ ခါးနားတာ သုံးရက် ဆေးထိုးရင် ပျောက် ပြီ၊ အဲဒီတော့ ၃၀၀ ထား၊ ဆိုက်ကား ပြင်တာ ၅၀၀ နဲ့ ပေါင်းရင် ၈၀၀ ပေါ့" ကျွန် တော်က ဆက်ပြောပါတယ် "အဲဒီတော့ ခင်ဗျားကို ပြောမယ်ဗျာ၊ ခင်ဗျား ဆိုက်ကား မနင်းရလို့ နစ်နာကြေးအတွက်ပါ စုစုပေါင်း ကျပ် ၃၀၀၀ ပေးမယ် ဗျာ၊ ဘယ်လို သဘောရလဲ" လို့ သူ့ကိုလည်း မေး၊ ဘေးကပရိသတ်ကိုလည်း မေးလိုက်ပါတယ်။

အဲဒီအခါမှာ ကျွန်တော်တို့ ပြောတာ သဘောကျလို့ ဘယ်သူကမှ ကန့် ကွက် စကား မပြောတော့ဘဲ နောက်ဆုံးမှာ ၃၀၀၀ နဲ့ ဈေးတည့်သွားပါတယ်။ ဈေးလည်း တည့်ရော ကျွန်တော့် အိတ်ကပ်ထဲမှာ ပါလာတဲ့ ပိုက်ဆံက ၅၀၀ လောက်၊ David ကို မေးတော့လည်း သူ့မှာက ၁၀၀၀ လောက်ပဲ ပါပါတယ်။ ဒီတော့ ပိုက်ဆံ ကိုအေးဆီ တောင်းမယ်လို့ စဉ်းစားလိုက်တော့ ဘေးနားမှာ ကိုအေးလည်း မရှိတော့ဘူး၊ ကိုခင်မောင်လေးလည်း မရှိတော့ပါဘူး။ သူတို့ နှစ်ယောက်က ဗိုလ်မှူးတွေလေ။

ကျွန်တော် ဟိုဟိုဒီဒီ လှမ်းမျှော်ကြည့်လိုက်တော့ ၂၈ လမ်း (ထင်ပါရဲ့) လောက်က ဓာတ်တိုင်အောက်မှာ ကိုအေးကို လှမ်းမြင်လိုက်ရပါတယ်။ ကိုခင်မောင်လေးကိုတော့ အစအန မမြင်ရတော့ပါ။ အဲဒီတော့မှ ကျွန်တော် က ကိုအေးကို လက်ခုပ်တီး ခေါ်လိုက်ရပါတယ်။ သူ ရောက်လာတော့မှ "ကိုအေးလာ၊ အားလုံး ပြေလည်သွားပြီ ပိုက်ဆံ ၃၀၀၀ တော့ လိုလိမ့်မယ်" လို့ ပြောလိုက်တဲ့အခါ ကိုအေးက သူ့အိတ်ထဲက ပိုက်ဆံတွေ ထုတ်ပြီး ဆိုက် ကားသမားကို ပေးလိုက်ပါတယ်။ ဆိုက်ကားဆရာကိုတော့ ကျွန်တော်တို့ နာမည်တွေနဲ့ ဖုန်းနံပါတ်တွေ ပေးလိုက်ပါတယ်။

အဲဒီလို သဘောတူညီမှုတွေ ရပြီးတဲ့နောက်မှာ ကိုအေးရဲ့ကားနဲ့ပဲ သုံး အိမ်တန်းကို ပြန်လာခဲ့ကြပါတယ်။ အခန်းကို ပြန်ရောက်တော့ ည ကိုးနာရီ ထိုးနေပါပြီ။ ဆိုက်ကားသမားတွေနဲ့ အပြန်အလှန် ပြောနေတာနဲ့ပဲ အချိန်ဟာ ကုန်လို့ကုန်မှန်း မသိလိုက်ပါဘူး။ ဒီအချိန်မှာ ဘယ်ဆိုင်မှ ဖွင့်မှာ မဟုတ် တော့လို့ အပြင်ထွက်စားလို့ မဖြစ်တော့ပါဘူး။ စားချင်စိတ်လည်း မရှိတော့ ပါဘူး။ ဒါကြောင့် အဲဒီညမှာတော့ ကျွန်တော့်မှာ ရှိနေတဲ့ ရေနွေးဓါတ်နဲ့ ရေနွေးရအောင်လုပ်၊ ကော်ဖီတွေ ဖျော်ပြီး ရှိနေတဲ့ ဘီစကွတ်နဲ့ပဲ ညစာ တင်းတိမ်လိုက်ရပါတယ်။

**ဒီလောက်ပဲ ရေစက်ပါတယ် ထင်ပါရဲ့**

အဲဒီနောက်မှာ ကျွန်တော်လည်း အိမ်ထောင်ကျပြီး သမီးကြီး မွေးပြီး လောက်မှ ကိုအေးနဲ့ ဒေါ်မြမြစန်းတို့ လက်ထပ်လိုက်ကြတယ်လို့ ကြားသိရပါ တယ်။ စစ်တက္ကသိုလ် အပတ်စဉ် ၁ က ကျောင်းဆင်း အရာရှိတွေ ဗိုလ်မှူး ကြီး အဆင့်ထိ ရတဲ့အချိန်မှာ ကိုအေးဟာ ဒုဗိုလ်မှူးကြီး အဆင့်ပဲ ရှိပါသေး တယ်။ ကိုဉာဏ်လင်း၊ ကိုထွန်းကြည်နဲ့ ကိုလှမော်တို့ ဦးဦးဖျားဖျား တပ်မှူး တွေ ဖြစ်လာတော့မှ ကိုအေးက ဖျူဟာမှူး၊ ဗိုလ်မှူးကြီး ဖြစ်လာခဲ့တာပါ။ နောက်ကျတယ်ပေါ့။

ကိုအေးကတော့ သူ့မူအတိုင်း နောက်မှ ရာထူးတက်လည်း ဘာဖြစ်လဲ ပေါ့ ဆိုတဲ့သဘောနဲ့ အေးအေးဆေးဆေး ရှိနေမှာ ကျွန်တော် မြင်ယောင်ပါ တယ်။ နောက်ပိုင်း ကျွန်တော် တပ်က ထွက်ပြီး စီးပွားရေးလုပ်တဲ့အခါ သူနဲ့ တစ်ခါမှ မဆုံဖူးပါဘူး။ သူ တပ်မ ၇၇ မှာ ဒုတပ်မမှူး ဖြစ်တုန်းက ရွှေတိဂုံ ဘုရားမှာ သူတို့ လင်မယားနဲ့ ဆုံခဲ့ဖူးပါတယ်။ စကား ရှည်ရှည်ဝေးဝေး မပြောမိခဲ့ပါ။ နဝတ အစိုးရ တက်လာတော့ ကိုအေးက အရှေ့တိုင်း တိုင်းမှူး ဖြစ်နေပါပြီ။

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ ကျွန်တော်တို့ တောင်ကြီးကို ရောက်လာပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံမြို့ကိုသွားပြီး ပြည်တွင်း ငြိမ်းချမ်းရေးကို ဦးတည်တဲ့ ညွှန်

ကြားချက် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီတုန်းက ကိုအေးဟာ တိုင်းမှူး အဖြစ် တောင်ကြီးမှာ ရှိနေသော်လည်းပဲ ကျွန်တော် သွားမတွေ့ဖြစ်ခဲ့ပါ။ နဝတက နေ ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ဖယ်ရှားလိုက်တဲ့ အချိန်မှာတော့ ကိုအေး ကလူ ဘယ်နေရာက ပါတယ်ဆိုတာ ကျွန်တော် မသိတော့ပါ။

ဒါပေမဲ့ နောက်ပိုင်းမှာ သူဟာ အစိုးရအဖွဲ့မှာ သော်လည်းကောင်း၊ တပ်မတော်မှာ သော်လည်းကောင်း ဒုတိယ အကြီးအကဲ ဖြစ်လာတာကို သတင်းစာတွေက တစ်ဆင့်ပဲ ကြားသိရပါတယ်။ ဒီကြားထဲမှာ ကျွန်တော် အကြိမ်ကြိမ် အဖမ်းခံရ ထောင်တွေလည်း လေး-ငါးခု ပြောင်းရတဲ့ ကာလ တစ်ခုလုံးမှာ ကိုအေးရဲ့ ကံဇာတာဟာ တက်နေဆဲပါ။ အသေးစိတ်တွေ မသိ ရသော်လည်းပဲ သူ့ရဲ့ ဩဇာအရှိန်အဝါ ကြီးမားလာတာကိုတော့ သတိပြုမိ ပါတယ်။ သတိအပြုမိဆုံးကတော့ ကိုအေးဟာ အရက်ကောင်းတွေကို မွှဲမွှဲ မြှုံမြှုံ သောက်တတ်နေပြီ ဆိုတဲ့အကြောင်းပါ။

ကျွန်တော်လည်း အခုခေတ်မှသာ ကြားဖူးတာပါ။ ဘာလဲဆိုတော့ ငွေ တန်ဖိုး ကျပ်သိန်း ၃-၄ဝ လောက် တန်တဲ့ အရက်ကို နေ့တိုင်း သောက်နေ တယ် ဆိုတဲ့အကြောင်း၊ အဲဒီ အရက်ကို နှစ်ရက်ကို တစ်ပုလင်းနှုန်းလောက် သောက်နေပြီဆိုတဲ့အကြောင်းကြားရင်းနဲ့ နောက်ဆုံးမှာ လေဖြတ်သွားတယ် ဆိုတဲ့ သတင်းကို ကြားလိုက်ရပါတယ်။ အရင် လွှတ်တော်တုန်းက ဒေါ်မြမြ ဝင်းရဲ့ မောင် ဗိုလ်ချုပ် မောင်မောင်ဆွေကလည်း လွှတ်တော် ကိုယ်စားလှယ် နဲ့ ကိုအေး အကြောင်းကို မောင်မောင်ဆွေက တစ်ဆင့် သိနေရပါတယ်။

ကိုအေး လေဖြတ်သွားရာမှ သက်သာသွားပေမဲ့ စကားတော့ မပြောနိုင် သေးဘူး ဆိုတဲ့ အကြောင်းနဲ့ တစ်နေရာကနေ တစ်နေရာ သွားရင် လက် တွန်းလှည်းနဲ့ သွားနေရပြီ ဆိုတဲ့ အကြောင်းတော့ ဗဝ- ဤသို့ သုတ- ကြား လိုက်ရပါပြီ ခင်ဗျာ။

*****







# ကိုခင်ညွန့်နှင့် ကျွန်တော်

## တောင် တွေ့ဆုံခဲ့ပုံ

ကျွန်တော့်အနေနဲ့ ဦးခင်ညွန့်ကို ကိုခင်ညွန့်လို့ ခေါ်လိုက်တာဟာ ကျွန်တော် ဘပ်မတော်မှာ အမှုထမ်းစဉ်က သိကျွမ်းခဲ့ဖူးတဲ့ သူ့ကို အဲဒီတုန်းက ကျွန် ာတ်နဲ့ သူကြား ဆက်ဆံရေးမှာ ခေါ်ဝေါ်ခဲ့ဖူးတဲ့အတိုင်း ရေးလိုက်ရတာပါ။ သူဟာ ဝန်ကြီးချုပ်ဟောင်းတစ်ယောက် ဖြစ်တဲ့အပြင် တပ်မတော်မှာလည်း ဗိုလ်ချုပ်ကြီး အဆင့်အထိ ရောက်ခဲ့သူဖြစ်လို့ အဲဒီ အခေါ်အဝေါ်တွေကို သုံးစွဲဘဲ မူလ လက်ဟောင်း ခေါ်တဲ့ပုံစံနဲ့ ရေးလိုက်ရတာကို စာရှုသူများ းလည်ပေးစေလိုပါတယ်။

ကျွန်တော် တပ်မတော်က ၁၉၇၇ ခုနှစ်မှာ နုတ်ထွက်ခဲ့ရချိန်မှာ သူဟာ ဗိုလ်မှူးအဆင့် ရောက်နေခဲ့ပါပြီ။ သူနဲ့ ကျွန်တော် ပထမဦးဆုံး တွေ့ဆုံခဲ့တာ ာ ၁၉၆၅ ခုနှစ် နှစ်ဦးပိုင်းမှာ ဖြစ်ပါတယ်။ နေရာကတော့ မအူပင် မြို့အစွန် ာ ရှိတဲ့ ပန်တပွတ်ဆိုတဲ့ ရွာနားမှာ ရှိတဲ့ ကျွန်တော့်မိခင် တပ်ရင်း သနက ၅ ခုံသာမှာပါ။ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး ရှမ်းပြည်နယ် အရှေ့ မြောက်ပိုင်းမှာ စစ်ဆင်ရေး ခြောက်လခန့် သွားခဲ့ပြီးမှ ပြန်ရောက်ခါစ အချိန် ဖြစ်ပါတယ်။ မကြာခင်မှာ ပဲခူးရိုးမဘက်ကို စစ်ဆင်ရေး ဝင်ရောက်ဖို့ တပ်ခွဲ ိုက် ပြန်လည် စုစည်းပြီး မွမ်းမံသင်တန်းတွေ ပြုလုပ်နေတဲ့ အချိန်မှာပါ။

## ရာထူးတွေ အဆင့်ဆင့်တက်

ကိုခင်ညွန့်ဟာ အဲဒီတုန်းက ဗိုလ်အဆင့်လား။ ဗိုလ်ကြီးအဆင့်လား ဆိုတာ တောင် မမှတ်မိတော့ပါဘူး။ ကျွန်တော်ကတော့ ဒုဗိုလ်ကနေ ဗိုလ်အဆင့် ရောက်ခါစ အချိန် ဖြစ်ပါတယ်။ ပန်တပွတ် တပ်ရင်းကို သူ ရောက်လာတာက

သူ့ဆရာ ဗိုလ်မှူးကြီး တင့်ဆွေ (နောင်ဗိုလ်မှူးချုပ်၊ ဝက်မှ-၁ ဝန်ကြီး) နဲ့အတူ ဖြစ်ပါတယ်။ ဗိုလ်မှူးကြီး တင့်ဆွေက အဲဒီအချိန်မှာ အနောက်တောင်တိုင်း စစ်ဌာနချုပ် (နတခ)မှာ ဗျူဟာမှူး အဆင့်မို့ ကျွန်တော်တို့ တပ်ကို တာဝန်အရ လာရောက် စစ်ဆေးပြီး လိုအပ်တာတွေ အကြံပေးခြင်း၊ ဖြည့်ဆည်းပေးခြင်းများ လုပ်ဖို့ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်တို့ တပ်ရင်းမှူးက ဗိုလ်မှူး သိုးထိန်း ဖြစ်ပါတယ်။ သူဟာ ဂျပန်ခေတ် စစ်တက္ကသိုလ် ကျောင်းဆင်းတစ်ယောက် ဖြစ်ပါတယ်။ ကျောင်းဆင်းတာနဲ့ ဂျပန်နိုင်ငံကို စစ်ပညာ ဆက်လက် သင်ကြားဖို့ အရွေးချယ်ခံရပြီး ဂျပန်နိုင်ငံကို ရောက်ခိုက် မြန်မာနိုင်ငံမှာလည်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဗမာ့ တပ်မတော် (BDA) က ဂျပန်ကို တော်လှန်ရေး ဆင်နွှဲခဲ့တဲ့ အတွက် ဗိုလ်မှူး သိုးထိန်းနဲ့တကွသော ဂျပန်ရောက် မြန်မာ့ တပ်မတော် အရာရှိအားလုံးကို ဂျပန်က တစ်နေရာမှာ ထိန်းသိမ်းပြီး အကျယ်ချုပ်ချခံခဲ့ရပါတယ်။ ဗိုလ်မှူး သိုးထိန်းနဲ့ ဗိုလ်မှူးကြီး တင့်ဆွေတို့ဟာ အဲဒီတုန်းကတည်းက ရဲဘော်ရဲဘက်တွေပါ။

ဗိုလ်မှူးကြီး တင့်ဆွေက ကျွန်တော်တို့ တပ်ရင်းက အရာရှိတွေကို စစ်ဘက်ဆိုင်ရာ ဦး-ရေး-ထောက် ကိစ္စအဝဝတွေကို ပြောသင့်တာ ပြော၊ ဆွေးနွေးသင့်တာ ဆွေးနွေးနေတဲ့ အချိန်မှာ ကိုခင်ညွန့်ကို ဗိုလ်မှူးကြီး တင့်ဆွေရဲ့နောက်က ပါလာတဲ့အတွက် သတိပြုမိခဲ့ပါတယ်။ အလားတူပဲ ကျွန်တော်ကလည်း သနက ၅ အရာရှိတွေထဲမှာ အငယ်ဆုံးဖြစ်လို့ သူ ကျွန်တော့်ကို သတိထားမိခဲ့ဟန်တူပါတယ်။ အဲဒီတုန်းက သူဟာ ဗိုလ်မှူးကြီး တင့်ဆွေရဲ့ PSO အဖြစ် လိုက်ပါလာခြင်း ဖြစ်ပါတယ်။

နောက်ပိုင်းမှ သိလာရတာက သူဟာ ဥပစာတန်း (ယခု အသုံးအနှုန်းအရ ဆိုရင် တက္ကသိုလ် ဒုတိယနှစ်) အောင်ပြီး OTS အပတ်စဉ် ၂၆ က ကျောင်းဆင်းခဲ့တဲ့ အရာရှိတစ်ယောက် ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီခေတ်က တပ်မတော်ရဲ့ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအရ ဥပစာ ဒုတိယနှစ်အောင်တဲ့ ပုဂ္ဂိုလ်တိုင်း OTS ကို လျှောက်ခွင့်ရှိပါတယ်။ နှိုင်းရရင် DSA အပတ်စဉ် ၃ နဲ့ မတိမ်းမယိမ်းမို့ အတိုက်အလျောက် စီနီယာကျတယ်လို့ သတ်မှတ်နိုင်ပါတယ်။

ကျွန်တော်ဟာ တပ်ရင်း ၅ နဲ့အတူ ပဲခူးရိုးမ စစ်ဆင်ရေးမှာ ပါဝင်ဆင်နွှဲပြီးတဲ့နောက် တပ်ရင်းနဲ့အတူ ရန်ကုန်ကို ပြောင်းရွှေ့ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်မှာ ထိုစဉ်က တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ လုံခြုံရေးအပြင် ကာက (ကျွင့်) အစီအစဉ်အရ နိုင်ငံခြား ဘာသာသင် တက္ကသိုလ်မှာ ရုရှားဘာသာကို အချိန်ပြည့် တက်ခဲ့ရပါတယ်။ ၁၉၆၉ ခုနှစ်မှာ စစ်ရုံးကို ပြောင်းရွှေ့ ရောက်ရှိလာတဲ့အခါ ကျွန်တော်ဟာ ကာက (ကြည်း) က အရာရှိနဲ့ ကိုခင်ညွန့်နဲ့ ပြန်လည် ဆုံဆည်းရပြန်ပါတယ်။ သူက အဲဒီအချိန်မှာလည်း ဗိုလ်မှူးကြီး တင့်ဆွေရဲ့ PSO ဖြစ်နေဆဲပါ။ ဒါပေမဲ့ ဗိုလ်မှူးကြီး တင့်ဆွေက အရှေ့တောင်တိုင်း စစ်ဌာနချုပ် (ရတခ) ရဲ့ တိုင်းမှူး ဖြစ်နေပါပြီ။ ဌာနချုပ်က မော်လမြိုင်မှာပါ။

ဗိုလ်မှူးကြီး တင့်ဆွေဟာ နတာကောနေပြီး ဖယာတပ်မတော်ရဲ့ ပထမဦးဆုံး တပ်မဖြစ်တဲ့ တပ်မ ၇၇ ကို စတင် ဖွဲ့စည်းခဲ့ပါတယ်။ တပ်မမှူးအဖြစ် စစ်ဆင်ရေးတွေကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။ ကျွန်တော်နဲ့ ကိုခင်ညွန့်တို့ စစ်ရုံးမှာ တစ်ခါပြန်ဆုံကြတော့ သူကလည်း ဗိုလ်မှူးကြီး တင့်ဆွေရဲ့ PSO ဖြစ်နေဆဲပါ။ သူ့ဆရာက တပ်မှူး ဘဝကနေပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ် (ရတခ) မှာ တိုင်းမှူး ဖြစ်နေခဲ့ပါပြီ။ ရတခ ဌာနချုပ်က မော်လမြိုင်မှာပါ။

အဲဒီတုန်းက စစ်ရုံးမှာ လေးလ တစ်ခါ အစည်းအဝေး ရှိပါတယ်။ တိုင်းမှူးများနဲ့ တပ်မှူးများ စုံစုံညီညီ တက်ရတဲ့ လေးလပတ် အစည်းအဝေး ဖြစ်ပါတယ်။ ဆရာသမားများ အစည်းအဝေး ရှိတိုင်း ရန်ကုန်ကို လိုက်ပါရတော့ ကျွန်တော်နဲ့ ကိုခင်ညွန့် တွေ့ရမြန်များလာပါတယ်။ ကျွန်တော်ကလည်း သူ့ကို ကိုခင်ညွန့်လို့ ခေါ်ပြီး သူကလည်း ကျွန်တော့်ကို ကိုဝင်းထိန်လို့ ခေါ်ခဲ့ပါတယ်။

ရန်ကုန်မှာ တိုင်းမှူးများနဲ့ တပ်မှူးများ အစည်းအဝေး လုပ်တိုင်း သူတို့ရဲ့ PSO တွေ ပါလာလေ့ရှိတော့ ကိုခင်ညွန့်က PSO ဝါရင့်တစ်ယောက် ဖြစ်နေပြီမို့ အဲဒီ PSO အားလုံးရဲ့ ခေါင်းသူကြီး တစ်ယောက် ဖြစ်နေခဲ့ပါတယ်တဲ့။ ဒါကြောင့်မို့ ၁၉၇၄ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ "ဗိုလ်ကြီး အုန်းကျော်မြင့်

အရေးအခင်း" မှာ ပါခဲ့တဲ့ ဗိုလ်အုန်းကျော်မြင့်၊ ဗိုလ်ဝင်းသိန်း၊ ဗိုလ်စံကြည်၊ ဗိုလ်ဘချစ်တို့နဲ့ ခင်မင် ရင်းနှီးတဲ့ သူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

သူရဲ့ ရုပ်သွင်ဟာ ဖြူဖြူနွဲ့နွဲ့မို့ လူချောတစ်ယောက်လို့ ပြောနိုင်ပါတယ်။ အရက်မသောက်၊ မိန်းမ မရှုပ် စတဲ့ အရည်အချင်းတွေကြောင့် သူ့ကို လူချစ် လူခင် များခဲ့ပါတယ်။ သူ့ဆရာ ဗိုလ်မှူးကြီး တင့်ဆွေဟာ လက်ရုံးရည်နဲ့ နှလုံးရည် ပြည့်ဝတဲ့ ပုဂ္ဂိုလ်တစ်ယောက်မို့ သူနဲ့ နှစ်ကာလ ရှည်ကြာစွာ မှုးတွဲ နေခဲ့ရတဲ့ ကိုခင်ညွန့်ဟာ ရုံးလုပ်ငန်းတွေကိုလည်း ကျွမ်းကျင်တဲ့ သူ တစ် ယောက် ဖြစ်ပါတယ်။

မကြာမီ ဗိုလ်မှူးအဆင့် တိုးမြှင့်ခံရပြီး PSO ရာထူးကို ဗိုလ်ကြီး ကြည် ဝင်းကို လွှဲပေးခဲ့တယ်လို့ သိရပါတယ်။ အဲဒီနောက်မှာ သူဟာ ရခိုင်ပြည်နယ် မှာ ရှိတဲ့ ခလရ ၂၀ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် ဗျူဟာမှူး၊ ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့် ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။

## အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှု

ဗျူဟာမှူးအဖြစ် တာဝန် ထမ်းဆောင်နေချိန်မှာ ကိုခင်ညွန့်ရဲ့ ဘဝ ကံဇာတာ ကို ချိုးကွေ့ ပြောင်းလဲစေမယ့် ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကတော့ ၁၉၈၃ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှု ဖြစ်ပါတယ်။ တောင် ကိုးရီးယား သမ္မတ ချွန်ဒူးဟွမ် မြန်မာနိုင်ငံကို လာရောက် လည်ပတ်စဉ်က မြောက်ကိုးရီးယား လျှို့ဝှက်အဖွဲ့ရဲ့ လုပ်ကြံမှုကြောင့် သမ္မတနဲ့အတူ ပါလာ တဲ့ ဝန်ကြီး အချို့နဲ့ အဆင့်မြင့်အရာရှိ အချို့တို့ သေဆုံး ဒဏ်ရာရခဲ့ပါတယ်။ ဗုံးပေါက်ကွဲမှုဟာ သမ္မတ ချွန်ဒူးဟွမ် မလာခင် မိနစ်ပိုင်းအလိုမှာ ပေါက်ကွဲခဲ့ လို့ သူကတော့ အသက်ဘေးက လွတ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ဦးနေဝင်းဟာ မူလသမ္မတ ရာထူးကို သူရဲ့လက်ထောက် ဗိုလ်ချုပ်ကြီး စန်းယုကို လွှဲပေးထားပြီး သူကိုယ်တိုင်က ပါတီဥက္ကဋ္ဌ အဖြစ် တာဝန်ယူနေချိန် ဖြစ်ပါတယ်။ နိုင်ငံခြား ဧည့်သည်တွေ လာရောက်ချိန်မှာ ဗုံးပေါက်ကွဲ လုပ်ကြံခံရတဲ့အထိ ဖြစ်ခဲ့တော့ ကမ္ဘာ့အလယ်မှာ နိုင်ငံအနေနဲ့ သိက္ခာကျစရာ ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ထောက်လှမ်းရေး တစ်ဖွဲ့လုံးကို

ဖယ်ရှားပြီး ထောက်လှမ်းရေး ညွှန်ကြားရေးမှူးအသစ် ရွေးဖို့ ဦးနေဝင်းက ဆုံးဖြတ်ခဲ့ပါတယ်။

ထိုစဉ်က ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟာ ဗိုလ်မှူးကြီး အောင်ကိုး (DSA အပတ်စဉ်- ၁) ဖြစ်ပါတယ်။ သူကိုယ်တိုင်ကလည်း ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်တာ တစ်နှစ် မပြည့်သေးပါဘူး။ ဒါကြောင့်မို့လို့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ရွေးတဲ့အခါ "အရက်မသောက်၊ ဖဲကစားတဲ့ သူတစ်ယောက် ရအောင်ရှာ" ဆိုပြီး ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကျော်ထင်ကို ဦးနေဝင်းက ညွှန်ကြားခဲ့ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဝှံးကွဲတဲ့ နေ့မှာ အကျိုးအကြောင်း မေးဖို့ ဦးနေဝင်းက ခေါ်တဲ့အခါ ကိုအောင်ကိုးက သူ့ရဲ့ လက်ထောက်၊ ဒုညွှန်မှူး ကိုရဲဆွေ (DSA အပတ်စဉ်- ၃၊ ကွယ်လွန်) နဲ့အတူ ဖဲရိုက်နေခဲ့ပါတယ်။ ဦးနေဝင်းကို သွားသတင်းပို့တော့ ကိုအောင်ကိုးက ဖဲကွင်း အဝတ်အစားနဲ့မို့ပါ။

ဒီလိုနဲ့ ကိုခင်ညွန့်ဟာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးအဖြစ် ၁၉၈၄ ခုနှစ်မှာ စတင် တာဝန်ပေးခြင်းခံရပါတယ်။ ကိုအောင်ကိုးကိုတော့ အမေရိကန်နိုင်ငံ စစ်သံအဖြစ် ပြောင်းရွှေ့ တာဝန်ပေးခဲ့ပါတယ်။ ကိုခင်ညွန့် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး မဖြစ်မီနဲ့ ဖြစ်ပြီး အချိန်တွေမှာ ထောက်လှမ်းရေးက အရာရှိ အများစုကို ဖယ်ရှားပြီး သင့်လျော်တဲ့ အရာရှိတွေနဲ့ အစားထိုးချိန် ဖြစ်ပါတယ်။ ဒါကြောင့် ကိုခင်ညွန့်ဟာ သူ့လက်ထက်ကျမှ ရောက်လာတဲ့ အရာရှိတွေကို သူလိုသလို ပုံသွင်းနိုင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။

## ကံကြမ္မာက မျက်နှာသာပေးမှု

ကိုခင်ညွန့် စစ်ထောက်လှမ်းရေးမှူး ဖြစ်လာလို့ လေးနှစ်အကြာမှာ ၈လေးလုံး အရေးတော်ပုံကြီး ဖြစ်ပွားခဲ့ပါတယ်။ အဲဒီ အရေးတော်ပုံဟာ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လနဲ့ စက်တင်ဘာလ ပထမပိုင်း ကြီးမားတဲ့ အရှိန်အဟုန်နဲ့ ဖြစ်ပေါ်လာပြီး စက်တင်ဘာလ ၁၈ ရက်နေ့မှာ တပ်မတော်က အာဏာသိမ်းခဲ့ပါတယ်။ အာဏာသိမ်းတာနဲ့ တစ်ပြိုင်နက် ၁၉၇၄ ခုနှစ်၊ ဖွဲ့

စည်းပုံ အခြေခံ ဥပဒေကို လုံးဝ ပယ်ဖျက်လိုက်ပြီး အစိုးရ တစ်ဖွဲ့လုံးကိုလည်း အသိအမှတ် မပြုတော့ဘဲ "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (နဝတ)" နဲ့ အစားထိုး ဖွဲ့စည်းခဲ့ပါတယ်။ ဥက္ကဋ္ဌကိုတော့ ဗိုလ်ချုပ်ကြီး စောမောင် တာဝန်ယူပြီး အတွင်းရေးမှူး ၁ အဖြစ် ကိုခင်ညွန့်ကို တာဝန် ပေးအပ်ခဲ့ပါတယ်။

အဲဒီအချိန်က စပြီး ကိုခင်ညွန့်ရဲ့ ကံတရားဟာ နိုင်ငံတော် အဆင့် ဖြစ်လာခဲ့ပြီး ဩဇာအာဏာဟာလည်း တစ်ရှိန်ထိုး ကြီးထွားလာခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ရာထူးက ဖယ်ရှားပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ အစားထိုး တာဝန်ယူရတဲ့ဖြစ်စဉ်မှာ ကိုခင်ညွန့်ဟာ အရေးပါတဲ့ ကဏ္ဍက ပါဝင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ တိုင်းပြည် အုပ်ချုပ်တဲ့ အစိုးရအဖွဲ့ တစ်ရပ်လုံးကို ကိုခင်ညွန့်က သူ့လက်သူ့ခြေ အဖြစ်နဲ့ အသုံးချနိုင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ Protocol အရ သူဟာ နိုင်ငံတော်အဆင့် နံပါတ် ၃ ဖြစ်လာခဲ့ပါပြီ။

နောက်ဆုံးတော့ သူဟာ တပ်မတော်ရဲ့ အကြီးဆုံးရာထူးလို့ ခေါ်ရမယ့် ဗိုလ်ချုပ်ကြီး အဆင့်အမြင့် ဝန်ကြီးချုပ် ရာထူးကိုပါ တာဝန်ယူခဲ့ရပါတယ်။ သူ့ရဲ့ အနေအထားတွေ တိုးတက်လာတာနဲ့အမျှ သူ့ရဲ့ တပည့်တပန်းတွေကလည်း နယ်ပယ်အသီးသီးမှာ ဩဇာညောင်းမယ့် နေရာမှန်သမျှ တာဝန်ယူနေကြပါပြီ။

## မဖြစ်စဖူး ထူးကဲတဲ့ ဖြစ်စဉ်

ကိုခင်ညွန့် နဝတ အတွင်းရေးမှူး ၁ ဖြစ်စဉ်တုန်းက ဒေါ်ခင်ကြည် ဈာပန ဖြစ်လို့ ဗိုလ်ချုပ်ကြီး စောမောင်နဲ့တကွ နဝတ အရာရှိကြီးများ ဒေါ်အောင်ဆန်း စုကြည်ရဲ့ ခြံကို လာကြတဲ့အတွက် ကျွန်တော်နဲ့ ကိုခင်ညွန့် ပြန်ဆုံကြပါသေးတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ ထောင်ကထွက်ခါစမို့ ခေါင်းတုံးနဲ့ပါ။ သူက ကျွန်တော့် ခေါင်းတုံးကို မြင်ပြီး လက်ဟန်ခြေဟန်နဲ့ "ခေါင်းတုံး တုံးထားခဲ့သလား" ဆိုတဲ့ အဓိပ္ပာယ်နဲ့ နှုတ်ဆက်တဲ့ အတွက် ကျွန်တော်ကလည်း

ခေါင်းညိတ်ပြရုံပဲ ပြုနိုင်ခဲ့ပါတယ်။ လူသူ ပရိသတ်ထဲမှာဆို သူနဲ့ စကားမပြော ဖြစ်ခဲ့ပါ။

အဲဒီလိုနဲ့ ကျွန်တော်ဟာ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ အင်းစိန်ထောင်မှာ နေခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ တစ်ဖန် ထောင်နန်းစံခဲ့ ရပြန်ပါတယ်။ ၁၉၉၇ ခုနှစ်ကျတော့ ကျွန်တော့်ကို မြင်းခြံထောင် အပို့ခံခဲ့ရ ပါတယ်။ ကျွန်တော် ထောင်ကျတာ၊ ထောင်ပြောင်းတာတွေကို သူ သိနေမှာ ပါ။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေနဲ့ ပတ်သက်ရင် ထောက်လှမ်းရေးက ဗိုလ်မှူး သန်းထွန်း (နောင် ဗိုလ်မှူးချုပ်) က တိုက်ရိုက် ကိုင်တွယ်ခဲ့တဲ့အတွက် သူက ကိုခင်ညွန့်ကို ကျွန်တော့်အကြောင်း သတင်းပို့ခဲ့မှာ သေချာပါတယ်။

မြင်းခြံထောင်ကို ၁၉၉၇ ခုနှစ်မှာ ရောက်ခဲ့ပြီး ထောင်အက်ကို "ယောနိ သောမနသိကာရ" နဲ့ ဖြတ်သန်းလာချိန်မှာ ကျွန်တော့် ဖခင်ကြီးရဲ့ နာရေး ကိစ္စ ပေါ်လာခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ ဖြစ်ပါတယ်။ ဖခင်ကြီး ဦးလှထွန်းဟာ အသက် ၈၀ ကျော်ခဲ့ပြီး လူကြီးရောဂါဖြစ်တဲ့ အယ်လ်ဇိုင်းမား ရောဂါ ခံစား နေရပါပြီ။ မိတ္ထီလာမှာ ရောက်နေပါတယ်။ ဖခင်ကြီး ဆုံးတာ သိရတာနဲ့ ကျွန်တော့် မိတ်ဆွေများနဲ့ ညီများ၊ ညီမများ ကြိုးပမ်းမှုကြောင့် ကျွန်တော်ဟာ မြင်းခြံထောင်ကနေပြီး မိတ္ထီလာထောင်ကို ယာယီ ပြောင်းရွှေ့ပေးခဲ့ပါတယ်။

မိတ္ထီလာထောင်က မြင်းခြံထောင်ထက်စာရင် သေးပါတယ်။ တိုက်ခန်း ခြောက်ခန်းပဲ ရှိပါတယ်။ အဲဒီထဲက အခန်းတစ်ခန်းမှာ ကျွန်တော့်ကို နေရာ ချထားပေးပြီး ဖခင်ကြီးရဲ့ အသုဘကို လိုက်လံ ပို့ဆောင်ခွင့်ရခဲ့ပါတယ်။ အဲဒီ လို ပို့တဲ့အခါမှာ ထောက်လှမ်းရေး အဖွဲ့သားများနဲ့ ထောင်မှူး တစ်ယောက် တို့ လိုက်ပါလာခဲ့ပါတယ်။ ဖခင်ကြီးရဲ့ အသုဘကို ပြည်သာယာ ရပ်ကွက်က နေပြီး မြို့စွန်က သုသာန် အသစ်ကို လိုက်လံ ပို့ဆောင်ပေးခဲ့ပါတယ်။ အသုဘ ပြီးတဲ့အခါ ကျွန်တော့်ကို မိတ္ထီလာထောင်ထဲ ပြန်ပို့ပါတယ်။

နောက်ထပ် နှစ်ရက်လောက် ဆက်နေပြီး ဖခင်ကြီး အသုဘ ခုနစ် ရက်ပြည့် ရက်လည် ဆွမ်းသွတ်လုပ်တဲ့အခါ ကျွန်တော့်ကို မနက်စောစောကပဲ ထုတ်ပြီး ပြည်သာယာ ၆ လမ်းက ညီမရဲ့ အိမ်ကို ပို့ပေးပါတယ်။ အချိန်တန်

လို့ သံသာများ ကြွလာတဲ့အခါ သိလာယ၊ တရားနာ စတဲ့ ကိစ္စတွေမှာ ကျွန်တော် ဦးဆောင်ခွင့်ရခဲ့ပါတယ်။ ညီမရဲ့ အိမ်မှာ မနက် ခြောက်နာရီကနေ မွန်းတည့် ၁၂ နာရီလောက်အထိ နေခွင့်ရတဲ့အတွက် ကျွန်တော်ဟာ အမျိုးများနဲ့ ရောက်လာကြတဲ့ မိတ်ဆွေများကို နှုတ်ဆက်ခွင့်၊ စကားပြောခွင့် ရခဲ့ပါတယ်။

အစီအစဉ်တွေ အားလုံးပြီးတဲ့အခါမှာ ကျွန်တော့်ကို မိတ္ထီလာထောင် ပြန်ပို့ပြီး မိတ္ထီလာ လေတပ် ထောက်လှမ်းရေး အဖွဲ့သားများက ကျွန်တော့်ကို မြင်းခြံထောင်ကို ပြန်ပို့ခဲ့ပါတယ်။ ကျွန်တော်နဲ့ ပါလာတဲ့ ထောင်ဝန်ထမ်း တပ်ကြပ်ကြီး တစ်ယောက်ရဲ့ စကားအရ ပြောရမယ်ဆိုရင် "ကျွန်တော် ထောင်ဝန်ထမ်း လုပ်တာ အနှစ် ၂၀ ကျော်ခဲ့ပါပြီ၊ ခုလို ထောင်တစ်ခုကနေ တစ်ခု ပြောင်းပေးပြီး အသုဘ ပို့ခွင့်ပေးတာ တစ်ခါမှ မကြုံခဲ့ဖူးဘူး၊ ဒါ ပထမဆုံးပါ" တဲ့။

ကျွန်တော် ပထမအကြိမ် ထောင်ကျတုန်းက ကျွန်တော်တို့ အဖွဲ့ NLD က လူကြီးတစ်ဦးဖြစ်တဲ့ ဗိုလ်မှူး ဘသော် (ခ) စာရေးဆရာ မောင်သော်ကရဲ့ ဇနီး ကွယ်လွန်တုန်းကတော့ ကိုသော်ကကြီးကို ထောက်လှမ်းရေး အစောင့်အရှောက်နဲ့ အသုဘ ပို့ခွင့်ပြုခဲ့တာ ရှိခဲ့ဖူးပါတယ်။

## ကိုခင်ညွန့် ထောင်က လွတ်ပြီ

ကျွန်တော် မြင်းခြံထောင်မှာ နေစဉ်မှာပဲ ကိုခင်ညွန့်နဲ့ တကွသော ထောက်လှမ်းရေးက အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများရဲ့ အဆိုးလောကခံတွေကို ကြားသိခဲ့ရပါတယ်။ (ဒါနဲ့ ပတ်သက်လို့ ကျွန်တော် Speaker ဂျာနယ်မှာ ရေးခဲ့ပြီးပါပြီ။)

သူတို့ကို ထောင်ဒဏ်တွေ မကြားဝံ့မနာသာ ချခဲ့တာလည်း ကြားသိရလို့ စိတ်မကောင်းပါဘူး။ ကျွန်တော် ကိုယ်တိုင်လည်း မြင်းခြံထောင်ကနေ မန္တလေးထောင်ကို ပြောင်းခဲ့ရပါတယ်။ မန္တလေးထောင်မှာ တစ်နှစ်လောက်ကြာတော့ ကသာထောင်ကို ပြောင်းခဲ့ရပြန်ပါတယ်။ ကသာထောင်မှာ သုံးနှစ်နေပြီးမှ အပြင်ပြန်ရောက်ခဲ့ပါတယ်။

ကျွန်တော် အချုပ်အနှောင် လွတ်ပြီး မကြာမီမှာပဲ ကိုခင်ညွန့်ကိုလည်း လွှတ်ပေးခဲ့ပါတယ်။ သူ အိမ်ကို ပြန်ရောက်လို့ လအနည်းငယ် ကြာတဲ့အခါ သူ့အိမ်ကို ကျွန်တော် ရောက်ခဲ့ပါတယ်။ ကျွန်တော် ထောင်ထဲမှာ ရှိစဉ် အသုဘ ပို့ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်စကား ပြောချင်လို့ပါ။ ကမ္ဘာအေး ဘုရားလမ်းကနေ ဝင်ရတဲ့ လမ်းကြားလေး တစ်ခုထဲမှာပါ။ လမ်းကြား ဆိုပေမဲ့ သူ့အိမ်ကတော့ ဟိုနေတယ်လို့ ပြောရလောက်အောင် ကြီးမား ခန့်ညားပါတယ်။ မြေက တစ်ဧက ကျော်မလား မပြောတတ်ပါဘူး။ သစ်ပင် ပန်းပင်တွေလည်း အားလုံး လန်းလန်းဆန်းဆန်းပါ။

ကျွန်တော် သူ့ဆီသွားတော့ မြဲဝကိတ်မှာလည်း သူ့တပည့်တွေက ရှိနေပါတယ်။ လူတွေ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်လို့ မရအောင် စီစစ်နေတယ်နဲ့တူပါတယ်။ သူ့ဧည့်ခန်းကိုရောက်တော့ ဇကမ္ဘာ ဦးခင်ရွှေနဲ့ ဗိုလ်မှူးချုပ် တင့်ဆွေတို့ကို တွေ့ရပါတယ်။ ဦးခင်ရွှေကိုတော့ ပထမဦးဆုံး အကြိမ် တွေ့ဖူးတာပါ။ ဗိုလ်ချုပ် တင့်ဆွေကတော့ ကျွန်တော့်ကို မမှတ်မိပါဘူး။

ကျွန်တော်က တခြားလူတွေနဲ့ ဖြစ်နေတဲ့အတွက် စကား တွေတွေထူးထူး မပြောဖြစ်ခဲ့ပါဘူး။ ကျွန်တော် မြင်းခြံထောင်မှာ နေတုန်းက မိတ္ထီလာမှာ ကွယ်လွန်တဲ့ ဖခင်ကြီးရဲ့ အသုဘကို ပို့ခွင့်ရအောင် စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်တဲ့ အကြောင်း ပြောလိုက်ပါတယ်။ သူက “ဒီလိုပေါ့ သူငယ်ချင်းရာ၊ နိုင်ငံရေးအရ အထဲကို ဝင်ရပေမဲ့ လုပ်ပေးသင့်တာကိုတော့ လုပ်ပေးရတာပေါ့” ဆိုပြီး တုံ့ပြန်ပါတယ်။ တခြား ရှည်ရှည်ဝေးဝေး ပြောစရာစကား မရှိတာက တစ်ကြောင်း၊ တခြားလူတွေ ရှိတာက တစ်ကြောင်းတို့ကြောင့် စကားဖြတ်ပြီး နှုတ်ဆက်ပြန်ခဲ့ပါတယ်။

အဲဒီနေ့က စပြီး သူနဲ့ တစ်ခါမှ မဆုံဖြစ်ခဲ့တော့ပါ။ ဒါပေမဲ့ သူ့ရဲ့ မီဒီယာ အင်တာဗျူးတွေကိုတော့ ပုံမှန် ကြားနေရပြီး နောက်ပိုင်းမှာတော့ အသံ ပျောက်သွားခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် အခြေအနေကတော့ သူ ငယ်ငယ်က အတိုင်းပါပဲ။ ဆံပင်ဖြူတာက လွဲလို့ပေါ့။ ကျွန်တော်ကတော့ ရောဂါ ပေါင်းစုံ ကြောင့် သောက်ရတဲ့ ဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် ထင်ပါရဲ့၊ ပျက်ပန်းပျက် နီးပါး ဝလို့နေပါပြီ။

*****



# ဦးနေဝင်းနှင့် ရတနာနတ်မယ်

## ကနဦး ဖာတ်လမ်းများ

မြန်မာနိုင်ငံ ခေတ်သမိုင်းအကြောင်း ရေးကြမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးနေဝင်း၊ ဗိုလ်ချုပ်မှူးကြီး စောမောင်နဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ အကြောင်းကို မပါမဖြစ် ရေးကြရမှာပါ။ အရင်ခေတ်တွေကတော့ ပွင့်လင်း မြင်သာမှု ရှိတဲ့ သတင်းစာတွေရဲ့ ကျေးဇူးကြောင့် ဦးနုခေတ်က အကြောင်း တွေကို လူတွေ သိကြပါတယ်။ ဒါပေမဲ့ ဦးနေဝင်း နောက်ပိုင်း ခေတ်တွေ အကြောင်းတော့ ပွင့်လင်းမြင်သာမှု နည်းတဲ့အတွက် အများပြည်သူတွေက သေချာဂနစွာ မသိကြရပါဘူး။

နောက်ပိုင်းကျတော့ ၁၉၆၄ ခုနှစ်က တစ်ကြိမ်၊ ၁၉၈၄ ခုနှစ်က တစ် ကြိမ်နဲ့ ၂၀၀၄ ခုနှစ်မှာ တစ်ကြိမ် ပေါင်း သုံးကြိမ်တိုင်တိုင် ထောက်လှမ်းရေး အဖွဲ့တွေ ကင်ဆိုက်ခဲ့တော့ ထောက်လှမ်းရေး အရာရှိကြီး/ငယ်တွေဟာ တစ်ချို့လည်း ပြင်ပဌာနကိုရောက် တစ်ချို့လည်း အငြိမ်းအပိုင် နုတ်ထွက်ခဲ့ ကြရပါတယ်။ ကျွန်တော်ကလည်း တပ်မတော် အရာရှိဟောင်း ဆိုတော့ ရံဖန်ရံခါ သူတို့နဲ့ ဆုံတဲ့အခါ သူတို့ တာဝန်ရှိစဉ်က အစိုးရ အတွင်းရေးများ၊ ဦးနေဝင်း အတွင်းရေးများ ပြတ်တောင်းပြတ်တောင်း ကြားသိခဲ့ရပါတယ်။

အဲဒီလို အရာရှိတွေက တစ်ဆင့် ကြိုးကြားကြိုးကြား ကြားခဲ့ရတာတွေ ကို အခြေခံပြီး ရေးလိုက်တာပါ။ အကြောင်းအရာတွေက သာမန် လူမှုရေး ကိစ္စလို့ ပြောရင်ရပါတယ်။ ဒါပေမဲ့ တိုင်းပြည်ကို ၂၆ နှစ် ကြာအောင် ခြယ် လှယ် အုပ်ချုပ်သွားသူဖြစ်တဲ့အတွက် ဦးနေဝင်းရဲ့ လှုပ်ရှားမှုတိုင်းကို ပြည်သူ အများ စိတ်ဝင်စားကြမှာမို့လို့ အခုလို ရေးလိုက်ရတာပါ။

## အိမ်ထောင်ရေးများ

ဒီအကြောင်းအရာတွေကလည်း ကျွန်တော် သိမှီတဲ့ တပ်မတော် လူဟောင်းကြီးများရဲ့ ပြောကြားချက်များက တစ်ဆင့် ကြားသိရတဲ့ ကိစ္စတွေပါ။ ဦးနေဝင်းဟာ ငယ်စဉ်ကတည်း အိမ်ထောင်ကျခဲ့ပါတယ်တဲ့။ ဦးနေဝင်း တက္ကသိုလ် တက်တဲ့ အချိန်မှာကတည်းက အိမ်ထောင်ကျပြီးသားပါ။ ပထမ အိမ်ထောင် ကွယ်လွန်သွားပြီးတဲ့နောက် ဒုတိယ အိမ်ထောင်နဲ့ ဖြစ်ပါတယ်။ အဲဒီ ဒုတိယ ဇနီးက အလောင်းအစား အလွန်ဝါသနာ ပါတယ်လို့ သိရပါတယ်။

ဦးနေဝင်း ဂျပန်ပြည်က ပြန်လာလို့ တပ်မတော် ခေါင်းဆောင်ဖြစ်တဲ့ အချိန်မှာ ဒုတိယ အိမ်ထောင်နဲ့ အဆင်မပြေပါဘူးတဲ့။ အကြောင်းရင်း အပြည့်အစုံတော့ မသိရပါ။ လွတ်လပ်ရေးရပြီး ဦးနေဝင်း ကာကွယ်ရေး ဦးစီးချုပ်ဘဝမှာ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွေကို ဒိုင်ခံနှိမ်နင်းနိုင်ခဲ့တဲ့ အတွက် လိုအပ်ချက်အရ ဒုတိယ ဝန်ကြီးချုပ် အဆင့်ထိ တိုးမြှင့် ခန့်အပ်ခြင်း ခံရခဲ့တာလည်း သိရပါတယ်။

သူဟာ ဂျပန်ပြည်ကို ထွက်ခွာမသွားခင် ကတည်းက မြင်းလောင်းတာကို ဝါသနာထုံခဲ့တယ်လို့လည်း သိရပါတယ်။ ဂျပန်ပြည်ကိုလွှတ်မယ့် "ဗိုလ်-ထွန်းအုပ် သခင်အဖွဲ့" က ရွေးချယ်လျာထားတဲ့ ပုဂ္ဂိုလ်တစ်ဦး ကျန်းမာရေး အရမ်း ချို့တဲ့နေတဲ့အတွက် အစားထိုးတဲ့အနေနဲ့ ဦးနေဝင်းကို ရွေးချယ်ခဲ့ရာမှာ သူ့ကို မြင်းဖောင်းတစ်ခုက သွားခေါ်ခဲ့ရတယ်လို့ ပြောကြပါတယ်။ ကံကြမ္မာက သူ့အတွက် ကောင်းတဲ့ လမ်းကြောင်းပေါ် ရောက်အောင် ဖန်တီးပေးခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

လွတ်လပ်ရေးရပြီး ကာကွယ်ရေး ဦးစီးချုပ်ဘဝနဲ့ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွေကို ဒိုင်ခံ နှိမ်နင်းတာနဲ့ တစ်ပြိုင်နက် တစ်ဖက်မှာလည်း မြင်းလောင်းတာတို့၊ ကပွဲတက်တာတို့လည်း ရှိခဲ့ပါသတဲ့။ လွတ်လပ်ရေး ရပြီးစ ဦးနု အစိုးရခေတ်မှာ ယခင် ကိုလိုနီဘဝ ကတည်းက ပါလာတဲ့ လူမှုရေး ထုံးတမ်းစဉ်လာတစ်ခုမှာ စနေနေ့ညဆိုရင် လူကုန်ထံတွေက ညစာစားပွဲနဲ့ အတူ ဗို/မ တွဲကရတဲ့ အစီအစဉ်တွေလည်း ရှိခဲ့ပါတယ်။ ဒီလို ပွဲတစ်ချို့မှာ ဗို/မ တွဲကရတဲ့ အစီအစဉ်တွေ အလွန်အကျွံ ဖြစ်လာလို့ ရဲအင်အား သုံးပြီး

ဖြူစွင်းနှိမ်နင်းရတဲ့ သတင်းတွေ မကြာမကြာ သတင်းစာထဲမှာ ပါလေ့ရှိပါတယ်။

ကျွန်တော် လူမှန်းသိလို့ သတင်းစာဖတ်ကျင့် ရှိလာတဲ့ အချိန်မှာ ရန်ကုန် မြို့တော်ဝန်က ကြီးကြပ်တဲ့ ရန်ပုံငွေ ကပွဲတစ်ခု အကြောင်း သတင်းစာ မျက်နှာဖုံးမှာ တွေ့လိုက်ရပါတယ်။ အဲဒီ မျက်နှာဖုံးသတင်းမှာ ပါတဲ့ ဓာတ်ပုံကြီးက ထင်းလို့ပါ။ ဗိုလ်ချုပ်ကြီး နေဝင်းက အခမ်းအနားတက် စစ်ဝတ်စုံနဲ့ မယ်ဇဟာ နော်လွီဇာဘင်ဆင်နဲ့ တွဲကနေတဲ့ ပုံပါ။ အဲဒီညမှာ မြို့ပေါ်က ဖျိုရွယ်တဲ့ အထင်ကရ မိန်းကလေးတွေနဲ့ တွဲကခွင့်ရအောင် လေလံပစ်ခဲ့ပါတယ်။ ရတဲ့ ပိုက်ဆံကို ပရဟိတ လုပ်ငန်းတစ်ခုမှာ သုံးဖို့ပေါ့။ အဲဒီ လေလံပွဲမှာ နော်လွီဇာဘင်ဆင်နဲ့ တွဲကဖို့အတွက် ဗိုလ်ချုပ်ကြီး နေဝင်းက ငွေကျပ်တစ်သောင်း (လို့ ထင်ပါတယ်) နဲ့ လေလံအောင်သွားလို့ တွဲကခဲ့တာလို့လည်း သိရပါတယ်။

နော်လွီဇာဘင်ဆင်ဆိုတာ ကိုယ်လုံးကိုယ်ပေါက်အချိုးကျပြီး ရုပ်လည်း အင်မတန် ချောတဲ့ မိန်းကလေးပါ။ ကရင်-ဂျူး ကပြားလို့ ဆိုပါတယ်။ မိဘတွေက အဖေက ဂျူး အမေက ကရင် အမျိုးသမီးပါ။ ကပြားမျိုးတွေဟာ လှတတ်တယ် ဆိုတဲ့ထုံးစံမို့ ထင်ပါရဲ့ နော်လွီဇာရဲ့အလှဟာ ပြစ်မျိုးမဲ့မထင်လို့ ဆိုရလောက်အောင် လှပါတယ်။

၁၉၆၄ ခုနှစ်မှာ ဦးနေဝင်းက ငြိမ်းချမ်းရေး ဖိတ်ခေါ်ပါတယ်။ အဲဒီလို ဖိတ်ခေါ်လို့ ရောက်လာတဲ့ KNU အဖွဲ့ထဲမှာ နာမည်ကျော် ကရင် တပ်မှူး ဗိုလ်လင်းထင် ဆိုတာ ပါလာပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးခိုက်မှာ၊ အချိန်ကလည်း လပိုင်းအတွင်းမှာ ဗိုလ်လင်းထင်နဲ့ နော်လွီဇာတို့ လက်ထပ်တဲ့ သတင်းကို ဓာတ်ပုံနဲ့တကွ ကြေးမုံသတင်းစာမှာ တွေ့လိုက်ရပါတယ်။ မကြာပါဘူး ပြဿနာပေါ်ပြီး ဗိုလ်လင်းထင်တို့ ဇနီးမောင်နှံဟာ တောဘက်ကို ပြန်ဆင်းသွားပါတယ်။ ပဋိပက္ခတွေ ပြန်စလာမယ့် အရိပ်အယောင်ကြောင့် ထင်ပါရဲ့။

တိုက်ပွဲမှာ တစ်ဖက်နဲ့ တစ်ဖက် ပစ်ခတ်ရင်းနဲ့ ဗိုလ်လင်းထင် ကျဆုံးသွားပါတယ်။ နော်လွီဇာကတော့ ထိုင်းနိုင်ငံဘက်ကို ထွက်ခွာသွားပြီး မကြာ

မိမှာ အမေရိကန်တစ်ယောက်နဲ့ အိမ်ထောင်ပြုပြီး အခုထိ အမေရိကန်မှာ နေနေဆဲလို့ သိရပါတယ်။

## ကပွဲတစ်ခုမှာ

နော်လှိုဏ်ကို တစ်ညတာ တွဲကခွင့်ပြုတဲ့ dinner ပွဲလိုမျိုးကို ဗိုလ်ချုပ်ကြီး နေဝင်းဟာ အမြဲလိုလို တက်တယ်မဟုတ်ပေမဲ့ ရံဖန်ရံခါ တက်တယ် ဆိုတာ တော့ သိရပါတယ်။ အဲဒီလို တက်တဲ့ ကပွဲတစ်ခုမှာ ဒေါ်ခင်မေသန်း (ခ) ကစ်တီဘသန်းနဲ့ ဦးနေဝင်းတို့ ဆုံကြပါတယ်။ ဒေါ်ကစ်တီဟာ အင်္ဂလန်က အပြီး ပြန်လာတာပါ။ သူဟာ အင်္ဂလန်နိုင်ငံကို ခင်ပွန်းဖြစ်သူ ဒေါက်တာ တောင်ကြီးနဲ့အတူ ပြောင်းရွှေ့သွားခဲ့ပြီး ကလေး သုံးယောက် ထွန်းကားခဲ့ပါ တယ်။

အင်္ဂလန်မှာနေရင်း ခင်ပွန်းနဲ့ အဆင်မပြေလို့ ကလေး သုံးယောက် ခေါ်ပြီး ပြန်လာခဲ့ရာမှာ ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ တွေ့ဆုံကြတာပါ။ တကယ် တော့ သူတို့နှစ်ယောက်ဟာ နဂိုကတည်းက ခင်မင်ရင်းစွဲ ရှိပြီးသားပါ။ ဂျပန် ခေတ် စစ်ဆေးရုံမှာ ဆေးရုံအုပ်ကြီးက ဒေါ်ကစ်တီရဲ့ အဖေ ဒေါက်တာ ဘသန်း။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖူးစာဆုံတဲ့ ဒေါ်ခင်ကြည်၊ သူ့အစ်မ ဒေါ်ခင် ကြီးတို့ဟာ ဒေါက်တာ ဘသန်းရဲ့ လက်အောက်က သူနာပြုဆရာမတွေ ဖြစ် ပါတယ်။

ညီမ ဒေါ်ခင်ကြည်က ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖူးစာဖက် ဖြစ်ခဲ့တယ်၊ အစ်မ ဒေါ်ခင်ကြီးက သခင်သန်းထွန်းနဲ့ ဖူးစာဖက် ဖြစ်ခဲ့ပါတယ်။ ဒီလို ဆက် နွယ်မှုကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ဒေါက်တာ ဘသန်းတို့ မိသားစုဟာ ခင်မင်ရင်းစွဲ ရှိခဲ့ပါတယ်။ အဲဒီတုန်းကတော့ ဒေါ်ကစ်တီဟာ ဆယ်ကျော် သက်ပဲ ရှိသေးတာပေါ့။ မြန်မာပြည် ပြန်လာပြီး ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ ဆုံတဲ့ အချိန်မှာ သူ့မှာလည်း ကလေး သုံးယောက်နဲ့ ဗိုလ်ချုပ်ကြီး နေဝင်းမှာလည်း အရင်အိမ်ထောင် နှစ်ဆက်နဲ့ ကလေး သုံးယောက် ရခဲ့ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ တပ်ထဲမှာရှိစဉ်က တပ်မတော်လူကြီးတွေ မရဲတရဲ ပြောခဲ့တဲ့ အတင်းသတင်းတစ်ခု ရှိခဲ့ပါတယ်။ ဒါကတော့ She

three, me three and we three ပါတဲ့။ အဓိပ္ပာယ်က ဒေါ်ခင်မေသန်းမှာ အရင် အိမ်ထောင်နဲ့ ကလေး သုံးဦး၊ ဗိုလ်ချုပ်ကြီး နေဝင်းမှာလည်း အရင် အိမ်ထောင်တွေနဲ့ ကလေး သုံးဦး၊ ဦးနေဝင်းနဲ့ ဒေါ်ခင်မေသန်း အိမ်ထောင်ကျတော့လည်း ကလေး သုံးယောက် ထွန်းကားပါတယ်။ ဒါကို ဆိုလိုတာပါ။

တကယ်တော့ ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ ဒေါ်ခင်မေသန်းတို့ အိမ်ထောင်ပြုတဲ့အခါ အဲဒီခေတ်က တပ်မှူးကြီးတော်တော်များများက သဘောမတူပါဘူး။ သူတို့ပြောတဲ့ အကြောင်းရင်းက ဒေါ်ကစ်တီဟာ အရင်အိမ်ထောင်နဲ့ တရားဝင် မကွာရှင်းရသေးဘူး ဆိုတဲ့အချက်ကြောင့်ပါ။ အဲဒီတုန်းက တပ်မှူးကြီးတွေနဲ့ ဗိုလ်ချုပ်ကြီး နေဝင်းတို့ အကြိတ်အနယ် ငြင်းခုန်ကြခဲ့ရပါတယ်တဲ့။ နောက်ပိုင်းမှာ ဘယ်လို ပြေလည်သွားကြတယ် ဆိုတာတော့ အသေးစိတ် မသိရပါ။ အဲဒီလိုနဲ့ တော်လှန်ရေးကောင်စီ တက်နေတဲ့ ကာလ တစ်လျှောက်လုံးမှာ သူတို့နှစ်ဦးဟာ နိုင်ငံရဲ့ ဥသျှောင်နှစ်ဦးအဖြစ်နဲ့ ရပ်တည်ခဲ့ကြပါတယ်။

၁၉၇၄ ခုနှစ်ကျတော့ တော်လှန်ရေးကောင်စီ ဘဝကနေ လမ်းစဉ်ပါတီ အစိုးရ ဖြစ်လာတဲ့အခါ ဗိုလ်ချုပ်ကြီး နေဝင်းဟာလည်း ဦးနေဝင်းအဖြစ် ပြောင်းလဲပြီး နိုင်ငံတော်သမ္မတ တာဝန်ယူခဲ့ပါတယ်။ ဒေါ်ခင်မေသန်းလည်း သမ္မတကတော်ပေါ့။ ဒါပေမဲ့ ဒေါ်ခင်မေသန်းဟာ ကျန်းမာရေး ချို့တဲ့လာပါတယ်။ ကျောက်ကပ်ရောဂါလို့ သိရပါတယ်။ လမ်းစဉ်ပါတီ အစိုးရသစ် တက်ပြီး မကြာခင်မှာ ဒေါ်ခင်မေသန်း ကွယ်လွန်သွားခဲ့ပါတယ်။ ဒေါ်ခင်မေသန်းဟာ ဦးနေဝင်းရဲ့ တတိယမြောက် ဇနီးပေါ့။

## တေ့ဂ္ဂ အိမ်ထောင်

ဦးနေဝင်းဟာ မုဆိုးဖိုဘဝနဲ့ နှစ်နှစ်လောက် နေခဲ့တယ်နဲ့တူပါတယ်။ သေသေချာချာတော့ မမှတ်မိပါဘူး။ ကျွန်တော် တပ်က မထွက်ခင်မှာ ဦးနေဝင်းဟာ တက္ကသိုလ် သမိုင်းဌာနက ဆရာမတစ်ဦးဖြစ်သူ ဒေါ်နီနီမြင့်နဲ့ လက်ဆက်ပြန်ပါတယ်။ ဆရာမက ကမာရွတ် သုခလမ်းမှာ နေပါတယ်။ ဦးနေဝင်းနဲ့ ခြွေရံသင်းပင်းအချို့ဟာ ဒေါ်နီနီမြင့်ရဲ့ မိဘများ နေထိုင်ရာ သုခလမ်းကို သွားပြီး ဒေါ်နီနီမြင့်နဲ့ လက်ဆက်ဖို့ တရားဝင် ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီ အခမ်းအနားမှာ ကမကထ ဆောင်ရွက်ပေးခဲ့တဲ့သူကတော့ တော်လှန်ရေး ကောင်စီတုန်းက ကျန်းမာရေး ဝန်ကြီး၊ အဲဒီအချိန်မှာ နိုင်ငံတော် ကောင်စီဝင်ဖြစ်တဲ့ ဒေါက်တာ လှဟန် ဖြစ်ပါတယ်။ အဲဒီခေတ်က သတင်းစာတွေရဲ့ မျက်နှာဖုံးသတင်းအဖြစ် အထင်အရှား ပါခဲ့တာပေါ့။

ဒေါ်နီနီမြင့်ဟာ ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုတဲ့ မေးခွန်းတွေကို ကျွန်တော်တို့ စစ်ရုံးက အရာရှိကြီး/ငယ်တွေက စိတ်ဝင်စားကြပါတယ်။ ဘယ်သူမှ မသိကြပါဘူး။ ဒါပေမဲ့ ထောက်လှမ်းရေး အရာရှိ တော်တော်များများကတော့ သိပြီးသားပါ။ ဒီလိုပါ။ ဦးနေဝင်းဟာ holiday ရက်အားတွေမှာ တစ်ခါတလေ ပြည်ပမှာ သွားရောက် အပန်းဖြေတတ်ပြီး တစ်ခါတလေ ပြည်တွင်းက ပေလီလို နေရာမျိုးတွေမှာ နှစ်ပတ် သုံးပတ် သွားပြီး အချိန်ဖြုန်းတတ်ပါတယ်။

အဲဒီလို သွားရောက် အပန်းဖြေတဲ့အခါမှာ ထုံးစံအတိုင်း စားလိုက်၊ သောက်လိုက်၊ ရေကူးလိုက်၊ အားရင် စစ်တုရင် ကစားလိုက်၊ ကျား ကစားလိုက်နဲ့ အချိန်ဖြုန်းလေ့ရှိပါသတဲ့။ ဒါပေမဲ့ ပိုနေတဲ့ အချိန်တွေမှာ သူ့ သားသမီးတွေ အကျိုးရှိအောင်ရယ်၊ ဗဟုသုတဖြစ်အောင်ရယ် လုပ်ချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ကလေးတွေ အားနေတဲ့အချိန်မှာ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတွေထဲက ဗဟုသုတ ဖြစ်စရာ အကြောင်းအရာတွေကို ပို့ချဆွေးနွေးတဲ့ သဘောမျိုးနဲ့ လုပ်နိုင်မယ့်သူ တစ်ယောက်ယောက်ကို သူတို့ အဖွဲ့နဲ့အတူ ခေါ်သွားဖို့ ဖြစ်လာပါတယ်။

ဒါကြောင့် ဒေါ်ခင်မေသန်းဟာ သူကိုယ်တိုင် တက္ကသိုလ်က သမိုင်းဌာနကို သွားပြီး ဌာနမှူးနဲ့ တွေ့ဆုံကာ ဆရာမ တစ်ယောက်ယောက်ကို လိုက်ပါစေလိုကြောင်း ပြောပြပါတယ်။ ဌာနမှူး သဘောတူတဲ့ အတွက် သမိုင်းဌာနထဲက သင့်လျော်မယ့် ဆရာမ တစ်ယောက်ကို ရွေးတဲ့အခါ ဒေါ်နီနီမြင့်ကို ရွေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုနည်းနဲ့ ဦးနေဝင်းရဲ့ မိသားစု အပန်းဖြေခရီးမှာ ဒေါ်နီနီမြင့် လိုက်ပါဖို့ ဖြစ်လာပါတယ်။ ပြောစကားတွေအရ သိရတာက ဒေါ်နီနီမြင့်ဟာ သမိုင်းစာ သင်ကြားမှု ကောင်းတယ်၊ ရုပ်ရည် သိမ်မွေ့ပြေပြစ်တယ် ဆိုတဲ့ အရည်အချင်းနဲ့ ပြည့်စုံပါတယ်။ ဒါပေမဲ့ သိသာထင်ရှားတဲ့

ခန္ဓာကိုယ် အချိုးအဆက်က ကျွန်တော်တို့ ငယ်ငယ်တုန်းက ပြောခဲ့ဖူးတဲ့ အသုံးအနှုန်းအရဆိုရင် "ပစ္စည်းမဲ့ လူတန်းစား" တစ်ယောက်လို့ ပြောရလောက်အောင် ပိန်ပါတယ်။

## အိမ်ထောင်ရေး ပြဿနာ

ဦးနေဝင်းနဲ့ ဒေါ်နီနီမြင့်တို့ ဖန်းမောင်နဲ့ရဲ့ အကြောင်းကို ခန္ဓာကိုယ် တည်ဆောက်ပုံ အရ ပြောရမယ်ဆိုရင် ဆင်နဲ့ ဆိတ်လိုပါ။ တော်တော် ကွာပါတယ်။ ဒါပေမဲ့ သူ့အိုးနဲ့ သူ့ဆန် တန်ရာတန်ရာ ဖြစ်တာပဲလေလို့ပဲ တွေးမိပါတယ်။ ဒါကြောင့် နီးစပ်ရာ သတင်းတွေအရ ကြားသိရတာက လင်မယား အဆင်ပြေနေပါတယ်ဆိုတဲ့ သတင်းပါ။ ဒါပေမဲ့ နှစ်နှစ် သုံးနှစ်လောက်မှာ ပြဿနာ ကြား ရပါတယ်။ ဒါကလည်း သတင်းစာတွေမှာ ပါတဲ့ သတင်းအရပါ။

ဘာလဲဆိုတော့ ဒေါ်နီနီမြင့်ရဲ့ အစ်မလား၊ ညီမလား မမှတ်မိတော့ပါဘူး။ သူဟာ ဒေါ်နီနီမြင့် နာမည်သုံးပြီး ကုန်သွယ်ရေးက ရှားပါး ပစ္စည်းတွေကို လျှောက်လွှာတင်ပါတယ်။ ရလာတဲ့ ပစ္စည်းတွေကို တစ်ဖန် ပြန်ရောင်းတဲ့ ကိစ္စနဲ့ တရားစွဲခံရတာပါ။ သတင်းစာမှာ အမြဲလိုလို ပါပါတယ်။ ၁၉၇၄-၇၅ လောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လင်မယားနှစ်ယောက် တတောက်ကဆ ဖြစ်ပြီး ပြဿနာ ကြီးလာပါတယ်တဲ့။ နောက်ဆုံးတော့ ဆရာမကပဲ ဆင်းလာတာလား၊ ဟိုလူကြီးကပဲ ဆင်းတော့လို့ ပြောတာလား မသိပေမဲ့ ဒေါ်နီနီမြင့်ဟာ အင်းလျားလမ်း တစ်နေရာမှာ ရှိတဲ့ တက္ကသိုလ် ဆရာမများ အိမ်ရာတစ်ခုမှာ လာနေပါတယ်။ အိမ်နိမ့်စံသဘောမျိုးပေါ့။

ဆရာမနဲ့အတူ ထောက်လှမ်းရေးက ပုဂ္ဂိုလ်နှစ်ဦးကိုလည်း အတူနေစေပါတယ်တဲ့။ အစောင့်သဘောမျိုး ဖြစ်သလို ဒေါ်နီနီမြင့်ရဲ့ လှုပ်ရှားမှုတွေကိုလည်း အမြဲစောင့်ကြည့်နေတဲ့ သဘောပေါ့။ ကျွန်တော် တပ်က ထွက်ခဲ့ရလို့ ၁၉၇၇ ခုနှစ် နှောင်းပိုင်းလောက်မှာ အင်းလျားလမ်းက မိသားစု တစ်ခုနဲ့ ခင်မင် ရင်းနှီးခဲ့ပါတယ်။ သူတို့က မကြာခဏ အလှူ့ခါန လုပ်တတ်တော့ သူတို့ လုပ်တဲ့ စားကောင်းသောက်ဖွယ်တွေကို ဒေါ်နီနီမြင့်အိမ်ကို သွားပို့ခဲ့ဖူးလို့ သိရတာပါ။

## ရတနာနတ်မယ်

၁၉၇၆ ခုနှစ်မှာ ကျွန်တော်ဟာ "ဗိုလ်ကြီး အုန်းကျော်မြင့်ရဲ့ နိုင်ငံတော် လုပ်ကြံမှု" ဇာတ်လမ်းမှာ အဖျားခတ်ခဲ့လို့ ရေကြည်အိုင်မှာ ခြောက်လ လောက် နေခဲ့ရပါတယ်။ ၁၉၇၆ ခုနှစ်၊ ဇူလိုင်လကနေ ၁၉၇၇ ခုနှစ် ဇူလိုင်လ အထိပါ။ ကျွန်တော်တို့ဟာ အစိုးရ သက်သေတွေလို့ သတ်မှတ်ထားတဲ့ အတွက် စားကောင်းသောက်ဖွယ်နဲ့လည်း နေရပါတယ်။ ရေဒီယိုတောင် ခွင့် ပြုပါတယ်။ သတင်းစာတွေကတော့ ထောင်က နေ့စဉ် ပို့ပေးပါတယ်။ ဩ ဂုတ်လရဲ့ ရက်တစ်ရက် သတင်းစာ မျက်နှာဖုံးမှာ "ဦးနေဝင်းနဲ့ ရတနာနတ် မယ်တို့ရဲ့ လက်ထပ်မင်္ဂလာ" ဆိုတဲ့သတင်း ပါလာပါတယ်။

အခြောက်တိုက် အချုပ်အနှောင် ခံနေရတဲ့ ကျွန်တော်တို့အဖို့တော့ သတင်းထူးပေါ့။ ကျွန်တော်က ဗိုလ်လောင်းဘဝနဲ့ ၁၉၆၂ ခုနှစ်လောက်မှာ ရတနာနတ်မယ်နဲ့ မေမြို့မှာ ဆုံခဲ့ဖူးပါတယ်။ ကျွန်တော့် သူငယ်ချင်း ဒေးဗစ် ဝီးလ်ရှား (ယခု ဩစတေးလျ) ရဲ့ မိဘများအိမ်မှာပါ။ အဲဒီအိမ်မှာ တွေ့ရတဲ့ Asia Week မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ သူ့ပုံ ပါတာကို တွေ့ရပါတယ်။ ထိုင် မသိမ်း အင်္ကျီ၊ ချိတ်ထဘီနဲ့ ပုခုံးပေါ်မှာ ရတနာတွေ စီခြယ်ထားတဲ့ တဘက်နဲ့ပါ။ ဆံပင်ကိုတော့ အုံလုံးသိမ်းထားပြီး ထိပ်ပေါ်က ဆံထုံးမှာ ရွှေ ဘီးကုတ်၊ စိန်ဆံထိုးနဲ့ ဆိုတော့ အလွန် ကျက်သရေ ရှိပါတယ်။ လူကိုယ်တိုင် မြင်ခဲ့ရတဲ့အခါမှာ အလွန် ချောမော လှပတဲ့ မိန်းမတစ်ယောက်လို့ ပြောနိုင်ပါ တယ်။ သူ့ရဲ့ နာမည်ကတော့ June Rose Bellamy ဖြစ်ပါတယ်။ သူ့ခင်ပွန်းကတော့ ကုလသမဂ္ဂ အရာရှိတစ်ဦး ဖြစ်ပြီး အရပ်ပုပု၊ ထိပ်ပြောင် ပါတယ်။ သူတို့နဲ့ ဆုံခဲ့ပေမဲ့ စကား လေးလုံးပြည့်အောင် မပြောခဲ့ဘူးပါ။

သူနဲ့ ကျွန်တော်နဲ့ တွေ့ခဲ့ဖူးကြောင်း ရေကြည်အိုင်မှာ အတူနေခဲ့တဲ့ ကိုဝင်းမောင်ကို ဇာတ်ကြောင်းပြန် ပြောပြနေခဲ့ပါတယ်။ နောက်ပိုင်းမှ သိလာ ရတာက ဦးနေဝင်းနဲ့ ခြွေရံသင်းပင်းတွေ (ထောက်လှမ်းရေးက သက်တော် စောင့် အဖြစ် ခေါ်သွားတဲ့ အရာရှိတွေ) ဟာ ပထမ ဆွစ်ဇာလန်ကို သွားကြပါ တယ်။ အဲဒီမှာ ဆေးစစ်တာတို့၊ သွေးလဲတာတို့ လုပ်တယ်လို့ သိရပါတယ်။ ဆွစ်ဇာလန်မှာ နေရင်းနဲ့ ရတနာနတ်မယ်နဲ့ အဆက်အသွယ် ရခဲ့ပါသတဲ့။


သမ္မတကြီးဦးနေဝင်းလက်ထပ်ပြီးစီး

ရတနာနတ်မယ်က ဆွစ်ဇာလန်ကို လိုက်လာပြီး အဲဒီကမှ အီတလီ နိုင်ငံသွားနေတဲ့မြို့ကို ကားနဲ့ သွားကြပါသတဲ့။ ကားနောက်ခန်းမှာ သူတို့နှစ်ယောက် စကားပြောနေကြတာ တဟီးဟီး တဟားဟားနဲ့လို့ သိရပါတယ်။

သူနဲ့အတူ လိုက်သွားဖူးတဲ့ ထောက်လှမ်းရေး အရာရှိတစ်ယောက်က ပြောလို့ သိရတာပါ။ သူတို့ကလည်း မပြောရဲပြောရဲပါ။ ဦးနေဝင်းက ရောက်တဲ့ နေရာတွေမှာ နိုင်ငံခြား ဧည့်သည်ကြီးတွေနဲ့ အတူတူ ဂေါက်ရိုက်တယ်၊ အဲဒီလို ဂေါက်ရိုက်စဉ်မှာ ဘော်လည်းကောင်း ဟိုတယ်မှာ ညအိပ်စဉ်မှာ ဘော်လည်းကောင်း နေ့ကော ညကောင်းတွေ စောင့်ပေးရတာပါ။ ဂေါက်ကွင်းကို လိုက်စောင့်ရပြီ ဆိုရင်တော့ အပေါ်က ကုတ်အင်္ကျီ ဝတ်ပြီး အတွင်းမှာတော့ အုစီသေနတ်ကို လွယ်ထားရပါတယ်။ အဲဒီသေနတ်က အစ္စရေး နိုင်ငံလုပ် ဖြစ်ပြီး အင်မတန် အသုံးတည့်တဲ့ လက်နက်ငယ်လေးပါ။

သူတို့ ဦးနေဝင်းနဲ့အတူ အီတလီနိုင်ငံကို လိုက်လာပြီး ရန်ကုန် အပြန်မှာတော့ ဦးနေဝင်းက ရတနာနတ်မယ်ကြီးကို ခေါ်ချလာပါရောတဲ့။ နောက်ဆုံးတော့ သူ့ကို လက်ထပ်ပြီး သတင်းစာထဲ ထည့်ကြော်ငြာရတဲ့ အဆင့်ထိ ဖြစ်လာတာပါ။ ဒေါ်နီနီမြင့်က ဇနီးနံပါတ် ၄ ဖြစ်ပြီးတော့ ရတနာနတ်မယ်က ဇနီးနံပါတ် ၅ ဖြစ်လာတာပေါ့။

## ရတနာနတ်မယ်နဲ့ ဒေါက်တာ မောင်မောင်

အဲဒီတုန်းက ဦးနေဝင်းနေတဲ့ အေဒီလမ်း (မေစလမ်း) က အိမ်ဟာ ဒေါက်တာ မောင်မောင်နဲ့ အိမ်နီးနားချင်းပါ။ ဦးနေဝင်းက မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ ဥက္ကဋ္ဌ ဖြစ်လေတော့ သူ့ဇနီး ရတနာနတ်မယ်ကို မြန်မာပြည်ရဲ့ အခြေအနေနဲ့ သမိုင်းကို သိအောင် ဒေါက်တာ မောင်မောင်ကို တစ်နေ့ နှစ်နာရီလောက် ပို့ချပေးဖို့ တာဝန်ပေးပါတယ်။ ဒါကြောင့် ဒေါက်တာ မောင်မောင်က ရတနာနတ်မယ်ကို မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်နဲ့ သမိုင်း ဘာသာရပ်တွေကို နေ့စဉ် ပို့ချရပါတယ်။

ရတနာနတ်မယ်ကြီးဟာ နေ့တိုင်း Gin အရက်ကို ပုံမှန်သောက်ပါသတဲ့။ Gin အရက်ဆိုတာ မွှေးမွှေးလေးမို့ ယဉ်ယဉ်နဲ့ ဖြည်းဖြည်းလေး မူးစေတဲ့

အရက်ပါ။ သူစကားက နေ့စဉ် ပုလင်းဝက်ပါတဲ့။ ဒေါက်တာ မောင်မောင်နဲ့ စကား။ ပေစကား ပြောနေတဲ့အချိန်က စပြီးသောက်တာ ညနေစာ စားတဲ့ အချိန်လောက်မှာ ပုလင်း တစ်ဝက်ကျိုးသွားပါပြီ။ ရတနာနတ်မယ်အဖို့ ဒေါက်တာ မောင်မောင်ဆီမှာ နေ့စဉ် သင်တန်း တက်နေရတာကို အင်မတန် စိတ်ဆင်းရဲခဲ့ပါသတဲ့။ Gin အရက်ကလေး ပုံမှန်သောက်ရလို့သာ ခံသာနေ တာပါတဲ့။

## သမိုင်းထဲက ဖြစ်ရပ်တစ်ခု

တစ်နေ့မှာတော့ ဒေါက်တာ မောင်မောင် ပို့ချတဲ့ ပုဂံသမိုင်း ဖြစ်စဉ်တစ်ခုမှာ ရတနာနတ်မယ် အရမ်း စိတ်ဝင်စားတဲ့ ဇာတ်လမ်းတစ်ခုကို ကြားလိုက်ရပါ တယ်။ ဘာလဲဆိုတော့ ပုဂံမင်းဆက်တစ်ခုက ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း မင်းတစ်ပါးအကြောင်းပါ။ မိဘုရားဖွားစော ခေတ်ပေါ့။ ပုဂံသမိုင်းကို သင်ဖူး တဲ့ သူတိုင်း မိဘုရားဖွားစော အကြောင်း သိကြပါတယ်။ တော်ရှာကလာတဲ့ ပညာဉာဏ်ကြီးတဲ့ အမျိုးသမီးကြီးတစ်ယောက်ပေါ့။ ဘုရင်ကတော်ကောက် လို့ မိဖုရားဖြစ်လာခဲ့တယ်၊ အဲဒီဘုရင်ကွယ်လွန်တော့ နောက်ဘုရင်ကလည်း မိဖုရား ဆက်မြှောက်တယ်။ သူ့နောက်က ဘုရင်ကလည်း သူ့ကို မိဖုရား ဆက်မြှောက်တယ် ဆိုတော့ အင်မတန် ကံကြီးတဲ့ မိန်းမတစ်ယောက်ပေါ့။

ခုနကပြောခဲ့တဲ့ မင်းဆိုး၊ မင်းညစ်တစ်ပါးကို မှူးကြီးမတ်ရာတွေက မခံ နိုင်တော့ ဘုရင်ကို လုပ်ကြံပြီး နောက်မင်းတစ်ပါးကို နန်းတင်ဖို့ စီစဉ်ကြပါ တယ်။ အဲဒီမင်း တောလိုက်ဖို့ မြို့တော်က ထွက်သွားတဲ့ အချိန်မှာ အားလုံး တစ်စုတစ်ဝေးတည်း မိဖုရားဖွားစောဆီကို သွားပြီး သူတို့အစီအစဉ်ကို တိုင် ပင်ပါတယ်။ သူတို့ အစီအစဉ်က ဘုရင်ကို ဖမ်းမယ်၊ ဖမ်းမိရင် လက်နက်နဲ့ သေမလား၊ အဆိပ်နဲ့ သေမလားလို့ မေးမယ်။ သူ ရွေးတဲ့အတိုင်း သူ့ကို အဆုံးစီရင်မယ် ဆိုတဲ့အကြောင်း ပြောပြတဲ့အခါ ဖွားစောကလည်း ဒီမင်း အကြောင်း သိထားပြီးသားမို့ မကန့်ကွက်လိုက်ပါဘူး။

ဒါကြောင့် မှူးကြီးမတ်ရာတွေဟာ ဘုရင်ရဲ့ တောစခန်းကို ရောက်တော့ ဝိုင်းပြီးဖမ်းတဲ့အခါ ဘုရင်ကို ဖမ်းမိပါတယ်။ ဘုရင်ရဲ့ အုပ်ချုပ်မှုကြောင့် တိုင်း

သူပြည်သားတွေ စိတ်ဆင်းရဲတဲ့အတွက် ဆက်ဇုပ်ချုပ်လို့ မသင့်လျော်တဲ့အတွက် အဆုံးစီရင်ဖို့ တိုင်ပင်ထားကြကြောင်း ပြောတဲ့အခါ ဘုရင်က မေးပါတယ်။ သူတို့ရဲ့ အစီအစဉ်ကို ဖွားစော သိရဲ့လားပေါ့။ အမတ်တွေကလည်း ဒီအစီအစဉ်ကို ဖွားစောကို တိုင်ပင်ပြီးမှ ရောက်လာကြတာဖြစ်ကြောင်း၊ ဒါ့ကြောင့် ဘုရင်ဟာ လက်နက်နဲ့ အဆိပ် တစ်ခုခုရွေးဖို့သာ ရှိကြောင်း ပြောတဲ့အခါ ဘုရင်က အဆိပ်ကို ရွေးသောက်လိုက်တဲ့အတွက် ကံကုန်သွားပါတယ်။

## ပြဿနာပေါ်ပြီ

ရတနာနတ်မယ်ကြီးက ဒီဇာတ်ကြောင်းကို သိပ်သဘောကျပါတယ်။ သူ့ကိုယ်သူ မိဖုရားဖွားစောပေါ့။ ဘုရင်ကြီးကတော့ ဦးနေဝင်းပေါ့။ အဲဒီလို စိတ်ကူး ဖြစ်နေတုန်းမှာ ကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ ဒါကတော့ ဦးနေဝင်း BIA မှာ ရှိစဉ်က သင်တန်းပို့ချတဲ့ ဂျပန်တပ်မတော်က အရာရှိဟောင်းတွေ မြန်မာပြည် ရောက်နေတဲ့အချိန်ပါ။ တစ်ညနေမှာ အဲဒီ ဂျပန်လေး-ငါးယောက်ကို သူ့အိမ်ခေါ်ပြီး ညစာစားပွဲ စီစဉ်ပါတယ်။ လူလည်း သိပ်မများပါဘူး။

သူတို့ကို ဖိတ်ထားတဲ့ ညနေပိုင်းမှာ ဂျပန်ဆရာတွေ ရောက်လာပါပြီ။ ဦးနေဝင်းတို့ စုံတွဲကလည်း ကြိုဆို ဧည့်ခံကြတာပေါ့။ ရတနာနတ်မယ်နဲ့ ဂျပန်ဆရာတွေကိုလည်း မိတ်ဆက်ပေးပါတယ်။ ဒီလိုနဲ့ အဖျော်ယမကာတွေနဲ့ ဧည့်သည်တွေကို ဧည့်ခံကြရင်း စကားတွေလည်း ရောက်တတ်ရာရာ ပြောနေကြတာပေါ့။ အဲဒီလို ပြောနေစိုက်မှာ ရတနာနတ်မယ်ကြီးက ဦးနေဝင်းကို မေးပါသတဲ့။ (ဒီအချိန်မှာ ရတနာနတ်မယ်က Gin ပုလင်းတစ်ဝက်စာလောက် သောက်ပြီးတော့ ရေရှိန်တိုက်နေပါပြီ။)

သူ့မေးခွန်းကတော့ "ဒါလင်၊ ဟိုတစ်နေ့က ပုဂံသမိုင်းတစ်ခု သင်ရတယ်၊ မင်းဆိုးမင်းညစ်တစ်ပါး အကြောင်းပေါ့၊ အဲဒီ မင်းဆိုးမင်းညစ်ကို မိဖုရားဖွားစောရဲ့ သဘောတူညီချက်နဲ့ အဆိပ်ကျွေး သတ်ခဲ့တယ်၊ အခုလည်း တိုင်းသူပြည်သားတွေက ဒါလင်ကို သိပ်မကြည်ဖြူကြတော့ဘူး၊ ဒါ့ကြောင့် ဖွားစောလိုပဲ ကိုယ်က You ကို အဆိပ်ကျွေးရင် ဒါလင် သောက်

မလား" ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဦးနေဝင်းက လှုပ်ကြီးပါ။ သူ့မိန်းမ မူးမူးနဲ့ ရစ်နေပြီဆိုတာ သိပါတယ်။ ဒါပေမဲ့ မကြားချင်ယောင်ဆောင် နေခဲ့ပါတယ်။ ဒါပေမဲ့ ရတနာနတ်မယ်က မလျှော့ပါဘူး၊ ထပ်မေးပြန်ပါတယ်။

ဦးနေဝင်းက မကြားချင်ယောင်ဆောင်နေပေမဲ့ စိတ်ကတော့ တိုနေပါပြီ။ ရတနာနတ်မယ်က ဖွတ်တိုးပြီး တတိယအကြိမ် မေးတဲ့အခါမှာ ဦးနေဝင်းက စားပွဲပေါ်က အလှယ်တွေ့ရတဲ့ ပြာထည့်တဲ့ ဖန်ဇလားနဲ့ ကောက်ထုလိုက်တာရတနာနတ်မယ်နဖူးကွဲသွားပါတယ်။ဒါနဲ့ရတနာနတ်မယ်ကလည်း သွေးသံရဲရဲနဲ့ အိမ်ထဲ ပြေးဝင်သွားပါသတဲ့။ ဒါပေမဲ့ ဦးနေဝင်းက ဂျပန်တွေနဲ့ dinner ကိုတော့ အစီအစဉ်အတိုင်း ဆက်ပြီး လုပ်ခဲ့ပါတယ်။

ရတနာနတ်မယ်ကတော့ အဲဒီညကတည်းက သူ့ပစ္စည်းတွေ ထုပ်ပိုးပြီး နောက်တစ်ပတ်မှာပဲ အီတလီ နိုင်ငံကို အပြီးပြန်သွားပါတော့တယ်တဲ့။ ဒါကတော့ ဦးနေဝင်းရဲ့ ပဥ္စမမြောက်ဇနီး ဒေါ်ရတနာနတ်မယ်ရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

## အတည်မပြုရစောက်တဲ့ တစ်ဆင့်ကြား စကား

ဒါတ် မဟုတ်တော့ ကျွန်တော် အတည်မပြုနိုင်ပါဘူး။ ထောက်လှမ်းရေးအဖွဲ့တွေ အပြင်ရောက်လာကြတော့ အခု ကျွန်တော် ကြားတယ်ဆိုတဲ့ သတင်းကို ဟုတ်တယ်လို့ ပြောတဲ့လူ ရှိသလို၊ မသိပါဘူးလို့ ပြောတဲ့လူလည်း ရှိကြပါတယ်။ ဒါက ဘာအကြောင်းလဲ ဆိုတော့ ရတနာနတ်မယ်ကြီးဟာ အီတလီနိုင်ငံ ရောက်တာနဲ့ "မြန်မာပြည်ရဲ့မှာ ......ရက်ကြာ" ဆိုတဲ့ စာအုပ် ရေးခဲ့ပါတယ်တဲ့။ အဲဒီစာအုပ်ဟာ သူပြန်သွားပြီး တစ်နှစ်အကြာလောက်မှာ ထွက်ပါတယ်။ အဲဒီစာအုပ် ထွက်မယ်သတင်းကြားတော့ ဦးနေဝင်းက နိုင်ငံခြား ဥပဒေ ကျွမ်းကျင်တဲ့ ရှေ့နေတစ်ဦး စေလွှတ်ပြီး အဲဒီစာအုပ် မထုတ်ဖို့ အာဏာဆိုင်ပါစေသတဲ့။ ဒါပေမဲ့ အနိုင်မရပါဘူးတဲ့။

ဒါ့ကြောင့်မို့ အဲဒီစာအုပ် လုံးဝ မထုတ်ဝေအောင် စာရေးသူ ရတနာနတ်မယ်နဲ့ အဲဒီရှေ့နေနဲ့ ညှိနှိုင်းတဲ့အခါ ဈေးနှုန်းတစ်ခုမှာ သဘောတူညီခဲ့ပါသတဲ့။ ဒါ့ကြောင့် အဲဒီရှေ့နေက ဦးနေဝင်းဆီ ပြန်တင်ပြတော့ ဦးနေဝင်းက

ကျသင့်သမျှ ဒေါ်လာငွေ သိန်းဂဏန်းလား၊ သန်းဂဏန်းလားတော့ မသိပါဘူး။ ပေးချေပြီး တာမှုကို အပိုင်ဝယ်လိုက်ပါသတဲ့။

ရတနာနတ်မယ်ဟာ ယနေ့အထိ အီတလီနိုင်ငံမှာ သက်ရှိထင်ရှား ရှိနေဆဲပါတဲ့။ မြန်မာ အစားအသောက်တွေပဲ ရောင်းတဲ့ဆိုင် ဖွင့်နေတယ် ဆိုလားပဲ။ အဲဒီကို ရောက်ဖူးတဲ့လူတွေ ပြန်ပြောလို့ ဝိုးတဝါး သိရပါတယ်။ ဦးနေဝင်းကတော့ အိမ်နီးမှာ ရှိနေတဲ့ ဒေါ်နီနီမြင့်ကို ပြန်လည် နေရာပေးပြီး ဇနီး နံပါတ် ၆ အဖြစ် ဆက်လက် ပေါင်းသင်းနေထိုင်ခဲ့ပါတယ်။ ဦးနေဝင်းရဲ့ ဘဝ နေဝင်ချိန်ကိုတော့ အားလုံးသိပြီးသားမို့ ရေးမပြတော့ပါဘူး။

*****

# ဦးနေဝင်း၊ ရှော်ဗီနှင့် (ဒေါ်)မေနန်းနွယ်

## ရှော်ဗီ (သို့) အက်စ် အာမက်

အက်စ် အာမက်ဟာ မိတ္ထီလာ ဇာတိပါ။ ကိုလိုနီခေတ်ကတည်းက မိတ္ထီလာကို ရောက်ရှိ အခြေချ နေထိုင်တဲ့ အိန္ဒိယနိုင်ငံဇာတိဖြစ်တဲ့ မိသားစုဝင် ဖြစ်ပါတယ်။ လူအများက သူ့ကို အတိုကောက် ရှော်ဗီလို့ ခေါ်ကြပါတယ်။ ကျွန်တော် မြို့ပေါ်မှာ ကျောင်းနေတော့ သူ့မိသားစုဟာ မိတ္ထီလာမြို့ရဲ့ အချမ်းသာဆုံး မိသားစုမှာ ပါခဲ့ပါတယ်။ ရှော်ဗီရဲ့ လုပ်ငန်းတွေကတော့ လမ်းတံတားနဲ့ အဆောက်အဦများ ဆောက်လုပ်တဲ့ ကန်ထရိုက်တာတစ်ဦးပါ။

မိတ္ထီလာမှာ ကျောင်းပိတ်ချိန်ရောက်ရင် ၁၀ တန်း ကျောင်းသားတွေ အပါအဝင် လူငယ် လေး-ငါးဆယ်လောက်ကို ကုလားရွာ (သူ့ဇာတိ) က သူ့ရဲ့ ခြံဝင်းထဲမှာ ညအိပ် နေစေပြီး သင်္ကြန် သံချပ်နဲ့ သီချင်းတွေ တိုက်စေပါတယ်။ သင်္ကြန်ကျချိန်မှာတော့ ကုန်တင်ကားကြီး တစ်စီးကို အလှပြကားအဖြစ် ဖန်တီးကာ သူ့ခြံမှာ ခေါ်ထားတဲ့ လူငယ်လေးတွေနဲ့ အတူ မန္တလေးကို သွားပြီး သင်္ကြန် ဆင်နွှဲကြပါတယ်။ သင်္ကြန်ပြီးမှ ပတ်စာခွာဖျာသိမ်း လုပ်ကြပြီး အိမ်ပြန်ကြတာပါ။ အဲဒီအဖွဲ့တွေရဲ့ ကုန်ကျစရိတ်အားလုံးကို ရှော်ဗီက အကုန်ခံခဲ့တာပါ။

သူတို့အဖွဲ့ရဲ့ နာမည်ကိုတော့ "ထီလာမောင်" လို့ အမည်ပေးထားပါတယ်။ အဲဒီအဖွဲ့ထဲမှာ ကျွန်တော့်ဦးလေးများ ဖြစ်ကြတဲ့ ဦးငြိမ်းမောင်နဲ့ ဦးသန်းမောင်တို့လည်း ပါပါတယ်။ ကျောင်းပိတ်ချိန်ကစပြီး သင်္ကြန်ပြီးတဲ့အထိ လူ လေး-ငါးဆယ်ရဲ့ ကုန်ကျစရိတ်၊ ထီလာမောင် သင်္ကြန်အဖွဲ့ မန္တလေးသွားတဲ့ စရိတ်တွေကို သူ့မိသားစုက ကျခံတယ်ဆိုတာ ငယ်ငယ်က ကျွန်တော့် ဉာဏ်နဲ့ လိုက်မမှီခဲ့ပါ။ လူ လေး-ငါးဆယ်ကို နှစ်လခန့် ကျွေးမွေးထား

ရှံမက မန္တလေး သင်္ကြန် လည်ပတ်တဲ့ ကုန်ကျစရိတ်တွေကို ဘာဖြစ်လို့များ သူတို့ ကျခံနိုင်လဲ ဆိုပြီးတော့ပေါ့။

ကျွန်တော် သိရသလောက် ကျွန်တော်တို့ လူမှုန်းသိတဲ့အချိန်မှာ တပ်မတော်က ဆောက်လုပ်ရေး ကန်ထရိုက်တွေ ရခဲ့ပါသတဲ့။ မိတ္ထီလာမြို့ပေါ်က တပ်မတော် အဆောက်အဦများ၊ တောင်ကြီးမှာ ရှိတဲ့ ရပခ အဆောက်အဦ များနဲ့ ဝထုံးတပ်မြို့က အဆောက်အဦတွေကို ကန်ထရိုက် ရခဲ့တယ်လို့ သိရ ပါတယ်။

ကျွန်တော် ကျောင်းသားဘဝကတည်းက ရှော်ဖိုမိသားစုရဲ့ ချမ်းသာ ကြွယ်ဝမှု အကြောင်းကို ကြားခဲ့ဖူးပါတယ်။ တစ်ခါမှာတော့ ရှော်ဖီဟာ ရှမ်း ပြည်နယ်က ဂျစ်ကားနဲ့ ပြန်လာပါသတဲ့။ သူ့တပည့် နှစ်ယောက် သုံးယောက် နဲ့ အတူပေါ့။ ကလော အလွန်ကျတော့ လမ်းတစ်နေရာက လူတချို့ ထွက် လာပြီး ရှော်ဖို ကားကို တားပါသတဲ့။ တားတဲ့သူတွေက ဓားပြတွေပါ။ အဲဒီ ခေတ်တုန်းက မိတ္ထီလာ-တောင်ကြီးလမ်း သွားတဲ့ ကားတွေကို ခဏ ခဏ ဓားပြတိုက်လေ့ ရှိပါတယ်။

ဓားပြတွေက ကားရပ်တော့ သေနတ်နဲ့ချိန်ပြီး ပါတာ အကုန်ထုတ်ဖို့ ခြိမ်းခြောက်ပါတယ်တဲ့။ ရှော်ဖီက ဓားပြတွေကို "ငါ ရှော်ဖီပါကွ" လို့ ဆိုတာနဲ့ ဓားပြတွေက "ဟာ... ဆရာမှန်း မသိလို့ တားမိတာ ခွင့်လွှတ်ပါ" လို့ တောင်း ပန်ပါသတဲ့။ အဲဒီတော့ ရှော်ဖီက ဓားပြတွေကို ပိုက်ဆံအိတ်ထဲက ပါလာတဲ့ ငွေတချို့ ထုတ်ပေးလိုက်ပါသတဲ့။ ကျပ် ၅၀၀၀ လောက် ရှိတယ်လို့ ပြောကြ ပါတယ်။ ဒီ သတင်းဟာ ရှမ်းပြည်နယ်နဲ့ မိတ္ထီလာမှာ ချက်ချင်း ပျံ့နှံ့သွားပါ တယ်။ အဲဒီအချိန်မှာ ရှော်ဖီရဲ့ အသက်က အသက် ၃၅ နှစ်လောက် ရှိပါပြီ

**(ခေါ်)ဝမနန်းနွယ်**

၁၉၅၉ ခုနှစ်၊ ဧပြီလကုန်လောက်မှာ ကျွန်တော် DSA ဝင်ခွင့် စာမေးပွဲ အောင် ပြီး ရန်ကုန်ကို လာရပါတယ်။ ဗိုလ်ရွေးအဖွဲ့ Officer Testing Team- OTT (ယခု ပြည်သူ့ရင်ပြင်) မှာ လာဖြေရတာပါ။ OTT မှာ လေးရက်လောက် ဖြေပြီးတဲ့အခါ အရွေးခံရလို့ သူနဲ့ တစ်ဆက်တည်း စစ်သား စုဆောင်းရေး

တပ်ဝင်းမှာ မေမြို့ကိုသွားဖို့ စောင့်နေရပါတယ်။ ကျွန်တော်နဲ့အတူ အနယ်နယ် အရပ်ရပ်က အရွေးခံရတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီအထဲမှာ ကိုကျော်ခင် (ကွယ်လွန်) လည်း ပါပါတယ်။ သူ့မိဘက တပ်မတော်ထဲကပါ။ မိတ္ထီလာ တပ်မတော် ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား နေရင်းနဲ့ ပါလာတာပါ။

စစ်သား စုဆောင်းရေးတပ်မှာ နေရင်း အားတဲ့အချိန်တွေမှာ မြေနီကုန်းက ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ကြည့်၊ တစ်ခါတလေ လှမ်းမြင်နေရတဲ့ ရွှေတိဂုံဘုရားပေါ် တက်ဖူး စတဲ့ လည်ပတ်မှုမျိုးပဲ လုပ်နိုင်ပါတယ်။ အသုံးစရိတ်ကလည်း အများကြီး မဟုတ်ပါဘူး။ ကိုကျော်ခင်ကတော့ အပေါင်းအသင်း များပါတယ်။ နေ့တိုင်းလိုလို အပြင်ထွက်လည်လေ့ ရှိပါတယ်။ တစ်နေ့ကျတော့ သူက ကျွန်တော့်ကို ထူးဆန်းတဲ့ မေးခွန်းတစ်ခု မေးပါတယ်။ "ဟေ့ကောင်.... မင်း မိန်းမချောချော မြင်ဖူးလား" ပါတဲ့။ ကျွန်တော် ရုတ်တရက် ပြန်မဖြေနိုင်ပါ။

ကျောင်းသားဘဝ သုငယ်တန်းကနေ ၁၀ တန်းအထိ နေခဲ့ရာမှာ အတန်းဖော် မိန်းကလေး သူငယ်ချင်းတွေ အများကြီးရှိပါတယ်။ သူတို့ဟာ ချောလား၊ မလှလား ကျွန်တော် သတိမပြုမိပါ။ ဒါကြောင့် ကျွန်တော်က ကိုကျော်ခင်ကို "မပြောတတ်ဘူးဗျာ" လို့ ပြန်ပြောလိုက်တော့ သူက "ဒါဆို ညနေ ငါနဲ့ လိုက်ခဲ့၊ မင်းကို ပြမယ်" လို့ ပြောပါတယ်။ ညနေကျတော့ ကျွန်တော် သူ့ နောက်ကို လိုက်ခဲ့ပါတယ်။ ဘတ်စ်ကား နှစ်ဆင့် စီးရပါတယ်။ ကျောက်တန်း ဆိုတဲ့ ရပ်ကွက်ကိုပါ။

လမ်းမကြီးကနေ အထဲဝင်တော့ ခြံနဲ့ ဝင်းနဲ့ လုံးချင်းအိမ် တစ်လုံးကို ရောက်ပါတယ်။ အိမ်ရှင်တွေက ကျွန်တော့်ကို ဖော်ဖော်ရွေရွေ ညှိခံပါတယ်။ ကိုကျော်ခင်နဲ့ မူလကတည်းက သိကျွမ်းပြီးသားနဲ့ တူပါတယ်။ ဧည့်ခန်းက ဆက်တီ ကုလားထိုင်မှာ လူတစ်ယောက် ထိုင်နေပါတယ်။ အသက် ၃၀ ကျော်လောက် ရှိမှာပါ။ အရပ်က ငါးပေ သုံးလက်မလောက်ပဲ ရှိမယ် ထင်ပါတယ်။ သူ့ထူးခြားချက်က ထိပ်က ပြောင်နေပါပြီ။ အဲဒီအချိန်မှာ အိပ်ခန်းလို့ ထင်ရတဲ့ အခန်းတစ်ခန်းက အမျိုးသမီး တစ်ယောက် ထွက်လာပါတယ်။

အမျိုးသမီးက ကိုကျော်ခင်ကို နှုတ်ဆက်ပြီး ကျွန်တော့်အနားမှာ လာထိုင်ပါတယ်။ ကျွန်တော့်ကိုလည်း မိတ်ဆက်ပေးပါတယ်။ အမျိုးသမီး ကျွန်တော့် အနားမှာ လာထိုင်တာနဲ့ သင်းထုံနေတဲ့ ရေမွှေးနံ့ ရပါတယ်။ သူ့အသက်က ကျွန်တော်တို့နဲ့ ရွယ်တူလောက် ရှိမှာပါ။ အရပ်ကတော့ သိသိသာသာ မြင့်ပါတယ်။ (ငါးပေ ရှစ်လက်မလောက် ထင်ပါတယ်။) ဒါတင်မကဘူး၊ ရုပ်ရည် အင်မတန် လှပတဲ့ မိန်းမတစ်ယောက် ဖြစ်တယ်လို့ ကျွန်တော့် စိတ်ထဲမှာ ဖြစ်ပါတယ်။ သူ့နာမည်က "မေနန်းနွယ်" ပါတဲ့။

သူ့နာမည်ကို ကျွန်တော် ကြားဖူးပါတယ်။ မယ်ဒဂုံလား၊ မယ်ဗမာလား အရွေးခံရပြီးသားပါ။ ကိုကျော်ခင် ကျွန်တော့်ကို ပြောတဲ့ မိန်းမချောဆိုတာ သူပဲဖြစ်ရမယ်လို့ ကျွန်တော့်စိတ်မှာ ဖြစ်လာပါတယ်။ ကျွန်တော်တို့လည်း နာရီဝက်လောက် ကြာတော့ ပြောစရာစကား ကုန်တာနဲ့ နှုတ်ဆက်ပြီး ပြန်လာကြပါတယ်။ အပြန်ကျမှ ဘတ်စ်ကားပေါ် ရောက်တော့ ကိုကျော်ခင်က ညှော်ခန်းမှာ တွေ့ခဲ့တဲ့ ထိပ်ပြောင်ပြောင်နဲ့လူဟာ မေနန်းနွယ် အရင်တစ်နှစ် ၁၀ တန်း ဖြေစဉ်မှာ ကျူရှင်ပေးတဲ့ ဆရာပါတဲ့။ အင်ဂျင်နီယာ ဘွဲ့ရတစ်ယောက် ဖြစ်ပြီး မေနန်းနွယ်နဲ့ အိမ်ထောင်ကျနေပြီလို့ ပြောပါတယ်။

အဲဒီတော့မှာ ကျွန်တော်က ကိုကျော်ခင်ကို "ခင်ဗျားဗျာ.... သူများမိန်းမ ဖြစ်နေတဲ့သူကိုများ ကျုပ်ကို ခေါ်ပြနေသေးတယ်၊ ဘာမှ အဓိပ္ပာယ် မရှိဘူး" လို့ ပြောတဲ့အခါ "ဘာပြောပြော၊ လှတာတော့ လှတယ်မဟုတ်လား" လို့ ကိုကျော်ခင်က စကားပိတ်လိုက်ပါတယ်။ နောက်ပိုင်း ကျွန်တော်တို့ DSA ရောက်တဲ့အခါ ကိုကျော်ခင့်ဆီကပဲ မေနန်းနွယ်ရဲ့ သတင်း ကြားရပါတယ်။ သူ့ယောက်ျားကြီးနဲ့ ကွဲပြီး မြန်မာ့လေကြောင်း Burma Airways Corporation - BAC မှာ လေယာဉ်မယ် လုပ်နေတဲ့ အကြောင်း သိရပါတယ်။

## မေနန်းနွယ်၊ ရှော်ဗီနဲ့ ဦးနေဝင်း

တစ်ရက်သောနေ့မှာတော့ ဦးနေဝင်းကလည်း မန္တလေးမှာ တပ်ကိစ္စ လာရင်း အပြန်မှာ BAC နဲ့ ပြန်ပါတယ်။ ရှော်ဗီကလည်း မန္တလေးကို လုပ်ငန်းတွေ လာကြည့်ရင်းနဲ့ ရန်ကုန်ကို ပြန်မှာမို့ လေယာဉ်စီးတော့ ဦးနေဝင်းနဲ့ လေယာဉ်အတူ

ပေါ်မှာ ဆုံကြပါတယ်။ သူတို့နှစ်ယောက်က မူလကတည်းက သိကျွမ်းပြီးသား ပါ။ ဖြစ်ချင်တော့ အဲဒီ လေယာဉ်ပျံပေါ်မှာ လိုက်လာတဲ့ လေယာဉ်မယ်က မေနန်းနွယ်ပါ။

အဲဒီအချိန်မှာ ရော်ဇီက အိမ်ထောင်ကျနေပါပြီ။ ဦးနေဝင်းက ဒုတိယ အိမ်ထောင်နဲ့ အဆင်မပြေလို့ ကင်းကွာနေပြီး တတိယအိမ်ထောင်ဖြစ်မယ့် ဒေါ်ခင်မေသန်းနဲ့ မဆုံရသေးပါ။ မေနန်းနွယ်ဟာ အင်မတန် ချောတဲ့ မိန်း ကလေး ဆိုတော့ လေယာဉ်ပျံပေါ်မှာ ဆုံတဲ့အခိုက် သူ့ကို ဦးနေဝင်းကရော၊ ရော်ဇီကပါ သဘောကျကြပါသတဲ့။ ဦးနေဝင်းက ကာကွယ်ရေးဦးစီးချုပ်ဆိုတဲ့ ရာထူးပုဒ်ရှိတော့ မေနန်းနွယ်ကို နှုတ်ဆက်ရင်း နောက်လိုက်၊ ပြောင်လိုက်နဲ့ ဆက်ဆံပါသတဲ့။ သူ့ စိတ်ဝင်စားပေမဲ့ "ရောက်ရောက်ခြင်း၊ ဆောက်နဲ့ထွင်း" ဆိုလို မလုပ်ဘဲ ရေရှည် ချဉ်းကပ်ရမယ့် နည်းကို သုံးမယ့်ဟန် တူပါတယ်။ အမာခံ ပိုး ပိုးမယ့် သဘောပေါ့။

ဒါပေမဲ့ ရန်ကုန်ကို ရောက်လို့ မေနန်းနွယ် မိမိအိမ်ကို ရောက်ခါရှိသေး တယ် ရော်ဇီက သူ့အိမ်ကို ကားနဲ့ လိုက်လာပါသတဲ့။ သူနဲ့အတူ လက်ကိုင် သေတ္တာ အကောင်းစား Attache case တစ်ခုနဲ့ အပြည့် ရာတန် ငွေစက္ကူတွေ ထည့်လာပါသတဲ့။ စုစုပေါင်း ကျပ်ငါးသိန်း ရှိပါသတဲ့။ ရော်ဇီက အဲဒီပိုက်ဆံနဲ့ မေနန်းနွယ်ကို သူ့မိဘဆီက လာတောင်းတာပါ။ အဲဒီခေတ်က ငွေကျပ် လေးထောင် ရှိရင် ဂျစ်ကားတစ်စီး ဝယ်လို့ရတဲ့ ခေတ်ပါ။

အဲဒီလောက် များတဲ့ငွေတွေ ဆိုတော့လည်း သူ့မိဘက ဘယ်လို ငြင်း နိုင်တော့မှာလဲလို့။ နောက်တော့ မေနန်းနွယ်က သူ့အသိမိတ်ဆွေတွေကို ပြောပါသတဲ့။ ရော်ဇီမှာ ပထမ မယားကြီး ရှိသော်လည်း သူက ဗုဒ္ဓဘာသာမှ မဟုတ်တာ။ ပြဿနာ မရှိဘူးပေါ့။ ရော်ဇီကလည်း အိမ်တစ်ဆောင်၊ မီး ဖိုတစ်ပြောင်နဲ့ သူ့ကို ထားပါတယ်။ ရွှေတောင်ကြား ရပ်ကွက်က ရေကူးကန် ရှိတဲ့ အိမ်တစ်လုံးကို သူနာမည်နဲ့ နေစေပါတယ်။

မေနန်းနွယ်ဟာ ရော်ဇီနဲ့ ရသွားပြီလို့ ကြားတဲ့အခါမှာ ဦးနေဝင်းက အကြီးအကျယ် ဒေါသ ထွက်ပါသတဲ့။ မေနန်းနွယ်ကို သူနဲ့ ရော်ဇီတို့ တစ်ပြိုင် နက်တည်း တွေ့ခဲ့ကြတာ သူမှတ်မိတာပေါ့။ ပြီးတော့ သူက ကြိမ်းဝါးပါတယ်။

"ခွေးကုလား..... ငါတို့တပ်က ကန်ထရိုက်တွေနဲ့ ကြီးပွားနေတဲ့ကောင်၊ သိမယ်" လို့ ဆိုပြီး မကြာမီမှာ တပ်မတော်မှာ ဂျီအီး G.E. လို့ အများကသိထားတဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာ တပ်ဖွဲ့ကို ဖွဲ့စည်းလိုက်ပါတယ်။

ဒါကြောင့် G.E. တပ်ဖွဲ့ ပေါ်ပေါက်လာတာဟာ မေနန်းနွယ် ကျေးဇူး မကင်းဘူးလို့ ပြောနိုင်ပါတယ်။ အဲဒီ နောက်ပိုင်းမှာ တပ်မတော်က လုပ်ငန်းကြီး မှန်သမျှ (လမ်း၊ တံတား၊ အဆောက်အဦ) တွေ ဆောက်လုပ်ရာမှာ G.E. ကိုပဲ တာဝန်ပေးပါတော့တယ်။ အခုဆိုရင် လူအများက G.E. က ပုဂ္ဂိုလ်ဆိုရင် ဘယ်လိုပုံစံမျိုး ဆိုတာ အားလုံးက သိကြပါတယ်။ အဲဒီတပ်မှာ ရဲဘော်က စပြီး တပ်ညွှန်ကြားရေးမှူး/ဗိုလ်ချုပ်အဆင့် အထိ သာမန် ချောင်လည်တယ် ဆိုတာထက် ပိုတဲ့ အနေအထားတွေ ရှိနေပါပြီ။

## ရှော်ဇီ ထောင်နန်းစံရခြင်း

လမ်းစဉ်ပါတီခေတ်မှာ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မယ် ဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်နဲ့ နိုင်ငံရဲ့ စီးပွားရေးကို ဦးနေဝင်းက အကောင်အထည် ဖော်ဖို့ ကြိုးစားခဲ့ပါတယ်။ အောင်မြင်မှုမရဘဲ အကော်အခဲမျိုးစုံ ကြုံခဲ့ရပါတယ်။ ဒါကြောင့် ဆိုရှယ်လစ် စီးပွားရေး စနစ်ကို ကာကွယ် စောင့်ရှောက်ရမယ့် ဥပဒေတွေ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ ဥပဒေကို အကောင်အထည် ဖော်တဲ့ အနေနဲ့ "ဓားကော စစ်ဆင်ရေး" လို့ အမည်တပ်ပြီး တစ်နိုင်ငံလုံးက မြို့နယ် အဆင့်ထိ မြို့အသီးသီးမှာ ရှိတဲ့ ချမ်းသာ ကြွယ်ဝတဲ့သူတွေကို ဖမ်းဆီး ထောင်ချခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာနဲ့ မေမြို့က ကျွန်တော့် အသိ မိတ်ဆွေတွေလည်း ပါသွားခဲ့ပါတယ်။

ရှော်ဇီကတော့ ထိပ်ဆုံးကပေါ့။ သူ့ကို ဥပဒေအရလည်း ငြိလို့ ဖမ်းတာ အပြင် လူပုဂ္ဂိုလ်ချင်း အမြင်မကြည်လို့ ဆိုတဲ့ အချက်လည်း ပါနိုင်ပါတယ်။ ရှော်ဇီ အဖမ်းခံရတဲ့အချိန်နဲ့ တစ်ပြိုင်နက်လောက်မှာ ဘိန်းဘုရင်လို့ နာမည်ကြီးတဲ့ လော်စစ်ဟန် (ကိုထွန်းမြင့်နိုင်- Steven Lao ရဲ့ အဖေ) လည်း အင်းစိန်ထောင်မှာ ရှိပါတယ်။ ထောင်ဝန်ထမ်းတွေကတော့ အဲဒီလို ပိုက်ဆံ ချမ်းသာတဲ့လူတွေ ထောင်ထဲ ရောက်လာတာ အရမ်း ဝမ်းသာကြပါတယ်။

သူတို့ကို မိုးပြီး လက်ဆောင်ပစ္စည်းတွေ ရတတ်ကြလို့လေ။

သူတို့ ရှိစဥ်တုန်းက နေ့ရာသီဆိုရင် ရေခဲ ပေါင် ၂၀၀ တုံးတွေကို ဆောင်ထဲ သွင်းပြီး တစ်ထောင်လုံး အအေးတိုက်တာတို့၊ တစ်ထောင်လုံး ဆေးပေါက် ကျွေးတာတို့ လုပ်ခဲ့တယ်လို့ ထောင်ဝန်ထမ်းတွေ ပြောပြတာ ကြား ခဲ့ရဖူးပါတယ်။ ရှော်ဇီ ထောင်ထဲ ရောက်တဲ့အချိန်မှာ မေနန်းနွယ်က ထောင် ဝင်စာ ပုံမှန်လာတွေ့တယ်လို့ သိရတော့ သူတို့ အိမ်ထောင်ရေးဟာ ကြာ ရှည် ခိုင်မြဲတယ်လို့ သိလိုက်ရပါတယ်။ ရှော်ဇီမှာ မေနန်းနွယ်အပြင် တခြား မိန်းမ ရှိတယ်လို့ မကြားမိခဲ့ပါဘူး။

အခုတော့ ဦးနေဝင်းရော၊ ရှော်ဇီရော ကွယ်လွန်သွားခဲ့ကြပါပြီ။ မေ နန်းနွယ် ကွယ်လွန်တာကိုတော့ မကြားမိသေးပါဘူး။ ရှိသေးရင်တော့ ကျွန် တော်နဲ့ ရွယ်တူလို့ အသက် ၈၀ မပြည့်တပြည့်တော့ ရှိနေပြီလို့ ဆိုရမှာပါ။

ဒီဆောင်းပါး ရေးခြင်းရဲ့ ရည်ရွယ်ချက်က တစ်မတော်မှာ နာမည်ကြီး တဲ့ G.E. တပ်ဖွဲ့ဟာ ရှော်ဇီက ခြေသွက်၊ လက်သွက်နဲ့ မေနန်းနွယ်ကို ကောက်ယူလိုက်တာကို ထိုစဥ်က ဗိုလ်ချုပ်ကြီး နေဝင်းက မကျေနပ်တဲ့ အတွက် ရှော်ဇီ လုပ်နေတဲ့ ဆောက်လုပ်ရေး လုပ်ငန်းတွေကို လုပ်ဖို့ တပ်ဖွဲ့ ဘစ်ခု ဖွဲ့ရင်းနဲ့ G.E. တပ် ပေါ်ပေါက်လာပုံကို တင်ပြချင်လို့ပါ။

*****



# မြန်မာပြည် ထောက်လှမ်းရေးများရဲ့ အနှစ် ၂၀ သံသရာ စက်ဝန်း

**ထောက်လှမ်းရေး အဖွဲ့အစည်း အမျိုးမျိုး**

ကျွန်တော်တို့ နိုင်ငံဟာ သူ့ကျွန်ဘဝကနေ လွတ်မြောက်ခဲ့တာ ၁၉၄၈ ခုနှစ်က စပြီး ရေတွက်ရင် နှစ်ပေါင်း ၇၀ ရှိပါပြီ။ နိုင်ငံ တစ်နိုင်ငံရဲ့ အုပ်ချုပ်ရေး ယန္တရားမှာ လုံခြုံရေး၊ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍ အသီးသီးဟာ ဟန်ချက်ညီညီ လုပ်ကြရပါမယ်။ အဓိကကတော့ နိုင်ငံ့အကျိုး ပြည်သူ့အကျိုး ရှေးရှုပြီး တာဝန်ထမ်းကြတာပါ။

လွတ်လပ်ရေး ရပြီးစမှာတော့ အရင် အင်္ဂလိပ်အစိုးရ လက်ထက်က ချန်ထားခဲ့တဲ့ အုပ်ချုပ်ရေး ယန္တရားတွေနဲ့ စခန်းသွားခဲ့ကြတာပါ။ ဥပမာ ကာကွယ်ရေးနဲ့ ပတ်သက်ရင် တပ်မတော်နဲ့ပဲ ဆိုင်တယ်၊ ပြည်တွင်းမှာ တရားဥပဒေ စိုးမိုးရေးနဲ့ ပတ်သက်ရင်တော့ ရဲတပ်ဖွဲ့နဲ့ ဆိုင်တယ်။ ခက်ခဲ ရှုပ်ထွေးတဲ့ ရာဇဝတ်မှုတွေအတွက်ကတော့ Criminal Investigation Department - CID ရှိပြီးသားပါ။ ဒီလိုသဘော ရှိပါတယ်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်း ဝန်ထမ်းလောကမှာ အဂတိတရားတွေ ထွန်းကားလာတဲ့ အတွက် ဦးနုရဲ့ ဆန္ဒနဲ့ ပေါ်ပေါက်လာတဲ့ အထူး စုံစမ်း စစ်ဆေးရေး အဖွဲ့ (ဗျူရို) တစ်ခုလည်း ဖွဲ့စည်းခဲ့ပါတယ်။ တပ်မတော် တပ်ခွဲ အသီးသီးမှာတော့ ရန်သူကို ရင်ဆိုင်ရာမှာ သုံးရတဲ့ Conbat Intelligence အဖွဲ့ဆိုတာ ဖွဲ့စည်းပုံမှာ ပါပြီးသားပါ။ ကာကွယ်ရေး ဝန်ကြီး ဌာနမှာတော့ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးရုံး Military Intelligence - MI ဆိုတာ ရှိပါတယ်။ ဒီအဖွဲ့ရဲ့ အဓိက တာဝန်ကတော့ မိမိတို့ ရင်ဆိုင်ရမယ့် ရန်သူရဲ့ အနေအထားကို စုံစမ်း ထောက်လှမ်းရတာပါ။

## တပ်မတော် ထောက်လှမ်းရေး

မြန်မာပြည်ကတော့ ထူးခြားပါတယ်။ မြန်မာ့ တပ်မတော်ရဲ့ ပထမဦးဆုံး စစ်ဦးစီးချုပ်ဟာ ဗိုလ်ချုပ်ကြီး စမစ်ဒွန်း ဖြစ်ပါတယ်။ သူဟာ ကရင် လူမျိုးပါ။ စောဘဦးကြီး ခေါင်းဆောင်တဲ့ ကရင် အမျိုးသားတွေက လက်နက်ကိုင် တော်လှန်ရေးလုပ်ဖို့ တောခိုသွားတဲ့အခါ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းဟာ နုတ်ထွက်သွားခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဦးနေဝင်းဟာ ဗိုလ်ချုပ်ကြီးဘဝနဲ့ တပ်မတော် ဦးစီးချုပ်ဖြစ်လာခဲ့ပါတယ်။ သူဟာ အသက် ၆၀ ကို ၁၉၇၂ ခုနှစ်လောက်မှာ ပြည့်တော့ တပ်မတော်က အငြိမ်းစားယူသွားခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော် စစ်ရုံးကို ရောက်နေပါပြီ။

သူဟာ တပ်မတော် ဦးစီးချုပ် မဟုတ်တော့ဘဲ သမ္မတ ဖြစ်လာခဲ့ပေမဲ့ စစ်ရုံးက သူ့ဆီ နေ့စဉ် ပို့ပေးတဲ့ Situation Report (Sitrep) မှာ အမြဲတမ်း သူ့ရဲ့ မှတ်ချက်နဲ့ ပြန်ကျလာလေ့ရှိပါတယ်။ သူ့ရဲ့ မှတ်ချက်ပါတဲ့ Sitrep တွေဟာ သူ ဦးစီးချုပ်ဘဝက ရေးခဲ့တဲ့ မှတ်ချက်တွေထက်တောင် ပိုများဦးမှာပါ။ ဦးနု အုပ်ချုပ်တဲ့ အရပ်သား အစိုးရ လက်ထက်မှာတော့ စစ်ထောက်လှမ်းရေးဟာ ပုံမှန် ထောက်လှမ်းရေး လုပ်ငန်းတွေ လုပ်နေခဲ့ပေမယ့် တော်လှန်ရေး ကောင်စီ လက်ထက် ရောက်တဲ့အခါမှာတော့ တပ်မတော် ထောက်လှမ်းရေး တပ်ဖွဲ့တွေဟာ နိုင်ငံရေးနယ်ပယ်တွေမှာ ထောက်လှမ်းရေး လုပ်ငန်းတွေ တိုးချဲ့ ထောက်လှမ်းလာခဲ့ကြပါတယ်။

## တော်လှန်ရေးကောင်စီနဲ့ ဆိုရှယ်လစ်လမ်းစဉ်

၁၉၆၂ ခုနှစ်၊ မတ်လမှာ ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေး ကောင်စီဟာ နိုင်ငံရဲ့ အာဏာအရပ်ရပ်ကို သိမ်းပိုက်လိုက်ပါတယ်။ နိုင်ငံ့အာဏာကို ရပြီး မကြာခင်မှာ မြန်မာပြည်ကို ဆိုရှယ်လစ် စနစ်နဲ့ ရှေ့ဆက် စခန်းသွားတော့မယ်လို့ ကြေညာခဲ့ပါတယ်။ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို လည်း ကြေညာပြီး ပါတီလည်း တည်ထောင်ခဲ့ပါတယ်။ ပါတီဝင်တွေလည်း စုဆောင်းခဲ့ပါတယ်။ မူအရ တပ်မတော် အရာရှိ အားလုံးဟာလည်း ပါတီကို ဝင်ကြရပါတယ်။ ပါတီဝင်ဖို့ ဆန္ဒမရှိတဲ့ အရာရှိတွေကိုကျတော့ အရေးယူတာ

မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီလို ပုဂ္ဂိုလ်တွေကို ပညာသားပါပါနဲ့ ဘေးဖယ်ပြီး အရေးပါတဲ့ တာဝန်တွေ မပေးတော့ပါဘူး။ သူတို့ ရာထူးတိုးမယ့် ကိစ္စတွေ လည်း အထစ်အငေါ့ ဖြစ်ကုန်ပါတယ်။

## ပြည်သူပိုင် သိမ်းကုန်ကြပြီ

ဆိုရှယ်လစ် လမ်းစဉ်နဲ့ ဆိုရှယ်လစ် စီးပွားရေး စနစ် တည်ဆောက်မယ် လို့ ကြေညာပြီးတဲ့အခါ စနစ်နဲ့ လိုက်လျောညီထွေတဲ့ လုပ်ရပ်တွေ စတင် အကောင်အထည် ဖော်ပါတော့တယ်။ ပထမဦးဆုံး ဘဏ်တွေကို ပြည်သူပိုင် သိမ်းလိုက်ပါတယ်၊ အများသုံး ငွေကြေးဖြစ်တဲ့ ကျပ် ၁၀၀ တန်နဲ့ ကျပ် ၅၀ တန်တွေကို တရားမဝင် ကြေညာခဲ့ပြီး ငွေမည်းတွေ ဖော်ထုတ်ခဲ့ပါတယ်။

အလားတူပဲ စီးပွားရေး လုပ်ငန်းကြီးများ၊ ဝတိုးဆိုင်များနဲ့ ရုပ်ရှင်ရုံများ ကိုလည်း ပြည်သူပိုင် သိမ်းခဲ့ပါတယ်။ စီးပွားရေး လုပ်ငန်းတွေမှာသာမက ပညာရေး နယ်ပယ်မှာ ရှိတဲ့ ပုဂ္ဂလိက ကျောင်းတွေကိုလည်း ပြည်သူပိုင် သိမ်းခဲ့ပါတယ်။ ပြည်သူပိုင် သိမ်းခံရတဲ့ ကျောင်းအများစုဟာ ပြည်ပက လူမှု ရေး၊ ဘာသာရေး လှုပ်ရှားမှု အောက်မှာ ရှိနေတဲ့ ကျောင်းတွေလို့ ဆိုပါတယ်။

## မကျေနပ်တဲ့ အုပ်စုများနဲ့ ဗိုလ်ကြီး ကျော်စွာမြင့်

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ဆိုတဲ့ မူဝါဒ လမ်းစဉ်နဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး နယ်ပယ်တွေမှာ အကောင်အထည်ဖော်ဖို့ ကြိုးစားတဲ့အခါ တချို့ သော ပုဂ္ဂိုလ်များ တစ်ဦးချင်း သော်လည်းကောင်း၊ အဖွဲ့လိုက် သော်လည်း ကောင်း ထိခိုက်ကုန်ကြပါတယ်။ အဲဒီလို ထိခိုက်သွားတဲ့ အုပ်စုထဲမှာ ဗိုလ် ကြီး ကျော်စွာမြင့် ဆိုတဲ့ပုဂ္ဂိုလ် ပါဝင်ခဲ့ပါတယ်။ ဗိုလ်ကြီး ကျော်စွာမြင့်ဟာ အဲဒီတုန်းက တပ်မတော် ထောက်လှမ်းရေး တပ်ဖွဲ့က အရာရှိတစ်ဦး ဖြစ်ပါ တယ်။ ဦးနေဝင်းရဲ့ အနီးကပ် လုံခြုံရေးလည်း တာဝန်ယူရပါတယ်။

ဗိုလ်ကြီး ကျော်စွာမြင့်ဟာ ကရင်နဲ့ ဥရောပသွေး နှောတဲ့ အရာရှိ တစ်ဦးပါ။ သူနဲ့ ပတ်သက်လို့ စစ်ရုံးက တပ်ဖွဲ့အားလုံးကို ဝေတဲ့ စာစောင်မှာ ပါတဲ့ ဓာတ်ပုံအရ လူချောတစ်ယောက်ပါ။ ကျွန်တော် အတွေ့အကြုံအရ

ကပြားတွေဆိုရင် ကျား၊ မ မဟူ ရုပ်ချောကြတယ်ဆိုတာ တွေ့ခဲ့ရဖူးပါတယ်။ အရပ်က ထောင်ထောင်မောင်းမောင်း ငါးပေ ရှစ်လက်မလောက် ရှိပါတယ်။ သူဟာ ခရစ်ယာန် ဘာသာဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ဘွဲ့ရတစ်ဦး ဖြစ်ပြီး အထက်တန်းကျောင်းတုန်းက တက်ခဲ့တဲ့ ကျောင်းဟာ စိန့် (Saint) ကျောင်း တစ်ခုဖြစ်ပါတယ်။

## လုပ်ကြံဖို့ စဉ်းစားလာကြပြီ

သူ တက်ခဲ့တဲ့ ကျောင်းကလည်း ပြည်သူပိုင် သိမ်းခံရတယ်၊ သူ့ရဲ့ အသိုင်း အဝိုင်းနဲ့ ဆွေမျိုးတွေရဲ့ လုပ်ငန်းတွေလည်း ပြည်သူပိုင် အသိမ်းခံရတယ် ဆိုတော့ သူ့မှာ မကျေနပ်တဲ့စိတ်တွေ ပေါ်လာပါလိမ့်မယ်။ အဲဒီစိတ်တွေနဲ့ အခြေခံတဲ့ သူ့ဆွေမျိုး အသိုင်းအဝိုင်းမှာလည်း ပြောကြ ဆိုကြပါလိမ့်မယ်။ ဒီလို ဒုက္ခတွေ အားလုံးဟာ ဗိုလ်ချုပ်ကြီး နေဝင်းကြောင့် ဖြစ်တယ်ဆိုတာ သူတို့ အခြေထုတ်လို့ ရပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေ ရပ်တန့်ဖို့ ဆိုတာ ဦးနေဝင်း မရှိမှ ဖြစ်တော့မှာပေါ့။ အဲဒီတော့ ဦးနေဝင်းရဲ့ အနီးကပ် ဖြစ်တဲ့ သူတို့အမျိုး ဗိုလ်ကြီး ကျော်စွာမြင့်ဟာ သူတို့ လိုချင်တဲ့ အခြေ ရဖို့ အဓိက ဇာတ်ကောင်တစ်ကောင် ဖြစ်လာတာပေါ့။

## လုံခြုံရေးအသိ ရှိတဲ့ ဗိုလ်ချုပ်ကြီး နေဝင်း

ဗိုလ်ချုပ်ကြီး နေဝင်းဟာ ၁၉၄၉ ခုနှစ်လောက် ကတည်းက တပ်မတော် ဦးစီး ချုပ် ဖြစ်ခဲ့တာပါ။ ၁၉၆၄ ခုနှစ်လောက်မှာတော့ အတွေ့အကြုံတွေ ကြွယ်ဝ နေပါပြီ။ ပြီးတော့ သူ့ရဲ့ ဇီဇအရ သူ့ရဲ့ လုံခြုံရေးကို အမြဲတမ်း နီးနီးကြားကြား ထိန်းသိမ်းနေခဲ့တာပါ။ ဒါကြောင့်မို့လည်း သူ့ရဲ့အနီးကပ် လုံခြုံရေးတွေအဖြစ် သူ သနက ၄ မှာ တပ်ရင်းမှူး ဖြစ်တုန်းက တွဲခဲ့ဖူးတဲ့ တပ်ကြပ်ကြီးတွေနဲ့ အရာခံဗိုလ်တွေကို ပြန်ခေါ်ပြီး ခန့်ရုံထားခဲ့ပါတယ်။ အရာရှိတွေထက် အဲဒီ အခြား အဆင့်တွေကို ပိုပြီး ယုံကြည် ကိုးစားပါတယ်။ တစ်ဆင့် ပြောစကား ကြားရဖူးတာက တော်လှန်ရေး ကောင်စီ တက်ခါစ ကာလက နှစ်တွေမှာ ဆိုရင် သူ အိပ်တဲ့ ခုတင်ခေါင်းမှာ သူ ယုံကြည် စိတ်ချတဲ့ တပ်ကြပ်ကြီး

အရာခံဗိုလ် တစ်ယောက်ယောက်ကို အမြဲ အိပ်စေခဲ့တယ်လို့ သိရပါတယ်။

## ဗိုလ်ကြီး ကျော်ဇွာမြင့် တောခိုပြီ

ပြီးတော့လည်း သူ့နားမှာ အနီးကပ် ရောက်လာတဲ့ ဘယ်အရာရှိမျိုး မဆို သူ ဟာ အမြဲတမ်း အကဲခတ်ပြီး အကဲဖြတ်လေ့ ရှိပါတယ်။ လူကဲခတ် အင်မတန် တော်တဲ့ အတွက် ထောက်လှမ်းရေး အရာရှိဖြစ်တဲ့ ဗိုလ်ကြီး ကျော်ဇွာမြင့် အမူအရာ ပျက်နေတာကိုလည်း သတိထားမိမှာ သေချာပါတယ်။ ဒါ့ကြောင့် ဗိုလ်ကြီး ကျော်ဇွာမြင့်ဟာ ဗိုလ်ချုပ်ကြီး နေဝင်းကို လုပ်ကြံဖို့ အကြံအစည် မအောင်မြင်တော့ဘဲ သူ့ ကရင် အဆက်အသွယ်တွေနဲ့ တောခိုသွားခဲ့ပါ တယ်။ သူ တောခိုသွားတဲ့ အတွက်ကြောင့် သူနဲ့ ပတ်သက်တဲ့ အရာရှိ အလက် အားလုံးကို ဓာတ်ပုံနဲ့တကွ တပ်မတော် တပ်ရင်းတပ်ဖွဲ့ အသီးသီး ကို ဖြန့်ဝေခဲ့လို့ သိရတာပါ။

စစ်ရုံးက အဲဒီစာကို ကျွန်တော်တို့ တပ်ကို ပို့တဲ့အခါ တပ်ရင်း ဌာနချုပ် အပိုင်ကို ရောက်သွား ပါတယ်။ အဲဒီကမှ နောက်တန်းက လစာပို့တဲ့ အဖွဲ့နဲ့ ပါလာလို့ ကျွန်တော်က အဦးဆုံး ဖတ်ရတာပါ။ အဲဒီအချိန်မှာ ကျွန်တော်က စစ်ကြောင်းရဲ့ IO ပါ။ ဖတ်ရတဲ့နေရာက ကွတ်ခိုင်မြို့နယ်ရဲ့ အရှေ့မြောက် အရပ်က မုန်းပေါ်ဆိုတဲ့ နေရာမှာပါ။ ၁၉၆၄ ခုနှစ်၊ မတ်လလောက်မှာပါ။ မုန်းပေါ်ဆိုတဲ့ နေရာက အဲဒီတုန်းကတည်းက အလယ်တန်းကျောင်း ရှိပါ တယ်။ မုန်းပေါ်ကနေ မြောက်ဘက် ဆက်သွားရင် နယ်စပ်က မုန်းကိုးဆိုတဲ့ ရွာ အဲဒီကမှ တစ်ဆက်တည်း ဖောင်းဆိုင်ဆိုတဲ့ ရွာကြီးတွေကို ရောက်ပါ တယ်။ နယ်စပ်နဲ့ ကပ်လျက်ပါ။

ဖောင်းဆိုင်ဆိုတာက အခု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရဲ့ ဇာတိပါ။ သူ့အဖေက ဖောင်းဆိုင် ဒူဝါ။ သူ့ကို မလိုလားတဲ့သူတွေက အသက် အန္တရာယ်ပြုခဲ့တဲ့ အတွက် ကွတ်ခိုင်ကို ထွက်ပြေးလာပြီး မိသားစုလိုက် အခြေချခဲ့တာပါ။ သူဟာ သူ့ရွာသားတွေကို စုစည်းပြီး ပြည်သူ့စစ် ဆန့်ဆန့် အဖွဲ့ တစ်ခုနဲ့ ကျွန်တော်တို့ တပ်မတော်နဲ့ တွဲပြီး လှုပ်ရှားခဲ့ပါတယ်။

## ထောက်လှမ်းရေးတပ် ရှိခဲ့ပြီ

တပ်မတော် ထောက်လှမ်းရေးတပ်က ဗိုလ်ကြီး တစ်ယောက် တောနိုသွားတယ် ဆိုတဲ့အဖြစ်ဟာ အင်မတန် ကြီးကျယ်တဲ့ကိစ္စပါ။ သူ့ကို ဘယ်သူက ထောက်ခံလို့ ထောက်လှမ်းရေး တပ်ဖွဲ့ကို ရောက်လာသလဲ၊ တပ်မတော်ထဲ ဝင်ဖို့ ဘယ်သူက ထောက်ခံသလဲ စတဲ့အချက်တွေ စိစစ်တဲ့အခါ သူနဲ့ မကင်းရာ မကင်းကြောင်း မိသားစုဝင်တွေလည်း အရေးယူခံရပါတယ်။ တချို့ဆို ရေကြည်အိုင်တောင် အပို့ခံရပါတယ်။ အဲဒီမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကတော့ နောင် NLD မှာ ခေါင်းဆောင်တစ်ယောက် ဖြစ်လာတဲ့ ဗိုလ်မှူး ဘသော် (ခ) တရေးဆရာ မောင်သော်ကပါ။

သူက မွတ်စလင် ဖြစ်ပါတယ်။ သူ့ရဲ့ ပထမ မယားကြီးကလည်း မွတ်စလင်ပါ။ ဒါပေမဲ့ ဒုတိယ မယားကတော့ ကရင်လူမျိုး ဖြစ်ပြီး ဗိုလ်ကြီး ကျော်ဇွာမြင့်နဲ့ အမျိုး တော်ပါတယ်။ ဒါကြောင့် ဗိုလ်မှူး ဘသော်တို့ လင်မယားနှစ်ယောက်စလုံး အထိန်းသိမ်းခံကြရပါတယ်။ ကျော်ဇွာမြင့်နဲ့ ဘယ်လိုမှ မပတ်သက်ဘူး ဆိုတာ သိရတော့မှ ဗိုလ်မှူး ဘသော်တို့ကို ပြန်လွှတ်ခဲ့တာပါ။ ဒါပေမဲ့ သူ့ကို တပ်မတော် (ရေ) ကိုတော့ ပြန်မခန့်တော့ပါဘူး။ အဲဒီအစား ပြန်ကြားရေးက အသစ်ထုတ်ဝေတဲ့ "ရှေ့သို့" ဆိုတဲ့ ဂျာနယ်မှာ အယ်ဒီတာချုပ် အဖြစ် တာဝန်ပေးခဲ့ပါတယ်။

## ညွှန်ကြားရေးမှူးက စရွေ့ပြီ

အဓိကအကျဆုံးကတော့ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးပေါ့။ သူ့နာမည်က ဗိုလ်မှူးကြီး မောင်လွင်၊ နတ်ခမ်းမွေး ပါလို့ နှုတ်ခမ်းမွေးလွင်လို့ ခေါ်ကြပါတယ်။ သူ့ကိုတော့ ဂျာမနီ နိုင်ငံကို သံအမတ်အဖြစ် ပြောင်းရွှေ့ခန့်အပ်ပေးလိုက်ပါတယ်။ ဂို-တူး သုံးယောက်ကိုတော့ အရပ်ဘက်ကို လွှဲပြောင်း တာဝန် ထမ်းဆောင်စေခဲ့ပါတယ်။ သူတို့ကတော့ ဗိုလ်မှူး ချာလီ သိန်းဆွေ၊ ဗိုလ်ကြီး တိုက်သိန်းမောင်နဲ့ ဗိုလ်မှူး မြသွင်တို့ ဖြစ်ပါတယ်။

ချာလီသိန်းဆွေကတော့ ဘာအမှုနဲ့လဲတော့ မသိပါဘူး။ ထောင်ထဲ ရောက်သွားပါတယ်။ ဗိုလ်ကြီး တိုက်သိန်းမောင်ကတော့ ပါတီ/ကောင်စီတွေ

မှာ တာဝန်ပေးခံရပြီး ၁၉၈၈ ခုနှစ်အထိ မဟာတောင်ညွှန့် ကောင်စီ ဥက္ကဋ္ဌ အဖြစ် တာဝန် ထမ်းဆောင်သွားပါတယ်။ ဗိုလ်မှူး မြသွင်ကတော့ မြေလျှင်ကို ပြန်ရောက်သွားပြီး ရာထူးအဆင့်ဆင့် တက်ကာ ဗိုလ်မှူးကြီး ဖြစ်လာတော့ ဂက်မှ -၂ ဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူး ဖြစ်လာပါတယ်။

## ဂျီ-တူး သုံးယောက်ကို မြေတွေပေးခဲ့တယ်

ဒီမှာ ဦးနေဝင်းရဲ့ လုပ်ဆောင်ပုံလေးကို ထူးခြားလို့ တင်ပြပါရစေ။ အထက် ဖော်ပြပါ အရာရှိ သုံးယောက်ကို ဦးနေဝင်းရဲ့ အစီအစဉ်နဲ့ အင်းစိန်မြို့၊ ဘိုကုန်းရပ်မှာ အကျယ်ပေ ၁၀၀x၁၀၀ ရှိတဲ့ မြေကွက် တစ်ကွက်စီကို နေရာ ချထားပေးခဲ့ပါတယ်။ ဗိုလ်မှူးကြီး မြသွင်ကတော့ သူကွယ်လွန်တဲ့အထိ အဲဒီ မြေကွက်က တိုက်မှာ နေသွားခဲ့ပါတယ်။ ဗိုလ်မှူး ချာလီသိန်းဆွေကတော့ သဘော်နဲ့ ပတ်သက်တဲ့ ဌာနတစ်ခုမှာ အလုပ်ရသွားပြီး သူ့မြေကွက်ကို ရေ ဘပ်က အရာရှိတစ်ဦးကို လွှဲပြောင်း ရောင်းချခဲ့ပါတယ်။

ဗိုလ်ကြီး တိုက်သိန်းမောင်ကတော့ သူ့မြေကွက်မှာ အစောင့်ပဲ ထားပါ ဘယ်။ ဒါပေမဲ့ ၁၉၈၁ ခုနှစ်ကျတော့ ကျွန်တော်ဟာ စီးပွားရေး အခြေအနေ ကောင်းလာလို့ အဲဒီမြေကွက်ကို ကျပ် ၇၅၀၀၀ ပေးပြီး ဝယ်ခဲ့ပါတယ်။ အဲဒီ နေရာမှာပဲ သမီးဖွန် ပို့ပေးတဲ့ငွေနဲ့ တိုက်တစ်လုံး ဆောက်ထားခဲ့ပြီး ယနေ့ အထိ နေထိုင်လျက် ရှိပါတယ်။

## ထောက်လှမ်းရေး ညွှန်ကြားရေးမှူးနဲ့ အရာရှိသစ်များ

နတ်ခမ်းမွေးလွင်ကြီး ပြောင်းသွားတဲ့အခါ ညွှန်ကြားရေးမှူး အသစ်အဖြစ် ဗိုလ်မှူးကြီး ချစ်ခင် (ဝေ) ဖြစ်လာပါတယ်။ နောင်မှာ ဗိုလ်မှူးကြီး ချစ်ခင်ဟာ ပြည်ထဲရေး ဝန်ကြီး ဖြစ်သွားပြီး သူ့နေရာကို ဗိုလ်မှူးကြီး တင်ဦး (မျက်မှန် ကြီး/လောရှည်) ရောက်လာပါတယ်။ သူတို့နဲ့ မရှေးမနှောင်းမှာ အပြင် ရောက်သွားတဲ့ ထောက်လှမ်းရေး အရာရှိရဲ့ နေရာကို ထောက်လှမ်းရေး သင်တန်းဆင်းပြီးသား မြေလျှင်တပ်က အရာရှိတွေနဲ့ အစားထိုးခဲ့ပါတယ်။ ဒီမှာ DSA အပတ်စဉ် ၂ က ကိုအောင်လင်း၊ အပတ်စဉ် ၃ က ကိုရဲဆွေ

(ကွယ်လွန်)၊ ကိုမင်းလှိုင်နဲ့ DSA အပတ်စဉ် ၄ က ကိုအုန်းကျော်နဲ့ ကိုဇော်ဝိတ် (အားလုံး ကွယ်လွန်) တို့ ပါဝင်ပါတယ်။

## One and half ဖြစ်လာပြီ

ဗျူဟာမှူးတင်ဦးကြီး ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာတဲ့အချိန်က စပြီး သူ့ရဲ့ ဩဇာ အာဏာဟာ ကြီးမား ကျယ်ပြန့်လာပါတယ်။ အဲဒီလို ကြီးမား ကျယ်ပြန့်အောင်လည်း ဦးနေဝင်းက ဖန်တီးပေးတယ်နဲ့ တူပါတယ်။ ဆိုရှယ်လစ်အစိုးရ တက်လာလို့ သမ္မတရာထူး ပေါ်လာတဲ့အခါ ဗျူဟာမှူး တင်ဦးကြီးဟာ သမ္မတရဲ့ စစ်ဘက်လက်ထောက် အရာရှိ ဖြစ်လာခဲ့ပါတယ်။ အလားတူပဲ ဦးနေဝင်း လိုအပ်ချက်တွေကို ဖြည့်စည်းပေးခဲ့တဲ့ ဗိုလ်မှူးကြီး ဘိုနီဟာလည်း ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာခဲ့ပါတယ်။

ဗိုလ်မှူးကြီး တင်ဦးဟာလည်း ဗိုလ်မှူးချုပ် ရာထူးအဖြစ် တိုးမြှင့်လာခဲ့ရုံ တင်မက လမ်းစဉ်ပါတီမှာလည်း တွဲဘက်အတွင်းရေးမှူး အဖြစ် ခန့်အပ်ခြင်း ခံရတဲ့ အတွက် ၎င်းရဲ့ ဩဇာ အာဏာဟာ ပိုပြီးတော့ ကြီးမားလာပါတယ်။ အဲဒီလို ဩဇာ ကြီးမားလာမှုကြောင့် အစိုးရ အဖွဲ့ဝင်တွေကပါ ဗျူဟာမှူး တင်ဦးကြီးကို အလေးထား ဆက်ဆံလာရပါတော့တယ်။ မြန်မာပြည် နိုင်ငံရေးမှာ ဦးနေဝင်း ပြီးရင် အရေးပါဆုံး ပုဂ္ဂိုလ် ဖြစ်လာတဲ့အတွက် ၎င်းကို ပြည်ပ မီဒီယာတွေက One and half လို့ ခေါ်ရတဲ့အထိ ဖြစ်လာပါတယ်။ အဲဒီအချိန်တုန်းက ဦးနေဝင်းကို နံပါတ်ဝမ်းလို့ ခေါ်ပြီး ဦးစန်းယုကို နံပါတ်တူးလို့ ခေါ်ကြတဲ့ ခေတ်ပါ။

မရှေးမနှောင်းမှာပဲ ဗိုလ်မှူးကြီး ဘိုနီဟာ ပြည်ထဲရေး ဝန်ကြီး ဖြစ်လာခဲ့ပါတယ်။ ဗျူဟာမှူး တင်ဦးကြီးနဲ့ ဦးဘိုနီတို့ရဲ့ ပေါင်းစပ်တဲ့ နိုင်ငံရေး အရှိန်အဝါဟာ လမ်းစဉ်ပါတီခေတ်မှာ အင်မတန်ကြီးမားတဲ့ လွှမ်းမိုးမှု ဖြစ်လာခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက ထောက်လှမ်းရေးရဲ့ လွှမ်းမိုးမှုဟာ မြို့နယ် အဆင့်ထိ မရောက်ခဲ့ပါဘူး။ ပယ်ကို အစိုးရနဲ့ တိုင်းနဲ့ ပြည်နယ် အဆင့်လောက်ပဲ ရှိမှာ ဖြစ်ပါတယ်။

## ပါတီသန့်စင်ရေး

၁၉၇၈ ခုနှစ်မှာ လမ်းစဉ်ပါတီရဲ့ ပါတီသန့်စင်ရေး လှုပ်ရှားမှုတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီ လှုပ်ရှားမှုအရ ထိုစဉ်က လမ်းစဉ်ပါတီရဲ့ အဓိက အာဏာရှိတဲ့ အတွင်းရေးမှူးများ အဖွဲ့ဝင်တွေ ဖြစ်တဲ့ ဦးထွန်းလင်း၊ ဦးသန်းစိန်၊ ဦးတင်ဝင်း သို့တို့ကို အရေးယူခဲ့တာပါ။ အဲဒီလို အရေးယူတဲ့အချိန်မှာ သူတို့ဟာ လမ်းစဉ်ပါတီမှာ မရှိကြတော့ပါဘူး။ ဝန်ကြီးဌာနတွေမှာ ဝန်ကြီးအဖြစ် ပြောင်းလဲ ခန့်အပ်ထားတဲ့အချိန် ဖြစ်ပါတယ်။ သူတို့ကို အရေးယူတဲ့အခါမှာ မျက်မှန် တင်ဦးကြီး ခေါင်းဆောင်တဲ့အဖွဲ့က အစ အဆုံး တာဝန်ယူကြတဲ့ အတွက် သူတို့ရဲ့ ဩဇာဟာလည်း ပိုမို ကြီးမားလာခဲ့ပါတယ်။

သူတို့ရဲ့ ဖြစ်မှုတွေနဲ့ ပတ်သက်လို့ အဲဒီခေတ်က သတင်းစာထဲမှာ ပါတဲ့ အခါမှာ သူတို့ကို တရားစွဲတဲ့အမှုဟာ ခေတ်စကားနဲ့ ပြောရမယ်ဆိုရင် "ကလိမ်စေ့ ဖြမ်းဆင်" တဲ့ အမှုလို့ နှိုင်းလို့ရပါတယ်။ လူတော်တော်များများ ကတော့ ကလိမ်စေ့ ဆိုတာတော့ သိမှာ မဟုတ်ပါဘူး။ အရွယ်က မုန်ညင်း စေ့နဲ့ မတိမ်းမယိမ်းပါ။ အဲဒီလို သေးမွှားတဲ့ အစေ့လေးကို ဖြမ်းဆင်တယ် ဆိုတဲ့ဖြစ်ရပ်နဲ့ နှိုင်းတာပါ။ အမှုကလည်း ကြည့်ပါဦး။

သူတို့ လူကြီးသုံးယောက် အပါအဝင် လမ်းစဉ်ပါတီခေတ်က လူကြီး တွေရဲ့ အိမ်ကို ဌာနချုပ် သက်သာဆိုင်က လစဉ် နို့ဆီ၊ နို့မှုန့်၊ သကြားတွေ ပို့ပေးရပါတယ်။ ကျသင့်တဲ့ တန်ဖိုးကိုတော့ နောက် နှစ်လ သုံးလ နေမှ ပြန်ဆံရှင်းလေ့ ရှိတာပါ။ အဲဒီ လက်ကျန် ကြွေးစာရင်းတွေရဲ့ တန်ဖိုးတွေကို ပေးဘဲ အလွဲသုံးစား လုပ်တယ်ဆိုတဲ့ အမှုနဲ့ တစ်ယောက်ကို ထောင်ဒဏ် အနှစ် ၂၀ စီ ချ ခဲ့တာပါ။ ဒီလို မပြောပလောက်တဲ့ ကိစ္စလေးကို ကြီးလေးတဲ့ ထောင်ဒဏ် ချပစ်တဲ့ အထိ လက်စောင်းထက်တဲ့ မျက်မှန်ကြီးတို့ အုပ်စုကို ဘယ်သူက အာခံရဲမှာလဲ။ ဒီလောက်အထိ ကြီးကျယ်လာတာပါ။

ဒါပေမဲ့ ဖြစ်ချိန်တန်ရင် ဖြစ်လာသလို ပျက်ချိန်တန်ရင် ပျက်တဲ့ သဘာဝ နိယာမ ရှိပါတယ်။ ဒီမှာ ကျွန်တော့်ရဲ့ ကိုယ်ပိုင် အတွေ့အကြုံ၊ သူများတွေ ကြုံရတဲ့ အတွေ့အကြုံတွေနဲ့ ယှဉ်ပြီးတော့ ကျွန်တော် နိယာမ သစ်ခု ထုတ်ခဲ့ပါတယ်။ ဒါကလည်း ရိုးရိုးလေးပါ။ ဒါကို ကြုံရည်ညွှန်းတဲ့ ကိစ္စနဲ့

နှိုင်းပြီးတော့ နိယာမ ထုတ်ထားတာပါ။ ကြံရိုးတစ်ချောင်းကို ကြံကြိတ်စက်ထဲ ထည့်ပြီး ကြိတ်လိုက်ရင် ကြံရည်ထွက်ပါတယ်။ နောက်တစ်ခါ ထပ်ကြိတ်၊ ကြံရည် ထွက်ဆဲပါပဲ။ နောက်တစ်ခါကျတော့ ကြံရိုးကို နှစ်ခေါက်ခေါက်ကြိတ်၊ နောက်ဆုံး ကြံရည် တစ်စက်မှ မကျန်တော့တဲ့အခါမှ ကြံဖတ်ကို လွှင့်ပစ်လိုက်ပါတော့တယ်။ သူတို့ကို အဲဒီသဘောအတိုင်း လုပ်ခဲ့တာပါ။

## Immediate Cause လတ်တလော အကြောင်းရင်း

ဗျက်မှန်တင်ဦးကြီးကို ပြည်ပကရော၊ ပြည်တွင်းကရော One and half လို့ ခေါ်နေကြတာဟာ သူ့ရဲ့ နိုင်ငံရေး ဩဇာလွှမ်းမိုးမှု တကယ့်ဖြစ်ရပ်ကို ဖော်ပြနေတာပါ။ အဲဒီအချိန်မှာ တိုက်ဆိုင်တာက သူ့ရဲ့ သားကြီး မင်္ဂလာ ဆောင်မယ့် ကိစ္စ ပေါ်လာပါတယ်။ မင်္ဂလာဆောင်မယ့် အကြောင်းကိုလည်း ဦးနေဝင်းကို သတင်းပို့ပါသတဲ့။ ဦးနေဝင်းက "ကလေးတွေ မျက်နှာမငယ်အောင် လုပ်စရာ ရှိတာ လုပ်ပေးပေါ့" လို့ ပြန်ဖြေပါသတဲ့။

ဒါ့ကြောင့် သူ့သား မင်္ဂလာဆောင်ကို ပြည်လမ်း စနစ်မိုင်ခွဲ အလွန်က ကန်မြင့်ရိပ်သာမှာ မနက် တစ်ချိန်၊ ညနေခင်း တစ်ချိန် နှစ်ချိန် ခွဲလုပ်ပါသတဲ့။ အဲဒီ မင်္ဂလာဆောင်ဟာဖြင့် ထိုခေတ်က (၁၉၈၃ ခုနှစ်ခန့်) မြန်မာနိုင်ငံမှာ အကြီးကျယ်ဆုံး မင်္ဂလာဆောင်လို့ ပြောစမှတ်ပြုကြပါတယ်။ ဒီထက် ခမ်းနားတာ တစ်ခုက (ကျွန်တော် အကြားနဲ့ ပြန်ပြောရတာနော်၊ မှန်/မမှန်တော့ မသိပါဘူး။) လက်ထပ်ပြီးစ မင်္ဂလာစုံတွဲဟာ ဘန်ကောက်ကို ပျားရည်ဆန်း ခရီး Honey Moon ခရီး ထွက်သွားခဲ့ကြပါသတဲ့။

အဲဒီခေတ်က သာမန်လူများအဖို့ ဒီလို ပျားရည်ဆန်း ခရီး ထွက်ဖို့ နေနေသာသာ၊ ပတ်စ်ပို့ ရဖို့တောင် အင်မတန် ခက်ခဲတဲ့ ခေတ်ပါ။ အဲဒါတင် မကဘူး ဘန်ကောက်မှာ ရှိနေတဲ့ မြန်မာသံအမတ်က ဗျက်မှန်တင်ဦးကြီး ရဲ့တပည့်အရင်းခေါက်ခေါက်ပါ။ ညားခါစ လင်မယားနှစ်ဦး ဘန်ကောက် ရောက်တော့ လေဆိပ်မှာ ကော်ဇောနီနဲ့ ကြိုပါသတဲ့။ အဲဒီဖြစ်ရပ်တွေ အား လုံးကို ဘန်ကောက် ရောက်နေတဲ့ ဦးနေဝင်းရဲ့သားက သူ့အဖေကို မြန် သတင်းပို့ပါသတဲ့။ တစ်ဆင့်ကြားနော်။ အဲဒီလို သတင်းတွေ ဦးနေဝင်း ကြား

ပေါ် များတဲ့အခါ မျက်မှန်ကြီးကို အရေးယူဖို့ ဆုံးဖြတ်လိုက်ဟန်တူပါတယ်။

အခု မျက်မှန်တင်ဦးကြီးနဲ့ ဦးဘိုနီတို့ဟာလည်း "ဖြစ်ချိန်တန်ရင် ဖြစ်မယ်၊ ပျက်ချိန်တန်ရင် ပျက်မယ်" ဆိုတဲ့ နိယာမအတိုင်း ခံသွားကြရတာပါ။ သူတို့ကို တတ်နိုင်သမျှ ရာထူး အမြင့်ဆုံးတွေ ပေးပြီး အသုံးမလိုဘူး ဆိုတဲ့ အခါကျမှ နုတ်ထွက်စိုင်းခဲ့တာပါ။ သူတို့ နုတ်ထွက်သွားခဲ့ရသလို သူတို့ရဲ့ ဘုန်း အသီးသီးမှာ တာဝန် ထမ်းဆောင်တဲ့ အရာရှိ ကြီးငယ် တချို့လည်း ပက်ကွင်းမိခဲ့ပါတယ်။ သူတို့ အနားယူသွားတဲ့ အချိန်က ၁၉၈၄ ခုနှစ်၊ မေလ မှာပါ။ လစ်ဟာသွားတဲ့ သူတို့နေရာတွေကို အစားထိုးခန့်ပြီး အစိုးရ ယန္တရား တွေ ဆက်ပြီး လှုပ်ရှားနေတဲ့အခါ အောက်တိုဘာလမှာ တောင်ကိုးရီးယား သမ္မတ ချွန်ဒူးဟွမ်နဲ့ အဖွဲ့ကို ရည်ရွယ်တဲ့ အာဇာနည်ကုန်း ဗုံးခွဲမှု ဖြစ်ပွားခဲ့ ပါတယ်။

ပါတီကော်မတီ

အဲဒီ ဗုံးခွဲမှုကို အခြေခံပြီး ထောက်လှမ်းရေး တပ်ဖွဲ့ တာဝန်ရှိတယ်လို့ သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် ဒီပြဿနာကို ကိုင်တွယ်ဖို့ လမ်းစဉ်ပါတီရဲ့ ဗဟို အလုပ်အမှုဆောင် အဖွဲ့က အဖွဲ့ဝင် သုံးဦးပါတဲ့ ကော်မတီ ဖွဲ့ခဲ့ပါတယ်။ ဥက္ကဋ္ဌက ဒုတိယ ဝန်ကြီးချုပ် တာဝန်ပါ တွဲဖက် ထမ်းဆောင်နေတဲ့ ဗိုလ်ချုပ်ကြီး ကျော်ထင်ကို အဖွဲ့ခေါင်းဆောင်အဖြစ် သတ်မှတ်ပြီး အဖွဲ့ဝင်များ အဖြစ် ဝန်ကြီးချုပ် ဦးမောင်မောင်ခနဲ့ ဒုတိယ ဝန်ကြီးချုပ် သူရ ဦးထွန်းတင်တို့ ပါဝင်ခဲ့ပါတယ်။ သူတို့ရဲ့တာဝန်ကတော့ ထောက်လှမ်းရေး တစ်ဖွဲ့လုံးကို ပြန်လည် သုံးသပ်ပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

သူတို့က ဘာလုပ်တယ် ထင်ပါသလဲ၊ နိုင်ငံခြား ရောက်နေတဲ့ ထောက်လှမ်းရေး ပုဂ္ဂိုလ်တွေအပြင် ပြည်တွင်းက အရေးကြီးတဲ့ နေရာတွေမှာ တာဝန် ယူနေတဲ့ သူတွေကို ပြန်ခေါ်ပါတယ်။ အထင်ရှားဆုံး သာဓကကတော့ ထိုင်းနိုင်ငံက သံအမတ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ဦးစိုးမြင့် ပြန်ရောက်ပြီး မကြာခင်မှာပဲ အရေးယူခံရပြီး ထောင်နန်းစံသွားရတယ်လို့ ကြားသိရပါတယ်။ ထောက်လှမ်းရေး အဖွဲ့ အသီးသီးက စစ်ဦးစီးမှူး (ပထမတန်း) ဒါမှမဟုတ်

ညွှန်ကြားရေးမှူး အဆင့် ပုဂ္ဂိုလ်တွေကို နုတ်ထွက်ခွင့်ပေးလိုက်ပါတယ်။ ကျွန်တော် သိတဲ့ထဲက ဒုဗိုလ်မှူးကြီး အောင်လင်း၊ ဒုဗိုလ်မှူးကြီး ဖော်စိတ်၊ ဗိုလ်မှူးကြီး ရဲထွေတို့ ပါသွားပါတယ်။

## ကြားဝင်ဖို့ ကြိုးစားခဲ့ပေမဲ့

အဲဒီနောက်ပိုင်း ဗိုလ်မှူးအဆင့်ထိပါ အရေးယူမှုတွေ များလာတဲ့အခါ ကျန်ရှိနေတဲ့ အရာရှိကြီးတချို့က ဦးလေးမောင်ကို သွားချဉ်းကပ်ကြပါတယ်။ ဦးလေးမောင်ဟာ မျက်မှန်တင်ဦးကြီးနဲ့အတူ ဗိုလ်ကြီးဘဝက အိုက်နာဝါမှာ သွားပြီး ထောက်လှမ်းရေး အတူတက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ သူ့ကို ဦးနေဝင်းက ထောက်လှမ်းရေး တာဝန်ကို မခိုင်းဘဲ နိုင်ငံခြားရေးရုံးက တာဝန်နဲ့ ဥရောပ ပို့ပြီး ကျောက်မျက်ရတနာ လုပ်ငန်းတွေ ကိုင်တွယ်စေခဲ့သူဖြစ်ပါတယ်။

ဦးလေးမောင်က ဗိုလ်ချုပ်ကြီး ကျော်ထင်နဲ့ အဖွဲ့ကို သွားရောက် တွေ့ဆုံပြီး အရာရှိတွေကို အရေးယူတဲ့ကိစ္စ တတ်နိုင်သမျှ လျှော့ပေါ့ပေးဖို့ တောင်းပန်ခဲ့တယ်လို့ သိရပါတယ်။ ဗိုလ်ချုပ်ကြီး ကျော်ထင်က ဦးလေးမောင်ကို "ဒါလူကြီးတွေရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်နေတာပါ" ဆိုတဲ့ သဘောနဲ့ ပြန်ဖြေခဲ့ပါတယ်။ ထောက်လှမ်းရေး အဖွဲ့တွေကို နုတ်ထွက်တဲ့ အလုပ်ကတော့ ရပ်မသွားပါဘူး။ အရာရှိ လက်တစ်ဆုပ်စာလောက်သာ ချန်ထားပြီး ထောက်လှမ်းရေးက အရာရှိ မှန်သမျှတွေမှာ အခြားအဆင့်က အရေးပါတဲ့ ပုဂ္ဂိုလ်တွေကိုပါ နုတ်ထွက်စေခဲ့ပါတယ်။

အဲဒီတုန်းက ပြောစကားတွေအရ ဆိုရင် "ထောက်လှမ်းရေးက ဆိုရင် တပ်ကြပ်ကြီးတွေကိုသာမက ယာဉ်မောင်းတွေ၊ ထမင်းချက်တွေက အစ အထုတ် ခံရတယ်" လို့ ပြောတာ ကြားသိရပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ ထောက်လှမ်းရေး တစ်ဖွဲ့လုံးကို အရေးခွဲခွာတဲ့ လုပ်ငန်းပါ။

## ကံကောင်းသူ တချို့

ဒီဖြစ်စဉ်ကြီး တစ်ခုလုံးမှာ ကံကောင်းတယ်လို့ ပြောရမလား၊ လက်ရှိ အခြေအနေကို သုံးသပ်ပြီး ထွက်ပေါက် ရှာနိုင်သူများလို့ ပြောရမလား မသိပါ။

ပထမ ဦးဆုံးသော ပုဂ္ဂိုလ်ကတော့ ဗိုလ်မှူးကြီး ကံညွန့် ဖြစ်ပါတယ်။ သူဟာ အဲဒီအချိန်တုန်းက ထောက်လှမ်းရေး ညွှန်ကြားရေးမှူးပါ။ မျက်မှန်ကြီးနဲ့ ဦးဘိုနီကို အရေးယူပြီးတဲ့ နောက်တစ်ပတ်မှာ ဗိုလ်ချုပ်ကြီး ကျော်ထင်ကို သူက စာတစ်စောင် ရေးပို့လိုက်တယ်လို့ ပြောပါတယ်။ အဲဒီစာမှာ ဘာတွေ ရေးသားလဲတော့ မသိပါဘူး။ အဲဒီနောက်မှာတော့ ဗိုလ်မှူးကြီး ကံညွန့်ကို တပ်မတော်က နုတ်ထွက်ခွင့်ပြုပြီး မြို့ထဲက လမ်းတစ်ခုမှာ စာပုံနှိပ်စက်ထောင်ခွင့်နဲ့ ရေမီးအစုံ တိုက်ခန်းတစ်ခု ရသွားခဲ့ပါတယ်။

နောက်တစ်ယောက်ကတော့ ဗိုလ်မှူးကြီး ဆန်းမြင့်ပါ။ သူကတော့ သူ့ရိုး၊ လှမြောင့်ပါ။ တိုင်းမှူး ဗိုလ်မှူးကြီး သန်းတင်၊ ခင်သန်းနု ယောက်ျား ဗိုလ်မှူး မောင်မောင်ခင်တို့နဲ့အတူ ရှမ်းပြည်နယ် တောင်ပိုင်း အင်တော၊ ကျောက်ငူ ဒေသက ဖဆပလ သခင်တင်ထွန်း အဖွဲ့ကို ချေမှုန်းရာမှာ ကိုယ်တိုင် ကိုယ်ကျ ပါဝင်ခဲ့သူ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေ ပေါ်လာတဲ့ ကာလမှာတော့ သူက ပုလဲနှင့်ငါး ကော်ပိုရေးရှင်းမှာ အဆင့်မြင့် အရာရှိကြီးတစ်ဦး ဖြစ်နေပါပြီ။ သူလည်းပဲ ဗိုလ်ချုပ်ကြီး ကျော်ထင်ဆီကို စာတစ်စောင် ပို့ပါသတဲ့။ စာထဲမှာ ဘာတွေ ရေးထားသလဲတော့ မသိပါဘူး။ သူ့ကိုတော့ ရာထူးက နုတ်ထွက်ခွင့် ပြုတဲ့အပြင် အဲဒီ ကော်ပိုရေးရှင်းမှာပဲ ဆက်လက် တာဝန် ထမ်းဆောင်စေခဲ့ပါတယ်။ ဝန်ထမ်း သက်တမ်း ကုန်တဲ့အထိပေါ့။

## ရေသောက်မြစ်များရဲ့ ကံကြမ္မာ

ထောက်လှမ်းရေး တစ်ဖွဲ့လုံးရဲ့ အရင်းမြစ်ဖြစ်တဲ့ ဗိုလ်မှူးချုပ် တင်ဦးနဲ့ ဝန်ကြီး ဦးဘိုနီတို့ကျတော့ တီးလုံးတစ်မျိုးပါ။ သူတို့နှစ်ယောက်လုံးကိုတော့ တရားရုံးတင်ပြီး စစ်ဆေးခဲ့ပါတယ်။ တရားရုံး ထွက်ဆိုချက်တွေကိုလည်း သတင်းစာမှာ အပြည့်အစုံ ဖော်ပြပေးခဲ့ပါတယ်။ မျက်မှန်တင်ဦးကြီး ကျတော့ သူ့ရဲ့ အိမ်မှာ ပျားမွေးမြူရေးနဲ့ ငုံးမွေးမြူရေး အဆောက်အဦတွေ ဆောက်ရာမှာ ခွင့်ပြုချက် မရှိဘဲ တပ်မတော် ဘတ်ဂျက်နဲ့ ဆောက်တဲ့အတွက်ကြောင့် ထောင်ဒဏ် အနှစ် ၂၀ ချခံခဲ့ရပါတယ်။ ပြည်ထဲရေးဝန်ကြီး ဦးဘိုနီကိုကျတော့ စပိုင် နိုင်ငံမှာ ကျင်းပတဲ့ ကွန်ဖရင့်က အပြန်မှာ ဈေးကြီးတဲ့ Casio

တံဆိပ် Electronic Organ တစ်ခု ဝယ်လာတဲ့အတွက် ထောင်ဒဏ်ကျခံခဲ့ရပါတယ်။

မျက်မှန်တင်ဦးကြီးအမှုမှာကျတော့ သူ့ရဲ့ ငုံးမွေးမြူရေးအထောက်အညီတွေကို ထောက်ပေးရတဲ့ ကိုအီးတင်က ဗိုလ်မှူး ဖေသိန်းရဲ့ ထွက်ဆိုချက်နဲ့ ထောင်ချခဲ့တာပါ။ ဗိုလ်မှူး ဖေသိန်းဆိုတာ မိတ္ထီလာကပါ။ ကျွန်တော်နဲ့ ငယ်သူငယ်ချင်း ဖြစ်ပါတယ်။ သူ့အမှုလည်း ပြီးရော ဖေသိန်းလည်း တပ်က အငြိမ်းစား ပေးခံရတော့တာပါပဲ။ ဦးဘိုနီကျတော့ သူဟာ တန်ဖိုးကြီးတဲ့ Electronic Organ သွင်းလာတဲ့အကြောင်းကို အကောက်ခွန်မှာ ရောက်နေတဲ့ ထောက်လှမ်းရေး အရာရှိတစ်ဦးက ဦးနေဝင်းထံ တိုက်ရိုက် သတင်းပေးလို့ ဖြစ်ပါတယ်။

## မုန်လာဥနီနဲ့ တင်းပုတ် Carrot and Stick Method

ဒါကတော့ ဦးနေဝင်း တစ်သက်လုံး သုံးစွဲသွားတဲ့ နည်းဗျူဟာပါ။ လူတွေကို ကိုင်တွယ်ပုံ၊ ကိုင်တွယ်နည်း ဖြစ်ပါတယ်။ ဒါပေမဲ့ နှိုင်းရတာကတော့ ယုန်မွေးမြူရေး လုပ်ငန်းနဲ့ပါ။ ယုန်တွေ စိတ်ချမ်းသာစေဖို့ မုန်လာဥနီလေး ကြွေးပြီး ကိုယ်လိုရာ ခိုင်းစေခဲ့ပါတယ်။ ဒါပေမဲ့ လမ်းမှားရင်တော့ တင်းပုတ်နဲ့ ထုပြီး ဆုံးမရပါတယ်။ ဒါကို အင်္ဂလိပ်လိုဆိုတော့ Carrot and Stick Method လို့ ခေါ်ပါတယ်။

လူတွေကို ကိုယ်လိုရာ ခိုင်းစေဖို့ အခွင့်အရေးတွေ ပေးမယ်၊ နေရေး ထိုင်ရေး စတာတွေ စီစဉ်ပေးမယ်၊ ဒါပေမဲ့ သူလိုချင်တဲ့ လမ်းကြောင်းကနေ သွေဖည်သွားမယ် ဆိုရင်တော့ ထိုက်သင့်သလို အရေးယူမယ် ဆိုတဲ့ နည်းပါ။

ဒီနေရာမှာလည်း ထောက်လှမ်းရေး အရာရှိ အားလုံးနီးပါးကို တပ်က နုတ်ထွက်ခွင့် ပေးပြီးတဲ့နောက်ပိုင်း သူတို့ကို တိုက်ခန်း တစ်ခန်းဆီ စီစဉ်ပေးခဲ့ပါတယ်။ အဲဒါအပြင် စက်မှု -၂ က ထုတ်တဲ့ ဘီ- ၆၀၀ ပစ်ကပ် ကားလေးတွေလည်း ဝယ်ခွင့်ပြုပါတယ်။ တိုက်ခန်းတွေ ရလို့ အရာရှိဟောင်းတွေရဲ့ နေထိုင်ရေး အဆင်ပြေသွားခဲ့ပါတယ်။ အလားတူပဲ ဘီ- ၆၀၀ ကားလေးတွေ

ကြောင့် တက္ကစီ ပြေးဆွဲစေခြင်းဖြင့် မိသားစု ဝင်ငွေ လောက်ငစွာ ရစေခဲ့ပါတယ်။ ဒါဟာ ဦးနေဝင်းရဲ့ နည်းပါ။

လွန်ခဲ့တဲ့ ၁၉၆၄ ခုနှစ်က ထောက်လှမ်းရေး တစ်ဖွဲ့လုံး နီးပါး လူအပြောင်းအလဲ shuffle လုပ်ခဲ့တဲ့အခါ ထောင်ကျခဲ့တဲ့ ပုဂ္ဂိုလ်ဟာ လက်ချိုးရေလို့ ရပါတယ်။ အလားတူပဲ မထားသင့်လို့ ထုတ်ပယ်ရတဲ့သူကလည်း သိပ်များများစားစား မရှိပါ။ ကျန်တဲ့ အရာရှိတွေကိုတော့ မြင်းပ ဌာနကို ပြောင်းရွှေ့ တာဝန် ထမ်းဆောင်စေခဲ့ပါတယ်။ ပထမတစ်ကြိမ် ပြဿနာ ပေါ်ပြီး နောက်အနှစ် ၂၀ အကြာ ၁၉၈၄ ခုနှစ်မှာ ဖြစ်တဲ့ ဖြစ်စဉ်တွေဟာ ပထမအကြိမ်ထက် အရေးယူမှု ပြင်းထန်ပါတယ်။ တချို့ အာဏာ ယစ်မူးပြီး အလွဲသုံးစား လုပ်တဲ့သူတွေ ရှိသလို နိုင်ငံကို ချစ်ပြီး အရည်အချင်း ရှိတဲ့ အရာရှိကောင်းတော်များများလည်း ဝါးလုံးသိမ်း အရေးယူခံခဲ့ရပါတယ်။ ဒါမျိုးတွေဟာ ကိုလားအခံတဲ့ လူသား အရင်းအမြစ်တွေ ဆုံးရှုံးခြင်းပါ။

## ဘာ့ကြောင့်ပါလဲဒိန့်

ကျွန်တော်လည်း ဒီကိစ္စကို အမြဲတမ်း စဉ်းစားနေခဲ့ဖူးပါတယ်။ ဘာဖြစ်လို့ ဗိုလ်ချုပ်ကြီး ကျော်ထင်ကို ပါတီကော်မတီ ဥက္ကဋ္ဌ ပေးရသလဲ ဆိုတဲ့အချက်ပါ။ ပြီးတော့ အဖွဲ့ဝင်အနေနဲ့ အစိုးရ ရာထူးကြီးတဲ့ ဝန်ကြီးချုပ် ဦးမောင်မောင်ခကို ထည့်ပေးထားတဲ့ အချက်ကလည်း ဘာ့ကြောင့်လို့ ခေါင်းထဲမှာ မေးခွန်း ထုတ်မိပါတယ်။ ဒါပေမဲ့ တစ်ခု သေချာတာက အဖွဲ့ဝင် ဦးမောင်မောင်ခရော၊ သူရ ဦးထွန်းတင်ရောဟာ ဗိုလ်ချုပ်ကြီး ကျော်ထင်ကို တစ်လုံး ဘစ်ပါအမှ စောဒကတက်မယ့် ပုဂ္ဂိုလ်တွေ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီး ကျော်ထင်နဲ့ ကျွန်တော် လက်ပွန်းတတီး မနေခဲ့ရဖူးသော်လည်း၊ သူ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဖြစ်လာလို့ စစ်ရုံးရောက်တဲ့အခါ ကျွန်တော်က မြန်မာ - အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေးလုပ်ငန်းအတွက် ဖွင့်ထားတဲ့ အောင်နိမိတ် စစ်ဆင်ရေးမှာ တာဝန်ကျနေတဲ့အချိန်ပါ။ အဲဒီကိစ္စတွေကို ဒုချုပ် ဖြစ်လာတဲ့ သူ့ကို ကျွန်တော် မကြာခဏ

တင်ပြခြင်းဖြင့် သူနဲ့ ခင်မင်လာခဲ့ပါတယ်။ သူဟာ လူကောင်းတစ်ယောက်ပါ။ ဘာမဆို ချင့်ချင့်ချိန်ချိန်နဲ့ စဉ်းစား ဆောင်ရွက်တတ်သူ ဆိုတာ အကဲခတ်မိပါတယ်။

ဂျပန် တော်လှန်ရေး ကာလမှာ သူဟာ အထက်တန်း ကျောင်းသားဘဝနဲ့ BDA တပ်မတော်ကို ဝင်ရောက် အမှုထမ်းရင်းက တော်လှန်ရေး ကာလမှာ နယ်မြေတစ်ခုမှာ တာဝန်ယူရတဲ့ တပ်ဗိုလ်အရာရှိ တစ်ဦး ဖြစ်ပါတယ်။ လွတ်လပ်ရေး ရပြီး တပ်မတော် ပြန်ဖွဲ့တဲ့အခါ တပ်မတော်သားဘဝကို နှမြောလွန်းလို့ "အရာရှိ မဖြစ်ချင်နေပါစေ၊ တပ်ထဲ ဝင်ရရင်ပြီးရော" ဆိုတဲ့ စိတ်နဲ့ တပ်ထဲဝင်ခဲ့ရာမှာ သနက ၄ မှာ တပ်ကြပ်ကြီးဘဝနဲ့ ရောက်ရှိလာပါတယ်။ ကံအားလျော်စွာ အဲဒီအချိန်တုန်းက သနက ၄ ရဲ့ တပ်ရင်းမှူးက ဒုတိယ ဗိုလ်မှူးကြီး နေဝင်း (နောင်-ဗိုလ်ချုပ်ကြီး) ဖြစ်ပါတယ်။

## ဗိုလ်ကြီး အုန်းကျော်မြင့်ရဲ့ ဆရာ

နောက်ပိုင်း သူဟာ ဗိုလ်သင်တန်းကျောင်း OTS တက်ပြီး အရာရှိဖြစ်လာပါတယ်။ နောင် အဆင့်ဆင့် ရာထူးများ တက်ကာ ဗိုလ်ချုပ်ကြီး၊ ကာကွယ်ရေး ဝန်ကြီးနဲ့ ဒုတိယ ဝန်ကြီးချုပ်အထိ ဖြစ်လာပါတယ်။ သူ ကာကွယ်ရေး ဦးစီးချုပ် ဘဝမှာ သူ့ရဲ့ PSO ဗိုလ်ကြီး အုန်းကျော်မြင့်က လမ်းစဉ်ပါတီ လူကြီးတွေကို လုပ်ကြံဖို့ ကြံစည်တဲ့ "နိုင်ငံတော် လုပ်ကြံမှု" ဖြစ်ခဲ့ပါတယ်။

အဲဒီလို ဖြစ်တဲ့အခါ ဗိုလ်အုန်းကျော်မြင့်ဟာ မကြံစည်သင့်တာတွေ ကြံစည်တဲ့အတွက် သူ့မှာ တာဝန်ရှိတယ်လို့ ယူဆပြီး ဦးနေဝင်းကို ကိုယ်တိုင် သွားတွေ့ပါတယ်။

သူက "ဒီကောင်လေး ကိစ္စမှာ ကျွန်တော်လည်း တာဝန် ရှိပါတယ်" လို့ ပြောတဲ့အခါ ဦးနေဝင်းက "မှုတာတူး၊ ငါ သိပြီးပြီ၊ မင်းမှာ တာဝန် မရှိပါဘူး။ ကိုယ့်အလုပ်ကိုပဲ ပြန်လုပ်" လို့ တုံ့ပြန်ပြီး မူလအလုပ်ဖြစ်တဲ့ ကာကွယ်ရေး ဝန်ကြီး ရာထူးမှာပဲ ဆက်ပြီး နေမြဲနေခဲ့ပါတယ်။ (တပ်ထဲမှာ မိတ်ဆွေတွေက ဗိုလ်ချုပ်ကြီး ကျော်ထင်ကို ငယ်ငယ်ကတည်းက မှုတာတူးလို့ ခေါ်လေ့ ရှိကြပါတယ်။)

ကိုယ့်လူယုံဖြစ်တဲ့ PSO တစ်ယောက် ဖောက်ပြန်သွားပေမဲ့ ရာထူးမြဲနေဘာဟာ သူတစ်ယောက်ပဲ ရှိပါတယ်။ အုန်းကျော်မြင့်ကို ကြိုးပေးလိုက်တဲ့အခါမှာ သူ တော်တော်စိတ်ထိခိုက်ခဲ့တယ်လို့ သိရပါတယ်။ သူဟာ လုပ်ဖော်ကိုင်ဘက်တွေပေါ်မှာ သော်လည်းကောင်း၊ တပည့် သားမြေးတွေပေါ်မှာ သော်လည်းကောင်း အင်မတန် သံယောဇဉ်ကြီးတဲ့သူလို့ သိရပါတယ်။ သူ့ တပည့် အုန်းကျော်မြင့်ဟာ မလုပ်သင့်တာ လုပ်သွားခဲ့ပေမဲ့ အမှန်တကယ် ကြိုးပေးခံရတဲ့အထိ မဖြစ်သင့်ဘူးလို့ သူ ယူဆကောင်းယူဆခဲ့မှာပါ။



ဦးနေဝင်းဟာ လူကဲခတ်ရာမှာ အင်မတန် တော်တဲ့လူတစ်ဦး ဖြစ်လို့ အုန်းကျော်မြင့် ကိစ္စကြောင့် ဗိုလ်ချုပ်ကြီး ကျော်ထင်ဟာ နက်နက်ရှိုင်းရှိုင်း ခံစားနေရတာ သိပါလိမ့်မယ်။ ဒီခံစားချက်ကိုလည်း ကြိတ်မှိတ်ပြီး မျိုသိပ်နေသတယ် ဆိုတာလည်း အကဲခတ်မိပါလိမ့်မယ်။ ဒါကြောင့် ထောက်လှမ်းရေးကို အရေးယူရမယ့် ပါတီကော်မတီမှာ သူ့ကို ဥက္ကဋ္ဌခန့်ပြီး သူ့ထက် ရာထူးကြီးတဲ့ ဝန်ကြီးချုပ် ဦးမောင်မောင်ခကို အဖွဲ့ဝင်အဖြစ် နေခဲ့စေတာ ဖြစ်နိုင်ပါတယ်။

အဲဒီအခါကျမှ ဗိုလ်ချုပ်ကြီး ကျော်ထင်ဟာ သူ့ရဲ့ ခံစားချက်တွေကို လက်တွေ့ အကောင်အထည် ဖော်တဲ့အနေနဲ့ တောက်လျှမ်းရေးက မျက်မှန်ကြီးရဲ့ အုပ်စုကို နှိပ်ကွပ်တဲ့နေရာမှာ ရက်ရက်စက်စက် လုပ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ အဲဒီ လုပ်ဆောင်ချက်တွေ အားလုံးဟာ သူ့ရဲ့ ပင်ကိုစိတ်နဲ့ လုံးဝ ကွဲပြားခြားနားခဲ့ပါတယ်။

## တတိယအကြိမ်

ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးမှာ ရုံးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးရင်းနဲ့ ၁၉၉၆ ခုနှစ်၊ မေလမှာ အဖမ်းခံခဲ့ရပြန်ပါတယ်။ ၁၉၉၇ ခုနှစ်မှာတော့ မြင်းခြံထောင်ကို ပြောင်းရွှေ့ ရောက်လာတဲ့ အခါကျတော့ အဆိုးလောကကို လှလှကြီး ခံခဲ့ရပါတယ်။ ကျွန်တော်တို့ ထောင်ကျခဲ့တဲ့ ကာလတွေမှာ ၁၉၉၈ ခုနှစ် အထိ အာဏာပိုင်တွေက ကျွန်တော်တို့ကို ရာဇဝတ်သားတွေလို ဆက်ဆံခဲ့ပါတယ်။ စိတ်ဓာတ်ရေးရာအရ ညှင်းဆဲခြင်း၊ ခန္ဓာကိုယ်ကို နည်းမျိုးစုံနဲ့ ညှင်းဆဲခြင်းတွေကို နိုင်ငံရေး အကျဉ်းသမားတိုင်း လိုလို ခံခဲ့ရပါတယ်။

ဒီလိုနဲ့ ၁၉၉၉ ခု နှစ်ကုန်ပိုင်းလောက်မှာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့လို့ ခေါ်တဲ့ International Commission of Red Cross (ICRC) ထောင်တွေကို ဝင်ခွင့်ရတဲ့ အချိန်ကစပြီး အကျဉ်းသားတွေကို ညှင်းဆဲတဲ့ ဇာတ်လမ်းတွေ တစ်ခန်းရပ်သွားခဲ့တာပါ။ အလားတူပဲ နိုင်ငံရေး အကျဉ်းသား အများစုက ထောင်ထဲမှာ တော်တော်ငတ်ကြပါတယ်။ အစားအသောက် ငတ်တာက တစ်မျိုး၊ စာငတ်တာက တစ်မျိုးပါ။ ဒါပေမဲ့ အဲဒီအချိန်ကစပြီး ဘာသာရေး စာအုပ်တွေ ခွင့်ပြုခဲ့ပါတယ်။

နှစ်ပေါင်းများစွာ၊ လပေါင်းများစွာ စာငတ်နေကြတဲ့ နိုင်ငံရေး အကျဉ်းသားများဟာ စပြီး ခွင့်ပြုလာတဲ့ ဘာသာရေး စာအုပ်တွေကိုပဲ အငမ်းမရ ဖတ်ခဲ့ကြပါတယ်။ ကြာလာတော့ စာငတ်တဲ့ အာသာက ပြေမလာပါဘူး။ ဒါ့ကြောင့် ဂျာနယ်တွေ၊ ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေ ဖတ်ဖို့ သက်ဆိုင်ရာကို တင်တော့ ခွင့်မပြုပါဘူးတဲ့။ အဲဒီတော့ ကျွန်တော်တို့ ဘာလုပ်တယ် ထင်ပါသလဲ။

တမျိုးစုံ ဖတ်နိုင်ဖို့အတွက် ကျွန်တော်တို့ အစာငတ်ခံ ဆန္ဒပြခဲ့ကြပါတယ်။

## ထောင်ထဲမှာ လွတ်လပ်ရေးရပြီ

ကာယ်တော့ ထောင်တွင်း အစာငတ်ခံ ဆန္ဒပြတာတွေဟာ ကျောင်းသား တွေနဲ့ ငယ်ရွယ်တဲ့ နိုင်ငံရေး အကျဉ်းသမားတွေ များပါတယ်။ ကျွန်တော်တို့ ူကြီးတွေကတော့ အကြံပေးတာရယ်၊ အာဏာပိုင်တွေက သူတို့ကို ကြမ်း ကြမ်းတမ်းတမ်း မကိုင်တွယ်နိုင်အောင်ရယ်ပဲ ထိန်းကျောင်းပေးခဲ့ပါတယ်။ ဲလိုနည်းနဲ့ စာအုပ်တွေ ရလာပါတယ်။ နေမှု ထိုင်မှုလေးတွေလည်း ချောင်ချို ာပါတယ်။ တခြား နိုင်/ကျဉ်းတွေနဲ့လည်း တွေ့ဆုံပြီး နိုင်ငံရေး ဆွေးနွေး လား၊ အလာပသလ္လာပတွေပဲ ပြောမလား၊ အများကြီး လွတ်လပ်လာပါပြီ။ ာစ်ခန်းနဲ့ တစ်ခန်းလည်း သွားလာ လည်ပတ်နေပါပြီ။

လွတ်လပ်မှုတွေ အများကြီး ရလာပြီ ဆိုပေမဲ့ ကျွန်တော်တို့ရဲ့ နီစ္စရုပ ှုပ်ရှားမှုတွေကို တပ်ကြပ် သို့မဟုတ် တပ်ကြပ်ကြီးတွေက အနီးကပ် စောင့် ကြည့်နေဆဲပါ။ အဲဒီခေတ်က ထောင်ထဲမှာရှိတဲ့ နိုင်ငံရေး အကျဉ်းသမားများ ် စောင့်ကြည့်ဖို့ တစ်ယောက် သို့မဟုတ် နှစ်ယောက် တာဝန်ချထားပေးခဲ့ ါတယ်။

အဲဒီလိုနဲ့ ၂၀၀၁ ခုနှစ် ကုန်လို့ ၂၀၀၂ ခုနှစ် ရောက်လာတဲ့အခါ ကျွန် တော်တို့ နိုင်ငံရေး အကျဉ်းသမားများရဲ့ အခြေအနေဟာ ပိုပြီး လွတ်လပ်လာ ါတယ်။ ကိုယ်လိုချင်တဲ့ အစားအသောက်မျိုးစုံကို "ရေးကား" လို့ ထောင် ထဲမှာ ခေါ်တဲ့ အစီအစဉ်နဲ့ နှစ်ပတ်တစ်ခါ ပစ္စည်းမျိုးစုံကို ဝယ်ခွင့် ရခဲ့ပါတယ်။ ပြီး လွတ်လပ်လာတာနဲ့အမျှ ကျွန်တော်တို့ဟာ ဝယ်လို့ရတဲ့ ပစ္စည်းတွေနဲ့ ထောင်ထဲမှာ ဟင်းချက်စားလို့တောင် ရလာခဲ့ပါတယ်။

စာတွေလည်း မျိုးစုံ ဝယ်ဖတ်လို့ ရတဲ့ အနေအထား ဖြစ်လာတဲ့အပြင် ် ကျဉ်း အရှင်းရှင်းလည်း ဘာသာရပ် ပေါင်းစုံ၊ ခေါင်းစဉ် မျိုးစုံတွေနဲ့ ာသက်ပြီး ဆွေးနွေး တိုင်ပင်လို့ ရလာခဲ့ပါတယ်။ ကျွန်တော်ဆိုရင် ထောင် ် ရောက်လာတဲ့ ကျောင်းသားလူငယ် အချို့ကို အင်္ဂလိပ်စာအုပ်တွေ ဖတ် ြီး မြန်မာလို ရှင်းလင်းပြတဲ့ အလုပ်တွေကို နေ့စဉ် လုပ်နိုင်ခဲ့ပါတယ်။

ခေါင်းစဉ် မျိုးစုံ ဆွေးနွေး တိုင်ပင်လာနိုင်ကြတဲ့အခါ ကျွန်တော်တို့ နိုင်/ကျဉ်းတွေရဲ့ ဘဝကို ခြယ်လှယ် ချုပ်ကိုင်နေတဲ့ ထောက်လှမ်းရေး အဖွဲ့အစည်း အကြောင်းကိုလည်း မကြာခဏ ဆွေးနွေးမိခဲ့ပါတယ်။

## ဒီတစ်ခါလည်း ဖြစ်လာဦးမှာလား

ဘာဖြစ်လို့ အဲဒီလို ဆွေးနွေးမိကြသလဲ ဆိုရင် ကျွန်တော်တို့နဲ့ ထိတွေ့နေရတဲ့ ထောက်လှမ်းရေး တပ်ကြပ် သို့မဟုတ် တပ်ကြပ်ကြီးတွေရဲ့ ဩဇာဟာ အချိန်အခါ တော်တော် ကြီးလာတာကို သတိထားမိလို့ပါ။ ကျွန်တော်တို့ ထောင်ထဲမှာ နေရတဲ့အခါ ထောင်ပိုင်ဆိုတာ အရာရှိ ဖြစ်တဲ့အပြင် တပ်ရာထူးနဲ့ နှိုင်းမယ်ဆိုရင် ဗိုလ်ကြီး/ဗိုလ်မှူး အဆင့်နဲ့ တန်းတူလောက် ရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်များကို ထောက်လှမ်းရေး တပ်ကြပ်တွေက လုံးဝ မလေးစားတဲ့အပြင် ကျွန်တော်တို့ ရှေ့မှာတင် တစ်ခါတလေ တန်းတူရည်တူ စကားပြောပြီး တစ်ခါတစ်ခါကျတော့ ငေါက်တာ ငမ်းတာတွေ ရှိခဲ့ပါတယ်။

ထောက်လှမ်းရေးတွေဟာ ကျွန်တော်တို့ နိုင်/ကျဉ်းတွေကိုတော့ တလေးတစား ဆက်ဆံကြပါတယ်။ (အခြေအနေအရ ဖြစ်ပါလိမ့်မယ်။) သူတို့နဲ့ လက်ပွန်းတတီး စကားပြောကြည့်တဲ့အခါ သူတို့ဟာ မြို့နယ် အဆင့် တာဝန်ရှိတဲ့ အရာရှိတွေကိုပါ ဩဇာ လွှမ်းမိုးနေခဲ့တာ သတိပြုမိပါတယ်။ ပြီးတော့ မြို့နယ် အုပ်ချုပ်ရေး ကိစ္စတွေ၊ စည်ပင် ကိစ္စတွေမှာလည်း သူတို့ ပြီးမှ ပြီးတဲ့ အနေအထားတွေ တွေ့လာရပါတယ်။ ကျွန်တော် တပ်မတော်ထဲ ဝင်တဲ့ အချိန်ကစပြီး ထောက်လှမ်းရေး အဖွဲ့အစည်း မျိုးစုံနဲ့ ဆက်ဆံခဲ့ရာမှာ အဲဒီ ကာလကလောက် ထလာရတွေ တန်ခိုးထွားတာ မကြုံခဲ့ဖူးပါဘူး။

## ရှေ့ထွက်လွန်းလာတဲ့ ကိုခင်ညွန့်

သူတို့ရဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ခင်ညွန့်ဆိုရင်လည်း နဝတ တက်ခါစက ဗိုလ်မှူးကြီး အဆင့်ပဲ ရှိပါတယ်။ နောက်ပိုင်းတော့ ရာထူးတွေ တက်လာလိုက်တာ ဗိုလ်ချုပ်ကြီး အဆင့်အထိ ရောက်လာခဲ့ပြီး ဝန်ကြီးချုပ်တောင် ဖြစ်လာခဲ့ပါတယ်။ သတင်းစာတွေ ဖတ်ခွင့်ရတော့လည်း သူ့ရဲ့ သတင်းဟာ နေ့တိုင်း

သိုလို မျက်နှာဖုံးမှာ အမြဲလိုလို ပါနေခဲ့ပါတယ်။ ပါလွန်းအားကြီးလို့ ဇာဂနာ က အောက်ပါအတိုင်း ဟာသလုပ်ခဲ့ပါတယ်။ အငြိမ့်တစ်ခု ကစဉ်မှာ ပြခဲ့တဲ့ ပြကွက်ပါ။

အဲဒီ ပြကွက်မှာ ဇာဂနာက ထိုင်ပြီး သတင်းစာ ဖတ်နေပါတယ်။ သူ့ ဘေးမှာ ရေအပြည့်နဲ့ ရေပုံးတစ်ပုံး ရှိနေပါတယ်။ အဲဒီရေပေါ် မှာ ပလတ်စတစ် ရေခွက်တစ်ခု ရှိနေပါတယ်။ အဲဒီခွက်က ရေပေါ် မှာ ပေါ် နေတာပေါ့။ သူက ရေခွက်ကို ရေထဲကို နှစ်လိုက်ပါတယ်၊ ပြီးတော့ သူက သတင်းစာ ဆက်ဖတ် နေပါတယ်။ ခွက်က ပြန်ပေါ် လာပါတယ်။ သူက တစ်ခါ ခွက်ကို ပြန်နှစ်လိုက် ပါတယ်။ ပလတ်စတစ်ခွက် ဆိုတော့ ချက်ချင်း ရေပေါ် ပြန်တက်လာပါတယ်။ သူက သတင်းစာ ဖတ်ရင်းနဲ့ ပြောလိုက်တာက "ဒီသောက်ခွက်ကလည်း ပေါ် ကို ပေါ် နိုင်လွန်းတယ်" ပါတဲ့။ ဒါဟာ နဝတ ခေတ်က သူ့ရဲ့ ပြောင်မြောက် တဲ့ ပြက်လုံးများထဲက တစ်ခုပါ။

နေ့စဉ် သတင်းစာဖတ်တိုင်း (ကျွန်တော့်အမေ) ကိုခင်ညွန့်ရဲ့ ပုံကို နေ့စဉ် နီးပါး တွေ့မြင်ရတဲ့ အခါ သူနဲ့တကွသော ထောက်လှမ်းရေး အဖွဲ့ အစည်း အသီးသီးဟာ တော်တော့်ကို ရေ့တန်းကို ရောက်နေပြီလို့ မှတ်ချက် ချရင်း ကျွန်တော် ကြုံခဲ့ဖူးတဲ့ ထောက်လှမ်းရေး အဖွဲ့တွေရဲ့ ကြမ္မာကို ငေးစားမိပါတယ်။ ၁၉၆၄ ခုနှစ်တုန်းက ဗိုလ်ကြီး ကျော်စွာမြင့်ကြောင့် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး နုတ်ခမ်းမွှေး မောင်လွင်ကြီးက အစ ထောက်လှမ်းရေး တစ်ဖွဲ့လုံး ဟိုပြောင်း ဒီပြောင်း ပြောင်းခဲ့ရတာတွေ၊ အဲဒီ လိုပဲ ၁၉၈၃ ခုနှစ်မှာ ထောက်လှမ်းရေး ထိပ်သီး မျက်မှန်တင်ဦးကြီးနဲ့တကွ ထောက်လှမ်းရေး တစ်ဖွဲ့လုံး ဖြုတ်ထုတ်ခံခဲ့ရတာတွေ သတိရမိပါတယ်။

## အနှစ် ၂၀ သံသရာ လည်ဦးမှာလား

သူတို့ အဲဒီလို ကြုံရတဲ့ ကံကြမ္မာဟာ နှစ် ၂၀ ခြားပါတယ်။ အဲဒီတော့ ၁၉၆၄ ခုနှစ် – ၁၉၈၃ ခုနှစ်... ဆိုတော့ အနှစ် ၂၀ ကွာတယ်။ အဲဒီလိုဆိုရင် နောက် ထပ် အနှစ် ၂၀ ပေါင်း ကြည့်တဲ့အခါ ၂၀၀၄ ခုနှစ်လို့ အဖြေ ထွက်ပါတယ်။ ကျွန်တော်ဟာ ဒီပုစ္ဆာကို ၂၀၀၂ ခုနှစ် နောက်ပိုင်းလောက်ကတည်းက စဉ်း

စဉ်းစားနေမိခဲ့တာပါ။ နောက်ထပ် အနှစ် ၂၀ မှာလည်း ထောက်လှမ်းရေး အဖွဲ့တွေ ဒီလိုကြမ်းမှာဆိုး ကြုံဦးမှာလားဆိုတဲ့ မေးခွန်းဟာ ကျွန်တော့်ခေါင်းထဲမှာ ပေါ်လိုက်၊ ပျောက်လိုက်ပါ။

ဟော..... တကယ်ပဲ ဖြစ်လာခဲ့ပါတယ်ဗျာ။ ဘယ်လိုစသိလဲ ဆိုတော့ နေ့စဉ်ဖတ်နေတဲ့ သတင်းစာတွေက တစ်ဆင့်ပေါ့။ ဗိုလ်ချုပ်ကြီး ခင်ညွန့်ရဲ့ ပုံတွေ နေ့တိုင်း မျက်နှာဖုံးသတင်း ပါနေရာကနေပြီးတော့ နောက်ရက်တွေမှာ ရုတ်တရက် ပျောက်သွားတယ်။ မကြာပါဘူး အဲဒီတုန်းက အေးချမ်းဖွံ့ဖြိုး အစိုးရရဲ့ နံပါတ် ၃ ရောက်နေတဲ့ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနဲ့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းတို့ရဲ့ သတင်းစာ ရှင်းလင်းပွဲအရ ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ အဖွဲ့ကို အရေးယူလိုက်ပြီဆိုတာ အပြည့်အစုံ ကြားသိလိုက်ရပါတော့တယ်။

## ထောက်လှမ်းရေး တစ်ဖွဲ့ရဲ့ နောက်ဆုံးနေ့လို့ ခေါ်ရမလား

တစ်နှစ်ခန့် ကြာတဲ့အခါ ထောက်လှမ်းရေးက ဗိုလ်မှူးချုပ်ဟောင်း သိန်းဆွေနဲ့ ဗိုလ်မှူးချုပ်ဟောင်း ခင်အောင်တို့ မြင်းခြံထောင်ကို အကျဉ်းသားအဖြစ် ရောက် လာ ကြ ပါ တယ်။ ဗိုလ်သိန်းဆွေက DSA အပတ်စဉ် ၈ ကပါ။ ကျွန်တော်နဲ့ DSA မှာ တစ်နှစ် ကြုံဆုံခဲ့ဖူးပါတယ်။ ဗိုလ်ခင်အောင်ကတော့ အပတ်စဉ် ၁၃ ထင်ပါရဲ့။ သိကြတဲ့အတိုင်း ကျွန်တော်ဟာ သူတို့ ထောက်လှမ်းရေး အဖွဲ့တွေ ဘယ်လိုကနေ ဘယ်လို ဖြစ်လာတယ် ဆိုတာ သိပ်မေးချင်တာပေါ့။

ဗိုလ်သိန်းဆွေနဲ့ ရံဖန်ရံခါ လမ်းလျှောက်ရင်း ဆုံတဲ့အခါ သူ့ကို “ဘယ်လိုလဲ” ဆိုပြီး စကားစမိပါတယ်။ သူက တကယ် ကြောက်တာလား၊ ကြောက်ချင်ယောင်ဆောင်တာလားတော့ မသိပါ။ wall has ears လို့ ပြန်ပြောလေ့ရှိပါတယ်။ သဘောက “နံရံတွေမှာ နားတွေ ရှိပါတယ်” တဲ့။ ဒီတော့ စကားမပြောပါရစေနဲ့ပေါ့ဗျာ။ ဘာပြောပြော စိတ်မချဘူးဆိုတဲ့ ထောက်လှမ်းရေးက လူတွေရဲ့ ညဉ်ပါ။

ဒါ့ကြောင့် သူတို့ကြုံခဲ့တွေ့ခဲ့ရတဲ့ အကြောင်းရင်းတွေကို မေးခွင့်မရခဲ့ပါဘူး။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော်ဟာ ကသာထောင်ကို ရောက်ခဲ့ပါတယ်။

အဲဒီမှာ ထောက်လှမ်းရေးက ထောင်ကျလာတဲ့ ဒုဗိုလ်မှူးကြီးဟောင်း မင်းသူ (ကွယ်လွန်) နဲ့ တွေ့ခဲ့ရတော့မှ သူတို့ရဲ့ ဇာတ်လမ်းစုံကို ကြားခဲ့ရတာပါ။ သူတို့ ကြမ္မာငင်တဲ့ နေ့က ဗိုလ်ချုပ်ကြီး ခင်ညွန့် မန္တလေး ခရီးစဉ်ပြီး နောက်တစ်နေ့မှာလို့ ပြောပါတယ်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်ဟာ မန္တလေးက ပြန်အလာ ရန်ကုန် အရောက်မှာ ထိန်းသိမ်းခံလိုက်ရတယ်လို့ သိရပါတယ်။ နောက်တစ်နေ့မှာ သူတို့ရဲ့ ထောက်လှမ်းရေး ဌာနချုပ်ကို ရန်ကုန်တိုင်းက တပ်တွေနဲ့ ဝိုင်းပြီး အားလုံးကို ဖမ်းလိုက်တာပါ။ သူတို့ရဲ့ ထောက်လှမ်းရေး ဌာနချုပ်က အဲဒီအချိန်မှာ ပြည်လမ်း ခုနစ်မိုင်ခွဲ အလွန်က ကုန်းမြင့်ရိပ်သာမှာ ဖွင့်ထားပါတယ်။

သူတို့ဟာ အရင်ညနေက ဗိုလ်ချုပ်ကြီး ခင်ညွန့် အကြောင်းကို တစ်စွန်းတစ်စတော့ ကြားထားပြီးကြပါပြီ။ သူတို့ ဘာဖြစ်မယ် ဆိုတာကိုတော့ ရေရေရာရာ မမှန်းဆနိုင်ကြသေးပါဘူး။ ဒါပေမဲ့ သူတို့ ကြာကြာစဉ်းစားချိန် မရလိုက်ပါဘူး။ မနက် ကိုးနာရီကျော်ကျော်လောက် လူစုံပြီ ဆိုတာနဲ့ ကုန်းမြင့်ရိပ်သာဝင်းက ဌာနချုပ် တစ်ခုလုံးကို စစ်သားတွေ အပြည့်တင်ထားတဲ့ ကားတွေ ဝင်လာပြီး သူတို့ ဌာနချုပ် တစ်ခုလုံးကို ဝိုင်းထားလိုက်ပါတယ်။

## တစ်ယောက်ပြီး တစ်ယောက် ပါသွားကြပြီ

သာဉ်တန်းမှာ ပါလာတဲ့ စီနီယာ အရာရှိတချို့ ဆင်းလာပြီး အောက်ထပ်က ဒည့်ကြိုဌာနမှာ ရှိနေတဲ့ အရာရှိတွေက တစ်ဆင့် သူတို့ လိုချင်တဲ့ အရာရှိကြီးတွေ တစ်ယောက်ပြီး တစ်ယောက် ခေါ်ထုတ်ပါတော့တယ်။ အဲဒီလို ခေါ်ထုတ်ပြီးတော့မှ လိုအပ်ရင် အဲဒီ အရာရှိရဲ့ အခန်းကို သွားပြီး ရှာဖွေရေးတွေ လုပ်ကြပါတယ်။ ဒီလိုနည်းနဲ့ ထောက်လှမ်းရေး ရုံးချုပ်မှာ ရောက်နေတဲ့ အရာရှိ ကြီး/ငယ်တွေ တစ်ယောက်ပြီး တစ်ယောက် ခေါ်ထုတ်သွားကြပါတယ်။

ဒီလိုလာပြီး ရှာဖွေ ဖမ်းဆီးတဲ့ အဖွဲ့တွေဟာ အရင် ဘယ်နရက်ကတည်းက ဇာတ်တိုက်ထားသလဲ မသိရပါဘူး။ အရာရှိတွေကို တစ်ယောက်ပြီး တစ်ယောက် ခေါ်ထုတ်ပုံ၊ ရှာဖွေပုံနဲ့ အပြင်ကို ခေါ်ထုတ်သွားပုံတွေဟာ

ကြံ့တင် တိုင်ပင်ပြီး ဖာတ်တိုက်ပြီးမှ လက်တွေ့ လုပ်ကြတယ်ဆိုတာ သိသာပါတယ်။ ထောက်လှမ်းရေး ရုံးချုပ်မှာရှိတဲ့ ဗိုလ်မှူးကြီးတွေ၊ ဒုဗိုလ်မှူးကြီးတွေ၊ ဗိုလ်မှူး၊ ဗိုလ်ကြီး စတဲ့ အရာရှိကြီးငယ်တွေဟာ ရန်ကုန်တိုင်း အတွင်းမှာရှိတဲ့ တပ်အသီးသီးရဲ့ အချုပ်ခန်းတွေကို တစ်နေ့တည်း၊ တစ်ရက်တည်းနဲ့ ရောက်သွားကြပါတော့တယ်။

အဲဒီလို ရောက်သွားကြတဲ့အခါ တချို့တပ်တွေကတော့ ရောက်လာတဲ့ အရာရှိတွေကို တလေးတစား ဆက်ဆံပြီး တချို့ကျတော့ ရောက်တာနဲ့ ချက်ချင်း ခေါင်းတုံးတုံး၊ ခြေထောက်ကို သံခြေချင်းခတ်နဲ့ ထားပါတယ်။ သံခြေချင်း အခတ်မခံရတဲ့သူ တချို့ကျတော့ မနက်တိုင်း ပေါက်တူးတစ်လက်ပေးပြီး မြက်ပေါက်ခိုင်းပါသတဲ့။ ပြီးတော့ တစ်ဦးချင်းစီရဲ့ ထွက်ဆိုချက်တွေကို ယူပါတယ်။ ဒါတွေက လုပ်နေကျပါ။ ထွက်ဆိုချက်တွေ စုံပြီဆိုတော့မှ ရှေ့နေချုပ်ရုံးကို ပို့ပြီး ဘယ်သူ့ကို ဘယ်ပုဒ်မနဲ့ တရားစွဲရင်ရမလဲ ဆိုတဲ့ အချက်တွေကို ဖော်ထုတ်ပါတယ်။ စုံလောက်ပြီ ဆိုတော့မှ သူတို့ကို အထူးခုံရုံးတင်ပြီး ကြီးလေးတဲ့ ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။

သူတို့ကို ဖမ်းပြီး ထောင်ကို ပို့တဲ့အခါ "ထောင်ကျ" တွေ ဖြစ်ကုန်ပါပြီ။ အဲဒီကျတော့မှ ဥပဒေအရ ထောင်ဝင်စာ ခွင့်ပြုတဲ့အတွက် မိသားစုနဲ့ ပြန်လည် တွေ့ဆုံခွင့်ရကြပါတော့တယ်။ ဖမ်းတဲ့ အချိန်ကစပြီး ထောင်ဝင်စာတွေ့တဲ့ ကာလအထိ ကြားကာလဟာ ရှစ်လလောက် ကြာပါတယ်။ ဒီကြားထဲမှာ အဲဒီ အရာရှိတွေရဲ့ မိသားစုတွေဟာ ဗျာများခဲ့ကြပါတယ်။ သာမန် ဗျာများကြတာ မဟုတ်ပါဘူး။ ကိုယ့်လင်သား ဒါမှမဟုတ် အစ်ကိုတွေ၊ မောင်တွေ ဘယ်ဆီ ရောက်လို့ ဘယ်လို နေကြသလဲဆိုတာ မသိကြရတဲ့ အတွက် သူတို့တစ်တွေဟာ ကြီးမားတဲ့ ဒေါက ပရိဒေဝမီး တောက်လောင်တာ ခံခဲ့ကြရပါတယ်။

## ကာလဝိပါက် နောက်ပိုးတက်ပြီ

တကယ်တော့ အဲဒီအရာရှိ အများစုဟာ တစ်ချိန်တုန်းက သူများကို ဖမ်းဟယ် ဆီးဟယ် လုပ်ခဲ့ကြတဲ့သူတွေပါ။ ကိုယ်လိုတဲ့သတင်း မရရင်

...ခါက်မယ်၊ ရိုက်မယ်၊ နှိပ်စက်မယ် စတဲ့ လုပ်ရပ်တွေကို စိတ်ပါလက်ပါ လုပ်ခဲ့တဲ့ သူတွေပါ။ အခု ကိုယ့်အလှည့်ကျတော့လည်း ပယ်ပယ်နယ်နယ် ခံခဲ့ကြတာပါ။ ကာလဝိပါက် နောက်ပိုးတက်လို့ ပြောရမလား မသိပါဘူး။

အဲဒီအရာရှိတွေ ထောင်ကျပြီးတဲ့အခါမှာ အင်းစိန်ထောင်မှာ ကြာကြာ ...ထားပါဘူး။ မြန်မာပြည် အောက်ပိုင်းမှာရှိတဲ့ ထောင်တွေကိုတော့ အင်းစိန်ထောင်ကပဲ ကားနဲ့ တိုက်ရိုက်ပို့ခဲ့ကြပါသတဲ့။ ဒါပေမဲ့ အထက်မြန်မာပြည်က ထောင်တွေ ပို့မယ့်သူတွေကိုတော့ မန္တလေးအထိ လေကြောင်းနဲ့ ပို့ပေးတယ်လို့ သိရပါတယ်။ အဲဒီကမှတစ်ဆင့် အထက်ပိုင်းမှာရှိတဲ့ ထောင်တွေကို ...စ်ထောင်ကို တစ်ယောက်၊ နှစ်ယောက် စသဖြင့် ခွဲပို့ခဲ့တာပါ။ တစ်နိုင်ငံလုံး ...တိုင်းအတာနဲ့ ထောင်ပေါင်း ၃၀ ကျော်ကို ခွဲပို့ခြင်း ဖြစ်ပါတယ်။ မြောက်ပိုင်း ...ရင် ခန္တီး-ပူတာအို အထိ၊ တောင်ပိုင်း ဆိုရင် မြိတ်-ကော့သောင်း အထိ ...ခဲ့တာပါ။ နောက်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်က ...ထောင်တွေကိုလည်း ပို့ခဲ့ပါတယ်။

ဒီဖြစ်စဉ်တွေ အားလုံး ကိုမင်းသူ ပြောပြလို့ ကျွန်တော် သိခဲ့ရတာပါ။ ...တွေအားလုံးကို တာဝန်ယူ ကိုင်တွယ်ခဲ့သူကတော့ ယခု ဒုတိယ သမ္မတ ...ဖြစ်နေတဲ့ ဗိုလ်ချုပ်ကြီးဟောင်း မြင့်ဆွေ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ကို ဒုတိယ သမ္မတ ရာထူး ရရှိအောင် မဖြစ်မနေ ထောက်ရှုက်ပေးခဲ့တာဟာ သူ တာဝန်ကျခဲ့တဲ့ အလုပ်တွေအတွက် ဆုချတာလေများလားလို့ ကျွန်တော် တွေးမိပါသေးတယ်။

### ...မာဘုရား တန်ခိုးကြီးတယ်

...ထောက်လှမ်းရေး တစ်ဖွဲ့လုံး ထောင်တွေကျရုံတင်မကဘူး၊ သူတို့ သား/ ...မီးထဲက ကလေးတွေ ဝန်ထမ်းဖြစ်ရင် ဝန်ထမ်းဘဝ နုတ်ထွက်ကြရတယ်။ ...ပ်ထဲမှာ ဆိုရင်တော့ ချက်ချင်း နုတ်ထွက်ခိုင်းခဲ့ပါတယ်။ ဒါပေမဲ့ တချို့ ...ဗိုလ်တွေကတော့ အဲဒီ လောကဓံကို မခံရပါဘူး။ သူတို့ကတော့ ဒုတိယ ...ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် ဖြစ်တဲ့ ဗိုလ်ချုပ် ကျော်ဝင်း၊ ဌာန ...ကြီးမှူး ဖြစ်တဲ့ ဗိုလ်ချုပ် ကျော်သိန်းနဲ့ ဒုတိယ ဗိုလ်မှူးကြီး လှအောင်တို့

ဖြစ်တယ်လို့ ကိုမင်းသူ ပြောပြလို့ သိရပါတယ်။ သူတို့ရဲ့ ဇာတ်ကြောင်းကို သိရတဲ့အခါ ကျွန်တော် ကြားဖူးတဲ့ လားရှိုးက တရုတ်ကြီး တစ်ယောက်က သူ့သားသမီးတွေကို ဆုံးမတဲ့ စကားတစ်ခုကို သွားသတိရပါတယ်။ ဘာလဲ ဆိုတော့ "မင်းတို့ ဗမာပြည်မှာ မဟုတ်တာ မလုပ်နဲ့၊ ဗမာဘုရား တန်ခိုး ကြီးတယ်၊ နောက်ဘဝ မကောင်းဘူး" ပါတဲ့။

**သံဝေဂ**

ကျွန်တော် ထောင်ထဲမှာ ရှိနေစဉ်မှာ ထောက်လှမ်းရေးက အရာရှိတွေ အားလုံးနီးပါး ထောင်ကျခဲ့ကြတယ်ဆိုတဲ့ သတင်းကို ကြားရတဲ့အခါ တချို့ သူတွေကတော့ ဝမ်းသားအားရ ဖြစ်ကြပေမဲ့ ကျွန်တော်ကတော့ ဝမ်းမသာ မိပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီ တစ်ဖွဲ့လုံး၊ တစ်အုပ်လုံး အရေးယူခံ ရတဲ့ အထဲမှာ တန်းဖိုးရှိတဲ့ အရာရှိကောင်းတွေ ပါသွားခဲ့လိမ့်မယ်လို့ ယူဆ မိလို့ ဖြစ်ပါတယ်။ နောက်တစ်ကြောင်းကတော့ လူကို ကြံတစ်ချောင်းလို ဘယ်လို အရည်မှ မကျန်အောင် ညှစ်ထုတ်ပြီး ဘာမှမကျန်တော့မှ စွန့်ပစ် တာဟာ အာဏာအလွဲသုံးစား လုပ်ခြင်းပဲလို့ မြင်မိပါတယ်။ မဆိုင်တဲ့ လူတွေ ပါ အထိနာခဲ့ကြတာကိုလည်း မဖြစ်သင့်တဲ့ကိစ္စလို့ မြင်မိပါတယ်။

ဒါပေမဲ့ ၁၉၆၄ ခုနှစ်တုန်းက ထောက်လှမ်းရေး အဖွဲ့တွေ ခံခဲ့ရတယ် ဆိုတာ နောက်ပိုင်း ဖြစ်ရပ်တွေနဲ့ နှိုင်းယှဉ်ရင် အလွန် သက်သာတယ်လို့ ပြောရမှာပါ။ ၁၉၈၄ ခုနှစ်မှာ သူတို့တစ်ဖွဲ့လုံး အရေးယူခံရပုံမျိုးကတော့ ဘယ်လိုမှ လက်မခံနိုင်တဲ့ ဖြစ်ရပ်တစ်ခုပါ။ ၂၀၀၄ ခုနှစ်မှာ ကိုခင်ညွန့်တို့ တစ်ပြုံလုံး ခံရပုံမျိုးကတော့ အင်မတန် အောက်တန်းကျပြီး အငြိုးတကြီးနဲ့ လုပ်တဲ့ လုပ်ရပ်လို့ ကျွန်တော် မြင်ပါတယ်။

တကယ်ဖြစ်သင့်တာက အဖွဲ့အစည်းတစ်ခုကို တာဝန်ပေးမယ် ဆိုရင် စည်းနဲ့ကမ်းနဲ့ ခိုင်း၊ ဥပဒေနဲ့ မညီတာတွေ မခိုင်းနဲ့၊ အခွင့်အရေးလည်း ပေးသင့်မှပေး၊ အဲဒီလို ဖြစ်ကြရမှာပါ။ ဒါပေမဲ့ အာဏာကို အဆင့်တိုင်း အဆင့်တိုင်းက အလွဲသုံးစားလုပ်ပြီး ကာလရှည်ကြာအောင် ယစ်မူးခဲ့ တယ်၊ ပြီးရင် သိသိကြီးနဲ့ လျစ်လျူရှုထားခဲ့တယ်၊ နိုင်ငံရေး အခြေအနေ

ပေးပြီ ဆိုတော့မှ သူတို့ တစ်ပြုံလုံးကို အရေးယူလိုက်တယ်။ ဒီလိုလုပ်ရပ်ဟာ ဘမင်းသက်သက် သူတို့အတွက် ထောင်ချောက်ဆင်သလို ဖြစ်ခဲ့ပါတယ်။ ဒီလို အဖြစ်ဆိုးတွေ ရှောင်ကျဉ်နိုင်အောင် နောက်ပိုင်းမှာ နိုင်ငံ့ တာဝန် ယူ ဘာကြရမယ့် ပုဂ္ဂိုလ်များ သင်ခန်းစာ ယူသင့်ကြပါတယ်။

ရှေးဟောင်း နိုင်ငံရေး ဆိုရိုးစကားတစ်ခုနဲ့ နိဂုံးချုပ်ပါရစေ။ ဒါက ဘာလဲ ဆိုတော့ "အာဏာသည် လူကို ယစ်မူးစေတတ်သည်၊ အကြွင်းမဲ့ အာဏာသည် လူကို အကြွင်းမဲ့ ယစ်မူးစေတတ်သည်" လို့ ဖြစ်ပါတယ်။ မူရင်း အင်္ဂလိပ်လိုကတော့ Power corrupts. Absolute power corrupts absolutely. ဒါပါပဲခင်ဗျာ....။

*****





## ဝိုးလေးတစ်ကောင်နှင့် နင်းဆီတစ်ပွေ့

**အာဇာနည်ကုန်း ဝုံးကျဲခြင်း**

၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ မွန်းလွဲ တစ်နာရီခန့်မှာ ကျွန်တော်ဟာ မြို့ထဲကို ဦးဝိစာရလမ်းအတိုင်း သွားနေခဲ့ပါတယ်။ မြေနီကုန်း မီးပွိုင့်အလွန် ညာဘက်မှာ တော်လှန်ရေးပန်းခြံနဲ့ ဘယ်ဘက်မှာတော့ ဗိဇယ ရုပ်ရှင်ရုံ၊ ကား ရေဆေးဆီထိုး လုပ်ငန်း အဆောက်အဦနဲ့ ပဟန်း မြို့နယ် အားကစားကွင်း ရှိပါတယ်။ မြေနီကုန်း မီးပွိုင့်က လွန်တော့ မြို့ထဲကို ရှေးရှုပြီး ကျွန်တော့် ကားလေးနဲ့ မောင်းထွက်လာခဲ့ပါတယ်။

အဲဒီအခါမှာ ဦးဝိစာရလမ်း ဘယ်/ညာမှာ လူရုပ်ဝေးလေးတွေ ဟိုနားတစ်ဖွဲ့၊ ဒီနား တစ်ဖွဲ့ တွေ့ရပါတယ်။ တစ်ဖွဲ့ကို လေး-ငါးယောက်လောက်ကနေ ၁၀ ယောက်လောက်အထိ ရှိပါတယ်။ နောက်မှ သိရတာက သူတို့ဟာ ဝပ်းရှောင်းနဲ့ ပဟန်း မြို့နယ်က ရဲ/ဂေဂျုတာဝန်ခံတွေ ဖြစ်ပါသတဲ့။ သူတို့ ဘာ့ကြောင့် အဲဒီနေရာမှာ ရောက်နေတယ် ဆိုတာ မြို့ထဲက ကျွန်တော့် ရုံးခန်းကို ရောက်မှ သိရတာပါ။

ရုံးရောက်ရောက်ချင်းပဲ အသိမိတ်ဆွေတွေဆီက တယ်လီဖုန်း လာပါတယ်။ အာဇာနည်ကုန်းမှာ ဝုံးကွဲလို့တဲ့။ "ဟာ... ဒါဆိုရင် ဒီကိစ္စဟာ အသေးအဖွဲ မဟုတ်ဘူး" လို့ စိတ်ထဲမှာ အတွေးပေါက်မိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ တောင်ကိုးရီးယား သမ္မတ ချွန်ဒူးဟွမ် (CDH) နဲ့ ဝန်ကြီး တော်တော်များများပါတဲ့ အဖွဲ့ဟာ အရင်တစ်နေ့က ရောက်လာတယ် ဆိုတာ အစိုးရသတင်းများအရ သိပြီးပါပြီ။ အဲဒီနေ့ မနက်ပိုင်း သတင်းစာထဲမှာလည်း အကျယ်တဝင့် ပါပါတယ်။

သတင်းများအရ တောင်ကိုးရီးယား သမ္မတနဲ့ ဝန်ကြီးများဟာ လမ်းစဉ်ပါတီ အစိုးရ အဖွဲ့ဝင်များနဲ့ တွေ့ပြီး မြန်မာနိုင်ငံကို စီးပွားရေး ပူးပေါင်း

ဆောင်ရွက်ဖို့ အစီအစဉ် တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ရောက်လာကြတာပါ။ အဲဒီ သတင်းတွေကြောင့် တောင်ကိုးရီးယားက ငွေကြေး ထောက်ပံ့မှု၊ နည်းပညာ ပံ့ပိုးမှုတွေနဲ့ အနာဂတ် မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ တိုးတက်လာစရာ အကြောင်း ရှိတယ်လို့ စိတ်ထဲမှာ အတွေးပေါ်ခဲ့ဖူးပါတယ်။

"ဒီဝုံးကွဲမှုဟာ သူတို့ကို ရည်ရွယ်ပြီး ဝုံးခွဲတာ သေချာပေါက်ပဲ" လို့ ဝေဖန်ပြီး နှစ်နိုင်ငံ ဆက်ဆံရေး၊ အထူးသဖြင့် သံတမန်ရေးရာ၊ စီးပွားရေး မှုခင်း ဆောင်ရွက်မှုရေးရာတွေမှာတော့ ထိခိုက်ကုန်တော့မှာပဲလို့ သုံး သပ်မိပါတယ်။ မကြာပါဘူး။ အဲဒီနေ့ ညနေပိုင်းမှာပဲ ဖြစ်ပုံ သတင်းတွေကို စုစည်း ရရှိခဲ့ပါတယ်။

## သမ္မတကြီးကတော့ ကံသီလို့

ဝုံးကွဲတဲ့အချိန်မှာ သမ္မတ ချွန်ဒူးဟွမ်က အာဇာနည်ကုန်းကို ရောက်မလာ သေးပါဘူး။ သူ့ဝန်ကြီး အဖွဲ့ဝင်တွေကတော့ ရောက်နေပါပြီ။ အဲဒီဝန်ကြီးတွေ ဟာလည်း သက်ဆိုင်ရာ မဆလဝန်ကြီးတွေနဲ့ တွေ့ဆုံ ဆွေးနွေးပြီးမှ အာဇာ နည်ကုန်းကို ချိန်ကိုက် ရောက်လာကြတာပါ။ သူတို့သမ္မတကတော့ မြန်မာ နိုင်ငံ သမ္မတ ဦးစန်းယုကို ဝင်ရောက်နှုတ်ဆက်ပြီး၊ အဲဒီကပြီးမှ အာဇာနည် ကုန်းကို လာမှာပါ။ ဒါပေမဲ့ CDH အာဇာနည်ကုန်း မရောက်ခင် ဝုံးကွဲသွားခဲ့ တာပါ။ သမ္မတ CDH မှာ ဉပဒ္ဒဝအကာင်း မပါဘူးထင်ပါရဲ့။

ဝုံးကွဲတဲ့အချိန်မှာ မြန်မာဘက်က ကြိုဆိုရေးအဖွဲ့တွေ၊ လုံခြုံရေး အဖွဲ့ ဝင် အချို့နဲ့ စစ်ရေးပြ ကြည်း/ရေ/လေ တပ်စုတစ်စုလောက် ရှိနေကြပါပြီ။ ဝုံးကွဲမှုကြောင့် တောင်ကိုးရီးယား ဝန်ကြီး သုံး-လေးယောက်လောက် ကွယ် လွန်ခဲ့ပါတယ်။ သူတို့နဲ့ အတူပါတဲ့ ဝန်ထမ်းအချို့နဲ့ မြန်မာဘက်က အစိုးရ အဖွဲ့ဝင် အချို့အပြင် လုံခြုံရေး အဖွဲ့ဝင်အချို့လည်း ကွယ်လွန်တဲ့အထဲ ပါ သွားကြပါတယ်။ အချို့ကတော့ ဒဏ်ရာတွေ အသီးသီး ရသွားကြပါတယ်။

## ကံဇာနဲလာပုံက

နိုင်ငံတကာက အစိုးရအဖွဲ့သည်တွေ နှစ်ဝဥလာလည်ကြတဲ့အခါ မဖြစ်မနေ ဖို့ရမယ့် နေရာအချို့ ရှိပါတယ်။ ပထမ ဦးစားပေးကတော့ ရွှေတိဂုံဘုရားပေါ်

ဘုရားကန်တော့ပြီးတာနဲ့ ဧည့်သည်တော်တွေကို အာဇာနည်ကုန်းကို ပို့ပြီး အလေးပြုတဲ့ အစီအစဉ် ပါလေ့ရှိပါတယ်။ ဒါပေမဲ့ အဲဒီနေ့ တောင်ကိုရီးယား ဝန်ကြီးအဖွဲ့ဝင် အများစုကတော့ မြန်မာအစိုးရ ဝန်ကြီးများနဲ့ တွေ့ဆုံပြီးမှ ရောက်လာကြတာပါ။

သမ္မတ CDH ကတော့ သူ့ဇနီးနဲ့အတူ ဟံသာဝတီ အဝိုင်းကနေ ဝင်ပြီး ဝင်ဒါမီယာမှာ ရှိတဲ့ သမ္မတ ဦးစန်းယု ရုံးကို ဝင်ရောက် ဂါရဝပြု နှုတ်ဆက်ပါတယ်။ ဝင်ရောက် နှုတ်ဆက်ပြီး အစီအစဉ်အရ CDH တို့ လင်မယားဟာ သမ္မတ ဦးစန်းယု အခန်းက ထွက်လာပါတယ်။ နောက်အစီအစဉ်က အာဇာနည်ကုန်းကို သွားဖို့ပါ။

ဦးစန်းယု ရုံးခန်းရဲ့အပြင်မှာ ကောင်းကောင်းပြုစုထားတဲ့ မြက်ခင်းပြင်လေး ရှိပါတယ်။ အဲဒီ မြက်ခင်းပြင်ထဲမှာ အိုးနဲ့စိုက်ထားတဲ့ နှင်းဆီပန်းအိုး ၁၀ အိုးလောက် ရှိပါတယ်။ အဲဒီအချိန်မှာ နှင်းဆီပင်တွေက အပွင့်တွေ ဝေဝေဆာဆာ ဖူးပွင့်နေပါပြီ။ တောင်ကိုရီးယား သမ္မတကတော်ဟာ နှင်းဆီပွင့်တွေလည်း မြင်ရော "အို… လှလိုက်တာ" ပေါ့။ သူတို့ တောင်ကိုရီးယားနိုင်ငံမှာ နှင်းဆီပွင့်ချိန် မဟုတ်ဘူးထင်ပါရဲ့။

သူတို့ကို လိုက်ပို့တဲ့ ဦးစန်းယုက သမ္မတကတော် နှင်းဆီပန်းတွေအပေါ် အာရုံကျနေတာ သတိပြုမိတော့ သူ့ရုံးက ဗိုလ်မှူး စိုးမြင့်တို့၊ ဗိုလ်မှူး ခင်ကြွယ်တို့ကို "ဟေ့…. နှင်းဆီပန်းတွေ ခူးပြီး သမ္မတကတော်ကို လက်ဆောင်ပေးလိုက်ကြရအောင်" လို့ လှမ်းပြောလိုက်ပါတယ်။ အဲဒီတော့ ဟိုပုဂ္ဂိုလ်တွေကလည်း ရုံးမှာ ကမန်းကတန်း ရှာလို့ရတဲ့ ကပ်ကြေးနဲ့ နှင်းဆီပန်းတွေကို ခူးပြီး ရုံးစက္ကူတွေနဲ့ ပတ်ပြီးသကာလ သမ္မတကတော်ကို လက်ဆောင်ပေးလိုက်ကြပါတယ်။

ဖြစ်ချင်တော့ ရုံးမှာ စက္ကူဖြတ်တဲ့ ကပ်ကြေးပဲ ရှိပါတယ်။ နှင်းဆီပန်း ခူးတဲ့ ကပ်ကြေး မဟုတ်ပါ။ ဒါပေမဲ့ အရေးပေါ် ဆိုတော့ စက္ကူဖြတ်တဲ့ ကပ်ကြေးနဲ့ပဲ နှင်းဆီပန်း ခူးတဲ့အခါ တော်တော်နဲ့ မတွင်ပါဘူး။ ကပ်ကြေးတွေက ဘဲ့နေတာကိုး။ ဒါကြောင့် နှင်းဆီ လေး-ငါး-ခြောက်ပွင့်လောက် ရဖို့ ခူးတဲ့အခါ အချိန်နည်းနည်း လင့်သွားပါတယ်။ သမ္မတကတော် အတွက် နှင်းဆီ

ပန်း ရှုတဲ့ အချိန်ဟာ အလွန်ဆုံးကြာလှ ငါးမိနစ်ပေါ့။ အဲဒီအချိန်ကလေးကပဲ သမ္မတ CDH ရဲ့ အသက်ကို ကယ်လိုက်တာပါ။

သမ္မတကတော်ကလည်း နှင်းဆီပန်းတွေ ရလို့ ကျေနပ် ဝမ်းသာပြီး ကားပေါ် တက်ခါနီးမှာ ဗုံးကွဲတဲ့အသံ ကြားလိုက်ရတာပါ။ အဲဒီအခါမှာ လုံခြုံရေး အဖွဲ့ဝင်တွေက အာဇာနည်ကုန်းကို စက်နဲ့ ဆက်သွယ်တဲ့အခါ ဗုံးကွဲတဲ့ အကြောင်း သတင်းရသွားပါတယ်။ အဲဒီအခါမှာ သမ္မတ CDH ဟာ အာဇာနည်ကုန်းကို ဆက်မသွားတော့ဘဲ သူတို့ တည်းခိုတဲ့ စိမ်းလဲ့ကန်သာ ဧည့်ဂေဟာကို ပြန်သွားပါတော့တယ်။ အာဇာနည်ကုန်း ရောက်နေတဲ့ အဖွဲ့ထဲက ဗုံးမထိတဲ့ သူတွေကလည်း စိမ်းလဲ့ကန်သာကို ပြန်လှည့်သွားကြပါတယ်။ လူစုံပြီ ဆိုတဲ့အခါကျမှ သူတို့တစ်ဖွဲ့လုံးဟာ မင်္ဂလာဒုံ လေဆိပ်ကို ထွက်သွားကြပြီး အဲဒီကမှ သူတို့နိုင်ငံကို တိုက်ရိုက်ပြန်သွားပါတော့တယ်။

**အခရာကျသော ခရာမှုတ်သမား**

ကျွန်တော်တို့တပ်မတော်မှ မဟုတ်ဘူး ကမ္ဘာအရပ်ရပ်က တပ်မတော်တွေမှာ မူလတာဝန် ဖြစ်တဲ့ တိုက်ရေး ခိုက်ရေးအပြင် တခြား တာဝန်တွေ အတွက် လိုအပ်တဲ့ ကျွမ်းကျင်သူတွေကို ပါဝင် ဖွဲ့စည်းရပါတယ်။ ဥပမာ- ဆံသ ထမင်းချက် စတဲ့ ပုဂ္ဂိုလ်များ။ အထက်ပိုင်းကျတဲ့ တပ်ရင်း တပ်ဖွဲ့တွေမှာဆိုရင် ဘင်ခရာတပ်ဖွဲ့ ဆိုတာ ရှိတတ်ကြပါတယ်။ အခြေခံကျတဲ့ မနက်ပိုင်း အိပ်ရာထ၊ ညပိုင်း အိပ်ချိန် စတဲ့ တာဝန်တွေအတွက်လည်း ခရာမှုတ်သမား Bugler ဆိုတာ မရှိမဖြစ် ထားရပါတယ်။

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်ရုံး သို့မဟုတ် တရားဝင် အခေါ်အဝေါ် ကာကွယ်ရေး ဝန်ကြီးဌာနမှာလည်း လုံခြုံရေး တာဝန် ထမ်းဆောင်တဲ့ စခန်းရုံး ဆိုတာ ရှိပါတယ်။ အဲဒီ စခန်းရုံးမှာ ဖွဲ့စည်းပုံအရ ခရာမှုတ်သမား လေးယောက်လောက် ရှိပါတယ်။ အဲဒီ ခရာမှုတ်သမားဟာ ကာကွယ်ရေး ဝန်ကြီး ဌာနမှာ တာဝန် ထမ်းဆောင်နေတဲ့ အရာရှိနဲ့ အခြား စစ်သည်များ အတွက် နိုးဆော်တဲ့ မနက်စောစော တစ်ချိန်၊ ညကိုးနာရီ တစ်ချိန်တွေမှာ မပျက်မကွက် ခရာမှုတ်ပြီး တာဝန် ထမ်းဆောင်ကြရပါတယ်။

အဲဒီ စခန်းရုံးက ခရာမှုတ်သမားတွေ ထမ်းဆောင်ရတဲ့ တခြား တာဝန် တစ်ခု ရှိပါတယ်။ အဲဒါကတော့ အာဇာနည်ကုန်းကို နိုင်ငံတကာ ဧည့်သည် လာတဲ့အခါမှာလည်း တာဝန်ထမ်းဆောင်ရပါတယ်။ လူအင်အားပေါ် မူတည် ပြီး တစ်ခါတလေ နှစ်ယောက် သုံးယောက် သွားရတဲ့အခါ ရှိပါတယ်။ နိုင်ငံ ခြား ဧည့်သည်တွေက ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာ ဇာနည် ခေါင်းဆောင်တွေကို အလေးပြုတဲ့ အချိန်မှာ သူတို့ သင်ကြား တတ် မြောက်ထားတဲ့ "တေးသွား" တစ်ခုကို မှုတ်တဲ့ တာဝန်ကို ထမ်းရွက်ကြရ တာပါ။ ဒါ့ကြောင့် နိုင်ငံတော် အခမ်းအနားဖြစ်တဲ့ ဒီလိုပွဲမျိုးဟာ ဒီခရာမှုတ် သမားတွေဟာ အခရာကျပါတယ်။

## ပိုးကောင်လေး တစ်ကောင်

တောင်ကိုးရီးယား သမ္မတနဲ့အဖွဲ့ အာဇာနည်ကုန်းကို လာရောက် အလေးပြု တဲ့ အခါ စခန်းရုံးက ခရာမှုတ်စစ်သည် (နာမည်တော့ မေ့သွားပါပြီ) ဟာ နောက်တစ်နေ့ သူ့ခရာကို အသုံးချမှာ ဖြစ်တဲ့ အတွက် ညပိုင်းမှာပဲ ခရာကို ပြောင်လက်အောင် တိုက်ချွတ်ပြီး သေနတ်မှာသုတ်တဲ့ ဆီလေးကို ပါးပါး သုတ်ပြီး သိမ်းထားလိုက်ပါတယ်။ နောက်တစ်နေ့ မနက်ရောက်တော့ သူ ဟာ အာဇာနည်ကုန်းမသွားခင် သူ့ခရာကို ယူပြီး အသံစမ်းမှုတ်ကြည့်ပါတယ်။ ဘာသံမှ ထွက်မလာပါဘူး။ သူ သိလိုက်ပါပြီ၊ ခရာရဲ့ လေလမ်းကြောင်းထဲမှာ ပိုးကောင် ဝင်နေပါပြီ။ အရင်ကလည်း ဒီလိုအဖြစ်မျိုး ခဏ ခဏ ကြုံခဲ့ဖူး ပါပြီ။

သူဟာ ဝင်နေတဲ့ ပိုးကောင်လေးကို တုတ်နဲ့ထိုးပြီး ထုတ်ဖို့ ကြိုးစားပါ တယ်၊ မရပါ။ အဲဒီအချိန်မှာပဲ အာဇာနည်ကုန်းကို သွားဖို့ ဖယ်ရီ လာကြိုနေတဲ့ အတွက် ပိုးကောင် ဖယ်တဲ့အလုပ်ကို ခဏ ခေါက်ထားပြီး ဖယ်ရီပေါ် တက် လိုက်သွားပါတယ်။ လမ်းသွားရင်းနဲ့လဲ သူ့ရဲ့ခရာကို ပေါင်ပေါ်မှာ တဖုတ်ဖုတ် ခေါက်ရင်းနဲ့ ပိုးကောင် ထွက်လာလို ထွက်လာငြား ကြိုးစားကြည့်ပါတယ်။ မအောင်မြင်ပါဘူး။ ဒါနဲ့ သူလည်း အာဇာနည်ကုန်း ရောက်လာပြီး တာဝန်ခံ အရာရှိကို ရောက်ကြောင်း သတင်းပို့လိုက်ပါတယ်။

အာဇာနည်ကုန်းမှာ ကြည်း/ရေ/လေ တပ်စိတ်တွေ အဆင်သင့် ဖြစ်နေပါပြီ။ နိုင်ငံခြား ဧည့်သည်တွေလည်း တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြပါပြီ။ အဲဒီအခါမှာ ရှေ့ဆုံးက ဝင်လာသူက လုံခြုံရေး တပ်ခွဲမှူးကို သတင်းပို့ပါတယ်။ မနက်က သူ့ရဲ့ ခရာမှာ ပိုးဝင်လို့ အသံမထွက်ဘူး။ ဒါကြောင့် သမ္မတ မလာခင် ခဏစမ်းပြီး မှုတ်ကြည့်ချင်တယ်လို့ ခွင့်တောင်းပါတယ်။

တပ်ခွဲမှူးက ခွင့်ပြုတဲ့အတွက် သူဟာ ခြံစည်းရိုးဘက်နား သွားပြီး ခရာကို စမ်းမှုတ်ကြည့်ပါတယ်။ အစပထမတော့ ခရာက တဖူးဖူးနဲ့ အသံမထွက်ချင် ထွက်ချင် ဖြစ်နေရာက နောက်မှ အသံ အပြည့်အဝ ထွက်လာပါတယ်။ ဒါကြောင့် သူဟာ ခရာကို သူမှုတ်ရမယ့် တေးသွား အစပိုဒ်ကို စမ်းမှုတ်ကြည့်ပါတယ်။ အစပိုဒ်ကို မှုတ်ပြီးတဲ့ အချိန်မှာပဲ ဗုံးခနဲ ပေါက်ကွဲသံကြားပြီး သူလည်း အရှိန်နဲ့ မှောက်လျက် လဲသွားပါတော့တယ်။

## Timing

တောင်ကိုရီးယား ထိပ်တန်း ဧည့်သည်တော်အဖွဲ့ ဗုံးခွဲခံရတယ် ဆိုကတည်းက ဒါဟာ မြောက်ကိုရီးယား အစိုးရရဲ့ လက်ချက်လို့ ချက်ချင်း အဖြေထုတ်လို့ ရပါတယ်။ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်လို့ လူတွေက ရုတ်တရက်တော့ မသိကြသေးပါဘူး။ နောက်ရက် အနည်းငယ်အတွင်းမှာ ဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်များကြောင့် အခြေအနေတွေဟာ တစ်စတစ်စနဲ့ ရုပ်လုံးပေါ်လာပါတော့တယ်။

တောင်ကိုရီးယား သမ္မတရဲ့ မြန်မာပြည် ခရီးစဉ်နဲ့ ပတ်သက်တဲ့ သတင်းကို မြောက်ကိုရီးယားက ကြိုသိတယ်လို့ ယူဆရပါတယ်။ အဲဒီတုန်းက မြောက်ကိုရီးယား နိုင်ငံကို ကင်ဂျုံအီ (Kim Jong Il) အာဏာရနေတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီသတင်းအရ မြောက်ကိုရီးယားက မြန်ကြားရေး အဖွဲ့တစ်ခုဟာ မြန်မာပြည်ကို လာလည်ခဲ့ပါတယ်။ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို မြန်မာဘက်က ဧည့်ခံရာမှာ ပထမ ရွှေတိဂုံဘုရား ဒုတိယ အာဇာနည်ကုန်းနဲ့ တတိယ အမျိုးသား ပြတိုက် စတဲ့ နေရာတွေကို လိုက်ပြပါတယ်။ ဒါဟာ နိုင်ငံတကာ ဧည့်သည်တွေကို ဧည့်ခံရာမှာ လိုက်ပို့လေ့ ရှိတဲ့ခရီးစဉ်ပါ။

ဒီအစီအစဉ်ကို မြောက်ကိုးရီးယားက ရသွားတဲ့အခါ တောင်ကိုးရီးယား သမ္မတနဲ့ အဖွဲ့ လာရင်လည်း ဒီအတိုင်းပဲ ညွှန်မယ်ဆိုတာ သူတို့ သဘော ပေါက်သွားပါတယ်။ ဒီလို မြောက်ကိုးရီးယား ကိုယ်စားလှယ်အဖွဲ့ ရောက် လာပြီး အစီအစဉ်တွေကို ကြိုသိအောင် လုပ်တာကို သူတို့ အသုံးအနှုန်းအရ Dry Rum လို့ ခေါ်ပါတယ်။ ဒါကြောင့် သူတို့ဟာ တောင်ကိုးရီးယား အဖွဲ့ကို လုပ်ကြံမယ် ဆိုရင် အသင့်လျော်ဆုံး နေရာဟာ အာဇာနည်ကုန်း ဖြစ်မယ်လို့ သတ်မှတ် ရွေးချယ်လိုက်ခဲ့ပါသတဲ့။

အဲဒီလို ရွေးချယ်တဲ့အတိုင်း အာဇာနည်ကုန်း ရောက်တဲ့အခါ အာဇာနည် ခေါင်းဆောင်ကြီးများကို အလေးပြုတဲ့အခါ ရောမှတ်တဲ့ အစီ အစဉ် ပါတယ်ဆိုတာကိုပါ မှတ်သားထားမယ်လို့ ယူဆရပါတယ်။ ဒါကြောင့်



ဟောစဉ်သည်က သူရော ကောင်း မကောင်း စမ်းသပ်မှုတ်တဲ့ အသံကို ကြား ရာနဲ့ ဒီအသံကို စောင့်နေတဲ့ လျှို့ဝှက် မြောက်ကိုးရီးယားတွေက လူစုံတဲ့ အတွက် အလေးပြုပြီလို့ ယူဆပြီး remote control ကို နှိပ်လိုက်တဲ့အတွက် ကွဲသွားခြင်းဖြစ်ပါတယ်။ တကယ်တော့ သူတို့ timing အောက်သွားတာပါ။ သူတို့ timing အောက်သွားတဲ့ အကြောင်းရင်းက တစ်ကြောင်း၊ သမ္မတ ဦး ပေးယု ရုံးမှာ သမ္မတကတော် အတွက် နှင်းဆီပန်းတွေ စုနေရလို့ အချိန် နောက်ကျသွားတာက တစ်ကြောင်း စတဲ့ အကြောင်းတွေဟာ တောင်ကိုးရီး ယား သမ္မတရဲ့ အသက်ကို ကယ်လိုက်သလို ဖြစ်သွားခဲ့တာပါ။

## ဖေထာက်လှမ်းရေး စီမံချက်

တောင်ကိုးရီးယား သမ္မတနဲ့ အဖွဲ့ ခရီးစဉ် သတင်းကို မြောက်ကိုးရီးယား ဘက်က ကြိုတင်ရတဲ့အခါ မြောက်ကိုးရီးယားက သမ္မတနဲ့အဖွဲ့ကို လုပ်ကြံဖို့ စီမံပါတော့တယ်။ အဲဒီ စီမံချက်ကို အကောင်အထည်ဖော်ဖို့ လက်ရွေးစင် မြောက်ကိုးရီးယား တပ်မတော်ရဲ့ အရာရှိ သုံးဦးကို ရွေးချယ်လိုက်ပါတယ်။ အဲဒီ သုံးယောက်ဟာ တောင်ကိုးရီးယားအဖွဲ့ကို မြန်မာပြည်မှာ လုပ်ကြံမယ်၊ အဲဒီမှာ လုပ်ကြံလို့ မရရင် နောက်ခရီးစဉ် တစ်ထောက်ဖြစ်တဲ့ သီရိလင်္ကာမှာ လုပ်ကြံကြမယ်လို့ စီစဉ်ကြပါတယ်။

မြန်မာပြည်ကို တောင်ကိုးရီးယား သမ္မတနဲ့အဖွဲ့ မရောက်ခင် တစ်ပတ် လောက် အလိုမှာ ရန်ကုန်ဆိပ်ကမ်းကို မြောက်ကိုးရီးယား သင်္ဘောတစ်စီး ထပ်ရောက်လာပါတယ်။ အဲဒီသင်္ဘောဟာ ရန်ကုန်ဆိပ်ကမ်းမှာ သုံး-လေး ရက် ကြာပါတယ်။ သင်္ဘောဆိုက်တဲ့ ကာလမှာ ထုံးစံအတိုင်း သင်္ဘောသား အချို့ ရန်ကုန်မြို့ပေါ်ကို အလည်အပတ် သွားကြပါတယ်။ အဲဒီလို အလည် အပတ် သွားတဲ့အခါ ဆိပ်ကမ်း အဝင်အထွက် မှတ်ပုံတင်စာအုပ်မှာ မှတ် တမ်း တင်ရပါတယ်။ တစ်ရက်မှာတော့ ကုန်းပေါ် တက်သွားတဲ့ မြောက်ကိုးရီး ယား သင်္ဘောသား သုံးယောက်ဟာ သင်္ဘောကို ပြန်မလာခဲ့ပါဘူး။

အဲဒီလို သင်္ဘောသား သုံးယောက် ပြန်မလာပဲ ပျောက်ကွယ်နေတာကို ဆိပ်ကမ်း အာဏာပိုင်တွေက ချက်ချင်း အကြောင်းကြားပါတယ်။ မြောက် ကိုးရီးယား သင်္ဘော ပြန်ထွက်သွားသော်လည်း အဲဒီ ခရီးသည် သုံးယောက် ရန်ကုန်မြို့ပေါ်မှာ ရှိနေတဲ့ သဘောပေါ့။ တကယ်တော့ သူတို့ သုံးယောက် ဟာ အဲဒီညကစပြီး အလုံမြို့နယ်မှာ မြောက်ကိုးရီးယား သံရုံးက ငှားထားတဲ့ အဆောက်အဦမှာ နစ်ည သုံးညလောက် နေပြီး ပြင်ဆင်မှုတွေ လုပ်နေတာပါ။ သူတို့ အသုံးပြုရမယ့် ပစ္စည်းတွေ (ဖောက်ခွဲရေးနဲ့ ပတ်သက်တဲ့ ကြိုး၊ ခနက် တံ၊ ယမ်း စသည်) ကို ပြင်ဆင်နေတာပါ။

နောက်တစ်နေ့မှာ သူတို့ တည်းခိုတဲ့ အိမ်က ညပိုင်းမှာ ထွက်ပြီး အာဇာနည်ကုန်းကို သွားရောက် လေ့လာပါတယ်။ အဲဒီကုန်းက အာဇာနည်

ကုန်းဟာ အကာ မရှိပေမဲ့ အမိုးနဲ့ပါ။ သူတို့ဟာ အာဗာနည်ကုန်း ခေါင်မိုးပေါ်က ထုတ်တို့၊ တန်းတို့မှာ သူတို့မှာ ပါတဲ့ ယမ်းတွေကို ဆင်ထားခဲ့ပါတယ်။ ဆင်ထားပြီးတော့ သူတို့တည်းတဲ့ အိမ်ကို ပြန်မသွားတော့ပါဘူး။ ထောက်လှမ်းရေး ပန်းခြံထဲက ချုံပုတ်တွေ အောက်မှာ ဖြစ်သလို အိပ်ကြပါသတဲ့။

နောက်တစ်နေ့ မနက်လင်းတော့ ဖြစ်သလို အာဟာရတွေ ဖြည့်ပြီး မနက် ရှစ်နာရီလောက်ကတည်းက မြေနီကုန်း လမ်းဆုံမှာ ရှိတဲ့ ဦးဝိစာရ ရုပ်ရှင်ရုံများမှာ ရုပ်ရှင်ကြည့် ပရိသတ်လိုလို၊ ဘာလိုလိုနဲ့ ခုတ်နံ တစ်ခုမှာ ထိုင်စောင့်နေကြပါသတဲ့။ အဲဒီအခါမှာ ရောမှတ် စစ်သည်က သူ့ခရောကို အသံ ထွက်/မထွက် စမ်းရင်း အသံ ထွက်လာတာနဲ့ မှတ်ရမယ့် တေးသွားရဲ့ ပထမအပိုဒ်ကို စမ်းမှုတ်တဲ့အခါ မြောက်ကိုးရီးယားတွေက လူစုံလို့ အလေးပြုနိုန်ပဲလို့ ယူဆပြီး remote control ကို နှိပ်လိုက်တော့ timing မညီတဲ့ ပေါက်ကွဲမှု ဖြစ်သွားခဲ့တော့တာပေါ့။

## ထောက်လှမ်းရေး လစ်ဟာမှု Intelligence gap

အဲဒီအချိန်မှာ တိုက်ဆိုင်သွားတာက အမျိုးသား ထောက်လှမ်းရေး အဖွဲ့ တာဝန်ခံ ဖြစ်တဲ့ ဗိုလ်မှူးချုပ် တင်ဦးနဲ့ ပြည်ထဲရေးဝန်ကြီး ဦးဘိုနီတို့ကို အရေးယူတဲ့ အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ သူတို့နှစ်ဦးဟာ ထောက်လှမ်းရေး သနေ့တွေ ဖြစ်ပါတယ်။ ထိပ်ပိုင်းနှစ်ဦး အဲဒီလို အရေးယူခံရတဲ့အခါ သူတို့ လက်အောက်က အရာရှိကြီး/ငယ် အများစုဟာလည်း ထိပ်လန့် ချောက်ချားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေခဲ့ကြပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ အဓိက တာဝန်ဖြစ်တဲ့ လုံခြုံရေးနဲ့ ထောက်လှမ်းရေး တာဝန်တွေကို အပြည့်အဝ မထမ်းဆောင်နိုင်တော့ဘဲ လစ်ဟာမှု ဖြစ်သွားခဲ့ပါတယ်။ အဲဒီ လစ်ဟာမှုကြောင့် CDH ဗုံးခွဲမှုကြီးကို မြောက်ကိုးရီးယားက အောင်မြင်စွာ လုပ်ဆောင်သွားနိုင်ခဲ့တာပါ။

## Escape Route လွတ်လမ်း

မြောက်ကိုးရီးယားရဲ့ လျို့ဝှက်အရာရှိ သုံးဦးဟာ ဗုံးကွဲသံလည်း ကြားရော သူတို့ လုပ်ငန်း အောင်မြင်ပြီပေါ့။ ဒါ့ကြောင့် သူတို့ တိုင်းပြည်က မလာခင်

ကတည်းက ရရှိတဲ့ ညွှန်ကြားချက်အရ သူတို့ရဲ့ လွတ်မြောက်ရေး၊ လွတ်မြောက်ကြောင်း အစီအစဉ်အတိုင်း တောင်ဘက် ပင်လယ်ဝကို ဖရုနှ ထွက်ခွာကြပါတယ်။ သူတို့ ညွှန်ကြားချက်ထဲမှာက သတ်မှတ်ထားတဲ့ နေရာမှာ မြောက်ကိုးရီးယား ရေငုတ်သင်္ဘော တစ်စီးက လာစောင့်ပြီး သူတို့ကို ခေါ်သွားမယ်။ အဲဒီအတိုင်း စီစဉ်ခဲ့တာပါ။

တကယ်တော့ ရေငုတ်သင်္ဘောက လာစောင့်မနေပါဘူး။ သူတို့ကို လွှတ်လိုက်တာက Suicide Mission ပါ။ ပြန်လမ်းမရှိ၊ လွတ်လမ်း မရှိတဲ့ အသေခံ မစ်ရှင်တစ်ခု ဖြစ်ပါတယ်။ ဒီလိုသဘောကို သူတို့ကိုယ်တိုင်လည်း နောက်ပိုင်းမှာ သိလာရပါတယ်။

သူတို့သုံးယောက် တော်လှန်ရေးပန်းခြံကနေ ကမ်းနားဘက်ကို ကျော ပိုးအိတ်ကိုယ်စီနဲ့ ထွက်ခွာခဲ့ပါတယ်။ မြန်မာပိုက်ဆံလည်း ပါလာတော့ ဒလ ဘက်ကို သမ္ပန် ငှားပြီး ကူးခဲ့ကြပါတယ်။ ဒလဘက်ရောက်တော့ သံလိုက် အိမ်မြှောင်ညွှန်းရာ တောင်အရပ်ကို မှတည်ပြီး ခြေလျင်ခရီး ဆက်ကြပါတယ်။ အချိန်က မွန်းတည့် ၁၂ နာရီ ကျော်နေပါပြီ။

ဒလမြို့လွန်တော့ ကျေးရွာပိုင်းဘက်ကို ဦးတည်လျှောက်ကြပါတယ်။ အဲဒီအချိန်မှာ သီတင်းကျွတ်လ နောက်ဆုံးပတ်လောက် ဆိုတော့ အဲဒီဘက် က တချို့လယ်တွေ ရိတ်သိမ်းစပြုနေကြပါပြီ။ လယ်ကွင်းတွေကို ဖြတ်ပြီး ခရီးသွားနေတဲ့ လူသုံးယောက်ကို ရွာသားတွေ မြင်တော့ မယုံသင်္ကာစိတ်တွေ ပေါ်လာပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့က ဘောင်းဘီ ကိုယ်စီ ကျောပိုးအိတ် ကိုယ်စီ၊ ခြေထောက်မှာလည်း တောသားတွေ စီးလေ့စီးထ မရှိတဲ့ လည်ရှည် သားရေဖိနပ် ကိုယ်စီတွေနဲ့ပါ။

ရွာသားတွေထဲက နီးကြားတဲ့ ရွာသားတချို့ ခေါင်းဆောင်ပြီး သူတို့ကို ချဉ်းကပ်ပါတယ်။ မေးမယ်၊ မြန်းမယ်ပေါ့။ ဒါပေမဲ့ သူတို့အနား ရောက်တဲ့အခါ သူတို့ သုံးယောက်စလုံးက အနားကပ် မခံဘဲ ရန်လိုတဲ့ အမူအရာတွေ တုံ့ပြန်တဲ့အခါ ရွာသားတွေက ဝိုင်းဖမ်းဖို့ ကြိုးစားပါတော့တယ်။ သူတို့ ပါလာတဲ့ လက်ပစ်ဗုံး ကိုယ်စီနဲ့ လယ်သမားတွေကို ပစ်ပေါက်မယ် ကြံရွယ် ဟန်ပြပါတယ်။ ဒါပေမဲ့ လက်ပစ်ဗုံးတွေက သူတို့လက်က မလွှတ်ခင် မပေါက်

ဲ့သွားကြပါတယ်။

သူတို့ထဲက တစ်ယောက် ပွဲချင်းပြီး သေပြီး နှစ်ယောက် ဒဏ်ရာ ရသွားကြပါတယ်။ ဒဏ်ရာနဲ့ အရှင်မိတဲ့သူ နှစ်ယောက်ရဲ့ နာမည်တွေကတော့ ၁င်ဘိုနဲ့ ကင်မင်ချူးတို့ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကို တပ်မတော် စစ်ဆေးရုံကိုတင်ပြီး ဆေးဝါး ကောင်းစွာကုသပေးခဲ့ပါတယ်။ ဇင်ဘိုကတော့ ာက်ပစ်ဗုံးကွဲစတွေ မှန်လို့ မျက်စိ မမြင်တော့ပါဘူး။ ကင်မင်ချူးကတော့ ာက်ထဲမှာတင် ဗုံးကွဲသွားတဲ့အတွက် လက်တစ်ချောင်း ဖြတ်ပစ်ရပါတယ်။

သူတို့ နေကောင်းလို့ စစ်ကြောရေး လုပ်တဲ့အခါမှာ ဇင်ဘိုက ဘာမှ ပြောခဲ့ပါဘူး။ တာဝန်ရှိသူတွေ မေးမြန်းသမျှကို လုံးဝ မဖြေခဲ့ပါဘူး။ ဒါပေမဲ့ ၁င်မင်ချူးကတော့ မေးသမျှကို အားလုံး ဖြေကြားခဲ့ပါတယ်။ သူတို့ကို ဘယ်သူ တာဝန်ပေးတယ်၊ ဘာရာထူးတွေ ဆိုတာရယ်၊ မြန်မာပြည် လုပ်ကြံဖို့ ာဝန်ပေးပုံတွေ အားလုံးကို ပြောပြခဲ့ပါတယ်။ သူ အဲဒီလို မချွင်းမချန် ပြောတဲ့ အကြောင်းက သူ့အသက်အရာရှိတွေကို စိတ်နာလို့ပါ။

ဘာ့ကြောင့် စိတ်နာရသလဲဆိုတော့ ရှာသားတွေကို ပစ်မယ့် သူတို့ရဲ့ ာက်ပစ်ဗုံးဟာ သာမန် သုံးနေကျ လက်ပစ်ဗုံးနဲ့ မတူပဲ Instant Fuse ည်ထားတဲ့ လက်ပစ်ဗုံးတွေ ဖြစ်တယ်ဆိုတာ သိလိုက်ရလို့ပါ။ သာမန် စစ် း လက်ပစ်ဗုံး ဆိုတာက ပစ်တဲ့လူရဲ့လက်က လွတ်တာနဲ့ လေးစက္ကန့်ကြာ ပေါက်ကွဲတဲ့ ခနစ် four seconds fuse ကြောင့် လေးစက္ကန့်နေမှ ကွဲရှိးထုံးစံ နဲ့ပါတယ်။ ချက်ချင်း ပေါက်ကွဲစေတဲ့ Instant Fuse ကတော့ လက်ပစ်ဗုံးရဲ့ ်ကို ဖြုတ်လိုက်တာနဲ့ ပေါက်ကွဲစေခဲ့တာပါ။ သူတို့ကို ပွင့်ပွင့်လင်းလင်း ပြောခဲ့ဘဲ အသေခံခိုင်းတာပါလားလို့ ဆိုတဲ့ အသိကြောင့် စိတ်နာခဲ့တာပါ။ ဒါကြောင့်လည်း မေးသမျှတွေ ဖြေခဲ့တာပါ။

**အသေခံ စစ်သည်**

ကယ်တော့ အဲဒီ မြောက်ကိုးရီးယား အရာရှိ သုံးယောက်ဟာ မြောက် ီးယား တပ်မတော်ရဲ့ လက်ရွေးစင် အရာရှိတွေ ဖြစ်ပါတယ်။ ခန္ဓာကိုယ် ကြံခိုင်မှုအနေနဲ့ ကြည့်မယ်ဆိုရင် သူတို့ဟာ ကမ္ဘာ့လူသားတွေထဲမှာ ကြံ့ခိုင်

ဆုံးသော လူတွေပါ။ ကိုယ်ခံပညာလည်း ကျွမ်းကျင်တယ်၊ လက်နက်ငယ်မျိုးစုံလည်း ကျွမ်းကျင်တယ်၊ ယမ်းဖောက်ခွဲမှု ပညာတွေအပြင် ဆေးပညာနဲ့ သူနာပြု အတတ်တွေကိုလည်း အတိုက်အလျောက် နားလည် ကျွမ်းကျင်တဲ့ အရာရှိတွေ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူတို့ရဲ့ ခေါင်းဆောင် ကင်ကျုံအီဟာ သူတို့ကို အသေခံ စစ်သည်တွေအဖြစ် ရွေးချယ်ခဲ့တာပါ။ သူတို့ကတော့ ကိုယ်ခံရမှုသာ ဒီအာဇာနည်အထားကို အသေဘာပေါက်ခဲ့ကြတာပါ။

ဒဏ်ရာနဲ့ ဖမ်းမိတဲ့သူနှစ်ယောက် ကျန်းမာရေး ကောင်းမွန်လာတဲ့ အခါ အထူးနှိပ်စက်ခဲ့ပြီး တစ်လုံးတစ်ပါဒမှ မဖြေခဲ့တဲ့ ဖမ်းဆီးကိုတော့ သေဒဏ် ချခဲ့ပါတယ်။ တကယ်လည်း ကြိုးပေးခဲ့ပါတယ်။ ဖြစ်ရပ်တွေကို အစ အဆုံး ဝန်ခံခဲ့တဲ့ ကင်မင်ချူးကိုတော့ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချပြီး အင်းစိန်ထောင်က အထူးတိုက်မှာရှိတဲ့ အိမ်တစ်လုံးမှာ သီးသန့်ထားပါတယ်။ ကျွန်တော် အထူးတိုက်မှာ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်ထိ ရှိတုန်းမှာ ကင်မင်ချူး ရှိနေမှန်း သိပါတယ်။ လူချင်း မတွေ့ခဲ့ဖူးပါဘူး။

ဒါပေမဲ့ ထောင်ဝန်ထမ်းတစ်ချို့ကိုတော့ အားရင် တိုက်ကွမ်ဒို သင်ပေးတာ သိရပါတယ်။ နောက်ပြီး သူဟာ သူ့အိမ်နားမှာ ရောက်လာတဲ့ ဘာတို့ အကျဉ်းသား တစ်ချို့နဲ့ အဆက်အသွယ်ရတဲ့အခါ စကားမြည် ပြောရပါတယ်။ ဗုဒ္ဓဘာသာကို ယုံကြည် သက်ဝင်လာပြီး နေ့စဉ် ပုတီးစိပ်ပါသတဲ့။ ကျွန်တော်နဲ့ အတူတူ ၁၉၉၅ ခုနှစ်မှာ လွတ်ခဲ့တဲ့ ဗိုလ်မှူးကြီး စံသာရဲ့ အိမ်ချင်းကပ်လျက်ပါ။ သူပြောစကားအရ သိရတာက "ဟေ့ကောင်၊ ကင်မင်ချူးက ပုတီးစိပ်တော့ အကြားအမြင် ရနေပြီ ထင်တယ်ကွ၊ ငါ မလွတ်ခင် တစ်ပတ်က ငါလွတ်တော့မယ် ဆိုတဲ့အကြောင်း သူက ပြောတာ" လို့ ဗိုလ်မှူးကြီး စံသာက ပြောပါတယ်။

သူတို့အိမ် အချင်းချင်း သွပ်ပြားအထူတွေ ကာထားလို့ လူချင်း မမြင်ရပေမဲ့ နှစ်ယောက်သား မာလကာပင်ပေါ် တက်ပြီး စကားပြောရင် ရပါသတဲ့။ ဒါပေမဲ့ ကင်မင်ချူးဟာ ဦးသိန်းစိန် သမ္မတ လက်ထက်လောက်မှာ အစာအိမ် ရောဂါနဲ့ ကွယ်လွန်သွားတယ်ဆိုတာ သိရပါတယ်။ ရိုးရိုး ကွယ်လွန်တာ ဟုတ်ပါလေစလို့ ကျွန်တော် တွေးမိပါတယ်။

## ပြောင်းလဲသွားခဲ့ရသော သမိုင်းရေစီးကြောင်းများ

ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့ ဖြစ်ရပ်တွေဟာ ကျွန်တော် ကြားသိရတဲ့ ဟိုနားက တစ်စ၊ ဒီနားက တစ်စ အချက်အလက်တွေကို စုစည်း တင်ပြရခြင်း ဖြစ်ပါတယ်။ အသေးစိတ် ဖြစ်စဉ်တွေကတော့ ကွာခြားကောင်း ကွာခြားပါ လိမ့်မယ်။ ဒါပေမဲ့ ဗုံးကွဲခဲ့တဲ့ဖြစ်ရပ်၊ ဇင်ဘိုနဲ့ ကင်မင်ချူးတို့ကို အရှင်မိတဲ့ ဖြစ်ရပ်၊ ဗုံးကွဲတဲ့ အကြောင်းကို အခြေခံပြီး တပ်မတော် ထောက်လှမ်းရေး အဖွဲ့ တစ်ခုလုံး အရေးလှန်သလို လှုတ်ပစ်လိုက်တဲ့ ဖြစ်ရပ်နဲ့ ကင်မင်ချူး ကွယ်လွန်သွားတဲ့ အချက်တွေဟာ အမှန်ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေပါ။

တကယ်လို့ ရှေးမှတ်သမားက သူ့ရှေ့မှာ ပိုးကောင်လေး မဝင်ခဲ့ရင်၊ အမှုဟုတ် သမ္မတ ချွန်ဒူးဟွမ် ကတော်အတွက် ခပ်တုံးတုံး ကပ်ကြေးတွေနဲ့ ဝင်းဆီပန်းရုံးတဲ့အခါ အချိန် မကြာမြင့်ခဲ့ရင် ကျွန်တော်တို့ နိုင်ငံနဲ့ တောင်ကိုးရီးယား နိုင်ငံတို့ရဲ့ သမိုင်းတွေဟာ အခု ကျွန်တော်တို့ တွေ့ခဲ့ကြုံခဲ့ရတဲ့အတိုင်း ဖြစ်လာပါ့မလားလို့ သံသယရှိပါတယ်။

ဗုံးခွဲမှုကို အကြောင်းပြုပြီး ထောက်လှမ်းရေး အဖွဲ့တွေကို တပ်မတော်က အပြီးအပိုင် နှုတ်ထွက်စေခဲ့တာဟာ ဦးနေဝင်းအလိုကျ ဗိုလ်ချုပ်ကြီး စောမောင်က အကောင်အထည်ဖော်ပေးရတာပါ။ အဲဒီထဲမှာ အရည်အချင်း ရှိပြီး နိုင်ငံတော်ကို သစ္စာရှိတဲ့ အရာရှိတွေ အများကြီး ပါသွားပါတယ်။ အဲဒီ အရာရှိတွေ ပါသွားတာဟာ နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်တွေ ဆုံးရှုံး သွားတာပဲလို့ ကျွန်တော် မြင်မိပါတယ်။

အလားတူပဲ တောင်ကိုးရီးယားမှာလည်း သမ္မတ ချွန်ဒူးဟွမ်ရဲ့ အရေး ကြီးတဲ့ ဝန်ကြီးတွေ ရုတ်တရက် ကွယ်လွန်သွားခြင်းဟာ တောင်ကိုးရီးယား နိုင်ငံရဲ့ အတော်ဆုံး၊ တန်ဖိုးအရှိဆုံး ခေါင်းဆောင်တွေ ဆုံးရှုံးသွားခြင်းပါ။ နောက်ဆက်တွဲ ဖြစ်ရပ်တွေအပေါ် သုံးသပ်ရင် နောက်နှစ် အနည်းငယ် အတွင်း သူတင်မကဘူး သူ့နောက်မှာ သမ္မတ ဖြစ်လာတဲ့ ရိုတေဝူးတို့ နှစ် ယောက်ဟာ အဂတိတရား လိုက်စားမှုနဲ့ အရေးယူခံရပြီးတော့ ထောင်နန်း စံခဲ့ကြရပါတယ်။

အဲဒီအချိန် ၁၉၉၅ ခုနှစ်မှာ ကျွန်တော် ထောင်က လွတ်ခဲ့ပါပြီ။ ကျွန်တော် ငယ်ငယ်လေးကတည်းက ဖတ်ခဲ့တဲ့ Newsweek မဂ္ဂဇင်းကိုလည်း အပတ်စဉ် ဝယ်ဖတ်နေပါပြီ။ တစ်ရက်မှာတော့ အဲဒီ မဂ္ဂဇင်းရဲ့ အတွင်း စာမျက်နှာ တစ်ခုမှာ ချွန်ဒူးဟွမ်နဲ့ ရိုတေဝူးတို့ နှစ်ယောက် အကျဉ်းထောင်ဝတ်စုံနဲ့ ပုံကို အသားပေး ဖော်ပြထားတာ ဖတ်လိုက်ရပါတယ်။ အဲဒီပုံကို ကြည့်ပြီး ကျွန်တော်က စိတ်ထဲမှာ "ဟာ... သွားပြီ" လို့ မှတ်ချက်ချမိပါတယ်။

ဘာလို့ အဲဒီလို မှတ်ချက်ချရသလဲ ဆိုတော့ ချွန်ဒူးဝှမ်နဲ့ ရိုတေဝူးတို့ဟာ မူလက ဗိုလ်ချုပ်ကြီးတွေ။ သူတို့ဥပဒေအရ သမ္မတ ဖြစ်လာကြပြီ၊ သမ္မတရာထူးက အနားယူတော့မှ တရားခံတွေ ဖြစ်ပြီး ထောင်ထဲကို ဒုတ်ခုတ်ထိရောက်တဲ့ အဖြစ်က ကျွန်တော်တို့ နိုင်ငံရဲ့ ဗိုလ်ချုပ်ကြီးတွေအတွက်တော့ စိတ်ချောက်ချားစရာပါ။ ဒါကြောင့်မို့ အာဏာကို ဗိုပြီး မြဲမြဲဆုပ်ကိုင်ထားဖို့ တွန်းအားပေးတဲ့ ဖြစ်ရပ်တွေလို့ သူတို့ သဘောပေါက်သွားမှာ သေချာပါတယ်။

ခုဆက်ရေးမယ့် ကိစ္စက ကျွန်တော် ရေးထားတဲ့ ခေါင်းစဉ်နဲ့တော့ သွေဖည်ကောင်း သွေဖည်ပါလိမ့်မယ်။ ဒါပေမဲ့ တစ်ဆက်တစ်စပ်တည်း သိသင့်တဲ့ ကိစ္စမို့ နည်းနည်း လေကြောရှည်ပါရစေ။ တောင်ကိုးရီးယားက ဗိုလ်ချုပ်ကြီးတွေ သမ္မတ ဖြစ်လာကြတာ၊ အဂတိမှုနဲ့ ထောင်ကျခဲ့ကြတာတွေ ဟာ သူတို့နိုင်ငံရဲ့ ဥဒေကြောင်းအရ ဖြစ်ခဲ့ကြတာပါ။

ကျွန်တော်တို့ နိုင်ငံ နအဖ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ ထောက် လှမ်းရေးက ဗိုလ်ချုပ်များနဲ့တကွ အရာရှိတွေကို အရေးယူခံရပုံဟာ ဥပဒေ အညီ လုပ်တယ်လို့ မပြောနိုင်ပါဘူး။ အဲဒီခေတ် ခေါင်းဆောင် အချို့ရဲ့ဆ အရ သူတို့တစ်တွေ အထုတ်ခံရတယ်၊ ထောင်သွင်း အကျဉ်းချထားခြင်း ခံ တယ် ဆိုတဲ့ဖြစ်ရပ်တွေဟာ ခေါင်းဆောင်တစ်စုရဲ့ ဆန္ဒအရလို့ပဲ ပြောရ လိမ့်မယ်။

အားလုံး သင်ခန်းစာ ယူနိုင်ကြပါစေ။

*****

# နိုင်ငံရေး လေနှင့် ဝမ်းနှင့် ကွဲစေလို

ဘာကာယ်တော့ လေနဲ့ဝမ်းနဲ့ ကွဲတယ် ဆိုတဲ့ စကားဟာ ဆေးပညာနဲ့ ပတ်သက်ပါတယ်။ အထူးသဖြင့် အစားအသောက် မှားလို့ အစာအိမ် မအီမလည် ဖြစ်တဲ့ အခါမျိုးမှာ ဖြစ်တတ်ပါတယ်။ အစာအိမ်ရဲ့ "အတွင်းလေ" တွေ သောင်းကျန်းပြီး ပြဿနာပေါ်တဲ့အခါ ဖြစ်လာတတ်တဲ့ ဝေဒနာပါ။ အဲဒီ တော့ ကာယကံရှင်က လေလည်တဲ့အခါ ဝမ်းပါရောပြီး ပါလာတတ်ပါတယ်။ ဒီမျိုးကို လေနဲ့ဝမ်းနဲ့ မကွဲဘူးလို့ပြောကြတာပါ။

တစောင်တွေမှာရော၊ Facebook post တွေမှာပါ ပြောကြ၊ ဆိုကြ၊ ဝေဖန်ကြတဲ့ အသံတွေ ကြားခဲ့ရဖူးမှာပါ။ ဘာတဲ့၊ ပါတီအနေနဲ့ အုပ်ချုပ်ရေးမှာ ဝင်စွက်တယ်၊ ပါတီအနေနဲ့ လွှတ်တော် ကိစ္စတွေမှာ ဝင်စွက်တယ်၊ အဲဒီလို စွက်ဖက်တာတွေဟာ မလုပ်သင့်တဲ့ ကိစ္စ၊ ဘောင်ကျော်တဲ့ကိစ္စ စသဖြင့် ပေါ့။

အဲဒီလို ဝေဖန်မှုတွေ ကြားရတဲ့အခါ ကျွန်တော့်အနေနဲ့ "ဪ ဒီလူ တွေ နိုင်ငံရေး လေနဲ့ဝမ်းနဲ့ မကွဲကြပါလား" လို့ စိတ်ထဲမှာ မှတ်ချက်ချမိပါ တယ်။

သူတို့ ပြောတာတွေ ကြားရတဲ့ ပုဂ္ဂိုလ်တစ်ချို့ကတော့ ဟုတ်နိုးနိုး ထင် ကောင်း ထင်ကြပါလိမ့်မယ်။ သေသေချာချာ မစဉ်းစားမိလို့လည်း ဖြစ် ကောင်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အမြင်မှန် သိနိုင်ကြစေဖို့အတွက် အခုလို ဆောင်းပါး ရေးပြရတာပါ။

ထင်ရှားဆုံး သာဓကတစ်ခု ပြောပြမယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် UEC က ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ အထွေထွေ ရွေး ကောက်ပွဲကြီး ကျင်းပပေးမယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီ ကြေညာချက်

ကြောင့် မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ လုပ်ငန်းများ စတင်လာကြရပါတော့တယ်။

အဲဒီ ကြေညာချက်ကြောင့် ပါတီအသီးသီးဟာ ရွေးကောက်ပွဲ ဝင်သင့်၊ မဝင်သင့် စဉ်းစား ဆုံးဖြတ်ကြရပါတယ်။ ကျွန်တော်တို့ NLD ကလည်း UEC ရဲ့ ကြေညာချက်အပေါ် ဘယ်လို တုံ့ပြန်ရမလဲဆိုတာ ဗဟို အလုပ်အမှုဆောင် အစည်းအဝေး ခေါ်ပြီး ဆုံးဖြတ်ကြရပါတယ်။ အဆုံးမှာတော့ "ရွေးကောက်ပွဲ ဝင်မယ်" ပေါ့။

ရွေးကောက်ပွဲ ဝင်တဲ့အခါ ဘယ်မူနဲ့ ဝင်မလဲဆိုတာ ဖြစ်လာပါတယ်။ ဒါကိုလည်း NLD-CEC ကပဲ "ရွေးကောက်ပွဲ ကြေညာစာတမ်း Election Manifesto" ကို အချိန်ယူပြီး ရေးဆွဲရပါတယ်။

ဒါတွေအားလုံးကို ပါတီဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့ရတာပါ။

ရွေးကောက်ပွဲ ဝင်မယ်၊ ဘယ်မူနဲ့ ဝင်မယ်ဆိုတာ ဆုံးဖြတ်ပြီးတဲ့အခါ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မြို့နယ်တိုင်းမှာ ဝင်မှာလား၊ မဝင်ဘူးလား ဒီအချက်တွေကိုလည်း ပါတီက ဆုံးဖြတ်ရပါတယ်။ တိုတိုပြောရရင် မြို့နယ် ၃၀၀ ကျော်လုံး ရွေးကောက်ပွဲ ဝင်မယ်ဆိုပြီး ဖြစ်လာပါတယ်။

ရွေးကောက်ပွဲ ဝင်မယ်လို့ ဆုံးဖြတ်ပြီးတဲ့အခါမှာ မြို့နယ် အသီးသီးက ကိုယ့် NLD အဖွဲ့အစည်းတွေကို ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းတွေ စာရင်းပြုစုပေးကြပါ။ ခရိုင် အဆင့်နဲ့ တိုင်း/ပြည်နယ် အဆင့်တို့ကလည်း အားလုံး ပူးပေါင်းလုပ်ကြပါ။ မြို့နယ် တစ်မြို့နယ်မှာ ကိုယ်စားလှယ်လောင်း လေးဦးသာ ရွေးကောက်ပွဲ ဝင်ခွင့်ရမှာမို့ ပထမ ဦးစားပေး လေးယောက်ကို ရွေးပေးကြပါ။ အရန်အနေနဲ့လည်း နောက်ထပ် လေးဦး ရွေးပေးကြစေလိုပါတယ် ဆိုပြီး ညွှန်ကြားချက် ထုတ်ပြန်ရပါတယ်။ ပါတီဌာနချုပ် အနေနဲ့ လုပ်ခဲ့ရတာပါ။

မြို့နယ်တွေက ကိုယ်စားလှယ်လောင်း စာရင်းတွေ ရလာပါပြီ။ တချို့ မြို့နယ်မှာ ပထမ ဦးစားပေး လေးယောက်နဲ့ ဒုတိယ ဦးစားပေး လေးယောက် အပြင် နောက်ထပ် အရန် လေးယောက်ပါ ပို့ခဲ့ကြပါသေးတယ်။

အဲဒီ ကိုယ်စားလှယ်လောင်းတွေကို ဖဆပလ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ဖဆပလ ကော်မတီဝင်များနဲ့ တိုင်း/ပြည်နယ် တာဝန်ရှိသူများက အချိန်ယူပြီး စိစစ် ရွေးချယ်ရပါတယ်။

အဲဒီလို စုစည်းရွေးချယ်ရတာ လက်ဝင်လှပါတယ်။ မြို့နယ်အသီးသီးက မြို့နယ် ကိုယ်စားလှယ်လောင်း တချို့ရဲ့ အကြောင်းတွေကို ဖဆပလ အလုပ်အမှုဆောင်တွေက ကြိုတင် သိထားကြတော့ သူတို့ တင်ပြတဲ့ ဦးစားပေး ပုဂ္ဂိုလ်တွေ မဟုတ်ဘဲ အပြင်က သော်လည်းကောင်း၊ ဒုတိယ ဦးစားပေးထဲက သော်လည်းကောင်း ရွေးချယ်ခဲ့ရပါတယ်။



မြို့နယ် တစ်ဝက်နီးပါးက ပို့တဲ့ ကိုယ်စားလှယ်လောင်းတွေကို ပယ်ခဲ့ရပြီး ဖဆပလ အလုပ်အမှုဆောင် အဖွဲ့က သင့်လျော်ရာ ပုဂ္ဂိုလ်များနဲ့ အစားထိုးခဲ့ရပါတယ်။ အဲဒီအခါမှာ ကြိုတင် မမျှော်မှန်းမိတဲ့ ပြဿနာတွေ ပေါ်ပေါက်ခဲ့ပါတယ်။

သူတို့တင်တဲ့ လူတွေ မပါလို့ဆိုပြီး ဖဆပလ အောင်နိုင်ရေး တာဝန်ယူတဲ့ ပုဂ္ဂိုလ်တွေကို အမျိုးမျိုး ပြဿနာရှာတယ်၊ အမျိုးမျိုး အော်ခံထိတယ်၊ ရန်တွေ့ခံရတယ်၊ ခြိမ်းခြောက်ခံရတယ်၊ အို.. စုံလို့ပါပဲ။ အဲဒီရက်တွေက မြေနီ

ကုန်းမှာ ခွဲခြား ဖွင့်ထားတဲ့ အောင်နိုင်ရေးရုံးမှာ ဆိုရင် ဆူညံ ပွက်လောရိုက်နေတယ်လို့ ပြောရမှာပါ။

ဒီကာလမှာတော့ ကိုယ်စားလှယ်လောင်း ရွေးချယ်တာနဲ့ ပတ်သက်ပြီး ဆောင်းပါးတွေနဲ့ တိုက်ခိုက်ခံရတာ ရှိပါတယ်။ ဆရာမွေး တပည့်မွေး လုပ်တယ်တို့၊ ဘက်လိုက် ဆုံးဖြတ်မှုတွေ ရှိတယ်တို့၊ အဆိုးဆုံးကတော့ ကိုယ်စားလှယ်လောင်း ဖြစ်အောင် လာဘ်ပေး၊ လာဘ်ယူမှုတွေလည်း ရှိတယ်လို့ စွပ်စွဲ တိုက်ခိုက်ခံရပါတယ်။

တချို့မြို့တွေမှာ ဆိုရင် လူစုပြီး ဆန္ဒပြပွဲတွေ လုပ်ပါတယ်၊ သတင်းစာရှင်းလင်းပွဲတွေ လုပ်ပါတယ်။ ဒီလုပ်ရပ်တွေကိုတော့ ပါတီ စည်းကမ်းထိန်းအဖွဲ့ အနေနဲ့ သတိပေး ဆုံးမတာမျိုးရယ်၊ အဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ်က ထုတ်ပယ်တာမျိုးတွေ လုပ်ရပါတယ်။ အဲဒီလို အခက်အခဲတွေကြားထဲက မြို့နယ် ၃၀၀ ကျော်အတွက် ကိုယ်စားလှယ်လောင်းတွေရဲ့အမည်စာရင်းကို UEC ရဲ့ အချိန်ဇယားအတိုင်း အချိန်မှီ ပို့ပေးနိုင်ခဲ့ပါတယ်။

ရွေးကောက်ပွဲအတွက် တာစူရတဲ့အခါ ဟိုမှာလည်း အောင်နိုင်ရေး အဖွဲ့ဖွဲ့ရသလို တိုင်းနဲ့ပြည်နယ်၊ ခရိုင်နဲ့မြို့နယ်တွေမှာလည်း အောင်နိုင်ရေး အဖွဲ့တွေ ဖွဲ့ပြီး ဆောင်ရွက်ဖို့ ပါတီ ဗဟို အလုပ်အမှုဆောင် အဖွဲ့ကပဲ ညွှန်ကြားချက် ထုတ်ခဲ့ရပါတယ်။

ကိုင်း... ရွေးကောက်ပွဲ ပြီးပါပြီ။ NLD အဖွဲ့အနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၈၀ ရာခိုင်နှုန်း နီးပါး အနိုင်ရခဲ့ပါတယ်။ လွှတ်တော် အသီးသီး အတွက် NLD ကိုယ်စားလှယ် ၈၀၆ ဦး ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပါတယ်။

NLD သဘောမတူလို့ ကန့်ကွက်ခဲ့တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ပဲ ဆက်ပြီး စနေးသွားရတော့မှာပါ။ "မချစ်သော်လည်း၊ အောင့်ကာနမ်း" ပေါ့။ ဒီတော့ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ ပြည်ခိုင်ဖြိုး အစိုးရအဖွဲ့ဟာ နိုင်ငံ့တာဝန်တွေကို NLD ကို လွှဲပေးရမှာပါ။

အဲဒီအခါမှာ အရေးကြီးတဲ့ အာဏာ လွှဲပြောင်းရေး အစီအစဉ်ကို လုပ်ရပါတယ်။ ကျွန်တော် ဟာ Transition Team ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး

အဖွဲ့ဝင် ဒေါက်တာ အောင်သူ(လယ်/ဆည် ဝန်ကြီး)၊ ဒေါက်တာ မျိုးအောင် (နေပြည်တော် မြို့တော်ဝန်) တို့ကို ပါတီက တာဝန်ပေးခဲ့ပါတယ်။

ကျွန်တော်တို့ အဖွဲ့ဟာ ဦးသိန်းစိန် အစိုးရက ဖွဲ့ထားတဲ့ စီမံဘဏ္ဍာ ဝန်ကြီးဟောင်း ဦးလှထွန်း၊ မြန်မာ့ရေး ဝန်ကြီးဟောင်း ဦးရဲထွဋ်တို့ ပါတဲ့ အဖွဲ့နဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရပါတယ်။ နောက်ဆုံးတော့ ၂၀၁၆၊ ဧပြီလ ၁ ရက်နေ့မှာ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရက NLD သမ္မတ ဦးထင်ကျော် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ကို အာဏာ လွှဲပြောင်းပေးခဲ့ရပါတယ်။


ရွေးကောက် ပွဲနိုင်စဉ်က အစိုးရ အာဏာ လွှဲမှ လွှဲပါ့မလား ဆိုတဲ့ သံသယတွေ ဖြစ်ပေါ်နေခဲ့ရာက အထက်မှာ ရေးပြခဲ့သလို အာဏာ လွှဲ ပြောင်းရေး အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာ့ သမိုင်းမှာ မှတ်တမ်းတင်ရမယ့် ကြီးမားတဲ့ နိုင်ငံရေး အပြောင်းအလဲတစ်ရပ် ဖြစ်ခဲ့ပါတယ်။

အလားတူပဲ နိုင်ငံတော် သမ္မတက စပြီး အစိုးရ အဖွဲ့ဝင်များ၊ တိုင်းနဲ့ ပြည်နယ် အသီးသီးမှာ တာဝန် ထမ်းဆောင်ရမယ့် ဝန်ကြီးချုပ်များ၊ ဝန်ကြီး များကို ပါတီ အလုပ်အမှုဆောင် အဖွဲ့ကပဲ ရွေးချယ် တာဝန်ပေးခဲ့ရပါတယ်။

အထက်ပါ ဖြစ်ရပ်တွေကို ဖတ်ရှု လေ့လာခြင်းအားဖြင့် လွှတ်တော်၊ အစိုးရနဲ့ ပါတီ အဖွဲ့အစည်းတွေ ရှိရာမှာ ကိုယ့်တာဝန်ကို ပီပြင်စွာ ထမ်း ဆောင်ကြဖို့ပဲ ဖြစ်ပါတယ်။ အစိုးရ အဖွဲ့ရဲ့ လမ်းမှားမှု ရှိရင် ပါတီကပဲ ထိန်းကျောင်းပေးရပါတယ်။ လွှတ်တော်တွေ လမ်းမှားသွားရင်လည်း သူတို့ လမ်းမှန်ရောက်အောင်က ပါတီရဲ့ တာဝန်ပါ။

အထက်ပါ အချက်များကို ထောက်ကြည့်ခြင်းအားဖြင့် လွှတ်တော်နဲ့ အစိုးရ အဖွဲ့တွေ အမြဲတမ်း လမ်းမှန်ရောက်စေဖို့ ပါတီကပဲ check and balance သဘောမျိုးနဲ့ ထိန်းကျောင်းမှာဖြစ်လို့ ပါတီက ဖနေရာတကာ ပါတယ်လို့ ထင်နေကြသူများ၊ အမြင်မှန်ရအောင် ဤဆောင်းပါးနဲ့ အများကောင်းကျိုး မြှော်ကိုက်ပါတယ်။

*****







# NLD နှစ်ခြမ်း ကွဲရောလားဟဲ့

## နိုင်ငံရေး ရေလျှင်ကြော

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ အဖမ်းခံရပါတယ်။ ထိုစဉ်က နဝတ ဖန်တီးတဲ့ "အာဏာနည်းကျန်း အရေးအခင်း" နဲ့ ပတ်သက်ပြီး ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းထဲက ဖမ်းခေါ်သွားခြင်းခံရတာပါ။ ကျွန်တော့် မှာ ပြစ်ချက် တစ်စုံတစ်ရာ မရှိတဲ့အတွက် ပုဒ်မ ၁၀ (က) တပ်ပြီး ချုပ်ထား ခဲ့တာပါ။ ထောင်ကျ မဟုတ်သေးဘူးပေါ့။ ပုဒ်မ ၁၀ (က) ရှိသလို ပုဒ်မ ၁၀ (ခ) ဆိုတာလည်း ရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ချ တော့ အဲဒီ ပုဒ်မနဲ့ ချခဲ့တာပါ။

ကျွန်တော်ဟာ လမ်းစဉ်ပါတီခေတ်က ဖွင့်တဲ့ ဥပဒေသင်တန်း RL တက်ခဲ့ဖူးပါတယ်။ ဒါကြောင့် ဥပဒေနဲ့ ပတ်သက်လို့ တီးမိခေါက်မိ ရှိပါတယ်။ အရေးပေါ် အခြေအနေအရ လိုအပ်လို့ ဆိုပြီး ဗိုလ်ချုပ်ကြီး နေဝင်းက ရေး ဆွဲပြီး အတည်ပြုခဲ့တဲ့ ဥပဒေပါ။ အကျဉ်းချုပ်ပြောရရင် လုံခြုံရေးအရ လိုအပ်လို့ လူတစ်ယောက်ကို ချုပ်ထားမယ်ဆိုရင် အလွန်ဆုံး သုံးနှစ် ချုပ်ခွင့် ရှိပါတယ်။ ထောင်ဝင်စာ မရှိဘူး။ အပြင်က လူတွေနဲ့ မိသားစု အပါအဝင် ဘယ်သူနဲ့မှ တွေ့ခွင့်မပြုပါဘူး။ ပါဆယ်ပဲ ပို့ခွင့်ပြုတာပါ။

ပေါ်ဦး (ခ) မင်းကိုနိုင်က ၁၉၈၉ ခုနှစ်၊ မတ်လမှာ အဖမ်းခံရပြီး ကျွန် တော်က ဇူလိုင်လမှာပါ။ သူက လေးလ စောတယ်ပေါ့။ ၁၉၉၁ ခုနှစ် နှစ်ကုန် ပိုင်းလောက်က စပြီး ကျွန်တော်က မင်းကိုနိုင်ကို အားပေးစကား ပြောရပါ တယ်။

၁၀ (က) ရဲ့သဘောတရားအရ လူတစ်ယောက်ကို သုံးနှစ်ထက် ပိုချုပ်လို့ ရပုံ၊ သူဟာ မတ်လမှာ အဖမ်းခံရလို့ ၁၉၉၂ ခုနှစ်၊ မတ်လမှာ သေချာပေါက်

လွတ်မယ် ဆိုတဲ့ အကြောင်း။ကျွန်တော်ကတော့ ဇူလိုင်လမှာ မှချ လွတ်မယ် ဆိုတဲ့ အကြောင်း တော တော ပြောခြစ်ပါတယ်။

## "စမကာ" ပုဒ်မ

ကျွန်တော် အထက်မှာ ရေးခဲ့သလို ဒီစကားတွေကို သူတို့ ချောင်းနားထောင်လို့ သိသွားတဲ့အခါ ၁၉၉၁ ခု၊ နှစ်ကုန်ခါနီး တစ်ရက်မှာ ထောင်မှူးက သူ့ကို အပြင်ကို ခေါ်ထုတ်ပါတယ်။ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်နိုင်းပါတယ်။ သူ့ကို တံခါးဖွင့်ပြီး ခေါ်သွားတော့ ကျွန်တော် ကြားနေရပါတယ်။ စိတ်ထဲမှာ သို့လော သို့လောပေါ့။ ထူးခြားတယ်လို့လည်း တဖွဖွ ရွတ်နေမိပါတယ်။

နှစ်နာရီ နီးပါးလောက် ကြာတော့ သူ ပြန်ရောက်လာပါတယ်။ စကားပြောဖို့ အခွင့်အလမ်းသာမှ မေးကြည့်တဲ့အခါ သူ့ကို စစ်ခုံရုံး တင်ပြီး ထောင်ဒဏ် ၁၅ နှစ် ချလိုက်ပါတယ်တဲ့။ သူ့အသံက ကြားရတာတောင် အားမရှိပါ။ ဥပဒေ ပုဒ်မတွေ ဆိုတာ အသာခေါက်ထား။ စစ်ခုံရုံးနဲ့ဆို ဘယ်သူ့ကို မဆို ကြိုက်သလောက် ထောင်ချနိုင်တယ်ဆိုတဲ့ သဘောပေါ့။

ဒါဆို ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော့်ကိုလည်း ဒီပုံမျိုး ချတော့မယ် ဆိုတာ။ ထင်တဲ့အတိုင်းပါပဲ ၁၉၉၂ ခုနှစ်၊ မတ်လလောက်ကျတော့ မင်းကိုနိုင်လိုပဲ ထောင်အပြင် ခေါ်သွားပြီး စစ်ခုံရုံးနဲ့ ထောင်ဒဏ် ၁၀ နှစ် ချလိုက်ပါတယ်။ ပုဒ်မတွေကိုတော့ မှတ်မထားမိပါဘူး။ ကျွန်တော်ကတော့ "စမကာ" ပုဒ်မလို့ သမုတ်ပါတယ်။ အဓိပ္ပာယ်ကတော့ "စ-ဘက်မြင်ကာ" ပုဒ်မပေါ့။

## ရွှေနှလုံးသားနဲ့လူ

ဒီအကြောင်းတော့ မရေးမဖြစ် ထည့်ရေးရပါလိမ့်မယ်။ အဖက်ဖက်က နိုင်ချုပ်ချယ်ပြီး နည်းမျိုးစုံနဲ့ နှိပ်ကွပ်နေတဲ့အချိန်မှာ တန်ဖိုးရှိတဲ့ လူသား တစ်ယောက်ကို တွေ့လိုက်ရလို့ပါ။ ကျွန်တော့်ကို ၁၀ (က) နဲ့ ချုပ်ထားခဲ့ရာမှ အချိန်တန်တော့ လွှတ်လို့ မဖြစ်ဘူးဆိုတာ အာဏာပိုင်တွေက သိသွားကြဟန်တူပါတယ်။ ပြန်မလွှတ်ဘဲနဲ့ ထားမယ်၊ ပြီးရင် သင့်လျော်တဲ့ ပုဒ်မ ရှာပြီး

စစ်ခုံရုံးနဲ့ ထောင်ချရင် ဖြစ်နိုင်တယ်လို့ သူတို့ သိသွားပါတယ်။ ဒါကြောင့် မင်းကိုနိုင်ကို ထောင်ချပြီးတဲ့အခါ ကျွန်တော့်ကိုလည်း အဲဒီပုံစံမျိုးနဲ့ ထောင်ချမယ်ပေါ့။

အဲဒီတော့ သင့်လျော်တဲ့ အရာရှိများနဲ့ စစ်ခုံရုံး ဖွဲ့တဲ့အခါ ကျွန်တော်နဲ့ ပတ်သက်တဲ့ ခုံရုံး ဥက္ကဋ္ဌကို တပ်မတော် (လေ) က ဒုဗိုလ်မှူးကြီး မြင့်သိန်းကို တာဝန်ပေးခဲ့ပါတယ်။ ဒုဗိုလ်မှူးကြီး မြင့်သိန်း ဆိုတာက DSA အပတ်စဉ် ၇ ကပါ။ ဗိုလ်လောင်း ဘဝတည်းက သိကျွမ်း ခင်မင်ခဲ့ရုံမက သူ လေတပ်ရောက်လို့ မိတ္ထီလာမှာ လေယာဉ်မောင်း သင်တန်း တက်တုန်းကလည်း ကျောင်းပိတ်ရက်အတွင်း ဆုံခဲ့ကြပါတယ်။

သူက ဖော်ရွှေတော့ မိတ္ထီလာက ကျွန်တော့် မိသားစုနဲ့လည်း ခင်မင်ရင်းနှီးသွားခဲ့ကြပါတယ်။ ကျွန်တော့် ညီမ နံပါတ် ၇ လက်ထပ်တော့ မိတ္ထီလာမြို့၊ ပေါက်ချောင်း ကွက်သစ်မှာပါ။ အဲဒီနေ့မှာ သူဟာ မိတ္ထီလာက လေတပ်ဘစ်ခုမှာ ရှိနေတဲ့အတွက် တစ်နေကုန် လုပ်အားပေးပြီး ညီမရဲ့ မင်္ဂလာပွဲကို ကူညီခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ပတ်သက်တဲ့ စစ်ခုံရုံးက ကျွန်တော့်ကို ထောင်ချရာမှာ သူက ဥက္ကဋ္ဌ ဖြစ်တဲ့အတွက် စစ်ခုံရုံးများနဲ့ ပတ်သက်လို့ တာဝန်ရှိတဲ့ ဗိုလ်ချုပ်ကြီး မျိုးညွန့်ကို သွားသတင်းပို့ပါသတဲ့။

ရန်ကုန်တိုင်း တိုင်းမှူးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး မျိုးညွန့်ကို သူက ဒီလို သတင်းပို့တယ်။ "အဘ၊ အခု ကျွန်တော် စစ်ခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားတယ်၊ ကျွန်တော် ထောင်ချရမယ့်သူက ကျွန်တော့် အစ်ကိုလို ဖြစ်နေတဲ့ ဝင်းထိန်ပါ၊ သူ့ကို အဘလည်း သိပါတယ်။ ဒါကြောင့် သူ့ကို ထောင်ချရမယ့် ရုံးမှာ ကျွန်တော် ဥက္ကဋ္ဌ မလုပ်ပါရစေနဲ့" ပေါ့။ အဲဒီအခါ ဗိုလ်ချုပ်ကြီး မျိုးညွန့်ကလည်း ထွေထွေထူးထူး မပြောတော့ဘဲ လူပြောင်းပေးလိုက်ပါတယ်။ အင်ဂျင်နီယာတပ်က ဒုဗိုလ်မှူးကြီး စန်းအောင်နဲ့ပါ။

ဒုတိယ ဗိုလ်မှူးကြီး စန်းအောင်ရဲ့ စစ်ခုံရုံးက ကျွန်တော့်ကို ထောင်ဒဏ် [illegible] နှစ် ချခဲ့ပါတယ်။ ကိုမြင့်သိန်းကိုတော့ ဘယ်လိုမှ အရေးမယူခဲ့ပါ။ ဒါပေမဲ့ နောက် လေးလလောက် ကြာတဲ့အခါမှာ သူ့ကို လေတပ်မှာ မထားတော့ပါဘူး။ ပြင်ပ အစိုးရဌာနတစ်ခု ဖြစ်တဲ့ ပြည်တွင်း လေကြောင်း ပို့ဆောင်ရေး

ဌာနကို ညွှန်ကြားရေးမှူးအဖြစ် ပြောင်းလိုက်ပါတော့တယ်။ တကယ်တော့ ဗိုလ်မှူးကြီး မြင့်သိန်းဟာ ကျွန်တော့်အတွက်နဲ့ သူ့ဘဝ တက်လမ်းကို စတေး ခဲ့တာပါ။ သူဟာ တပ်မတော် (လေ) က အင်မတန် တော်တဲ့ လေယာဉ်မှူး တစ်ဦးပါ။ ကျွန်တော့်ကိစ္စသာ မကြုံရင် လေတပ် ဦးစီးချုပ်အထိ ဖြစ်နိုင်တဲ့ အရည်အချင်း ရှိသူ တစ်ယောက်ပါ။

ဒါပေမဲ့ သူဟာ သူ ခင်တွယ်တဲ့ တပ်မတော် (လေ) က ထွက်လိုက်ရပြီး မြင်ပ အစိုးရဌာန တစ်ခုကို ရောက်သွားခဲ့ပေမဲ့ သူ့ကိုယ်သူ နစ်နာတယ်လို့ တွက်မိဟန်မတူပါဘူး။ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ခဲ့ပါဘူး။ ရောက်တဲ့ နေရာမှာပဲ ပျော်ပျော်ပါးပါးနဲ့ အမှုထမ်းပြီး တာဝန် ကျေပွန်ခဲ့တော့ ညွှန်ချုပ်အဖြစ် ရာထူး တိုးတက်ခဲ့ပြီး အငြိမ်းစားယူခဲ့ပါတယ်။ သူဟာ ယနေ့အထိ ကျန်းကျန်းမာမာနဲ့ ရှိတဲ့တဲ့ မိတ်ဆွေ သင်္ဂဟာတွေကို တဝင်နိုင် သမျှ ကူညီရင်း ကုသိုလ်တွေ စုဆောင်းနေပါတယ်။

ပရဟိတ စိတ်ဓာတ်ဟာ သူ့ရဲ့ ပင်ကို စရိုက် ဖြစ်ဟန်တူပါတယ်။ သူဟာ ဗိုလ်ကြီးဘဝနဲ့ ကက (လေ) မှာ တာဝန် ထမ်းစဉ်တုန်းက နိုင်ငံတော် ပုန်ကန်မှု ခေါင်းဆောင် တစ်ယောက် ဖြစ်ခဲ့တဲ့ ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ နဝရတ် ရိပ်သာမှာ တစ်တိုက်တည်း နေခဲ့ဖူးပါတယ်။ ဗိုလ်ကြီး အုန်းကျော်မြင့် အမှုဖြစ်လို့ အရှုပ်နှောင် ခံနေရစဉ်မှာ ဘော်လည်းကောင်း၊ အုန်းကျော်မြင့် ထောင်ကျဖြစ်တဲ့ အခါမှာ ဘော်လည်းကောင်း သူ့ရဲ့ဇနီးကို အင်တိုက်အား တိုက် အကူအညီပေးခဲ့ပါတယ်။ ကိုယ့်မှာ အန္တရာယ် ဖြစ်လိမ့်မလားလို့ ဘယ်တော့မှ မတွေးခဲ့၊ မတွက်ခဲ့တဲ့သူ တစ်ဦးပါ။ ဒါကြောင့် အုန်းကျော်မြင့်နဲ့ ပတ်သက်လို့ ကျွန်တော် စာအုပ်တစ်အုပ် ရေးတဲ့အခါ အဲဒီထဲမှာ သူ့နဲ့ ပတ်သက်ပြီး "ရွှေနှလုံးသားနဲ့ လူ" လို့ သတ်မှတ်ပြီး စာတစ်စောင် ပေတာရှိ ရေးခဲ့ဖူးပါတယ်။

## ချော်တောတော့ဝဲ့သွားပြန်ပြီ

ကျွန်တော်က NLD အကြောင်း ရေးရင်တောနဲ့ တခေါ တွေ ချော်တော့ဝဲ့သွားတော တရှသူတွေကို တောင်းပန်ပါတယ်။ မူလခေါင်းစဉ်မှ အကြောင်းအရာကို ပြန် ကောက်ပါတော့မယ်။

အင်းစိန်ထောင်မှာ ရှိတုန်းကဆိုရင် အထူးတိုက်မို့ သတင်း အင်မတန် ...တ်ပါတယ်။ ဒါပေမဲ့ ပေါ်ဦးတို့၊ ဦးဝင်းတင်တို့က အမြဲ ထောင်ဝင်စာ ရှိတော့ အပြင်က သတင်းတွေ ကြားနေရပါတယ်။ ဒါကြောင့် ဦးစောမောင် နုတ်ထွက် ...ပြီး ဦးသန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်လာတာလည်း သိပါတယ်။ ကောနေတော့ ၁၁/၉၂ ကြေညာချက် ထုတ်ပြန်ပြီး ထောင်ထဲမှာ ရှိနေတဲ့ ၅ (ည) အကျဉ်း သား တော်တော်များများကို လွှတ်ပေးခဲ့ပါတယ်။



အမျိုးသား ညီလာခံ

...၉၂ ကြေညာချက်ကို နဝတက သူတို့အကျိုးအတွက် ပက်ပက်စက်စက် ...သုံးချပါတယ်။ နိုင်/ကျဉ်းတွေကို အစုလိုက်၊ အပြုံလိုက် လွှတ်ပေးရမယ့် ...တား တစ်ပတ်ကို ငါးယောက် လွှတ်လိုက်၊ ၁၀ ယောက် လွှတ်လိုက်နဲ့ ...ရှည်ဆွဲပြီး ထောင်ထဲမှာ ကျန်ခဲ့တဲ့ ကျွန်တော်တို့လို အကျဉ်းသားတွေ ...တွက် ဝေဒနာ ရင့်သထက်ရင့်လာအောင် လုပ်ခဲ့ပါတယ်။ တချို့ နိုင်/ ...ဉ်းတွေ တစ်ဖွဲ့ဖွဲ့ လွှတ်နေချိန်မှာ မလွှတ်ဘဲ ကျန်ခဲ့တဲ့သူတွေအဖို့ ဘယ် ...ဘက်'အထိ အခုနေခက်မလဲ ဆိုတာ စဉ်းစားသာကြည့်ကြပါတော့။

ဒေါသတွေ ပိုတက်စေမယ့် နောက်သတင်းတစ်ခုကတော့ ၁၉၉၃ ခုနှစ်မှာ "အမျိုးသား ညီလာခံ" ကျင်းပမယ်ဆိုတဲ့ သတင်းပါ။ အဲဒီအခါ ၅၊ ၇၊ ၁၉၈၉ ရက်နေ့မှာ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင် ပြောခဲ့တဲ့စကားကို ပြေးသတိရပါတယ်။ သူက "ရွေးကောက်ပွဲ နိုင်တဲ့ ပါတီက ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲကြလေ၊ ကျွန်တော်တို့ တပ်မတော်ကတော့ မဆွဲဘူး၊ တပ်မတော်က ရွေးကောက်ပွဲ ပြီးရင်း Barrack ကို ပြန်မှာ" ဆိုတဲ့စကားကို သတိရလိုက်ပါတယ်။

အခုတော့ နဝတ အစိုးရက ရွေးကောက်ပွဲ နိုင်တဲ့ပါတီကို အာဏာလွှဲပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးစေမယ့်အစား သူတို့ ထားရာနေ၊ စေရာသွားမယ့် ညီလာခံ ကိုယ်စားလှယ်တွေနဲ့ သူတို့ စိတ်တိုင်းကျ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲတော့မယ်ဆိုတာ သိလိုက်ပါပြီ။ ဒီသတင်းတွေကြောင့် ထောင်ထဲမှာရှိတဲ့ NLD အများစုဟာ လုံးဝ မကျေနပ်ကြပါဘူး။ နဝတ စီစဉ်တဲ့ အမျိုးသား ညီလာခံကိုလည်း အသိအမှတ် မပြုကြပါဘူး။

**တစ်ဖက်သတ် ဝေဒနာ**

ကျွန်တော်တို့  ထောင်ထဲမှာရှိတဲ့ NLD နိုင်/ကျူးတွေအတွက် နောက်ထပ် ကြီးမားတဲ့ သတင်းဆိုးကြီး တစ်ခုကတော့ ဦးအောင်ရွှေ (ကွယ်လွန်) ခေါင်းဆောင်တဲ့ NLD ကိုယ်စားလှယ်တွေ ညီလာခံကို တက်မယ်ဆိုတဲ့ သတင်းပါ။ ကိုယ်စားလှယ်ပေါင်း ၈၀၀ နီးပါး ရှိရာမှာ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ် ၈၀ လောက်ပဲ တက်ခွင့်ရပါတယ်။ ဒီသတင်းတွေဟာ ထောင်ထဲက ကျွန်တော်တို့တစ်တွေကို အင်မတန် ညှင်းဆဲ နှိပ်စက်ပါတယ်။

ကျွန်တော် အင်းစိန်ထောင်မှာ နေရစဉ်က အဆိုးဆုံးလို့ ဆိုရမယ့် သတင်းတစ်ခု ကျွန်တော်တို့ဆီ ရောက်လာပြန်ပါတယ်။ ဒါကဘာလဲဆိုတော့ အတွင်းရေးမှူး ဦးလွင် (ကွယ်လွန်) လက်မှတ်ထိုးတဲ့ အမိန့်တစ်ခု ထွက်လာခဲ့တာပါ။ အဲဒီအမိန့်အရ ဥက္ကဋ္ဌ သူရဦးတင်ဦးနဲ့ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ကို NLD က ထုတ်ပယ်ပစ်လိုက်တယ် ဆိုတဲ့ သတင်းပါပဲ။ ဒါတင်ပဲလား ဆိုတော့ မကသေးပါဘူး။ ပြစ်မှုကြောင့် ထောင်ကျနေတဲ့ NLD အဖွဲ့သားတွေကိုလည်း ပါတီဝင်အဖြစ်က အသိအမှတ် မပြု

တော့ဘူး ဆိုတဲ့ သတင်းပါ။

ဒီသတင်းတွေဟာ အဲဒီအချိန်တုန်းက ကျွန်တော်တို့ နိုင်/ကျဉ်းတွေကို သာမက တစ်နိုင်ငံလုံးမှာ ရှိတဲ့ ပြည်နယ်/တိုင်း၊ ခရိုင်နဲ့ မြို့နယ် အဖွဲ့အစည်း အသီးသီးမှာ အကြီးအကျယ် ဂယက်ရိုက်ခဲ့တာပါ။ ဒီသတင်းကြောင့် တချို့ ကတော့ ပါတီကို ကျောခိုင်းသွားကြတယ်၊ တချို့ကတော့ စိတ်လိုက်မာန်ပါ ပါတီ ဆိုင်းဘုတ် ဖြုတ်ချတဲ့အထိ ပေါက်ကွဲခဲ့ကြပါတယ်။ အဆင့်တိုင်း ဒီလို ပါပဲ။ ကွယ်လွန်သူ ဗိုလ်မှူး ကျော်ဆန်း ခေါင်းဆောင်တဲ့ စစ်ကိုင်းတိုင်း NLD ကတော့ ဗဟို အလုပ်အမှုဆောင် ကော်မတီရဲ့ အဲဒီအမိန့်ကို အပြင်းအထန် ကန့်ကွက်ကြောင်း ကြေညာချက် ထုတ်ခဲ့ရတဲ့အထိပါ။

ဒီဝေဒနာတွေဟာ ၁၉၉၃/၉၄ ခုနှစ်နဲ့ ဒေါ်အောင်ဆန်းစုကြည် လွတ်တဲ့ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လအထိ ပွက်ပွက်ထနေခဲ့တာပါ။ NLD အများစုကတော့ ဘကယ့် ခေါင်းဆောင်ဟာ ဒေါ်အောင်ဆန်းစုကြည်ပဲရယ်လို့ အားလုံး သိနေ ကြပါလျက် ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ခေါင်းဆောင်ပြီး ဒေါ်စုနဲ့ ဦးတင်ဦးကို ထုတ်ပယ်တယ် ဆိုတဲ့အချက်ကို ဘယ်သူကမှ လက်မခံကြပါ။ ဒီကိစ္စ ပြော ဘာနဲ့ ပြောတဲ့သူ ပြဿနာတက်တာပါပဲ။

## ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်

ကျွန်တော်က အဲဒီနှစ် ဖေဖော်ဝါရီလ ၅ ရက်မှာ ထောင်က လွတ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဇူလိုင်လ ၁၀ ရက်နေ့မှာ အကျယ်ချုပ်က လွတ်ခဲ့ပါတယ်။ အဲဒီသတင်း ကြားကြားချင်း ကျွန်တော် ဒေါ်အောင်ဆန်း စုကြည် ခြံဝင်းကို သွားပါတယ်။ ဂေါနေတော့ ဝင်ခွင့်ရပါတယ်။ ခြံရှေ့မှာ တော့ လူအုပ်ကြီးက ရာဂဏန်းလောက် ဖြစ်နေပါပြီ။

ခြံထဲ ဝင်ခွင့်ရလို့ ဝင်သွားခဲ့ပါတယ်။ ဦးကြည်မောင် (ကွယ်လွန်) နဲ့ ဦး တင်ဦးတို့ကတော့ ရောက်နှင့်နေကြပါပြီ။ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ ဒေါ်စုအနေနဲ့ ကြေညာချက်တစ်ခု ထုတ်ဖို့ မူကြမ်းတစ်စောင် ရေးနေကြပါ တယ်။ ကျွန်တော့်ကိုလည်း ပြပါတယ်။ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကတော့ ရောက်မလာသေးပါဘူး။ သူတို့ ဘယ်တော့များ ရောက်လာလိမ့်မလဲလို့

ကျွန်တော့် စိတ်ထဲမှာ ဆန္ဒတွေ ဖြစ်ပေါ်နေခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒေါ်စုနဲ့ ဦးတင်ဦး ပါတီက ထုတ်လိုက်တဲ့ ကိစ္စဟာ နှစ်နှစ်ကျော်ခဲ့ပြီ ဖြစ်ပေမဲ့ အဲဒီမီးက လောင်နေဆဲ ဖြစ်နေလို့ပါ။

ကျွန်တော် ရောက်တဲ့အချိန်မှာ အလုပ်မပေးတဲ့ ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့က ရောက်လာပြီး အလားတူပဲ အလုပ်မပေးတဲ့ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ရောက်မလာတာဟာ ကျွန်တော့်အတွက် ထူးဆန်းလို့နေပါတယ်။ သူတို့နှစ်ဦးဟာလည်း ဒေါ်စုတို့အပေါ် သူတို့ အရေးယူထားတာနဲ့ ပတ်သက်လို့ မလုံမလဲ ဖြစ်နေကောင်းဖြစ်မယ်လို့လည်း မှန်းဆမိပါတယ်။

## ရာဇဝင်တွင်မယ့် ထိုတာဒင်

မွန်းတည့် ၁၂ နာရီလောက်မှာ ဂိတ်ကစောင့်တဲ့ လုံခြုံရေးက ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ရောက်လာပြီဖြစ်ကြောင်း၊ ဝင်ခွင့်ပြုဖို့ ပြောနေကြောင်း အကြောင်းကြားလာပါတယ်။ ကျွန်တော်က လူကြီးတွေကို သတင်းပို့ပြီး ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကို ကျွန်တော် ကိုယ်တိုင် ဂိတ်ကို သွားကြိုပါတယ်။ ဂိတ်ကနေ အိမ်အထိ ကြိုလာရာမှာ သူတို့လုပ်ခဲ့တဲ့ ပြဿနာကို ဘယ်လိုများ ရှင်းမလဲ၊ သူတို့က ဒေါ်စုကို ဘယ်လိုများ ပြောမလဲ၊ ဒေါ်စုကလည်း သူတို့ကို ဘယ်လို တုံ့ပြန်မလဲ စတဲ့ မေးခွန်းတွေ ကျွန်တော့်မှာ ဗီစီးလို့နေပါတယ်။

ခဏနေတော့ အိမ်ကို ရောက်လာပါပြီ။ ဆင်ဝင်ကနေ အိမ်ပေါ် တက်လာကြပါပြီ။ ဦးတင်ဦး၊ ဦးကြည်မောင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က အောက်ကပဲ ကြိုတင် စောင့်နေကြပါတယ်။ ကျွန်တော်တို့ လှေကားက တက်ပြီး အထဲရောက်တယ် ဆိုတာနဲ့ ဦးအောင်ရွှေက စကားစပြောပါတယ်။ "စုစု အန်ကယ်တို့ကတော့ ဉာဏ်စွမ်းရှိသလောက် NLD ရေရှည် တည်တံ့ဖို့ အတွက် လုပ်သင့်တယ် ထင်တာတွေ လုပ်ခဲ့တယ်၊ ဒါကို စုစု မကျေနပ်ရင်လည်း ကြိုက်သလို ပြော၊ အန်ကယ်တို့ ခံပါ့မယ်၊ NLD ကိုလည်း စုစု လက်ထဲကို အပ်ပါတယ်" လို့ ပြောပါတယ်။ ဒေါ်စုကလည်း တိုတိုနဲ့ လိုရင်း ပြန်ပြောလိုက်ပါတယ်။ "ရပါတယ် အန်ကယ်၊ ကျွန်မတို့ အရင်အတိုင်းပဲ ဆက်လုပ်ကြတာပေါ့"

"ရွှေ........ နိုင်ဟာ" ဒီစကားစုကတော့ ကျွန်တော့် အသံထွက် ကြွေး ကြော်လိုက်တဲ့ စကား မဟုတ်ပါဘူး။ စိတ်ထဲကနေ ကြွေးကြော်လိုက်တာပါ။ တကယ်တော့ ဒီစကားစုဟာ ကွယ်လွန်သူ စာရေးဆရာ သော်တာဆွေရဲ့ ဇာတ်ကောင် "ဖေါ်ဦး" ပြောနေကျ စကားပါ။ အဲဒီအချိန်မှာ လူအများ ထင် နေကြတာက ဦးတင်ဦးနဲ့ ဒေါ်စုကို ပါတီက ထုတ်လို့ အများကလည်း မကျေ နပ်ဘူး။ ဒေါ်စု ကိုယ်တိုင်လည်း မကျေနပ်ဘူး။ အချုပ်နှောင် ကာလတွေ ပြီး ရင်တော့ ဒေါ်စုကို ထောက်ခံတဲ့ အုပ်စုက တစ်ပိုင်းနဲ့ ဦးအောင်ရွှေ ဦးလွင် တို့ကို ထောက်ခံတဲ့ အုပ်စုက တစ်ပိုင်းရယ်လို့ နှစ်ပိုင်း ကွဲသွားကြတော့မယ် လို့ ထင်ခဲ့ကြပါတယ်။

အဲဒီလို ထင်နေကြသလိုပဲ နဝတ အာဏာပိုင်တွေကတော့ ဖြစ်ကို ဖြစ် စေချင်နေကြတာပါ။ ဒါမှလည်း NLD အားနည်းသွားမှာကိုး။ အဲဒီ အခြေအနေ အားလုံးကို ဒေါ်စုက "ရပါတယ် အန်ကယ်၊ ကျွန်မတို့ အရင်ကလိုပဲ ဆက် လုပ်ကြတာပေါ့" လို့ ဆိုတဲ့စကားဟာ တိုတောင်းပေမဲ့ မဟာဗျူဟာမြောက် အရေးပါတဲ့ အဖြေပါ။ နဝတကတော့ "NLD ကွဲရောလားဟဲ့" ဆိုပြီး လုပ်လိုက် တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သည်းခံစိတ်ကြီးမှုနဲ့ အမြော်အမြင် ကြီးမှု တွေကြောင့် ပြဿနာဟာ ကြီးထွားမလာဘဲ ပြေလည်သွားခဲ့ပါတယ်။ ဒါ့ ကြောင့် ကျွန်တော်က အဲဒီ အနိုက်အတန့်လေးကို "ရာဇဝင်တွင်မယ့် ထို ဘအဲ" လို့ အမည်ပေးခဲ့တာပါ။

## ပထမဦးဆုံး သတင်းစာ ရှင်းလင်းပွဲ

နေ့ခင်း တစ်နာရီလောက်ကျတော့ လူကြီးတွေလည်း စုံပါပြီ။ ဗိုလ်မှူးကြီး ကျော်တင် တစ်ယောက်ပဲ နေမကောင်းလို့ မလာနိုင်ခဲ့ပါဘူး။ လူကြီးတွေရဲ့ သဘောတူညီချက်အရ ကျွန်တော် ကိုယ်တိုင် ဂိတ်ကိုသွားပြီး သံရုံးက ဝန် ထမ်းတွေနဲ့ ပြည်တွင်းပြည်ပ မီဒီယာသမားတွေ သွင်းခွင့်ပြုလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အိမ် ဝင်ဝင်ချင်း ညာဘက်က ဧည့်ခန်းမှာပါ။ ဧည့် ခန်းထိပ်က အဝိုင်းထိုင်ခုံပေါ်မှာ ဒေါ်စုက အလယ်ခေါင်မှာ ထိုင်ပါတယ်၊ သူ့ ညာဘက်မှာတော့ ဦးတင်ဦးနဲ့ ဦးကြည်မောင်၊ ဘယ်ဘက်မှာတော့ ဦး

အောင်ရွှေနဲ့ ဦးလွင်တို့ ထိုင်နေကြပါတယ်။ ဒါက NLD ရဲ့ ပထမဦးဆုံး သတင်းစာ ရှင်းလင်းပွဲ ဖြစ်ခဲ့ပါတယ်။

ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဧည့်သည်တွေ စုံတဲ့အခါ မေးခွန်းတွေကို စိတ်ခေါ်လိုက်ပါတယ်။ အဲဒီအခါမှာ ပထမဦးဆုံး မေးခွန်းက အမေရိကန် သံရုံးက ပြန်ကြားရေး အရာရှိက မေးတာပါ။ သူက "ဒေါ်အောင်ဆန်းစုကြည်ကို အတွင်းရေးမှူး ဦးလွင်ရဲ့ လက်မှတ်နဲ့ ပါတီက ထုတ်ပယ်တဲ့ အကြောင်း ကြေညာချက် ထုတ်ခဲ့ပါတယ်၊ ဒါနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လို သဘောထားပါသလဲ" လို့ မေးပါတယ်။ အဲဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ အခုလို အတူအကွ ထိုင်နေတာ မြင်ကြမှာပါ၊ နောင်မှာလည်း အခုအတိုင်းပါပဲ၊ ညီညီညွတ်ညွတ် ပါတီ လုပ်ငန်းတွေ ဆက်လုပ်သွားကြမှာပါ" လို့ ပြောလိုက်ပါတယ်။

အဲဒီ သတင်းစာ ရှင်းလင်းပွဲဟာ တစ်နာရီခွဲလောက် ကြာပါတယ်။ ကျန်တဲ့ အမေးအဖြေတွေကိုတော့ ကျွန်တော် မရေးလိုတော့ပါ။ သူတို့ရဲ့ ပထမဦးဆုံး မေးခွန်းနဲ့ ဒေါ်စု ပြန်ဖြေတဲ့ အဖြေတို့ဟာ မဟာဗျူဟာမြောက် လမ်းကြောင်းမှန်ကို ဖော်ပြရာရောက်တဲ့ အတွက် ကျွန်တော့် စိတ်ထဲမှာ လက်ဖျားခါလို့ မဆုံးပါဘူး။

အဲဒီတော့ "NLD တော့ ကွဲလေရောလားဟဲ့" လို့ အကြံကြီးကြံပြီး အလုပ်ကြီးတွေ လုပ်ခဲ့တဲ့သူတွေရဲ့ ခေါင်းထဲမှာတော့ ဘယ်လိုများ ခံစားနေကြမယ် ဆိုတာ ခန့်မှန်းကြည့်လို့ မရခဲ့ပါ။

*****

# ကျွန်တော်လည်း ပင်စင်စား ဖြစ်ခဲ့ဖူးပါတယ်

## ကြေညာချက်တစ်ခု

တစ်လော ပင်စင်စားတွေကို ပင်စင်လစာ တိုးပေးမယ်ဆိုတဲ့ သတင်းတွေ အစိုးရ သတင်းစာတွေမှာရော၊ ဂျာနယ်တွေမှာပါ သတင်းထူး တစ်ပုဒ်အဖြစ် ဝေဝေဆာဆာ ဖော်ပြထားတာကို ဖတ်မိပါတယ်။ ဒီသတင်းကို ဖတ်ရတော့ ကျွန်တော်က ကိုယ့်ခံစားချက်နဲ့ကိုယ် "မပြုံးဘဲနဲ့ ဝါးလုံးကွဲ" ရယ်ချင်စိတ် ပေါ်လာခဲ့ပါတယ်။

ခုခေတ်မှာတော့ ပင်စင်ပဲ ဆိုဆို၊ အငြိမ်းစားပဲ ဆိုဆို လူတိုင်းက နားလည်ပေါက်ကြပါတယ်။ ကျွန်တော်ကတော့ ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလက စပြီး အငြိမ်းစားပေးခြင်း Forced to retire ခံရခဲ့ပြီး ပင်စင်လစာ ရရှိခဲ့ပါတယ်။ ဆုကြေးငွေ အပြည့်မရခဲ့ပါဘူး။ ၁၀ ရာခိုင်နှုန်း ကျော်ကျော်လောက် ဖြတ်တောက်ခြင်း ခံရပါတယ်။ အငြိမ်းစားလစာကတော့ တစ်လကို ကျပ် ၃၀၀ ကျော်ကျော်လောက်ပါ။

အဲဒီအချိန်ကစပြီး ကျွန်တော့်ရဲ့ အငြိမ်းစားလစာကို ကျွန်တော့်ရဲ့ မူလ ဘဏ်ငွေစာရင်းကပဲ တစ်လကို တစ်ကြိမ်၊ တစ်ခါတလေ သုံးလ တစ်ကြိမ် နှုန်းလောက် ထုတ်ခဲ့ပါတယ်။ ပင်စင်ဥပဒေအရ အငြိမ်းစားလစာ မထုတ်ဘဲ တစ်နှစ် ပျက်ကွက်လို့ မရပါဘူး။ ပျက်ကွက်တာနဲ့ အကျိုးအကြောင်း ခိုင်လုံမှု ဖော်ပြပြီးမှ ပြန်လည် ထုတ်ယူခွင့်ရပါတယ်။ အငြိမ်းစားလစာ ထုတ်ယူဖို့ အတွက် လစဉ် သတ်မှတ်ထားတဲ့ ပုံစံမှာဖြည့်ပြီး ဘဏ်ကို တင်ပြရပါတယ်။ နည်းလုပ်စဉ်အလုပ်ဖို့ အခက်အခဲ မရှိပါ။

## ငွေထုတ်ယူနေခဲ့ရာက

အငြိမ်းစားပေးခြင်း ခံရတဲ့အချိန်ကစပြီး အငြိမ်းစား လစာငွေကို ၁၉၇၇ ခုနှစ်

ကတည်းက ပုံမှန် ထုတ်ယူခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လအထိပေါ့။ အဲဒီလ ၂၀ ရက်နေ့မှာ ကျွန်တော့်ကို နိုင်ငံရေးကိစ္စနဲ့ ထောင်သွင်း အကျဉ်းချ ခံခဲ့ရတာ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလအထိပါ။ ဒါကြောင့် ကျွန်တော်ရဲ့ အငြိမ်းစား လစာ ထုတ်ယူခွင့် ပုံစံကိုလည်း ၁၉၈၉ ခုနှစ်၊ ဇူလိုင်လကစပြီး ပုံစံဖြည့်စွက်၊ လက်မှတ်ထိုးပြီး ဘဏ်ကို တင်ပြရတဲ့ အလုပ်ပျက်ကွက်ခဲ့ပါတယ်။

ပုံစံ မတင်တော့ အငြိမ်းစားလစာ မရတော့ဘူးလေ။ ဘဏ်ရဲ့ အပြစ် မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ပျက်ကွက်မှုဖြစ်လို့ "ဘယ်သူမပြု မိမိမှု" လို့ပဲ သဘောထားခဲ့ပါတယ်။ ဒီတော့ ကျွန်တော်နဲ့ နိုင်ငံတော်က ချီးမြှင့်တဲ့ အငြိမ်းစား လစာကိစ္စဟာ နိဋ္ဌိတံပြီပေါ့။ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပြီပေါ့။ ဒါပေမဲ့ ကျွန်တော်ဟာ ၁၉၈၉ ခုနှစ် ထောင်ကျတဲ့ ကာလအထိ စီးပွားရေး လုပ်ငန်းတွေ အောင်မြင်ခဲ့တော့ ဝတ္ထုပစ္စည်းအချို့ စုမိ ဆောင်းမိရှိခဲ့ပါတယ်။

ဒါပေမဲ့ ဇနီးသည်က ကျွန်တော့် စီးပွားရေးကိစ္စတွေ ဆက်မလုပ်တတ်တော့ ကျွန်တော် ထောင်ကျတဲ့ ၆နှစ်ခွဲကာလမှာ ရှိသမျှကို ထုခွဲရောင်းချပြီး မိသားစုနဲ့ ကျွန်တော့်အတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ထောင်က လွတ်လာတဲ့အခါ နဝတ အစိုးရရဲ့ "တံခါးဖွင့် စီးပွားရေးဝါဒ" ဟာ ကျွန်တော့်တစ်ဦးတည်း အတွက်တော့ "တံခါးပိတ် စီးပွားရေးဝါဒ" ဖြစ်နေခဲ့တာ စိတ်မကောင်းစွာ တွေ့ခဲ့ရပါတယ်။ ဒါနဲ့ပဲ ကျွန်တော့်ကို သဘာဝ တရားကြီးကလို့ပဲ ဆိုပါစို့၊ "နိုင်ငံရေးလုပ်ငန်း" တွေထဲကို "တွန်းပို့လောက" အလုပ်ခံခဲ့ရပါတယ်။ (မှတ်ချက်။ ကွယ်လွန်သူ စာရေးဆရာ ကြယ်ကလေးရဲ့ အသုံးအနှုန်းကို ယူပြီး သုံးထားခြင်းပါ။)

## ဦးသိန်းစိန် အစိုးရ လက်ထက်

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကိစ္စနဲ့ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲ ကိစ္စတွေ ခဏထားလို့ DSA အပတ်စဉ် ၉ က အင်မတန် ကံထူးတဲ့ ညီတော်မောင် ဗိုလ်သိန်းစိန် သမ္မတ ဖြစ်လာခဲ့ပါတယ်။ သူတက်လာတဲ့အခါ တပ်မတော် အငြိမ်းစားတွေကို သိသိသာသာကြီး လစာတိုးပေးတဲ့ အစီအစဉ်ကြီး တစ်ခု ချမှတ်လိုက်ပါတယ်။



ကျွန်တော်ကတော့ အငြိမ်းစား လခထုတ်တဲ့ လုပ်ငန်းစဉ်တွေနဲ့ ကင်း
သွားခဲ့ပြီ ဆိုတော့ အစိုးရရဲ့ ကြေညာချက် ထွက်လာပေမဲ့ ပထမတော့
သိဘာသာ နေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့် မိတ်ဆွေ အပေါင်းအသင်း
ချို့က သူတို့ရဲ့ အငြိမ်းစားလစာနဲ့ ပတ်သက်လို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်



က ဖွင့်ထားတဲ့ ရှစ်မိုင်လမ်းဆုံနားက မှတ်တမ်းရုံး အဖွဲ့ခွဲမှာ သူတို့ ကြုံရတဲ့ ဖြစ်ရပ်တွေကို ကျွန်တော့်ကို ပြောပြရင်း ကျွန်တော့်ရဲ့ ပင်စင်လစာတွေကို လည်း ပြန်ထုတ်လို့ ရနိုင်တယ်လို့ပြောလာကြပါတယ်။

တိုက်တွန်းပါများတော့ ကျွန်တော်လည်း တပ်မတော် မှတ်တမ်းရုံးခွဲကို သွားခဲ့ပါတယ်။ အစီအစဉ်သစ် ကြေညာခဲ့တာ တစ်လလောက် ရှိပေမဲ့ အငြိမ်းစားတွေကတော့ ကြိတ်ကြိတ်တိုးနေကြဆဲပါ။ ကျွန်တော်ကလည်း ကိုယ်နဲ့ ပတ်သက်မယ့် ကောင်တာကို ခက်ခက်ခဲခဲ ရှာဖွေခဲ့ရပါတယ်။ အဲဒီ ကောင်တာမှာ တာဝန်ကျတဲ့ ဒုအရာခံဗိုလ် တစ်ယောက်ကို ကျွန်တော် အငြိမ်းစား လစာထုတ်ခဲ့တဲ့ ကာလ၊ မထုတ်ဘဲ နေခဲ့ရတဲ့ ကာလတွေကို ရှင်း ပြပြီး ရှေ့လျှောက် ကျွန်တော့်အဖို့ အငြိမ်းစား လစာ ဆက်လက် ထုတ်ယူခွင့် ရှိ/မရှိ မေးမြန်းခဲ့ပါတယ်။

အဲဒီတုန်းကတော့ ကျွန်တော်နဲ့ တွေ့တဲ့ ဒုအရာခံဗိုလ်တင် မကပါဘူး တာဝန်ယူနေရတဲ့ အရာရှိ အရာခံ အားလုံးက ဖော်ဖော်ရွေရွေ ကြိုဆို ဆက်ဆံခဲ့ကြပြီး အငြိမ်းစား လစာတိုးမှာနဲ့ ပတ်သက်တဲ့ ရုံးကိစ္စတွေကို အား တက်သရော ဆောင်ရွက်ပေးခဲ့ကြပါတယ်။ ကျွန်တော် အကျဉ်းကျတဲ့ ကိစ္စ ဟာ ရာဇဝတ်မှု မဟုတ်ဘဲ နိုင်ငံရေးကိစ္စဖြစ်လို့ အငြိမ်းစား လစာဆိုင်ရာ ဥပဒေအရ အငြိမ်းစား လစာကို ဆက်လက် ထုတ်ယူခွင့် ရနိုင်ကြောင်း ကျွန်တော့်ကို အားပေး ပြောကြားခဲ့ကြပါတယ်။

## အငြိမ်းစားလစာ ထုတ်ခွင့်ရပြီ

ကျွန်တော်ကလည်း ကြိုက်ပြီပေါ့။ အငြိမ်းစား လစာဆိုတာ နည်းသည်၊ များ သည် မဟုတ်။ ကျွန်တော် တပ်မတော်ထဲမှာ ရှိခဲ့တဲ့ ၁၉၅၉ ခုနှစ်က ၁၉၇၇ ခု အထိ (အမှုထမ်းသက် - ၁၈ နှစ်) အမှုထမ်းစဉ် ကာလမှာ ထမ်းဆောင်ခဲ့တဲ့ တာဝန်တွေအရ "သာမန်အထက်" လို့ သတ်မှတ်ပေးနိုင်မှာပါ။ ဒါ ၁၉၇၆ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ "ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ နိုင်ငံတော် လုပ်ကြံမှု" နဲ့ အဖျားခတ်ခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ "စစ်မှုထမ်းခြင်းကို ကျေနပ်မှု မရှိ" လို့ မှတ်ချက်အပြု ခံရပါတယ်။

ဒီလိုနဲ့ ကျွန်တော့်ရဲ့ တပ်မတော်မှာ တာဝန်ထမ်းဆောင်ရတဲ့ အနေအထားဟာ "သာမန်အောက်" ကိုသာမက "သာမန်အနုတ်" အဆင့်အထိ ရောက်သွားခဲ့ပါတယ်။ နိုင်ငံရေးကိစ္စနဲ့ ထောင်ကျပြီး အငြိမ်းစားလစာနဲ့ ဖြုတ်ခံထားသွားတဲ့အခါမှာ အခုလို သမ္မတ ဝိုလ်သိန်းစိန်က တပ်မတော် အငြိမ်းစား လစာတွေကိုလည်း တိုးပေးမယ်၊ ကျွန်တော့်လို တပ်မတော် အငြိမ်းစားတွေကိုလည်း လစာ ဆက်လက် ထုတ်ခွင့်ပေးမယ်ဆိုတော့ အနေအထားဟာ "အတိုင်းထက်အလွန်၊ တံခွန်နဲ့ ကုက္ကားပေါ့" ခင်ဗျာ။

ကြာကြာ မစောင့်လိုက်ရပါဘူး။ ကျွန်တော့်ရဲ့ ပင်စင်လစာ ဆက်လက် ထုတ်ယူခွင့်အမိန့်ကို မှတ်တမ်းရုံးက ရရှိခဲ့ပါတယ်။ အဲဒီအမိန့်နဲ့ လူတွေ ကြိတ်ကြိတ်တိုးနေတဲ့ ဘဏ် ၁ ကို သွားပြီး ရုံးကိစ္စတွေကို အခေါက်ခေါက် အခါခါ လုပ်ပြီးသကာလ ပင်စင် လစာငွေ ကြောက်သောင်းကျော် ထုတ်ယူခွင့်ပြုတဲ့ အမိန့် ရခဲ့ပါတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ "အမယ်... တယ် ဟုတ်ပါလား" ဆိုပြီး သဘောတွေ ကျလို့ပေါ့။ လျှော့ချင်တာလည်း လျှော့လို့ရမယ်၊ သားသမီး မြေးတွေကိုလည်း မုန့်ဖိုးပေးနိုင်မယ် ဆိုတဲ့ အတွေးနဲ့ပါ။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလက စလို့ပေါ့။

## လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီ

ဒီလိုနဲ့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက် (ထူးထူးခြားခြား April Fool Day ကိုမှ ရွေးတတ်ကြပလေ ညာကြီးရှင်များ။) နေ့မှာ ကျင်းပတဲ့ မိတ္ထီလာ မြို့နယ် ကြားဖြတ် ရွေးကောက်ပွဲမှာ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ပြီး အနိုင်ရခဲ့လို့ ကျွန်တော် ဟာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာခဲ့ပါပြီ။ အဲဒီတော့ ကျွန်တော် ဟာ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ် လခ သုံးသိန်း၊ အငြိမ်းစား လစာ ကြောက်သောင်းကျော်နဲ့ တိန်တိန်ပြည့်နေတယ်လို့ ထင်ရာပေါ့။ (ကိုယ်စား လှယ် လခတွေက ပထမ အကြိမ် လွှတ်တော် နှောင်းပိုင်းကာလကျမှ ၁၀ သိန်း ဖြစ်လာတာပါ။)

ဒါပေမဲ့ တကယ်တန်းကျတော့ တိန်တိန်မပြည့်ခဲ့ပါဘူး။ ဝေနေ၊ တနင်္ဂနွေ ရက်အားမှာ မြို့နယ်ပြန်ပြီး မဲဆန္ဒရှင်တွေနဲ့ တွေ့ရတာတွေ၊ သွားလာ စည်းစံ

ရတဲ့ ကုန်ကျစရိတ်တွေဟာ အားလုံး "အိတ်စိုက်" တွေချည်းပါပဲ။ ဒါကြောင့် ရတဲ့ လခတွေဟာ လတစ်ဝက်မှာ တက်တက် ပြောင်သွားတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကောသလမင်းကြီးရဲ့ အိပ်မက် ၁၆ ချက်မှာ ပါတဲ့ "နွားကလေး နို့ကို နွားကြီး စို့" ဆိုတဲ့ အိပ်မက်အရ သားသမီးတွေဆီကလည်း ထောက်ပံ့ကြေးတွေ ပုံမှန်ရနေတော့ ခံသာပါတယ်။

## အငြိမ်းစားလစာတွေ ထုတ်ခဲ့သမျှ ပြန်ပေးရမယ်တဲ့

ဒီလိုနဲ့ ၂၀၁၄ ခုနှစ်အထိ ရောက်လာပါပြီ။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ရဲ့ လုပ်ငန်း တာဝန်တွေ ကျေပွန်အောင် ကြိုးစား ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါအပြင် မိတ္တီလာမှာ ပေါ်ပေါက်ခဲ့တဲ့ အရေးအခင်းမှာလည်း ပဋိပက္ခ ဖြစ်နေတဲ့ နေရာတွေကို မကြောက်မရွံ့ ဝင်ရောက်ပြီး ပြဿနာတွေ ကိုင်တွယ်နိုင်ခဲ့ပါတယ်။ မိမိ ဖြတ်သန်းခဲ့ရတဲ့ တပ်မတော်သားဘဝ၊ စီးပွားရေးသမား ဘဝနဲ့ အခု နိုင်ငံရေးသမားဘဝဟာ ဘဝနိဂုံး ကာလကို ရောက်ပြီလို့ ထင်မှတ်နေဆဲမှာ မမျှော်လင့်တဲ့ ရုံးစာတစ်စောင် ကျွန်တော့်ဆီ ရောက်လာခဲ့ပါတယ်။

စာက တပ်မတော် စစ်ရေးချုပ်ရုံးက စာဖြစ်ပါတယ်။ စာရဲ့ အဓိပ္ပာယ်ကာ မှတ်မိသလောက် ပြန်ရေးပြရရင် "စစ်ရေးချုပ်ရုံး၊ အကျဉ်းကျ တပ်မတော်သားများအား အငြိမ်းစား လစာများ ထုတ်ပေးရေးအတွက် စိစစ်ရေး ကော်မတီက ပြန်လည် သုံးသပ်ချက်အရ ဗိုလ်ကြီး ဝင်းထိန် (ကျွန်တော်) ကို လစဉ် ခွင့်ပြုပေးနေတဲ့ အငြိမ်းစား လစာ ထုတ်ပေးခြင်းကို ဤစာရသည့် အချိန်မှ စ၍ ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်ပါကြောင်း" ဆိုတဲ့ စာပါ။

ဒါတင်ပဲလား ဆိုတော့ မဟုတ်သေးပါဘူး။ အငြိမ်းစား လစာ စတင် ထုတ်ပေးတဲ့ အချိန်က စပြီး ထိုစာထုတ်တဲ့နေ့အထိ ထုတ်ပေးခဲ့ပြီးသော အငြိမ်းစား လစာငွေ စုစုပေါင်း ၁၆ သိန်းကျော်ကိုလည်း ပြန်လည် ပေးသွင်းစေလိုကြောင်း ဆိုတာလည်း ပါပါတယ်။ "ကြိုက်ပြီ" လို့ စိတ်ထဲက ကြုံးဝါးလိုက်ပါတယ်။ ဒီစကားကတော့ ကျွန်တော် ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ ဦးဘိုးသာဝ ရိုက်ခဲ့တဲ့ "ကကြီးရောကာ" ဇာတ်ကားထဲမှာ မင်းသမီး ပေါက်စ မြတ်မွန်ရဲ့ ကြုံးဝါးစကားပါ။


"အော်.... ခက်မှခက်ပလေ" လို့ပဲ ကျွန်တော် ဆက်ပြီး ညည်းချင်ပါတော့တယ်။ မြန်မာနိုင်ငံကို ဗိုလ်ချုပ်ကြီး နေဝင်း အုပ်ချုပ်ကတည်းက နှစ်ပေါင်း များစွာ ကျင့်သုံးလာတဲ့ အစိုးရကိစ္စတွေနဲ့ ပတ်သက်ရင် "ဥပဒေက မည်သို့ ဆိုသည်ပင် ဖြစ်စေ...." ဆိုတဲ့ စကားတွေကို အကြိမ်ကြိမ် ကျင့်သုံးပြီး ဥပဒေတွေကို အဓိန္ဓိ၊ ကြေညာစာတွေက လွှမ်းမိုးပြီး ကျင့်သုံးလာခဲ့လို့ နိုင်ငံဟာလည်း "ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံ Least Developed Country–LDC" ဖြစ်လာခဲ့ပါတယ်။

အခုလည်းပဲ ဥပဒေအရ နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့တဲ့ အမှုထမ်း။ အရာထမ်း အားလုံးဟာ သူတို့နဲ့ ထိုက်လျောက်တဲ့ အငြိမ်းစားလစာကို ခံစားနိုင်ခွင့်ရှိသည် ဆိုတဲ့အချက်ကို လုံးဝမျက်ကွယ် ပြုခဲ့တာပါ။ အခုဟာက ကာကွယ်ရေး ဝန်ကြီးဌာန ဆိုတဲ့ "ဝန်ကြီးဌာန" ကတောင် မဟုတ်ဘဲ သူက ဖွဲ့ခဲ့တဲ့ "စစ်ရေးအဖွဲ့" ရဲ့ ဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့ရဲ့ ပင်စင်လစာကို ရပ်ဆိုင်းလိုက်တာပါ။ နိုင်ငံတော်အဆင့်က ထုတ်ပြန်ထားတဲ့ ဥပဒေကို ဌာနဘစ်ခုရဲ့ လက်အောက်ခံ စစ်ရေးအဖွဲ့ဆိုတဲ့ ပုဂ္ဂိုလ် တစ်စုရဲ့ ဆုံးဖြတ်ချက်နဲ့ အရေးယူခဲ့တာ ဖြစ်တော့ "ဘုရားကား အောက်၊ မျောက်ကား အထက်" ဆိုသလို ဖြစ်နေခဲ့ပြီပေါ့။

ဒါပေမဲ့ ကျွန်တော်က သူတို့ဆီကို ဘာမှ အကြောင်းပြန်စာ မရေးတော့ပါဘူး။ အဲဒီအစား "မင်းတို့ ပင်စင် မပေးလည်း ေ......ဂက်ဂရုမစိုက်ဘူးကွာ၊ အရင်က ထုတ်ပြီးသား ပိုက်ဆံတွေ ပြန်တောင်းတာလည်း မပေးနိုင်ဘူးဟေ့" လို့ ကြုံးဝါးပြီး သူတို့စာကိုလည်း ဆွဲဆုတ်ပစ်လိုက်ပါတယ်။

ခုတစ်ခါလည်း "ပင်စင်လစာတွေ တိုးမြှင့်ပေးတော့မယ်" လို့ ကြေညာပြန်ပါပြီ။ ဟိုတုန်းကတော့ ဗိုလ်သိန်းစိန်၊ အခုတစ်ခေါက်တော့ ကိုဝင်းမြင့်နဲ့ အေါ်စုတို့ရဲ့ idea ပေါ့။ ရှိပါစေတော့၊ မမက်တော့ပါဘူး။ ကိုယ်နဲ့ မဆိုင်တော့ဘူးလို့ပဲ သဘောထားလိုက်ပါတယ်။

*****





# ရေးခြောက်တွေ ရှေးနေကြလေရော့သလား

## တရုတ်-မြန်မာ အရေးအခင်း (၁၉၆၇)

ကျွန်တော် တပ်မတော်မှာ ရှိစဉ်က မိခင်တပ်ရင်း သနက ၅ မှာ တပ်စုမှူး အဖြစ် တာဝန် ထမ်းဆောင်ရင်း တရုတ် မြန်မာ အရေးအခင်းနဲ့ ကြုံခဲ့ဖူးပါ တယ်။ ၁၉၆၇ ခုနှစ်၊ ဇူလိုင်လမှာပါ။

မြို့လယ်ကောင်မှာရှိတဲ့ လမ်းမတော်၊ လသာမြို့နယ် တစ်ဝိုက်က အထက်တန်း ကျောင်းတွေက စခဲ့တာပါ။ အဲဒီ မြို့နယ်တွေဟာ တရုတ်တန်း လို့ ယေဘုယျခေါ်ဆိုတဲ့ မြို့နယ်တွေဖြစ်ပြီး တရုတ် လူမျိုးအများစု နေကြ တယ်။ ဒါ့ကြောင့် အဲဒီကျောင်းတွေမှာလည်း တရုတ်ကျောင်းသားတွေ များကြပါတယ်။ တရုတ်ကျောင်းသားတွေ များသလို သူတို့ မိဘဆွေမျိုးတွေ ကလည်း FRC လို့ခေါ်တဲ့ နိုင်ငံခြားသား မှတ်ပုံတင်နဲ့ နေကြသူတွေ ဖြစ်ပါ တယ်။

တရုတ်ကျောင်းတွေမှာ ကျောင်းသားတွေက သူတို့ဆရာတွေ သင်တဲ့ သမိုင်း၊ မြန်မာစာ၊ ပထဝီ စတဲ့ ဘာသာရပ်တွေဟာ ခေတ်နောက်ပြန်ဆွဲနေ တယ် ဆိုပြီး ဆန္ဒပြကြတာပါ။ သင်ခန်းစာ အဟောင်းတွေ ဖယ်ထုတ်၊ သင် ခန်းစာ အသစ်တွေနဲ့ အစားထိုး စတဲ့ လိုလားချက်တွေနဲ့ပါ။ ကြွေးကြော်သံ တွေလည်း ပါပါတယ်။ ပြီးတော့ သင်ပေးတဲ့ ဆရာတွေကိုလည်း အလိုမရှိ ဆိုတဲ့ ကြွေးကြော်သံတွေလည်း ပါတော့ ဆန္ဒပြမှုတွေဟာ တင်းမာတဲ့ အနေ အထား ရောက်လာပါတယ်။

## ဆန္ဒပြရတဲ့ အကြောင်းရင်း

အဲဒီ အထက်တန်းကျောင်းသားတွေ ဆန္ဒပြရတဲ့ အကြောင်းရင်းကတော့

တရုတ်ပြည်မှာ ဖြစ်ပွားနေတဲ့ "ယဉ်ကျေးမှု တော်လှန်ရေး"ရဲ့ ကွင်းဆက်တွေ ပါ။ ကွယ်လွန်သူ တရုတ်ပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ မော်စီတုံးဟာ ၁၉၄၉ ခုနှစ်က စပြီး တရုတ်ပြည်ကို ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်တဲ့ နိုင်ငံသစ်အဖြစ် စတင် ဦးဆောင် တည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ တရုတ်လူမျိုးတွေရဲ့ ကံ ကြမ္မာကို ပါတီရဲ့ ဦးဆောင်မှုနဲ့ တိုးတက်အောင် ကြိုးဆောင်ခဲ့ရာမှာ ရံဖန်ရံခါ ထူးခြား ဆန်းသစ်တဲ့ အတွေးအခေါ်တွေနဲ့ အကောင်အထည် ဖော်လေ့ရှိပါ တယ်။

သူ့ရဲ့ အထင်ကရ အောင်မြင်မှုတစ်ခုကတော့ တရုတ်နိုင်ငံကို အဝတ် ဗလာက ကယ်ဆယ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အခြေခံ စားဝတ်နေရေး ကိစ္စတွေ ပြေလည်အောင် ကြိုးစားရင်းနဲ့ ၁၉၅၀ ခုနှစ် အကျော်ကာလတွေမှာ "ပန်း ပေါင်း တစ်ရာ ပွင့်ပါစေ" ဆိုတဲ့ လှုပ်ရှားမှုတစ်ခု မြှလုပ်ခဲ့ပါတယ်။ ရည်ရွယ် ချက်ကတော့ နိုင်ငံရဲ့ စက်မှုကဏ္ဍကို "ခုန်ပျံကျော်လွှား"တဲ့ နည်းနဲ့ တိုးတက် လာစေဖို့ပါ။ တစ်ချိန်တည်းမှာပဲ သူ့ရဲ့ အဓိက မဟာမိတ်ဖြစ်တဲ့ ဆိုဗီယက် ယူနီယံ (ရုရှား) ရဲ့ အကူအညီနဲ့လည်း စက်မှုကဏ္ဍ တိုးတက်အောင် ကြိုးစား ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမဲ့ နိုင်ငံရဲ့ အခြေခံ အဆောက်အဦးလို့ ခေါ်ရမယ့် Imfrastruc- ture တွေ မပြည့်စုံတဲ့အတွက် အဲဒီ လှုပ်ရှားမှုဟာ မအောင်မြင်ခဲ့ပါဘူး။ အဲဒီ ကာလတုန်းကတော့ လှုပ်ရှားမှုရဲ့ Let the hundred flowers bloom! Let hundred thoughts contend! ဆိုတဲ့ ကြွေးကြော်သံတွေဟာ တရုတ်နိုင်ငံ ထုတ် စာစောင်တွေမှာ ပလူပျံအောင် ပါနေခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ "ပန်းပေါင်း တစ်ရာ ပွင့်ပါစေ၊ အတွေးပေါင်း တစ်ရာ ထွန်းကားပါစေ" ဖြစ်ပါ တယ်။

တရုတ် နိုင်ငံရဲ့ ကံကြမ္မာကို တရုတ် ကွန်မြူနစ် ပါတီက ဒီလို ဦးဆောင် လာတဲ့အခါမှာ ၁၉၆၀ ခုနှစ်ကျော်လောက်က စပြီး ဥက္ကဋ္ဌ မော်စီတုံးရဲ့ အတွေးအမြင်တွေ ပြောင်းလဲလာပါတယ်။ ဘယ်လို ပြောင်းလဲသလဲ ဆို တော့ ကွန်မြူနစ် ပါတီဟာ အာဏာရတာ ၁၀ နှစ်ကျော်လာပြီ ဆိုတော့ ပါတီ ခေါင်းဆောင် အများစုဟာ အာဏာကို ယစ်မူးလာတယ်၊ အာဏာကို မက်

ခဲ့ကြပြီး ရှိရှိတဲ့ အဆောင်အယောင်တွေကို သာယာနေကြပြီ ဆိုပြီးတော့ ပဲ့။

## ယဉ်ကျေးမှု တော်လှန်ရေး ဆင်နွှဲခြင်း

ခဲ့ကြောင့်မို့လို့ မော်စီတုံးဟာ ပါတီကို ပြန်လည်ဖွဲ့စည်းမယ်၊ ဖွဲ့စည်းတဲ့အခါ နက်စီးနေပြီ ဖြစ်တဲ့ လူကြီးခေါင်းဆောင်တွေ နေရာကို လူငယ်တွေနဲ့ အစား ထိုးမယ် ဆိုတဲ့ မူဝါဒကို ကိုင်စွဲလိုက်ပါတယ်။ အဲဒီ လှုပ်ရှားမှုကို ဖော်ဆောင်ဖို့ အတွက် "မော်စီတုံး အတွေးအခေါ်များ" လို့ ခေါ်တဲ့ စာအုပ်အနီလေးတွေ ခက်နိုင်ပြီး ကွန်မြူနစ် လူငယ်တွေကို လှုပ်ရှားဖို့ လှုံ့ဆော်ခဲ့ပါတယ်။ အတွေး အခေါ် ဟောင်း မှန်သမျှ ဖယ်ရှားကြ၊ အတွေးအခေါ် ဟောင်းကို ဖက်တွယ်တဲ့ သူ မှန်သမျှ ဖယ်ရှားကြ ဆိုတဲ့ မူဝါဒကို အကောင်အထည် ဖော်နိုင်အောင် Bombard the Headquarters! ဆိုတဲ့ ညွှန်ကြားချက် ထုတ်ပြန်ပါတယ်။ အဓိပ္ပာယ်က "ဌာနချုပ်တွေကို ဗုံးခွဲဖျက်ဆီးကြ" ဆိုတာပါပဲ။

အဲဒီ လှုပ်ရှားမှုကို "ယဉ်ကျေးမှု တော်လှန်ရေး" လို့ ခေါ်တွင်စေခဲ့ပါ တယ်။ ဒီလှုပ်ရှားမှုကို ဆယ်ကျော်သက်ရွယ် (သူတို့ကို Red Guard လို့ ခေါ် ကြပါတယ်။) တွေက ခေါင်းဆောင်ကြပြီး ဟောင်းနွမ်းတဲ့ အတွေးအခေါ် ရှိ တယ်လို့ ထင်ရတဲ့ စာရွက်စာတမ်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ အများ အပြား ဖျက်ဆီးခံရပါတယ်။ အဲဒီက လှုပ်ရှားမှုကတော့ အဲဒီတုန်းက သမ္မတ ...ရှုရှောချီနဲ့ ဗိုလ်ချုပ်ကြီး အပြင် လူကြီးတော်တော်များများကိုလည်း ဖမ်းဆီးခဲ့တယ်၊ ...ခဲ့တယ်၊ လည်ပင်းကို စာဆွဲပြီး တစ်မြို့လုံး ကားတွေနဲ့ ပတ်လှည့်ပြီး အရှက်ရအောင် ဆောင်ရွက်ခဲ့တယ်၊ တစ်ချို့ဆိုရင် အသက်ပါ ဆုံးရှုံးတဲ့အထိ ...ခံခဲ့ရပါတယ်။

တရုတ်ပြည် တော်လှန်ရေးမှာ ပါခဲ့တဲ့ ဝန်ကြီးချုပ် ချူအင်လိုင်းကတော့ ...နီတွေနဲ့ အကြိတ်အနယ် ဆွေးနွေးပြီး သူတို့ လက်စုံလာအောင် ပြောနိုင် ...ဖယ်ရှားမခံခဲ့ရပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ငယ်သူငယ်ချင်း၊ တင်ရှောင်ပင်းကို ...မထင်မရှား စက်ရုံတစ်ခုကို ပို့ပြီး စက်ရုံမှူးအဖြစ် တာဝန် ထမ်းဆောင်ဖို့ ...ပေးခြင်းခံရပါတယ်။ (နောင်တစ်ချိန်မှာ တင်ရှောင်ပင်းဟာ အုံကြွဖွယ်ရာ

အာဏာ ပြန်ရလာပြီး တရုတ်ပြည် စီးပွား တိုးတက်စေမယ့် အစီအစဉ်တွေ ချမှတ် အကောင်အထည် ဖော်ခဲ့တဲ့ ပုဂ္ဂိုလ် ဖြစ်လာပါတယ်။ စကားချပ်)

အဲဒီ ယဉ်ကျေးမှု တော်လှန်ရေးကို မော်စီတုံးရဲ့ ဇနီးဖြစ်တဲ့ မဒမ် ကျန်ချင်းနဲ့ တရုတ်ပြည် လွတ်မြောက်ရေး တပ်မတော်ရဲ့ ခေါင်းဆောင် မာရှယ် လင်ပြောင်အပြင် အခြားပုဂ္ဂိုလ် နှစ်ဦးတို့က ခေါင်းဆောင်ခဲ့ပါတယ်။ (သူတို့ကို နောင်မှာ လေးဦးဂိုဏ်းလို့ အမည်ပေးပြီး နှိပ်ကွပ်ခြင်းခံရပါတယ်။) တရုတ်ပြည်မှာ အဲဒီလို ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာလည်း တရုတ်-မြန်မာ အရေးခင်း ဖြစ်လာခဲ့ပါတယ်။ ဒီအရေးအခင်းကြောင့် တရုတ်တန်းမှာ ရှိတဲ့ တရုတ်လူမျိုး ၃-၄၀ လောက် အသက် ဆုံးရှုံးခဲ့ကြရပါတယ်။

အဲဒီလို အသက် ဆုံးရှုံးမှုတွေဟာ မြန်မာ အစိုးရက တာဝန်ယူရမယ့် တာဝန် မကျေဘူးလို့ စွပ်စွဲပြီး တရုတ်ပြည် ကွန်မြူနစ်ပါတီက သူတို့နိုင်ငံမှာ ယာယီ ခိုလှုံနေတဲ့ အဝေးရောက် ဗကပ သခင် ဗသိန်းတင်နဲ့ အုပ်စုကို လက်နက် တပ်ဆင်ပြီး မြန်မာပြည် အရှေ့မြောက်ပိုင်းကို ဝင်ရောက်ဖို့ တိုက်တွန်းလိုက်ပါတယ်။ ကျွန်တော်က သနက ၅ နဲ့ အတူ ရန်ကုန်မြို့ထဲမှာ ဖြစ်ခဲ့တဲ့ ဆန္ဒပြတဲ့ တရုတ်တွေနဲ့ မြန်မာတွေ ပဋိပက္ခဖြစ်တဲ့ အကြောင်းကို သေချာ ဂနစွာ သိမြင်ခဲ့ဖူးတာပါ။

ဆန္ဒပြတဲ့ အရှိန်မြင့်လာပြီး သတ်ကြ ဖြတ်ကြ ဖြစ်လာမှ ကျွန်တော်တို့ တပ်နဲ့ တပ်မ ၇၇ က တပ်အချို့ကို အသုံးပြုပြီး ဆန္ဒပြပွဲတွေကို နှိမ်နင်းနိုင်ခဲ့တာပါ။ ယခု သိမ်ကြီးဈေး (ဘီ) ရုံဆိုတဲ့ နေရာနားမှာ ဆန္ဒပြတဲ့ မြန်မာတွေကို ကျွန်တော်တို့ တပ်က Aid to Civil Power ဆိုတဲ့ စည်းမျဉ်းနဲ့ ကိုက်ညီစွာ ပစ်ခတ် နှိမ်နင်းခဲ့ဖူးပါတယ်။ တရုတ် ဆန္ဒပြတဲ့ လူတွေနဲ့ မြန်မာ ဆန္ဒပြတဲ့ လူတွေ ထိပ်တိုက် တွေ့ဆုံစေခဲ့တာဟာ အဲဒီတုန်းက အစိုးရရဲ့ ပေါ့လျော့မှု ဒါမှမဟုတ် တမင် ဖန်တီးမှုလို့ ဟိုတုန်းကတည်းက သံသယ ရှိခဲ့ဖူးပါတယ်။

**ယဉ်ကျေးမှု တော်လှန်ရေးကို ပြည်ပသို့ ပို့ဆောင်ခြင်း**

တရုတ်ပြည်မှ ယဉ်ကျေးမှု တော်လှန်ရေး ဆင်နွှဲတာ အချိန် ရလာတဲ့အ

နိုင်ငံရဲ့ တိုးတက် ဖွံ့ဖြိုးမှု ထိခိုက်တာတွေကို အလေးမထားတော့ဘဲ တော်လှန်ရေး အရှိန်မြှင့်လာတာကိုပဲ တရုတ် ခေါင်းဆောင်တွေက ကျေနပ် အားရကြတယ် ထင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ တော်လှန်ရေးကို ပြည်ပကို ပို့ဆောင်ပြီး export အနေနဲ့ တော်လှန်ရေး အရှိန်မြှင့်ဖို့ ဆုံးဖြတ်ကြပါတယ်။ ဒါကြောင့်မို့လို့ "မော်စီတုံး အတွေးအခေါ် များ" ဆိုတဲ့ စာအုပ် အနီလေးတွေကို နိုင်ငံခြားမှာ ရှိတဲ့ တရုတ်သံရုံးတွေကို ပို့ပေးခဲ့ပါတယ်။ အဲဒီသံရုံးက တစ်ဆင့် ဌာနေ တရုတ်လူငယ် ကျောင်းသားများကို ဖြန့်ဝေပြီး သူတို့နည်း၊ သူတို့ဟန်နဲ့ လှုပ်ရှားစေခဲ့ပါတယ်။

သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ဘာသာစကားနဲ့လည်း ပီကင်း ရေဒီယိုက တစ်ဆင့် နှိုးဆော် တိုက်တွန်းခဲ့ပါတယ်။ တရုတ်ပြည်မှာ ဖြစ်နေတဲ့ ယဉ်ကျေးမှု တော်လှန်ရေး လှုပ်ရှားမှုဆန်ဆန် ဆန္ဒပြမှုတွေဟာ ဖိလစ်ပိုင် နိုင်ငံ မနီလာ၊ ထိုင်း နိုင်ငံ ဘန်ကောက်၊ မလေးရှား နိုင်ငံ ကွာလာလမ်ပူနဲ့ မြန်မာ နိုင်ငံ ရန်ကုန်တို့မှာလည်း တစ်ပြိုင်တည်း နီးပါး ဖြစ်ပွားခဲ့ပါတယ်။ အဲဒီမြို့ အသီးသီးမှာ တရုတ်လူငယ်တွေကို တရုတ်သံရုံးက ပုံမှန်ဖိတ်ခေါ်ပြီး ယဉ်ကျေးမှု တော်လှန်ရေး ဆင်နွှဲစေဖို့ တိုက်တွန်းတာတွေကလည်း တွန်းအားပေးသလို ဖြစ်ခဲ့ပါတယ်။

မနီလာ၊ ဘန်ကောက်၊ ကွာလာလမ်ပူမြို့တွေမှာ တရုတ်လူငယ်တွေ ဆန္ဒပြတာနဲ့ တစ်ပြိုင်နက် ဒေသခံတွေကလည်း မခံမရပ်နိုင်ဖြစ်ပြီး တန်ပြန်ဆန္ဒပြမှုတွေ ဖြစ်လာပါတယ်။ ဒါပေမဲ့ ပဋိပက္ခ အဆင့်ထိတော့ မရောက်ခဲ့ကြပါ။ ဘာပြုလို့လည်းဆိုတော့ အဲဒီဆန္ဒပြတဲ့ အဖွဲ့နှစ်ဖွဲ့ကြားမှာ လုံခြုံရေးရဲတွေနဲ့ ပိုင်းခြားထားလို့ပါ။ ထိပ်တိုက် ပဋိပက္ခ မဖြစ်ခဲ့ကြပါ။ ဒါပေမဲ့ ရန်ကုန်မှာတော့ ပထမဦးစွာ မငြိမ်မသက် ဖြစ်ခါစတုန်းကတော့ ရဲတွေနဲ့ စောင့်ကြည့်တာ ရှိပေမဲ့ နောက်တစ်ရက်မှာတော့ အဲဒီ လုံခြုံရေးတွေကို ဖယ်ရှားပေးလိုက်ပါတယ်။ ကျွန်တော်တို့ တပ်တွေကိုလည်း ဘာမှမလုပ်စေဘဲ stand-by အနေအထားမှာပဲ ရှိနေစေပါတယ်။

ဒါ့ကြောင့်မို့လို့ တရုတ် လူမျိုးတွေရဲ့ အုပ်စုနဲ့ မြန်မာ အုပ်စုတို့ ထိပ်တိုက် တွေ့ကြတဲ့အခါ သတ်ကြ၊ ဖြတ်ကြ ဖြစ်လာပြီး ဖြစ်စဉ်တွေဟာ

အင်မတန် အရှုပ်ဆိုး အကျည်းတန်လာပါတယ်။ ဆန္ဒပြပွဲတွေ အရှိန်မြင့်လာတဲ့ အခါမှာ လုံခြုံရေးတွေကို ရုပ်သိမ်းလိုက်တဲ့ အမိန့်ဟာ သာမန် အမိန့် မဟုတ်ပါဘူး။ ပြဿနာ ကြီးထွားလာစေအောင် ဖန်တီးဖို့ လုပ်ရပ်တစ်ခုလို့ ကျွန်တော် တွေးမိပါတယ်။ ကျွန်တော်တို့ တပ်ကို ဝင်ဖို့ အမိန့်ပေးတဲ့ အချိန်မှာ သတ်တာ၊ ဖြတ်တာတွေ လုပ်ပြီးကုန်ပါပြီ။

မြို့မ ကျောင်းလမ်းနဲ့ ကျုံကြီးလမ်းထောင့်၊ မဟာဗန္ဓုလလမ်းနဲ့ လသာလမ်းထောင့်က တရုတ် ဘုံကျောင်း ရှေ့နဲ့ ရွှေတိဂုံ ဘုရားလမ်း အောက်ဘလောက်မှာ ရှိတဲ့ တရုတ် ကုန်သည်ကြီးများ အသင်း ရှေ့တွေမှာ ရှိတဲ့ သတ်ဖြတ်ခံရသူတွေကို ကျွန်တော်တို့ ရဲဘော်တွေကပဲ သွားပြီး ကောက်ရပါတယ်။ ဆေးရုံကြီးကို ပို့ပေးရပါတယ်။ ဒီအကြောင်းတွေကို တရုတ် အစိုးရ ခေါင်းဆောင်တွေက ထောက်ပြပြီး ဗကပတွေကို လက်နက် တပ်ဆင်ပေးခဲ့တာပါ။

**ဗကပရဲ့ အလုံးအရင်း ဝင်ရောက်မှု**

၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က စတင်ခဲ့ပါတယ်။ ကွတ်ခိုင် မြို့နယ် အရှေ့မြောက်ပိုင်း နယ်စပ်မှာ ရှိတဲ့ မုန်းကိုး တပ်စခန်းကို ဗကပတွေက အလုံးအရင်း ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်ခဲ့ပါတယ်။ စခန်း တာဝန်ခံ ဒုဗိုလ် မင်းစိန် (DSA - ၉) ခေါင်းဆောင်တဲ့ ခလရ ၄၅ က တပ်စု နှစ်စု စခန်းဟာ ကျဆုံးသွားပါတယ်။ ဒုဗိုလ် မင်းစိန်နဲ့ အခြားအဆင့် ကျဆုံးပြီး အခြားအဆင့် အချို့ အဖမ်းခံရပါတယ်။ ငး၁စု တပ်ကြပ်ကြီး တင်မောင် အပါအဝင် စစ်သည်အချို့က လွတ်မြောက်လာခဲ့လို့ တိုက်ပွဲအနေအထား အသေးစိတ် သိကြရတာပါ။ (ဆရာ တင်မောင်က ကျွန်တော့် အပတ်စဉ်က အတူ ဆင်းတဲ့ လူကြည်ရဲ့ အဖေပါ။)

နောက်ပိုင်းရတဲ့ သတင်းတွေအရ ဗကပ အမာခံတွေ ပါပါတယ်။ သူတို့နဲ့ အတူ တရုတ် နိုင်ငံက အချို့ဟာ ဗကပ ယူနီဖောင်းနဲ့ ဝင်ရောက်ပြီး တိုက်ပွဲမှာ ပါဝင်ခဲ့ပါတယ်။ သူတို့ ဝင်ခါစက တပ်ရင်းကြီး ၃၀၃ နဲ့ ၄၀၄ ဆိုပြီး ဖွဲ့စည်း ဝင်ရောက်ခဲ့ကြတာပါ။ ခေါင်းဆောင်တွေကတော့ ခင်မောင်ကြီး

ခဲ့တော် ကျောင်းမောင်၊ ယမ်ကွမ်း (၈) နေဝင်း စတဲ့ အဝေးရောက် ဗကပ ခေါင်းဆောင်တွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာတော့ စခုတိမ်ယိမ်း ခေါင်းဆောင်တဲ့ ဗကပ တပ်ရင်းကြီး ၁၀၁ က ဝင်ရောက် တိုက်ခိုက်ပြီး နယ်မြေတွေ သိမ်းပိုက်လိုက်ပါတယ်။

## အရှေ့မြောက်ဒေသ စစ်ဆင်ရေးများ

ကျွန်တော်ဟာ ၁၉၆၇ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ တရုတ်-မြန်မာ အရေးအခင်းကိုလည်း ကိုယ်တိုင် ကြုံခဲ့ဖူးလို့ သူ့ရဲ့ အကျိုးဆက်တွေက ဘာတွေများ ဖြစ်လာလေမလဲလို့ အမြဲတမ်း တွေးတော ပူနေမိပါတယ်။ ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က စပြီး ဗကပတွေဟာ ရှမ်းပြည်နယ် အရှေ့မြောက် ဒေသကို အလုံးအရင်းနဲ့ ကျူးကျော် ဝင်ရောက်လာခြင်းဟာ ကျွန်တော် တွေးပူသလို ဖြစ်လာခဲ့တယ်လို့ ဆိုချင်ပါတယ်။



အဲဒီတုန်းက ကျွန်တော်ဟာ အသက် ၂၇ နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ မြစ်ဝကျွန်းပေါ်၊ ပဲခူး ရိုးမ၊ ရခိုင် ရိုးမ အရှေ့ခြမ်းနဲ့ ယခု ဗကပ ဝင်ရောက်နေတဲ့ ကွတ်ခိုင် မြို့နယ်တွေမှာ စစ်ဆင်ရေးတွေ ဝင်ဖူးတဲ့အတွက် မြန်မာနိုင်ငံရဲ့ လုံခြုံရေးနဲ့ ပတ်သက်ရင် မြို့ပုံ စဉ်းစားတတ်တဲ့ အလေ့အထ ရှိနေပြီ။ ဒါ့ကြောင့် မုန်းကိုးကို ဗကပ ဝင်တိုက်တဲ့သတင်း ကြားကတည်းက နိုင်ငံရဲ့ အနာဂတ်မှာ ဘာတွေများ ဖြစ်လာမလဲ၊ ပိုဆိုးရွားလာတော့မယ် ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ တစ်ခါတစ်ရံ အိပ်မပျော်တာတွေ ရှိခဲ့ဖူးပါတယ်။

၁၉၆၉ ခုနှစ်မှာ စစ်ရုံးကို ရောက်တဲ့အခါကျတော့ တစ်နိုင်ငံလုံးရဲ့ လက်နက်ကိုင် ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး ပိုပြီး သိလာရပါတယ်။ ၁၉၆၈ ခုနှစ်က စပြီး ၁၉၇၀ ခုနှစ် နှစ်လယ်လောက် အထိ ကျွန်တော်တို့ တပ်တွေ အလူးအလဲ ခံခဲ့ရပါတယ်။ ဒေသခံတပ် ဖြစ်တဲ့ ခလရ ၄၅၊ ကချင် ၃ တို့နဲ့ မလုံလောက်လို့ တပ်မ ၉၉ က တပ်ရင်း ၁၀ ရင်း ပို့ပြီး စစ်ကူပေးခဲ့ရပါတယ်။ ဒါပေမဲ့ အခြေအနေ ကောင်းမလာပါဘူး။ ကျွန်တော်တို့ တပ်တွေ ခံရပြီးရင်း ခံရရင်းပါ။ တပ်မ ၉၉ က မခံရတဲ့ တပ် မရှိသလောက်ပါပဲ။ ကျဆုံးတဲ့ အခြားအဆင့် စစ်သည်တွေကိုတော့ မပြောနဲ့၊ ဗိုလ်နဲ့ ဗိုလ်မှူး ဆိုတဲ့ အရာရှိ တွေလည်း ကျဆုံး၊ ဒဏ်ရာရ၊ အဖမ်းခံရ ဆိုတဲ့ ဖြစ်စဉ်တွေ ခုနဲ့ဒေး ဖြစ်လာ ပါတယ်။

ခလရ ၁၀ ဆိုရင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး အဆင့်တောင် ကျဆုံးသွား ခဲ့တာပါ။ ခမရ ၁၀၃ ဆိုရင် တပ်ပျက်လုမတတ် ဆုံးရှုံးခံခဲ့ရပါတယ်။ စစ်ဆင် ရေး အစမှာ ဦးမထောင်နိုင်တဲ့ အဓိကအချက်က ကျွန်တော်တို့ တပ်တွေဟာ ပဲခူး ရိုးမ၊ ကရင် ပြည်နယ် စတဲ့ ဒေသတွေမှာ ပျောက်ကြား စစ်နည်းဗျူဟာနဲ့ သာ လှုပ်ရှား တိုက်ခိုက်ခဲ့ကြရာက ဗကပတွေ ဆင်နွှဲလာတဲ့ ထိုးစစ်ဟာ သမားရိုးကျ စစ်နည်းဗျူဟာ Conventional Warfare ဖြစ်တဲ့အတွက် စစ် နည်းဗျူဟာ မကျွမ်းကျင်မှုကြောင့် ထိတွေ့တိုက်တိုင်း ကိုယ့်ဘက်က အကျ အဆုံး များခဲ့တာပါ။

## တပ်မ ၇၇ လာပြီ

၁၉၇၂ ခုနှစ်ကစပြီး ပဲခူး ရိုးမ ဗကပ (ပဟို) ကျဆုံးသွားတဲ့ အချိန်က စပြီး တပ်မ ၇၇ ကို အရှေ့မြောက်ဒေသကို စစ်ကူပို့ပေးခဲ့ပါတယ်။ အဲဒီအချိန်က စပြီး ဗကပ ထိုးစစ်တွေဟာ ထင်တိုင်း မပေါက်တော့ဘဲ တပ်မတော်ရဲ့ စစ်ရေးအရ လက်ဦးမှု ရနိုင်တဲ့အထိ အောင်မြင်မှုတွေ ရလာခဲ့ပါတယ်။ ကျွန်တော်ဟာ စစ်ရုံးမှာနေပြီး ဗကပတွေနဲ့ ထိတွေ့တဲ့ ဖြစ်စဉ်တွေကို အမြဲ လေ့လာရပါတယ်။ သူတို့ရဲ့ စစ်နည်းဗျူဟာကိုရော၊ သူ့ဘက်ကိုယ့်ဘက် အကျအဆုံးတွေရော စာရင်းဇယား ပြုစုခဲ့ရတိုင်း နှလုံးသားအထိ နာကျင်

ဝေဒနာတွေ ခံစားခဲ့ရပါတယ်။

၁၉၇၆ ခုနှစ်၊ စစ်ရုံးက ပြောင်းတဲ့အချိန်မှာ ဗကပတွေ မြန်မာပြည်ထဲကို ဝင်တာ ရှစ်နှစ်ကျော်ခဲ့ပါပြီ။ အဲဒီကာလမှာ ပန်ကျန်း တိုက်ပွဲ၊ မုန်းပေါ် တိုက်ပွဲ၊ ဘွမ်းလုံ တိုက်ပွဲ စတဲ့ တိုက်ပွဲကြီးတွေ ဖြစ်ပွားခဲ့ပါတယ်။ ကိုယ့်ဘက်က အကျအဆုံးတင်ပဲ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားပေါင်း သောင်းဂဏန်း ကျော်ခဲ့ပါပြီ။ ကျွန်တော် တပ်က ထွက်တဲ့အခါမှာလည်း တိုက်ပွဲကြီးတွေ အပြောက်အမြား ဖြစ်ခဲ့တာ သိနေပါတယ်။ စီစီဝမ်-တာပန် တိုက်ပွဲ၊ မူဆယ်-နမ့်ခမ်း တိုက်ပွဲ၊ တန့်ယန်း အရှေ့မြစ် စစ်ဆင်ရေးစွင် စတဲ့ နေရာတွေမှာ တပ်မတော် တပ်ရင်း တပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေကိုလည်း တပ်ထဲက ကျွန်တော့် မိတ်ဆွေများထံက တစ်ဆင့် သိလာခဲ့ပါတယ်။

အဲဒီသတင်းတွေနဲ့အတူ ဗကပရဲ့ စည်းရုံးမှုကြောင့် ကိုးကန့်လူမျိုးတွေ၊ ဝ လူမျိုးတွေကလည်း တပ်ဖွဲ့တွေ ဖွဲ့စည်းပြီး ဗကပ ထိုးစစ်တွေမှာ ရှေ့တန်း မှာ ပါလာခဲ့ပါတယ်။ သူတို့ဟာ တက်ကြွပြီး ရဲရင့်တဲ့ တိုင်းရင်းသားတွေမို့ တိုက်ပွဲတွေမှာ ရှေ့တန်းက တက်ပြီး ပါဝင်လေ့ရှိလို့ အကျအဆုံး များခဲ့တယ် ဆိုတာလည်း သိရပါတယ်။ အဲဒီလို နေရာက ၁၉၈၈ ခုနှစ်မှာ ပြည်တွင်းမှာ "ရှစ်လေးလုံး အရေးတော်ပုံ" ဖြစ်တာနဲ့အတူ ဝ ဒေသမှာလည်း ဗကပကို တော်လှန်တဲ့ လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာပါတယ်။ နောက်ဆုံးမှာ ဗကပ ခေါင်းဆောင်တွေကို အသာတကြည် ဖမ်းဆီးပြီး တရုတ်ပြည်ကို ပြန်ပို့တဲ့ အတွက် ဗကပရဲ့ စိတ်ကူးယဉ် အိပ်မက်တွေဟာ ပြိုကျ ပျက်စီးသွားခဲ့ ပါတယ်။

## ဒီဖြစ်စဉ်တွေကို ပြန်ရေးပြနေရတဲ့ အကြောင်းရင်း

ဒီဖြစ်စဉ်ဟာ ၁၉၆၈ ခုနှစ် နှစ်ဦးက စပြီး ၁၉၈၉ ခုနှစ် ဗကပ ပြိုကွဲတဲ့အထိ နှစ်ပေါင်း ၂၀ ကြာခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေကို အကြမ်းဖျဉ်း ရေးပြနေရတဲ့ အကြောင်းရင်းကတော့ အရှေ့မြောက် ဒေသက တိုင်းရင်းသားများ ဘယ် လောက်ထိ စစ်ဘေး စစ်ဒဏ် ခံခဲ့ရတယ် ဆိုတာကို သိစေချင်တာရယ်၊ ထောင်သောင်းမကသော တပ်မတော်သားတွေ ဤဒေသ လုံခြုံရေးအတွက်

အသက်စွန့် သွားခဲ့ကြတယ် ဆိုတာတွေကို သိစေချင်လို့ ဖြစ်ပါတယ်။ အလားတူပဲ တစ်ဖက်အခွဲ့မှာ ပါပြီး တပ်မတော် စစ်ကြောင်းတွေနဲ့ ရင်ဆိုင်တိုက်လို့ ကျဆုံးသွားရတဲ့ တိုင်းရင်းသား အရေအတွက်ကလည်း ထောင်သောင်းမက ရှိခဲ့ပါတယ်။ တကယ်တော့ သူတို့ဟာလည်း ကိုယ့်နိုင်ငံသူ၊ နိုင်ငံသားများပါပဲ။

ဒီမှာ ထပ်ပြီးတောက်ပြရှင်တာက ဒေသခံ ပြည်သူလူထု ဒုက္ခရောက်ခဲ့ကြတာတွေရယ်၊ ထောင်သောင်းမကသော တပ်မတော်သားတွေနဲ့ ဗကပ တပ်ဖွဲ့ဝင်လို့ ဆိုတဲ့ တိုင်းရင်းသားတွေ အသက်စွန့် ကျဆုံးခဲ့တာတွေကို ဖန်တီးတဲ့ အဓိက လက်သည်ဟာ အဝေးရောက် ဗကပ ခေါင်းဆောင် သခင်သိန်းတင်နဲ့ အပေါင်းအပါတွေရဲ့ အကြံအစည်နဲ့ လုပ်ရပ်တွေကြောင့် ဖြစ်တယ် ဆိုတာ တောက်ပြရှင်တာပါ။

ဒီနေရာမှာ ဦးနေဝင်းအကြောင်း မပြောဘဲ ကောချန်ထားလိုက်ပါဦး။ ဗကပတွေ ကျူးကျော်တာဟာ တစ်ဖက်နိုင်ငံက လူအင်အား၊ ပစ္စည်းအင်အားတွေ ရယူပြီး တိုက်ခိုက်ခဲ့ကြလို့ အခုလို ဒုက္ခတွေ ခံစားနေခဲ့ကြရတာပါ။ နိုင်ငံကို ဦးနေဝင်းက ပလက်ခေတ် ကိုင်တွယ်ခဲ့ပေမဲ့ ဗကပကို ရင်ဆိုင်ရာမှာတော့ ပြည်ပ အကူအညီ မပါဘဲ ပြည်တွင်း အင်အားနဲ့ပဲ ရင်ဆိုင် တွန်းလှန်ခဲ့တယ် ဆိုတဲ့အချက်ကိုတော့ ဖော်ပြပါရစေ။

**အခုတလော ဖတ်နေခဲ့ရတဲ့ ဆောင်းပါးအချို့**

နည်းနည်းလေးတော့ ကြာနေပါပြီ။ ဂျာနယ် နာမည်တွေကိုတော့ မပြောတော့ပါဘူး။ အထက်မှာ တင်ပြခဲ့တဲ့ နိုင်ငံကို ဒုက္ခပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေကို အမွှန်းတင်တဲ့ ဆောင်းပါးတွေ၊ သူ့ရဲ့ကောင်း အာဇာနည်သဖွယ် ချီးကျူးရေးသားတဲ့ ဆောင်းပါးတွေ တွေ့လာခဲ့ရပါတယ်။ အလားတူပဲ မတ်လ ၂၈ ရက်နေ့ကို သူ့ရဲ့ကောင်း အာဇာနည်နေ့သဖွယ် ရေးခဲ့ကြတာကိုလည်း သတိပြုမိပါတယ်။

ဟုတ်ပါတယ်။ မီဒီယာ လွတ်လပ်ခွင့် အတိုက်အခံလျှောက်ရနေတဲ့ ဒီလိုအခါမျိုးမှာ ဘယ်သူ့ အကြောင်းမဆိုရေး ရေးခွင့်ရှိပါတယ်။ ရေးကြပါ။ မီဒီယာ

လွတ်လပ်ခွင့်ရဲ့ အခွင့်အရေးတစ်ခု ဆိုတာလည်း ကျွန်တော် သဘောပေါက် ပါတယ်။ ဒါပေမဲ့ သဘောတရားရေး ဆိုတဲ့အလံ လွှင့်ထူပြီး သူတို့ ဆောင်ရွက် ခဲ့တဲ့ ဖြစ်ရပ်တွေဟာ နိုင်ငံနဲ့ ပြည်သူလူထုကို ဘယ်လောက် ဒုက္ခပေးခဲ့တယ် ဆိုတာ ခုခေတ် မျိုးဆက်သစ်တွေ မသိရှိကြတော့ပါဘူး။

ဒီစာရေးရင်းနဲ့ မှတ်ဉာဏ်မှာ ပေါ်လာတာက ၁၉၅၀ ခုနှစ် ပတ်ဝန်းကျင် မှာ ဧရာဝတီတိုင်း အင်္ဂပူ မြို့နယ်က ကွင်းကောက် ဆိုတဲ့ရွာမှာ လက်နက်ကိုင် ပဋိပက္ခမှာ အဓိက ပါဝင်တဲ့ သခင် သန်းထွန်းရဲ့ နစ်မြူ၊ ရဲဘော်ဖြူနဲ့ သခင် စိုးကြီးတို့ သုံးပါတီ ဆွေးနွေးပွဲ ပြုလုပ်ကြပါတယ်။ အဲဒီ ဆွေးနွေးပွဲကို လာတဲ့ သခင်စိုးကြီးဟာ သူလာရာ လမ်းတစ်လျှောက်မှာ ပျက်စီးနေတဲ့ မြို့တွေ၊ ရွာ တွေ၊ လမ်းတံတားတွေအပြင် မီးလောင်ပြာကျနေတဲ့ အပျက်အစီးပုံတွေကို တွေ့တဲ့အခါမှာ နောင်တစိတ်နဲ့ သူ ရေရွတ်ခဲ့တာတွေ ရှိပါတယ်။ ဘယ်လိုလဲ ဆိုတော့ "ဒီလို ပျက်စီးပြီး လူတွေ ဒုက္ခရောက်ခဲ့ကြတာတွေရဲ့ တရားခံဟာ ကျုပ်တို့ပါပဲဗျာ၊ ကျုပ်တို့ တရားခံပါ" ဆိုပြီး တဖွဖွ ရွတ်လာခဲ့ပါတယ်တဲ့။

သခင်စိုးကြီးလို ပုဂ္ဂိုလ်တောင် ပြည်တွင်းစစ်ကြောင့် အပျက်အစီးတွေ မြင်တဲ့အခါ နောင်တတရားနဲ့ ရေရွတ်ခဲ့တာဟာ ပြည်သူကိုယ်စား ခံစားခဲ့ရတဲ့ ဒဏ်ကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း၊ ကွတ်ခိုင် ဒေသ၊ ကွမ်းလုံ ဒေသနဲ့ သံလွင်မြစ် အရှေ့ခြမ်း နေရာတွေမှာ နှစ်ပေါင်း ၂၀ ကျော် ရောက်အောင် ဖန်တီးခဲ့တဲ့ ပုဂ္ဂိုလ်တွေကို သူရဲကောင်းသဖွယ် ချီးမွမ်းပြီး ရေးသားနေကြတာဟာ မီဒီယာ လွတ်လပ်ခွင့်ဆိုတဲ့ အရိပ်အာဝါသကို လက် တစ်ဆုံး နိုက်ပြီး အမြတ်ထုတ်နေကြတာလို့ ကျွန်တော် မြင်ပါတယ်။

## မျိုးဆက်သစ် လူငယ်တွေ သတိပြုမိစေဖို့

ဒီထက်မက ကျွန်တော် စိုးရိမ်မိတာက မြန်မာပြည် သမိုင်းကို ဟုတ်တိပတ်တိ မသိ နားမလည်တဲ့ လူငယ်မျိုးဆက်တွေက ဒီလို ပုဂ္ဂိုလ်တွေ အကြောင်း ရေးသားတာတွေကို ဖတ်ပြီး သူတို့ကို သူရဲကောင်းများသဖွယ် ထင်မှတ်မှားနေ ကြရင်ဖြင့် "ကိုယ်ကျိုးနည်းရချည်ရဲ့" လို့ ဆိုတဲ့ စိတ် ဖြစ်ပေါ်လာလို့ပါ။

ကျွန်တော်က ထောင်ထဲမှာ နှစ် ၂၀ ကျော် နေခဲ့ရတယ် ဆိုတော့

ထောင်ထဲမှာ လူတန်းစား မျိုးစုံနဲ့ ကြုံဆုံခဲ့ရပါတယ်။ ဘုန်းကြီးတွေ၊ ကျောင်းသားတွေ၊ ပါတီ အသီးသီးက ပုဂ္ဂိုလ်တွေအပြင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က ထောင်ကျလာတဲ့ သူတွေနဲ့ ဆုံခဲ့ဖူးပါတယ်။ သူတို့ထဲမှာ အံ့ဩဖွယ်ရာ အတွေးအခေါ်တွေကို ခုထိ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားတဲ့ သူတစ်ချို့နဲ့လည်း တွေ့ခဲ့ဖူးပါတယ်။

ကျွန်တော်တို့ နိုင်ငံ လွတ်လပ်ရေးရတာ နှစ်ပေါင်း ၇၀ ရှိပါပြီ။ သူတို့နဲ့ တွေ့တုန်းကတော့ ၆၄/၆၅/၆၆ နှစ်တွေလောက် ဖြစ်မှာပေါ့။ အံ့ဩဖွယ်ရာ သူတို့ရဲ့ အတွေးအခေါ်က "မြန်မာနိုင်ငံဟာ လွတ်လပ်ရေး တကယ် မရသေးဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ တိုက်ယူရတဲ့ လွတ်လပ်ရေး မဟုတ်လို့" ပါတဲ့။ အံ့ဩစရာ မကောင်းဘူးလား တရုတ်။

ဒီလို ဆောင်းပါးတွေကို ဖတ်တဲ့အခါမှာ သူတို့ ရေးပြတဲ့ ပုဂ္ဂိုလ်တွေအကြောင်း တော်တော်များများကို ကျွန်တော် သိပြီးသားပါ။ ကျွန်တော်စစ်ရုံး ရောက်တော့ မိမိတပ် အင်္ဂါစဉ်နဲ့ ရန်သူတွေရဲ့ အင်္ဂါစဉ်တွေကို မှတ်မိအောင် လေ့လာရပါတယ်။ ဥပမာ- လေရ ၉၅ ဆိုရင် မန္တလေး၊ လေရ ၂၀ ဆိုရင် စစ်တွေ၊ ကချင် ၅ ဆိုရင် ရှမ်းပြည်နယ် တောင်ပိုင်းက တာလေ ဒါမျိုးတွေပေါ့။

ရန်သူ ဆိုရင်လည်း ကယားပြည်မှာဆို ရွှေအေး၊ ပအိုဝ်းနယ် ဆိုရင် အောင်ခမ်းထီးနဲ့ တာကာလယ်။ ပဲခူး ရိုးမဆိုရင် ဗကပ (ဗဟို) က သခင်ဇင်၊ သခင်ချစ် စသဖြင့်ပါ။ ဒါကြောင့် ပြည်ပရောက် ဗကပ (ဗဟို) ဆိုရင်လည်း သခင် ဗသိန်းတင်၊ သခင် တင်ထွန်း၊ ခင်မောင်ကြီး၊ ပိုလ်ကျော်မောင် စတဲ့ ပုဂ္ဂိုလ်များ အကြောင်းပေါ့။ တလောကဆိုရင် ဗကပ (ဗဟို) က ရဲဘော်ဗွေးကို အလွန်အကျူး ချီးမွမ်းတဲ့ ဆောင်းပါးတစ်စောင်ဖတ်လိုက်ပါသေးတယ်။

အဲဒီလို ပုဂ္ဂိုလ်တွေကို အမွှမ်းတင်တဲ့ ဆောင်းပါးတွေကို ဖတ်ရပါများတော့ စိတ်ထဲမှာ ဖြစ်လာတဲ့ အတွေးက "ရှေးခြောက်တွေများ ရှေ့နေသလား" လို့ပေါ့။

အများအမှန်ဝေဖန်ပိုင်းခြားနိုင်ကြပါစေ။

*****

# ရောက်ခဲ့ပါပြီ ဗုဒ္ဓဂါယာဆီ

## ငယ်စဉ်က အစဝ

ကျွန်တော်ဟာ မိတ္ထီလာ မြို့နယ် တောင်ဘက် ခုနစ်မိုင်လောက် ဝေးတဲ့ အလည်ရွာ ကျေးရွာ အုပ်စုက ဆည်ကုန်းမှာ မွေးဖွားခဲ့သူတစ်ဦး ဖြစ်ပါတယ်။ မူလတန်းကို အလည်ရွာ တောင်ကျောင်းမှာ တွဲဖက် ဖွင့်ထားတဲ့ ကျောင်းမှာ ပညာသင်ခဲ့ရပါတယ်။ ကျောင်းမနေမီ အသက် သုံးနှစ်လောက်မှာ ကျွန်တော်ဟာ အဲဒီကျောင်းက ပျံလွန်တော်မူသွားတဲ့ ဘုန်းကြီး ဦးသာသန ဝင်စားခဲ့တဲ့ လူဝင်စား တစ်ဦးဖြစ်ကြောင်း၊ အထောက်အထား များစွာကြောင့်၊ အထူးသဖြင့် တခရေ့ ဖိသနပ်ပါတဲ့ ခေါင်ကျောင်းဆရာ ဦးဂုဏဝန်ရဲ့ မှတ်တမ်းတွေကြောင့် သေချာစွာ သိရှိခဲ့ရပါတယ်။

အသက်ကြီးလာလို့ အမှတ်အလက် အသစ်တွေ ဝင်လာတဲ့အခါ ဦးနှောက်မှာ ယခင် ဘဝက ပါခဲ့တဲ့ မှတ်ဉာဏ်တွေ မှေးမှိန်သွားခဲ့ပါတယ်။ ဒါပေမဲ့ ခေါင်ကြီးရဲ့ မှတ်တမ်းကြောင့် ကျွန်တော်ဟာ ယခင်ဘဝအကြောင်းကို သိလိုက်၊ မသိလိုက်နဲ့ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကုသိုလ်ရေးနဲ့ ပတ်သက်ရင် စိတ်အားထက်သန်လေ့ရှိတာ၊ ဘုရားစာတွေနဲ့ ပတ်သက်ရင် ကျက်မှတ်ရ လွယ်တာ၊ မှတ်မိတာတွေဟာ အရင်ဘဝက ပါလာတဲ့ အထုံတွေကြောင့်လို့ ထင်မှတ်ရပါတယ်။

ကျွန်တော် မြင်းခြံထောင်ကို ၁၉၉၇ ခုနှစ်မှာ ရောက်ခဲ့ပါတယ်။ သက်ဆိုင်ရာက ပုံစံထောင်လို့ သတ်မှတ်ထားခဲ့တဲ့ အတွက် ကိုင်တွယ်ပုံ ကြမ်းတမ်းတာတွေ၊ တစ်ပုန်းပုန်း အရိုက်ခံရတာတွေကို ဖြတ်သန်းခဲ့ရပါတယ်။ ၂၀၀၀ ခုနှစ်၊ နှစ်ဝအထိပေါ့။ ၁၉၉၉ နှစ်ကုန်မှာ သက်ဆိုင်ရာရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ICRC ဝင်ခွင့်ပြုတဲ့ အချိန်ကစပြီး တဖြတ်ခွင့် ရခဲ့ပါတယ်။ ဝတ်ထမတော့ ဘာသာရေး တချုပ်တွေပေါ့။

## ဘာသာတရားဘက် အားသန်လာခြင်း

ဒါကြောင့် သာ-ထွန်း-မြန်နှက ထုတ်တဲ့ "ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်" လို စာအုပ်မျိုးတွေ၊ သာသနာရေး ဝန်ကြီးဌာနက ထုတ်တဲ့ ဗုဒ္ဓဝင်စာအုပ်တွေ သွင်းခွင့်ရခဲ့ပါတယ်။ ဖတ်သင့်တာ ဖတ်၊ ကျက်သင့်တာကျက်နဲ့ အလုပ်တွေ ရှိလာပြီပေါ့။ ဒါကြောင့် အခွင့်ကောင်းတုန်းမှာ ပဋ္ဌာန်း အကျယ်၊ ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်အပြင် ပရိတ်ကြီး ၁၁ သုတ်တွေကို ကျက်လည်းကျက်၊ ရွတ်လည်း ရွတ်ခဲ့ပါတယ်။ အဲဒါအပြင် ဗုဒ္ဓဝင်စာအုပ်မှာ ပါတဲ့ "မဟာ ပရိနိဗ္ဗာနသုတ်" အကျယ်ကို ဖတ်တဲ့အခါ သံဝေဇနီယ လေး ဌာန အကြောင်းကို ထောင်းထောင်းကျေအောင် ဖတ်ခဲ့ရပါတယ်။

သံဝေဇနီယ လေးဌာန ဆိုတာကိုတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ မြတ်စွာဘုရား သိဒ္ဓတ္ထမင်းသား မွေးဖွားခဲ့တဲ့ လုမ္ဗိနီ ဥယျာဉ်၊ ဘုရားအဖြစ် ပွင့်တော်မူတဲ့ နေရာနဲ့ သတ္တသတ္တာဟ နေရာ၊ ပဉ္စဝဂ္ဂီ ငါးပါးကို ဓမ္မစကြာနဲ့ အနတ္တလက္ခဏာသုတ် ဟောတဲ့ တရားကာသီပြည်နားက မိဂဒါဝုန် တောနဲ့ ပရိနိဗ္ဗာန်ပြုတဲ့ မလ္လာတိုင်းက ကုသိနာရုံ အင်ကြင်းတောတို့ ဖြစ်ပါ တယ်။ အဲဒီ အကြောင်းတွေကို ဖတ်ရသလို ဆရာတော်ကြီး ရှင်ဉာဏိဿရ ဟောတဲ့ တရားတွေကို နာရတဲ့အခါ အဲဒီနေရာတွေကို သွားချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်ခဲ့ပါတယ်။ ဒါပေမဲ့ ဆန္ဒနဲ့ လက်တွေ့ဘဝဟာ အဝေးကြီးပါ။

## Travel 4 Moments အဖွဲ့

၂၀၁၀ ခုနှစ်မှာ ထောင်က လွတ်ခဲ့ပေမဲ့ ပါတီအလုပ်၊ လွှတ်တော်အလုပ်တွေရဲ့ ဆွဲနှောင်မှုတွေကြောင့် မသွားဖြစ်ခဲ့ပါဘူး။ ပါတီ နာယက အဖွဲ့ဝင် ဖြစ်လာလို့ လုပ်ငန်း ပမာဏတွေ လျော့ပါးလာတဲ့အတွက် ယခု ၂၀၁၈ ခုနှစ်ကျမှ သွား ဖြစ်ခဲ့ပါတယ်။ သွားတဲ့အခါမှာလည်း မကြာခင်က ကွယ်လွန်ခဲ့တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ မိုးကုတ်က အရွေးချယ်ခံရတဲ့ ဒေါ်မေနှင်းကြည် (ခ) ဒေါ်နီရဲ့ သမီး အစီအစဉ်နဲ့ သွားဖြစ်ခဲ့တာပါ။ သမီး နာမည်က မနှင်းမိုးဝေ ကျွန်တော်တို့အခေါ် ဘုဒ္ဒ။ ပြီးတော့ အုပ်စုကြီးနဲ့ သွားတာ မဟုတ်ဘဲ ခင်မင် တဲ့ အမျိုး၊ မိတ်ဆွေ ရှစ်ဦးပဲ သွားခဲ့ကြတာပါ။

သွားခဲ့တဲ့အခါမှာ ကြော်ငြာတာ မဟုတ်ပေမဲ့ ဘုဒ္ဓရဲ့ Travel 4 Moments က စီစဉ်ပေးပါတယ်။ ရောက်တဲ့ နေရာတိုင်းမှာ ဟိုတယ်မှာ တည်းပါတယ်။ ဒါကြောင့် အစားအသောက်လည်း ဟိုတယ်က အစားအသောက်ပေါ့။ သွားတဲ့အခါမှာလည်း မိနီဘတ်စ် တစ်စီးနဲ့ ဘုဒ္ဓရဲ့ အိန္ဒိယ နိုင်ငံသား လက်ထောက် နှစ်ဦးအပြင် ကားသမားနဲ့ သူ့ရဲ့အကူတို့ဟာ ခရီးစဉ် တစ်လျှောက်လုံး ကိုးရက် ကြာအောင် အတူသွား၊ အတူစားခဲ့ကြပါတယ်။

မြန်မာပြည်က လေယာဉ် ထွက်ကတည်းက Business class နဲ့ သွားရဘာလို့ အစားအသောက် ဖွယ်ဖွယ်ရာရာ၊ နေရာ ချောင်ချောင်ချိချိ စီးခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ ခါးနာ၊ ဒူးနာ၊ ဖနောင့်ကြောနာဆိုတဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် လက်တွန်းလှည်း wheel chair နဲ့ တစ်လျှောက်လုံး သွားခဲ့ရတဲ့ အတွက် ကိုယ်ခန္ဓာ ပင်ပန်းမှုတွေ မကြုံခဲ့ရပါဘူး။ ခရီးစဉ် မသွားခင် ကတည်းက နီပေါ နိုင်ငံ ဗီဇာတွေ အားလုံး ယူခဲ့ပြီး ဖြစ်လို့ သိဒ္ဓတ္ထမင်းသား ဖွားမြင်ရာ လုမ္ဗိနီ ဥယျာဉ် တည်ရှိတဲ့နေရာကို သွားရာမှာလည်း အဆင်ပြေခဲ့ပါတယ်။

## အဆင်ပြေ ချောမွေ့ခဲ့

ရောက်တဲ့နေ့မှာ သုဇာတာ ဟိုတယ် (Thu Jata Hotel) မှာ တည်းပြီး နောက်တစ်နေ့ ဘုရားရှင် ပွင့်တော်မူရာ ဗောဓိ ညောင်ပင် ရှိရာကို သွားရောက်ခဲ့ပါတယ်။ ဘုဒ္ဓက လျှောက်ထားလို့ ဂါယာမြို့မှာ ရှိတဲ့ မြန်မာဘုန်းကြီးကျောင်းက ဆရာတော် တစ်ပါး လိုက်ပါလာခဲ့ပြီး ဗောဓိ ညောင်ပင်နဲ့ သမိုင်းစဉ် အဆက်ဆက်၊ သတ္တသတ္တာဟ နေရာ ခုနစ်နေရာရဲ့ အကြောင်းအရာတွေကို ပြောကြား ရှင်းလင်းပေးခဲ့ပါတယ်။ ဘုရားရှင်ကို ရည်စူးပြီး နှိုင်းချင်း၊ ပရိတ် တရားတော်များ ရွတ်ဖတ်ခြင်းနဲ့ အာနာပါန ရှုမှတ်ခြင်းများကို ဆက်တိုက်တည်း ဆောင်ရွက်ခဲ့ပါတယ်။

ဗုဒ္ဓဂါယာဟာ ဘီဟာ ပြည်နယ်မှာ တည်ရှိပါတယ်။ အဲဒီနေရာရဲ့ လုံခြုံရေးကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဥပမာ-ဗုဒ္ဓဂါယာ အဝင်ဝက စပြီး လက်ကိုင်ဖုန်းတွေ လုံးဝ ခွင့်မပြုပါဘူး။ ဝိတ်ပင်ထားပါတယ်။

လုံခြုံရေးအတွက် ဆောင်ရွက်တဲ့ အတွင်းပိုင်းက ပုဂ္ဂိုလ်တွေကတော့ ယူနီဖောင်းနဲ့ လက်ကိုင်တုတ်ပဲ ကိုင်ထားကြပါတယ်။ လိုအပ်ရင် ဘုရားဖူးတိုင်းရဲ့ အိတ်တွေ အထိပါ မွှေနှောက် စစ်ဆေးတာ တွေ့ခဲ့ရပါတယ်။ ဓာတ်အားသွင်းကြိုးကိုတောင် ရှာဖွေ သိမ်းဆည်းကြပါတယ်။ ပြင်ပ လုံခြုံရေး ပုဂ္ဂိုလ်တွေကတော့ သဲအိတ်တွေနဲ့ ကာရံထားတဲ့ နေရာတွေမှာ လက်နက်ကိုင်ပြီး တာဝန် ထမ်းဆောင်နေကြတာ တွေ့ခဲ့ရပါတယ်။

**ဉရုဝေလတောနဲ့ ဒုဗ္ဗရစရိယာ ကျင့်ရာဌာန**

နေ့လယ်စာ ဟိုတယ်မှာပဲ စားသောက်ကြပြီး ခရီးဆက်ကြပါတယ်။ ဦးတည်နေရာကတော့ ပဥ္စဝဂ္ဂီ ငါးဦးက ဘုရားအလောင်း ဂေါတမရဟန်းကို အလုပ်အကျွေး ပြုခဲ့တဲ့ ဉရုဝေလတောနဲ့ တစ်ဆက်တည်း ဒုဗ္ဗရစရိယာ ကျင့်ရာလိုဏ်ဂူဆီကိုပါ။ ဉရုဝေလတောကတော့ မရှိတော့ပါဘူး။ ဒါပေမဲ့ ရှေးဟောင်းသုတေသန အစီအစဉ်နဲ့ သစ်ပင်တွေ ပြန်စိုက်ထားလို့ တောစပ်စပ်တော့ ဖြစ်နေတာတွေ့ရပါတယ်။

ဒုဗ္ဗရစရိယာ ကျင့်ရာ လိုဏ်ဂူကတော့ အဝီအကျယ်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ အတွက်ထိုပြီး တကူးတက ပင့်ထားတဲ့ ဆရာတော်ရဲ့ ရှင်းပြချက် အရ နောင်လာနောက်သားများက ကြည်ညို သဒ္ဓါစိတ်နဲ့ ပြုပြင် မွမ်းမံထားတဲ့ လိုဏ်ဂူကို တွေ့ရပါတယ်။ လိုဏ်ဂူကို ဝင်ရောက် ကြည်ညိုခဲ့ပါတယ်။ ဘုရားအလောင်း၊ ဒုဗ္ဗရစရိယာ ကျင့်ပုံကို အာရုံပြုပြီး ရှိခိုး ကန်တော့ခဲ့ပါတယ်။ အတွက်မှာတော့ လိုဏ်ဂူထဲမှာပဲ ဟိန္ဒူဘာသာရဲ့ အထိမ်းအမှတ် တစ်ခုအပြင် သူ့ကို စောင့်နေတဲ့ အစောင့်က သူတို့ အထိမ်းအမှတ်ကိုလည်း ကန်တော့စေချင်တဲ့ သဘောနဲ့ ကျွန်တော့်ကို ခေါ်ခဲ့ပေမဲ့ လစ်လျူရှုခဲ့ရပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲတဲ့အခါ ဦးတဲ့လူက နေရာယူတဲ့သဘောလို့ပဲ အသင့်အတင့် နှလုံးသွင်းခဲ့ပါတယ်။

တစ်ပြိုင်နက်တည်းမှာ သုဇာတာ သူဌေးသမီးက ယနာနို့ဆွမ်း ကပ်တဲ့နေရာ၊ သုဇာတာ အိမ်ရာနဲ့ သုဗ္ဗိယလှုင်က ဘုရားအလောင်းကို မြက်ရှစ်ဆုပ် လှူတဲ့ နေရာတွေကို ကြည့်ရှုခဲ့ရပါတယ်။

## ရာဇဂြိုဟ်နဲ့ နာလန္ဒာ

ရာဇဂြိုဟ်ဆိုရင် ဝေသာလီနဲ့ တွဲမှတ်မိသလို ဒိတ်ဒိတ်ကြဲ အဇာတသတ်မင်းနဲ့လည်း တွဲပြီး သတိရလေ့ရှိပါတယ်။ ရာဇဂြိုဟ်ရဲ့ ထူးခြားချက်က မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ပထမဦးဆုံးအကြိမ် သံဃာယနာ တင်တဲ့ နေရာဖြစ်တဲ့အတွက်ကြောင့်ပါ။ ဖခင်ကို သတ်ပြီး နန်းတက်လာတဲ့ အဇာတသတ်မင်းဟာ သူ့ရဲ့ စိတ်ရိုင်းတွေကို မြတ်စွာဘုရား ဟောတဲ့ "သာမညဖလသုတ်" ကို နာပြီးတဲ့ အချိန်ကစပြီး သာသနာပြု မင်းတစ်ပါး ဖြစ်လာခဲ့ပါတယ်။

သူဟာ မြတ်စွာဘုရားကို ဘယ်လောက် ကြည်ညိုတဲ့ စိတ် ပြင်းပြသလဲဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီလို့ ဆိုတဲ့ သတင်းကြားတာနဲ့ ပူပြင်းတဲ့ သောကကြောင့် မေ့လဲသွားခဲ့ပါတယ်။ ဆရာ ဇီဝကရဲ့ ကြိုတင် စီမံချက်အရ သူ့ရဲ့ ခန္ဓာကိုယ်ကို ထောပတ်တွေ အပြည့်ရှိတဲ့ သစ်သားစည်ထဲကို နှစ်လိုက်တဲ့ အခါမှာ ထောပတ်တွေ ပွက်ပွက်ဆူလာခဲ့တဲ့ အထိ အပူမီး ပြင်းခဲ့တဲ့ ပုံလိုပါ။

ရာဇဂြိုဟ်ကို ရောက်တဲ့အခါ ကျွန်တော်ဟာ အဇာတသတ်နဲ့ ပတ်သက်တဲ့ မှတ်မိတာတွေကို ဆင်ခြင်ရင်း ပထမ သံဃာယနာ အောင်မြင် ပြီးမြောက်အောင် ဆောင်ကျဉ်းပေးနိုင်ခဲ့တဲ့ သူ့ရဲ့ မဟာ ကုသိုလ်ကို အားကျမိခဲ့ပါတယ်။ အဲဒီ ကုသိုလ်ကြောင့် နောက်အနာဂတ် ကမ္ဘာတစ်ခုမှာ ပစ္စေကဗုဒ္ဓါအဖြစ် ပွင့်ပြီး သံသရာစခန်း အဆုံးသတ်နိုင်မယ့် ပုဂ္ဂိုလ်လို့ ဘုရားက ဗျာဒိတ်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ပထမ သံဃာယနာ တင်တဲ့ နေရာကိုတော့ ဝင်ထွက်ခွင့် ပိတ်ထားတဲ့အတွက် အပြင်ကပဲ ကြည်ညိုခဲ့ရပါတယ်။

နောက်တစ်နေရာကတော့ နာလန္ဒာ ဖြစ်ပါတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးရဲ့ မွေးဇာတိဖြစ်လို့ ကိုယ်တော်ကြီးရဲ့ ညီ၊ ညီမ ခုနစ်ဦးစလုံး ရဟန္တာတွေ ဖြစ်တဲ့အကြောင်းနဲ့ အငယ်ဆုံး ညီဖြစ်တဲ့ ရှင်ရေဝတဟာ တောရ ရဟန္တာအဖြစ်နဲ့ ဓုတင် ရပ်ပုံတွေကို ပြန်ပြောင်း အောင်းမေ့ရပါတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ခန္ဓာဝန်မချခင် မိခင်ကြီး ဖြစ်တဲ့ သာရီ ဗြာဟ္မဏီကြီးကို သောတာပန် ဖြစ်စေတဲ့အထိ မွေးကျေးဇူး ဆပ်ခဲ့ပုံတွေကို ဖူးမျှော် ကြည်ညိုရပါတယ်။

ဇာတိမြေဖြစ်တဲ့ နာလန္ဒာရွာကြီးမှာ ဗုဒ္ဓတရားများ ဖြန့်ဖြူးတဲ့ တက္ကသိုလ်ကြီး ထွန်းကားခဲ့ပုံနဲ့ ဒီတက္ကသိုလ်ကြီးရဲ့ နိမ့်တဲ့ မြင့်တဲ့ လောကဓံ ဇာတ်ကြောင်းတွေကိုလည်း ပြန်ပြောင်းအောင်းမေ့မိပါတယ်။ မျက်မှောက်မှာတော့ အဲဒီ တက္ကသိုလ်ကြီး မတည်ရှိတော့သော်လည်းပဲ တက္ကသိုလ်ဟောင်းရဲ့ အဆောက်အဦ လက်ကျန်တွေကို အိန္ဒိယ အစိုးရရဲ့ ရှေးဟောင်း သုတေသနဌာနက ထိန်းသိမ်းထားပုံတွေကို စိတ်ထဲက ချီးကျူးနေမိပါတယ်။ သံဝေဂ ရစရာတွေလည်း တစ်ပုံကြီးပါ။

နေ့လယ်စာကိုတော့ ဟိုတယ်တစ်ခုမှာ စားပြီး ခရီးဆက်ကြရာမှာ ညမှောင်မှ ပတ္တနာမြို့ကို ရောက်ပြီး ဟိုတယ်တစ်ခုမှာ စတည်းချကြပါတယ်။ ပတ္တနာ မြို့ဆိုတာက နိပါတ်တော်တွေထဲမှာ ပါဋလိပုတ်လို့ ရေးသားခဲ့ကြတာလည်း သတိထားမိပါတယ်။ ပတ္တနာမြို့ဟာ ဘီဟာ ပြည်နယ်ရဲ့ မြို့တော်ဖြစ်လို့ မြို့ကွက်လည်း ကျယ်ပါတယ်။ ဟိုတယ်တွေလည်း အဆင့်အတန်းမြင့်ပါတယ်။ တစ်ခု သတိထားမိခဲ့တာက မြို့အဝင် လမ်းတစ်လျှောက် ကုန်ကားကြီးတွေ စီတန်း ရပ်နားထားတဲ့ မြင်ကွင်းပါ။ ကုန်သွယ်ရေး ထွန်းကားနေတယ်ဆိုတဲ့ သရုပ်ပေါ့။

## ဝေသာလီ

ပတ္တနာနဲ့ ကီလို ၉၀ ခန့် ဝေးတဲ့ ဝေသာလီကို ကျွန်တော်တို့ သွားကြပါတယ်။ ဝေသာလီ ဆိုတာ နာမည်ကြီး ပြည့်တန်ဆာ အမ္ဗပါလီရဲ့ ဇာတိ ငယ်ငယ် ကတည်းက ဆရာ ပါရဂူ ရေးခဲ့တဲ့ စာအုပ် ဖတ်ခဲ့ဖူးလို့ အမ္ဗပါလီနဲ့ ဝေသာလီကို တွဲပြီး သိနေခဲ့တာပါ။ မလ္လာတိုင်းနဲ့ ဝေသာလီ ဆိုတာ အဲဒီခေတ်ကတည်းက ဒီမိုကရေစီဆန်တဲ့ လွှတ်တော်နဲ့ အုပ်ချုပ်ခဲ့တဲ့ နိုင်ငံတွေပါ။

ဝေသာလီကို လိုချင်လို့ အဇာတသတ်မင်းက သူ့ရဲ့ ဝဿကာရ ပုဏ္ဏားကို လွှတ်ပြီး သွေးခွဲခိုင်းကာ ဝေသာလီ မင်းသားတွေ သွေးကွဲကြပြီ ဆိုတော့မှ အဇာတသတ် က ဝင်သိမ်းတဲ့ ဇာတ်လမ်းတွေကို ကျွန်တော် ဖတ်ခဲ့ဖူးပါ တယ်။

ဝေသာလီမှာ လစ္ဆဝီ မင်းသားတွေ တည်ထား ကိုးကွယ်တဲ့ မြတ်စွာဘုရားရဲ့ ဓာတ်တော်တိုက်နဲ့ မင်းသားတွေ ရေချိုးတဲ့ ရေကန်၊ အာသောကမင်းတရားကြီး ကြီးမှူးတဲ့ ဒုတိယအကြိမ် သံဃာယနာ တင်တဲ့နေရာနဲ့ အသောက ကျောက်စာတိုင်တို့ကို သွားရောက် လေ့လာခဲ့ပါတယ်။

## ကုသိနာရုံ

မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်ပြီး ပရိနိဗ္ဗာန်စံဖို့အတွက် မလ္လာတိုင်းက မလ္လာမင်းသားများ အုပ်ချုပ်ရာဒေသကို ကြွသွားခဲ့ပါတယ်။ နောက်ဆုံး ဒုတိယနေ့လို့ ပြောရမယ့်နေ့မှာ စုန္ဒလုပ် ကပ်တဲ့ နေ့ဆွမ်းကို ဘုန်းပေးပြီး နောက်တစ်နေ့ ကုသိနာရုံကို ကြွသွားခဲ့ပါတယ်။ လမ်းမှာ ဝမ်းတော်လားပုံ၊ လမ်းမှာ ရေကြည်တော် ရဖို့ ခက်ခဲပုံ၊ စုန္ဒလုပ်ကို ပထမဦးဆုံးသော နို့ဆွမ်းကပ်တဲ့ သုဇာတာရဲ့ ဆွမ်းနဲ့ နောက်ဆုံးဆွမ်း ဖြစ်တဲ့ စုန္ဒကပ်တဲ့ ဆွမ်းတွေဟာ ဆွမ်းတကာ့ ဆွမ်းတွေထဲမှာ အမြတ်ဆုံး ဖြစ်ကြောင်း တရားဟောခဲ့ပုံနဲ့ ဘုရားရှင်အတွက် ရည်စူးတဲ့ အာဟာရတွေဖို့ အဲဒီအိုးတွေထဲကို နတ်တွေက နတ်သုဓါတွေ ထည့်ပေးပုံတွေကို ပြန်ပြောင်း ဆင်ခြင် ကြည်ညိုရပါတယ်။

ကုသိနာရုံ အဆောက်အဦထဲမှာတော့ လျောင်းတော်မူ မြတ်စွာဘုရား ရုပ်ပွားတော်ကို အသင့် ပါလာတဲ့ သင်္ကန်း ကပ်လှူခဲ့ပါတယ်။ မြတ်စွာဘုရားရဲ့ လျောင်းတော်မူ ကိုယ်တော်ကြီး စံမြန်းရာ အဆောက်အဦကို ကိုလိုနီခေတ်က မြန်မာ မြို့သားတစ်ဦးက ဆောက်လုပ် လှူဒါန်းခဲ့တာကို သိရတော့ ပိုပြီး ကြည်ညိုရပါတယ်။ အဲဒီ အဆောက်အဦရဲ့ ဘေးနားမှာပဲ ဘုဒ္ဓ ပင် ဆောင်ထားတဲ့ ဆရာတော်တစ်ပါးက တရားပေးခြင်း၊ တရားနာခြင်း၊ ပရိတ် ရွတ်ဆိုခြင်းနဲ့ တရားပွားများခြင်းများ ပြုလုပ်ခဲ့ပါတယ်။

သက်တော် ၈၀၊ ပရိနိဗ္ဗာန် မပြုမီ မြတ်စွာဘုရား သက်တော် ရှိစဉ်မှာ နောက်ဆုံး ရဟန္တာ ဖြစ်ခဲ့တဲ့ သုဘဒ္ဒပရိဗိုဇ်ကြီးရဲ့ အကြောင်းရယ်၊ ဗုဒ္ဓ ...နားမှာ မြတ်စွာဘုရားရဲ့ နောက်ဆုံး နှုတ်ကပတ်တော် ဖြစ်တဲ့ "အပ္ပမာ ... သမ္ပာဒေထ" ဆိုတဲ့ အပိုဒ်နဲ့ ဆုံးတဲ့ "မမေ့မလျော့၊ မပေါ့မဆပဲ တရား ဆင်ခြင်ရစ်ကြလော့" အဆုံးအမကို ရှင်အာနန္ဒာမှ တစ်ဆင့် မှာကြားခဲ့ပုံ၊

ဒါပေမဲ့ ရှင်အာနန္ဒာက ဒေသာကပရိဒေဝတွေ ဖြစ်နေခဲ့ပုံတွေကို ဆရာတော်က
ဟောကြားခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မြတ်စွာဘုရား ဝေဇာဓာတ် လောင်ကျွမ်းတဲ့
နေရာ၊ ဝေဇာဓာတ် မလောင်ကျွမ်းမီ ရှင်မဟာကဿပ ကိုယ်တော်ကြီး
ကြွရောက်လာပုံ၊ လမ်းခရီး တစ်ထောက်နားချိန်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့
သတင်းအကြောင်း ရဟန်းတစ်ပါးရဲ့ လွဲမှားတဲ့ မှတ်ချက်ကို ကြားရတဲ့အခါ
ပထမအကြိမ် သံဃာယနာ တင်ဖို့ အကြံတော်ဖြစ်လာပုံ၊ ဒေါနပုဏ္ဏားကြီးရဲ့
ဓာတ်တော်ဝေခန်း။ ဓာတ်တော်တွေ မဝေခင် သူ ကဲ့ဝှက်ထားတဲ့ ဘုရား
စွယ်တော်တွေကို သူ့ထက်သာတဲ့ ပုဂ္ဂိုလ်တွေက တန်ခိုးနဲ့ ယူဆောင်သွားကြ
ပုံ၊ ဒါကြောင့် ပုဏ္ဏားကြီးမှာ ဓာတ်တော်ဝေတဲ့ ပြည်တောင်းပဲ ကျန်တော့လို့
အဲဒီ ပြည်တောင်းကိုပဲ ဌာပနာပြီး ဘုရားတည်ပုံ စတဲ့ ဖြစ်စဉ်တွေဟာ
ကျွန်တော်ရဲ့ အတွေး ရေယဉ်ကြောမှာ စီကာစီကာ ပေါ်လာခဲ့ပါတယ်။

## နီပေါနိုင်ငံ လုမ္ဗိနီသို့

ကုသိနာရုံက လုမ္ဗိနီကို ခြောက်နာရီလောက် ကားစီးရပါတယ်။ နယ်စပ်
ဝင်မှု ကြီးကြပ်ရေးမှာတော့ နယ်စပ်ထုံးစံအတိုင်း တစ်နာရီလောက်
အောင့် စောင့်ရပါတယ်။ လိုက်ပါလာတဲ့ အိန္ဒိယ ကောင်လေးတွေနဲ့ စီစဉ်
အခါ ခရီးသည်တွေအားလုံး သူတို့က ကြည့်ချင်တယ်လို့ ပြောပါတယ်။
မဲ့ ဘုဒုက ကိုယ်တိုင် ဆင်းသွားပြီးတော့ နီပေါ လူဝင်မှုက လူတွေနဲ့ ဘယ်
ပြောလိုက်တယ် မသိဘူး လူတွေ ဆင်းမတွေ့ရတော့ဘဲ ခရီးဆက်ခွင့်
ပါတယ်။ လုမ္ဗိနီရောက်တော့ အချိန်လင့်နေပါပြီ။

နောက်တစ်နေ့ ရောက်တော့ လုမ္ဗိနီ ဥယျာဉ်ကို သွားပြီး
အလောင်း သိဒ္ဓတ္ထ မင်းသား ဖွားမြင်တဲ့နေရာကို သွားရောက် လေ့လာ
တယ်။ အိန္ဒိယ ရှေးဟောင်း သုတေသနဌာနရဲ့ အစီအစဉ်နဲ့ အဲဒီနေရာ
ထူထဲ ခိုင်ခန့်တဲ့ သံယက်မကြီးတွေနဲ့ ဆောက်ထားပါတယ်။ ဖွားတဲ့
အတိအကျကိုလည်းပြထားပါတယ်။အဲဒီအနီးမှာပဲ သိဒ္ဓတ္ထမင်းသားလေး
မွေးမွေးချင်း ခြေလှမ်း ခုနစ်လှမ်း ကြွတော်မူတဲ့ နေရာနဲ့ မယ်တော် မာယာ
ရေကန်တို့ကို တစ်ဆက်တည်း တွေ့ခဲ့ရပါတယ်။







## ကျွန်တော် ငယ်ငယ်က မယုံခဲ့

ကျွန်တော် ငယ်ငယ်တုန်းက ခေတ်ပညာတွေ သင်နေရတုန်း သိပ္ပံပညာကို ဦးစားပေး လေ့လာတဲ့အခါ သိဒ္ဓတ္ထ မင်းသားလေး မွေးမွေးချင်း လမ်းလျှောက်တယ်ဆိုတဲ့ အဖြစ်ကို လုံးဝ လက်မခံခဲ့ပါ။ သမိုင်းဆရာတွေက အကြွင်းညှိ လွန်ပြီး လုပ်ကြံ ရေးခဲ့ကြတယ်လို့ပဲ ထင်မိခဲ့ပါတယ်။ ကြီးလာတဲ့အခါ မြတ်စွာဘုရားရဲ့ ဖြစ်စဉ်တွေကို ဖတ်ရင်း၊ လေ့လာရင်း သိလာရတာက ပါရမီနဲ့ ပတ်သက်တဲ့ အချက်တွေ ဖြစ်ပါတယ်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ခဲ့တဲ့ အရှိန်အဟုန်ကြောင့် သိဒ္ဓတ္ထ မင်းသားလေးဟာ "အဂ္ဂေါဟမသ္မိ လောကဿ……" အစရှိတဲ့ စကားတွေနဲ့ ကြွေးကြော်ခဲ့တယ် ဆိုတာ လက်ခံခဲ့ပါတယ်။

ဗုဒ္ဓသာသနာကို ကြီးစွာသော အကျိုးပြုခဲ့တဲ့ အသောကဘုရင် ကျောက်စာတိုင်နဲ့ မြန်မာနိုင်ငံက တည်ထားတဲ့ မဟာစေတီတော်တို့ကို ဖူးမြော်ခဲ့ပါတယ်။

## ကပိလဝတ်ကိုတော့ မရောက်ခဲ့

သိဒ္ဓတ္ထ မင်းသားလေး ဖွားမြင်ရာ လုမ္ဗိနီ အင်ကြင်းတောကို ရောက်မယ်လို့ agenda မှာ ဖတ်မိတော့ မင်းသားလေးရဲ့ ဇာတိ ကပိလဝတ်ကိုတော့ ရောက်မယ်လို့ မှလာက ထင်ခဲ့မိပါတယ်။ ရောက်တော့မှ အစီအစဉ်မှာ ကပိလဝတ် မပါဘူးလို့ သိရတာပါ။ တကယ်တော့ မယ်တော် မာယာဟာ ကိုယ်ဝန် အရင့်အမာ ဖြစ်လာတဲ့အခါမှာ ခင်ပွန်းသည် သုဒ္ဓေါဒန မင်းကြီးကို သူ့ဇာတိ ဒေဝဒဟကို သွားချင်တဲ့အကြောင်း ပူဆာလို့ အစောင့်အရှောက်တွေနဲ့ အသွား လုမ္ဗိနီ အင်ကြင်းတောမှာ သားတော်လေးကို မွေးဖွားခဲ့တာပါ။

ကျွန်တော်ကတော့ ကပိလဝတ်ကို ရောက်ရင် ကျွန်တော် မြင်းစီးထောင်မှာ ကျက်မှတ်ခဲ့ပြီး နေ့စဉ် ရွတ်နေတဲ့ မဟာသမယသုတ်ကို ရွတ်မယ် ဟဲ့လို့ အားခဲထားတော အခုတော့ မရောက်တော့ဘူးပေါ့။ မဟာသမယသုတ်

ဒီဟာ ဆွေတော်မျိုးတော် ရဟန်းအပါး ၅၀၀ ရဟန္တာ ဖြစ်ခဲ့တဲ့ မဟာဝုန်တော ထဲ နယုန် လပြည့်နေ့မှာ ဟောကြားခဲ့တဲ့ တရားတော်ပါ။ ဘုရားရှင်တိုင်းရဲ့ သာသနာ ဒီလောက် များပြားတဲ့ နတ်၊ ဗြဟ္မာတွေကို တစ်ကြိမ် တစ်ခါသာ ဆုံစုတဲ့ နတ်၊ ဗြဟ္မာတွေရဲ့ အစည်းအဝေးကြီးပါ။ ပုထုဇဉ်တွေရဲ့ အကျင့် စရိုက် ခြောက်မျိုးအတွက် သုတ္တန် ခြောက်ခုကို တစ်ညလုံး ဟောခဲ့တာပါ။

မဟာသမယသုတ်ကို ထောင်ထဲမှာ ဖတ်မိတော့ ကြည်ညိုလွန်းလို့ မရ ရအောင် ကျက်ခဲ့တာပါ။ အခုတော့ ကပ္ပိလဝတ်မြို့ကို မရောက်တော့တဲ့အခါ ဒီအချိန်မှာပဲ ရွတ်ခဲ့ရတာပေါ့။ ကပ္ပိလဝတ်မြို့ကို ဘာဖြစ်လို့ မသွားဖြစ်လဲလို့ သူ့ကို မေးမိပါတယ်။ သူက ကပ္ပိလဝတ် တစ်ဝိုက်မှာ ရှိတဲ့ ရွာတွေမှာ ဘာသာခြားတွေက အများစုပါတဲ့၊ ဘုရားဖူးတွေကို ရံဖန်ရံခါ ပြဿနာ ရှာဖူးတဲ့ အတွက် လုံခြုံရေးကို စိတ်မချလို့ မပို့ ဖြစ်တာပါလို့ ပြောပါတယ်။ ကားနဲ့ သွားရင်တော့ နှစ်နာရီလောက်ပဲ ကြာတယ်လို့ သိရပါတယ်။

## သာဝတ္ထိနဲ့ အနာထပိဏ် သူဌေးကြီး

နောက်တစ်ရက် သာဝတ္ထိကို ရောက်တဲ့အခါ အနာထပိဏ် သူဌေးကြီးကို ရည်စူး တည်ထားတဲ့ စေတီ၊ သာဝတ္ထိ မြို့တံခါးဟောင်း၊ အင်္ဂုလိမာလ စေတီ နဲ့ ဇေတဝန် ကျောင်းတော်ရာကို သွားရောက် ဖူးမြော်ကြပါတယ်။ ဘုရားဖူး အဖော်တွေကို အနာထပိဏ် သူဌေးကြီးက ဇေတ မင်းသားရဲ့ ဥယျာဉ်ကို မြေပြင် တစ်ခုလုံး ရွှေပြားတွေနဲ့ ခင်းပြီး ဝယ်ခဲ့ပုံ၊ ရေတွင်းတို့ သစ်ပင်တို့ ရှိရင်လည်း သူတို့ အကျယ်အဝန်းနဲ့ ညီမျှတဲ့ ရွှေပြားတွေနဲ့ ဝယ်ခဲ့ပုံတွေကို ပြောပြခဲ့ပါတယ်။

သူဌေးကြီးက စုစုပေါင်း ၅၄ ကုဋေ တန်တဲ့ ရွှေတွေနဲ့ သူ့မြေကို ဝယ် တော့ ဇေတမင်းသားကလည်း အားကျပြီး သူ့ကိုလည်း ကုသိုလ်မျှဖို့ တောင်း ဆိုတဲ့အခါ သူဌေးကြီးက မုခ်ဦး ဆောက်ခွင့် ပြုခဲ့ပြီး ကျောင်းကိုလည်း ဇေတဝန် ကျောင်းလို့ မှည့်ခေါ်ခဲ့ပုံတွေနဲ့ ကျောင်းဆောက်တဲ့ အခါမှာလည်း စုစုပေါင်း ကုန်ကျစရိတ် ၅၄ ကုဋေ သုံးစွဲခဲ့ပုံတွေကို ပြောပြခဲ့ပါတယ်။

ပဓသေနဒီ ကောသလမင်းကြီးနဲ့ မိဘုရားခေါင်ကြီး မလ္လိကာတို့ရဲ့ အလှူ အနာထပိဏ် သူဌေးကြီး အထိမ်းအမှတ်နဲ့ တည်ထားတဲ့ ဇေတဝန်ကျောင်းတော်မှာပဲ ကျွန်တော်နဲ့ ပါလာတဲ့ အဖွဲ့သားတွေကို တိုတိုကျဉ်းကျဉ်းနဲ့ တရား တစ်ပုဒ် မျှခဲ့ရပါသေးတယ်။ ဒါကဘာလဲ ဆိုတော့ ဘုရင်ကြီးနဲ့ သူနိုင်ငံက သူဌေးတွေ အပြိုင်အဆိုင် လှူကြတဲ့ ဇာတ်လမ်းပါ။ ပထမ သူဌေးတွေက ဘုရားနဲ့ တကွသော ရဟန္တာ ၅၀၀ ကို ဆွမ်း အလှူပေးကြပါတယ်။ ဘုရင်ကြီး ကိုလည်း ဖိတ်တော့ ဘုရင်က အားကျမခံ ပြန်လှူတယ်။

ဒါကို သူဌေးတွေကလည်း အားကျမခံ ပြန်ပြီး အလှူပေးပြန်တယ်။ ဘုရင် လှူတဲ့ ဆွမ်း၊ ဆွမ်းဟင်းနဲ့ ခဲဖွယ်ဘောဇဉ်တွေ အလျှံပယ်နဲ့ပေါ့။ ဘုရင်ကြီးက စဉ်းစားတယ်၊ ဒီလူတွေကို သာတဲ့ အလှူပေးဖို့ ခက်ပြီ၊ ငါ သူတို့ထက် သာအောင် ဘယ်လို လှူရပါ့မလဲလို့ အတွေးခေါင်ပြီး စားမဝင်၊ အိပ်မပျော် ဖြစ်နေခဲ့ပါတယ်။

အဲဒီအခါမှာ မိဘုရားခေါင်ကြီး မလ္လိကာရဲ့ အကြံညာဏ်အရ ဘုရား ရဟန္တာတွေကို ဘုရင်သာ တတ်နိုင်တဲ့ ဆင်တွေနဲ့ ပင့်ဆောင်မယ်၊ ဘုရင်သာ အသုံးပြုနိုင်ခွင့် ရှိတဲ့ ထီးဖြူတွေ မိုးပြီး ကြိုမယ်၊ ဆွမ်းဝေယျာဝစ္စကိုလည်း ဘုရင်ရဲ့ သွေးသားများဖြစ်တဲ့ မင်းညီမင်းသားတွေကို တာဝန်ပေးမယ် ဆိုရင် ဘယ်သူဌေးကမှ လိုက်ပြိုင်လို့ မရတော့ဘူးဆိုတဲ့ အကြံညာဏ်ကြောင့် နောက်ဆုံးမှာ အဲဒီ အလှူဟာ သူဌေးတွေ တုလိုက်မမီတဲ့ အလှူဖြစ်သွားပါ တယ်။

ဒီလို အလှူမျိုးဟာ ဘယ်ဘုရားမဆို ဘုရား သာသနာ တစ်ခုမှာ တစ်ကြိမ်သာ ဖြစ်လေ့ရှိတဲ့ အလှူပွဲမျိုးမို့ ဆွမ်းကျွေးပြီးတဲ့အခါ ဒီလို အလှူမျိုး ကို အသဒိသ အလှူလို့ ခေါ် လေ့ရှိကြကြောင်း တရားတော် ချီးမြှင့်ရာမှာ ထည့်သွင်း ဟောကြားခဲ့ပါတယ်။ ကျွန်တော် ဒီလို အဖွဲ့သားတွေကို ရှင်းလင်း ပြောကြားခဲ့တဲ့အတွက် အတူပါလာတဲ့ သာဝတ္ထိ မြန်မာ ဘုန်းကြီးကျောင်းက ဆရာတော် ဦးသီလာစာရကလည်း သာဓု ခေါ်ခဲ့ပါတယ်။

ပဓသေနဒီ ကောသလမင်းကြီးဟာ မြတ်စွာဘုရားရဲ့ တရားတွေကို အကြိမ်ကြိမ် နာခဲ့ဖူးပေမဲ့ တစ်မဂ် တစ်ဖိုလ်မှ မရခဲ့ပါဘူး။ ဒါပေမဲ့ မြတ်စွာ

ဘုရားကို ကြည်ညိုတဲ့ စိတ်အပြင်၊ ဘုရား သာသနာကို အထောက်အကူ ပြုခဲ့တဲ့ ကုသိုလ် အရပ်ရပ်တွေကြောင့် နောင်အနာဂတ် ကမ္ဘာတစ်ခုမှာ ပွင့်ကာလမှ ဘုရားတစ်ဆူအဖြစ် ပွင့်မယ့် ဗျာဒိတ်ရှင် တစ်ဦးပါ။

## အာနန္ဒာ ဗောဓိပင်နဲ့ Airport

မြတ်စွာဘုရားရဲ့ မိန့်ဆိုချက်အရ အာနန္ဒာ စိုက်ထူခဲ့တဲ့ ဗောဓိပင်ကိုလည်း ကြည်ညိုခဲ့ရပါသေးတယ်။ အဲဒီနေရာတွေ ပြီးတဲ့အခါ တာဝတိံသာ နတ်ပြည် ကို နှစ်လှမ်း သုံးဖဝါးနဲ့ ကြွလှမ်းတော်မူတဲ့ သရက်ဖြူပင် ရှိရာနေရာကိုလည်း ရောက်ခဲ့ပါတယ်။ သရက်ဖြူပင်ကနေ တာဝတိံသာကို ကြွသွားတဲ့နေရာကို ဒေသခံ အိန္ဒိယ နိုင်ငံသားတွေက airport လေဆိပ်လို့ သမုတ်ကြပါတယ်။

## ဗာရာဏသီ

ဂိုတယ်က မနက်စောစော ထွက်ပြီး မိဂဒါဝုန်ကို သွားခဲ့ကြပါတယ်။ အဲဒီကို မရောက်ခင် မြတ်စွာဘုရား ကြွလာတော့ ပဉ္စဝဂ္ဂီ ငါးပါးက ကြိုဆိုတဲ့နေရာမှာ တည်ထားတဲ့ ချောက်ခဏ္ဍီစေတီကို သွားရောက် ကြည်ညိုခဲ့ပါတယ်။ ကြည် ညိုတယ် ဆိုပေမဲ့လည်း တစ်ခေတ်တစ်ခါက ဘာသာခြားတွေ ကြီးစိုးခဲ့စဉ်မှာ ဒီနေရာတွေလည်း ပါခဲ့တာမို့ အဲဒီစေတီရဲ့ အပေါ်ဆုံးထိပ်မှာ ရှစ်မြှောင့်ပုံ အဆောက်အဦကိုလည်း အတိုင်းသား မြင်နေရတော့ သံဝေဂစိတ်နဲ့ ဆင်ခြင် မိပါတယ်။

ဓမ္မစကြာ တရားဦးဟောရာ ဓမ္မရာဇိက စေတီနဲ့ အနတ္တလက္ခဏာသုတ် ဟောရာ ဓမေခစေတီဟာလည်း မလှမ်းမကမ်းမှာ တည်ရှိနေခဲ့ပေမဲ့ သီးခြား ဆီ ကြည်ညိုခဲ့ပါတယ်။ တရားနာခြင်း၊ ပရိတ်တရားများ ရွတ်ဆိုခြင်းနဲ့ အာနာ ပါနများ ရှုမှတ်ခြင်းတို့ကို အားရအောင် လုပ်နိုင်ခဲ့ပါတယ်။ အဲဒါတွေပြီးတော့ မူလ ဂန္ဓကုဋီတိုက်နဲ့ ရွှေသမင် ဘေးမဲ့တောတို့ကို သွားရောက် ကြည့်ရှုခဲ့ပါ တယ်။

## ဗာရာဏသီက ဦးစိုးမြင့်ရဲ့ဆိုင်

ဘုဒ္ဓ ဂေါ် သွားလို့ ဗာရာဏသီ မြို့လယ်ကောင်က မြန်မာလို ဆိုင်းဘုတ်

အထင်အရှား ရေးထားတဲ့ "ဦးစိုးမြင့်ဆိုင်" ကိုလည်း ရောက်ခဲ့ပါတယ်။ ဆိုင်ရှင်တွေက မြန်မာပြည်က ပြန်သွားတဲ့ မိသားစုတွေ ဖြစ်တဲ့အပြင် ဖော်ရွေမှုလည်း ရှိလို့ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဟာ အဲဒီဆိုင်က ပလေကပ် လုံချည်၊ ပဝါ၊ ဆာရီ စတဲ့ အဝတ်အထည်တွေကို အားရအောင်ဝယ်ခဲ့ကြပါတယ်။

## ဘုန်းကြီးကျောင်းမှာ နေ့လယ်စာ တစ်နပ်

ကျွန်တော်တို့ ခရီးစဉ်တစ်လျှောက်လုံးမှာ ဟိုတယ်မှာပဲ တည်း၊ ဟိုတယ်မှာပဲ စားခဲ့ကြပါတယ်။ အဲဒီနေ့က ဘုဒ္ဓ အစီအစဉ်နဲ့ ဘုန်းကြီးကျောင်းမှာ ခဏတစ်ဖြုတ် တည်းပြီး နေ့လယ်စာ စားခဲ့ရပါတယ်။ နေ့လယ်စာ စားတုန်းမှာ ဘုန်းကြီးကျောင်းမှာ တည်းပြီး ဘုရားဖူးလာကြတဲ့ မြန်မာအဖွဲ့ တစ်ဖွဲ့ကိုလည်း တွေ့ခဲ့ရပါတယ်။ သူတို့ကတော့ လူ ၄-၅၀ လောက် ရှိမယ် ထင်ပါတယ်။ နေ့လယ်စာမှာ ထူးခြားတာက ဝက်သား ပုန်းရည်ကြီးဟင်းကို တစ်ဝကြီး စားခဲ့ရပါတယ်။

## ဗုဒ္ဓဂါယာသို့ နောက်တစ်ခေါက်

ရောက်ခါစ နေ့ကတည်းတဲ့ "သုဇာတာ ဟိုတယ်" မှာ လူတွေ ပြည့်နေလို့ ကျွန်တော်တို့ "မဟာဗောဓိ" ဆိုတဲ့ ဟိုတယ်မှာ တည်းရပါတယ်။ ဂါယာရဲ့ မြို့အပြင်နားမှာပါ။ သုဇာတာ ဟိုတယ်ထက် အများကြီး အဆင့်အတန်း မြင့်ပါတယ်။ နောက်တစ်နေ့ ညနေ တစ်နာရီမှ ပြန်ရမှာဖြစ်တဲ့အတွက် အဲဒီနေ့ မနက်မှာ ဗုဒ္ဓဂါယာကို စိတ်အေးလက်အေး သွားရောက်ဖူးမြော်ပါတယ်။

အရင်တစ်ခါ လာခဲ့ဖူးပြီးမို့ ဒီတစ်ခေါက်တော့ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်အောက်မှာ အချိန်ကြာကြာ တရားထိုင်ဖြစ်ခဲ့ပါတယ်။ တကယ်တော့ ဗုဒ္ဓဂါယာမှာ ရှိနေတဲ့ ဗောဓိပင်ဟာ ဘုရားရှင် ပွင့်တော်မူတဲ့ မူလဗောဓိပင် မဟုတ်တော့ဘူး ဆိုတာ ကျွန်တော် သိပြီးသားပါ။ အသောကမင်းတရားကြီး ဒီဒေသကို ရောက်လာတုန်းက ဗောဓိပင်ကို နေ့စဉ် သွားပြီးကြည်ညိုလွန်းလို့ အသောက ဘုရင်ကြီးရဲ့ မိဖုရားငယ် တစ်ပါးက သူ့ရဲ့အစေအပါးတွေကို ငွေပေးပြီး လှဲဖြိုခဲ့ပါတယ်။ ဒါကို ဘုရင်ကြီးက ကျန်နေတဲ့

သစ်ငုတ်တိုကို အဓိဋ္ဌာန်ပြုပြီး နို့ရည်နဲ့ လောင်းပေးခဲ့တဲ့ အတွက် ဗောဓိပင်ဟာ ပြန်ရှင်သန်ခဲ့ဖူးပါတယ်။

နောက်တစ်ကြိမ် ရာသီဥတုအခက်ကြောင့် ပြိုလဲသွားခဲ့တဲ့အခါ သီရိလင်္ကာမှာ ရှိနေတဲ့ ဗောဓိပင်အခွဲက ကိုင်းတစ်ခုကို ယူခဲ့ပြီး ပြန်စိုက်ခဲ့လို့ ပေါက်ခဲ့တာကိုလည်း သိခဲ့ရပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဒီနေရာဟာ မြတ်စွာဘုရား အာသဝေါ ကုန်ခန်းပြီးတဲ့နောက် သဗ္ဗညုတ ဉာဏ်တော် ရရှိရာနေရာ အစစ်အမှန်ဖြစ်လို့ ကြည်ညိုသဒ္ဓါစိတ် လျော့နည်းမသွားခဲ့ပါဘူး။ အလားတူပဲ ဗောဓိပင် ပတ်လည်မှာ သတ်မှတ်ပြုပြင်ထားတဲ့ သတ္တာသတ္တဟ ခုနစ်နေရာကိုလည်း ရောက်ရှိ ကြည်ညိုခဲ့ရပြန်ပါတယ်။

## ဗောဓိပင် တည်ရှိရာ နေရာ

တကယ်တော့ ဘုရားပွင့်တော်မူရာ ဗောဓိပင်နေရာဟာ ဒီစကြဝဠာ တစ်ခုလုံးမှာ အထွတ်မြတ်ဆုံးနေရာပါ။ ကမ္ဘာကြီး တည်စ အချိန်မှာ ကြာပန်း ငါးဖိုင်နဲ့ အတူ ပေါ်ထွန်းလာရာမှာ ဒီကမ္ဘာမှာ ဘုရားငါးဆူ ပွင့်မယ်၊ ပွင့်မယ့် နေရာတွေဟာလည်း ဒီနေရာမှာပါပဲ။ ကျွန်တော်တို့ရဲ့ ဂေါတမ ဘုရားကတော့ ဗောဓိညောင်ပင်ရင်းမှာ သဗ္ဗညုတ ဉာဏ်တော် ရတော်မူခဲ့ပါတယ်။ ယခင် ဘုရား သုံးပါးကလည်း ဒီနေရာမှာပဲ မိမိတို့နဲ့ လိုက်ဖက်တဲ့ ဗောဓိပင် ရင်းတွေမှာပဲ ဘုရားအဖြစ်ကို ရောက်ခဲ့ကြတာပါ။

နောင်ပွင့်မယ့် ကျွန်တော်တို့ ကမ္ဘာရဲ့ နောက်ဆုံးဘုရားလို့ ဆိုရမယ့် အရိမေတ္တေယျ မြတ်စွာဘုရားဟာ ဆိုရင်လည်း နောင်အနာဂတ်မှာ ကံ့ကော်ပင် ခြေရင်းမှာ ဘုရားအဖြစ်ကို ရောက်ရှိမှာပါ။ ဒီအချက်တွေကို ဘုရားဟော ပါဠိတော်တွေအရ သိထားတော့ ဗောဓိပင်နေရာကို ကျွန်တော့် အနေနဲ့ ကြည်ညိုလို့ မဆုံးတော့ပါဘူး။

## ဈေးဝယ်လမ်းညွှန်

ရောက်တဲ့ နေရာတိုင်းမှာ မြတ်စွာဘုရားနဲ့ ပတ်သက်တဲ့ အထိမ်းအမှတ် ပစ္စည်းတွေနဲ့ အိန္ဒိယ နိုင်ငံထွက် အထည်အလိပ်တွေဟာ ဝယ်ချင်စရာပါ။

ရောင်းတဲ့ လူတွေကလည်း အတွေ့အကြုံ များလှပြီ ထင်ပါရဲ့ တချို့ဆိုရင် မြန်မာလို ပြောပြီး ဈေးခေါ်ကြတာတွေ ကြုံခဲ့ရပါတယ်။ သူတို့ ဈေးခေါ်ပုံကလည်း တော်တော် ကျောချမ်းစရာ ကောင်းပါတယ်။ ကျွန်တော် ကိုယ်တိုင်ကြုံခဲ့လို့ ပြောနိုင်တာပါ။

နာလန္ဒာမှာ ထင်ပါရဲ့၊ ကုလားလေး တစ်ယောက်က ပစ္စည်း မျိုးစုံကိုပြပြီး မြန်မာလိုလည်း ပြောတတ်တော့၊ ဈေးလည်းပြောနဲ့ အတင်းဝယ်ခိုင်းပါတယ်။ မိန်းကလေးငယ်တွေ ကြိုက်တတ်တဲ့ ဖန်စီရောင်စုံ ဆွဲကြိုး ၁၀ ကုံးကို ရူပီး ၂၀၀၀ လို့ ဈေးခေါ်ပါတယ်။ ဆွဲကြိုး တစ်ကုံးကို ရူပီး ၂၀၀ ပေါ့။ ဘာရယ်လို့ မဟုတ်ပါဘူး။ ကျွန်တော်ကလည်း ရူပီး ၁၅၀၀ လို့ ဈေးဆစ်မိပါတယ်။ ကုလားလေးက ပထမတော့ ဈေးဆစ်တာ များသလိုလိုနဲ့ မူနေပြီးတော့ ၁၅၀၀ နဲ့ ပေးလိုက်ပါတယ်။

ဒီလိုနဲ့ နာလန္ဒာ တက္ကသိုလ်ဟောင်း နေရာတွေ ကြည့်ပြီး ပြန်လာတော့ ကျွန်တော်တို့ အဖွဲ့ထဲက တစ်ယောက်က အဲဒီ ဆွဲကြိုး ၁၀ ကုံးကိုပဲ ရူပီး ၁၀၀၀ နဲ့ ရပါသတဲ့။ ရေ့ခရီးဆက်ဖို့ ကားပေါ် ရောက်တော့ အဖွဲ့ဝင် တစ်ယောက်က အဲဒီ ဆွဲကြိုးလေးတွေ ၁၀ ကုံးကို ရူပီး ၈၀၀ နဲ့ ရပါသတဲ့။ အဲဒါကတော့ အိန္ဒိယ နိုင်ငံ ဗုဒ္ဓဂါယာကို သွားမယ့် ဘုရားဖူးများ ဈေးဝယ်ရင် သတိပြုမိကြအောင်ပါ။

## ကားသမားများ

ကျွန်တော်တို့ အဖွဲ့ စီးဖို့အတွက် ဘုဒ္ဓက မီနီဘတ်စ်တစ်စီး ငှားထားပါတယ်။ ကျွန်တော်တို့ ခရီးစဉ် ကိုးရက်လုံး အဲဒီကားနဲ့ပဲ သွားခဲ့ကြပါတယ်။ ကားသမားမှာ သူလက်ထောက် တစ်ယောက် ပါပါတယ်။ ဝယ်ယာ ဆိုပါတော့။ အိန္ဒိယ နိုင်ငံမှာ ယာဉ်စည်းကမ်းက မြန်မာပြည်နဲ့ ပြောင်းပြန်ပါ လက်ဝဲမောင်းပေါ့။ ကားကလည်း အိန္ဒိယ နိုင်ငံထုတ် ကားဆိုတော့ ကားစတီယာရင်က ညာဘက်ထိုင်မှာပေါ့။

ကားလမ်းတွေက ကောင်းပါတယ်။ ဒါပေမဲ့ နှစ်လမ်းစာပဲ ရှိတော့ ကျဉ်းတယ်လို့ ပြောရမှာပါ။ မြင်ဦးလွင်၊ မိုးကုတ် လမ်းလိုပါပဲ။ အိန္ဒိယ နိုင်ငံ

ညဉ်မောင်းတွေရဲ့ ထူးဆန်းတဲ့ အလေ့အထ တစ်ခုကို ထူးဆန်းစွာ တွေ့ ဒိက်ရပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဟိုဘက်ကလည်း ကားတစ်စီး လာ ခဲ့တယ်။ ကျွန်တော်တို့ ကားကလည်း အဲဒီကားဘက်ကို တူရူ မောင်းနေပါ တယ်။ ကားနှစ်စီးစလုံးက အလယ်ကောင်ကနေ မောင်းနေကြတာပါ။ ရုတ် တရက် ကြည့်ရင် မကြာခင်မှာ အဲဒီကား နှစ်စီးစလုံး ရင်ဆိုင်တိုက်တော့မယ့် အနေအထားပါ။

ကားတစ်စီးနဲ့ တစ်စီး ၁၀ ကိုက်လောက် နီးတော့မှ ဟိုဘက်ကားက လည်း ရုတ်တရက် သူ့ဘက်ကိုချိုး၊ ကျွန်တော်တို့ ကားသမားကလည်း ရုတ် တရက် ဘယ်ဘက်ကိုချိုး၊ တစ်စီးနဲ့ တစ်စီး နီးမှ ကပ်ရှောင်တဲ့ ဓလေ့ပါ။ တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်ပါ။ ကျွန်တော်က ရှေ့ဆုံးက စီးလေ့ရှိတော့ ဒီလိုဖြစ်စဉ်ကို အတိုင်းသား တွေ့နေရပါတယ်။ ကျွန်တော့် ဘေးက စီးနေတဲ့ သူက မငြိမ်ပါဘူး။ တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေ တယ်ပါ။ ကားနှစ်စီး ရှောင်ပြီဆိုတဲ့ အချိန်ကျရင် သူ့ဆီက "အမလေးလေး...... အမလေးလေး" ဆိုတဲ့ အော်သံ အမြဲကြားရလေ့ရှိပါတယ်။

**အန်တီ ဘုရား**

တစ်နေကုန်လို့ တည်းမယ့် ဟိုတယ် ရောက်ပြီဆိုတာနဲ့ ကားသမားတွေရဲ့ ရင်တုန်ရမယ့် ဖြစ်ရပ်တွေကို ပြောတဲ့အခါ ဘုဒ္ဓကလည်း သူ့အတွေ့အကြုံ တစ်ခုကို ပြောပြပါတယ်။ ခရီးစဉ် တစ်ခုမှာ အသက်ကြီးတဲ့ အန်တီကြီး တစ်ယောက်က ရှေ့ဆုံးမှာ စီးပါသတဲ့။ သူ့ကို စိုးရိမ်လို့ နောက်မှာ စီးပါလို့ ပြောတော့လည်း သူက ရပါတယ် ဆိုပြီး ရှေ့မှာ ဆက်စီးပါတယ်။ ဒါပေမဲ့ ကားချင်း ရှောင်တဲ့ အချိန်တိုင်း သူက အမြဲလိုလို "ဘုရား.... ဘုရား" ဆိုပြီး ကြိမ်ဖန်များစွာ ရွတ်လေ့ရှိပါသတဲ့။ နှစ်ရက်-သုံးရက်လောက် ကြာတော့ ဘုဒ္ဓရဲ့ လက်ထောက် ကုလားလေးတွေက အဲဒီ အမျိုးသမီးကြီးကို "အန်တီ ဘုရား" လို့ ခေါ်ခဲ့ကြပါသတဲ့။

**ကကြီး လေးလုံး**

ဗုဒ္ဓဂါယာကို ဘုရားဖူးလာတဲ့ အဖွဲ့တွေဟာ တစ်ချို့ကတော့ လူ ၄-၅ဝ၊

တစ်ချို့ အဖွဲ့တွေကျတော့ ၈၀-၉၀ ရှိတတ်ပါတယ်။ လူလည်းများတော့ ကုန်ကျစရိတ် သက်သာအောင် အဲဒီအဖွဲ့တွေက မြန်မာ ဘုန်းကြီးကျောင်းတွေမှာ တည်းရလေ့ရှိကြပါတယ်။ နေ့လယ်စာ၊ ညစာလည်း ကျောင်းက စီစဉ်ပေးတဲ့အတိုင်း စားကြရတာပေါ့။ အိန္ဒိယ နိုင်ငံဆိုတော့ ဝက်သား၊ အမဲသားတို့ အသားတွေက အလွယ်တကူ ရလေ့မရှိပါဘူး။ ဒါကြောင့် လွယ်ကူတဲ့ ကြက်ဥ၊ ကြက်သားဟင်းတွေနဲ့ပဲ နေ့လယ်စာ၊ ညစာတွေ စားသုံးခဲ့ရပါတယ်။

အဲဒီ ဘုရားဖူး အဖွဲ့တွေ မြန်မာပြည် ပြန်ရောက်ရင်တော့ ရေရွတ်လေ့ရှိကြပါသတဲ့။ ဘယ်လို ရေရွတ်သလဲဆိုရင် "ကကြီးလေးလုံးတော့ မုန်းမှမုန်း" ဆိုတဲ့ အပြောမျိုးပါ။ ပထမ ကကြီးကတော့ ကြက်သား၊ ဒုတိယ ကကြီးကတော့ ကြက်ဥ၊ နောက် ကကြီး တစ်လုံးကတော့ ကားသမားနဲ့ နောက်ဆုံးကကြီးကတော့ ကုလားပါတဲ့။ ဟိုမှာ သွားနေစဉ်မှာ တွေ့ဆုံ ဆက်ဆံရတဲ့ လူအားလုံးက အိန္ဒိယ နိုင်ငံသားတွေချည်း မဟုတ်လား။ ငြီးငွေ့သွားကြတယ် ထင်ပါရဲ့။

## ခရီးသွားဟန်လွဲ စက်မှု/စီးပွား အတွေ့အကြုံများ

သံဝေဇနီယ လေးဌာနရဲ့ တည်ရှိပုံဟာ တစ်နေရာကနေ တစ်နေရာကို သွားရင် အနည်းဆုံး နှစ်နာရီလောက်ကနေ ခုနစ်နာရီအထိ ကြာတတ်ပါတယ်။ အဲဒီလို သွားတဲ့အခါ James Bond ဇာတ်ကားထဲက ကားမောင်းသမားတွေ မောင်းသလို မောင်းတဲ့ ကားတွေ စီးရင်းနဲ့ တစ်ဖက်က လာတဲ့ ကားတွေကိုလည်း လေ့လာကြည့်ပါတယ်။ ကားအများစုကတော့ အိန္ဒိယနိုင်ငံထုတ် Tata ကား များ။ ဖက်စပ် ထုတ်ထားတဲ့ Suzuki-Maruti နဲ့ Scorpion ကားတွေက အများစုပါ။ Tata က ပိုများပါတယ်။ Scorpion ဆိုတဲ့ ကား မျိုးက ဂျပန်ကား Prado နဲ့ ပုံချင်းဆင်ပါတယ်။

အဲဒီလို ကားမျိုးတွေကို လမ်းတစ်လျှောက်မှာ တွေ့မြင်ရတာ နာရီဝက်၊ တစ်နာရီလောက် ကြာမှ ဂျပန်ကား တစ်စီးတစ်လေ တွေ့ရပါတယ်။ Toyota အမျိုးအစား များပါတယ်။ တစ်ခါတလေ တောင်ကိုးရီးယားလုပ် Hyundai













ကားလည်း ရှားရှားပါးပါး တွေ့မိပါတယ်။ မြန်မာပြည်မှာ ခေတ်စားနေတဲ့ Alaphad ဆိုတဲ့ ကားမျိုးကတော့ တစ်စီးမှ မတွေ့ခဲ့ဖူးပါဘူး။

ကျွန်တော်တို့ ရောက်ခဲ့တဲ့ ပြည်နယ်တွေဟာ Bihar ပြည်နယ်နဲ့ Utter Pradesh ပြည်နယ်တို့ ဖြစ်ပါတယ်။ Bihar ပြည်နယ်ကတော့ ဖတ်ဖူးတဲ့ စာများအရ အိန္ဒိယ နိုင်ငံမှာ အဆင်းရဲဆုံး ပြည်နယ်လို့ သိရပါတယ်။ ကျွန်တော် တစ်ထဲမှာ ရှိစဉ်တုန်းကတော့ နယူးဒေလီ၊ ဘုံဘေ (ယခု မွန်ဘိုင်း) နဲ့ ကာလကတ္တား (ယခု ကိုလ်ကတ္တား) တို့ကို ရောက်ခဲ့ဖူးပါတယ်။ ဒေလီနဲ့ ဘုံဘေ တို့ကတော့ ကြွယ်ဝတဲ့ ပြည်နယ်တွေမှာ တည်ရှိတာပါ။ ကာလကတ္တားက တော့ ထိုစဉ်က နာမည်ကြီး ဝတ္ထုဖြစ်တဲ့ City of Joy မှာ ရေးထားခဲ့သလို ဆင်းရဲ နွမ်းပါးတဲ့လူတွေ အင်မတန်ပေါတဲ့ မြို့ပါ။

**ကားအမျိုးမျိုး**

ကျွန်တော် ဗုဒ္ဓဂါယာမှာ ရှိစဉ် လေ့လာမိသလောက် တွေ့ရတာက ယာဉ် အမျိုးအစား လေးမျိုး ရှိပါတယ်။ ပထမ အမျိုးအစားက ကုန်ကားကြီးများနဲ့ ဘတ်စ်ကားများ ဖြစ်ပါတယ်။ ခြောက်ဘီးက စပြီး ၂၂ ဘီးအထိ ကားကြီး အများစုဟာ Tata ဖြစ်ပါတယ်။ ဩစတြေးလျ နိုင်ငံနဲ့ ဖက်စပ် ထုတ်လုပ်တဲ့ Leyland ကားကြီးတွေလည်း တစ်စီးတလေ တွေ့ပါတယ်။

ဒုတိယ ကားအမျိုးအစားကတော့ ဆလွန်းကားတွေပါ။ ဆလွန်းကားမှာ လည်း အိန္ဒိယနိုင်ငံထုတ် Tata နဲ့ Scorpion ကားတွေ များပါတယ်။ ကျွန်တော် အထက်မှာ ရေးခဲ့သလို ဂျပန်ကားနဲ့ ကိုးရီးယားကားတွေက အနည်းစုပါ။ တတိယ အမျိုးအစားကတော့ သုံးဘီးကားတွေပါ။ ဒါလည်း Tata တံဆိပ်တွေပါပဲ။ မြန်မာပြည်မှာ ရှိခဲ့ဖူးတဲ့ သုံးဘီးထက် ကြီးပါတယ်။ စတုတ္ထ အမျိုးအစားကတော့ မော်တော်ဆိုင်ကယ်တွေပါ။ မြန်မာပြည်မှာ လူ သုံးများတဲ့ ဆိုင်ကယ်တွေထက် ပိုကြီးပြီး ဝိုနဲ့ညားပါတယ်။ ကျွန်တော်တို့ထဲက မြန်မာပြည်မှာ ဆိုင်ကယ် စီးခဲ့ဖူးတဲ့ မိန်းကလေး တစ်ယောက်က ဆိုရင် "ဆိုင်ကယ်ကြီးတွေ စီးကြည့်ချင်လိုက်တာ" လို့ တမ်းတမိရလောက် အောင်ပါပဲ။

## ဘိုလ်ပြည် ပြန်ရောက်တော့

…းလာတဲ့ လေဆိပ်က ထွက်လိုက်တယ် ဆိုရင်ပဲ လမ်းတွေပေါ်မှာ တွေ့မြင် …က်ရပါပြီ။ ဂျပန်ကားတွေ၊ ကိုးရီးယားကားတွေအပြင် ဥရောပက နာမည် ကြီး ကားအချို့၊ ပြောနိုင်တာက အဲဒီကား အားလုံးဟာ ပြည်တွင်း ထုတ်လုပ် …ပုလီ တစ်လုံးမှ မပါတဲ့ ပြည်ပကားတွေချည်းပါပဲ။ အဲဒီတော့ အိန္ဒိယနိုင်ငံမှာ သူတို့နိုင်ငံက ထုတ်တဲ့ ကားအမျိုးစုကို တွေ့ရတဲ့အခါ အဲဒီကားတွေ ထုတ် လုပ်ရတဲ့အတွက် စက်ရုံ အလုပ်ရုံများ၊ ထောင်သောင်းမကသော အလုပ် သမားများရဲ့ လုပ်အားတွေကို မြင်ယောင်မိပါတယ်။

မြန်မာပြည်က ကားတွေကို မြင်လို့ နိုင်ငံခြားသားတွေက ရုတ်တရက် ကြည့်ရင် မြန်မာတွေဟာ သူဌေးတွေပဲလို့ ထင်ကြပါလိမ့်မယ်။ ကျွန်တော့် အမြင်မှာတော့ ဒီကားတွေ ပြည်တွင်းကို ရောက်လာအောင် ပေးလိုက်ရတဲ့ ငွေကြေး ထုထည်ပမာဏကို စိတ်တွက် တွက်ကြည့်တဲ့အခါ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားမိပါတယ်။ လက်စသတ်တော့ ဒီကားကိစ္စလေး တစ်ခုတည်းကို ကြည့်ရင်ပဲ ကျွန်တော်တို့ဟာ သူဌေးသားတွေလို ဖြစ်နေပြီပေါ့။ အဲဒီကားတွေ နဲ့ တန်ရာတန်ကြေးအတွက် ပေးရမယ့် ငွေကြေး ပမာဏကို ကြည့်လိုက်ရင် ကျွန်တော်တို့ဆီက "အထွက်" ချည်းပေါ့။ အိန္ဒိယနိုင်ငံကတော့ "အဝင်" တွေ ချည်းပါပဲ။ ဒီကဏ္ဍလေး တစ်ခုကိုပဲ နှိုင်းယှဉ် ဝေဖန်မိတာပါ။

## ကုန်သွယ်ရေး/ပို့ဆောင်ရေး

ကျွန်တော်တို့ သွားလာခဲ့တဲ့ ခရီးလမ်းတစ်လျှောက် ဖြတ်သွားဖြတ်လာ အကဲခတ်မိတာက ကုန်ကားကြီးတွေကို ကုန်စည်တွေ အပြည့်တင်ပြီး ဥဒဟို သွားလာနေကြတဲ့ မြင်ကွင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တူရူအရပ်ကိုသွားတဲ့ ကားတွေ ရှိသလို ဆန့်ကျင်ဘက်က လာတဲ့ကားကြီးတွေလည်း မပြတ်ပါဘူး။ ခေါင်းထဲမှာ ဘာပေါ်လာသလဲ ဆိုတော့ အဲဒီကားကြီးတွေ သွားလာနေတဲ့ သဘောဟာ ကုန်စည် စီးဆင်းမှုတွေ သွက်လက်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။

ကျွန်တော်တို့ ရောက်တဲ့ကာလဟာ သီတင်းကျွတ်ဆိုတော့ သူတို့ဆီ က လယ်ကွင်း တစ်ချို့မှာ စပါးတွေ ရိတ်သိမ်းနေပါပြီ။ မရင့်မှည့်သေးတဲ့

ပေါ်းခင်းတွေကလည်း မျက်စိတစ်ဆုံး စိမ်းညို့လို့ နေပါတယ်။ ပေါ်းခင်းတွေနဲ့ အပြိုင်ရှိနေတာက ကြံခင်းတွေပါ။ နေရာမလပ် စိုက်ပျိုးရေးတွေ ထွန်းကားနေတဲ့ သဘောပေါ့။

အထက်မှာ ရေးခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ မော်တော်ကား ထုတ်လုပ်မှု ကုန်စည် စီးဆင်းနေမှုနဲ့ စိုက်ပျိုးရေးတွေ ထွန်းကားနေပုံတွေကို တွေ့တော့ ကျွန်တော် ဖတ်ဖူးတဲ့ အိန္ဒိယနိုင်ငံနဲ့ ပတ်သက်တဲ့ စီးပွားရေး သတင်းတစ်ခုကို သွားသတိရပါတယ်။ ဘာလဲဆိုတော့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးဟာ တစ်ဟုန်ထိုး တိုးတက်နေတဲ့အတွက်ကြောင့် မကြာခင် တရုတ်နိုင်ငံရဲ့ စီးပွားရေးကို မှီလာနိုင်တော့မယ်ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ ဒါတောင် ကျွန်တော် ဖတ်ဖူးတဲ့ တောင်ပိုင်းက IT ထွန်းကားနေတဲ့ ဘန်ဂလိုမြို့ကို မရောက်ခဲ့သေးပါ။

## ဗုဒ္ဓဂါယာက လူတွေ၊ အိမ်တွေ၊ အိမ်သာတွေ

ကျွန်တော်တို့ ရောက်စမှာ ဘီဟာပြည်နယ် ဖြစ်တော့ ထုံးစံအတိုင်း လူဦးရေကတော့ အမြတမ်း များပန်းခပ်နေတာပါပဲ။ ဒါပေမဲ့ လူတွေကို ကြည့်တော့ ယောက်ျားရော၊ မိန်းမရော ချောချောလှလှ တစ်ယောက်မှ မတွေ့မိသလောက်ပါပဲ။ မည်းမည်းသဲသဲတွေပါ။ မြောက်ပိုင်း Utter Pradesh ပြည်နယ် ရောက်လာတော့မှ ဖြူဖြူလှလှလေးတွေ တွေ့ရပြုလာခဲ့ပါတယ်။ နီပေါနိုင်ငံဘက် နီးလာလေ ချောချောလှလှ ကျား/မတွေကို တွေ့လာရလေပါပဲ။

အရင့်အရင် ကြားဖူးတာက အိန္ဒိယနိုင်ငံ သွားရင် အိမ်သာတက်ရတာ အင်မတန်ခက် ဆိုပဲ။ ဒါပေမဲ့ ကျွန်တော်တို့ မသွားခင် တစ်နှစ် နှစ်နှစ်လောက်မှာ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီရဲ့ နှိုးဆော်ချက်ကြောင့် ဓာတ်ဆီဆိုင်တိုင်းမှာ အများသုံး အိမ်သာ ဆောက်ထားတာ တွေ့ခဲ့ရပါတယ်။ မောင်းမင်းကြီးသား ကျေးဇူးကြီးပါပေတယ်။ မိုဒီရဲ့ ကောင်းမှုကြောင့် ကျွန်တော်တို့ရဲ့ အိမ်သာတက်ရေး လိုအပ်ချက်ဟာ ပြည့်စုံခဲ့ရပါတယ်။ တစ်ခုသတိရမိတာက တရုတ်နိုင်ငံမှာလည်း သမ္မတ ရှီကျင်းပင် ကိုယ်တိုင် အိမ်သာ တော်လှန်ရေး ဆင်နွှဲနေတဲ့ ကိစ္စကိုပါ။

ဂါယာမြို့ပေါ်ကို ဖြတ်ပြီးသွားတဲ့အခါ တစ်ခုသတိထားမိပါတယ်။ တွေ့

သမျှ အိမ် ငါးလုံးလောက်မှာ တစ်လုံးလောက်ပဲ ပြီးပြည့်စုံခဲ့ပြီး ကျန်တဲ့ လေးလုံးက လုပ်ငန်းတွေ မပြီးပဲ သံချောင်းတွေ ထိုးထိုးထောင်ထောင်နဲ့ အိမ်တွေ အမြဲတွေ့ရပါတယ်။ စိတ်ဝင်စားလို့ မေးကြည့်တော့မှ အဲဒီ အိမ် တွေကို တမင်သက်သက် ပြီးအောင် မဆောက်ကြပါဘူးတဲ့။ ပြီးပြီဆိုတာနဲ့ အခွန်ဌာနက အိမ်တန်ဖိုးရဲ့ ၁၈ ရာခိုင်နှုန်း ပေးရမှာကို တွန့်တိုနေကြတာပါ။ ယာမြို့တင်မကပါဘူး၊ ဘီဟာပြည်နယ် တစ်ခုလုံးက ရွာတွေက အိမ်တွေ ည်း ဒီလိုပါပဲ။ သူတို့မျာ ကမ်များ ဆိုက်နေကြသလား မသိဘူး။ ပြီးပြည့်စုံ တဲ့ အိမ်တွေနဲ့ မနေကြရရှာဘူးလို့ စိတ်ထဲမှာဖြစ်မိပါတယ်။

## အာဏာရှင် မျောက်တွေ၊ နွားတွေ

အရင်တစ်ခေါက် အိန္ဒိယ ရောက်ကတည်းက သတိထားမိခဲ့ပါတယ်။ အိန္ဒိယ နိုင်ငံသား အများစုဟာ ဟိန္ဒူဘာသာဝင်တွေပါ။ ဒါကြောင့်မို့ ဟိန္ဒူဘာသာနဲ့ ယ်တဲ့ နွားတို့၊ မျောက်တို့ကို အထွတ်အမြတ် ထားလေ့ရှိပါတယ်။ ဘုတ္တာရဲ့ တွေမှာ ဆိုရင်လည်း ခေါင်မိုးပေါ်မှာ မျောက်တွေ ပြည့်လို့၊ ဧည့်သည်တွေရဲ့ ဥည်းတွေကိုလည်း လစ်ရင် လစ်သလို ဆွဲယူသွားတတ်ကြပါတယ်။ ဗုဒ္ဓ ယာက တချို့နေရာတွေမှာလည်း မျောက်တွေကို အုပ်နဲ့ သင်းနဲ့ တွေ့ခဲ့ရပါ တယ်။

နွားတွေလည်း အလားတူပါပဲ။ နွားတစ်ကောင် လမ်းလယ်မှာ အိပ်နေ ခင် ကားတွေက သူ့ကို တကူးတက ရှောင်သွားရလေ့ရှိပါတယ်။ မတိုက်ရဲကြ ဘူး။ အကယ်၍ ကားကများ နွားကို တိုက်မိလိုက်ရင် ပတ်ဝန်းကျင်က ားသမားကို ဝိုင်းပြီး ရန်လုပ်လေ့ရှိကြပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံမှာ နွားနဲ့ မျောက်တွေဟာ အာဏာရှင်တွေပဲလို့ ကျွန်တော့်စိတ်ထဲက သတ်မှတ် ပါတယ်။

## အခြား ဘုရားဖူး အဖွဲ့များ

ကျွန်တော်တို့လိုပဲ မြန်မာပြည်က လူအများစုနဲ့ ဘုရားဖူးလာကြတဲ့ အဖွဲ့တွေ သုံး-လေးဖွဲ့နဲ့ ကြုံကြိုက်ခဲ့ပါတယ်။ အဖွဲ့တိုင်းမှာလိုလို ကျွန်တော်နဲ့ သိတဲ့

သူတွေ ပါလာတာကို နှုတ်ဆက်ခဲ့ရပါသေးတယ်။ ကျွန်တော်တို့လိုပဲ ဘုရားဖူး လာကြတဲ့ တိဘက်နိုင်ငံက အဖွဲ့တွေ၊ ဗီယက်နမ်နိုင်ငံက အဖွဲ့တွေ၊ ထိုင်း၊ သီရိလင်္ကာ အဖွဲ့တွေလည်း အုံနဲ့ကျင်းနဲ့ လာကြပါတယ်။ နေရာတိုင်းမှာ ပျားပန်းခပ်မျှ တွေ့ခဲ့ရသလို သူတို့ရဲ့ ထူးခြားတဲ့ ကိုးကွယ်မှု ပုံစံတွေကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ မြတ်စွာဘုရားရဲ့သာသနာ နေရာအနှံ့ကို ပြန့်ပွားခဲ့တဲ့ သာဓကတွေပေါ့။

မြန်မာဘုရားဖူး အများစုကတော့ ဘုန်းကြီးကျောင်းမှာ တည်းကြတာ များပါတယ်။ အများနဲ့ ဆိုတော့ အမြဲလိုလို စိတ်တိုင်းမကျတာနဲ့ ကြုံရတတ်ပါတယ်။ ကုသိုလ်ရဖို့ သွားရာမှာ အကုသိုလ် ဖြစ်ရမယ် ဆိုရင်တော့ ဘယ်ကောင်းမလဲ။ ဒါကြောင့် ကျွန်တော့် အနေနဲ့ စိတ်တူကိုယ်တူ လူ အနည်းစုလေးနဲ့ ကိုယ်သွားချင်တဲ့ နေရာကို ကိုယ် အဆင်သင့်ဖြစ်တဲ့ အချိန်မှာ သွားနိုင်အောင် နဂိုတည်းက ဘုဒ္ဓနဲ့ တိုင်ပင်ထားခဲ့တာပါ။

## ကိုမိုးဟိန်းနဲ့ မနီတို့ နှစ်ယောက်

အပေါ်မှာ ရေးခဲ့သလိုပါ။ ဘုဒ္ဓ (ခ) နှင်းမိုးဝေရဲ့ မိခင်ဟာ ဒေါ်မေနှင်းကြည် (ခ) ဒေါ်နီရဲ့ သမီး ဖြစ်ပါတယ်။ အဖေကတော့ ဦးမိုးဟိန်းပါ။ ဒေါ်နီက ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ မိုးကုတ် မြို့နယ်က အရွေးခံခဲ့ရတာပါ။ ခင်ပွန်းသည်ကတော့ ဦးမိုးဟိန်း ဖြစ်ပါတယ်။ ဦးမိုးဟိန်းရော၊ ဒေါ်နီရော ကျန်းမာရေး မကောင်းပါ။ ဦးမိုးဟိန်းဟာ အရက် မသောက်သော်လည်း အသည်းမှာ ပြဿနာတက်လို့ လွန်ခဲ့တဲ့ လေး-ငါးနှစ်လောက်က အိန္ဒိယနိုင်ငံကို သွားပြီး အသည်း အစားထိုး ကုသမှု ပြုလုပ်ခဲ့ရပါတယ်။ သူ့ကို အသည်းပေးလှူသူကတော့ ခု ကျွန်တော်တို့ ခရီးစဉ်ကို စီစဉ်ပေးတဲ့ ဘုဒ္ဓ ကိုယ်တိုင် ဖြစ်ပါတယ်။ မိဘကျေးဇူးကို အမြတ်ဆုံးနည်းနဲ့ ကျေးဇူးဆပ်ခဲ့သူလေးပေါ့။

ကိုမိုးဟိန်းဟာ အသည်း အစားထိုး ကုပြီးတဲ့နောက်မှာ ဆရာဝန်တွေ ညွှန်ကြားတဲ့အတိုင်း နေခဲ့တယ်။ ဆေး မှန်မှန်သောက်ခဲ့ပါတယ်။ ပြီးတော့ သူကိုယ်တိုင်လည်း အနေအထိုင်၊ အသွားအလာ ဆင်ခြင်ခဲ့ပါတယ်။ ဒါ့ကြောင့် ကိုမိုးဟိန်းရဲ့ ကျန်းမာရေးဟာ ပုံမှန် ကောင်းနေတယ်လို့ ပြောရမှာ

ဲ။ သူ့ကို အသည်းပေးလှူတဲ့ ဘုဒ္ဒရဲ့ ကျန်းမာရေးကလည်း ကောင်းနေပါတယ်။

**အဆိန့်မနာခံတဲ့သူ နှစ်ဦး**

ဒါပေမဲ့ ဒေါ်နီရဲ့ ကျန်းမာရေးက မကောင်းပါဘူး။ ဆီးချို ရောဂါ ဖြစ်နေတာ ကြာပါပြီ။ ဆီးချို ဘယ်လောက် ဆိုးသလဲဆိုရင် Insulin ထိုးဆေးကို မနက် တစ်လုံး ညနေ တစ်လုံး ထိုးပြီး ထိန်းနေခဲ့တာ နှစ်ပေါင်းများစွာ ကြာပါပြီ။ Insulin အားကိုးနဲ့ထင်ပါရဲ့ သူက အစားအသောက် မဆင်ခြင်ပါဘူး။ အထူးသဖြင့် သူ့ကျန်းမာရေးနဲ့ မတည့်ဘူးလို့ ဆိုကြတဲ့ ဝက်သားကိုလည်း မှန်မှန် စားလေ့ရှိပါတယ်။ ကျွန်တော်လည်း အလားတူပါပဲ၊ သွေးတိုး၊ ဆီးချို ရှိပေမဲ့ ဝက်သား စားတာကိုတော့ ပြတ်မသွားပါဘူး။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်မှာ နှစ်စဉ် ဇူလိုင်လ ၁၉ ရက် အာဇာနည် နေ့မှာရယ်၊ ဒီဇင်ဘာ ၂၇ ရက် ဒေါ်ခင်ကြည် ကွယ်လွန်တဲ့ နေ့မှာရယ် ဆရာတော် သံဃာတော်တွေကို ပင့်ပြီး ဆွမ်းကျွေးလေ့ရှိပါတယ်။ အဲဒီလို နေ့တွေမှာ ဆရာတော်တွေ ဆွမ်းဘုဉ်းပေးပြီးတာနဲ့ လူတွေကို ကျွေးတဲ့အခါ ကျွန်တော် အများနဲ့ ဘယ်တော့မှ ထမင်းမစားပါဘူး။ မီးဖိုချောင်ထဲမှာ သွား စားလေ့ရှိပါတယ်။ အဲဒီမှာ ဒေါ်နီက ကျွန်တော့်အတွက် အထူး စပယ်ရှယ် နံ့ကုတ် ချက်နည်းနဲ့ ချက်ထားတဲ့ ဝက်သားဟင်းတွေ ချက်ပြီး သိမ်းထားလေ့ ရှိပါတယ်။ ကျွန်တော့် အတွက်ပေါ့။ နှစ်ယောက်သား ဒေါ်စု မသိအောင် ဝက်သားတွေ ခိုးစားနေတာကို ဒေါ်နီက "ဒီခြံထဲမှာ အစားအသောက်နဲ့ ပတ်သက်ရင် အစ်မ စကားကို နားမထောင်တာ ကျွန်မတို့ နှစ်ယောက်ပဲ ရှိတယ်" လို့ ပြောလေ့ရှိပါတယ်။

ဒေါ်နီဟာ ဆီးချိုနဲ့ နေ့စဉ် နပန်းလုံးနေရတဲ့သူပါ။ လွန်ခဲ့တဲ့ ခြောက်လက ဆီးချိုတွေ အရမ်းကျပြီး မေ့လဲသွားပါသတဲ့။ ဆေးရုံတင်ရပြီပေါ့။ ဆေးရုံတင်တဲ့အခါ နှလုံးကလည်း အခြေအနေ မကောင်းပါဘူးတဲ့။ ဒါကြောင့် နှလုံးကို ခွဲစိတ်ပြီး Bypass Surgey လုပ်ဖို့ စဉ်းစားကြတဲ့အခါ ဒေါ်နီရဲ့ သွေးကြောတွေကို ပြန်သုံးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေါ်နီရဲ့ သွေးကြောတွေဟာ အား

လုံး ဝိတ်ဆိုလုနီးပါး ဖြစ်နေတဲ့အတွက် ခွဲစိတ်မယ့် ကိစ္စကို လက်လျှော့လိုက်ပြီး ရောဂါကို ဆေးနဲ့ပဲ ထိန်းလို့ရနိုင်မယ့် အနေအထား ဖြစ်လာပါတယ်။

## ကိုယ့်အဖေလို ပြုစု စောင့်ရှောက်ပေးရမယ်

ဘုဒ္ဓ နေပြည်တော် လာစဉ် မေးကြည့်တဲ့အခါ သူ့မိခင်ကို လိုအပ်ရင် ဆေးရုံတင်လိုက်၊ သက်သာတယ်ဆိုရင် အိမ်ပြန်ခေါ်လိုက်နဲ့ ဒီလိုပဲ စနေ့သွားနေပါတယ်တဲ့။ ကုသမှုကိုတော့ အားလုံး လက်လျှော့ထားလိုက်ပါတယ်။ ဒီလို အနေအထားနဲ့ ဘုဒ္ဓက ကျွန်တော်တို့ရဲ့ ဗုဒ္ဓဂါယာ ခရီးစဉ်ကို ကြီးကြပ်ပြီး ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ခဲ့တာပါ။

ကျွန်တော် ဗုဒ္ဓဂါယာကို သွားမယ်လို့ ဒေါ်နီ သိရတော့ ဘုဒ္ဓကို ဒီလို မှာပါသတဲ့။ "ဦးထိန် ခရီးစဉ် တစ်လျှောက်လုံးမှာ လိုလေးသေးမရှိအောင် လုပ်ပေးနော်၊ ကိုယ့်အဖေတစ်ယောက်လို ပြုစုပေးရမယ်" တဲ့။ ဘုဒ္ဓကလည်း ခရီးစဉ် တစ်လျှောက်လုံးမှာ လိုလေသေး မရှိအောင် ပြုစုပါတယ်။ ရောက်တဲ့ နေရာတိုင်းမှာ သင့်တင့်လျောက်ပတ်တဲ့ ဟိုတယ်မှာ ထားပေးတယ်။ ဟိုတယ် ဆိုတော့ အစားအသောက်တွေက အိန္ဒိယ အစားအစာ၊ တရုတ် အစားအစာ၊ ဥရောပ အစားအစာတွေ စုံတဲ့အတွက် ခရီးစဉ် တစ်လျှောက်လုံးမှာ အစားအသောက်နဲ့ ပတ်သက်လို့ ဘာမှ စိတ်အနှောင့်အယှက်ဖြစ်စရာ မပေါ်ခဲ့ပါ။ ကံအားလျော်စွာ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာလည်း နာခြင်း ဖျားခြင်း မရှိ၊ ကျန်းမာရေး ကောင်းကြပါတယ်။

## ဒေါ်နီ ဆုံးရှာပြီ

ကျွန်တော်တို့ အပြန်ခရီးမှာ လေယာဉ်ပျံပေါ်မှာ သတင်းစာတွေ ဖတ်ရပါတယ်။ သတင်းစာ၊ ဂျာနယ်တွေနဲ့ ကင်းကွာနေတာ ကိုးရက် ရှိပြီဆိုတော့ အားရပါးရ ဖတ်ရတော့တာပေါ့။ သတင်းစာ တစ်စောင်ရဲ့ နာရေးကြော်ငြာမှာ ဒေါ်နီ ဆုံးရှာပြီ ဆိုတဲ့အကြောင်း စိတ်မကောင်းစွာ ဖတ်လိုက်ရပါတယ်။ ဆုံးတဲ့ရက်ကို ကြည့်တော့ ကျွန်တော်တို့ လုမ္ဗိနီမှာ ရောက်နေချိန်ဖြစ်ပါတယ်။ ဘုဒ္ဓက အမေ့ ကျန်းမာရေးနဲ့ ပတ်သက်လို့ ညတိုင်း သူ့အိမ်နဲ့ အဆက်အသွယ်

နီးနီး သိပါတယ်။ အဲဒီတော့ ဒီသတင်းကို ကျွန်တော်တို့ကို မပြောဘဲ သူ
စ်ယောက်ပဲ ထိန်းချုပ်ထားဟန်တူပါတယ်။

ဟုတ်ပါတယ်။ မဂ်လာဒုံ လေဆိပ် ရောက်တော့မှ ဒေါ်နီရဲ့ နာရေး
သတင်းကို မေးကြည့်တဲ့အခါ ဘုဒုက သူ အိန္ဒိယမှာ ရှိစဉ်ကတည်းက သိပြီး
ခဲ့ပါကြောင်း။ ကျွန်တော်တို့ကို ပြောရင် သူ့ကို ကျွန်တော်က ပြန်လွှတ်
ကောင်း လွှတ်မယ်လို့ ယူဆတဲ့အတွက် ဒီသတင်းကို ကျွန်တော်တို့ကို
မပြောဘဲ ထိန်ချန်ထားခဲ့တာပါ။

နောက်ပြီး ကျွန်တော်တို့ရဲ့ ခရီးစဉ်ကိုလည်း အနှောင့်အယှက် ဖြစ်မှာ
စိုးပုံပါတဲ့။ လေဆိပ်ကို သူ့ရဲ့ ဖခင် ကိုမိုးဟိန်း ကိုယ်တိုင် လာကြိုတဲ့အတွက်
အဲဒီကျမှ ဘုဒုဟာ ဟန်မဆောင်နိုင်တော့ဘဲ လွှတ်လွှတ်လပ်လပ် မျက်ရည်
ကျခွင့်ရှိတဲ့ ပုံမျိုးနဲ့ သောကပရိဒေဝကို ဖွင့်ပစ်လိုက်သလို ဖြစ်ခဲ့ရပါတယ်။
ကျွန်တော်တို့အပေါ် စာနာစိတ်နဲ့ စဉ်းစားပေးခဲ့တဲ့ ဘုဒုကို အများကြီး လေး
စား ကျေးဇူးတင်မိပါတယ်။ အခုတော့ အမိနဲ့ မနာစ်သူရယ်လို့ ကျွန်တော်
တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီပေါ့။

### အင်္ဂလိယာက ဆရာတော်များ

အင်္ဂလိယာမှာ ကျွန်တော်တို့ကို မြတ်စွာဘုရားအဖြစ် ရောက်တဲ့ကာလ ဇာတိ
နဲ့ သတ္တသတ္တာဟ စတဲ့ နေရာတွေနဲ့ ဒုက္ခရစရိယာ ကျင့်တဲ့နေရာတွေကို
က်ပို့ ရှင်းပြတဲ့ ဆရာတော်ကတော့ ဦးပညာသီဟပါ။ မြတ်စွာဘုရား
နိဗ္ဗာန်စံတဲ့ နေရာမှာတော့ မဟာပရိနိဗ္ဗာနသုတ် အခြေခံပြီး ဟောကြား
ခဲ့တဲ့ ဆရာတော်ကတော့ ဦးအာဒိစ္စ ဖြစ်ပါတယ်။

သိဒ္ဓတ္ထ မင်းသားလေး ဖွားမြင်တဲ့ လုမ္ဗိနီဥယျာဉ် တစ်ဝိုက်ကတော့
ဆရာတော် ဦးကောဝိဒက ဒိုင်ခံ ရှင်းပြပါတယ်။ သာဝတ္ထိရောက်တော့ အနာ
ထပိဏ် သူဌေးအတွက် ရည်စူး တည်ထားတဲ့ ဇေတဝန်ဟောင်း။ အဂ္ဂုလိမာလ
သတိမ်းအမှတ် စေတီဟောင်း။ ဇေတဝန်ကျောင်း နေရာတွေ လိုက်ပြတဲ့
ဆရာတော်ကတော့ ဦးသီလာစာရပါ။ တရားကာသီ (မိဂဒါဝုန်) မှာတော့
ဦးကုိဓမ္မဘာသက လိုက်လံ ပို့ဆောင်ပြီး ဗုဒ္ဓဝင်တွေကို ရှင်းပြခဲ့ပါတယ်။

ဂုဒ္ဒါဂါယာ ခရီးစဉ်နဲ့ ပတ်သက်လို့ ဘုဒ္ဓကို အထူး ကျေးဇူးတင်ရသလို၊ ဆရာတော်များကိုလည်း အဓလေးက ကြည်ညိုလိုက်ရပါတယ်။

ကျွန်တော်တို့ ရောက်တဲ့ နေရာတိုင်းမှာရော၊ ကျွန်တော်တို့ကို လိုက်လံပြသပြီး သံဝေဂနိယ လေးဌာန အကြောင်း ရှင်းပြ ဟောပြတဲ့ ဆရာတော်တွေကိုလည်း တတ်စွမ်းသမျှ နဝကမ္မဝတ္ထုငွေများ ကပ်လှူ ပူဇော်ခဲ့ပါတယ်။

နိဂုံး

နိဂုံးမချုပ်မီ တင်ပြလိုတာက ကျွန်တော်တို့ ခရီးစဉ်မှာ ပါတဲ့သူတွေကတော့ ကျွန်တော့်ရဲ့ ညီမ နံပါတ် ၅ ဒေါ်လှစန်းရီ (ကထိက-ငြိမ်း)၊ သူ့ခင်ပွန်း ဦးစိုးမြေ (ILO-ငြိမ်း) နဲ့ ညီမ နံပါတ် ၇ ရဲ့ သမီး အငယ်ဆုံး သိမ့် (ကျွန်တော့် အဒေါ်-တောသူမ) တို့ ဖြစ်ပါတယ်။ အဲဒီအပြင် နေပြည်တော်က ယူနီစန် စားသောက်ဆိုင်များ ပိုင်ရှင် ဦးဇော်တင်၊ ဒေါ်ခင်သန်းနွဲ့နဲ့ သမီး မစံပယ်တွေ တို့အပြင် ဘုဒ္ဓရဲ့ မိတ်ဆွေ မတင်သန်း(ယော) တို့လည်း လိုက်ပါခဲ့ကြပါတယ်။

ခရီးစဉ် တစ်လျှောက်လုံး ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ အခြေအနေနဲ့ ပတ်သက်လို့ ယူနီစန် ပိုင်ရှင် ဦးဇော်တင် ပြောပြတဲ့ စကားလေးတွေကိုတော့ ဖောက်သည်ချပါရစေ။ သူက "အခု ဂုဒ္ဒါဂါယာ သွားခဲ့တဲ့ ခရီးစဉ်နဲ့ ပတ်သက်လို့ ပြောရမယ် ဆိုရင် စိတ်အနှောင့်အယှက် ဖြစ်ရတယ်လို့ တစ်ခုလေးမှ မရှိခဲ့ပါဘူးဗျာ" လို့ မှတ်ချက်ပြုခဲ့ပါတယ်။

သာဓု...... သာဓု..... သာဓု။

*****

## "ဗိုလ်သိန်းစိန် ဘာကြောင့် သမ္မတဖြစ်လာရသလဲ" ၏ နောက်ဆက်တွဲ

### နောက်ကြောင်းပြန်

"The Speaker Journal အတွဲ ၂၊ အမှတ် ၄၆" မှာ အထက်ပါ ခေါင်းစဉ်နဲ့ ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါတယ်။

အဲဒီ ဆောင်းပါးမှာ အဓိကအချက်က နဝတ အစိုးရကာနေပြီးတော့ ၂၀၀၄ အစိုးရကို ပြောင်းလိုက်တဲ့အခါမှာ ထိပ်ပိုင်း လေးယောက်က လွဲလို့ ကျန်တဲ့ အစိုးရအဖွဲ့ဝင်တွေ အားလုံးကို ဖယ်ရှားခဲ့ပါတယ်။ အဲဒီလို ဖယ်ရှားပြီး မကြာခင်မှာ အရေးပါတဲ့ ရာထူးခန့်ထားမှုတွေ လုပ်တဲ့အခါ ဗိုလ်ချုပ်ကြီး သူရရွှေမန်းကို တပ်မတော် ညှိနှိုင်း ကွပ်ကဲရေး ဌာနချုပ်မှူး၊ ဗိုလ်ချုပ်ကြီး စိုးဝင်းကို ဝန်ကြီးချုပ်နဲ့ ဗိုလ်ချုပ်ကြီး သိန်းစိန်က အတွင်းရေးမှူး ၁ ဖြစ်လာကြပါတယ်။

ဒါနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကြီး သိန်းစိန်ဟာ ကိုယ့်ထက် ဝါနုတဲ့ ဂျူနီယာတွေ အောက်မှာ နေနေရပေမဲ့ ဖြစ်ပေါ်လာလေ့ရှိတဲ့ မခံချင်စိတ်ကို ချိုးသိပ်နိုင်ခဲ့တယ်။ ဒီလို ရေးရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ တပ်မတော်မှာက အစဉ်အလာအရ စီနီယာ၊ ဂျူနီယာ ဆိုတာ ရှိပါတယ်။ ဂျူနီယာ တစ်ယောက်ယောက်က ကိုယ့်အထက်မှာ ရောက်လာရင် တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ အောက်ရောက်သွားတဲ့ စီနီယာတိုင်းမှာ အောင့်သက်သက် ခံစားမှု ဖြစ်လေ့ရှိပါတယ်။ ဘာနဲ့နှိုင်းရမလဲ ဆိုရင်တော့ ဗုဒ္ဓသာသနာမှာ ဘုရားသားတော်များဖြစ်တဲ့ သံဃာတော်များရဲ့ ဝါစဉ် သဘောမျိုးပါ။

ဒါပေမဲ့ ခုခေတ် လူမှုရေး အဖွဲ့အစည်းတွေမှာတော့ ဒီလို ဝါစဉ်

သဘောမျိုးကို အပေါ်က လူတွေရော၊ အောက်ကလူတွေရော ဂရုတစိုက်နဲ့ ရာထူးပေးခြင်း၊ တာဝန်ပေးခြင်းများကို အစဉ်သတိပြုတဲ့ အလေ့အထတွေ ရှိပါတယ်။ သတိမပြုဘဲ ထိပ်ဆုံးကလူက ကိုယ် သင့်လျော်မယ် ထင်သလို စီနီယာ၊ ဂျူနီယာကို အလေးမထားဘဲ ဗိုလ်သိန်းစိန်တို့ ကိစ္စလို ပြောင်းပြန် လှန်တာမျိုးလည်း ရှိတတ်ပါတယ်။ ဗုဒ္ဓသာသနာမှာတော့ ဘုရားကိုယ်တိုင် ချမှတ်ထားတဲ့ ဝိနည်းမို့ ဝါစဉ်ကိစ္စကို ဘယ်သူမှ ပြောင်းပြန် မလှန်ရဲကြပါဘူး။

အခုကိစ္စမှာလည်း ဗိုလ်သိန်းစိန်ဟာ အဲဒီလို ခံစားချက် ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်ခဲ့ပေမဲ့ လစ်လျူရှုနိုင်ခဲ့တယ်လို့ သူ့ရဲ့ လုပ်ရပ်တွေအရ အကဲခတ်မိပါ တယ်။ အဲဒီအပြင် ကိုယ့်ကိုပေးတဲ့ တာဝန်၊ ဝတ္တရားတွေကိုလည်း အောင်မြင် စွာ ဆောင်ရွက်နိုင်ခဲ့တယ် ဆိုတဲ့ အချက်တွေ ဖော်ပြပြီး ဒါတွေကြောင့် နောက်ပိုင်းမှာ သမ္မတအဖြစ် ရွေးချယ်ခြင်းခံရတယ် ဆိုတဲ့အချက်ကို မီး မောင်းထိုးပြီး တင်ပြလိုက်တဲ့ အချက်ပါ။

ဒီဆောင်းပါးနဲ့ ပတ်သက်လို့ တပ်မတော် အသိုင်းအဝိုင်း၊ အထူးသဖြင့် DSA ကျောင်းဆင်း အသိုင်းအဝိုင်းမှာ သို့လော သို့လော ဆွေးနွေးစရာ၊ ငြင်း ခုန်စရာတွေ ဖြစ်လာနိုင်တယ်လို့ ယူဆမိပါတယ်။ "ဦးဝင်းထိန်က ဦးသိန်းစိန် အကြောင်း ရေးရအောင် သူကလည်း ဘယ်လို အနေအထားလဲ၊ DSA ကျောင်းဆင်း၊ အောင်စစ်သည်ဆု ရခဲ့တဲ့လူက ဟိုဗိုန်းမ (ဒေါ်အောင်ဆန်းစု ကြည်) ရဲ့ နောက်လိုက် ဖြစ်နေရသလဲ" လို့ မေးခွန်း အထုတ်ခံရတာတွေ လည်း မကြာခဏပါ။ ဒါပေမဲ့ အဲဒီလို အမေးခံရတိုင်း ကျွန်တော် ပြောလေ့ ရှိ တာက "မတူဘူးလေ" လို့ပါပဲ။

ရှစ်လေးလုံး အရေးတော်ပုံကြီး ဖြစ်ပေါ်နေတုန်းက ဦးသိန်းစိန်ဟာ စစ်ကိုင်းတိုင်း၊ ကလေးမြို့မှာ ရှိတဲ့ ခြေလျင်တပ်ရင်း တစ်ခုရဲ့ တပ်မှူး (ဒု ဗိုလ်မှူးကြီး) အဖြစ်နဲ့ တာဝန် ထမ်းဆောင်နေဆဲပါ။ အဲဒီ နောက်ပိုင်းမှာ ရာထူးတွေ အဆင့်ဆင့်တက်ပြီး ၁၉၉၅ ခုနှစ်လောက်မှာတော့ ကာကွယ်ရေး ဝန်ကြီးဌာနမှာ စစ်ဦးစီး ဗိုလ်မှူးချုပ် Brigadier General Staff ဖြစ်လာခဲ့ပါ တယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း တပ်မတော်မှာ ဗိုလ်ကြီး အဆင့်ထိသာ အမှုထမ်းခဲ့ရပေမဲ့ တပ်မတော်ရဲ့ ရာထူးတွေနဲ့ ပတ်သက်လို့ ကောင်းကောင်း





သဘောပေါက်ခဲ့ပါတယ်။ ဒုတိယ ဗိုလ်မှူးကြီး အဆင့်ဖြစ်ဖို့တောင်မှ ခဲခဲယဉ်းယဉ်း အမှုထမ်းဆောင်ခဲ့ပြီးမှ ရလေ့ရှိတာ သဘောပေါက်ပြီးပါ။

အဲဒါကြောင့် ဗိုလ်သိန်းစိန်ဟာ စစ်ရုံးကနေပြီး သံလွင်မြစ် အရှေ့ခြမ်း တြိဂံတိုင်းမှာ တိုင်းမှူး အဖြစ် တိုးမြှင့် ခန့်ထားခြင်း ခံရတဲ့သတင်းကို ကျွန်တော် မြင်းခြံထောင်မှာ နေစဉ်က ဖတ်ခွင့်ပြုလို့ ဖတ်ရတဲ့ သတင်းစာများက တစ်ဆင့် သိရတာပါ။ အလားတူပဲ နအဖ အစိုးရအဖွဲ့မှာ အတွင်းရေးမှူး ၁

ဖြစ်လာတာကိုလည်း သတင်းစာများက တစ်ဆင့်သာ သိခဲ့ရပါတယ်။ တစ်မတော်မှာ ဗိုလ်မှူးကြီးအဆင့် ရောက်ပြီဆိုတာနဲ့ ဒီထက် ပိုမြင့်တဲ့ ရာထူးနေရာတွေအတွက် ရည်မှန်းတဲ့သူတိုင်းဟာ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတွေ အားလုံး ဆင်ခြင်ကြရပါတယ်။

အဲဒီလို အဆင့်မျိုးတွေကို ကျွန်တော် တပ်မှာနေတုန်းက "အရွေးအချယ်ခံတန်း Selection Grade" လို့ ကြားဖူးခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်သိန်းစိန်ဟာ ရာထူး အဆင့်ဆင့်တွေကို ဖြတ်သန်းပြီး နိုင်ငံတော် သမ္မတအဖြစ် ထိပ်ဆုံး ရောက်ခဲ့တာဟာ သူ့အရည်အချင်းကြောင့် ဖြစ်သလို ကံတရားကြောင့်လည်း ပါတယ်လို့ ပြောရမှာဖြစ်ပါတယ်။ တစ်ခုပြောချင်တာကသူဟာ "တစ်နေ့ကျရင် ငါ သမ္မတ ဖြစ်ရမယ်လို့ ရည်မှန်းချက် မထားခဲ့မှာသေချာပါတယ်"။

## လောကဓမ္မတာ

ဗိုလ်သိန်းစိန်ဟာ သူဟာ နောင်တစ်ချိန်မှာ သမ္မတ ဖြစ်ရမယ်လို့ တစ်ခါမှ စိတ်ကူးယဉ်ခဲ့ပုံ မပေါ်ပါဘူး။ အဲဒီလိုပဲ၊ ကျွန်တော်တို့ NLD အစိုးရ တက်လာတဲ့ အခါကျတော့ ဦးထင်ကျော်တို့၊ ဦးဝင်းမြင့်တို့ဟာလည်း အလားတူပါပဲ။ သူတို့လည်း တစ်နေ့ကျရင် သမ္မတဖြစ်ရင် ကောင်းမှာပဲလို့ တစ်ခါမှ မစဉ်းစားခဲ့ကြတဲ့သူတွေပါ။ ဒါပေမဲ့ ကံကြမ္မာဆိုတဲ့ ဇာတ်ဆရာကြီးရဲ့ အစီအမံကြောင့် ကိုထင်ကျော်ဟာ နှစ်နှစ်လောက် သမ္မတ ဖြစ်လာခဲ့တယ်။ အခုတော့ ကိုဝင်းမြင့်က အဲဒီရာထူးမှာ ဆက်လက် ထမ်းဆောင်နေတယ်။

ဟော.... သမ္မတ ဖြစ်ချင်တယ်လို့ မြန်မာသိ၊ ကမ္ဘာသိ ကြေညာခဲ့တဲ့သူတွေကျတော့ သမ္မတ ဖြစ်မလာခဲ့ဖူး။ သူတို့ကတော့ သူရဦးရွှေမန်းနဲ့ ဗိုလ်ချုပ်မှူးကြီး ဒေါ်အောင်ဆန်းစုကြည်တို့ပါ။ သူတို့ နှစ်ယောက်လုံးက သမ္မတ ဖြစ်ချင်တယ်လို့ ကြေညာခဲ့ဖူးပါတယ်။ ဒါပေမဲ့ ယနေ့အထိ ဖြစ်မလာသေးပါဘူး။ လောကရဲ့ ဓမ္မတာလို့ပဲ မှတ်ချက်ပေးရတော့မှာပေါ့။

တကယ်တော့ သူတို့ဟာ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ နိုင်ငံအတွက်၊ ပြည်သူ့အတွက် ပိုမို တိုးတက် ကောင်းမွန်လာအောင် လုပ်ပေးချင်

ဘဲ့ ဓလေ့နာ ရှိကြတယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါပေမဲ့ ကံကြမ္မာက ကျက်နာသာ မပေးဘူး ထင်ပါရဲ့။ သူတို့ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေဟာ အခုထိ အောင်မြင်မလာသေးပါဘူး။ ဒါပေမဲ့ ယတိပြတ်တော့ ပြောလို့ မဖြစ်သေးပါဘူး။ အနာဂတ်ဆိုတာ မှန်းရခက်သားကလား။

## နိုင်းယှဉ်တယ်လို့ မဟုတ်သော်လည်း

အထက်မှာ ဗိုလ်သိန်းစိန်ဟာ ရှစ်လေးလုံး အရေးတော်ပုံမှာ ဒုတိယ ဗိုလ်မှူးကြီး အဆင့် ဖြစ်နေခဲ့တယ်လို့ ရေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ ဆိုရှယ်လစ်စနစ်ပါတီ အစိုးရ လက်ထက်မှာ Turn-Key Project လေး-ငါးခုလောက် အကောင်အထည် ဖော်ပြီးခဲ့ပြီးပါပြီ။ "ရှစ်လေးလုံး အရေးတော်ပုံ ကာလမှာ လူထုကြားထဲ ဝင်ရတော့မယ်၊ ငါ့ကို ကူညီကြဦးပေါ့" လို့ ကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဦးတင်ဦးရဲ့ တောင်းခံချက်အရ ကျွန်တော်ဟာ နိုင်ငံရေး နယ်ပယ်ထဲကို ရောက်လာခဲ့ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံ စခန်းသတ်သွားစေမယ့် ၁၈၊ ၉၊ ၁၉၈၈ နေ့စ်မှာ နဝတ အစိုးရ တက်လာတဲ့အခါ ကျွန်တော်ဟာ ဦးတင်ဦးရဲ့ တိုက်တွန်းချက်ကြောင့် NLD မှာ ပါဝင်လာခဲ့ပါတယ်။ တစ်ဆက်တည်းမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်တွင်း စည်းရုံးရေး ခရီးစဉ်တွေမှာ လိုက်ပါ ကူညီခဲ့ပါတယ်။ အဲဒီလို လိုက်ပါခဲ့ရင်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထုနဲ့ တွေ့ဆုံမှုတွေ၊ မေးခွန်းတွေကို ဖြေကြားတာတွေ စတဲ့ အမှုအရာတွေကို အကဲခတ်ရင်း "ဒီအမျိုးသမီးဟာ အရည်အချင်းရှိတယ်၊ နိုင်ငံ့ခေါင်းဆောင် ဖြစ်ထိုက်တယ်၊ ဒါကြောင့် သူ့ကို ငါ ပံ့ပိုးသင့်တယ်" ဆိုတဲ့ အသိနဲ့ သူ့လုပ်ငန်းတွေကို ကြိုးစား ပံ့ပိုးခဲ့ပါတယ်။

## နိုင်ငံ့ခေါင်းဆောင်ရဲ့ ကာဝီ

အဲဒီလို နိုင်ငံရေးအသိတွေ ကျွန်တော့်ကို လွှမ်းမိုးလာတဲ့အခါမှာ တစ်ပြိုင်နက်တည်း ဆိုသလို ပံ့ပိုးပေးတဲ့ အချက်တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ ဒါက ဘာလဲဆိုတော့ ၁၊ ၅၊ ၁၉၈၉ ခုနှစ် ညပိုင်းမှာ နိုင်ငံပိုင် တယ်လီဗီးရှင်းက တစ်ဆင့် နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်ဟာ တစ်နိုင်ငံလုံးကို မိန့်ခွန်းပြောပါတယ်။

အဲဒီ မိန့်ခွန်းဟာ သုံးနာရီလောက် ကြာမယ်ထင်ပါတယ်။ ကျွန်တော် အဆုံး အထိ နားမထောင်နိုင်ခဲ့ပါ။ တစ်ဝက်လောက်ကျတော့ အိပ်ရာဝင်ခဲ့ပါတယ်။

ကျွန်တော် နားထောင်တဲ့အပိုင်းဟာ စောစောပိုင်းမို့ အချက်တစ်ချို့ကို ပြက်ပြက်ထင်ထင် မှတ်မိနေဆဲပါ။ သူက "ကျွန်တော်တို့ တပ်မတော်ဟာ နိုင်ငံ့ အာဏာကို အမြဲတမ်း ဆုပ်ကိုင်နေမှာ မဟုတ်ပါဘူး။ လာမယ့်နှစ် မေလ မှာ ရွေးကောက်ပွဲ ကျင်းပပေးမယ်၊ နိုင်တဲ့ ပါတီကို အာဏာ လွှဲမယ်၊ အဲဒီ နိုင်တဲ့ ပါတီကပဲ ခေါင်းဆောင်ပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲကြ၊ ကျွန်တော် တို့ မဆွဲဘူး။ ဗိုလ်စောမောင် ဆွဲတဲ့ အခြေခံ ဥပဒေဟာ ဧ...ဂက်သုံးမကျဘူး လို့ အပြောမခံနိုင်ဘူး။ ရွေးကောက်ပွဲ ပြီးရင် ကျုပ်တို့ တပ်မတော်က Bar-rack ကို ပြန်မယ်" ဆိုတဲ့ သဘောပါတဲ့ မိန့်ခွန်း ပြောခဲ့ပါတယ်။

ကျွန်တော် ကြိုက်ပြီပေါ့။ ဗိုလ်ချုပ်ကြီး စောမောင်ဟာ တပ်မတော်ရဲ့ ခေါင်းဆောင်၊ နိုင်ငံတော်ရဲ့ အထွတ်အထိပ်။ သူလို ပုဂ္ဂိုလ်တစ်ယောက်က လူသိရှင်ကြား ကြေညာလိုက်တော့ သူ့ရဲ့ မိန့်ခွန်းဟာ အနာဂတ် နိုင်ငံရေး လမ်းစဉ်ကို ပြဋ္ဌာန်းလိုက်တဲ့သဘောပါ။ ပြီးတော့ တိုင်းသူပြည်သား အားလုံး ကိုလည်း ခေါင်းဆောင်အနေနဲ့ ကတိပေးခဲ့တာပါ။ ကျွန်တော် လုံးဝ ကျေနပ် သွားပါတယ်။ အဲဒီလို ကျေနပ်သွားရတဲ့ အချက်တွေထဲက တစ်ခုသော အခြေအနေဟာ ကျွန်တော်ရဲ့ စိတ်ကူးနဲ့သွားပြီး တိုက်ဆိုင်နေလို့ပါ။

ကျွန်တော်ကလည်း ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို ရွေး ကောက်ပွဲ ပြီးတဲ့ အထိ၊ အဆုံးစွန် အစိုးရသစ် ဖွဲ့ပေးပြီးတဲ့အထိ တတ်စွမ်း သမျှ လုပ်ပေးမယ်၊ ပြီးရင် ကျွန်တော့်ရဲ့ စီးပွားရေး လုပ်ငန်းတွေကို ဆက်လုပ် မယ်။ ဒီလိုသဘော ရှိခဲ့တာပါ။ အခု ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ မိန့်ခွန်းအရ ဆိုရင် ကျွန်တော့် အစီအစဉ်နဲ့ ကွက်တိပေါ့။ (အော်... ယုံမိခဲ့လေခြင်း။)

အဲဒီအချိန်မှာ ကမ္ဘာ့ဘဏ် ချေးငွေနဲ့ ရွှေတောင်မှာ ချည်အရောင်တင် စက်ရုံ Textile Finishing Plant Project အတွက် စက်ပစ္စည်းတွေလည်း ရောက်နေပါပြီ။ ကျွန်တော် ကိုယ်တိုင်လည်း ရွှေတောင် စီမံကိန်းနေရာကို အခေါက်ခေါက် ရောက်ခဲ့ပြီးပါပြီ။ ဒါကြောင့် စီမံကိန်းကို ကျွန်တော် ဆက်ပြီး အကောင်အထည်ဖော်ဖို့ ရှိလာပြီဆိုတော့ ရွေးကောက်ပွဲ ပြီးတာနဲ့ ကွက်တိ

အစိုးရသစ် တက်လာတာနဲ့ ကျွန်တော့်လုပ်ငန်း ဆက်လက် အကောင်အထည်ဖော်ရမှာနဲ့ အချိန်ကိုက်ပါပဲ။ ဒီလို တွေးခဲ့မိပါတယ်။

## ဘွက်ခရေးတော့ စက်သူမွေး

အဲဒီလို စိတ်ကူးတွေနဲ့ ကျွန်တော် နိုင်ငံရေး ရေယာဉ်ကြောမှာ မျောနေခဲ့ပါတယ်။ အဲဒီနှစ် ဇူလိုင်လ ၁၉ ရက်၊ အာဇာနည်နေ့ အခမ်းအနား အစီအစဉ်နဲ့ ပတ်သက်ပြီး နဝတ အစိုးရအတွက် နိုင်ငံရေး လှည့်ကွက်တစ်ခု ဖြစ်လာပါတယ်။ အသေးစိတ်တော့ မရေးတော့ပါဘူး။ အဲဒီ အာဇာနည်နေ့ ကိစ္စနဲ့ ပတ်သက်ပြီး ဖြစ်လာတဲ့ ပြဿနာတွေပေါ် မူတည်ပြီး တိုတိုပြောရရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို အကျယ်ချုပ်ချလိုက်ပါတယ်။ ဒေါ်စု အိမ်မှာ နေတဲ့ ကျွန်တော်နဲ့တကွသော လူကြီး/လူငယ် အားလုံး ၄၁ ယောက်ကို အင်းစိန်ထောင် ပို့လိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်ဟာ ထောင်ထဲမှာ ငါးနှစ်ခွဲ နေခဲ့ရပြီး ကျွန်တော့်ရဲ့ စီးပွားရေး ရည်မှန်းချက် အားလုံးကို စွန့်လွှတ်ခဲ့ရပါတယ်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကျွန်တော် အကျဉ်းကျရာက လွတ်မြောက်လာခဲ့ပြီးမှ ဒေါ်အောင်ဆန်းစုကြည်ကလည်း အဲဒီနှစ် ဇူလိုင်လမှာ အကျယ်ချုပ်က လွတ်ခဲ့ပါတယ်။ သူ အကျယ်ချုပ်က လွတ်ပြီး နိုင်ငံရေး လုပ်ငန်းတွေ ဆက်လုပ်တဲ့အခါ ကျွန်တော်ကလည်း အရင်တုန်းကအတိုင်း သူ့ရဲ့ ရုံးမှာ ရုံးလုပ်ငန်းတွေ ဒိုင်ခံလုပ်ရပါတယ်။ ဒါနဲ့ပဲ ၁၉၉၆ ခုနှစ်၊ မေလမှာ ပြန်လည် အဖမ်းခံရပြီး ၂၀၁၀ ခုနှစ်၊ ဇူလိုင်လမှာ ပြန်လည် လွတ်မြောက်လာခဲ့ပါတယ်။ လွတ်မြောက်တဲ့ အချိန်ကစပြီး အနောက် ရွှေဂုံတိုင်လမ်းက NLD ဌာနချုပ်ကို သွားရောက်ပြီး ခါတိုင်းလို ရုံးလုပ်ငန်းတွေ ဆက်လက် ဆောင်ရွက်နေခဲ့ပါတယ်။

အဲဒီအချိန်မှာတော့ ဦးသိန်းစိန်ဟာ ဗိုလ်ချုပ်ကြီးအဖြစ်နဲ့ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်နေပါပြီ။ သူဟာ ဝန်ကြီးချုပ်ဘဝနဲ့ အမျိုးသား ညီလာခံ အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်ပေးခဲ့တာ တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလမှာ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နာဂစ် Nargis မုန်တိုင်းကြောင့် လူပေါင်း တစ်သိန်းခွဲလောက် သေကြေ ပျက်စီးသွားခဲ့ပြီး ဘိုကလေး၊

ဒေးအရဲ စင်္ကာပူမြို့နယ်တွေမှာ မြို့တွေရော၊ ရွာတွေရော တစ်ပြေးညီ ပျက်စီးသွားခဲ့ပါတယ်။

ဒီလို ဖြစ်နေခဲ့တဲ့ကြားက "၂၀၁၈ ဖွံ့ဖြိုးပုံ အခြေခံဥပဒေ ဆိုင်ရာ ပြည်သူ့လူထု ဆန္ဒခံယူပွဲ" ကို မှန်တိုင်းတိုက်ပြီး ရက်သတ္တ တစ်ပတ် နှစ်ပတ် အတွင်းမှာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဦးသိန်းစိန်က ဝန်ကြီးချုပ် ရာထူးနဲ့ အစိုးရ ယန္တရားတွေကို ကောင်းကောင်း အသုံးချပြီး အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။ ဒီလို ကိစ္စရပ်ကြီးတွေကို ချောချော မောမောနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့လို့ ကံဇာတ်ဆရာကြီးကရော၊ ဘဝဇာတ်ဆရာကြီးကပါ ကျေနပ်အားရလို့ သူ့ကို သမ္မတအဖြစ် ရွေးချယ်ခဲ့ကြောင်း၊ မကြာမီက ဆောင်းပါးတစ်ပုဒ်မှာ ရေးခဲ့ပါတယ်။

ကျွန်တော့်ဘဝ ဇာတ်ကြောင်းကတော့ ခက်ခဲ ကြမ်းတမ်းပါတယ်။ ဒါကို ဂုဏ်ယူ ဝင့်ကြွားစွာနဲ့ မကျွပ်ဝိုင် တက်စရာမလိုဘူးလို့ မှတ်ယူပါတယ်။ အလားတူပဲ ကိုယ့်ဘာသာ စိတ်ကြိုက် ရွေးချယ်ခဲ့လို့ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ခဲ့ပါဘူး။ ကိုယ်နဲ့ ဘဝတူ ခံစားခဲ့ရတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ကိုယ်ချင်းစာစိတ်နဲ့ စာနာ ထောက်ထားခဲ့ပါတယ်။ ဒါပေမဲ့ ဘဝကံကောင်းလို့ ရာထူးတွေ တက်သွားတဲ့ သူတွေကိုရော၊ ချမ်းသာ ကြွယ်ဝသွားတဲ့သူတွေကိုရော မနာလိုဝန်တိုတဲ့စိတ် မထားခဲ့ပါ။ လူတွေဟာ ကိုယ်ရွေးချယ်တဲ့ လမ်းကြောင်းအတိုင်းပဲ လျှောက်နေခဲ့ကြတာပဲလို့ သဘောထားခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာတော့ ကျွန်တော်ဟာ ကြားဖြတ် ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့ပြီး မိတ္ထီလာ မြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးခံရပါတယ်။ အဲဒီအခါကျမှ ညှိခံပွဲတွေမှာ သမ္မတ ဦးသိန်းစိန်နဲ့ တွေ့ဆုံခဲ့ရဖူးပါတယ်။ ဒါပေမဲ့ နှစ်ယောက်သား စကားလက်ဆုံကျဖို့ အခွင့်အရေး မရခဲ့ပါ။ ကျွန်တော်ကတော့ ကိုယ့်ရဲ့ မဖြောင့်ဖြူးတဲ့ ဘဝကံကြမ္မာ၊ Service Luck အပြည့်အဝ ရှိပြီး နိုင်ငံရဲ့ အထွတ်အထိပ်အထိ ရောက်လာခဲ့တဲ့ ဗိုလ်သိန်းစိန်ရဲ့ ဘဝလမ်းကြောင်းနဲ့ မဆီမဆိုင် နှိုင်းယှဉ် စဉ်းစားနေခဲ့ဖူးပါတယ်။ နောက်ဆုံးတော့ ဘဝချင်းတော့ မတူခဲ့ကြဘူးလေ ဆိုတဲ့မှတ်ချက်နဲ့ပဲ အတွေးရေယာဉ်ကြောကို ရပ်ဆိုင်းပေးခဲ့ရတာချည့်ပါပဲ။

*****

# ဦးဝင်းတင်၊ ကျွန်တော်နှင့် ရတနာ သုံးပါး

ကျွန်တော်က ထောင်အကြိမ်ကြိမ်ကျပြီး စုစုပေါင်း အနှစ် ၂၀ နဲ့ နှစ်လ ထောင်ထဲမှာ နေခဲ့ရပါတယ်။ အင်းစိန်ထောင်၊ မြင်းခြံထောင်၊ မိတ္ထီလာ ထောင်၊ မန္တလေးထောင်နဲ့ ကသာထောင်တွေမှာ နေခဲ့ရပါတယ်။ ဦးဝင်းတင် ကတော့ အင်းစိန်ထောင်ထဲမှာပဲ တိုက်တွေ တစ်ခုပြီးတစ်ခု ပြောင်းရင်းနဲ့ ၁၉ နှစ်ကျော် နေခဲ့ရပါတယ်။ ကျွန်တော် ထောင်က လွတ်တော့ ဦးဝင်းတင်နဲ့ တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ ဆိုသလို သွားတွေ့ခဲ့ရပါတယ်။

အဲဒီလို သွားတွေ့တဲ့အခါ သူနဲ့ အကြောင်းအရာ ပေါင်းစုံ ဆွေးနွေးဖြစ်ပါ တယ်။ နိုင်ငံရေး လေ့လာသူများရဲ့ အကဲဖြတ်ချက်အရ ဦးဝင်းတင်ဟာ NLD ရဲ့ အမာလိုင်း hardliner လို့ ခေါ်ရမှာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ် အစိုးရ ကိုယ်စားလှယ်နဲ့ တွေ့တဲ့ကိစ္စတွေ၊ အဲဒီနောက် ဒေါ်အောင်ဆန်း စုကြည်နဲ့ ဦးသိန်းစိန် အစိုးရ ကိုယ်စားလှယ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီ တွေ့ ဆုံမှုတွေကို ဦးဝင်းတင်က ထောက်ခံခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၂ ခုနှစ် ကြား ဖြတ် ရွေးကောက်ပွဲ ဝင်တာနဲ့ ပတ်သက်လို့ သူ မထောက်ခံပါ။

မထောက်ခံတဲ့ ကိစ္စနဲ့ပတ်သက်လို့ သူ့သဘောထားက ဦးသိန်းစိန် အစိုးရဟာ ယူနီဖောင်း မဝတ်ဘဲ အရပ်သား အစိုးရအနေနဲ့ အုပ်ချုပ်နေ သော်လည်းပဲ ဦးဝင်းတင်ရဲ့ အမြင်မှာ ဦးသိန်းစိန် အစိုးရဟာ ဘယ်လိုပုံစံ ပြောင်းသည် ဖြစ်စေ စစ်အစိုးရမို့ မူအရ မထောက်ခံခြင်း ဖြစ်ပါတယ်။ ဘယ် လောက်အထိ စိတ်ဓာတ်တင်းမာသလဲ ဆိုရင် ထောင်ဝတ်စုံဖြစ်တဲ့ အပြာ ရောင် ဝတ်စုံကို သူ ကွယ်လွန်တဲ့အထိ တစိုက်မတ်မတ် ဝတ်ခဲ့တာပါ။ သူ တရား ထောင်ချခြင်း ခံရတာကို အာခံတဲ့ သဘောထားကို ဖော်ပြတဲ့ သင်္ကေတပါ။

"ဦးဝင်းတင် ဖောင်ဒေးရှင်း" က ဦးဝင်းတင် အထိမ်းအမှတ် စာအုပ် တစ်အုပ် ထွက်မယ်ဆိုတော့ ကျွန်တော်ကလည်း ဦးဝင်းတင်ကို ဂုဏ်ပြုတဲ့ ဆောင်းပါး တစ်စောင်ရေးဖို့ အတွေးပေါက်လာတာနဲ့ ဆောင်းပါး တစ်ပုဒ် ရေးခဲ့ပါတယ်။ ဦးဝင်းတင် အထိမ်းအမှတ် စာအုပ် ထွက်လာတဲ့အခါမှာ ကျွန်တော့် ဆောင်းပါး ပါလာပါတယ်။ အဲဒီဆောင်းပါးကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

တလောက နေပြည်တော်မှာ တွေ့ဆုံခိုက်မှာ ဦးဟံသာမြင့်က ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပါတယ် "အစ်မ၊ ဦးဝင်းတင် ကွယ်လွန်တဲ့ အထိမ်းအမှတ် စာအုပ် ထုတ်ဖို့ အစ်မရဲ့ အမှာစာ ရေးပေးဖို့ မဂ္ဂဇင်း ကော်မတီက တောင်းနေပါတယ်" လို့။

အဲဒီတော့မှ ဦးဝင်းတင် ကွယ်လွန်တာ တစ်နှစ်တောင်ပြည့်တော့ မှာပါလားလို့ သတိရမိလိုက်တယ်။ ကျွန်တော့်မှာလည်း ဦးဝင်းတင်နဲ့ ပတ်သက်လို့ အမှတ်တရလေးတွေ ရှိနေလေတော့ "အဲဒီလို ဆိုရင် ကျွန်တော့်မှာလည်း ဦးဝင်းတင် အကြောင်း ရေးစရာလေးတွေ ရှိတယ်" လို့ ပြောမိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌက "ဒါဆို ကိုဝင်းထိန်လည်း ရေးလေ" လို့ တိုက်တွန်းပါတယ်။ အဲဒီ တွန်းအားကြောင့် ကျွန်တော်နဲ့ ပတ်သက်သမျှ ဦးဝင်းတင် အကြောင်းတွေ ရေးရပါပြီ။

တကယ်တော့ ဦးဝင်းတင်နဲ့ ကျွန်တော်ဟာ NLD ဖွဲ့မှသာ တရင်းတနှီး တွေ့ခဲ့ဖူးတာပါ။ အဲဒီတုန်းက ဦးတင်ဦးက ဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူးက ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပြီး ဦးဝင်းတင်က အတွင်းရေးမှူး၊ ကျွန်တော်ကတော့ ထမင်းအိုးထမ်း ဟင်းအိုးထမ်း ဆို ပါစို့။ အထွေထွေ အတွင်းရေးမှူးရဲ့ရုံးမှာပါ။

ဦးဝင်းတင်က အရင် မန္တလေးက ထုတ်ဝေတဲ့ ဟံသာဝတီ သတင်းစာရဲ့ အယ်ဒီတာချုပ် လုပ်ခဲ့တယ် ဆိုတာလည်း သိပါတယ်။ ကျွန်တော် စစ်ရုံးမှာ နေစဉ်က ဌာနအတွက် ယူတဲ့ သတင်းစာထဲမှာ "ဟံသာဝတီ" သတင်းစာ ပါတယ်လေ။ အစိုးရထုတ် သတင်းစာတွေ ဖြစ်တဲ့ "လုပ်သား ပြည်သူ့ နေ့စဉ်"၊ "ကြေးမုံ"၊ "ဗိုလ်တထောင်" သတင်းစာတွေထက်

"ဟံသာဝတီ" သတင်းစာက ပိုပြီး ထူးခြားမှုရှိတော့ သတင်းစာ ဖတ်မယ်လို့ ကိုင်လိုက်ရင် "ဟံသာဝတီ" သတင်းစာကို အရင်ဆုံး ကောက်ကိုင်လေ့ ရှိတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီ သတင်းစာထဲမှာ အညာဒေသက သတင်းထူးလေးတွေ ပါလေ့ရှိတဲ့အပြင် အဲဒီခေတ် ဖြစ်ရပ်တွေကို သရုပ်ဖော်တဲ့ ကာတွန်းတွေ ပါလေ့ရှိတယ်။ ဒါကြောင့်ပါ။ နောက်မှ ပြန်သုံးသပ်မိတော့ ဦးဝင်းတင်ဟာ အစိုးရထုတ်တဲ့ "မူဝါဒ ဆိုင်ရာ" သတင်းစာတွေမှာတောင် စိတ်ဝင်စားဖို့ကောင်းတဲ့ သတင်းကဏ္ဍတွေကို ကြိုးစား ဖန်တီးနိုင်ခဲ့တာပဲလို့။

NLD ဖွဲ့ပြီး ဦးဝင်းတင်ကို ကျွန်တော် သတိထားခဲ့မိတဲ့ ဖြစ်ရပ်တစ်ခုဟာ အမြဲလိုလို သတိရစရာတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ၁၉၈၉ ခုနှစ် သင်္ကြန်ရက် မတိုင်မီ ရက်လေးတစ်ခုမှာပါ။ အဲဒီတုန်းက NLD အနေနဲ့ "သင်္ကြန် သံချပ် ပြိုင်ပွဲ" လုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ နဝတခေတ် ဖြစ်လေတော့ မြို့နယ် အသီးသီးက သံချပ် အဖွဲ့တွေရဲ့ စာသားတွေကို ဗဟိုက ကြိုးကြပ်ဖို့ ဆုံးဖြတ်ခဲ့ပြီး အဲဒီ ကြိုးကြပ်တဲ့ အဖွဲ့မှာ ဦးကြည်မောင်နဲ့ ဦးဝင်းတင်တို့ ပါပါတယ်။

မြို့နယ်အသီးသီးက သံချပ်ထိုးမယ့် စာသားတွေ CEC ကို ရောက်လာတဲ့အခါ ဒီစာသားတွေမှာ အဲဒီခေတ်က နဝတ အစိုးရနဲ့ တပ်မတော်အပေါ် တိုက်ရိုက် ပုတ်ခတ်တဲ့ စာသားတွေ ပါပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ နောင် နဝတ အစိုးရနဲ့ ဆက်ဆံရေး မထိခိုက်အောင် အချို့ မြို့နယ် သံချပ် အဖွဲ့တွေရဲ့ စာသားတွေကို ဖြင်ဖို့ ဦးကြည်မောင်က တင်ပြပါတယ်။ ဒါကို ဦးဝင်းတင်က ကန့်ကွက်ပါတယ်။ ကန့်ကွက်တာကလည်း ရိုးရိုးကန့်ကွက်တာမျိုး မဟုတ်ဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပါတယ်။ ဒါ့ကြောင့် သံချပ်အဖွဲ့တွေရဲ့ စာသားတွေကို ဖြင်ဖို့၊ တစ်နည်းအားဖြင့် ပြောရရင် ဆင်ဆာလုပ်ဖို့ ကိစ္စ မဖြစ်မြောက်ခဲ့ပါဘူး။ ဒါကြောင့် အဲဒီအချိန်က NLD ရဲ့ သံချပ် ပြိုင်ပွဲဟာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့ပါတယ်။ ရယ်စရာ၊ သရော်စရာ၊ ရင်နင့်စရာ ရသစုံတဲ့ သံချပ် ပြိုင်ပွဲဟာ အထင်ကရ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဘယ်လောက်ထိ အောင်မြင်ခဲ့ပါသလဲဆိုရင် နဝတ အဖွဲ့ သတင်းစာ ရှင်းလင်းပွဲ တစ်ခုမှာ (ဇူလိုင်လထဲမှာပါ) နဝတ အတွင်းရေးမှူး ၁ ဖြစ်သူ ဗိုလ်ချုပ်ခင်ညွန့်က "NLD က လုပ်တဲ့ သကြန် သံချပ် ပြိုင်ပွဲတွေမှာ ပါတဲ့ အကြောင်းအရာတွေဟာ တပ်မတော်ကို ရစရာ မရှိအောင် ပုတ်ခတ်ခဲ့ပါတယ်" လို့ ပြောခဲ့ပါတယ်။

ဒီမှာ ကျွန်တော် သတိထားမိတာက ဦးဝင်းတင်ဟာ သတင်းစာ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်နဲ့ လွတ်လပ်စွာ ရေးသားခွင့် ဆိုတဲ့ Freedom of Speech နဲ့ Freedom of Expression တို့နဲ့ ပတ်သက်ရင် ပြတ်ပြတ်သားသား ရပ်တည်တယ် ဆိုတဲ့ အချက်ပါပဲ။

၁၉၈၉ ခုနှစ်ကျတော့ ကျွန်တော်ရော ဦးဝင်းတင်ပါ ထောင်ထဲ ရောက်သွားကြပါလေရော။ သူက မတ်လလောက်ကတည်းက အဖမ်းခံရတာ။ ကျွန်တော်က ဇူလိုင်လကျမှ။ ထောင်ထဲမှာတော့ သူရော ကျွန်တော့်ကိုပါ တိုက်အသီးသီး လှည့်ပတ်ပို့ပြီး ခဏ ခဏ ပြောင်းခဲ့လေတော့ သူနဲ့က ဆုံလိုက် မဆုံလိုက်ပေါ့။

သူ့ရဲ့ ထောင်ကျပုံ အကြောင်းကိုတော့ "ဘာလဲဟဲ့ လူ့ငရဲ" ဆိုတဲ့ စာအုပ် ဖတ်ဖူးတဲ့သူတိုင်း သိပါတယ်။ ဒါပေမဲ့ အရှင်းဆုံး ဥပမာ ပေးရရင်တော့ အများသိပြီးဖြစ်တဲ့ ကလေးပုံပြင် တစ်ခုမှာ ပါတဲ့ "သိုးငယ်နဲ့ ဝံပုလွေ" ဇာတ်လမ်းအတိုင်းပါပဲ။ "နင်မဟုတ်ရင် နင့်အမေပဲ" ဆိုတဲ့ ဆင်ခြေနဲ့ သူ့ကို ထောင်ချလိုက်တာပါ။ ကျွန်တော့်ကျတော့ ပထမ နှစ်နှစ်နဲ့ ကိုးလမှာ ပုဒ်မ ရှာမရလို့ ပုဒ်မ ၁၀ (က) နဲ့ အချုပ် (ထိန်းသိမ်း) ထားခဲ့ပါတယ်။ အဲဒီခေတ်က ဥပဒေအရ ပုဒ်မ ၁၀ (က) ဆိုရင် သုံးနှစ်ဆို လွှတ်ပေးရမှာပါ။ ဒါပေမဲ့ လွှတ်မပေးချင်တာနဲ့ သုံးနှစ်ပြည့်ခါနီး နှစ်နှစ်နဲ့ ကိုးလ အကြာမှာ ပုဒ်မတစ်ခု ထပ်တပ်ပြီး စစ်ခုံရုံး တင်ပြီး ၁၀ နှစ်လား ခုနစ်နှစ်လား (မမှတ်မိတော့ပါဘူး) ထောင်ဒဏ် ချမှတ်ခံတာပါ။ (နောက်ပိုင်းမှာတော့ ပုဒ်မ ၁၀-က ဆိုရင် ကြမ်းခင်းရေး ခုနစ်နှစ်ပါတဲ့။)

ထောင်ထဲမှာ နေစဉ်မှာလည်း အညှဉ်းဆဲခံရတာတွေ၊ ရေဒီယို နားထောင်မှုနဲ့ နောက်တစ်မှု စွပ်စွဲပြီး ပြစ်ဒဏ် တိုးခဲ့တာတွေ၊ သူ့ကို





လွှတ်တော့မယ်လို့ အကြောင်းပြပြီး ထောင်ဘူးဝကျမှ ပြန်ခေါ်ပြီး ထောင်ထဲ ပြန်ပို့တာတွေကတော့ စစ်အုပ်ချုပ်ရေးရဲ့ အဆိုးဝါးဆုံး မှတ်တိုင်တွေ ဖြစ်ခဲ့ရပါပြီ။ ဒီလို အဆိုးလောကဓံ မျိုးစုံကို ဦးဝင်းတင်ဟာ တစ်စက်လေးမှ မညည်းညူဘဲ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့တာဟာလည်း သူ့ရဲ့ အံ့မခန်း ဂုဏ်ပုဒ်တွေပဲပေါ့။

ထောင်ထဲက အကြောင်းတွေကို ပြန်ရေးပြရရင်တော့ ပြောမဆုံး ပေါင် တောသုံးတောင်လို့ ဆိုရမလိုပါပဲ။ ဒါပေမဲ့ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ကနေ ၁၉၉၇ ဧပြီလဆန်းထိ ကျွန်တော်ဟာ ကွယ်လွန်သူ မုံရွာ ဦးတင် ရွှေနဲ့ တစ်တိုက်တည်း နေခဲ့ရပါတယ်။ အထူးတိုက်မှာပါ။ ထိုစဉ်က အထူးတိုက်ရဲ့ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ ပြစ်ဒဏ်တိုက် တစ်ခုရှိပါတယ်။ အဲဒီမှာပါ။ အခန်းက သုံးခန်းတည်းပါ။ ကျွန်တော့် အခန်းက ၁၊ ဦးတင် ရွှေက အခန်း ၃ မှာပါ။ အခန်း ၂ ကိုတော့ ဘယ်သူမှ မထားပါဘူး။ ထောက်လှမ်းရေး နည်းဗျူဟာအတိုင်း ကျွန်တော်နဲ့ ဦးတင်ရွှေ စကား ပြောရင် ကျယ်ကျယ်ပြောရမှာမို့ သူတို့ ချောင်းပြီး နားထောင်နိုင်အောင် တမင်လွှတ်ထားတာပါ။

ကျွန်တော်တို့ နှစ်ယောက်ကလည်း ထောင်ထဲကျမှ တရင်းတနှီး ဖြစ်ကြရတော့ စကားလက်ဆုံ ပြောလို့မကုန် ဆိုရမှာပါ။ သူနဲ့ ကျွန်တော် တို့ ပြောခဲ့ကြတဲ့ စကားတွေထဲမှာ ဦးဝင်းတင်နဲ့ ပတ်သက်တဲ့ သူ့အမြင် ဟာ မှတ်သားစရာ ကောင်းပါတယ်။ သူက ဦးဝင်းတင်အပြင် ကျွန်တော် တို့ NLD အဖွဲ့ CEC ဟောင်း ရှေ့နေ ဦးထွန်းတင် အကြောင်းလည်း ပါ တယ်။

ဦးထွန်းတင်က ရှေ့နေလောကမှာ ထင်ရှားသူတစ်ဦးပါ။ လုပ်ငန်း အောင်မြင်လို့ ထင်ရှားသူတစ်ဦး ဖြစ်ရုံတင်မက သူ့ဖခင်က အင်္ဂလိပ် လက်ထက် ကတည်းက ထင်ရှား ကျော်ကြားတဲ့ ရှေ့နေတစ်ဦး ဖြစ်ပါ တယ်။ ဦးထွန်းတင်ဟာ ထင်ရှားရုံမက နိုင်ငံရေးမှာလည်း စိတ်ဝင်စားခဲ့ သူ တစ်ဦးပါ။ ဒါ့ကြောင့် ရှစ်လေးလုံး အရေးတော်ပုံမှာ ရှေ့နေများနဲ့အတူ ဆင်နွှဲရင်း NLD ရဲ့ CEC ဖြစ်လာသူ တစ်ဦးပါ။ သူ့ကို ဦးတင်ရွှေက ဘာ ပြောသလဲ ဆိုရင် "ဦးထွန်းတင်က Born Lawyer" လို့ ပြောပါတယ်။ သဘောကတော့ ဦးထွန်းတင်ဟာ မွေးကတည်းက "မင်းတော့ ဘဝမှာ ရှေ့နေအခေနနဲ့ လုပ်စားပေတော့" လို့ ပြောပြီး မွေးလာတာလို့ ပြောပါ တယ်။

ဦးဝင်းတင် အကြောင်းကိုတော့ သူ တက္ကသိုလ်က ဘွဲ့ရပြီး နယ် သာလန် နိုင်ငံမှာ သတင်း ပညာသင် ဘဝမှာကတည်းက မြန်မာပြည်

အကြောင်းကို ရသမျှ စုဆောင်းပြီး ပြည်ပရောက် မြန်မာတွေ အတွက် News Bulletin တစ်ခု ထုတ်ခဲ့တဲ့ အကြောင်းတွေ ပြောရင်းနဲ့ "ဦးဝင်းတင်ကတော့ တကယ့်ကို Born Journalist ဗျ" ပြောခဲ့သူပါ။ သဘောကတော့ မွေးကတည်းက သတင်းစာဆရာ အနေနဲ့ အသက် မွေးမြူဖို့ လူဖြစ်လာတဲ့သူပေါ့။ ဦးတင်ရွှေ မှတ်ချက်ပြုသလို ဦးဝင်းတင် ဟာ သတင်းစာဆရာ တစ်ယောက်အနေနဲ့ အသက်မွေးဝမ်းကျောင်း ပြုဖို့ ပါရမီ ပါလာသူ တစ်ဦးပေါ့။ သို့သော် တကယ့် ဘဝမှာကျတော့ ဦးဝင်းတင်ရဲ့ ဘဝနောက်ဆုံးပိုင်း နှစ်ပေါင်း ၃၀ နီးပါးဟာ နိုင်ငံရေး အကျဉ်းသားဘဝ၊ နိုင်ငံရေးသမားဘဝနဲ့ အချိန်ကုန်ခဲ့တာပါ။

အချိန်တွေက တစ်စ တစ်စ ပြောင်းလဲနေပါပြီ။ NLD ကလည်း ကြားဖြတ် ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရလို့ ဒေါ်အောင်ဆန်း စုကြည် ခေါင်းဆောင်ပြီး လွှတ်တော် တက်နေရပါပြီ။

ဦးဝင်းတင်ကတော့ NLD ပါတီရဲ့ အဓိက သဘောတရားရေး ဆရာကြီး Idiological Leader အနေနဲ့ ဒီလှိုင်း စာစောင်မှာ ပင်တိုင် ဆောင်းပါးတွေနဲ့ သူ့သဘောထားတွေကို မျှဝေနေပါပြီ။

သူ့ရဲ့ ဆောင်းပါးတွေဟာ NLD အဖွဲ့ဝင်တွေသာမက နိုင်ငံရေး စိတ်ပါဝင်စားသူတွေပါ စောင့်ဖတ်ရတဲ့ ဆောင်းပါးတွေ ဖြစ်လာပါတယ်။ သူက ဝေဖန်စရာရှိရင် မညှာမတာ ဝေဖန်ပါတယ်။ အရင်စစ်အစိုးရကို ရော နောက်တက်လာတဲ့ ယူနီဖောင်း ချွတ်တဲ့ ပြည်ခိုင်ဖြိုး အစိုးရကိုပါ မထောက်မညှာ ဝေဖန်နေတာပါ။ သူ့အာဘော်တွေဟာ ရုတ်တရက် ကြည့်ရင် ပြင်းထန်တယ်လို့ ထင်စရာဖြစ်ပေမဲ့ မှန်လွန်းလို့ ဘယ်သူမှ ငြင်းချက်ထုတ်လို့ မရအောင် တင်ပြပုံတွေက နိုင်မာပါတယ်။

တစ်ချိန်တည်းမှာပဲ အဖွဲ့ချုပ်နဲ့ အဖွဲ့ခေါင်းဆောင်တွေကိုလည်း ဝေဖန်လေ့ရှိပါတယ်။ တစ်ခါတစ်ရံ ဥက္ကဋ္ဌဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ကိုပါ ချမ်းသာပေးလေ့ မရှိပါဘူး။ ဝေဖန်လေ့ရှိပါတယ်။ အဲဒါအပြင် တစ်ချက် တစ်ချက်မှာ NLD က ထွက်ချင်တယ်ဆိုတဲ့ စကားသံတွေပါ ကြားလာရပါတယ်။

ကျွန်တော်နဲ့က ဦးဝင်းတင်နဲ့ မကြာ မကြာ တွေ့ဖြစ်ပါတယ်။ သူ့ရဲ့ ဝါအရ လေးစားသမှုနဲ့ အမြဲလိုလို တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ တကူးတက သွားတွေ့ပြီး နိုင်ငံရေး အခြေအနေတွေနဲ့ နောက်ဆုံး သတင်းတွေ အကြောင်း ထင်မြင်ချက် ဖလှယ်ကြပါတယ်။ တကယ် တော့ သူ့ပြဿနာတွေကို ကြားချင်လို့ တမင်သွားတာပါ။ သူနဲ့ တွေ့တိုင်း ပြောဖြစ်တဲ့ စကားတွေအရ ဦးဝင်းတင်က တခြားသူတွေကို ဝေဖန်လေ့ ရှိပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ရင်တော့ ဘယ်တော့မှ မလေးမစား မရှိဘူး။ အမြဲ ဦးစားပေးပြီး အလေးထားနေတာ သတိပြုမိ ပါတယ်။ သူ မကြာ မကြာ ပြောလေ့ပြောထရှိတဲ့ စကားတစ်ခုကတော့ "She is the only hope for the future of our country." ဆိုတာပါပဲ။ သဘောကတော့ "ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်အတွက် သူမသည် သာ တစ်ဦးတည်းသော မျှော်လင့်ချက်" ဆိုတဲ့ အဓိပ္ပာယ်ပါ။

ဦးဝင်းတင်က အဲဒီလို NLD က ထွက်ချင်ကြောင်း ပြောတဲ့အခါ ကျွန်တော်ကတော့ အမြဲ တောင်းပန်ပါတယ်။ NLD မှာ ဦးဝင်းတင်ရဲ့ ကဏ္ဍဟာ အလွန် အရေးပါ အရာရောက်နေတဲ့ အကြောင်းကို နည်း မျိုးစုံနဲ့ ပြောပြီး မထွက်ဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ သူကတော့ ဘာမှ ပြန်မပြောဘဲ သူ့မူအတိုင်း ပြုံးပြီး တုံ့ပြန်လေ့ရှိပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်နဲ့ တွေ့ပြီး အင်တာဗျူးလုပ်တဲ့ နိုင်ငံခြား သတင်းထောက်တစ်ဦးကို NLD အကြောင်း၊ ခေါင်းဆောင်တွေ အကြောင်း ပြောပြရာမှာ ကျွန်တော့်ခေါင်းထဲကို ဝင်လာတဲ့ အကြောင်း အရာ တစ်ခုကို ပြောပြမိပါတယ်။ အဲဒီ အကြောင်းအရာကလည်း ကျွန်တော် ယုံကြည်တဲ့ ဘာသာရေး အမြင်တစ်ခုနဲ့ ပတ်သက်လို့ပါ။ အဲဒီ အမြင်ကတော့...

"ကျွန်တော်တို့ မြန်မာလူမျိုးတွေ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမှာ အခြေခံအားဖြင့် ရတနာသုံးပါး ဆိုတာ ရှိပါတယ်။ အဲဒါတွေကတော့ (၁) ဘုရားရတနာ၊ (၂) တရားရတနာ၊ (၃) သံဃာရတနာတွေပါ။ အဲဒီ လိုပဲ ကျွန်တော်တို့ NLD မှာလည်း ရတနာသုံးပါး ရှိပါတယ်။ အဲဒါတွေက

တော့ (၁) ဒေါ်အောင်ဆန်းစုကြည်၊ (၂) ဦးတင်ဦးနဲ့ (၃) ဦးဝင်းတင်တို့ ဖြစ်ပါတယ်" လို့။

အဲဒီ အင်တာဗျူးကို ဦးဝင်းတင်က ဖတ်လိုက်ရပါတယ်။ ကျွန်တော့်ကိုတော့ တိုက်ရိုက် မတုံ့ပြန်ပါဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ် တစ်ချို့ကိုတော့ သူ့သဘောထား ပြောပါသတဲ့။ သူ့ မှတ်ချက်ကတော့ "ကိုဝင်းထိန်ကတော့ ကျုပ်ကို ချုပ်လိုက်ပြီ" တဲ့။ သဘောကတော့ သူဟာ NLD ရဲ့ အဓိက ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေတာကို ကျွန်တော်က လူသိရှင်ကြား ပြောလိုက်တော့ သူ့မှာ "ထွက်မယ်၊ ထွက်မယ်" လို့ တဖွဖွ အော်လို့ မရတော့ဘူး။ သူ့ကို ချုပ်လိုက်သလို ဖြစ်သွားတယ်နဲ့ တူပါရဲ့။

သူများတွေတော့ မပြောတတ်ဘူး။ ကျွန်တော် သတိပြုမိတာက အဲဒီ အင်တာဗျူးကို ဦးဝင်းတင် ဖတ်ပြီးတဲ့ အချိန်ကစပြီး သူဟာ NLD အဖွဲ့ကနေ ထွက်မယ်ဆိုတဲ့ အသံတွေ တိတ်သွားပါတယ်။ ထွက်မယ်ဆိုတဲ့ စကားသံ မကြားရတော့တာဟာ သူ ကွယ်လွန်တဲ့ အထိပါပဲ။ ဟုတ်တယ်၊ ဦးဝင်းတင်ဟာ ကျွန်တော်တို့ NLD အတွက် ကျွန်တော့် အမြင်မှာ အထူး အလေးထားရမယ့် NLD ရဲ့ ကိုးကွယ်ရာ ရတနာသုံးပါး ထဲက တစ်ပါးလို့ ကျွန်တော် ယုံကြည်မိပါတယ်။

အထက် ဖော်ပြပါ အကြောင်းအရာတွေကတော့ ကျွန်တော် ရေးခဲ့တဲ့ ဆောင်းပါးအတိုင်းပါပဲ။ ဒီလို ရေးရတာလည်း အကြောင်းရှိပါတယ်။ အထက် မှာလည်း ပါတော့ပါခဲ့ပြီးပါပြီ။ ဦးဝင်းတင်ဟာ ယုံကြည်ချက် ခိုင်မာတဲ့ အတွက် ပြောစရာရှိရင် အားမနာဘဲ ပြောရဲတဲ့ ပုဂ္ဂိုလ်ပါ။ ကျွန်တော်တို့ ကြား ဖြတ် ရွေးကောက်ပွဲမှာ ဝင်မယ်လို့ ဆုံးဖြတ်တဲ့အခါမှာ သူ လုံးဝ မကြိုက်ပါ။ မထောက်ခံကြောင်းကိုလည်း လူသိရှင်ကြား ထုတ်ဖော် ပြောခဲ့ပါတယ်။ အဲဒီလို မကျေနပ်မှုတွေ ဖြစ်ပေါ်လာတဲ့အခါတိုင်း "ငါ NLD က ထွက်ချင် တယ်" ဆိုတဲ့ စကားတွေ ပြောလာပါတယ်။

တစ်ဖက်ကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို သူ့ အနေနဲ့ ယုံကြည်တယ်၊ လက်ခံတယ်။ သူနဲ့ တွေ့တဲ့ ပြည်တွင်း/ပြည်ပ

ညွှန်သည်တွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြဖို့ အမြဲ တိုက်တွန်းပါတယ်။ အဲဒီတော့ သူ့မှာက NLD က ထွက်ချင်တယ်လည်း ပြော သေးရဲ့၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်မှုကို ယုံကြည်တယ်လို့လည်း ပြောသေးရဲ့၊ သဘောထားက နှစ်ဖက်ခွနေတာပေါ့။ ဒါ့ကြောင့် ဦးဝင်းတင် မှတ်ချက်ချသလို "သူ့ကို ချုပ်လိုက်တာ" တော့ မဟုတ်ပါဘူး။ NLD အဖွဲ့ဝင် အများစုရဲ့ ဆန္ဒကို တင်စားတဲ့သဘောနဲ့ ဒီဆောင်းပါးကို ရေးလိုက်ရတာပါ။

ကျွန်တော့် အနေနဲ့ကတော့ ၁၉၈၈ ခုနှစ် ကတည်းက ဒေါ်အောင်ဆန်း စုကြည်ရဲ့ ကိစ္စ အဝဝကို ကူညီဆောင်ရွက်ပေးခဲ့ရတဲ့အခါ တစ်ခါတစ်ရံတော့ သဘော မတွေ့တာလေးတွေ ကြုံခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ့ခေါင်းဆောင်မှုကို ယုံကြည်တဲ့အတွက် သဘောမတူတာတွေကို စိတ်ထဲမှာပဲ ထားပြီး တစ်ခါမှ သဘောထား ကွဲလွဲကြောင်း ထုတ်ဖော် မပြောခဲ့ဘူးပါ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ဦးဝင်းတင်ဟာ နောက်နှစ် အနည်းငယ်အတွင်းမှာ ကွယ်လွန်သွားတဲ့အထိ NLD က ထွက်ချင်တယ် ဆိုတဲ့စကား မပြောတော့ပါ။

(၂၀၁၃ ခုနှစ်၊ မေလခန့်က ထုတ်ဝေခဲ့သော "ဒီလှိုင်း" ဂျာနယ်တွင် ပုံနှိပ် ထုတ်ဝေခဲ့ပြီးသော ဆောင်းပါး။)

*****

## ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) နှင့် ကျွန်တော်

စစ်ရုံးမှာ

ွန်တော်ဟာ ၁၉၆၉ ခုနှစ်မှာ မိခင် တပ်ရင်း သနက ၅ ကနေ ကာကွယ်ရေး ီးချုပ်ရုံး (ကြည်း) တာဝန်ဌာနကို ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရပါ ယ်။ စစ်ဦးစီး အရာရှိ (တတိယတန်း) ရာထူးနဲ့ပါ။ ရောက်ခါစကတော့ ွန်တော်တို့အတွက် ရည်မှန်းတဲ့ ဌာနက ဖွဲ့စည်းပုံ မကျသေးတဲ့ အတွက် က (ကြည်း) တာဝန်ဌာနမှာ တွဲဖက်ထားခဲ့ပါတယ်။

ရောက်စက ကက (ကြည်း) မှာ ဌာန နှစ်ခုပဲ ရှိပါတယ်။ စစ်ဆင်ရေး ာနနဲ့ တာဝန်ဌာနတို့ ဖြစ်ပါတယ်။ ၁၉၇၁ ခုနှစ်လောက်ကျတော့ ဌာန နှစ်ခု ိုးခဲ့ပါတယ်။ စီမံရေး ဌာနနဲ့ သုတေသန ဌာနတို့ပါ။ အခုနောက်ပိုင်း တပ် ော်ကို အများကြီး တိုးချဲ့လာတော့ ဒီလို ဌာနတွေတော့ ရှိဦးမှာပါ။ ဒါ ေမဲ့ တိုးလာတဲ့ ဌာနတွေလည်း အများကြီး ရှိတယ်လို့ ကြားသိရပါတယ်။

ကျွန်တော် စစ်ရုံးကို ရောက်ခါစက စစ်ဆင်ရေး ဌာနရဲ့ ဂို-ဝမ်းက ်လ်မှူးကြီး လှထွန်း (နောင် ဆောက်လုပ်ရေးဝန်ကြီး) နဲ့ ာဝန် ဌာနမှာ ဂို-ဝမ်းက ဒုဗိုလ်မှူးကြီး ကျော်ငြိမ်း (နောင် ပညာရေးဝန်ကြီး- ယ်လွှန်) တို့ ဖြစ်ပါတယ်။

ကကး (ကြည်း) ကို ရောက်လာတဲ့ ဗိုလ်မှူးတွေ၊ ဒုဗိုလ်မှူးကြီးတွေဟာ ်မတော်ရဲ့ လက်ရွေးစင် အဆင့်လို့ မပြောကြသော်လည်း ပြောဘိသကဲ့ ့ အရည်အသွေးမြင့်တဲ့ အရာရှိကြီးတွေပါ။ ဒါ့ကြောင့် ဒီဌာနတွေမှာ ဂို-ဝမ်း ်သွားတဲ့ အရာရှိတွေဟာ နောင်မှာ အဆင့်မြင့် ရာထူးတွေအထိ ရောက် ွားခဲ့တတ်ကြပါတယ်။

ဥပမာ- စစ်ဆင်ရေး ဌာနက ဒုဗိုလ်မှူးကြီး လှထွန်း ဆိုရင် နောင်မှာ

ဆောက်လုပ်ရေး ဝန်ကြီးအထိ ဖြစ်လာပါတယ်။ ဒုတိယ ဗိုလ်မှူးကြီး လှဦး ဆိုရင် နောင်မှာ ပြည်သူ့ညှပေဒ အကျိုးဆောင် အဖွဲ့ (လို့ ထင်ပါတယ်)၊ ဒုတိယ ဗိုလ်မှူးကြီး အောင်ဝင်း ဆိုရင် နောင်မှာ ဒုတိယဝန်ကြီး အဖြစ် အငြိမ်းစား ယူသွားခဲ့ပါတယ်။ ကာက (ကြည်း) က ဌာန လေးခုမှာ ဂျီ-ဝမ်းအဖြစ်နဲ့ ရောက်လာခဲ့ရင် အလွန်ဆုံး နေရမှ သုံးနှစ်ပါ။ နောက်တစ်ဆင့် ဗိုလ်မှူးကြီး ရာထူးကို ပြောင်းလဲ တိုးမြှင့်ခံရတဲ့သူတွေချည်းပါပဲ။ အထူးသဖြင့် ကာက (ကြည်း) စစ်ဆင်ရေး ဌာနက ဂျီ-ဝမ်းဟာ စစ်ရုံးမှာ ဩဇာအရှိဆုံးလို့ ဆိုရင် မမှားပါဘူး။

## ကာက (ကြည်း) စစ်ဆင်ရေးသို့ နောက်တစ်ခေါက်

ဒီလို အနေအထားမှာ ဒုဗိုလ်မှူးကြီး သန်းရွှေဟာ စစ်ဆင်ရေး ဌာနကို ဂျီ-ဝမ်း အဖြစ်နဲ့ ပြောင်းရွှေ့ ရောက်ရှိလာခဲ့ပါတယ်။ သူဟာ ဗိုလ်မှူး ဘဝတုန်းက စစ်ဆင်ရေး ဌာမှာပဲ ဂျီ-တူး အဖြစ်နဲ့ နေခဲ့ဖူးပါတယ်။ အဲဒီတုန်းက စစ်ဆင်ရေး ဌာနာ ဂျီ-တူး သုံးယောက် ရှိပါတယ်၊ ဗိုလ်မှူး ခင်မောင်စိုး၊ သူ့ကို အရော့ အများစုက ကြက်ကုလားလို့ ခေါ်ကြပါတယ်။ သူက ကုလားကပြားရုပ်နဲ့မို့ပါ။ သူ့အပြင် တခြား ဂျီ-တူး တစ်ယောက်တော့ ဗိုလ်မှူး လှမြင့် ဖြစ်ပါတယ်။ ဗိုလ်မှူး ခင်မောင်စိုးကတော့ အင်မတန် သွက်လက် ချက်ချာပါတယ်။ နို ကြောင့်မို့ အဲဒီတုန်းက ဒုချုပ် (ကြည်း) ဖြစ်တဲ့ ဗိုလ်မှူးချုပ် စန်းယုက ပြည် တွင်း ခရီးစဉ်ဆိုရင် အမြဲတမ်း ခေါ်လေ့ရှိပါတယ်။

ဗိုလ်မှူး လှမြင့်နဲ့ ဗိုလ်မှူး သန်းရွှေတို့ကတော့ အနေအေးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နဲ့ တွေ့ဆုံပြီး ဒိတ်ဖြစ်ချွေဖြစ် စကားစမြည် ပြောတဲ့ အဆင့် အင်မတန် နည်းပါတယ်။ မေးထူးခေါ် ပြော အဆင့်ပါပဲ။ နှစ်နှစ်ကျော် လောက် ကြာတဲ့အခါ ဗိုလ်မှူး သန်းရွှေဟာ ရာထူးတိုးပြီး ခလရ ၁ (ဇိန် ကန့်လန့်) ကို တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ ရောက်ရှိခဲ့ပါတယ်။ အဲဒီတုန်းက ခလရ ၁ ဟာ တပ်မ ၈၈ ရဲ့ လက်အောက်ခံ ဖြစ်ပါတယ်။

ခလရ ၁ ဟာ တပ်မ ၈၈ ရဲ့ လက်အောက်ခံတပ် ဖြစ်ပြီး သူ့ရဲ့ ဗျူဟာ မှူးကတော့ ဗိုလ်မှူးကြီး လှဦး ဖြစ်ပါတယ်။ ဗိုလ်မှူးကြီး လှဦးဟာလည်း စစ်ရုံးမှာ ဂျီ-ဝမ်း စစ်ဆင်ရေးကနေပြီး တပ်မ ၈၈ ဗျူဟာမှူး ဖြစ်သွားတာပါ။

ခလရ ၁ ဟာ ဗိုလ်မှူးကြီး လှဦးရဲ့ ဗျူဟာအောက်မှာ စစ်ဆင်ရေး တာဝန်တွေ ထမ်းဆောင်ခဲ့ရပါတယ်။ တိုက်ဆိုင်မှုက ဗိုလ်မှူးကြီး လှဦး စစ်ရုံးမှာ ဂျီ-ဝမ်း ဖြစ်နေစဉ်ကာလက ဗိုလ်မှူး သန်းရွှေဟာ အဲဒီဌာနက ဂျီ-တူးပါ။ စစ်ရုံးက ဆရာတပည့် နေခဲ့တဲ့ ပုံစံမျိုးပဲ တပ်မ ၈၈ ကျတော့လည်း ဆရာတပည့် ပုံစံမျိုး ဖြစ်ခဲ့ပါတယ်။

တပ်ရင်းမှူး ဗိုလ်မှူး သန်းရွှေရဲ့ လက်ထက်မှာ ခလရ ၁ ရဲ့ Performance ဟာ သာမန် အဆင့်ပဲ ရှိပါတယ်။ ရံဖန်ရံခါ ရည်မှန်းချက်ကို သတ်မှတ်ထားတဲ့ အချိန်အတိုင်း မရောက်ခဲ့တာတွေလည်း ကြားခဲ့ရပါတယ်။ ဒါပေမဲ့ ဆိုးဝါးတဲ့ အခြေအနေမျိုး ကြုံခဲ့ရဖူးတယ်လို့ မကြားခဲ့ရပါဘူး။ ဗျူဟာမှူး ဗိုလ်မှူးကြီး လှဦးရဲ့ စောင့်ရှောက်မှုကိုလည်း မကြာ မကြာ ရခဲ့တယ်လို့ သိရပါတယ်။

အဲဒီလိုနဲ့ ဗိုလ်မှူး သန်းရွှေဟာ ဒုတိယ ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးပြီး မကြာခင်မှာ စစ်ရုံးကို စစ်ဆင်ရေး ဂျီ-ဝမ်းအဖြစ် ပြောင်းရွှေ့ ရောက်ရှိလာပါတယ်။

## တပ်မတော် စိတ်ဓာတ်စစ်ဆင်ရေး ဌာန

ကမ္ဘာအရပ်ရပ်က တပ်မတော်တိုင်းမှာ စိတ်ဓာတ်စစ်ဆင်ရေးလို့ပဲ ခေါ်ခေါ်၊ ဝါဒ ဖြန့်ချိရေးလို့ပဲ ခေါ်ခေါ် အတိုကောက် Psy-war ဗမာလို "ဆိုင်ဝါး" လို့ ခေါ်တဲ့ ဌာနတွေ ရှိကြပါတယ်။ ဒီဌာနရဲ့ အဓိက လုပ်ငန်းကတော့ မိမိနိုင်ငံရဲ့ မူဝါဒတွေကို အကောင်းဘက်က ဖြန့်ချိပြီး မိမိ တပ်မတော်သားတွေရဲ့ စိတ်ဓာတ် ခွန်အားတွေ တိုးတက်လာအောင် လုပ်ရတဲ့ ဌာနပါ။ တရွက်စာတမ်းတွေနဲ့ ရေးသားဖြန့်ချိရတာမျိုး၊ နယ်လှည့် အကအဖွဲ့တွေနဲ့ ဖြေဖျော်ရတာမျိုး၊ ရုပ်ရှင်တွေရိုက်ပြီး လှည့်လည် ပြသရတာမျိုးတွေ ရှိခဲ့ပါတယ်။

နောင်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလို့ ဖြစ်လာမယ့် ပုဂ္ဂိုလ်ဟာ မူလ ပထမ စစ်ရုံးကို ရောက်တဲ့ အခါ အဲဒီ ဆိုင်ဝါး ဌာနမှာ တာဝန်ကျခဲ့ဖူးပါသတဲ့။ အဲဒီလို တာဝန်ကျခဲ့ဖူးတဲ့ အချိန်မှာက သူနဲ့အတူ နောင် လမ်းစဉ်ပါတီ ဖွဲ့တော့ "အညမည သဘောတရား" ကို ဒိုင်ခံရေးခဲ့တဲ့ ဦးချစ်လှိုင်လည်း အရပ်

သား အရာရှိ အနေနဲ့ ရှိနေခဲ့ပါသတဲ့။ နောင်မှာ ရုပ်ရှင်မင်းသားတွေအဖြစ် နာမည်ကြီးလာတဲ့ (ဗိုလ်မှူး) ဝင်းကို၊ (ဗိုလ်ကြီး) မောင်မောင်တာတို့လည်း အဲဒီ ဌာနကပါတဲ့။ ဗိုလ်ကြီး သန်းရွှေနဲ့ ဆုံဖြစ်သလား ဆိုတာတော့ ကျွန်တော် မသိပါ။

ဒါပေမဲ့ ကျွန်တော် သေချာပေါက် ခန့်မှန်းနိုင်တဲ့ ကိစ္စကတော့ တပ်မတော် အိမ်စောင့် အစိုးရ ကာလ (၁၉၅၈-၆၀) မှာတော့ အဲဒီ ဌာနမှာပဲ ရှိမယ်လို့ ယူဆရပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်းက အဲဒီကာလမှာ "ကြံ့ခိုင်ရေး အသင်းကြီး" ကို ဖွဲ့စည်း တည်ထောင်ခဲ့ပါတယ်။ အဲဒီအသင်းကြီးကို ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်က နောင်တစ်ချိန်မှာ အခြေအနေ ပေးခဲ့ရင် တပ်မတော်ရဲ့ နိုင်ငံရေး အင်အားစုတစ်ရပ် ဖြစ်လာဖို့ ရည်ရွယ်ရင်းရှိပါတယ်။

ဒါပေမဲ့ ရွေးကောက်ပွဲမှာ ဦးနုရဲ့ ပြည်ထောင်စု ပါတီက အပြတ်အသတ် နိုင်သွားလို့ ဦးနု အစိုးရ အာဏာရလာတဲ့အခါမှာ အဲဒီ ကြံ့ခိုင်ရေး အသင်းကြီးဟာ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီတုန်းက ကြံ့ခိုင်ရေး အသင်းရဲ့ သင်္ကေတဟာ လည်ဆံမွေးဖွားဖွား ပါတဲ့ အာဇာနည် ခြင်္သေ့ ပုံစံနဲ့ပါ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အထွတ်အထိပ် ရောက်လာတဲ့ အခါမှာလည်း အဲဒီတုန်းက ဖွဲ့ခဲ့တဲ့အတိုင်း "ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း" ကို ဖွဲ့စည်း တည်ထောင်ခဲ့ပါတယ်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဖွဲ့စည်းခဲ့တဲ့ နဝတခေတ် ကြံ့ခိုင်ရေးအဖွဲ့ အသင်းကြီးရဲ့ သင်္ကေတကတော့ ဘုရားတွေရှေ့မှာ မြင်ရလေ့ရှိတဲ့ ခြင်္သေ့ ရုပ်ပါ။ ဗိုလ်ချုပ်ကြီး နေဝင်းခေတ်က ကြံ့ခိုင်ရေးနဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တည်ထောင်တဲ့ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေဟာ အတူတူလောက်ရှိပါတယ်။ ဒီအသင်းကို ဖွဲ့တဲ့အခါ အကောင်အထည် ဖော်ရမယ့် လုပ်ငန်းစဉ် အားလုံးကို ဗိုလ်ချုပ်မှူးကြီး သန်း၄၅ ရ သူ ငယ်ငယ်က စစ်ရုံးရဲ့ ဆိုင်ဝါး ဌာနမှာ နေစဉ်က ရခဲ့တဲ့ အသိဉာဏ် ဗဟုသုတ တွေကို အခြေခံ ဖွဲ့စည်းခဲ့တယ်လို့ ပြောနိုင်ပါတယ်။

**စိတ်ဓာတ်စစ်ဆင်ရေးဌာန**

ကျွန်တော်တို့ ဌာနကို စတင် ဖွဲ့စည်းတော့ သာမန် အသုံးစရိတ်တွေကိုတော့

တခြား ကက (ကြည်း) ဌာနတွေအတိုင်းပါပဲ။ သို့သော်လည်း တခြားဌာနတွေနဲ့ မတူတဲ့ ထူးခြားချက်က နိုင်ငံခြားသုံးငွေ FE ဒေါ်လာ သောင်းဂဏန်းအထိ ဘတ်ဂျက် ခွင့်ပြုငွေ ရှိခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ ဌာနမှာ ပြည်တွင်းရေးရာနဲ့ ပြည်ပရေးရာ ဌာနစိတ် နှစ်ခု ရှိပါတယ်။ ပြည်ပရေးရာ ဌာနစိတ်ကနေနဲ့ လိုအပ်မယ်ထင်တဲ့ စာအုပ်တွေ၊ ဥပမာ- Time/ Newsweek/ Economist ဆိုတဲ့ အပတ်စဉ် ဂျာနယ်တွေတင်မကဘူး။ Bangkok Post/ စင်ကာပူနိုင်ငံက ထုတ်တဲ့ Strait Times ဆိုတဲ့ နေ့စဉ် နိုင်ငံခြား သတင်းစာတွေပါ ပြည်ပ စစ်သံရုံးက တစ်ဆင့် ဝယ်ယူခဲ့ပါတယ်။

## လေးလပတ် စစ်ဆင်ရေးများ

တိုင်းမှူး၊ တပ်မှူးများအပြင် စစ်ရုံးက ကြည်း၊ ရေ၊ လေ ဒုချုပ်များ၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်၊ လေ့ကျင့်ရေး ညွှန်ကြားရေးမှူး၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး စတဲ့ ဌာနကြီးမှူးတွေ ပါတဲ့ အစည်းအဝေးဟာ လေးလတစ်ကြိမ် ကျင်းပတဲ့အတွက် လေးလပတ် အစည်းအဝေး ဆိုပြီး နာမည်တွင်နေခဲ့ပါတယ်။ အဲဒီ အစည်းအဝေးမှာ စစ်ဆင်ရေးက ဦးစီး(တ) များနဲ့ ကျွန်တော်တို့ တက်ရောက်ပြီး မှတ်တမ်း ပြုစုရပါတယ်။ အဲဒီအချိန်ခါကျရင် ဂျီ-ဝမ်းများနဲ့လည်း မကြာခဏ ဆုံဆည်းရပါတယ်။

အဲဒီလို အစည်းအဝေးမျိုးက တစ်ကြိမ်မှာ နှစ်ရက်တိုင်တိုင် ကြာတတ်ပြီး အစည်းအဝေး ပြီးရင် တပ်မတော်ပိုင် အဆောက်အအုံဖြစ်တဲ့ အမှတ် ၁၄ အင်းလျားလမ်းမှာ ညစာစားပွဲ ရှိတတ်ပါတယ်။ အဲဒီ ညစာစားပွဲတွေမှာ ဇနီးသည်တွေ မပါပါဘူး။ ဦးစီးချုပ်နဲ့ ဒုချုပ်တွေလည်း တက်ခဲ့ပါတယ်။ Col. G.S. ခေါင်းဆောင်ပြီး လုပ်ခဲ့တာ များပါတယ်။ ကျွန်တော်တို့လည်း တက်ရောက်ခဲ့ရပေမဲ့ ဂျီ-ဝမ်းတွေရဲ့ ဝိုင်းနဲ့ အလှမ်းဝေးတဲ့အတွက် ရင်းနှီးတဲ့ အဆင့် မရောက်ခဲ့ပါဘူး။

သူ့ စစ်ဆင်ရေး ဂျီ-ဝမ်း ဖြစ်စဉ်က ထူးခြားချက် တစ်ခု ရှိပါတယ်။ ဒါက ဘာလဲ ဆိုတော့ နေ့လယ်စာ စားပြီး ခဏနားတဲ့ အချိန်မှာ ဒုတိယ ဗိုလ်မှူးကြီး သန်းရွှေဟာ ကျွန်တော်တို့ ဌာနကို လာပြီး အင်္ဂလိပ် ဘာသာနဲ့

ရေးထားတဲ့ သတင်းစာ/ဂျာနယ်တွေကို လာဖတ်လေ့ရှိပါတယ်။ အဲဒီလို ဖတ်တဲ့အခါမှာ ကျွန်တော်တို့ ဂို-သရီးတွေရဲ့ စားပွဲတွေကို ဖြတ်သွားရတဲ့အခါမှာတော့ ခရီးသွားဟန်လွှဲ နှုတ်ဆက်လေ့ရှိပါတယ်။ စကားပြောတဲ့ အဆင့်ထိ မရောက်ခဲ့ပါ။

အလားတူပဲ၊ သူ ဂျာနယ်တွေ ဖတ်တဲ့ အခန်းမှာ ရှိနေတဲ့ ကျွန်တော်တို့ ဌာနက ဂို-တူးတွေကိုလည်း နှုတ်ဆက် စကားပြောရုံ ပြောပြီး စကားအဝိုပြောလေ့မရှိပါ။ ဒါကြောင့် ဒုတိယ ဗိုလ်မှူးကြီး သန်းရွှေဟာ ဘယ်လို လူစားလဲလို့ အကဲမခတ်နိုင်ခဲ့သလို၊ သူ့စိတ်နေသဘာဝ အတိမ်အနက်ကိုလည်း မခန့်မှန်းနိုင်ခဲ့ပါ။

## အဆင့်မြင့် ရာထူးများ

၁၉၇၇ ခုနှစ်မှာ ကျွန်တော် တပ်မတော်က နုတ်ထွက်ခဲ့ပြီး တပ်မတော်နဲ့ အလှမ်းဝေးသွားခဲ့ပါတယ်။ ဒုတိယ ဗိုလ်မှူးကြီး သန်းရွှေဟာလည်း ဗျူဟာမှူး/ ဗိုလ်မှူးကြီး အဆင့်ထိ တိုးမြှင့်ခံရပြီး စစ်ရုံးက ပြောင်းသွားခဲ့တာ ကြားသိရပါတယ်။ ဗျူဟာမှူးဘဝနဲ့ ကြာတဲ့အခါ တပ်မ ၈၈ ကျိုင်းတုံမှာ အခြေပြုပြီး ဗကပတွေနဲ့ ရင်ဆိုင်ခဲ့ရတယ် ဆိုတာ ကြားသိခဲ့ပါတယ်။ တကယ်တော့ သူဟာ တပ်မမှူးဖြစ်ခဲ့တာ နည်းနည်း အချိန်စောသွားသလိုပါပဲ။

ဘာ့ကြောင့်လဲဆိုတော့ သူ့အရင် တပ်မမှူးဖြစ်တဲ့ ပုဂ္ဂိုလ်က ရန်သူ ဗကပတွေရဲ့ ဖိအားပေး တိုက်ခိုက်မှုတွေ ဖြစ်လာတဲ့ အချိန်မှာ သူဟာ အစိတ္တာနုဝင် ပုတီးစိတ်နေလို့ ခေါ်လို့ မရ၊ အော်လို့ မရ၊ သတင်းပို့လို့ မရ ဖြစ်နေခဲ့တာကြောင့် အဲဒီပုဂ္ဂိုလ်ကို တခြားဌာနကို ပြောင်းပေးလိုက်ရတဲ့ အတွက် ဗိုလ်မှူးကြီး သန်းရွှေဟာ တပ်မမှူးအဖြစ် စောပြီး တာဝန် ယူဆောင်ခဲ့ရပါတယ်။

## ဒုချုပ် အပြောင်းအလဲ

အဲဒီအချိန်မှာ တပ်မတော် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ

ချုပ်ကြီး ထွန်းရီကို တပ်မတော်ကာနေပြီး နိုင်ငံတော်ကောင်စီဝင်အဖြစ် တိုးမြှင့် ခန့်အပ်လိုက်ပါတယ်။ လစ်လပ်သွားတဲ့ ဒုချုပ်ရာထူးနဲ့ သင့်လျော်မယ့် တပ်မတော် ခေါင်းဆောင်တွေဆိုပြီး အဲဒီအချိန်တုန်းက ထင်ကြေးပေးခံ နေရတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဥပမာ- ဗိုလ်ချုပ် လှဦး၊ ဗိုလ်ချုပ် ခင်မောင် ကျော်၊ ဗိုလ်ချုပ် ဖေမြင့် စတဲ့ ပုဂ္ဂိုလ်တွေပါ။ ဒါပေမဲ့ ဘယ်သူကမှ၊ ဘယ်တုန်း ကမှ မမျှော်မှန်းထားတဲ့ နတခ တိုင်းမှူး ဗိုလ်မှူးချုပ် စောမောင်ကို ဒုချုပ် အဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်ပါတယ်။

ဒီအပြောင်းအလဲဟာ တပ်မတော်အတွက်ကော၊ တိုင်းပြည်အတွက်ပါ နောင်အနာဂတ်မှာ အရေးပါတဲ့ အပြောင်းအလဲ တစ်ခုဖြစ်ပါတယ်။ အပေါ်မှာ ရေးပြခဲ့တဲ့ ဗိုလ်ချုပ်တွေဟာ အခြားသူတွေနဲ့စာရင် လက်ရုံးရည် ရော၊ နှလုံးရည်ပါ ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေပါ။ ကျွန်တော် ကိုယ်တိုင်လည်း အဲဒီ ပုဂ္ဂိုလ်တွေနဲ့ အကျွမ်းတဝင်ရှိတဲ့အတွက် လစ်လပ်သွားတဲ့ ဒုချုပ်ရာထူးကို သူတို့ထဲက တစ်ယောက်ယောက် ရမယ် ထင်ခဲ့တာပါ။

ဒါပေမဲ့ ဗိုလ်မှူးချုပ် စောမောင်ကို ဒုချုပ်အဖြစ် ခန့်အပ်ခြင်းခံရတော့ အပြင်ကို ရောက်နေတဲ့ ကျွန်တော်တောင် အံ့အားသင့်သွားခဲ့ရပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော့် စိတ်ထဲမှာ ပေါ်လာတဲ့အတွေးက ဦးနေဝင်းဟာ ဆင်ခြင် တွေးတောဉာဏ် မြင့်မားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ရွေးတာထက် သူ ပေးသမျှ အမိန့်ကို တသွေမတိမ်း လိုက်နာမယ့်သူကို ရွေးလိုက်တာပဲလို့ ကျွန်တော် ခန့်မှန်းမိခဲ့ပါတယ်။

## အဖြူရောင် နယ်မြေ

အကျိုးဆက်အဖြစ် တပ်မ ၈၈ တပ်မမှူး ဗိုလ်မှူးကြီး သန်းရွှေဟာ အနောက် တောင်တိုင်း စစ်ဌာနချုပ် (နတခ) ပုသိမ်မြို့ကို ပြောင်းရွှေ့ ရောက်ရှိခဲ့ပါတော့ တယ်။ ထိုစဉ်က လမ်းစဉ်ပါတီ အစိုးရရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်းမှူး တာဝန် ပေးအပ်ခြင်း ခံရတဲ့ပုဂ္ဂိုလ်ဟာ သူ့တိုင်းရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ကိစ္စအဝဝ အားလုံးကို တာဝန်ယူရပါတယ်။ စစ်ရေးကျတော့ ဧရာဝတီတိုင်း တစ်တိုင်းလုံး အဖြူရောင် ငြိမ်းချမ်းရေး နယ်မြေ ဖြစ်နေခဲ့တာ

၁၀ စုနှစ် တစ်ခုကျော်ခဲ့ပါပြီ။

ဒါကြောင့် သူ့နယ်မြေက တပ်တွေဟာ စည်းရုံးရေးနဲ့ လေ့ကျင့်ရေး ကိစ္စတွေ အပြင် ကချင် ပြည်နယ် (မြောက်ပိုင်းတိုင်း) နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း (ရမခတိုင်း) တို့ကို အငှားလိုက် စစ်ဆင်ရေး သွားရလေ့ရှိပါတယ်။ တိုင်းမှူးတစ်ယောက်အနေနဲ့ ဧရာဝတီတိုင်းက စစ်ရေးကိစ္စတွေနဲ့ ပတ်သတ် လို့ ဘာမှ ခေါင်းခဲစရာ ပြဿနာတွေ မပေါ်တော့ဘူးပေါ့။

အဲဒီအချိန်မှာ ကျွန်တော်က ပြင်ပ စီးပွားရေး နယ်ပယ်ထဲကို ဝင်နေပါပြီ။ လမ်းစဉ်ပါတီ လက်ထက်မှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေ ခွင့်မပြုတဲ့ကြား က ဆီလို အပေါက်ရှာပြီး စီးပွားရေးအောင်မြင်အောင် ကြိုးစားနေဆဲကာလပါ။ စီးပွားရေး လုပ်ရင်းနဲ့ တပ်ထဲက မိတ်ဆွေတွေနဲ့လည်း တွေ့လေ့ရှိပါတယ်။ သူတို့နဲ့ တွေ့တဲ့အခါ နတခမှာ ရောက်နေတဲ့ မိတ်ဆွေအချို့နဲ့လည်း တွေ့ရတတ်ပါတယ်။ အဲဒီအခါကျရင် ကျွန်တော်က "ဟေ့... မင်းတို့ နတခ တိုင်းမှူးကြီး ဘာတွေ လုပ်နေလဲကွ၊ စစ်ဆင်ရေးတွေလည်း မရှိတော့ ဟန် ကျနေမှာပေါ့" လို့ မေးလေ့ရှိပါတယ်။ သူတို့အပြောကတော့ "တိုင်းမှူးကြီး ကတော့ စာတွေ လိုမ့်ဖတ်နေတာပဲ၊ ဘာတွေ ဖတ်နေလဲတော့ မသိဘူး" လို့ ပြန်ဖြေလေ့ရှိကြပါတယ်။

အဲဒီတုန်းက နတခမှာ ဗိုလ်မှူးချုပ် ကျော်တင့်က ဒုတိုင်းမှူးပါ။ ကျွန် တော် သနက ၅ မှာ ရှိစဉ်က သူက တပ်ရင်းတပ်ထောက် တာဝန် ထမ်းဆောင် တဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူ ပြောင်းရွှေ့သွားတော့ ဗိုလ်မှူးချုပ် မောင်ညို (DSA - ၇) က ဒု တိုင်းမှူးပါ။ နောက်ဗျူဟာမှူး တစ်ယောက် ရှိပါသေးတယ်။ သူကတော့ ဗိုလ်မှူးကြီး ဝင်းလှိုင် (DSA - ၆၊ ကွယ်လွန်) ဖြစ်ပါတယ်။ ဗိုလ်မှူး ချုပ် ကျော်တင့် ဒုတိုင်းမှူး ဖြစ်စဉ်တုန်းက ပြောစမှတ်ပြုရမယ့် ကိစ္စလေး တစ်ခု ဖြစ်ပွားခဲ့ပါတယ်။

## သမ္မတကတော် ဒေါ်သန်းရှိန်ရဲ့ ဓရိုးစဉ်

ဦးသန်းရွှေ တိုင်းမှူးဘဝမှာ နိုင်ငံတော် သမ္မတ ဦးစန်းယု ကတော် ဒေါ်သန်း ရှိန်က နောက်တော်ပါ ခြွေရံသင်းပင်းတွေနဲ့အတူ ပုသိမ် မော်တင်စွန်း ဘုရား

ဖြစ်လာမယ်လို့ သတင်းရပါတယ်။ ဒါကြောင့် သမ္မတကတော်နဲ့ အဖွဲ့ကို ကြိုဆိုရေး၊ ညွှန်ကြား ကျွေးမွေးရေး လုပ်ဖို့ အစီအစဉ်တွေကို ဆောင်ရွက်ဖို့ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်တင့် (ကွယ်လွန်) ကို တိုင်းမှူးက တာဝန်ပေးခဲ့ပါတယ်။ ကိုကျော်တင့်က အလုပ် လုပ်ရာမှာ စေ့စပ် သေချာတဲ့သူပါ။ ကျွန်တော်နဲ့ တစ်တပ်တည်း နေခဲ့ဖူးလို့ သိရတာပါ။

ဒုတိုင်းမှူးကလည်း သမ္မတကတော် ခရီးစဉ်နဲ့ ပတ်သက်လို့ တော်မတီအဖွဲ့ခွဲလေးတွေ ဖွဲ့ပြီး တာဝန်အသီးသီး သတ်မှတ်ပါတယ်။ သမ္မတကတော်နဲ့ အဖွဲ့ ရောဝတီတိုင်းကို ဝင်ရောက်တဲ့ အချိန်ကစပြီး ဘုရားဖူး ခရီးစဉ် ပြီးလို့ တိုင်းနယ်နိမိတ်က ထွက်သွားတဲ့အထိ အသေးစိတ် အစီအစဉ်တွေပေါ့။ အဲဒီလို ဖွဲ့ပြီးတဲ့အခါ တိုင်းမှူးကတော်ကို ခရီးစဉ် တစ်ခုလုံးရဲ့ ဥက္ကဋ္ဌအဖြစ် သတ်မှတ်ပြီး အစီအစဉ်တွေ ပြီးပြတ်တဲ့အခါ တိုင်းမှူးကို တင်ပြပါတယ်။

တိုင်းမှူးက အစီအစဉ်တွေကို ဖတ်ရှုပြီးတဲ့အခါ သူ့ဇနီးကို ဥက္ကဋ္ဌပေးတဲ့ အစီအစဉ်ကို သဘောမတူပါဘူး။ "သူနဲ့တော့ ဖြစ်မှာ မဟုတ်ပါဘူး" ဆိုတဲ့ ဟတ်ချက်နဲ့ ဘာတာဝန်မှ မပေးဘဲ သမ္မတကတော် ရောက်ခါမှာ ကြိုဆို နှုတ်ဆက်တာမျိုးနဲ့ ပြန်ခါနီးမှာ လက်ဆောင်ပေးပြီး နှုတ်ဆက်တာမျိုးပဲ လုပ်ဖို့ ပြောပါသတဲ့။ အဲဒီတော့ ခရီးစဉ် ကြိုဆို ညွှန်ကြားရေး ဥက္ကဋ္ဌအဖြစ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်တင့် ကတော် ဒေါ်ဝင်း (ကျွန်တော်တို့အခေါ်) ကပဲ တာဝန်ယူစေပါတယ်။

အဲဒီကိစ္စ ပေါ်လာမှပဲ လက်အောက် အရာရှိတွေဟာ တိုင်းမှူးနဲ့ သူ့ဇနီး တို့ရဲ့ ဆက်ဆံရေး အခြေအနေတွေကို နားလည် သဘောပေါက်သွားကြပါ သတဲ့။ ဒါကြောင့်မို့လို့ တိုင်းမှူးဟာ သူ့ရုံးခန်းထဲမှာ ရုံးချိန်ကုန်လို့ အချိန် ကြာကြာအထိ ထိုင်ပြီး စာဖတ်နေတာ၊ အိမ်ကို အမြဲလိုလို နောက်ကျမှ ပြန် တာတွေကိုလည်း သဘောပေါက်လာကြပါသတဲ့။ တစ်ခါတလေ တိုင်းမှူးက "အိမ်ပြန်ရင် ပြဿနာတွေ ရှုပ်တယ်၊ စိတ်ညစ်ရတွေ များတယ်" ဆိုတဲ့ ညတ်ချက်ကိုလည်း ကြားရလေ့ရှိပါသတဲ့။

တိုင်းမှူးအနေနဲ့ စစ်ဆင်ရေး ကိစ္စတွေ မရှိတဲ့အတွက် ရံဖန်ရံခါ လူမှုရေး ကိစ္စ၊ စည်းရုံးရေး ကိစ္စတွေကိုတော့ လုပ်ရပါသတဲ့။ အလုပ်ဖိအား မများ

တဲ့အတွက် တော်ရုံတန်ရုံကိစ္စ ဆိုရင် ဒုတိုင်းမှူး၊ ဗျူဟာမှူးများနဲ့ ဂို-ဝန်း တို့ကို တာဝန်တွေ ခွဲပေးလေ့ရှိပါသတဲ့။ လမ်းစဉ်ပါတီတော်နဲ့ ပါတီကိစ္စတွေနဲ့ ပတ်သက်လို့လည်း လုပ်ရတာတွေ ရှိပေမဲ့ တိုင်းမှူးအနေနဲ့ကတော့ ကိစ္စ အများစုကို အေးအေးဆေးဆေးနဲ့ ဆောင်ရွက်လေ့ရှိပါသတဲ့။

ဥပမာ- တိုင်းအနေနဲ့ စစ်ရုံးနဲ့ ပါတီဌာနချုပ်တို့ကို "လစဉ် စည်းရုံးရေး အစီရင်ခံစာ" ကို အမြဲတမ်း ရေးသား ပြုစု တင်ပြရပါတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်က လစဉ် အစီရင်ခံစာ ပို့ခါနီးမှာ တိုင်းမှူးနဲ့ တွေ့ပြီး ပြီးခဲ့တဲ့လမှာ ဖြစ်ခဲ့တဲ့ စည်းရုံးရေးကိစ္စတွေနဲ့ ပတ်သက်လို့ ဘယ်လိုရေးရမလဲလို့ လာပြီး လမ်းညွှန်ချက် တောင်းလေ့ရှိပါတယ်။ သူ့ရဲ့ လက်သုံးစကားကတော့ "အရင် လက အစီရင်ခံစာကို အခြေခံပြီး ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း ကြည့်ကောင်းအောင် ပြင်ပြီး ရေးလိုက်ကွာ" လို့ ပြောလေ့ရှိပါသတဲ့။ ဒါဟာ သူ့ရဲ့ အလုပ်အပေါ် ခေါင်းအေးအေးထားပြီး လုပ်ဆောင်ခဲ့ပုံကို နမူနာ အဖြစ် သိနိုင်ပါတယ်။

## ရှစ်လေးလုံး အရေးတော်ပုံ

၁၉၈၈ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ အရေးတော်ပုံကြီး ကာလမှာ ဦးနေဝင်းနဲ့ ထိပ်ပိုင်း ခေါင်းဆောင်အချို့ နုတ်ထွက်သွားကြရာမှာ ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်လည်း ပါလာတော့ ဒုတိယ ဗိုလ်ချုပ်ကြီး စောမောင်ဟာ ကာကွယ် ရေး ဦးစီးချုပ် ဖြစ်လာပါတယ်။ အဲဒီအခါမှာ ဒုချုပ်အဖြစ် နတ၁ တိုင်းမှူးဖြစ်တဲ့ သူ့ကို ဦးနေဝင်းက ဒုချုပ် (ကြည်း) ဖြစ်ဖို့ ရွေးချယ်လိုက်ပါတယ်။ အဲဒီတော့ တပ်မတော် အာဏာသိမ်းလို့ ဗိုလ်ချုပ်ကြီး စောမောင် အစိုးရအဖွဲ့ ခေါင်း ဆောင် ဖြစ်လာတဲ့အခါ ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေဟာလည်း နဝထ အစိုးရရဲ့ ဒုတိယ ခေါင်းဆောင် ဖြစ်လာပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ထောက်ပြချင်တဲ့ အချက်တစ်ခု ရှိပါ တယ်။ ဒါက ဘာလည်းဆိုတော့ သူဟာ တပ်မမှူး ဘဝကနေ တိုင်းမှူး ဖြစ် လာတာကလည်း ဦးနေဝင်း ကိုယ်တိုင် ရွေးချယ် တာဝန်ပေးခဲ့တာပါ။ တိုင်းမှူး ဘဝကနေ ဒုချုပ်အဖြစ်ကို ဦးနေဝင်းက ရွေးချယ်လိုက်တာ ဖြစ်ပါ

ပါတယ်။ ဦးနေဝင်းက ဦးသန်းရွှေအပေါ် ကျေးဇူးတရား ကြီးမားပုံကို ထောက်ပြခဲ့တာပါ။

နဝတ အဖွဲ့ရဲ့ အလွန် များပြားတဲ့ တာဝန်ဝတ္တရားတွေကို အကောင်အထည် ဖော်ကြတဲ့ အခါမှာ သူ့ကို စစ်ရေးစစ်ရာ ကိစ္စတွေမှာပဲ တာဝန် ပေးထားတယ်လို့ သိရပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေး ကိစ္စတွေမှာတော့ အစိုးရအဖွဲ့ ခေါင်းဆောင်နဲ့ အတွင်းရေးမှူး ၁ / ၂ တို့ကိုပဲ နိုင်းစေခဲ့တယ်လို့ သိရပါတယ်။ အဲဒီအချိန်ထိ သူ့အနီးအနားမှာ ရှိတဲ့ အရာရှိကြီးတွေကရော၊ ပတ်ဝန်းကျင်က နိုင်ငံရေး အကဲခတ်တဲ့ သူတွေကရော ဗိုလ်ချုပ်ကြီး သန်းရွှေရဲ့ စိတ်နေသဘောထား၊ အရည်အချင်း၊ နိုင်ငံရေး အယူအဆ ဘာတွေရှိတယ် ဆိုတာ ဘယ်သူမှ ခန့်မှန်းလို့ မရကြပါဘူးတဲ့။

ကျွန်တော် စစ်ရုံးမှာ ရှိစဉ်တုန်းက သူ ဒုတိယ ဗိုလ်မှူးကြီးအဖြစ်နဲ့ သူနဲ့ တွေ့ဆုံ ဆက်ဆံဖူးတာတွေရယ်၊ ကျွန်တော်တို့ ဌာနကို လာပြီး မကြာခဏ စာစောင်တွေ ဖတ်စဉ်တုန်းကရယ် ကျွန်တော့်စိတ်မှာ ဖြစ်ပေါ်လာခဲ့တဲ့ စိတ်ခံစားမှုများနဲ့ တစ်ထပ်တည်း နီးပါး တူတယ်လို့ ပြောရမှာပါ။ ဥပမာ ပြောရရင် "လက်သည်းတွေကို ဝှက်ထားတဲ့ ကြောင်တစ်ကောင်" နဲ့ အလားသဏ္ဌာန်တူပါတယ်။

## ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ

၁၈၊ ၁၉၈၈ မှာ နဝတ အစိုးရ တက်လာပါတယ်။ အဲဒီလို တက်လာပြီးတဲ့နောက် ၁၉၉၀ ခုနှစ်၊ မေလမှာ ရွေးကောက်ပွဲ ကျင်းပမယ်လို့ ကြေညာခဲ့ပါတယ်။ သူတို့ အာဏာယူပြီး တစ်နှစ်နဲ့ ရှစ်လမှာပေါ့။ တကယ်လည်း ကျင်းပပေးခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၉၀ ခုနှစ်၊ မေလမှာ ရွေးကောက်ပွဲ ကျင်းပါတဲ့ အချိန်မှာ နိုင်ငံရေးအရ ထူးခြားတဲ့ အချက်နှစ်ချက် ရှိပါတယ်။ ပထမတစ်ချက်ကတော့ NLD ပါတီရဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်အပြင် အရေးကြီးတဲ့ နိုင်ငံရေး အကျဉ်းသားတွေကို ထောင်ထဲမှာ ထည့်ထားခြင်း ဖြစ်ပြီး ဒုတိယ အချက်ကတော့ အဲဒီ ရွေးကောက်ပွဲ ကျင်းပါတဲ့ ကာလမှာ တစ်နိုင်ငံလုံး စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်နေတဲ့ ကာလ ဖြစ်ပါတယ်။

အဲဒီအချိန်မှာတော့ ကျွန်တော်က အင်းစိန်ထောင် အထူးတိုက် ရောက်နေပါပြီ။ ရွေးကောက်ပွဲ မကျင်းပခင်မှာ ကျွန်တော်တို့ ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးမလားလို့ မျှော်လင့်ခဲ့ပါသေးတယ်။ ဒါပေမဲ့ လွှတ်မပေးခဲ့ပါဘူး။ စစ်အုပ်ချုပ်ရေးကိုလည်း ရုပ်သိမ်းမပေးတဲ့ အတွက် ကျွန်တော်က တစ်ဖက်အခန်းမှာ ရှိတဲ့ မင်းကိုနိုင်ကို "ဒီရွေးကောက်ပွဲကတော့ Elections under the guns" လို့ ပြောမိပါသေးတယ်။

အဲဒီရွေးကောက်ပွဲ မတိုင်ခင်မှာတော့ NLD နဲ့ ခေါင်းဆောင်တွေကို အပုပ်ချတဲ့ ဇာတ်လမ်းတွေ၊ ဝေဖန်တဲ့ ဆောင်းပါးတွေဟာ ပလူပျံသလို နဝတ အစိုးရက လုပ်ဆောင်ခဲ့ပါတယ်။ အဓိက လုပ်ဆောင်ခဲ့တဲ့သူကတော့ နာမည်ကျော် အတွင်းရေးမှူး ၁ ဗိုလ်ချုပ် ခင်ညွန့်ပေါ့။ ကျန်တဲ့သူတွေလည်း ပါပါတယ်။ သူတို့ ရည်မှန်းချက်ကတော့ မဲဆန္ဒရှင်တွေဟာ NLD အပေါ်မှာ စိတ်ပျက်ပြီး အဲဒီတုန်းက သူတို့ ထောက်ခံတဲ့ လမ်းစဉ်ပါတီ တစ်ဖြစ်လည်း တစညကို မဲပေးစေချင်လို့ပါ။ အဲဒီတုန်းက ကြံ့ခိုင်ရေး ဆိုတာ မပေါ်သေးဘူးလေ။

တကယ်တော့ သူတို့က အမှတ် မရှိတာပါ။ ၁၉၅၉-၆၀ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်မှာလည်း ဦးဘဆွေနဲ့ ဦးကျော်ငြိမ်းတို့ ခေါင်းဆောင်တဲ့ တည်မြဲ ဖဆပလကို မဲပေးဖို့ တပ်မတော် ခေါင်းဆောင်တွေက နည်းမျိုးစုံနဲ့ မဲဆွယ်ပေးခဲ့ကြတာပါ။ အလွန် အောက်တန်းကျတဲ့ နည်းတွေနဲ့ပါ။ တကယ့် ရွေးကောက်ပွဲလည်းကျရော တပ်မတော် မဲဆွယ်ပေးတဲ့ တည်မြဲ ဖဆပလဟာ ခွက်ခွက်လန်အောင် ရှုံးပြီး တပ်မတော် အပုပ်ချခဲ့တဲ့ ဦးနုရဲ့ သန့်ရှင်း ဖဆပလက အပြတ်အသတ် နိုင်သွားခဲ့ပါတယ်။

## နဝတ ဥပ္ပဒ္ဒ ဖြစ်ပြီ

ဗိုလ်ချုပ်ကြီး စောမောင်ဟာ ပြည်သူအများကို "ရွေးကောက်ပွဲ ပြီးရင် နိုင်တဲ့ ပါတီကို အာဏာ လွှဲပြီး တပ်မတော်ကတော့ Barrack ကိုပဲ ပြန်မယ်" ဆိုတဲ့ ကတိစကားပေးခဲ့ဖူးပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ NLD အပြတ်အသတ် အနိုင်ရတော့ သူက သူ့ကတိအတိုင်း အကောင်အထည်ဖော်ချင်တဲ့

နှ ရှိဟန်တူပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နဝတ အဖွဲ့ဝင်တွေက သဘောမတူ ချ မတူလို့ သိရပါတယ်။ အဲဒီတော့ သူဟာ "မင်းမှာသစ္စာ၊ လူမှာကတိ" ဆိုရိုးစကားမှာ ပါတဲ့အတိုင်း "နိုင်ငံရဲ့ မင်းတစ်ယောက်" အနေနဲ့ သစ္စာလည်း နိုင်တော့ပါဘူး။ "လူသားတစ်ယောက်" အနေနဲ့လည်း သူ့ကတိတွေကို တည်အောင် မလုပ်နိုင်ခဲ့ပါဘူး။

ဒီတော့ သူ့ရဲ့ ဆန္ဒတွေနဲ့ ဖြစ်ပေါ်လာတဲ့ ဘဝအနေအထားတွေ ကိုက်ညီတဲ့ အခါ စိတ်ဖိအား Stress တွေ များလာလို့ထင်ပါရဲ့၊ လုပ်တာကိုင်တာ ပြောတာဆိုတာတွေဟာ မှုမမှန်တော့ဘဲ စိတ်ဖောက်ပြန်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာပါသတဲ့။ ဒီလိုဖြစ်ပါ များလာတဲ့အခါ ကျွန်တော် ကြားသလို င်ပြရမယ်ဆိုရင် "သူနဲ့ ဗိုလ်ချုပ် ခင်ညွန့်" တို့ဟာ မေလမ်းက ဦးနေဝင်း ကို သွားပြီး အခြေအနေတွေ တင်ပြခဲ့ကြပါသတဲ့။ ဦးနေဝင်းက ဖြစ်စဉ် တွေကို နားထောင်ပြီးတော့ ဗိုလ်ချုပ်မှူးကြီး စောမောင်ကို ကျန်းမာရေးအရ နားပေးပြီး သူ့နေရာကို ဗိုလ်ချုပ်ကြီး သန်းရွှေက တာဝန်ယူဖို့အတွက် လမ်းညွှန်ပေးလိုက်ပါသတဲ့။

ဒီလိုနဲ့ ဗိုလ်ချုပ်ကြီး သန်းရွှေဟာ တပ်မတော် ဦးစီးချုပ် ဖြစ်လာတဲ့အပြင် နဝတ အစိုးရအဖွဲ့ရဲ့ ဥက္ကဋ္ဌလည်း ဖြစ်လာခဲ့ပါတယ်။ ဒီမှာလည်း သူ့ကို နဝတ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ရာမှာ ဦးနေဝင်းဟာ အဓိက အဆုံးအဖြတ် ပေးသူတစ်ဦး ဖြစ်တယ်ဆိုတဲ့ အချက်ပါ။ နောက်တစ်ချက်ကတော့ ဦးနေဝင်း ဟာ နဝတ ခေါင်းဆောင်တွေအပေါ်မှာ ၁၉၉၂ ခုနှစ်အထိ ဩဇာ ရှိနေသေး တယ်ဆိုတဲ့ အချက်ဟာလည်း ပေါ်လွင်ခဲ့ပါတယ်။

## ကြောင်လက်သည်းတွေ ထွက်လာပြီ

ဗိုလ်ချုပ်ကြီး သန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်လာပြီ ဆိုတာနဲ့ မရေးမနှောင်းမှာ သူ့ရဲ့ အကွက်လှတဲ့ နိုင်ငံရေး ကစားကွက်တစ်ခု လုပ်လိုက်ပါတယ်။ ဒါက တော့ ကျွန်တော်တို့ နိုင်/ကျူးတွေရဲ့ လောကမှာ တဖွဖွပြောလေ့ရှိတဲ့ "ကြေညာချက် ၁၁/၉၂" ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက နဝတ အစိုးရဟာ ရွေးကောက်ပွဲမှာ ပေးတဲ့ ကတိမတည်တာရယ်၊ နိုင်ငံရေးနဲ့

ပတ်သက်သမျှ ပုဂ္ဂိုလ်တွေကို ရက်ရက်စက်စက် နှိမ်နင်းခဲ့လို့ နိုင်ငံတကာ ဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့ အချိန်ပါ။

၁၁/၉၂ ကြေညာချက်ဟာ နဝတ အစိုးရအတွက် ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် သုံးကောင်လောက်ကို တစ်ပြိုင်နက် ထိမှန်အောင် ပစ်ခဲ့တာပါ။ အဲဒီ ကြေညာချက်အရ ထောင်ထဲမှာ နိုင်ငံရေးမှုနဲ့ ဖမ်းချုပ်ထားတဲ့ နိုင်/ကျဉ်းတွေကို သောင်းဂဏန်းနီးပါး လွှတ်ပေးခဲ့ပါတယ်။ ဒါကြောင့် နိုင်/ကျဉ်းတွေ များနေတာနဲ့ ပတ်သက်လို့ နိုင်ငံတကာက ဖိအားတွေဟာ သိသိသာသာ လျော့ပါးသွားစေခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ သတိမထားမိခဲ့တဲ့ အချက်က နဝတ အစိုးရက နိုင်/ကျဉ်းတွေကို လွှတ်ပေးရာမှာ တစ်စုတစ်ဝေးကြီး လွှတ်ပေးတာမျိုး မဟုတ်ဘဲနဲ့ တစ်ခါလွှတ်ရင် ၄၀-၅၀၊ တစ်ခါတလေ ၁၀ ယောက်လောက် လွှတ်ပေးပြီး လပေါင်းများစွာ အချိန်ဆွဲခဲ့တာပါ။ အားချည့်နဲ့နေတဲ့ ကြွက်တစ်ကောင်ကို ကြောင်က စိတ်ကြိုက်ကစားနေတဲ့ပုံပါ။

အဲဒီ ကြေညာချက် ထုတ်ပြန်ပြီး နောက်ပိုင်း နိုင်ငံရေးသမားတွေကို ဖမ်းဆီးတဲ့ အလုပ်တွေလည်း လပေါင်းများစွာ ရပ်ဆိုင်းသွားခဲ့တဲ့အတွက် နိုင်ငံရေး တည်ငြိမ်မှုရသွားသယောင် ထင်မှတ်ကြပါတယ်။ ဒါပေမဲ့ ခေါင်းဆောင် ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်က လွှတ်မပေးခဲ့တဲ့အပြင် နိုင်ငံရေးအရ အန္တရာယ် ရှိနိုင်မယ်ဆိုတဲ့ နိုင်/ကျဉ်းများကိုတော့ လွှတ်မပေးခဲ့ပါ။

## အမျိုးသား ညီလာခံ

၁၁/၉၂ ကြေညာချက်ကြောင့် နဝတ အစိုးရဟာ နိုင်ငံတကာ ဖိအားတွေ လျော့ပါးပြီး နိုင်ငံရေး အသက်ရှူပေါက် ရှောင်လာတဲ့အခါ နောက်ထပ် အရေးပါတဲ့ နိုင်ငံရေး လုပ်ကွက်တစ်ခု ဖော်လိုက်ပြန်ပါတယ်။ ဒါကတော့ "အမျိုးသား ညီလာခံ ကျင်းပရေး အစီအစဉ်" ပါ။ ၁၉၉၃ ခုနှစ်က စပြီးတော့ နဝတ အစိုးရက စိစစ်ရွေးချယ်တဲ့ ဝန်ထမ်းများ။ မြို့နယ်အသီးသီးက နဝတကို လိုလားတဲ့ ရပ်မိ ရပ်ဖတွေ ၆၀၀ ကျော်၊ နိုင်ငံရေးပါတီ အသီးသီးက အင်အား ၁၀၀ ကျော် ပါဝင်တဲ့ အင်အား ၈၀၀ နီးပါးနဲ့ အမျိုးသား ညီလာခံကို ကျင်းပခဲ့ပါတယ်။

ညီလာခံတက်တဲ့ အင်အားစုတွေထဲမှာ နိုင်ငံရေး အနှစ်သာရရှိတဲ့ ပါတီ အသီးသီးက ကိုယ်စားလှယ်တွေဟာ ၁၀ ရာနိုင်နှုန်းတောင် မရှိပါဘူး။ ဒီနိုင်ငံရေးမြေပုံဟာ ရုတ်တရက် ကြည့်မယ် ဆိုရင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ပါးနပ်တဲ့ နိုင်ငံရေး မြေပုံတစ်ခုလို့ ပြောနိုင်ပေမဲ့ ရိုးသား ဖြောင့်မတ်မှု မရှိဘူးဆိုတဲ့ အချက်က ပေါ်လွင်ပါတယ်။

၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲ ကတိကို ဖျက်ပြီး ရွေးချယ် တင်မြှောက်ခံရတဲ့ ပါတီကိုယ်စားလှယ်က လူအနည်းစုနဲ့ နဝတရဲ့ အလိုကျ လက်ညှိုး ထောင် ခေါင်းညိတ်မယ့်သူတွေက လူအများစု ဖြစ်ပါတယ်။ အချိုးအစားနဲ့ ပြောရရင် ၆း၁ လောက်ပဲ ရှိတာပါ။ သို့သော်လည်း ဒီလို ညီလာခံ လုပ်နိုင်ခြင်း အားဖြင့် ပြည်တွင်းမှာလည်း နိုင်ငံရေး လှုပ်ရှားမှုတွေ၊ ထကြွမှုတွေ လျော့နည်းသွားတဲ့ အပြင် နိုင်ငံတကာ ပြယုဂ်အတွက်လည်း အထိုက်အလျောက် ပြောလို့ ဆိုလို့ရတဲ့ အနေအထား ရသွားခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးကို လေ့လာသူများ အတွက်တော့ "ရိုးသား ဖြောင့်မတ်မှု မရှိ" ဆိုတဲ့ မှတ်ချက် ချရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ပါဘူး။

## ဒေါ်စု အကျယ်ချုပ်က လွတ်ခဲ့ပြီ

၁၉၉၅ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အကျယ်ချုပ် ဘဝနဲ့ ခြောက်နှစ် နေခဲ့ပြီး ပြန်လည် လွတ်မြောက်လာခဲ့ပါတယ်။ သူ မလွတ်မီက NLD ဥက္ကဋ္ဌ ဦးအောင်ရွှေနဲ့ အတွင်းရေးမှူး ဦးလွင်တို့ကို ဖိအားပေးပြီး ဦးတင်ဦးနဲ့ ဒေါ်စုတို့ကို NLD က ထုတ်ပယ်တယ်ဆိုတဲ့ အမိန့် ထုတ်ပြန်ခဲ့ပါ တယ်။ သူတို့ ရည်မှန်းချက်ကတော့ ဦးအောင်ရွှေ ဦးလွင်တို့ ခေါင်းဆောင်တဲ့ NLD နဲ့ ဒေါ်စု ဦးတင်ဦးတို့ ခေါင်းဆောင်တဲ့ NLD နှစ်ခြမ်းကွဲသွားအောင် လုပ်ခဲ့တဲ့ လုပ်ရပ်တစ်ခု ဖြစ်ပါတယ်။

ဒေါ်စု အကျယ်ချုပ်က လွတ်လာပြီးတဲ့နောက်မှာ သူ့ရဲ့ သည်းခံနိုင်မှုနဲ့ နိုင်ငံရေး အမြော်အမြင် ကြီးမားမှုတို့ကြောင့် NLD ဟာ နှစ်ခြမ်း မကွဲခဲ့ပါဘူး။ အဲဒီလို မကွဲဘဲ စုစည်းသွားတဲ့အခါ NLD ရဲ့ အင်အားတွေဟာ လျော့ပါး မသွားဘဲ ပိုမို ကြီးမားလာစရာ အကြောင်းရှိတယ်လို့ ယူဆသွားကြဟန် ရှိပါ

တယ်။ အဲဒါကြောင့် ဒေါ်စု လွှတ်မြောက်ပြီး လအနည်းငယ်အကြာမှာ နဝတရဲ့ ဥပဒေ ၅/၁၉၉၅ ကို ထုတ်ပြန်ခဲ့ပါတယ်။

ဥပဒေရဲ့ အနှစ်သာရကတော့ နဝတ အစိုးရကို ဆန့်ကျင်တဲ့ လုပ်ရပ် လုပ်တယ် ဆိုတဲ့သူ မှန်သမျှကို ဒီဥပဒေအရ အရေးယူနိုင်တဲ့အပြင် သူတို့ ပိုင်တဲ့ အဆောက်အဦ/ အိမ်/ ယာဉ်နဲ့ ပစ္စည်းများကိုပါ သိမ်းဆည်းနိုင်တယ် ဆိုတဲ့ အချက် ပါပါတယ်။ ဒီဥပဒေကို ကျွန်တော် လေ့လာကြည့်တဲ့ အခါမှာ လမ်းစဉ်ပါတီခေတ်က ဦးနေဝင်း ထုတ်ပြန်လေ့ရှိတဲ့ အမိန့်မျိုးစုံ/ဥပဒေမျိုးစုံ တို့ကို ပြန်ပြောင်း သတိရမိပါတယ်။ ဦးနေဝင်းရဲ့ ဥပဒေတွေမှာ လူကို အရေးယူမယ်၊ ထောင်ချမယ် ဆိုတဲ့အထိသာ ပါလေ့ရှိပါတယ်။ သူပိုင် ပစ္စည်းတွေကို သိမ်းမယ်ဆိုတာမျိုး ပါလေ့မရှိပါ။

စီးပွားပျက်ရုံတင်မက ဘဝပျက်တဲ့အထိ ရည်ရွယ်တဲ့ အရေးယူမှုတွေ ပါလေ့ မရှိပါ။ ဒါကြောင့် ဒီဥပဒေအကြောင်းနဲ့ ပတ်သက်ပြီး ဒေါ်စု အပါအဝင် NLD – EC တချို့နဲ့ ဆွေးနွေးမှုပါတယ်။ အဓိကအချက်တော့ ဦးနေဝင်း ထုတ်လေ့ရှိတဲ့ ဥပဒေနဲ့ သဘာဝခြင်း မတူတဲ့အချက်ပါ။ ဒေါ်စုကတော့ ဘာမှ မှတ်ချက်မပြုခဲ့ပါ။ ကျွန်တော့် အထင်ကတော့ ဒေါ်စုနဲ့ NLD ရဲ့ နိုင်ငံ ရေး အရှိန်အဟုန် ပိုမြင့်လာစရာ ရှိတယ်လို့ ကြိုတွေးပြီး သူတို့ အကျိုး ကာ ကွယ်တဲ့ ဥပဒေကို ထုတ်ခဲ့တယ်လို့ ထင်မြင်မိပါတယ်။

အဲဒီ ဥပဒေ ထုတ်ပြန်ခဲ့တာဟာ ၁၉၉၅ ခုနှစ် ဖြစ်လို့ အဲဒီအချိန်မှာ ဦးနေဝင်းနဲ့ နဝတ ခေါင်းဆောင်တွေရဲ့ ဆက်ဆံရေး အခြေအနေ ဘယ်လို ရှိမယ်ဆိုတာ ခန့်မှန်းရ ခက်ပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်လို့ သူတို့က ဦးနေဝင်းကို သွားရောက် ညှိနှိုင်းခဲ့မယ် ဆိုရင် ဦးနေဝင်းက သဘောတူမှ တူပါ့မလားလို့လည်း တွေးမိပါတယ်။ တစ်ဖက်ကလည်း သူတို့အပေါ် ဦးနေ ဝင်းရဲ့ ဩဇာ လျော့ပါးသွားလို့ သူတို့သဘောနဲ့ သူတို့ ထုတ်တဲ့ ဥပဒေလား ဆိုတာ အချိန်တန်ရင် သိလာရမှာပါ။

## ဒုတိယ ခေါင်းဆောင် ရွေးချယ်ခြင်း

ဗိုလ်ချုပ်ကြီး သန်းရွှေဟာ နဝတ ဥက္ကဋ္ဌ ဖြစ်လာတဲ့အခါ တစ်နှစ်နီးပါး

လောက် ရှိမယ် ထင်ပါရဲ့၊ သူ့ရဲ့ နံပါတ် ၂ ကို ချက်ချင်း မရွေးသေးပါဘူး။ အချိန်ပြည့် လေ့လာနေတယ်နဲ့ တူပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ထောင်ထဲမှာမို့ သူတို့သတင်းတွေကို ထောင်ပြင်ရောက်မှ ကြားသိရတာပါ။ အဲဒီလို အချိန်ယူတာနဲ့အမျှ နဝတ ထိပ်တန်း ခေါင်းဆောင် တချို့ကလည်း နဝတ ဒုတိယ ဥက္ကဋ္ဌ သို့မဟုတ် တပ်မတော်ရဲ့ ဒုတိယ ခေါင်းဆောင် ဖြစ်လာဖို့ မျှော်မှန်းလာကြပါသတဲ့။ သူတို့ ပြောစကားအရ အဲဒီလို မှန်းတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကွယ်လွန်သွားတဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင်၊ ကုန်သွယ်ရေး ဝန်ကြီး ဖြစ်နေတဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်တို့လည်း ပါပါသတဲ့။

ကျွန်တော့်အထင်တော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ သူ့ရဲ့ နံပါတ် ၂ ကို ရွေးချယ်ရာမှာ လမ်းစဉ်ပါတီခေတ်က ဦးနေဝင်းရဲ့ မှက်ကို အလေးထားပြီး စဉ်းစားနေဟန်တူပါတယ်။ ဦးနေဝင်းဟာ တော်လှန်ရေး ကောင်စီ တက်လာစဉ်က ဒုချုပ်အဖြစ် ပါလာတဲ့ ဗိုလ်မှူးချုပ် အောင်ကြီးကို ဖယ်ထားပြီး ဗိုလ်မှူးချုပ် စန်းယုကို သူ့ရဲ့ နံပါတ် ၂ အဖြစ် ရွေးချယ်ခဲ့ပါတယ်။ သူဟာ အဲဒီ ဗိုလ်ချုပ် စန်းယုကို ၁၉၈၈ ခုနှစ် မဆလ ခေတ်ဆုံးအထိ နာမည် မျိုးစုံနဲ့ ရာထူးတွေ ပေးခဲ့ပေမဲ့ တကယ်တော့ ဗိုလ်ချုပ် စန်းယုဟာ ဦးနေဝင်းရဲ့ နံပါတ် ၂ ပါပဲ။

ဦးစန်းယုဟာ ရာထူး အဆင့်ဆင့်မှာ တာဝန်ယူရခဲ့ပေမဲ့ နောက်လိုက်ကောင်း ပီပီ ဦးနေဝင်းကို အာဏာအရ ခြေရာတိုင်းခြင်း။ ပုန်ချင်း ယှဉ်ခြင်း ဆိုတာတွေ မလုပ်ခဲ့ဘဲ သစ္စာရှိရှိနဲ့ တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဦးသန်းရွှေကလည်း အဲဒီအကြောင်းအရာတွေကို လေ့လာပြီး တောင်ကြီးမြို့၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ရပခ) တိုင်းမှူး ဗိုလ်မှူးချုပ် မောင်အေးကို သူ့ရဲ့ နံပါတ် ၂ အဖြစ် ရွေးချယ်လိုက်ပါတယ်။

ဟုတ်မဟုတ်တော့ မသိပါ။ (ကျွန်တော့်အခေါ်) ကိုအေးကို နဝတ ဒုဥက္ကဋ္ဌ၊ ဒုချုပ် (ကြည်း) အဖြစ် ရွေးလိုက်တဲ့အခါမှာ အဲဒီနေရာကို မှန်းနေတဲ့ ပုဂ္ဂိုလ် အချို့ အစားပျက်၊ အအိပ်ပျက် ဖြစ်ခဲ့ကြပါသတဲ့။ ဒီရွေးချယ်မှုဟာလည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ အပိုင်ရိုက်ချက် Master Stroke လို့ ပြောရမှာပါ။ ဘာ့ကြောင့်လဲ ဆိုတော့ သူ့ကို ရွေးချယ်ခန့်ထားတဲ့ ၁၉၉၃

ခုနစ်လောက်က စပြီး နအဖ နိုင်ငံချုပ်တဲ့ ၂၀၁၀ ခုနှစ်၊ နှစ်ကုန်အထိ (၁၇ နှစ်တိုင်တိုင်) ကိုအေးဟာ နံပါတ် ၂ နေရာမှာပဲ ကျေကျေနပ်နပ်ကြီး နေခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ကိုအေးဟာ သူ့သဘာဝက ရောက်တဲ့နေရာမှာ ကျေကျေနပ်နပ်၊ အေးအေးဆေးဆေး နေလေ့ရှိတဲ့ ပုဂ္ဂိုလ်ပါ။ သူ့အပတ်စဉ်က ပုဂ္ဂိုလ်တွေ (ကိုလှမော်၊ ကိုညာက်လင်း၊ ကိုထွန်းကြည်) တို့ ဗျူဟာမှူးတွေ ဖြစ်တဲ့အချိန်မှာ သူက မဖြစ်သေးပါဘူး။ ဟိုလူတွေ တပ်မမှူး ဖြစ်လာကြတော့မှ သူက ဗိုလ်မှူးကြီး ဖြစ်လာတာပါ။ အကြောင်းသိတဲ့ သူတွေက "ကိုမျှင်းကတော့ နောက်ကနေ .....တဲ့ လိုက်နေပြီ၊ အေးအေးဆေးဆေးပါပဲ" လို့ ပြောလေ့ရှိကြပါတယ်။ ကိုမျှင်းဆိုတာက သူ DSA မှာ နေစဉ်က ရခဲ့တဲ့ Nick name ပါ။ သူကလည်း သူ့ကိုယ်သူ ဒုချုပ်ဖြစ်ရင် တောင်းမယ်လို့ တွေးမှ တွေးမိပုံမလားဆိုတာ စဉ်းစားစရာပါ။

## အမျိုးသားညီလာခံက နုတ်ထွက်ခဲ့ပြီ

အကျယ်ချုပ်က လွတ်လာတဲ့ ဒေါ်စုဟာ တိုင်း/ပြည်နယ်နဲ့ မြို့နယ် NLD အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပွဲတွေ ဆက်တိုက် ကျင်းပခဲ့ပါတယ်။ အဲဒီ တွေ့ဆုံပွဲတွေတိုင်းလိုလိုမှာ NLD အဖွဲ့ဝင် အများစုက အမျိုးသား ညီလာခံ တက်နေတဲ့ ကိစ္စကို ခါးခါးသီးသီး ဆန့်ကျင်နေကြတာ တွေ့ရှိရပါတယ်။ ဒါကြောင့် အောက်တိုဘာလရဲ့ ရက်တစ်ရက်မှာ အမျိုးသား ညီလာခံ တက်တဲ့ NLD ကိုယ်စားလှယ် ၈၅ ယောက်ကို ဒေါ်စု ခြံထဲမှာ စုဝေးစေပြီး အမျိုးသား ညီလာခံ အကြောင်း ဆွေးနွေးခဲ့ပါတယ်။

အဲဒီ ဆွေးနွေးပွဲမှာ NLD အနေနဲ့ အမျိုးသား ညီလာခံ တက်စဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ၊ မကျေနပ်မှုတွေ အံ့ထွက်လာခဲ့ပါတယ်။ ညီလာခံ ကျင်းပရေး ကော်မရှင် အသီးသီးက ဒီမိုကရေစီ မဆန်တဲ့ လုပ်ရပ်တွေကို ဖော်ပြပြီး ကော်မရှင်ကို တင်ပြမယ့် စာတစ်စောင် ပြုစု ရေးသားကြပါတယ်။ NLD ရဲ့တွေ့ရှိချက်တွေကို ရေးသား ပြုစုပြီး ကော်မရှင်ရဲ့ အဖြေကို စောင့်ဆိုင်းနေပါတယ်လို့ တင်ပြခဲ့ပေမဲ့ ညီလာခံ ကော်မရှင်က NLD ကို

သုတ်ပယ်ခဲ့ကြောင်း အခဆောတလျှင် တုံ့ပြန်ခဲ့ပါတယ်။ အဲဒီ ရလဒ်အဖြစ် အမျိုးသား ညီလာခံကို ရက်အကန့်အသတ် မရှိ ရွှေ့ဆိုင်းလိုက်ပါတယ်။

## နှိပ်ကွပ်ပြီ

အမျိုးသား ညီလာခံက နုတ်ထွက်ပြီးတဲ့ နောက်ပိုင်းမှာ နဝတ အစိုးရဟာ NLD ကို တစ်ဆင့်ပြီး တစ်ဆင့် အရေးယူ နှိပ်ကွပ်မှုတွေ လုပ်လာပါတယ်။ အချို့ကိစ္စတွေ ဆိုရင် လူမဆန်တဲ့ လုပ်ရပ်တွေကိုပါ ဥပဒေမဲ့ ကျူးလွန်လာကြပါတယ်။ ဥပမာ- ၁၉၉၆ ခုနှစ် နှောင်းပိုင်း ကာလလောက်မှာ ကမ္ဘာ့အေး ဘုရားလမ်း တစ်ခုလုံးကို ပိတ်ပြီး ဒေါ်စု၊ ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့ရဲ့ ကားတန်းကို ဓားတွေ၊ တုတ်တွေ ကိုင်ထားတဲ့ လူ ၂၀-၃၀ လောက်ဟာ "ကြည်အေး မုန့်ဆိုင်" ရှေ့မှာ ဝိုင်းရိုက်ကြလို့ ကားတွေလည်း ကွဲ၊ လူတွေလည်း ဒဏ်ရာရ ဖြစ်ခဲ့ပါတယ်။

အဲဒီ ရိုက်ပွဲမှာ နောက်က လိုက်ပါလာတဲ့ ထောက်လှမ်းရေး ပုဂ္ဂိုလ်တွေနဲ့ ကားကို မှားပြီး ရိုက်ခဲ့ကြပါတယ်။ အဲဒီအခါမှာ ကားနဲ့ ပါလာတဲ့ ဗိုလ်ကြီး ခနိုး (ထင်ပါတယ်) က ကားထဲက ခြောက်လုံးပြူးနဲ့ ထွက်လာတော့မှ



သူတို့ ရိုက်တာ များသွားပြီ ဆိုတဲ့အသိကြောင့် ရိုက်ပွဲက ရပ်သွားတာပါ။ အဲဒီလို ထောက်လှမ်းရေးကားကို များသာ မရိုက်မိရင် ကျွန်တော်တို့ ခေါင်းဆောင် ဘယ်လောက်အထိ ခံရမယ်ဆိုတာ မသိပါဘူး။

## တစ်ဆင့်ပြီး တစ်ဆင့် ဖိနှိပ်မှု ခြေလှမ်းများ

၁၉၉၆ ခုနှစ်၊ မေလမှာ အပြင်မှာ ကျန်နေသေးတဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ရွေးချယ်ခံရသူတွေ အားလုံးကို ရန်ကုန်မှာ စုစည်းပြီး အစည်းအဝေး လုပ်မယ်လို့ ဖိတ်စာတွေ ပို့တာနဲ့ တစ်ပြိုင်နက် NLD က အရွေးချယ်ခံရတဲ့ သူတွေရော၊ ဗဟို၊ တိုင်း/ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ် ခေါင်းဆောင်တွေ အားလုံးလိုလိုကို စုပြုံ ဖမ်းဆီးစေခဲ့ပါတယ်။ တချို့ဆိုရင် ဒေါ်အောင်ဆန်း စုကြည် ခြံထဲမှာ ပိတ်မိနေခဲ့ပါတယ်။ သူတို့ဟာ လပေါင်းများစွာ၊ တချို့ဆိုရင် လေး-ငါးနှစ်လောက် ဒေါ်စုခြံထဲမှာ ပိတ်မိနေပြီး အပြင်ထွက်ခွင့် မရခဲ့ကြပါ။

တခြား ပုဂ္ဂိုလ်တချို့ကိုလည်း ထောင်ထဲ ပို့ခဲ့ပြီး တချို့ကိုတော့ ရန်ကုန်၊ လှည်းကူး မြို့နယ်ထဲက ရဲမှန် တပ်စခန်း။ ကျန်တဲ့ တချို့ကိုကျတော့ သက်ဆိုင်ရာ မြို့နယ်တွေမှာ ရဲ/တပ် စခန်းတွေမှာ ချုပ်နှောင်ခြင်း ခံခဲ့ကြရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အရေအတွက်ဟာ သောင်းဂဏန်း အထိ ရှိမယ် ထင်ပါတယ်။

## ဒေါ်စုအတွက် Special Treatment

ဒီလို ဖိနှိပ်မှု မျိုးစုံတွေအပြင် ဒေါ်စုက ဧရာဝတီတိုင်းကို သွားခဲ့တဲ့အခါ ညောင်တုန်းမြို့ မရောက်မီ ကားလမ်း တစ်နေရာမှာ ပိတ်ဆို့ထားခဲ့တာ ၁၀ ရက်လောက် ရှိမယ်ထင်ပါတယ်။ ဒေါ်စုဟာ ကားပေါ်မှာပဲ နေ၊ ကားပေါ်မှာပဲ စားသောက်နဲ့ ဒုက္ခမျိုးစုံ ခံခဲ့ရပါတယ်။ နောက်ဆုံးတော့ သူတို့လည်း ကြံရာ မရ ဖြစ်ပြီး ရဲမေတပ်ဖွဲ့နဲ့ အင်အားသုံးပြီး ဒေါ်စုကို အတင်းအကြပ် သူ့နေအိမ် ကို ပြန်ပို့ခဲ့ရပါတယ်။ သူစီးခဲ့တဲ့ ကားကိုတော့ မနည်း ဆေးကြောခဲ့ရပါတယ် တဲ့။ အလားတူပဲ၊ ဒေါ်စု ဒလဘက်ကို သွားတဲ့အခါမှာလည်း အင်အားသုံးပြီး ရက်ပေါင်း များစွာ ပိတ်ဆို့ခံခဲ့ရပါတယ်။

## အထွတ်အထိပ် ဒီပဲယင်း

၂၀၀၃ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ဒီပဲယင်း မြို့နယ်ထဲက ကျည်းရွာအနီး ညဉ့်ပိုင်းမှာ ဒေါ်စုနဲ့ ဦးတင်ဦး ပါတဲ့ယာဉ်တန်းကို အာဏာပိုင်တွေက စီစဉ်ထားတဲ့ အယောင်ဆောင် ---- အုပ်စု တစ်စုက ဝိုင်းဝန်း ရိုက်နှက်ခဲ့ပါတယ်။ ဦးတင်ဦး ကြီး ခေါင်းကွဲတဲ့အထိ ခံခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ သူ့ယာဉ်ကို မောင်းတဲ့ လူငယ် ကိုကျော်စိုးလင်း (ယခု NLD လွှတ်တော် ကိုယ်စားလှယ်) ရဲ့ ကားမောင်း ကျွမ်းကျင်မှုကြောင့် ခန္ဓာကိုယ် ထိခိုက်မှုမှ လွတ်ကင်းခဲ့ပြီး ခင်ဦးကို ရောက်တော့မှ ရဲစခန်းနဲ့ ဆက်သွယ် အကူအညီ တောင်းခဲ့ရပါတယ်။

နောက်ပိုင်းတော့ ထောက်လှမ်းရေး အဖွဲ့တစ်စုက လာဆက်သွယ်ပြီး ဒေါ်စုကို ရန်ကုန် အထိ ပြန်ခေါ်ကာ အင်းစိန်ထောင်ထဲကို ပို့ပေးခဲ့ပါတယ်။ ဒေါ်စုက ထောင်ထဲမှာ လ အနည်းငယ်ပဲ နေခဲ့ရပါတယ်။ ဒေါ်စု ခရီးစဉ်မှာ လိုက်ပါလာတဲ့ ဦးတင်ဦးနဲ့ လူကြီး/လူငယ် အကုန်လုံးလိုလို ထောင်ထဲမှာ ရှစ်လလောက် ချုပ်နှောင်ထားခဲ့ပါတယ်။ ကလေးထောင်နဲ့ ခန္တီးထောင်တို့မှာပါ။

## ထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းခြင်း

၂၀၀၄ ခုနှစ်မှာပါ။ ကျွန်တော်က မြင်းခြံထောင်မှာပါ။ ကျွန်တော် Speaker ဂျာနယ်မှာ ရေးခဲ့တဲ့ "ထောက်လှမ်းရေး တပ်ဖွဲ့ရဲ့ နှစ် ၂၀ စက်ဝန်း" အကြောင်းကို စဉ်းစား တွေးတောနေဆဲမှာပဲ ထောက်လှမ်းရေး တပ်ဖွဲ့ အကြီးအကဲနဲ့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့တကွ ထောက်လှမ်းရေး တစ်ဖွဲ့လုံးကို အရေးယူခဲ့တဲ့ သတင်းတွေ ကြားသိရပါတယ်။ မကြာခင်မှာ ထောက်လှမ်းရေးက ဗိုလ်မှူးချုပ် သိန်းဆွေနဲ့ ဗိုလ်မှူးချုပ် ခင်အောင်တို့ဟာ မြင်းခြံထောင်ကို အကျဉ်းသားအဖြစ် ရောက်လာကြပါတယ်။ သူတို့ကို တွေ့ရတော့မှ "အော်..... ထောက်လှမ်းရေးတွေကို အရေးယူတယ် ဆိုတာ မှန်ပါပေါ့လား" လို့ သိလာခဲ့ပါတယ်။

၂၀၀၇ ခုနှစ်၊ ဇူလိုင်လမှာ ကျွန်တော် ကသာထောင်ကို ရောက်ခဲ့ပြန်ပါ

တယ်။ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လအထိ သုံးနှစ်တိတိ နေခဲ့ရပါတယ်။ ကျွန်တော် တိုက်ခန်းဘေးက အခန်းမှာတော့ အလုပ်သင် ၇ က ဆင်းခဲ့တဲ့ ဒုဗိုလ်မှူးကြီး မင်းသူ (ကွယ်လွန်) ရှိနေနှင့်ပါပြီ။ သူက ကက (လုပ်း) မှာ ဂိုဏ်းဝင်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။ ဒါကြောင့် သူတို့ကို အရေးယူခဲ့ပုံတွေကို ခရေစေ့ တွင်းကျ ကြားသိခဲ့ရပါတယ်။

ထောက်လှမ်းရေးတွေကို ဒီလို အရေးယူဖို့ ဆုံးဖြတ်ခဲ့ပြီး အမိန့်ပေးသူ ကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဖြစ်ပြီး လက်တွေ့ ကိုင်တွယ် အကောင် အထည် ဖော်ခဲ့သူကတော့ အခု ဒုတိယ သမ္မတ ဖြစ်နေတဲ့ ဦးမြင့်ဆွေပါ။ ထိုစဉ်ကတော့ သူဟာ ရန်ကုန်တိုင်း တိုင်းမှူးပါ။

## ရာဇဝုဒ်လွှင်ကို ဖြိမ်းခြောက်လာမှု

၁၉၉၅ ခုနှစ်က နဝတ အစိုးရရဲ့ ဥပဒေ ၅/၉၆ ထုတ်ပြန်ခဲ့တာနဲ့ ပတ်သက်လို့ ကျွန်တော့် ထင်မြင်ချက်ကို အထက်မှာ ဖော်ပြခဲ့ပြီးပါပြီ။ မိမိ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်/အဖွဲ့အစည်းကို နှိပ်ကွပ်ရာမှာ တစ်ဖက်သား ဘဝပျက်စေမယ့် အကြောင်းအရာတွေ ပါပါတယ်။ ကျွန်တော်က "ဒီလို ဥပဒေမျိုးကို ဦးနေဝင်း က လမ်းစဉ်ပါတီခေတ်မှာ ထုတ်လေ့ထုတ်ထ မရှိဘူး" လို့ ဆိုပြီးတော့ပေါ့။ ဦးနေဝင်းက (ကျွန်တော် ထင်တယ်) သူ့ပြိုင်ဘက်တွေကို နှိမ်နင်းရာမှာ ထောင်သွင်း အကျဉ်းချထားတာမျိုးပဲ လုပ်လေ့ရှိပါတယ်။ ဘဝပျက်အောင် လုပ်သွားခြင်း မရှိပါ။

ထောက်လှမ်းရေး အဖွဲ့တွေ ပြသနာ မပေါ်ခင် ထင်ပါတယ်၊ ကို အေးဇော်ဝင်း နဲ့ သားများဖြစ်တဲ့ အေးနေဝင်း၊ ကျော်နေဝင်းနဲ့ ဇွဲနေဝင်းတို့ အမှုကိစ္စ ဟိုးလေးတစ်ကျော် ပေါ်ပေါက်ခဲ့ပါတယ်။ သူတို့ရဲ့ အစီအစဉ်က တော့ အခု ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ဟာ လမ်းမှားနေပြီ၊ လမ်းမှန်ရောက်အောင် အာဏာသိမ်းတဲ့နည်းနဲ့ ဖယ်ရှားမှ ဖြစ်မယ်လို့ သူတို့ရဲ့ တရားရုံး ထွက်ဆိုချက်တွေအရ သိရပါတယ်။

အဲဒီလို အာဏာသိမ်းမယ့်ကိစ္စဟာ တပ်အင်အား ပါမှဖြစ်တော့ ထိုစဉ် က တပ်မ ၇၇ တပ်မမှူး ဗိုလ်မှူးချုပ် သန်းဌေး (ယခု ကြံ့/ဖွံ့ ဥက္ကဋ္ဌ) ကို ခေါ်ပြီး စည်းရုံးပါတယ်။ ဗိုလ်မှူးချုပ် သန်းဌေးက စဉ်းစားပါရစေဦး ဆိုပြီး

နောက်တစ်ကြိမ် တစ်နေရာမှာ ချိန်းလိုက်ပါတယ်။ သူတို့ ပြောတဲ့ စကားတွေကို ဗိုလ်မှူးချုပ် သန်းရွှေက ထောက်လှမ်းရေးကို လုံးစေ့ပတ်စေ့ သတင်း ပို့လိုက်ပါတယ်။ ချိန်းတဲ့နေ့မှာ ချိန်းတဲ့နေရာ (နာမည်ကြီး စားသောက်ဆိုင် တစ်ခု) မှာ ပြန်လည် ဆုံတွေ့ကြပြီး ဦးနေဝင်း သမက်နဲ့ မြေးတွေ အစုံအလင် ရှိနေချိန်မှာ ထောက်လှမ်းရေးက ဝင်ဖမ်းလိုက်ပါတယ်။

အဲဒီလို ဝင်ဖမ်းတာနဲ့ တစ်ပြိုင်နက် ဦးနေဝင်း မိသားစုအတွက် လုံခြုံရေး ပေးထားတဲ့ သနက ၄ က တပ်ခွဲမှူး၊ တပ်စုမှူးတွေနဲ့ အခြား အဆင့်တွေ အားလုံး အဖမ်းခံရပြီး တစ်ဖွဲ့လုံး (အင်အား ၆၀ ခန့်) ကိုလည်း လက်နက်တွေ သိမ်း၊ လူတွေကိုလည်း ထောင်ဒဏ်အသီးသီး ချမှတ်လိုက်ပါတယ်။ အေးဇော်ဝင်းနဲ့ သူ့သား သုံးယောက်အပြင် သူတို့နဲ့ စီးပွားဘက်တွေ အားလုံး အရေးယူခံရပါတယ်။ အခါတော်ပေးတဲ့ ဗေဒင်ဆရာပါ မကျန်ပါဘူး။

သူတို့ကို ဖမ်းတင်တဲ့အခါ မူလက ဖတ်စရာ မကောင်းတဲ့ နိုင်ငံပိုင် သတင်းစာတွေကို လူထုက စိတ်ဝင်စားလာခဲ့ပါတယ်။ သူတို့ရဲ့ အကြံအစည်က ဦးသန်းရွှေ အစိုးရကို ဖြုတ်ချဖို့ အာဏာသိမ်းမယ့် အစီအစဉ်ပါ။ ဗေဒင်ယတြာ အစီအစဉ်တွေကိုလည်း သတင်းစာတွေထဲမှာ ဓာတ်ပုံနဲ့တကွ ဖော်ပြတော့ အလွန်ဖတ်လို့ကောင်းတဲ့ သတင်းတွေ ဖြစ်လာတာပေါ့။ သူတို့ အမှုကို မြန်မြန်ဆန်ဆန် စစ်ပြီး သားအဖ လေးယောက်ကို သေဒဏ်ပေးလိုက်ပြီး သူတို့နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေကို တော့ ထောင်ဒဏ်အသီးသီး ချမှတ်လိုက်ပါတယ်။

ဒီကိစ္စကြီး တစ်ခုလုံးဟာ ဦးနေဝင်းရဲ့ အကြံဉာဏ်ဖြစ်မယ် ဆိုတာကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကောင်းကောင်း သဘောပေါက်ဟန်တူပါတယ်။ ဒါကြောင့်မို့ ဦးနေဝင်းနဲ့ သူ့ရဲ့ သမီးကြီး ဒေါ်စန္ဒာဝင်း (အေးဇော်ဝင်းရဲ့ ဇနီးနဲ့ သားသုံးယောက် မိခင်) တို့ကိုလည်း အကျယ်ချုပ် ချထားလိုက်တယ်လို့ ကြားရပါတယ်။ ဒီလိုနဲ့ ဦးနေဝင်းဟာ အသက် ၉၂ အရွယ် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာမှာ ကွယ်လွန်သွားခဲ့ပါတယ်။

သူဟာ လမ်းစဉ်ပါတီ ဥက္ကဋ္ဌတာဝန်က ဥရောပကို မကြာခဏ သွားနေရာမှာ ဆွစ်ဇာလန်ကို ခဏ ခဏ ရောက်ပြီး ကျန်းမာရေး စစ်ဆေးမှုတွေ လုပ်

တယ်လို့ သိရပါတယ်။ အဲဒီလို ဆေးစစ်ရင်းနဲ့ သက်ဆိုင်ရာက အတည်ပြုချက် မရသေးတဲ့ ဆေးနည်းတွေနဲ့လည်း သူ့ကိုယ်ကိုယ် ပြုပြင်ခဲ့တယ်လို့ သိရပါတယ်။ ဥပမာ- သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက သွေးတွေကို အားလုံးထုတ်ပြီး မျောက်သွေးနဲ့ တခြားသင့်လျော်ရာဆေးတွေ ရောထားတဲ့ အရည်တွေကို ပြန်ဖြည့်တဲ့ နည်းလို့ ပြောပါတယ်။ ဟုတ် မဟုတ်တော့ မသိပါဘူး။

**သံဝေဂ ရစရာ**

ယခု ရေးပြမယ့် အကြောင်းအရာတွေကလည်း တစ်ဆင့်ကြားပါ။ ဒါပေမဲ့ ပြန်ပြောင်းပြောတဲ့သူတွေရဲ့ ယုံကြည်ရလောက်ဖွယ် အနေအထားကြောင့် ပြန်လည် ဖောက်သည်ချနေခြင်း ဖြစ်ပါတယ်။ ဦးနေဝင်းက နလုံးမှာ စက် တပ်ထားရပါတယ်တဲ့။ အဲဒီစက်ကို အချိန်တန်လို့ လဲရမယ် ဆိုတဲ့အခါ ကျတော့ ပြည်ပကို သွားပြီး ဆောင်ရွက်ရမှာပါ။ သူက အကျယ်ချုပ် ဖြစ်နေတော့ ပြည်ပ ထွက်ခွင့်ကို အစိုးရ ခေါင်းဆောင်ကြီးရဲ့ ခွင့်ပြုနဲ့မှ ထွက်ခွင့်ရမှာပါတဲ့။ ဖြစ်ချင်တော့ အဲဒီ ခေါင်းဆောင်ကြီးက ပြည်တွင်းမှာ တိုင်းခန်း လှည့်လည် နေတော့ သူ့ခွင့်ပြုချက်ရအောင် စောင့်ဆိုင်းနေရပါတယ်။

အဲဒီလိုနဲ့ အသက် ၉၂ နှစ်မှာ ကွယ်လွန်သွားခဲ့တာပါ။ ကွယ်လွန်ပြီးတဲ့ အခါမှာလည်း သူ့ရဲ့ အနေအထားအရ သင်္ဂြိုဟ်ရာမှာ နီးစပ်ရာ ဆွေမျိုး မိတ် သင်္ဂဟတွေပဲ ခွင့်ပြုလို့ အသုဘရှုရာမှာ လိုက်ပို့တဲ့သူတွေက ၂၅ ဦးလောက် ပဲ ရှိပါသတဲ့။ ဂူသွင်းခွင့် မရဘဲ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ပြီး ကျန်ရစ်တဲ့ ပြာနဲ့ အရိုးတွေကို အိုးတစ်လုံးနဲ့ ထည့်ပြီး မြစ်ထဲ မျှောရမှာ ဖြစ်ပါတယ်။ (ဒါက တော့ ကွယ်လွန်သူရဲ့ ဆန္ဒလား၊ အမိန့်အရလား ဆိုတာ မသဲကွဲပါ။) မီး သင်္ဂြိုဟ်ပြီးတဲ့ အခါ ကျန်ရစ်တဲ့ ပြာနဲ့ အရိုးတွေကို အိုးတစ်လုံးနဲ့ ထည့်ပြီး ရန်ကုန်မြစ်ထဲကို မျှောရလိုက်ပါတယ်တဲ့။ အဲဒီလို မျှောမချခင် ပြာ လက် တစ်ဆုပ်စာကို ဗိုလ်ချုပ် ခင်ညွန့်က ကဲ့ယူထားပြီး ဘုန်းတန်ခိုးကြီးသူ့ရဲ့ ပြာရို့ လျှာနဲ့တောင် လျက်လိုက်ပါသေးတယ်တဲ့။ ဘုန်း ကံ ကြီးမားသူ လူ တစ်ယောက်ရဲ့ ပြာဆိုတော့ ဓာတ်ကူးဖို့ ထင်ပါရဲ့။ ဒါလည်း ဟုတ် မဟုတ် တော့ မသိပါဘူး။

## ရွှေဝါရောင် တော်လှန်ရေး

သံဃာတော်များ ပါဝင်တဲ့ နိုင်ငံတကာကရော၊ ပြည်တွင်းကပါ "ရွှေဝါရောင် တော်လှန်ရေး" ဟာ ၂၀၀၇ ခုနှစ်မှာ ဖြစ်ပွားခဲ့ပါတယ်။ ဖြစ်စဉ်တွေကိုတော့ အားလုံးသိကြပြီးဖြစ်လို့ အသေးစိတ် ရေးမပြတော့ပါဘူး။ ဒီဆန္ဒပြပွဲကာလမှာ ဒေါ်စု ကိုယ်တိုင်လည်း အကျယ်ချုပ်နဲ့ပါ။ ဆန္ဒပြ သံဃာတော်များက တက္ကသိုလ် ရိပ်သာလမ်းက ဒေါ်စုခြံရှေ့မှာ ရပ်ပြီး မေတ္တာသုတ်ရွတ်တဲ့အခါ ဒေါ်စုက ခြံတံခါးကိုဖွင့်ပြီး အတွင်းကပဲ ကြည်ညိုခဲ့တယ်လို့ သိရပါတယ်။ ကျွန်တော်ကတော့ ကသာဆောင်ကို ရောက်နေပါပြီ။

ဒီပွဲမှာ ထူးခြားချက်က ဂျပန်သတင်းထောက် အပစ်ခံရလို့ ကွယ်လွန်ခဲ့ပါတယ်။ အများ ပြန်ပြောလို့ သိရတဲ့ အချက်တစ်ခုကတော့ မဟာဗန္ဓုလ ပန်းခြံနားက သစ်ပင်ကြီး တစ်ပင်ကို နေ့လယ် ကြောင်တောင် နှစ်နာရီ လောက်မှာ မိုးကြိုးပစ်တယ် ဆိုတဲ့ သတင်းပါ။ ကျွန်တော်က ဗုဒ္ဓဝင်နဲ့ နိပါတ်တော်တွေကို ဖတ်ဖူးတော့ ကမ္ဘာမြေကြီးနဲ့ နီးတဲ့ ဘုမ္မစိုးနတ်တို့၊ စတု မဟာရာဇ်နတ်တို့ဟာ လူသားတွေ အကျင့်ပျက်လာပြီဆိုရင် အမျက်ထွက်ပြီး သူတို့ရဲ့ ဒေါသကို တစ်နည်းနည်းနဲ့ ပြလေ့ရှိတယ်ဆိုတာ ဖတ်ခဲ့ဖူးပါတယ်။

အခုလို နေ့ခင်းကြောင်တောင်မှာ နေထွက်နေပါလျက် မိုးကြိုးပစ်တယ် ဆိုတာ ဒါမျိုးလားလို့ တွေးမိပါတယ်။ အတွေးခေါင်တာ မဟုတ်သလို အယူသီးတာလည်း မဟုတ်ပါ။ ဘာကြောင့် ဒီလို စဉ်းစားမိသလဲဆိုတော့ ဆန္ဒပြတဲ့ ဘုန်းကြီးတွေဟာ ရှစ်လေးလုံး အရေးတော်ပုံတုန်းက ဆန္ဒပြတဲ့ သူတွေနဲ့ တခြားစီပါ။ "ဒို့အရေး..... ဒို့အရေး...." လို့ အော်တာတွေ မလုပ်ဘဲနဲ့ မေတ္တာသုတ်နဲ့ တခြား ပရိတ်တရားတော်တွေကို ရွတ်ဖတ်နေတဲ့ ပုဂ္ဂိုလ်တွေပါ။ သူတို့ကို အကြမ်းဖက် နှိမ်နင်းတယ် ဆိုတာဟာ "အရပ်ရပ် နေပြည်တော်၊ ကြားလို့မှ မတော်" ဖြစ်နေတာမို့ သာမန်ထက် ယုတ်ညံ့တဲ့ ကိစ္စတွေပါ။

နိပါတ်တော်တွေမှာလည်း ဖတ်ဖူးသလို Bible မှာလည်း ဖတ်ခဲ့ဖူးပါတယ်။ နိပါတ်တော်ထဲ မှာတော့ ကလိင်္ဂတိုင်းမှာ လူတွေက အကျင့်စရိုက် ပျက်ပြားပြီး ဖို/မကိစ္စတွေအပြင် သောက်/စား၊ မူးရူး ရမ်းကားတော့ အဲဒီတိုင်း

တစ်ဝိုက်မှာ ကျင်လည်ကြတဲ့ နတ်တွေက ပထမတော့ ရွှေ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြားမိုးတွေ ရွာပေးလိုက်တယ်။ လူတွေက လောဘတက်ပြီး အတွန့် နီးပါး ထွက်လာတဲ့အခါမှာ ကျောက်ခဲမိုး၊ ပြာမှုန့်၊ မီးကျည်ခဲမိုးတွေ ရွာလိုက်တဲ့ အခါကျတော့ ဒေသတစ်ခုလုံး ပျက်စီးခဲ့တဲ့ အကြောင်းပါ။ Bible မှာတော့ Sodom နဲ့ Gamurah ဆိုတဲ့ မြို့ကြီးတွေမှာလည်း အလားတူ ဖြစ်ခဲ့တော့ ကာလိဂံတိုင်းက သူတွေလို ပျက်စီးခဲ့ရပါတယ်။

အကြမ်းဖက် နှိမ်နင်းတဲ့အပြင် အဲဒီသံယာတော်တွေကိုလည်း ဖမ်းဆီး ချုပ်နှောင်ခဲ့တာ များလွန်းလို့ ထောင်မဆံ့တဲ့အတွက် အင်းစိန် GTT ကို အချုပ် စခန်းအဖြစ် သုံးခဲ့ရပါတယ်။ အဲဒီ ရွှေဝါရောင် တော်လှန်ရေးကို ဦးဆောင် နှိမ်နင်းတဲ့ ပုဂ္ဂိုလ်ကလည်း အခု ဒုတိယ သမ္မတ ဖြစ်နေတဲ့ ဦးမြင့်ဆွေပါ။

## ကျွန်တော့် အမေး

အထက်မှာ ရေးပြတဲ့ အကြောင်းအရာတွေထဲမှာ အရေးကြီးတဲ့ အကြောင်း အရာ သုံးခုကို တင်ပြထားပါတယ်။ ဒါတွေကတော့-

(၁) ဦးနေဝင်း မြေးများကြောင့် ပေါ်ပေါက်လာတဲ့ ပြဿနာ၊

(၂) ထောက်လှမ်းရေး အဖွဲ့ကို ဖျက်သိမ်းခဲ့ခြင်း၊

(၃) ရွှေဝါရောင် တော်လှန်ရေးတွင် ပါဝင်သော ရဟန်း သံဃာများကို ပစ်ခတ် နှိမ်နင်းခြင်း၊ ထောင်သွင်း အကျဉ်းချထားခြင်းတို့ ဖြစ်ပါတယ်။

ဦးနေဝင်းနဲ့ ပြဿနာကတော့ အများကြီး စဉ်းစားစရာပဲဖြစ်ပါတယ်။

အသိတရားများ ရသွားခဲ့လေသလား။

ကျွန်တော် သိရသလောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ စာဖတ်တဲ့သူ တစ်ယောက်ပါ။ သူဟာ နိုင်ငံ့ ခေါင်းဆောင် တစ်ယောက် ဖြစ်လာတာနဲ့ ပတ် သက်လို့ ရေးဘုန်း၊ ရေးကံကြောင့် ဖြစ်လာခဲ့တယ် ဆိုတာလည်း သဘော ပေါက် ယုံကြည်သူ ဖြစ်ပါလိမ့်မယ်။ သံဃာ့ နာယက အဖွဲ့က သံဃာတော် တွေကိုလည်း မပြတ်ဆည်းကပ်ပြီး သိချင်တာတွေကို မေးမြန်း လျှောက်ထား

တာ၊ တချို့ ကိစ္စတွေနဲ့ ပတ်သက်ရင် တိုက်တွန်းတာတွေ ရှိခဲ့တယ်လို့ သိရပါတယ်။

ရွှေဝါရောင် တော်လှန်ရေးမှာ ပါတဲ့ သံဃာတော်တွေဟာ အစိုးရကို မလိုမုန်းထားလို့ မဟုတ်ဘဲ သူတို့ကို ကိုးကွယ်တဲ့ ဒကာ၊ ဒကာမတွေ ဆင်းရဲ ဒုက္ခ ကြီးစွာ ရင်ဆိုင်နေရတာတွေကို ကနာတဲ့ အနေနဲ့ နှလုံးရည်နဲ့ ဆန္ဒပြခဲ့ ကြတာပါ။ အဲဒီထဲက သံဃာ အများစုဟာ သီလ၊ သမာဓိ၊ ပညာတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပါပါလိမ့်မယ်။ သူတို့ကို အကြမ်းဖက် နှိမ်နင်း ဖြိုခွဲတယ်၊ ထောင်သွင်း အကျဉ်းချတယ် ဆိုတာဟာ ကြီးမားတဲ့ အကုသိုလ် ဆိုတာ မသိ မဟုတ်၊ သူ ကောင်းကောင်း သိမှာပါ။ ဒါဆိုရင် "ဒီ သံဃာတော်တွေကိုတော့ ပြစ်မှား မော်ကားခဲ့ပြီ" ဆိုတဲ့ အသိတရား ဝင်လာ ကောင်း ဝင်လာနိုင်ပါတယ်။ ဒါတွေကတော့ ကျွန်တော်ရဲ့ တွေးတော စိတ် ကူးမှုတွေပါ။ Assumption ပေါ့။

## နိဂုံးချုပ်ချိန် တန်ပြီ

အဲဒီတော့ သူ စဉ်းစားပါလိမ့်မယ်။ ဘာကို မှတည် စဉ်းစားမလဲ ဆိုတော့ သူနဲ့ သူ့မိသားစုရဲ့ လုံခြုံရေးပေါ့။ အဲဒီတော့ သူ့မိသားစု လုံခြုံရေးနဲ့ ပတ် သက်တဲ့ အစီအစဉ်တွေကို စဉ်းစားတဲ့အခါ ရပ်ဆိုင်းထားတဲ့ အမျိုးသား ညီ လာခံနဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး လုပ်ငန်းကို ပြီးဆုံးအောင် လုပ်မယ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာလည်း သူလိုချင်တဲ့ အခြေအနေတွေ ပါအောင် ရေးဆွဲမယ်၊ ဥပမာ- တပ်မတော်က လွှတ်တော်တွေမှာ ၂၅ ရာခိုင် နှုန်း ပါအောင်ရယ်၊ ဒေါ် စုကို အနာဂတ်မှာ သမ္မတ ဖြစ်မယ့်အရေးက တားဆီး ထားစေမယ့် ပုဒ်မ တချို့ရယ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်လို့ မရ အောင်ရယ်။ ဒါမျိုးတွေ ပါတဲ့ ဖွဲ့စည်းပုံ ဥပဒေ ဖြစ်ရမယ်။

အဲဒီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုလည်း တစ်နိုင်ငံလုံး ချပြပြီး Referendum အတည်ပြုမယ်၊ သူ ဖွဲ့ထားခဲ့တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကိုလည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီလို့ ပြန်ပြောင်းမယ် ဆိုတဲ့ လုပ်ငန်းရပ်တွေကို စိမ်ပြေနပြေ အကောင်အထည် ဖော်လာပါတယ်။ အဲဒီ

အချိန်မှာ ထိပ်ပိုင်း ခေါင်းဆောင်တွေကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနဲ့ ဗိုလ်ချုပ်ကြီး သိန်းစိန်တို့ ဖြစ်ကြပါတယ်။ ဗိုလ်ချုပ်ကြီး သူရရွှေမန်းကတော့ တပ်မတော် ပိုင်း တာဝန်ယူပြီး ဗိုလ်ချုပ်ကြီး သိန်းစိန်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူလျက် နိုင်ငံ အုပ်ချုပ်ရေး ကိစ္စများကို ဆောင်ရွက်ပါတယ်။

၁၉၉၃ ခုနှစ်က စတင်ပြီး အချိန်ဆွဲ ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံကို ဗိုလ်ချုပ်ကြီး သိန်းစိန်က ဦးစီး ကျင်းပခဲ့ရာ ၂၀၀၇ ခုနှစ် နှောင်းပိုင်းတွင် ပြီးဆုံးသွားခဲ့ပါတယ်။ အဲဒီ ညီလာခံရဲ့ ရလဒ်ကတော့ "ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အသစ်" ရေးဆွဲနိုင်ခဲ့ခြင်းပါပဲ။ အဲဒီ အခြေခံ ဥပဒေ အသစ်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ မိသားစု လုံခြုံရေးကို အာမခံတဲ့ အချက်ပေါင်း မြောက်မြားစွာ ပါဝင်ပါတယ်။

အထက်မှာ တင်ပြခဲ့သလို လာမယ့် လွှတ်တော်မှာ လွှတ်တော် ကိုယ်စားလှယ် အားလုံးရဲ့ ၂၅ ရာခိုင်နှုန်းကို တပ်မတော်သားတွေ ပါဝင်ခွင့်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်ဖို့ လုံးဝ မဖြစ်နိုင်မယ့် ပုဒ်မ ၄၃၆၊ ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတ မဖြစ်နိုင်ဖို့ တားမြစ်ထားတဲ့ ပုဒ်မ ၅၉ (စ) တို့ ပါဝင်ခဲ့ပါတယ်။ ကျွန်တော့်အထင် (ထပ်ပြောပါ့မယ် ကျွန်တော့်အထင်) ကတော့ အဲဒီ အခြေခံ ဥပဒေဟာ ၁၉၉၃-၉၄ ခုနှစ်လောက် ကတည်းက ပြီးပါပြီ။ ကျန်တဲ့အချိန်တွေကတော့ နိုင်ငံရေးကို လိုသလို ကစားနိုင်အောင်လို့ အချိန်ဆွဲထားတာ ဖြစ်မှာပါ။

## နာဂစ် မုန်တိုင်း

၂၀၀၈ ခုနှစ်၊ မေလမှာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှာ မြန်မာနိုင်ငံရဲ့ သမိုင်းမှာ တစ်ခါမှ မကြုံခဲ့ဖူးတဲ့ နာဂစ်မုန်တိုင်းကြီး ဖြစ်ပွားခဲ့ပါတယ်။ ပြည်သူလူထု တစ်သိန်း သုံးသောင်းကျော် သေကြေ ပျက်စီးခဲ့ပြီး ကျေးရွာ အမြောက်အမြား ပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီ နာဂစ် မုန်တိုင်း ဖြစ်ပွားပြီး တာနဲ့ မရှေးမနှောင်းမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ပြုရေး Referan-dum ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်သူ သဘောထား ခံယူဖို့ လုပ်

နေတဲ့ အချိန်နဲ့ တိုက်ဆိုင်နေခဲ့ပါတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ပြုရေး ဆန္ဒခံယူပွဲဟာ ရာခိုင်နှုန်း ၉၀ ကျော်နဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။

ဒီလို နိုင်ငံနဲ့ချီပြီး အရေးကြီးတဲ့ နိုင်ငံရေး မြေလှမ်းကြီးတွေကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စိတ်အေးလက်အေး အကွက်ချပြီး အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။ ဒီလို အကောင်အထည် ဖော်နိုင်အောင်လည်း အရည်အချင်း ရှိတဲ့ လက်အောက်ငယ်သားတွေကိုလည်း ရွေးချယ် တာဝန်ပေးခဲ့ပါတယ်။

ခေါင်းဆောင်မှု အရည်အချင်းမှာ ပါတဲ့ လက်အောက်အရာရှိတွေကို တာဝန်ခွဲဝေပေးခြင်း Delegation of power သို့မဟုတ်ရင်လည်း Delegation of authority ဆိုတဲ့ အချက်ကို ပိုင်နိုင်စွာ အသုံးချခဲ့ခြင်းပါ။ ဒါပေမဲ့ ကွာခြားချက် တစ်ခုတော့ ရှိပါတယ်။ လုပ်ဆောင်ချက်တွေဟာ နိုင်ငံနဲ့ အများပြည်သူတွေ အပေါ်မှာ စေတနာရှိခြင်းနဲ့ နိုင်ငံနဲ့ အများပြည်သူတွေ အပေါ်မှာ လှည့်ဖျား ကောက်ကျစ်တဲ့နည်းနဲ့ အကောင်အထည်ဖော်ခြင်း ဆိုတဲ့ ခြားနားမှုပါ။ သူ့ရဲ့ ဆန္ဒတွေတော့ ပြည့်ဝသွားတာပေါ့။

## ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ သူလုပ်တိုင်း အကောင်အထည် ပေါ်လာအောင် ဖြစ်စေမယ့် တချို့ကိစ္စတွေကို ကျွန်တော်တို့ NLD က တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ပံ့ပိုးပေးသလို ဖြစ်ခဲ့ပါ ဘယ်။ ပထမတစ်ချက် အနေနဲ့ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံကို ကျွန်တော်တို့ NLD ရာ လက်မခံခဲ့ခြင်း ဖြစ်ပါတယ်။ ဒါတင်မကပါဘူး ဖွဲ့စည်းပုံ အခြေခံကို လက်မခံခဲ့ဘဲ ၂၀၁၀ ခုနှစ်မှာ ပြုလုပ်တဲ့ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ခြင်းတို့ပါပဲ။ ဒါကြောင့်မို့လို့လည်း ၂၀၁၀ ရွေးကောက်ပွဲမှာ ကြံ့ခိုင်ရေး ပါတီက အများစု အနိုင်ရခဲ့ပြီး အစိုးရ ဖွဲ့နိုင်ခဲ့တာပါ။

ရွေးကောက်ပွဲ နိုင်ပြီးပြီ ဆိုတော့ သမ္မတအဖြစ် ဦးသိန်းစိန်၊ လွှတ်တော် ဥက္ကဋ္ဌများအဖြစ် သူရဦးရွှေမန်းနဲ့ ဦးခင်အောင်မြင့်၊ တပ်မတော် ခေါင်းဆောင် အဖြစ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်တို့ကိုလည်း တာဝန်တွေ အသီးသီး

ခွဲဝေပေးခဲ့တာလည်း သူပါပဲ။ အဲဒီတော့ သူနဲ့ သူ့မိသားစုတို့ရဲ့ ဘဝ လုံခြုံရေး စိတ်ချရသလောက် ရှိပြီပေါ့။

## ကြားဖြတ် ရွေးကောက်ပွဲ

လွှတ်တော် ကိုယ်စားလှယ်တွေထဲက ပြည်ထောင်စုအဆင့် ရာထူးတွေ ယူလာတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ် ၄၄ နေရာ လွတ်လပ်သွားပါတယ်။ အဲဒီလို လွတ်လပ်သွားတဲ့ နေရာတွေမှာ ကြားဖြတ် ရွေးကောက်ပွဲ လုပ်တဲ့အခါ စုစုပေါင်း ၄၄ နေရာရှိပါတယ်။ အင်းတော်က NLD ဥက္ကဋ္ဌ ဦးစောလှိုင်ကိုတော့ နိုင်ငံသား ဥပဒေနဲ့ ငြိလို့ဆိုပြီးတော့ ရွေးကောက်ပွဲ ဝင်လို့ မရပါဘူး။ အကြောင်းပြတာကတော့ ဦးစောလှိုင်ရဲ့ ဖခင်ဟာ နိုင်ငံခြားသားမို့ ဥပဒေနဲ့ ငြိတယ်ဆိုပြီး ရွေးကောက်ပွဲ ယှဉ်ပြိုင်ခွင့် မရခဲ့ပါဘူး။ ဒါပေမဲ့ ဦးစောလှိုင်ဟာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အင်းတော်မြို့နယ်ကပဲ ရွေးကောက်ပွဲ ဝင်ခွင့် ရလို့ အရွေးချယ်ခံရပြီးသားပါ။

ကြားဖြတ် ရွေးကောက်ပွဲမှာ ၄၄ နေရာအနက် ၄၃ နေရာမှာ NLD က နိုင်ခဲ့ပါတယ်။ ဒီဖြစ်ရပ်ကို နိုင်ငံရေး သုတေသီတချို့က "NLD ကို တမင် သက်သက် ဖွင့်ပေးခဲ့တာ၊ နောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း အသက် ၇၀ နား နီးလာပြီမို့ နိုင်ငံရေး ဆက်လုပ်နိုင်မယ် မဟုတ်တော့ဘူး။ အဖွားကြီး ဖြစ်နေပြီ" ဆိုတဲ့ မှတ်ချက် အပေးခံရပါတယ်။ အဲဒီ အယူအဆဟာ မှန်ကောင်း မှန်ပါလိမ့်မယ်။ ဒါပေမဲ့ ဒေါ်စုကို အဲဒီလို သဘောထားနဲ့ လွှတ်ပေးခဲ့တယ် ဆိုရင်တော့ သူတို့ အမှားကြီး မှားသွားခဲ့ပါပြီ။

ဘာ့ကြောင့် ပြောရသလဲဆိုရင် ၂၀၁၂ ခုနှစ် ကတည်းက ကြားဖြတ် ရွေးကောက်ပွဲနဲ့ လွှတ်တော်ထဲကို ရောက်လာတဲ့အခါ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်မြည်။ ၂၀၁၅ ခုနှစ်ကျတော့ သူ့ရဲ့ စည်းရုံးရေးစွမ်းအားနဲ့ NLD ပါတီက အပြတ်အသတ် နိုင်လာတဲ့အခါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေထဲမှာ ပါတဲ့ ပုဒ်မတစ်ခုရဲ့ ကျေးဇူးကြောင့် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် တာဝန် ယူပြီး နိုင်ငံရဲ့ အရေးအခင်း မှန်သမျှကို ဦးဆောင်နိုင်တဲ့ အနေအထားကို ရောက်နေပါပြီ။

ခမ်းနားလှတဲ့ လွှတ်တော်၊ သမ္မတအိမ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများရဲ့ အိမ်တော်တွေကို "ငါတို့ ဒီမှာ တစ်သက်လုံး နေသွားမှာ" ဆိုတဲ့ လွန်ကဲတဲ့ ယုံကြည်ချက်တွေနဲ့ တည်ဆောက်ထားခဲ့တာတွေကို အကုန်လုံး လက်လွှတ် စွန့်ခွာသွားခဲ့ကြရပါတယ်။ နမျောလွန်းမက နမျောတယ် ဆိုရင် တော့ ကိုယ်ချင်းစာတရားနဲ့ နားလည်ပေးနိုင်ပါတယ်။ ဒါမှမဟုတ် နာကျည်း နေမယ် ဆိုရင်လည်း နာကျည်းလောက်ပါတယ်လို့ ဆိုချင်ပါတယ်။

## ယနေ့အထိ ချမ်းသာရာရနေဆဲပါ

ကံအားလျော်စွာ ဒေါ်အောင်ဆန်းစုကြည်ကလည်း "အမျိုးသား ရင်ကြားစေ့ ရေး" မူဝါဒကို ကိုင်စွဲပြီး သူ ခံခဲ့ရတာတွေကို တစ်လုံးတစ်ပါဒမျှ မဟဘဲ နိုင်ငံ ငြိမ်းချမ်းရေးနဲ့ စီးပွားရေး ကိစ္စတွေကိုပဲ ဇောက်ချ လုပ်ကိုင် ဆောင်ရွက်လာပါ တယ်။ သူက အမျိုးသား ရင်ကြားစေ့ရေးကို ဘယ်လောက်ပဲ လုပ်လုပ်၊ ဘယ်လောက်ပဲ ပြောပြော မယုံတဲ့သူတွေကတော့ မယုံကြပါဘူး။ ကိုယ့် အလှည့်တုန်းကတော့ ရက်ရက်စက်စက် လုပ်ခဲ့ကြတော့ သူများမှာ အာဏာရှိ နေပြီ ဆိုတဲ့အခါ ဘယ်တော့ ခံရမလဲ ဆိုတဲ့ အတွေးနဲ့ "ထမင်းလုံး တစ္ဆေ" ခြောက်နေကြမယ် ထင်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အထူး ရေးပြချင်တာက ကျွန်တော်ဟာ ၁၉၈၈ ခုနှစ်က စပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးကိစ္စ အဝဝတွေ ကူညီ လုပ်ကိုင်ခဲ့လို့ သူ့အကြောင်းကို ကောင်းကောင်းသိတယ်လို့ ပြောနိုင်ပါတယ်။ သူဟာ "ဒါကို ဖြစ်အောင်လုပ်မယ်" ဆိုရင် တကယ် လုပ်မှာပါ။ "မလုပ်တော့ ဘူး" လို့ ပြောရင် တကယ် မလုပ်ပါဘူး။

ဒါ့ကြောင့် သူဟာ အမျိုးသား ရင်ကြားစေ့ရေးမူကို ကိုင်စွဲနေမှာမို့လို့ အရင် အရင်က သူ့ကို ရန်ရှာခဲ့တဲ့သူတွေအပေါ်မှာ လက်စားချေစိတ် မရှိပါ ဘူးလို့ ရေးပြချင်ပါတယ်။ ဒီစိတ်ထားကြောင့်ပဲ အဲဒီပုဂ္ဂိုလ်တွေဟာ ကိုယ် ကျန်းမာ၊ စိတ်ချမ်းသာနဲ့ ဘဝလမ်းကြောင်းတွေကို မိမိတို့ မျှော်မှန်းသလို ဆက်လျှောက်နေနိုင်ကြတာပါ။

**ဘဝနေဝင်ချိန်**

ကျွန်တော်တို့နဲ့ အရင်အစိုးရ ခေါင်းဆောင်ဟောင်းတွေဟာ အသက် ရာကျော်တွေ ဖြစ်ကုန်ပါပြီ။ ဗုဒ္ဓဘာသာဝင်တွေပီပီ သံသရာအတွက် ပြင်ဆင်ချိန် ရောက်နေပါပြီ။ ဒါန ကုသိုလ်ထက်၊ သီလ ကုသိုလ်က ပိုမြတ်တယ် သီလ ကုသိုလ်ထက် ဘာဝနာ ကုသိုလ်က အမြတ်ဆုံး ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါတယ်။ ဒါကြောင့် အရင်က ခံခဲ့ရတဲ့ ပုဂ္ဂိုလ် အများစုက အမုန်းအာဃာတတွေကို ဘေးဖယ်ထားခဲ့တာ ပြည်တွင်းကသာမက နိုင်ငံတကာကပါ အသိအမှတ် ပြုနေကြပါပြီ။

ဒါကြောင့် အရင်က အထက်မှာ နေခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေကလည်း စိတ်ချလက်ချနဲ့ ဘဝနေဝင်ချိန်မှာ သံသယကင်းကင်း၊ စိတ်အနှောင်အဖွဲ့ ကင်းကင်းနဲ့ နေသွားနိုင်ကြဖို့လိုပါတယ်။ အဲဒီလို အခြေအနေမျိုး ရောက်လာပြီဆိုရင်တော့ တစ်ဦးချင်း အတွက်ရော၊ အဖွဲ့အစည်းများ အတွက်ရော၊ နိုင်ငံအတွက်ရော ကောင်းတဲ့ အကျိုးပေးတွေ ဖြစ်လာနိုင်မှာပါလို့ ယုံကြည်ပါတယ်။

ထပ်ပြီး စကားရှည်ချင်တာက အရင်က ရွေးထီးဆောင်းခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော့် အနေနဲ့ တင်ပြချင်ပါတယ်။ အပေါ်မှာ ရေးခဲ့သလို ဘဝနေဝင်ချိန်မို့လို့ သံသရာ ရိက္ခာတွေ စုဆောင်းရင်းနဲ့ ဘဝကို နိဂုံးချုပ်သွားကြမယ် ဆိုရင်လည်း ကောင်းပါတယ်။ ဒီထက် ပိုကောင်းမယ့် အလုပ်ကတော့ ကိုယ်စွမ်းရည်၊ စိတ်စွမ်းရည်တွေ ရှိသလောက် အနာဂတ် မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားလာအောင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး၊ လက်ရှိ ဆောင်ရွက်နေတဲ့ ပြည်တွင်း ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွေမှာ တစ်တပ်တစ်အား ပါလာနိုင်မယ် ဆိုရင်တော့ အလွန် သင့်မြတ်တဲ့ လုပ်ရပ်တွေ ဖြစ်လာနိုင်ပါကြောင်း အနူးအညွတ် တင်ပြအပ်ပါတယ်။

*****

## ဘကြီးအောင် ညာတယ်၊ မင်းသုဝဏ်နှင့် ကျွန်တော်

**နောက်ခံဇာတ်လမ်း အကျဉ်း**

ကျွန်တော်ရဲ့ နောက်ကြောင်းခံ အကြောင်းအရာလေးတွေ တင်ပြပါရစေ။ ကျွန်တော်ဟာ မိတ္ထီလာမြို့နယ် တောင်လက်၊ အလည်ရွာ ကျေးရွာ အုပ်စု၊ သည်ကုန်း ဆိုတဲ့ ရွာလေးမှာ ၁၉၄၁ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ ဖခင်က မူလတန်း ကျောင်းအုပ် ဦးလှထွန်းဖြစ်ပြီး မိခင်က ဒေါ်ခင်စုပါ။ ၁၉၄၇ ခုနှစ်မှာ ကျွန်တော်ဟာ ခြောက်နှစ်သား အရွယ် ဖြစ်နေပါပြီ။ မူလတန်းကျောင်း တက်နေတဲ့ အချိန်ပါ။ အခု ကျွန်တော် ပြောချင်တဲ့ ဇာတ်လမ်းက အဲဒီ အရွယ်မှာ ကြုံခဲ့ရတာပါ။

အဖေဟာ လကုန်ရက်မှာ မိတ္ထီလာမြို့ ပညာအုပ်ရုံးမှာ သွားပြီး လခ ထုတ်ရပါတယ်။ လခထုတ်ပြီး ရွာပြန်လာတဲ့အခါကျတော့ မြို့က ခေါက်ဆွဲ ကြော်၊ ကိတ်မုန့်တွေ စားကောင်းသောက်ဖွယ်တွေ ဝယ်လာလေ့ရှိပါတယ်။ အဖေဟာ စာပေ ဝါသနာပါသူဖြစ်တော့ စားကောင်းသောက်ဖွယ်တွေနဲ့အတူ ..ဒ်စေတ်က ထွက်တဲ့ ဝတ္ထုစာအုပ်၊ မဂ္ဂဇင်းအချို့ကိုလည်း ဝယ်လာလေ့ ..ပါတယ်။

ကျွန်တော်က ပထမတန်း ကျောင်းသားဆိုတော့ စာချောချောင် မဖတ် ..ာ်သေးပါ။ ဒါပေမဲ့ သိချင်စိတ်ရှိလို့ ဖတ်ချင်ပေမဲ့ အဖေ ဝယ်လာတဲ့ ဝတ္ထု ..အုပ်တွေကို မဖတ်နိုင်ပါ။ မဂ္ဂဇင်းတွေကိုတော့ လှန်လှောပြီး အရုပ်ကြည့်ပါ ..ယ်၊ အဖေဝယ်လာလေ့ရှိတဲ့ မဂ္ဂဇင်းကတော့ "ရှုမဝ" မဂ္ဂဇင်း ဖြစ်ပါတယ်။

ရှုမဝ မဂ္ဂဇင်းဟာ မျက်နှာဖုံးမှာ လှပတဲ့ မိန်းကလေးပုံ (ပန်းချီ) နဲ့ ထုတ် ..လေ့ ရှိပါတယ်။ များသောအားဖြင့် ပန်းချီဆရာ (ဦး)ကိုလေးရဲ့ လက်ရာ ..ဖြစ်လို့ ကျွန်တော် စိတ်ဝင်စားပါတယ်။ တစ်လမှာ ရှုမဝ မဂ္ဂဇင်းကို လှန်

လော့ ကြည့်တဲ့ အခါ ကျွန်တော် စိတ်ဝင်စားတဲ့ ကဏ္ဍတစ်ခုကို တွေ့ရပါ တယ်။ အဲဒါကတော့ ကာတွန်း ကဏ္ဍပါ။

အဲ့ဒီ ကာတွန်းကဏ္ဍမှာ ဇာတ်လမ်းတစ်ပုဒ် တွေ့ရပါတယ်။ အဲဒီ ဇာတ် လမ်းထဲမှာ ဇာတ်ကောင်လေး တစ်ယောက်က ကျွန်တော်နဲ့ ရွယ်တူ ကျွန် တော့်လိုပဲ သျှောင်ပေစူးနဲ့ ကောင်လေးတစ်ယောက်၊ သူနဲ့အတူ ပန်းပုဆရာ တစ်ယောက်တို့ကို တွေ့ရပါတယ်။ ဇာတ်လမ်း ခေါင်းစဉ်ကိုတော့ ကျွန်တော် ဖတ်နိုင်ပါတယ်။ "ဘကြီးအောင် ညာတယ်" ပါတဲ့။

နှစ်မျက်နှာ သုံးမျက်နှာလောက် ရှိတဲ့ ကာတွန်း ဇာတ်လမ်းမှာ စကား ပြောတာတွေ၊ စာသားတွေ ပါပါတယ်။ ကျွန်တော် အစိပ္ပာယ် မဖမ်းတတ်ပါ။ ဒါကြောင့် အဖေ့ကို ဖတ်နိုင်းပါတယ်။ အဲဒီ ဇာတ်လမ်းဟာ တစ်လနဲ့ ဇာတ် လမ်းပြတ်မသွားပါ။ နောက်ထပ် နှစ်လ ဆက်ဖတ်မှ ဇာတ်လမ်းပြီးသွားတာပါ။

ဇာတ်လမ်းက ဒီလိုပါ။ ကောင်လေး နာမည်က မောင်ချွေး၊ ပန်းပုဆရာ ကြီး နာမည်က ဘကြီးအောင် ဖြစ်ပါတယ်။ ဘကြီးအောင်က အရုပ်ကလေး တစ်ရုပ်ကို ပန်းပု ထုနေတာပါ။ မောင်ချွေးလေးက ဘကြီးအောင်ကို မေးတဲ့ အခါ ဘကြီးအောင်က နတ်သမီးရုပ် ရအောင် ထုနေတဲ့အကြောင်း ပြောပါ တယ်။ မောင်ချွေးလေးက သူ လိုချင်ပါတယ်လို့ ဘကြီးအောင်ကို ပြောပါ တယ်။ ဘကြီးအောင်က လွယ်လွယ်ပဲ "မင်း ဒီပန်းပုရုပ်ကို လိုချင်ရင် ပိုက်ဆံ တစ်ကျပ်နဲ့ ရောင်းမယ်" လို့ ပြောလိုက်ပါတယ်။

အဲဒီခေတ်က ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး လွတ်လပ်ရေး ကြိုးပမ်းနေတဲ့ ကာလဖြစ်ပြီး စစ်ပြီးစ မြန်မာပြည် ပြန်ရောက်တဲ့ အင်္ဂလိပ် အစိုးရက အုပ်ချုပ်နေတဲ့ ကာလ ဖြစ်ပါတယ်။ သုံးတဲ့ ငွေကြေးစနစ်ကလည်း ခုခေတ်လို ကျပ်၊ ပြား မဟုတ်သေးပါဘူး။ တစ်ပြား၊ တစ်ပဲ၊ တစ်မူး၊ တစ်မတ် ငါးမူးနဲ့ တစ်ကျပ် စတဲ့ ငွေကြေးစနစ်ပါ။

မောင်ချွေးလေးကို သူ့အမေက တစ်နေ့ကို မုန့်ဖိုး တစ်ပြား ပေးပါတယ်။ မောင်ချွေးလေးက စဉ်းစားပါတယ်။ တစ်ကျပ်မှာ ၆၄ ပြားရှိတော့ သူ ၆၄ ရက် မုန့်မစားဘဲ စုမယ်၊ ဒါဆိုရင် ဘကြီးအောင်ရဲ့ အရုပ်ကလေး ဝယ်လို့ ရပြီ။ ဒါကြောင့် သူဟာ မုန့်မစားဘဲ ပိုက်ဆံစုမယ်လို့ ဆုံးဖြတ်ပြီး ဘကြီးအောင်ကို

"အဲဒီ အရုပ်ကလေး ကျွန်တော် ဝယ်မယ်၊ တစ်နေ့ တစ်ပြား စုရမှာမို့လို့ ငွေ ရက် စုမှ တစ်ကျပ် ရမှာပါ။ ဒါကြောင့် တစ်ကျပ်ပြည့်ရင် ကျွန်တော် ပေးပါ့မယ်" လို့ ပြောတော့ ဘကြီးအောင်ကလည်း "ကောင်းပြီ" ဆိုတဲ့အတွက် မောင်ခွေးလေးက ပိုက်ဆံ စုပါတော့တယ်။

မောင်ခွေးလေးက ဘကြီးအောင် ထုတဲ့ အရုပ်ကလေးကို လိုချင်စောနဲ့ နေ့တိုင်းလိုလို ဘကြီးအောင် ပန်းပုထုတာကို လာကြည့်လေ့ ရှိပါတယ်။ တစ်နေ့တခြား ရုပ်လုံးလေးပေါ်လာတာကိုလည်း မောင်ခွေးလေးက ကြည့်ရင်း သဘောကျရင်းပေါ့။ မောင်ခွေးလေး ပိုက်ဆံစုတာ ပြား ၅၀ ကျော်သွားပါပြီ။ ဘကြီးအောင်ရဲ့ ပန်းပုရုပ်ကလေးကလည်း ပီပြင်လာပါပြီ။ မောင်ခွေးလေးကလည်း သူ့လိုဘ ပြည့်တော့မှာမို့လို့ ဝမ်းသာနေပါတယ်။

ဒါပေမဲ့ တစ်နေ့တော့ မြို့ပေါ်က အရာရှိကြီး တစ်ယောက်က (မြို့ပိုင်လို့ ခေါ်တယ် ထင်ပါရဲ့) သူတို့ ရွာကို နယ်လှည့် ရောက်ရှိလာပါတယ်။ ရောက်ရှိရင်းနဲ့ ပန်းပုဆရာကြီး ထုထားတဲ့ နတ်သမီးရုပ်လေးကို မြင်သွားပါတယ်။

အဲဒီနတ်သမီးရုပ်ကို မြို့ပိုင်ကြီးက လိုချင်တယ် ဆိုလို့ ဘကြီးအောင်က နတ်သမီးရုပ်လေးကို အရောကိုင်ပြီး ပေးလိုက်ပါတယ်။ အဲဒီလို ပေးလိုက်တဲ့အခါ ပိုက်ဆံ ရလား၊ မရလား ကျွန်တော် မမှတ်မိတော့ပါဘူး။ ညနေပိုင်း ဈေးသည်တွေ ပြန်သွားလို့ မောင်ခွေးလေး ရောက်လာတဲ့အခါ ဘကြီးအောင် ထုထားတဲ့ နတ်သမီး အရုပ်လေး မရှိတော့တဲ့အကြောင်း သိလိုက်ရပါတယ်။ ဘကြီးအောင်ကတော့ ကလေးကို လွယ်လွယ်ကူကူ ပေးထားခဲ့တဲ့ ကတိကို မေ့သွားပြီး ပေးလိုက်ဟန်တူပါတယ်။

မောင်ခွေးလေး ဝမ်းနည်းပက်လက် ဖြစ်သွားပြီး အိမ်ပြန်သွားပါတယ်။ နောက်နေ့က စပြီးတော့ မောင်ခွေးလေးဟာ ဝမ်းနည်းကြေကွဲတဲ့ စိတ်ကြောင့် မစားနိုင်၊ မအိပ်နိုင်ဖြစ်သွားပြီး အိပ်ရာပေါ်မှာ လဲသွားပါတယ်။ ပြန်မထသာတော့ပါ။ နောက်ရက်အနည်းငယ် အကြာမှာတော့ မောင်ခွေးလေးဟာ ကွယ်လွန်သွားပါတယ်။ မကွယ်လွန်မီမှာတော့ မောင်ခွေးလေးက "ဘကြီးအောင် ညာတယ်... ဘကြီးအောင် ညာတယ်" ဆိုတဲ့ စကားတွေကို တတွတ်တွတ် ရွတ်ရင်းနဲ့ အသက်ကုန်သွားပါတယ်။

အဖေက အဲဒီဇာတ်လမ်းကို သုံးလေးလုံး ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ဖတ်ပြပါတယ်။ နောက်ဆုံးအခန်း ရောက်တဲ့အခါ ကျွန်တော်ကိုယ်တိုင်ကလည်း ဝမ်းနည်းတဲ့စိတ်နဲ့ မျက်ရည်တွေ တွေတွေကျလာပါတယ်။ အဖေက မြင်တော့ အံ့ဩလို့။

အဖေက ပြောပါသေးတယ်။ "သားရဲ့၊ ဒါက စိတ်ကူးယဉ် ဇာတ်လမ်းလေကွာ၊ တကယ့် အဖြစ်အပျက်မှ မဟုတ်ဘဲနဲ့" ဆိုပေမဲ့ ကျွန်တော်ကတော့ မျက်ရည်မထိန်းနိုင်ခဲ့ပါ။ ဇာတ်လမ်းကို ဖန်တီးသူ "(ဆရာ) မင်းသုဝဏ်" ကိုရော၊ ဇာတ်လမ်းကို ပုံဖော်တဲ့ ပန်းချီ/ကာတွန်းဆရာ ဦးဘကြည်ကိုပါ စွဲစွဲမြဲမြဲ မှတ်မိနေပါတယ်။ အသက်ကြီးလာတဲ့အခါမှာလည်း အဲဒီနာမည်နဲ့ သီချင်းတစ်ပုဒ် ပေါ်လာတာကိုလည်း ကျွန်တော် သိနေပါတယ်။

## ဆရာကြီးနဲ့ NLD

ဒီလိုနဲ့ ကျွန်တော်ဟာ ဘဝသံသရာမှာ ကျင်လည်ရင်း ဆရာ မင်းသုဝဏ်ရဲ့ ကဗျာတွေနဲ့ ပိုရင်းနှီးလာပါတယ်။ ဆရာကြီးဟာ တက္ကသိုလ်မှာ မြန်မာစာ ဆရာ လုပ်ရင်း အင်္ဂလန် နိုင်ငံ၊ အောက်စဖို့ တက္ကသိုလ်မှာ ပညာ သင်ကြားခဲ့တဲ့ အကြောင်း၊ "ဘကြီးအောင် ညာတယ်" ဆိုတဲ့ ဇာတ်လမ်း ပေါ်လာရေး နောက်ခံ ဇာတ်လမ်းတွေကိုလည်း တစ်ဆင့် ကြားခဲ့ရပါတယ်။ မှန်၊ မမှန်တော့ မသိပါ။

ကျွန်တော် အထက်တန်းပညာ သင်ပြီးတော့ တပ်ထဲကို ရောက်တပ်က ထွက်ပြီးတော့ စီးပွားရေးသမားလုပ်၊ စီးပွားရေးသမား ဘဝက နိုင်ငံရေး ရေယဉ်ကြောထဲ မျောပါခဲ့ပါတယ်၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ လုပ်တော့ ကျွန်တော် ထောင်ထဲမှာပါ။ အဲဒီ ရွေးကောက်ပွဲမှာ ဆရာကြီး မင်းသုဝဏ်ဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD အဖွဲ့ ကိုယ်စားပြုပြီး မြို့နယ်တစ်ခုမှာ အရွေးခံရတယ် ဆိုတာ ထောင်ထဲကနေ ကြားသိလို့ ဝမ်းသာရပါတယ်။

ဒါပေမဲ့ နဝတ အစိုးရက ကတိမတည်ဘဲ အာဏာမလွှဲခဲ့လို့ ဆန္ဒပြ လှုပ်ရှားမှုတွေ ပေါ်လာခဲ့အခါ အရွေးချယ်ခံ ကိုယ်စားလှယ်များကို ရာနဲ့ချီ

အဖမ်းခံရပါတယ်။ ကျန်တဲ့ ကိုယ်စားလှယ်များကိုတော့ ဖိအားပေးပြီး ထွက်ိုင်းတဲ့အခါမှာ ဆရာကြီး မင်းသုဝဏ်လည်း ပါသွားခဲ့ပါသတဲ့။ ဒါတွေက ကျွန်တော် ထောင်ထဲမှာ ကြားရတဲ့ သတင်းတွေပါ။

၁၉၉၅ ခုနှစ်မှာ ကျွန်တော် ထောင်လွတ်တော့ အကျယ်ချုပ်က လွတ်ာတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးမှာ လုပ်အားပေးခဲ့ပါတယ်။ အဲဒီလို ုပ်အားပေးရင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ဆီကို လာတဲ့ ဧည့်သည်တွေ ူကြီး၊ လူငယ်၊ အဖွဲ့အစည်း၊ နိုင်ငံခြားသားများနဲ့ သံတမန်များ) ကို ဒေါ်စု နဲ့ တွေ့ဆုံ စကားပြောနိုင်အောင် ကျွန်တော် စီစဉ်ပေးရပါတယ်။

အဲဒီလို စီစဉ်ပေးခဲ့တဲ့ သူတွေထဲမှာ ဆရာကြီး မင်းသုဝဏ်လည်း ပါပါ ယ်။ ဆရာကြီးက အရပ် ထောင်ထောင်မောင်းမောင်း၊ အသားညိုညိုနဲ့ မွန် ညံ့တဲ့ ရုပ်လက္ခဏာ ရှိပါတယ်။ သူ့သား အစ သမ္မတဟောင်း ကိုထင်ကျော် နဲ့လည်း ရုပ်ချင်းဆင်ပါတယ်။ ကျွန်တော်က ကုမ္ပဏီဘက်က တင်ပြချက်တွေ ဝက်မှု ၁ နဲ့ ဆွေးနွေးတဲ့အခါ သူ (ဦးထင်ကျော်) က စီမံ/ဘဏ္ဍာ ဝန်ကြီး ိုယ်စား လာဆွေးနွေးတဲ့ အတွက် သိကျွမ်း ခင်မင်ခဲ့ရတာပါ။ နောက် ိုင်း သူရော၊ ဇနီး ဒေါ်စုစုလွင်ပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အတွင်းစည်းကို ောက်လာတဲ့အခါ ပိုပြီး ခင်မင် ရင်းနှီးလာခဲ့ပါတယ်။

## ဆော့နှပ် ဝမ်းမြောက်မိခြင်း

ဆရာကြီး မင်းသုဝဏ်နဲ့ ဒေါ်အောင်ဆန်းစုကြည် စကားပြောတဲ့ အခါမှာ ကျွန်တော် အနားမှာ မရှိပါ။ ဆရာကြီးနဲ့ ဒေါ်စု စကားပြောတဲ့ နေရာဟာ ဒေါ်ရဲ့ အိမ်အောက်ထပ်၊ နောက်ဖက်ခန်း အဲဒီတုန်းက ထမင်းစားခန်း ောင် ကိုနီရဲ့ အိပ်ခန်း)* လုပ်ထားတဲ့နေရာမှာ နှစ်ယောက်တည်း စကား ပြောနေကြတာပါ။ ခဏနေတော့ ကျွန်တော့်ကို ဒေါ်စု ခေါ်ပါတယ်။

သူတို့ စကားပြောတဲ့ ထမင်းစားပွဲမှာ ဝင်ထိုင်နိုင်းပြီး ကျွန်တော့်ကို ...နဲ့ မိတ်ဆက်ပေးပါတယ်။ ဒေါ်စု ရှေ့မို့ ဆရာကြီးကို စကားရှည်ရှည် ... ပြောဖြစ်ပါ။ ဒါပေမဲ့ စိတ်ထဲမှာတော့ ကျွန်တော်ငယ်စဉ်က ဖတ်ခဲ့ရ ...အောင် ညာတယ်" ဆိုတဲ့ ဇာတ်လမ်းကြောင့် ကျွန်တော် မြောက်

နှစ်သားနဲ့ မျက်ရည်ကျခဲ့ဖူးတဲ့ အကြောင်း ပြောချင်နေခဲ့ပါတယ်။ ဒါပေမဲ့
မပြောဖြစ်ခဲ့ပါ။

ကျွန်တော်တို့ သုံးယောက် စကားပြောရင်းနဲ့ ဒေါ်စုက ကျွန်တော့်တို့
စာရွက် တစ်ရွက် ထိုးပြလိုက်ပါတယ်။ စာက ဒေါ်အောင်ဆန်းစုကြည်က
လိပ်မူပြီးတော့ ဆရာကြီး မင်းသုဝဏ် လက်မှတ် ထိုးထားပါတယ်။ စာက
တိုတိုလေးပါ။ အကြောင်းအရာကတော့ တိုတို တင်ပြရရင် "ကျွန်တော့်အား
အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၊ အဖွဲ့ဝင်အဖြစ် ပြန်လည် လက်ခံပါရန်"
သဘောပါတဲ့ စာပါ။ အဲဒီစာနဲ့ ပတ်သက်လို့ ဒေါ်စု ဘယ်လို ခံစားရလဲတော့
မသိပါ။ ကျွန်တော်ကတော့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။

နောက်ပိုင်းတော့ ဒေါ်စုဟာ ဆရာကြီး မင်းသုဝဏ်၊ ဦးကြည်မောင်
ရန်ကုန် တက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဒေါက်တာ သာလှတို့ကို ဖိတ်ကြား
ပြီး လူကြီး စကားဝိုင်း ကျင်းပလေ့ရှိပါတယ်။ သူတို့ ပြောတဲ့ စကားတွေဟာ
ကြားရတဲ့သူတွေ အတွက် အင်မတန် တန်ဖိုးရှိတဲ့ စကားတွေပါ။ အဲဒီ
စကားဝိုင်းတွေကို ဒေါ်စု အလွန်သဘောကျပါတယ်။

၁၉၉၆ ခုနှစ်၊ မေလမှာ ကျွန်တော် ထပ်အဖမ်းခံရပြန်ပါတယ်။ ဒီတစ်
တော့ ၁၄ နှစ်ပါ။ ထောင်ထဲကို ရောက်သွားတဲ့အခါကျတော့ ပြင်ပနဲ့ အဆက်
အသွယ် ပြတ်သွားပါတယ်။ ထောင်ထဲမှာ နေစဉ်မှာပဲ ဆရာကြီး မင်းသုဝဏ်
ကွယ်လွန်သွားခဲ့အကြောင်း ဝမ်းနည်းစွာ ကြားလိုက်ရပါတယ်။

ဆရာကြီးဟာ သက်ရှိထင်ရှား ရှိနေစဉ်က အကုသိုလ်နည်းစွာနဲ့ ဘ
ကို ဖြတ်သန်းခဲ့သူ ဖြစ်တဲ့အတွက် ဆရာကြီး မင်းသုဝဏ် ကောင်းရာ သုဂ
လားမှာပဲလို့ ယုံကြည်မိပါတယ်။

*****

# ဝက်ကျေးရူးကို အထူးသိလျက် ဆရာစက်

## ကြားဖူးနားဝ ရှိခဲ့တဲ့ ဂါထာတစ်ပုဒ်

ကျွန်တော် ငယ်ငယ်က အဖိုးတွေ၊ အဖွားတွေ ဘုရားရှိခိုးရင် ရွတ်ဆိုတဲ့ ဂါထာတစ်ပုဒ်ကို ကျွန်တော် နားရည်ဝနေခဲ့ပါတယ်။ ဒါကတော့ "အောင် ၁၀၈ ချက် သိယာ့စက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓစက်၊ မြင်းမိုရ် တောင်ဦး မကကျူလျက် မိဘစက်၊ ဝက်ကျေးရူးကို အထူးသိလျက် ဆရာ စက်…" စတဲ့ ဂါထာ ဖြစ်ပါတယ်။

လူကို မကောင်းဆိုးဝါးတွေ ဒုက္ခမပေးနိုင်အောင် ရွတ်တဲ့ အန္တရာယ် ကင်း ဂါထာပါ။ ဘုရားဟော မဟုတ်သော်လည်း ကျွမ်းကျင် နားလည်တဲ့ ပညာရှင်တစ်ပါးက စီစဉ်ခဲ့တဲ့ ဂါထာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်ကတော့ ငယ်တွေ့ ဖြစ်ရပ်လေး တစ်ခုမှာ အသက်ဘေးက သီသီလေး လွတ်ခဲ့တဲ့ အတွက်ကြောင့် အဲဒီအချက်ကို ကောင်းကောင်း စွဲမြဲနေတာပါ။

## ဒေသကောင်း မပျောက်ကောင်း

ကျွန်တော် အရာရှိ ဖြစ်ခါစပေါ့။ အဲဒီနေ့ နံနက်စောစောမှာ ရွာတစ်ရွာကို သတင်းအရ သွားရောက် ရှင်းလင်းဖို့ စေလွှတ်ခြင်းခံရပါတယ်။ ရွာနားရောက် တော့ တပ်စိတ် နှစ်စိတ်ကို ရှေ့ ဝဲဘက်နဲ့ ညာဘက် ဖြန့်ပြီး ချီတက်စေခဲ့ ပါတယ်။ ကျွန်တော်တို့ ခေတ်တုန်းက တပ်စိတ် တစ်စိတ်မှာ ၁၀ ယောက်ဆီ ရှိပြီးတော့ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် လေး-ငါးပေ အကွာက ဆင်ဘောင်တန်းရှိ တက်စေကြပါတယ်။ တပ်စိတ် တစ်စိတ်နဲ့ ကိုက် ၂၀ ခန့် ကွာပါတယ်။ ကျွန်တော့် တပ်ကြပ်ကြီးနဲ့ ရဲဘော် တချို့ဟာ ကျွန်တော့်နောက် က တန်းပြီး ပါလာပါတယ်။ ကျန်တဲ့ အရန်တပ်စိတ်ကတော့ ကျွန်တော်တို့

နောက်က တစ်တန်းတည်း လိုက်လာခဲ့တာပါ။

ကျွန်တော်တို့ အနားရောက်မှ သိရတာက ရှေ့က တပ်စိပ် နှစ်စိတ်လုံး ဖြတ်သွားတော့ သူတို့ ကြားထဲက ရေအိုင်ငယ် တစ်ခုမှာ ကျွဲတစ်ကောင်ဟ ရေစိမ်နေပါတယ်။ ကျွဲက သူ့အနားက ခဲဘော် ၂၀ လောက် ဖြတ်ကျော်သွား တာကို ပြီးမှ သိတဲ့အခါမှာ ဖြုန်းခနဲ ထလိုက်ပါတယ်။ သေနတ်နဲ့ ခဲဘော်တွေ ကိုမြင်တော့ ဘယ်ကို သွားရမလဲဆိုတဲ့သဘောမျိုးနဲ့ ခေါင်းကိုရမ်းနေပါတယ် သူ့ရဲ့ ဘယ်ဘက်နဲ့ ညာဘက်မှာ ခဲဘော်တွေ ရှိလို့ မပြေးသာတော့ရှေ့ ဆုံးဖြတ်လိုက်ဟန်တူပါတယ်၊ အလယ်က လူအနည်းစုကို ခေါင်းဆောင်လာ တဲ့ ကျွန်တော့်ဆီကို ပြေးလာပါတော့တယ်။ အဲဒီလိုလည်း လာရော ခဲဘော် တချို့ရဲ့ အော်သံတွေ၊ ဝေါက်ငမ်းသံတွေကိုလည်း ကြားလိုက်ရပါတယ်။

အဲဒီမှာ ကျွန်တော် ကံကောင်းပုံက နေ့ရှင်းဖြုန်ဝီးဖို့ ကျောပိုးအိတ် ပါမလာပါဘူး။ ပြီးတော့ ခေါင်းမှာလည်း ဖိုက်ဘာ ခမောက် Fibre Helmet ဆောင်းလာပါတယ်။ ကျွဲက ကျွန်တော့်ဆီကို ပြေးလာတဲ့အခါမှာ ကျွန်တော် သူ့ဘက်ကို လှည့်ပြီး အသင့် အနေအထားဖြစ်အောင် ပြင်လိုက်ပါတယ် စိတ်ထဲမှာ ဖြတ်ခနဲ အတွေးတွေ ပေါ်လာပါတယ်။ လျှပ်စီးလက်တဲ့ အချိန် လောက် ရှိမှာပါ။ ကျွဲရန်က လွတ်ဖို့ ပထမ နည်းလမ်းက ကျွန်တော့ဆီကို ဦးတည်လာတဲ့ ကျွဲရဲ့ နှာရိုးပေါ်ကို ခုန်တက်လိုက်ပြီး ရှောင်မယ့် နည်းလမ်း တစ်ခု၊ ဒီနည်းက သူ့နှာရိုးပေါ်ကို ခုန်တက်ပြီး ရှောင်တဲ့အချိန်မှာ သူ့ခေါင်း မငြိမ်ရင် ခုန်ဖို့ မသေချာပါဘူး။

နောက်တစ်နည်းက နောက်ကျွမ်းလိုမ့်ပြီး ကျွဲကို ရှောင်ဖို့ ဖြစ်ပါတယ် အဲဒီအတွေးတွေဟာ ကျွဲက ကျွန်တော့်ကို ဝင်မယ်လို့ လာတဲ့အချိန်မှာ တွေးမိတဲ့ အတွေးတွေပါ။ စက္ကန့်ပိုင်း Split Second အတွင်း ဖြစ်လာတဲ့ စိတ် ပါ။ ကျွဲ ကိုယ့်အနား ရောက်တဲ့အချိန်မှာ နောက်ကျွမ်းလိုမ့်ပြီး ရှောင်မယ့်နည်း လမ်းကို ရွေးလိုက်တာကလည်း တစ်ဆက်တည်းပါပဲ။

ကျွဲက ကျွန်တော့်နား နီးလာတဲ့အခါ ကျွန်တော်ဟာ ကျွဲလာရာ လမ်း က ၄၅ ဒီဂရီလောက် မှန်းပြီး ဘေးတစောင်း ဖြတ်ခနဲ ထိုင်ချလိုက်ပါတယ် ပြီးမှ မြေတောက် နှစ်ဖက်ကို ဆတ်ခနဲ ကွေးလိုက်ပြီး အားနဲ့ လိမ့်လိုက်တဲ့အ

အလှယ်တကူ နောက်ကျွမ်းလိုက်နိုင်ပြီးသား ဖြစ်သွားပါတယ်။ အဲဒီလို လိုက်လိုက်တဲ့ အခါ ကျွဲရဲ့ ညာဘက် ချိုကြီးက ကျွန်တော့် တင်ပါးနားက ဗိုးခနဲ ဖြတ်သွားတာ မြင်လိုက်ရပါတယ်။ ကျွန်တော်က ရုတ်တရက် ပြန်ထပြီး ခါးမှာ ခိုတဲ့ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်ပါတယ်။ အကယ်၍ ကျွဲ နောက်ပြန်လှည့်လာရင် အသင့်ဖြစ်နေအောင်လို့ပါ။

ဒါပေမဲ့ ကျွဲကတော့ နောက်မလှည့်တော့ပါဘူး။ သူ့ခန္ဓာကိုယ်ရဲ့ အရှိန်နဲ့ ခြေဦးတည့်ရာ ပြေးသွားပါပြီ။ အဲဒီနေ့ကစပြီး စေသဘောက သီသီလေး လွတ်သွားတဲ့ ကျွန်တော့် အဖြစ်ဟာ တပ်ရင်းတစ်ရင်းလုံး သတင်း ပြန့်သွားပါတယ်။ ဘာသာရေး စာပေ ဖတ်ဖူးတဲ့ ဗိုလ်ကြီး တစ်ယောက်ကတော့ ကျွန်တော့်ကို "အသသကုမ္မာ" လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်ကတော့ "ကျွဲမင်းသား" ပေါ့။ အဲဒီကာလမှာ နာမည်ကြီး ရုပ်ပြတစ်ခု ရှိပါတယ်။ အိန္ဒိယ နိုင်ငံရဲ့ အာသာရီ ဇာတ်လမ်းမှာ ကျွဲတွေနဲ့ နေတဲ့ လူသားမင်းသားလေး အကြောင်းပါပါတယ်။ အဲဒါနဲ့ နှိုင်းတာပါ။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်တော့ ကျွန်တော်ဟာ သေသေး (သို့မဟုတ်) ကြီးမားတဲ့ အန္တရာယ် ရနိုင်တဲ့ဘေးက လက်တစ်လုံးခြား လွတ်ခဲ့တာလို့ သဘောပေါက်ပါတယ်။ ဒီလို အဖြစ်မျိုးတွေဟာ တပ်မတော်ထဲမှာ ရော၊ တပ်က ထွက်ပြီးတော့အခါမှာပါ အများကြီး ကြုံခဲ့ရဖူးပါတယ်။

## ချယ်ရီရိုပ်နဲ့ ကျွန်တော်

အများပြည်သူတွေ ကြားထဲမှာတော့ သိပ်မသိကြပေမဲ့ တပ်မတော် အသိုင်းအဝိုင်းမှာတော့ သိသူများကြပါတယ်။ "ချယ်ရီရိုပ်" ဆိုတဲ့ အဖွဲ့အစည်းကို DSA ကျောင်းဆင်း အရာရှိကြီးငယ်တို့က ဖွဲ့ထားတာပါ။ မေမြို့သားတစ်ပိုင်းလို ဖြစ်ခဲ့ဖူးကြလို့ ချယ်ရီပန်း သင်္ကေတနဲ့ ချယ်ရီရိုပ်လို့ နာမည်ပေးထားတာပါ။ ဒီအဖွဲ့မှာ ပါတဲ့ တချို့ DSA ကျောင်းဆင်းတွေဟာ အခြေအနေကောင်းတဲ့ အတွက် အဖွဲ့ရန်ပုံငွေကို သိန်း ရာနဲ့ချီပြီး ထည့်ကြရပါတယ်။ ဒါကြောင့် ချယ်ရီရိုပ်ရဲ့ ရန်ပုံငွေဟာ သိန်းထောင်ပေါင်းများစွာ ရှိပါတယ်။ ဒီအဖွဲ့ရဲ့ အဓိက လုပ်ငန်းကတော့ DSA မှာ ပညာသင်ခဲ့တဲ့ အငြိမ်းစား ဆရာ/

ဆရာမများ နာမကျန်း ဖြစ်ရင် (သို့မဟုတ်) ကွယ်လွန်ခဲ့ရင် ကူညီ ထောက် ပေးခြင်း ဖြစ်ပါတယ်။

ကျွန်တော်က ချယ်ရီရိပ်ရဲ့ အကြောင်းကို ကြားရတဲ့အခါ သာဓု ခေါ် တယ်။ အစောပိုင်းမှာတော့ ကျွန်တော် သူတို့နဲ့ အဆက်အသွယ် မရှိပါ ကိုယ်က စပြီး အဆက်အသွယ် မလုပ်တာပါ။ ခိုင်မာတဲ့ အကြောင်း ရှိ တယ်။ ကျွန်တော်တို့ တပ်မတော်က ထွက်တဲ့ ၁၉၇၇ ခုနှစ်မှာ တပ်မတော် အငြိမ်းစား ပေးခံလိုက်ရတဲ့အခါမှာ အဲဒီခေတ်က တန်ခိုးထွားနေတဲ့ မျက်မှ တင်ဦးကြီးက အမိန့်တစ်ခု ထုတ်ပါတယ်။

ဘာလဲဆိုတော့ "၁၉၇၇ ခုနှစ်၊ အုန်းကျော်မြင့်အမှုနဲ့ ဆက်နွယ်ပြီ တပ်က အငြိမ်းစား အပေးခံရတဲ့ အရာရှိတွေကို၊ အဆက်အသွယ် မလုပ် စကား မပြောရ၊ အကယ်၍ မလွှဲမရှောင်သာ ပြောမိခဲ့ရင် အထက်ဌာန သတင်းပို့ရန်" ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ညီအစ်ကိုတမျှ ခင်ခဲ့ဖူးတဲ့ အရာ တော်တော် များများဟာ ကျွန်တော်တို့နဲ့ အဆက်အသွယ် ပြတ်ကုန်ပါတယ်

## တစ်ကြော့ပြန် ဆက်ဆံရေး

နောက်ပြီး ၁၉၈၈ ခုနှစ်မှာ ကျွန်တော် နိုင်ငံရေး နယ်ပယ်ထဲ ရောက်သွား တဲ့အခါမှာလည်း တပ်မတော် အရာရှိများဟာ ကျွန်တော့်ကို စကားမပြော ကြပါဘူး။ ဒါ့ကြောင့် ကျွန်တော်ဟာ ချယ်ရီရိပ်အပြင် အခြား တပ်မတော် ဆက်နွယ်တဲ့ အသင်းအဖွဲ့တွေနဲ့လည်း ကင်းကွာနေပါတယ်။ တမင် တင် ကင်း နေတာပါ။ ဒါပေမဲ့ စေတနာကောင်းတဲ့ အရာရှိဟောင်း တချို့ကြောင့် ကျွန်တော့်ဆီကို "ချယ်ရီရိပ်" နှစ်စဉ် မဂ္ဂဇင်း တစ်စောင် ရောက်လာပါတယ် အဲဒီထဲမှာ ဖော်ပြထားတဲ့ စာရင်းဇယားများအရ ဘယ်သူတွေက ဘယ် လောက် လှူတယ် ဆိုတဲ့ စာရင်းတွေနဲ့ ပြီးခဲ့တဲ့ နှစ်ထဲမှာ နာရေး/ကျန်းမာရေး အထောက်အကူ အဖြစ် ဘယ်ဆရာ/ဆရာမတွေကို ထောက်ပံ့တယ် ဆိုတာ လည်း သိရပါတယ်။

၂၀၁၆ ခုနှစ်ထဲမှာထင်ပါရဲ့၊ "ချယ်ရီရိပ်" နဲ့ ပတ်သက်တဲ့ အစည်းအဝေး တစ်ခုကို ရွှေနန်းတော် ဟိုတယ်မှာ လုပ်မယ့်အကြောင်းနဲ့၊ ကျွန်တော့်ကို

ဘက်ရောက်စေလိုကြောင်း ဖိတ်ကြားစာ ရရှိခဲ့ပါတယ်။ တစ်ဆက်တည်း ကျွန်တော့်ကိုလည်း အဲဒီ အစည်းအဝေးမှာ အဓိက မိန့်ခွန်းပေးသူအဖြစ် သတ်မှတ်ထားပါကြောင်း သတင်းရောက်လာပါတယ်။

ဒါကြောင့်မို့လို့ အဲဒီအခန်းအနားမှာ ကျွန်တော်က "ချယ်ရီရိုင်" ရဲ့ ရည်မှန်းချက်တွေ ကောင်းမွန်တဲ့ အတွက်ကြောင့် ထိုအဖွဲ့ အခွန့်ရှည်ကြာစေကြောင်းအပြင်၊ လောကီ/လောကုတ္တရာ နှစ်ဖြာသော ကာလတွေမှာ ကြီးမား ကျယ်ပြန့်သော အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ကြောင်း"ပဋိသန္ဓာရ"







စကား ပြောကြားခဲ့ပါတယ်။ အဲဒီ အစည်းအဝေးမှာ ကျွန်တော်က စီနီယာ အကျဆုံး ဖြစ်ပြီး၊ ဂျူနီယာ Intake အသီးသီးက အရာရှိဟောင်းများ ပါဝင် ပါတယ်။ တချို့ဆိုရင် ဒုတိယ ဝန်ကြီးဟောင်းများတောင် ပါဝင်တယ်။

အဲဒီနေ့ အစည်းအဝေး ပြီးဆုံးတဲ့အခါ ချယ်ရီရိပ်မှာ အရေးပါတဲ့ တာ ဝန် ထမ်းဆောင်နေတဲ့ အငြိမ်းစား အရာရှိကြီး တစ်ယောက်က ကျွန်တော် နေတဲ့ စည်ပင်ရိပ်သာ အခန်းကို ရောက်လာပါတယ်။ အကြောင်းရင်းကတော့ မကြာမီ ထုတ်ဝေမှာဖြစ်တဲ့ "ချယ်ရီရိပ် မဂ္ဂဇင်း"အတွက် ဆောင်းပါးတစ်စောင် ရေးနိုင်ရင် ရေးဖို့လာပြီးတောင်းဆိုတာပါ။ ကျွန်တော်ကကျွန်တော့ဆောင်းပါး ကို ခင်ဗျားတို့ အယ်ဒီတာအဖွဲ့က ထည့်ပုံမလားလို့ မေးတဲ့အခါ သူက "ကျွန် တော်တို့ ချယ်ရီရိပ်ဟာ အရောင် မရှိပါဘူး၊ အကိုကြီး ရေးတဲ့ ဆောင်းပါး ဆိုရင် လိုလိုလားလား လက်ခံကြမှာပါ" လို့ ပြောပါတယ်။ ဒါကြောင့် ကျွန် တော် အထက်မှာ ရေးခဲ့တဲ့ "ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာစက်" ဆို တဲ့ ဆောင်းပါးကို ပေးပို့လိုက်ပါတယ်။

"ချယ်ရီရိပ်" ထွက်လာပါပြီ။ တိုတိုပြောရရင် ကျွန်တော့် ဆောင်းပါး မပါလာပါဘူး။ ကျွန်တော်ကို တကူးတက ဆောင်းပါး လာတောင်းတဲ့ ညီ တော်မောင်လည်း အားနာလို့ ထင်ပါရဲ့ ကျွန်တော့်ဆီ ပေါ်မလာပါဘူး။ ကျွန် တော်က တွေ့တဲ့လူတိုင်းကို မေးပါများမှ ပေါက်ရလာကြပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကို ကျွန်တော်က မေးတဲ့အခါကျတော့ တိတိကျကျ ပြန်မဖြေပါဘူး။ သို့သော် "ချယ်ရီရိပ်" ရဲ့ ထိပ်ပိုင်း ပုဂ္ဂိုလ်များက ကျွန်တော့် ဆောင်းပါးကို မထည့်ခဲ့ကြတာတော့ ပေါ်လွင်ခဲ့ပါတယ်။

ဒါကြောင့်မို့ "ချယ်ရီရိပ်" အရောင် မရှိဘူးလို့ ပြောခဲ့ကြတဲ့ ညီတော် မောင်များကို ဒီနေရာ ပြောလိုက်ပါရစေ။ "ချယ်ရီရိပ်" မှာ အရောင် ရှိပါတယ် ခင်ဗျာ။ ကိုယ့်ကိုယ်ကိုယ်တော့ သိကြမှာပေါ့။ (အကြောင်းသိတဲ့ ပုဂ္ဂိုလ်တွေ ပြန်ပြောတာကတော့ ကျွန်တော့် ဆောင်းပါးကို ထည့်သင့် မထည့်သင့် ဆရာကြီးများက မဲခွဲ ဆုံးဖြတ်ကြပါသတဲ့။ သာဓု....၊ တစ်ခွန်းတည်း ခေါ်ပါရစေ။)

*****

# ကျွန်တော့် သူငယ်ချင်း ဘံမဂေါ်ဝင်းထိန်

(ရေးသူ-လေသူရဲတစ်ဦး)

လွန်ခဲ့သော နှစ်ပတ်လောက်က သူ ကျွန်တော့်ဆီကို ဖုန်းဆက်ခဲ့ပါတယ်။

"ကိုလှဝင်း။ ကျွန်တော် ခင်ဗျားဆီ ကောလာချင်လို့၊ အားတယ် မဟုတ်ဘူး၊ အိမ်မှာ ရှိနေတယ် မဟုတ်လား"

"အေး... ရှိနေတယ်၊ လာခဲ့လေ"

နာရီဝက်လောက် အတွင်းမှာပဲ သူ ကျွန်တော့်ဆီကို ရောက်လာခဲ့တယ်။

"ထိုင်... သူငယ်ချင်း။ ဘာကိစ္စရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး။ ကျွန်တော် ရွှေဂေါက်ကွင်း ဝင်မိုက်ဖို့ ဆင်းသက်ပြီး ခင်ဗျားဆီက အလှူခံချင်လို့"

"မင်းတို့ ပါတီက ကုန်ကျမယ့် စရိတ်တွေ မပေးဘူးလား"

"ပေးတော့ပေးတယ်၊ မစို့မပို့ ပေးတာ၊ ဘယ်လောက်မှာလဲဗျာ၊ ပါတီမှာ ...ည်း ပိုက်ဆံ ရှိတာမှ မဟုတ်ဘဲ၊ သူများ လာလှူကြတဲ့ ငွေတွေနဲ့ ရပ်တည်နေရတာ"

သူ့ပုံသဏ္ဌာန်က ဒီနေ့ လူဝကြီး ဖြစ်နေပါပြီ။ သူ့ကို ကျွန်တော် ...သက်လုံး တွေ့ဖူးနေခဲ့တာက ဒီပုံသဏ္ဌာန်မျိုး လုံးဝမဟုတ်ပါ။ ခန္ဓာကိုယ် ...ခန်းမဝ၊ မျက်နှာက အမြဲ ပြုံးရိုးလျက်၊ လူချောတစ်ယောက် မဟုတ်ပေမဲ့ ...တတ်၊ လူရည်သန့်ပုံမျိုး ရှိတာကိုတော့ ဘယ်သူမှ ငြင်းနိုင်မယ် ...ပါ။

ဒီနေ့တော့…။ ကျွန်တော် တစ်သက်လုံး မထင်ထားခဲ့တဲ့ ပုံသဏ္ဌာန်မျိုး ဖြစ်အောင် သူ့ ခန္ဓာကိုယ်မှာ ဝတုတ်နေပါတယ်။ တကယ်တော့ သူနဲ့ ကျွန်တော် စတင် ခင်မင်ခဲ့ကြတာ ကြာပါပြီ။ တိတိကျကျ ပြောရရင်တော့ ၁၉၅၉ ခုနှစ်ကတည်းကပေါ့ ခင်ဗျာ။ ကျွန်တော်က စစ်တက္ကသိုလ် အပတ်စဉ် ၄။ သူက စစ်တက္ကသိုလ် အပတ်စဉ် ၅။

ကျွန်တော်က သူ့ထက် တစ်နှစ် စီနီယာကျပါတယ်။ အသက်ကလည်း တစ်နှစ်လောက်ပဲ ကွာပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီခေတ်ရဲ့ စစ်တက္ကသိုလ် ဓလေ့ အစဉ်အလာအတိုင်း စီနီယာ ဖြစ်နေတဲ့ ကျွန်တော့်ကို သူက အမြဲ "ကို" တပ်ခေါ်ပြီး သူ့ကို ကျွန်တော်က "မင်း၊ ငါ" နဲ့ အမြဲ စကားပြောခဲ့ပါတယ်။

ဒီနေ့ နှစ်ပေါင်း ၅၇ နှစ် ရှိနေပါပြီ။ ၁၉၅၉ စစ်တက္ကသိုလ်ကို ရောက်လာစက သူ့ခန္ဓာကိုယ်က ပိန်ပိန်ရှည်ရှည်လေး။ နောက် သူ့မျက်နှာက ကလေးမျက်နှာ baby face။ ဒီနေ့အထိလည်း သူ့မျက်နှာက ကျွန်တော့် မျက်စိထဲမှာတော့ ကလေးမျက်နှာပါပဲ။ အဲဒီခေတ်က စစ်တက္ကသိုလ်မှာ ဗိုလ်လောင်းတပ်ခွဲ နှစ်ခွဲပဲ ရှိပါတယ်။ ဘုရင့်နောင်တပ်ခွဲနဲ့ အနော်ရထာတပ်ခွဲ။

သူနဲ့ ကျွန်တော် နှစ်ယောက်လုံးက ဘုရင့်နောင် တပ်ခွဲကပါ။ သူက တပ်စု ၅ အဆောင်။ ကျွန်တော်က တပ်စု ၄ အဆောင်။ ဒါပေမဲ့ အဲဒီခေတ်က စစ်တက္ကသိုလ်က လေးနှစ် သင်တန်းသား အားလုံးပေါင်းလိုက်မှ လူဦးရေ ၁၅၀ မပြည့်ပါဘူး။ ပိုဆိုးတာက သူတို့ အပတ်စဉ် ၅ လူဦးရေ အလွန်နည်းပါတယ်။ ၂၀ လောက်ပဲ ရှိခဲ့တယ်လို့ ထင်ပါတယ်။ ဒါကြောင့် စစ်တက္ကသိုလ် တစ်စုလုံးမှာ တစ်ယောက်နဲ့ တစ်ယောက် မသိသူ၊ မခင်သူ မရှိကြပါဘူး။

သူနဲ့ ကျွန်တော် စစ်တက္ကသိုလ်မှာ သုံးနှစ်အတူ နေလာခဲ့ဖူးပါတယ်။ အဲ… ကျွန်တော် ကျောင်းဆင်းတဲ့ ၁၉၆၂ ခုနှစ်အထိပေါ့ ခင်ဗျာ။ ကျွန်တော် မှတ်မိပါသေးတယ်။ ၁၉၆၂ ခုနှစ်မှာ ကျွန်တော် ကျောင်းဆင်းပြီး မိတ္ထီလာ လေတပ်စခန်းကို ပြောင်းရွှေ့ဖို့ လုပ်တုန်းမှာ သူ ကျွန်တော့် အခန်းကို ရောက်လာပါတယ်။

"ကိုလှဝင်း... ခင်များ ဘီဒီအက်ဝ် စောင်ကို ယူမသွားဘူး မဟုတ်လား။ ကျွန်တော့်ကို ပေး"

"ဘာလုပ်ဖို့လဲ"

"ကျွန်တော့် မိဘက ဆင်းရဲတယ်လေဗျာ၊ အဖေက ကျောင်းဆရာ၊ ကျွန်တော့် ညီအစ်ကို မောင်နှမက ဆယ်ယောက်ကျော်တောင် ရှိတယ်၊ ခင်များ ဘီဒီအက်ဝ်ကို ကျွန်တော့် ညီတွေ ညီမတွေ တစ်ယောက်ယောက် ခြုံဖို့ ရတာပေါ့"

"ရော့... ယူသွား။ ငါက လွှင့်ပစ်တော့မလို့"

အဲဒီခေတ် စစ်တက္ကသိုလ်က စစ်ပစ္စည်းတွေ အလွန် ပေါပါတယ်။ ဗိုလ်လောင်း တစ်ယောက် ကျောင်းဆင်းသွားရင် ကျောင်းက သုံးဖို့ ထုတ်ပေးထားတဲ့ ဘာပစ္စည်းကိုမှ ပြန်အပ်စရာ မလိုပါဘူး။ အကုန် ယူသွားခွင့် ပြုထားပါတယ်။ လခကတော့ ပထမနှစ်မှာ ၅၈ ကျပ်၊ နောက်ဆုံးနှစ်မှာ ၆၂ ကျပ်၊ သင်တန်း လေးနှစ်မှာ တစ်နှစ်ကို လခ တစ်ကျပ် တိုးတာပေါ့ ခင်များ။

လခ ဆိုလို့ ပြောရဦးမယ်။ အဲဒီခေတ်က ကျွန်တော်တို့ စစ်တက္ကသိုလ်ကို ရောက်လာကြတဲ့ လူတွေက ဆင်းရဲတဲ့ မိသားစုက လာခဲ့ကြတဲ့လူတွေ အလွန်များပါတယ်။ ဗိုလ်လောင်း လခ ၆၀ လောက်ထဲကပဲ အိမ်ကို ပြန်ပို့တဲ့လူက ပိုရတယ်။ ဝင်းထိန်ကတော့ ထိပ်ဆုံးက ပါတာပေါ့ ခင်များ။ သူ ဗိုလ်လောင်းဘဝ လေးနှစ်လုံးမှာ သူ့မိဘကို သူ့လခ တစ်ဝက်၊ အဲ... ကျပ် ၃၀ ပေါ့ခင်များ၊ အမြဲ ပို့ပေးခဲ့ပါတယ်။

ကျွန်တော်က စစ်တက္ကသိုလ်တုန်းက လူပျင်းခင်ဗျ။ ကျွန်တော် ဘယ်လောက် အပျင်းကြီးတယ်ဆိုတာ တစ်ကျောင်းလုံး သိကြပါတယ်။ ဝင်းထိန်ကတော့ ကျွန်တော်နဲ့ ဆန့်ကျင်ဘက်။ အလွန် ကြိုးစားတယ်ခင်များ။ ကျောင်းစာမှာလည်း ကြိုးစားတယ်၊ စစ်ပညာမှာလည်း ကြိုးစားတယ်။ ကျွန်တော်က ကျောင်းဆင်းတော့ ကျွန်တော့် သင်တန်းမှာ ဘိတ်ဆုံး။ အဲ့... နောက်ဆုံးက အောင်တယ်။ သူက သင်တန်းမှာ ထိပ်ဆုံးက အောင်ရုံသာ မဟုတ်ဘူး။ အောင်စစ်သည်ဆုလည်း ရခဲ့တယ်၊ ရှေ့တံဆိပ် ပညာတံခွန်လည်း ရခဲ့ပါတယ်။

စစ်တက္ကသိုလ် အပတ်စဉ် ၁ က အပတ်စဉ် ၅ အထိ ဗိုလ်လောင်းတွေ ထဲမှာ သူ့လို ဆုနှစ်ဆု ရဖူးတာ သူ တစ်ယောက်ပဲ ရှိပါတယ်။ ကျောင်းဆင်း ပြီးတော့ ကျွန်တော် လေယာဉ်ပျံမောင်း သင်တန်းကျောင်း တက်တယ်။ နောက် ၅၁၂ လေတပ်စခန်းကို ရောက်သွားပြီး လေသူရဲအဖြစ် စစ်ဆင်ရေး တာဝန်အမျိုးမျိုးကို ထမ်းဆောင်ရတယ်။ ၁၉၇၁ ခုနှစ်မှာ ကျွန်တော် တပ်မ တော် (လေ) က အငြိမ်းစား ယူလိုက်ပါတယ်။ ကျန်းမာရေးကြောင့်ပါ။ နားက သွေးထွက်ပြီး လေယာဉ်ပျံ မမောင်းနိုင်တဲ့ အတွက်ပါ။

အဲဒီအချိန်မှာ ဝင်းထိန်က စစ်ရုံးချုပ်ကို ရောက်နေပါပြီ။ ဗိုလ်မှူးကြီး ကြည်မောင် (နောင် ကျန်းမာရေး ဝန်ကြီး ဖြစ်ပြီး ယနေ့ ကွယ်လွန်) ရဲ့ ကိုယ်ရေး အရာရှိ ဖြစ်နေတယ်လို့ ကျွန်တော် ထင ပါတယ်၊ စစ်တက္ကသိုလ်က ဆင်းလာပြီး ဆယ်နှစ်လောက်ကြာတဲ့အထိ သူနဲ့ ကျွန်တော် ပြန်မတွေ့ကြ ပါဘူး။ ဘယ်လို ပြန်တွေ့ကြတယ်လို့ ထင်ပါသလဲ။ ၁၉၈၀ ပြည့်နှစ် အတွင်း လောက်မှာ ဖြစ်ပါလိမ့်မယ်။ ပထမဆုံး မြင့်သန်း ကျွန်တော့်ဆီ ရောက်လာပါ တယ်။ မြင့်သန်းက ကျွန်တော်နဲ့ စစ်တက္ကသိုလ် တစ်ပါတ်စဉ်တည်း အောင် တဲ့ သူငယ်ချင်းပါ။ အဲဒီအချိန်က မြင့်သန်းက လမ်းစဉ်ပါတီ ဌာနချုပ်မှာ ဌာန မှူး ဖြစ်နေပါတယ်။

"ငါလာတာ ဝင်းထိန်အတွက် ဘာလုပ်ပေးရင် ကောင်းမလဲလို့ လာ တိုင်ပင်တာ"

မှန်ပါတယ်။ အဲဒီအချိန်မှာ ဝင်းထိန်ကလည်း တပ်က ထွက်ခဲ့ပါပြီ။ ဗိုလ်ကြီး အုန်းကျော်မြင့်တို့ အာဏာသိမ်းဖို့ ကြံစည်တဲ့ အမှုမှာ စစ်ရုံးက အရာရှိ အများကြီးကို ပင်စင်ပေးလိုက်ပါတယ်။ အဲဒီအထဲမှာ ငါ်ဆိုးတဲ့ သူ လည်း ပါပြီး ထွက်ခဲ့ရတာပါ ခင်ဗျာ။

"ငါ ဘာလုပ်ပေးရမှာလဲ၊ ဒီကောင့်အတွက် အလုပ်ရှာပေးရမှာလား"

"ရှာပေးနိုင်ရင် ကောင်းတာပေါ့ကွာ၊ ခုဒီကောင်ကို ငါက အမေရိကန် ပြည်ထောင်စုကို အပြီး for good ပေါ့ကွာ၊ သွားစိုင်းမလို့၊ အမေရိကန် ဗီဇာ ရနိုင်တဲ့ နည်းလမ်း ငါ့မှာ ရှိတယ်၊ မင်းဆီလာတာက မင်းက နိုင်ငံခြားမှာ အကြာကြီး နေခဲ့ဖူးတော့ အမေရိကန်ရောက်ရင် ဒီကောင် ဘာအလုပ်လုပ်စား

မလဲလို့ လာတိုင်ပင်တာကွ၊ ဒီကောင်က မြေလျှင်က ထွက်တာဆိုတော့ ကျွမ်းကျင်မှု ပညာ skill က ဘာမှ မရှိဘူး"

"လွယ်လွယ်လေးပါကွာ၊ သွားသာ သွားခိုင်း။ ဟိုရောက်ရင် ကူလီ လုပ်လို့ ပြောလိုက်"

"ဘာ... ကူလီလုပ်... ခွေးကောင်၊ ငါက အတည်လာမေးနေတာ"

"ငါကလည်း အတည် ဖြေနေတာ၊ ဒီကောင် ဘယ်လောက် တော်တဲ့ အကောင်ဆိုတာ မင်းလည်း သိနေတာပဲ၊ မင်း စကားပုံ တစ်ခု ကြားဖူးတယ် မဟုတ်လား။ ပတ္တမြားမှန်ရင် နွံမှာ မနစ်ဘူး ဆိုတာ၊ အမေရိကန် ပြည်ထောင်စုမှာက တော်တဲ့ အကောင်က ဘယ်တော့မှ အောက်မှာ ကြာကြာမနေရဘူး။ ဒီကောင် ဟိုရောက်သွားရင် တစ်နေရာမဟုတ် တစ်နေရာ အောင်မြင်မှာပဲ၊ ကြောက်မနေနဲ့၊ သွားသာ သွားခိုင်းလိုက်"

သူ အမေရိကန် ပြည်ထောင်စုကို for good မသွားဖြစ်လိုက်ပါဘူး။ သူတို့ အပတ်စဉ်ထဲက မျိုးမြင့်ရဲ့ ယောက်ဖ ဦးကျော်သောင်း ရုံးမှာ လခစား ဝင်လုပ်တယ် ဆိုတဲ့ သတင်းကို ကြားရပါတယ်။ ဦးကျော်သောင်းက အဲဒီ ခေတ်က ရန်ကုန်မြို့မှာ နာမည်ကြီး နိုင်ငံခြား ကိုယ်စားလှယ် ခင်ဗျား။

နောက်သုံးနှစ် ကြာတော့ သူ ဦးကျော်သောင်း အလုပ်က ထွက်ပြီး ကိုယ်ပိုင် နိုင်ငံခြား ကိုယ်စားလှယ် အလုပ်ကို စလုပ်နေပြီဆိုတဲ့ သတင်းကို ကြားရပါတယ်။ နောက် နှစ်နှစ်လောက် ကြာတော့ သူ ကျွန်တော့် ရုံးခန်းကို ရောက်လာပါတယ်။

တစ္ဆေသူ၊ သင် ယုံနိုင်မှာလား။ အဲဒီအချိန်မှာ သူ သူဌေးပေါက်စလေး ဖြစ်နေပါပြီ၊ ကိုယ်ပိုင်ကား စီးနေပါပြီ။

"ပြော သူငယ်ချင်း။ မင်းကို ငါ ဘာအကူအညီ ပေးရမလဲ"

"ပြည်ပမှာ ရှိတဲ့ ဒေါ်လာငွေကို ပြည်တွင်းကို ကျပ်ငွေအဖြစ် အလိမ် ခံရဘဲ ရောက်လာအောင် ဘယ်လို လုပ်ရမလဲ"

"မင်း နိုင်ငံခြား ကုမ္ပဏီက ရတဲ့ ကော်မရှင်တွေကို မြန်မာငွေ လုပ်ချင် သလား"

"ဟုတ်တယ်"

ကျွန်တော်ထံတွင် သူ့ပြဿနာကို ရှင်းပေးနိုင်တဲ့ နည်းလမ်းပေါင်း များစွာ ရှိပါတယ်။ အဲဒီအချိန်က ကျွန်တော်က အောင်မြင်တဲ့ ရတနာကုန်သည် တစ်ဦး ဖြစ်နေပါပြီ။ ပြည်ပ အဆက်အသွယ်တွေလည်း အများကြီး ရှိတဲ့ အတွက် သူလာပြောတဲ့ ပြဿနာက ကျွန်တော့်အတွက် ပြဿနာ မဟုတ်ပါ။ လမ်းစဉ်ပါတီခေတ်က ရတနာ ကုန်သည်တိုင်း လုပ်တတ်တဲ့ အလုပ် ဖြစ်ပါ တယ်။

"မင်း တစ်မှာ ဖိုလ်မှူး မဖြစ်လိုက်ဘူးလား"

"မဖြစ်ဘူး။ ဖြစ်တော့ ဖြစ်တော့မလို့ဘဲ၊ တပ်ခွဲမှူး ဖြစ်နေပြီ၊ အဆိန့် မထွက်သေးတာ၊ အဲဒီအချိန်မှာ တပ်က ထွက်လိုက်ရတာပဲ"

သူနဲ့ ကျွန်တော် အဲဒီအချိန်ကစပြီး စီးပွားရေးလောကမှာ လက်တွဲနေ လာခဲ့ကြပါတယ်။ သူ့အောင်မြင်မှုက အလွန်မြန်တယ် ခင်ဗျား။

အစပိုင်းမှာ သူ့ထက် ကျွန်တော် ပိုက်ဆံ အများကြီး ပိုရှိပါတယ်။ ဒါပေ မဲ့ တဖြည်းဖြည်း ကျွန်တော့်ကို မှီလာပြီး ၁၉၈၈ ခုနှစ်ရောက်တဲ့ အခါကျတော့ ကျွန်တော်ကိုတောင် သူ ဘာတော့မလို ဖြစ်နေခဲ့ပါပြီ။ မှန်ပါတယ်၊ သူ့မိဘကို သူစောင့်ရှောက်တာကတော့ သူ့မိဘ ကွယ်လွန်ချိန် အထိပါပဲ။ သူ့ညီအစ်ကို မောင်နှမတွေကိုလည်း သူပဲ တာဝန်ယူ ကျောင်းထားပေးခဲ့ပါတယ်။

"ကျွန်တော် အခု ပိုက်ဆံရှိလာတော့ အမေ့အတွက် ကျွန်တော် စိန် နားကပ် တစ်ရံ ဝယ်သွားပေးပြီး ကိုယ်တိုင် သွားပန်ပေးတယ်၊ အမေ့ကို ကျွန်တော် ပန်ပေးနေတုန်းမှာ အမေက မျက်ရည်တွေ ကျလာပြီး ငိုတယ် နောက် ဘာပြောသလဲ သိလား။ အမေ ဝမ်းသာလွန်းလို့ပါ သားရယ်တဲ့"

ကျွန်တော်လည်း သူ့လို ဆင်းရဲတဲ့ ဘဝက လာခဲ့တာပါပဲ။ ကျွန်တော် ပိုက်ဆံ ရှိတဲ့ အချိန်မှာ ကျွန်တော့် အမေ မရှိတော့ပါဘူး။ အကယ်၍ ရှိခဲ့ရင် လည်း ဝင်းထိန်လို စိန်နားကပ် ဝယ်ပေးချင်စိတ် ရှိချင်မှ ရှိပါလိမ့်မယ်။

၁၉၈၈ ခုနှစ်ဟာ သူ့ရဲ့ အထွတ်အထိပ် အောင်မြင်တဲ့ အချိန်ပါပဲ။ ပြဿနာက ကျွန်တော့်ဆီက စတာပါ။ သူနိုင်ငံရေးကို စိတ်မပါပါဘူး။ တိုင်း

ပြည်ကို ချစ်တဲ့စိတ်၊ ရိုးသားတဲ့စိတ်ကတော့ သူ့မှာ အပြည့်ရှိပါတယ်။ ဖြစ်ချင်တော့ ၁၉၈၈ အရေးအခင်းကြီး ဖြစ်တဲ့အချိန်မှာ ကျွန်တော် အိမ်မှာ ငြိမ်ငြိမ် မနေပါဘူး။ ကားတစ်စီးနဲ့ တမြို့လုံး လှည့်ပြီး လိုက်ကြည့်တယ်။ တပေလောကမှ ကျွန်တော့်မိတ်ဆွေတွေ အိမ် သွားလည်တယ်။ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဆွေးနွေးတယ်။ စပ်စုတာပေါ့ ခင်ဗျာ။

အဲဒါတွေ အလုပ်ကောင်းရင်းနဲ့ တစ်နေ့ မနက်ပိုင်း ကိုဝင်းတင်ဆီ ရောက်။ နောက်... မောင်သော်ကဆီ ရောက်။ သူတို့ နှစ်ယောက်လုံးကလည်း ကျွန်တော့် အစ်ကိုကြီးတွေလိုပါပဲ။ မငြင်းနိုင်ပါဘူး။ နှစ်ယောက်လုံးကလည်း လူတော်တွေပါ။ ကျွန်တော်နဲ့ အလွန်ခင်ခဲ့ဖူးတဲ့ လူတွေပါ။ အဲဒီ ခင်မင်မှု ကြောင့်လည်း အလွန် ကြောက်တတ်တဲ့ ကျွန်တော် စာရေးဆရာ သမဂ္ဂထဲ ပါသွားတယ်။ နောက် ဗိုလ်သူရလမ်းမှာ လျှို့ဝှက် ပြုလုပ်တဲ့ ဒေါ်အောင်ဆန်း စုကြည်နဲ့ တွေ့ဆုံတဲ့ အဖွဲ့ထဲမှာလည်း ပါသွားပြန်ပါတယ်။ မိမိ ညည်းကျော် သွားပြီ ဖြစ်တာကို မိမိ ချက်ချင်း သိတယ်။ မိမိ အဖမ်းခံရဖို့ များနေပြီ။

ဒါကြောင့် ဝင်းထိန်ကို ကျွန်တော် ရှာရတယ်။ သူက အဲဒီတုန်းက ဂေါက်ကွင်းမှာခင်ဗျာ။ သူ့သားတွေနဲ့ ဂေါက်သီး ကစားနေပါတယ်။ နောက် သူနဲ့ ကျွန်တော် အင်းစိန် လမ်းမပေါ်က ချစ်တီး ဘုရားကျောင်းရှေ့မှာ ကား နှစ်စီး ဆုံပြီး အရေးပေါ် တွေ့ကြတယ်။

“ဘာဖြစ်တာလဲ ကိုလှဝင်း”

“ငါတော့ အဖမ်းခံရတော့မလား မသိဘူး သူငယ်ချင်း”

ကျွန်တော် ပါဝင်ခဲ့မိတဲ့ ဇာတ်စုံကို သူ့ကို ပြောပြလိုက်ပါတယ်။

“ကျွန်တော် ဘာလုပ်ပေးရမလဲ”

“မင်းကို ငါ ပိုင်ဆိုင်တဲ့ အတွင်း ပစ္စည်းနဲ့ ငွေစာရင်း လာပေးတာ၊ အကယ်လို့ ငါ အဖမ်းခံရရင် ဒီငွေနဲ့ ပစ္စည်းတွေကို ခင်... မင်းကို ထုတ်ပေး ခဲ့မယ်၊ မင်း သိမ်းထား၊ ပွားအောင် လုပ်ပေး၊ ငါ့မိသားစုကို စောင့်ရှောက် ပေးပါကွာ” အဲဒီအချိန်က တိုင်းပြည်က ပျက်သလိုဖြစ်နေတဲ့ အချိန်။

“ခင်ဗျား ထင်သလိုလည်း ဖြစ်ချင်မှ ဖြစ်မှာပါ၊ မမှန်နဲ့ ဖြစ်ခဲ့ရင်လည်း

ခင်ဗျား လုပ်နိုင်းတာ ကျွန်တော် အကုန်လုံး လုပ်ပေးမယ်၊ ခင်ဗျား အခု လုပ်တာတွေ မမှားပါဘူး။ ခင်ဗျား နေရာမှာ ကျွန်တော်ဆိုရင် ကျွန်တော်လည်း ခင်ဗျားလိုပဲ လုပ်မိမှာပဲ၊ ကိုယ့်နိုင်ငံအတွက် အခုချိန်မှာ ကိုယ် မပါလို့မှ မရ တာဘဲ၊ မိုးချုပ်တော့မယ်၊ ခင်ဗျား ပြန်တော့၊ ခင်ခင်ကိုလည်း ပြောလိုက်၊ ကျွန်တော် တာဝန်ယူတယ်လို့”

လူ့လောကကြီးမှာ မမျှော်လင့်ထားတာတွေ အကုန် ဖြစ်လာခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ တက်ကြွတဲ့ ကျွန်တော်က ဘာမှဖြစ်မလာပါဘူး။ အဲဒီအချိန် က ဝေါက်သီးရိုက် နေတဲ့ ဝင်းတိန်က နိုင်ငံရေးလောကထဲ ရောက်သွားပါ တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးကပ်ပုဂ္ဂိုလ် ဖြစ်လာတယ်။ ထောင်ထဲ အကြိမ်ကြိမ် ဝင်ပြီး စုစုပေါင်း သူ့ရဲ့ ထောင်သက်တမ်းက ၁၉ နှစ်၊ နှစ် ၂၀ လောက် ရှိလိမ့်မယ်လို့ ထင်ပါတယ်။ စစ်တက္ကသိုလ်သမိုင်းမှာ အမြင့်ဆုံး ထူးချွန်ဆု နှစ်ဆုရပြီး ထောင်ထဲမှာ နှစ် ၂၀ လောက် နေခဲ့ဖူးတာ သူ တစ် ယောက်ပဲ ရှိပါတယ်။ နောင်နှစ်ပေါင်း ၁၀၀ ကြာတဲ့ အချိန်မှာလည်း သူ တစ်ယောက်ပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်။

ဟော.. ဒီနေ့ မိတ္တီလာမြို့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေး ကောက်ပွဲ ဝင်တော့မလို့တဲ့။ ကျွန်တော် စဉ်းစားကြည့်တယ်။ ဒီနေ့ ကျွန်တော့် အသက်က ၇၀ ကျော်အရွယ် ရောက်နေပါပြီ။ ကျွန်တော့်ဘဝမှာ လူမျိုးစုံ တွေ့ခဲ့ဖူးပါတယ်။ ကျွန်တော် ရိုးရိုးသားသား ပြောတာပါ။ ကျွန်တော် မြင် တွေ့ဖူးတဲ့လူတွေ အကုန်လုံးမှာ ဝင်းတိန်လောက် ဉာဏ်ပညာရှိသူ၊ ဝင်းတိန် လောက် ရိုးသားသူ၊ ဝင်းတိန်လောက် မိဘကျေးဇူးကို သိသူ၊ ကျေးဇူးဆပ်ခဲ့သူ သူ့မျိုး မရှိခဲ့ပါဘူး။

(၂၀၁၂ ခုနှစ်၊ မတ်လတွင် Northerm Star ဂျာနယ်နဲ့ လျှပ်တစ်ပြက် ဂျာနယ်များတွင် ပါရှိခဲ့ သော စာရေးဆရာ လေသူရဲတစ်ဦး၏ ဆောင်းပါး။)

*****

# ကျွန်တော်နှင့် တပ်ချုပ်များ

## ဗိုလ်ချုပ်ကြီး စမစ်ဒွန်း

၁၉၅၉ ခုနှစ်မှာ ကျွန်တော် တပ်မတော်သား ဘဝကို စတင် ခံယူခဲ့ပါတယ်။ စစ်တက္ကသိုလ် ဗိုလ်လောင်း အဖြစ်နဲ့ပါ။ တသင်နှစ် လေးနှစ် အတွင်းမှာ စစ်ရေးပြ လက်နက်ငယ်နဲ့ တက္ကသိုလ် ပညာရပ်များကို လေ့လာ ဆည်းပူးခဲ့ရပါတယ်။ ဒီလို သင်တန်းများကို တက်ရောက်ခဲ့တာနဲ့အတူ ကျွန်တော်တို့ ဗိုလ်လောင်းတွေကို သူရသတ္တိနဲ့ ပတ်သက်လို့၊ စာရိတ္တပိုင်းနဲ့ ပတ်သက်လို့ အထက်အရာရှိများက အခါအားလျော်စွာ ပို့ချခဲ့ကြပါတယ်။ အလားတူပဲ တပ်မတော် သမိုင်းဆိုင်ရာ အကြောင်းအရာတွေကိုလည်း နာယူခဲ့ရပါတယ်။ အဲဒီလို သင်ကြား ဆည်းပူးခဲ့ရာမှာ တပ်မတော်ရဲ့ ပထမဦးဆုံး ကာကွယ်ရေးဦးစီးချုပ်ဟာ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းလို့ ဘယ်သူမှ ထည့်မပြောခြင်း မရှိခဲ့ပါဘူး။

ဘာဖြစ်လို့ မပြောကြသလဲဆိုတာတော့ စိတ်ထဲမှာ ဖြစ်ပေါ်မိပေမဲ့ ဘယ်သူ့ကိုမှ ပေါ်ပေါ်ထင်ထင် မမေးမိခဲ့ပါဘူး။ ကျွန်တော်က စာဖတ်ဝါသနာပါသူဆိုတော့ စာအုပ်မျိုးစုံ ဖတ်ရင်း ဆောင်းပါးတစ်ခုကို ဖတ်မိတဲ့အခါကျတော့မှ တပ်မတော်ရဲ့ ပထမဆုံး ကာကွယ်ရေးဦးစီးချုပ်ဟာ ဗိုလ်ချုပ်ကြီး စမစ်ဒွန်း ဆိုတာကို အံ့သြကြီးစွာနဲ့ သိလိုက်ရပါတယ်။ ကျွန်တော် တကယ်ပဲ အံ့သြခဲ့တာပါ။ တဖြည်းဖြည်းနဲ့ သိလာတဲ့အချက်က သူဟာ အင်္ဂလန်နိုင်ငံ Sandhurst ဆိုတဲ့ ဘုရင့် စစ်တက္ကသိုလ် ကျောင်းဆင်းဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်းက ဗြိတိသျှ တပ်မတော်မှာ အမှုထမ်းခဲ့ပြီး စစ်ပြီးခါနီးမှာ ဗမာပြည်ကို ဝင်လာတဲ့ ဗိုလ်ချုပ်ကြီး Sir Willan Slim ရဲ့ အမှတ် ၁၄ ဗြိတိသျှ တပ်မတော်မှာ ပါဝင်ခဲ့တယ်။

## ကန္ဒီ စာချုပ်

ဒုတိယ ကမ္ဘာစစ် ပြီးလို့ စစ်ပြီးအစိုးရက ဗမာပြည် ပြန်ဝင်လာပြီး သူတို့ရဲ့ အုပ်ချုပ်မှု ပြန်လည် တည်ဆောက်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ အရင်က တစ်ခါမှ မပေါ်ခဲ့ဖူးတဲ့ ဗမာ နိုင်ငံသားများ ပါတဲ့ လက်နက်ကိုင် တပ်ဖွဲ့ကြီး တစ်ခုဟာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုနဲ့ ပေါ်ထွန်းလာတာ သူတို့ တွေ့လိုက်ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုဆိုတဲ့ လှုပ်ရှားမှုဟာ အရှိန်အဟုန် ကြီးမားလွန်းတဲ့အခါ ဗမာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ အနေအထား ဖြစ်လာပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်တွေကို သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ) ကို ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲတွေ ကျင်းပခဲ့ပါတယ်။ အဲဒီလို ကျင်းပရာမှာ ဗြိတိသျှအစိုးရရဲ့ ကာကွယ်ရေးဝန်ကြီး Mr. Freeman နဲ့ အနာဂတ် လွတ်လပ်တဲ့ မြန်မာနိုင်ငံရဲ့ ကာကွယ်ရေးဝန်ကြီးလို့ လျာထားခံရတဲ့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ ခေါင်းဆောင်တဲ့ အဖွဲ့တို့နဲ့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲတွေရဲ့ ရလဒ်အဖြစ် "လက်ျာ-ဖရီးမင်း" စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ကန္ဒီ စာချုပ်လို့လည်း ခေါ်ပါတယ်။ အဲဒီ စာချုပ်ဟာ နောင်လွတ်လပ်လာတော့မယ့် မြန်မာနိုင်ငံရဲ့ တပ်မတော် ဖွဲ့စည်းဖို့ အခြေခံအုတ်မြစ် တစ်ခု ဖြစ်ပါတယ်။

အဲဒီစာချုပ်အရ ဂျပန်တော်လှန်ရေးမှာ ပေါ်ထွန်းလာတဲ့ ဗမာ့ ကာကွယ်ရေး အင်အားစုထဲက အရာရှိ ၂၀၀၊ အခြားအဆင့် ၅၀၀၀ တို့ကို ရွေးချယ်ပြီး ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းရာမှာ မူလကတည်းက ပါရှိလာတဲ့ ကရင် လက်နက်ကိုင် တပ်ဖွဲ့များ၊ ကရင် အမျိုးသားများနဲ့ ဖွဲ့စည်းထားတဲ့ ဆက်သွယ်ရေး တပ်ဖွဲ့များအပြင် မြန်မာနဲ့ တိုင်းရင်းသား မျိုးစုံ ပါတဲ့ အမြောက် သံချပ်ကာ တပ်ဖွဲ့၊ လေတပ်နဲ့ ရေတပ်ဆိုင်ရာ ဖွဲ့စည်းမှုတွေလည်း ပါဝင်ပါတယ်။

ကြုံကြိုက်လို့ ဖော်ပြချင်တာလေးတစ်ခု ရှိပါတယ်။ ဒါကဘာလဲဆိုတော့ တော်လှန်ရေး လက်နက်ကိုင် အင်အားစု အများကြီးပါဝင်တဲ့ ခြေလျင်တပ်ရ



ဗိုလ်ချုပ်ကြီး ဃင်ဒွန်

...င်းဟာ ဖော့တပ်မတော်ရဲ့ မူလပထမ တပ်ရင်းတွေ ဖြစ်ပါတယ်။
...က ၃/ ၄/ ၅ ပါ။ သနက ၃ ရဲ့ တပ်ရင်းမှူးကတော့ ဗိုလ်ရဲထွင်ဖြစ်ပြီး
...က ၄ ကတော့ ဗိုလ်နေဝင်းနဲ့ သနက ၅ က ဗိုလ်ဗေယျာတို့ပါ။ အားလုံး
...သုံးကျိပ်ဝင်များ ဖြစ်ကြပြီး အဆင့်က ခုဗိုလ်မှူးကြီးတွေပါ။

...ဒီ တပ်ရင်း အခေါ်အဝေါ်တွေကိုတော့ စစ်အစိုးရ လက်ထက်မှာ
... ၃ ကို ခလရ ၃၁၃၊ သနက ၄ ကိုတော့ ခလရ ၃၁၄ စသဖြင့် ပြောင်း
...က တိုင်းရင်းသား နာမည်နဲ့ တပ်တွေ ဥပမာ- ချင်း၊ ကချင်၊ ကယား
...တဲ့ တပ်နာမည်တွေကိုလည်း ခလရ နာမည်တွေအဖြစ် ပြောင်းခဲ့ပါ

တယ်။ တပ်ရင်းမှူးတွေဖြစ်တဲ့ ဗိုလ်ရဲထွန်းနဲ့ ဗိုလ်ဇေယျတို့ကတော့ ကွန်မြူနစ်တွေ ဖြစ်ပြီး လွတ်လပ်ရေးရလို့ သုံး-လေးလအတွင်းမှာ ကွန်မြူနစ်တွေ တောခိုတဲ့အခါ လိုက်ပါသွားကြပါတယ်။ သနက ၃ နဲ့ ၅ က အရာရှိနဲ့ တခြားအဆင့်အချို့ လိုက်ပါသွားပါတယ်။ သနက ၄ အများစုကတော့ တောခိုတဲ့အထဲ မပါပါ။

ဒီလို ဖွဲ့စည်းခဲ့တဲ့ ဗမာ့တပ်မတော်ရဲ့ ပထမဦးဆုံး ဦးစီးချုပ်ကို ဗြိတိသျှတပ်မတော်က ပါလာတဲ့ ကရင်အမျိုးသား ဗိုလ်မှူးချုပ် စမစ်ဒွန်းကို ခန့်အပ်ဖို့ အင်္ဂလိပ်အစိုးရက စီစဉ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်လက်ျာတို့က နောင်အရှည် မျှော်မှန်းပြီး သဘောတူညီခဲ့ပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးပြီး မကြာခင်မှာပဲ စောဘဦးကြီး ခေါင်းဆောင်တဲ့ ကရင်အင်အားစုများက သော်လည်းကောင်း၊ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ ကွန်မြူနစ်တပ်ဖွဲ့တွေက လည်းကောင်း တောခိုသွားခဲ့ကြပါတယ်။

ကရင်အမျိုးသားတွေ လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲတာနဲ့ ထပ်သက်လို့ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းက လိုက်ပါသွားခဲ့ခြင်း မရှိပါ။ ဒါပေမဲ့ ကိုယ့်အမျိုးသားချင်း ပြန်တိုက်ရမယ့်အဖြစ်ကို ရှောင်လွှဲချင်တဲ့အတွက် တပ်မတော်က နုတ်ထွက်သွားခဲ့ပါတယ်။ နေတော့လည်း ရှမ်းပြည်နယ်၊ ကလောမြို့မှာ ကွယ်လွန်တဲ့အထိ နေသွားတယ်လို့ သိရပါတယ်။

### ရုရှားဘာသာ သင်ခဲ့ရခြင်း

၁၉၆၇-၆၉ ခုနှစ်များမှာ ကက (ကျွင့်) ရဲ့ အစီအစဉ်နဲ့ ကျွန်တော်ဟာ ထိုစဉ်က IFL (ယခု UFL) မှာ ရုရှားဘာသာကို အချိန်ပြည့် တက်ရောက်ခဲ့ပါတယ်။ ဒုတိယနှစ် ပြီးဆုံးခါနီးမှာ ကျောင်းသားတိုင်း စာတမ်းတစ်ခုစီ တင်ရမယ် ဆိုတဲ့အတွက် ကျွန်တော်ဟာ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို ပြုစုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါကြောင့် လိုအပ်မယ့် အထောက်အထားတွေ သိရအောင် တပ်မတော် မော်ကွန်းတိုက်ကိုသွားပြီး စာရွက်စာတမ်းတွေ မွှေနှောက်ရပါတယ်။ အဲဒီမှာ တွေ့ရတဲ့ ဗမာလိုရေးထားတဲ့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းများကို ရှာဖွေပြီး ရုရှားဘာသာ

ပြန်ဆို ရေးသားခဲ့ပါတယ်။ မော်ကွန်းတိုက်မှာ ဒီလိုမှတ်စုနောက်ရင်း တွေ့ရှိရတဲ့ မှတ်တမ်းအချို့မှာ ဗိုလ်ချုပ်ကြီး စမ်ဒွန်း လက်မှတ်ရေးထိုးထားတဲ့ ညွှန်ကြားချက်တွေ ဖတ်ရတော့မှ တပ်မတော်ရဲ့ ပထမဦးဆုံး ကာကွယ်ရေး ဦးစီးချုပ်ဟာ သူဖြစ်မှန်းသိခဲ့ရတာပါ။

## ဗိုလ်ချုပ်ကြီး နေဝင်း

ဗိုလ်ချုပ်ကြီး စမ်ဒွန်းကလည်း တပ်မတော်က နုတ်ထွက်၊ တပ်မတော် ခေါင်းဆောင်များအဖြစ် အလားအလာ ရှိတဲ့ ဗိုလ်ဇေယျနဲ့ ဗိုလ်ရဲထွဋ်တို့ကလည်း တောခိုတော့ ကျန်ရစ်တဲ့ ဗိုလ်နေဝင်းဟာ တပ်မတော်ခေါင်းဆောင် ဖြစ်လာဖို့ အလားအလာ အကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်လာပါတယ်။ ဒါကြောင့် သူဟာ "စင်တော်က အကောက်ခံရတဲ့သူ" လို တပ်မတော်မှာ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ် နောက်ဆုံးတော့ ဗိုလ်ချုပ်ကြီးအဖြစ် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်မှာပါ။ "ရာဇပလ္လင် ဖင်ကပ်" ပါလာသလိုပါပဲ။

ဗိုလ်ချုပ်ကြီး နေဝင်းဟာ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ၁၉၄၉ ခုနှစ် ကနေ အသက် ၆၀ ပြည့်တဲ့ ၁၉၇၃ ခုနှစ်လောက်အထိ ဗိုလ်ချုပ်ကြီးအဖြစ်နဲ့ တပ်မတော်ကို ခေါင်းဆောင်ခဲ့ပါတယ်။ ၂၅ နှစ်လောက်ပါ။ ၁၉၇၃ ခုနှစ် ကနေ ၁၉၈၈ ခုနှစ်ထိ ဦးနေဝင်းအဖြစ် နိုင်ငံတော်သမ္မတ၊ နောက်တော့ လမ်းစဉ်ပါတီ ဥက္ကဋ္ဌချုပ်မှာ ပါတီ ဥက္ကဋ္ဌအဖြစ် နိုင်ငံ့ခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ ၁၅ နှစ်ပေါ့။ သူဟာ တပ်မတော်က သက်ပြည့်ပင်စင် ယူသွားတယ် ဆိုပေမဲ့ သမ္မတ အနေနဲ့ သော်လည်းကောင်း၊ ပါတီဥက္ကဋ္ဌ အနေနဲ့ သော်လည်းကောင်း တပ်မတော်ရဲ့ အရေးကြီးတဲ့ ကိစ္စမှန်သမျှ သူကပဲ ဆုံးဖြတ်ခဲ့တာပါ။ လမ်းစဉ် ပါတီ အစိုးရက မြန်မာနိုင်ငံကို ၂၆ နှစ် အုပ်ချုပ်သွားခဲ့တယ်လို့ ပြောကြပါ တယ်။ တကယ်တော့ ဦးနေဝင်းဟာ ထိပ်ဆုံးမှာနေခဲ့တဲ့ နှစ်ပေါင်းဟာ နှစ် [illegible] လောက် ရှိခဲ့ပါတယ်။

### ဝစ်ရေး အရည်အချင်း

ဦးနေဝင်းအကြောင်းကိုတော့ လူတော်တော်များများက ရေးကြတာ

ထပ်ခါတလဲလဲလရှိနေခဲ့ပါပြီ။ သူဟာ ဦးစီးချုပ်ဘဝ၊ အိမ်စောင့်အစိုးရကာလ တုန်းက ဝန်ကြီးချုပ်၊ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာတော့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ ၁၉၇၄ ခုနှစ် နောက်ပိုင်းမှာတော့ ဦးနေဝင်းအဖြစ်နဲ့ သမ္မတ၊ ၁၉၈၂ ခုနှစ် နောက်ပိုင်းမှာတော့ လမ်းစဉ်ပါတီ ဥက္ကဋ္ဌ စတဲ့ ဘဝတွေကို ဖြတ်သန်း ခဲ့ရပါတယ်။

ထိပ်တန်း ရာထူးတွေမှာ တောက်လျှောက် နေခဲ့ရတယ် ဆိုတော့ လောကုတ္တရာ အမြင်နဲ့ ကြည့်မယ်ဆိုရင် ဘဝပေးကုသိုလ် ထူးတဲ့ပုဂ္ဂိုလ်လို့ ပြောနိုင်မလား မသိပါ။ ဒါပေမဲ့ သူ သက်ရှိ ထင်ရှားရှိစဉ်မှာ အများသူငါ အတွက်၊ တစ်နည်းအားဖြင့် ပြောရရင် နိုင်ငံသူ နိုင်ငံသားများ ဘယ်လောက် အထိ စိတ်ချမ်းသာအောင် လုပ်ပေးနိုင်သလဲ ဆိုတာကတော့ သမိုင်းရဲ့ အဆုံးအဖြတ်ဖြစ်မှာပါ။

၁၉၆၉ ခုနှစ်မှာ ကျွန်တော် စစ်ရုံးကို ရောက်တဲ့အခါကျတော့ ဗိုလ်ချုပ် ကြီး နေဝင်းဟာ အသက် ၆၀ မပြည့်သေးပါဘူး။ ဒါ့ကြောင့် တပ်က မနုတ် ထွက်သေးပါဘူး။ ဒါပေမဲ့ စစ်ရုံးကိုတော့ သိပ်လာလေ့ မရှိခဲ့ပါဘူး။ သုံးလေး လ နေမှ တစ်ခေါက်လောက်ပဲ လာတာ တွေ့ရပါတယ်။ သူလာရင် လုံခြုံရေး ကိစ္စတွေ အထူးမြှင့်တင်တဲ့ ကိစ္စတွေကြောင့် ကျွန်တော်တို့ သတိထားမိခဲ့တာ ပါ။ သူ စစ်ရုံးကို ရောက်လာပြီဆိုရင် စစ်ရုံးမှာရှိတဲ့ ခုနစ်ရက် သားသမီးများ ကိုယ်စိတ်နှလုံး ကျဉ်းကြပ်ခဲ့ကြဖူးပါတယ်။

၁၉၇၃ ခုနှစ်မှာတော့ ဦးနေဝင်းဟာ ဗိုလ်ချုပ်ကြီးရာထူးက အငြိမ်းစား ယူခဲ့ပါတယ်။ အဲဒီအခါမှာ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်နေတဲ့ ဗိုလ်မှူးချုပ် စန်းယုဟာ ကာကွယ်ရေးဦးစီးချုပ် အသစ် ဖြစ်လာပါတယ်။ သူဟာ ရက်ပိုင်း အတွင်းမှာ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးကနေ ဗိုလ်ချုပ်ကြီး အဆင့်ထိ တောက်လျှောက် ခုန်ပျံကျော်လွှား ဖြစ်လာခဲ့ပါတယ်။

ကျွန်တော် မှတ်မိတာ တစ်ခုရှိပါတယ်။ ဗိုလ်မှူးချုပ် စန်းယုကို ဗိုလ်ချုပ် ကြီး အဆင့်ထိ တိုးတဲ့နေ့မှာ စစ်ရုံးက သူ့တပည့် ဗိုလ်မှူးကြီးတချို့က ရုံးခန်းမှာ သူ့ပခုံးပေါ်ကို ဗိုလ်ချုပ်ကြီးအဆင့်တွေ တပ်ဆင်ပေးပါတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ် စန်းယုဟာ စိတ်ထိခိုက်ပြီး မျက်ရည်တွေတောင်

စီးကျနေပါသတဲ့။ အဲဒီအခိုက်မှာ ရောက်နေတဲ့ လူကြီးတစ်ယောက် ပြန်ပြော လို့ သိရတာပါ။ မျက်ရည် ဘာဖြစ်လို့ ကျရသလဲ ဆိုတော့ "ဗိုလ်ချုပ်ကြီး နေဝင်းကတော့ တပ်မတော် ဦးစီးချုပ်ဘဝက တကယ်ပဲ စွန့်ခွာသွားခဲ့ပြီး" ဆိုတဲ့ အတွေးနဲ့ ဝမ်းနည်းနေလို့ပါတဲ့။



**ဂကက (ကြည်း) ရဲ့ နေ့စဉ် Sitrep များ**

အဲဒီ သတင်းကြားရတော့ ကျွန်တော်က အူလည်လည် ဖြစ်သွားခဲ့ပါ တယ်။ ဟိုလူကြီး ပင်စင်ယူသွားတာကို ဒီလောက်ကြီး ခံစားရမလား ဆိုပြီး ပေါ့။ တကယ်တော့ ဦးနေဝင်းဟာ နုတ်ထွက်သွားတယ် ဆိုပေမဲ့ တပ် တော်ရဲ့ အရေးကိစ္စများနဲ့ ပတ်သက်ပြီး လုံးဝ ကျောခိုင်းသွားတာ မဟုတ် ဘူး။ ပိုလို့တောင် ဂရုစိုက်လာသလားလို့ ထင်ရပါတယ်။

ဥပမာ- ဂကက (ကြည်း) စစ်ဆင်ရေးဌာနက ထိုစဉ်တုန်းက နေ့စဉ် သတင်းလွှာတစ်ခု ထုတ်ပြန်လေ့ရှိပါတယ်။ အင်္ဂလိပ်လို ဆိုရင်တော့ Situa- tion Report ၊ အတိုကောက်ဆိုရင် Sitrep လို့ ခေါ်ပြီး ဗမာသံနဲ့ "စစ်ထရက်"

လို့ ခေါ်ကြပါတယ်။ ထိုစဉ်တုန်းကတော့ ရန်ကုန်တိုင်းက လွဲလို့ တိုင်းနဲ့ ပြည်နယ် အားလုံးမှာ ပြည်တွင်း လက်နက်ကိုင် အဖွဲ့တွေ ရှိနေတော့ လက်နက်ကိုင် တိုက်ပွဲတွေဟာ နေ့စဉ်လိုလို မဖြစ်တဲ့နေ့ မရှိသလောက်ပါပဲ။ အဲဒီအခါမှာ တိုက်ပွဲ ဖြစ်စဉ်တွေကို စုစည်း ထုတ်နုတ်ပြီး စစ်ရုံးက ကြည်း၊ ရေ၊ လေ ခေါင်းဆောင်များကို ဖြန့်ဝေပါတယ်။ စစ်ထောက်ချုပ်၊ စစ်ရေးချုပ်၊ ကာကာ (ကျွင်း)၊ ကာကာ (လှမ်း)၊ ညွှန်မှူးများအပြင် နောင်မှာ ပေါ်ပေါက်လာတဲ့ ပါတီ ဥက္ကဋ္ဌ၊ ဦးစီးချုပ်၊ ဝန်ကြီးချုပ်နဲ့ ဒုဝန်ကြီးချုပ်အထိ ဖြန့်ဝေပါတယ်။

ဦးနေဝင်းဟာ သမ္မတ ဖြစ်စဉ်က အဲဒီလို စစ်ထရက်တွေမှာ ထူးခြားတဲ့ ဖြစ်စဉ်တွေကို မှတ်ချက်ချပြီး စစ်ဆင်ရေးဌာနကို ပြန်ချလေ့ရှိပါတယ်။ ပဲယင်ပေါက်နဲ့တူတဲ့ သူရဲ့လက်ရေးနဲ့ မှတ်ချက်တွေဟာ ကာကာ (ကြည်း) ကို ပြန်ရောက်လာတဲ့အခါ သူ့မှတ်ချက်အတိုင်း လိုက်နာ ဆောင်ရွက်ရလေ့ ရှိပါတယ်။ သူ ပါတီဥက္ကဋ္ဌ ဖြစ်သွားတော့လည်း ဒီအတိုင်းပါပဲတဲ့။ သူ တပ်မတော်ရာထူး ရှိစဉ်တုန်းကထက် မှတ်ချက်တွေ ပိုများလာခဲ့ပါတယ်။

သိကြတဲ့အတိုင်းပါပဲ၊ ဦးနေဝင်းဟာ နိုင်ငံကို အုပ်ချုပ်ခဲ့တဲ့အခါမှာ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာတော့ မအောင်မြင်ခဲ့ပါဘူး။ ၁၉၈၇ ခုနှစ်မှာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ LDC ဖြစ်ခဲ့တာဟာ သာဓကပါ။ ဒါပေမဲ့ ကျွန်တော့်အမြင် ပြောရရင် ဦးနေဝင်းဟာ စစ်ရေးစစ်ရာမှာတော့ ကျွမ်းကျင်နှံ့စပ်တယ်လို့ ပြောရမှာပါ။ သူ့ရဲ့ အကျိုးပေးလား၊ သူ့ရဲ့ သဘာဝ ဗီဇအရ ရှိနေတဲ့ အရည်အသွေးလား born instinct တစ်ခုခုတော့ တစ်ခုခုပါ။ အထင်ရှားဆုံး သာဓကကို ပြောရမယ်ဆိုရင် ၁၉၇၃ ခုနှစ်လောက်က မြစ်ဝကျွန်းပေါ် အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်မြေမှာ ဆင်နွှဲခဲ့တဲ့ "ထော်ပိုင်" စစ်ဆင်ရေးကို ဖော်ပြချင်ပါတယ်။

### ထော်ပိုင် စစ်ဆင်ရေး

ထော်ပိုင် ဆိုတာ ပုသိမ် မြို့နယ် အရှေ့ဘက်နားမှာ ရှိတဲ့ ကျွန်းတစ်ကျွန်းပါ။ အလျား ခုနစ်မိုင်၊ အနံ သုံးမိုင်လောက် ရှိပါမယ်။ ကရင် အမျိုးသားတွေ နေတဲ့ ရွာအချို့ ရှိနေခဲ့ပါတယ်။ အဲဒီကျွန်းပေါ်မှာ အင်အား ၄-၅

ခန့် ရှိတဲ့ ကရင် လက်နက်ကိုင် အဖွဲ့အစည်းတစ်ခု ရှိနေပါတယ်။ သူတို့ကို KNU ဒါမှမဟုတ် KNDO လို့ မခေါ်ပါဘူး။ လက်ဝဲယိမ်း အတွေးအခေါ်များနဲ့ ဖွဲ့စည်းထားတဲ့ "မဒညတ" လက်နက်ကိုင် အင်အားစုတွေပါ။

စစ်ဆင်ရေး စတာနဲ့ အဲဒီကျွန်းကြီးကို ဝါးကာတ်တွေနဲ့ အပြည့် ကာလိုက်ပါတယ်။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်မှူးကြီး စံကြည် ဖြစ်ပြီး စစ်ဆင်ရေးကို ကွပ်ကဲတာက ဗျူဟာမှူး ဖြစ်စ ဗိုလ်မှူးကြီး စိန်လွင်ပါ။ ဒီစစ်ဆင်ရေးကို အထူး အထောက်အကူ ပြုသူကတော့ ဧရာဝတီတိုင်း ဒေသပါတီ ဥက္ကဋ္ဌ (ဗိုလ်မှူးကြီး) အေးနိုင် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ လမ်းစဉ်ပါတီရဲ့ စည်းရုံးရေး အင်အားဟာ ကျေးရွာတွေ အထိတောင် ထိထိရောက်ရောက် ရှိနေခဲ့ပါပြီ။

စစ်ဆင်ရေး မစမီ နှစ်ပတ်လောက်က စပြီး ဧရာဝတီတိုင်းနဲ့ ငပုတော မြို့နယ်က ပါတီကေဒါတွေ ကိုယ်တိုင် တော်ပိုင်ကျွန်းမှာ ရှိတဲ့ ရွာတွေအထိ ဆင်းပါတယ်။ စည်းရုံးရေးပေါ့။ ပြီးတော့ အိမ်တစ်အိမ်ကို ဝါးကာတ် ၁၀ ခု (သို့မဟုတ်) အိမ်ထောင်စု များရင် ၂၀ ယက်ခိုင်းပါတယ်။ ဝါးကာတ်တွေ အဆင်သင့် ဖြစ်ပြီ ဆိုတော့ စစ်ဆင်ရေး စတဲ့ရက်မှာ တောင်ပိုင်ကျွန်း တစ်ခုလုံးကို ဝါးကာတ်တွေနဲ့ ခြံခတ်လိုက်ပါတယ်။ အလျား ခုနစ်မိုင်၊ အနံ သုံးမိုင်လောက် ရှိတဲ့ ခြံဝင်းကြီးပေါ့။

ခြံခတ်ပြီးပြီ ဆိုတာနဲ့ ရေတပ်သင်္ဘော သုံးစင်းနဲ့ မြေလျှင် တပ်ရင်း ခြောက်ရင်းလောက်က စစ်ကြောင်းတွေကို လှေ၊ မော်တော်ဘုတ်တွေနဲ့ ခွဲပြီး တော်ပိုင်ကျွန်းကို ပတ်၊ ထွက်လာတဲ့ သောင်းကျန်းသူတွေကို ဖမ်း။ အဲဒီလို လုပ်ကြပါတယ်။ စစ်ရေးအရ ဘာမှမထူးခြားရင် တပ်နဲ့ ရွာသားတွေ ပေါင်းထားတဲ့ စစ်ကြောင်းက ရှေ့ကို ကိုက် ၂၀ လောက် တိုးခိုင်းလိုက်ပါတယ်။ ခြံဝင်း ပိုကျဉ်းသွားပြီပေါ့။ တိုက်ပွဲတွေ ဖြစ်ရင်လည်း ရေတပ်သင်္ဘောတွေက အမြောက် ပစ်ကူတွေ ပေးတဲ့အတွက် ထိရောက်ပါတယ်။

ရက်ကြာလာတဲ့အခါ ခြံစည်းရိုး အဝန်းက အလျား သုံးမိုင်၊ အနံ သုံးမိုင် လောက်ပဲ ကျန်လေတော့ ရှိသမျှ လက်နက်ကိုင် အင်အားတွေဟာ အဲဒီ ကျဉ်းမြောင်းသွားတဲ့ ခြံဝင်းမှာ ပိတ်မိနေတာပေါ့။ ဒီလိုနဲ့ နှစ်လ မပြည့်ခင်

ထော်ပိုင် စစ်ဆင်ရေးဟာ အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။ ထောင်ပိုင် ကျွန်း ပေါ်မှာလည်း လက်နက်ကိုင် အဖွဲ့အစည်းတွေ လုံးဝ ကင်းစင်သွားပါတယ်။ ကျွန်တော်က နှစ်စဉ် သွားလေ့လာတဲ့ လူကြီးတွေနဲ့ ပါသွားခဲ့တဲ့အခါ စစ်ဦးစီး မှူး (တတိယတန်း) တစ်ယောက်အနေနဲ့ မြင်တာကတော့ ဒီစစ်နည်းဗျူဟာ ကို ကျင့်သုံးတာဟာ အလွန့်ကို တော်တဲ့ အတွေးအခေါ် Very brilliant idea လို့ ကျွန်တော် အကဲဖြတ်မိပါတယ်။

## ဦးနေဝင်းရဲ့ နည်းဗျူဟာ အကြံ

နောက်မှ မေးကြည့်တဲ့အခါကျတော့ ဒီစစ်နည်းဗျူဟာ အယူအဆကို သမ္မတဖြစ်သူ ဦးနေဝင်းက ဗျူဟာမှူးဖြစ်စ ဗိုလ်မှူးစိန်လွင်ကို နေ့လယ်စာ ခေါ်ကျွေးရင်းနဲ့ "ဒီလိုနည်းလေး စမ်းကြည့်ပါလားကွ" လို့ ဆိုပြီး အကြံပေးခဲ့ တာပါတဲ့။ အဲဒီလို အကြံပေးတာကို ဗျူဟာမှူး ဗိုလ်မှူးကြီး စိန်လွင်က အကောင်အထည် ဖော်ခဲ့တာပါ။ အဲဒီလို အကောင်အထည် ဖော်နိုင်အောင် ကလည်း ဧရာဝတီတိုင်းမှာ ဖွဲ့စည်းထားတဲ့ လမ်းစဉ်ပါတီရဲ့ အဆင့်ဆင့်အဆော ပါတီဝင်များကို စည်းရုံးနိုင်လို့ ဖြစ်ပါတယ်။ ကျေးရွာပါတီဝင်များရဲ့ စိတ်ပါ လက်ပါ ပူးပေါင်း ဆောင်ရွက်မှု မရှိရင် ဒီစစ်ဆင်ရေးဟာ အောင်မြင်မှာ မဟုတ်ပါဘူး။

ထော်ပိုင် စစ်ဆင်ရေး နောက်ပိုင်းမှာတော့ ရွှေလင်းယုန်နဲ့ မိုးဟိန်း စစ်ဆင်ရေးလို့ အမည်ရတဲ့ စစ်ဆင်ရေးတွေနဲ့ မြစ်ဝကျွန်းပေါ်မှာ ဒီဇိုင်းဆင်နွှဲခဲ့တဲ့အခါ နှစ်နှစ်ကျော် ကာလအတွင်းမှာ မြစ်ဝကျွန်းပေါ် တစ်ခုလုံး လက်နက်ကိုင် ပဋိပက္ခတွေ လုံးဝ ရှင်းလင်းသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ တော့ ဗိုလ်မှူးကြီး စံကြည်က ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်အဖြစ် ပြောင်းသွားတဲ့အတွက် ဗိုလ်မှူးကြီး သန်းတင်က တိုင်းမှူးအဖြစ် ပြောင်းလာ ပါတယ်။ တိုက်ခိုက်ရေးကိစ္စမှာ တိုင်းအတွင်းက တပ်တွေနဲ့ တပ်မ ၈၈ က တပ်တွေ သုံးခဲ့ပါတယ်။ တပ်မမှူးက ဗိုလ်မှူးကြီး အေးကို (နောင် ဒုတိယ သမ္မတ-ကွယ်လွန်) ဖြစ်ပါတယ်။

မြစ်ဝကျွန်းပေါ်ဒေသမှာ လက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းသွားပြီ

အခါ တိုင်းမှူး ဗိုလ်မှူးကြီး သန်းတင်ကို အလယ်ပိုင်းတိုင်း တိုင်းမှူးအဖြစ် ပြောင်းရွှေ့ပြီး ပဲခူးရိုးမမှာ ကျန်ရှိနေတဲ့ ဗကပ (ဗဟို) ဌာနချုပ်နဲ့ တပ်တွေကို နှိမ်နင်းခိုင်းခဲ့ပါတယ်။ သူ တိုင်းမှူးဘဝမှာပဲ ပဲခူးရိုးမ စစ်ဆင်ရေးတွေမှာ "ဖြတ်လေးဖြတ် နည်းဗျူဟာ" ကို ထိရောက်စွာ ကျင့်သုံးခဲ့ပါတယ်။ ဖြတ်လေးဖြတ် ဆိုတာကတော့ ရိက္ခာဖြတ်၊ သတင်းဖြတ် စတဲ့ နည်းလမ်းတွေ ဖြစ်ပါတယ်။ အဲဒီချိန်မှာပဲ နာမည်ကျော်တဲ့ တောင်ပေါ် ၁၄ ရွာကို မြေပြန့်ကို ပြောင်းရွှေ့စေပြီး သူတို့ရဲ့ စားဝတ်နေရေး အတွက်ပါ တာဝန်ယူ ဖြေရှင်းပေးခဲ့ပါတယ်။ နှစ်နှစ်လောက် ကာလအတွင်းမှာ ပဲခူးရိုးမပေါ်မှာ ကျန်ရှိနေတဲ့ ဗကပ ခေါင်းဆောင် သခင်ဇင်၊ သခင်ချစ်တို့နဲ့တကွ လက်ကျန် အင်အားတွေကို အမြစ်ပြတ်သွားအောင် တိုက်ခိုက် ချေမှုန်းနိုင်ခဲ့ပါတယ်။

## ဗိုလ်မှူးကြီး သန်းတင်

ဗိုလ်မှူးကြီး သန်းတင်ဟာ တော်လှန်ရေး ကောင်စီကာလက ဆောက်လုပ်ရေး ဝန်ကြီး ဌာနမှာ အထူး အရာရှိ အဖြစ် တာဝန် ယူခဲ့ဖူးပါတယ်။ အဲဒီ တုန်းက ဆောက်လုပ်ရေး ဝန်ကြီးက ဗိုလ်မှူးချုပ် စိန်ဝင်း ဖြစ်ပါတယ်။ အဲဒီကမှ သူ့ကို အသစ်ဖွဲ့စည်းတဲ့ တပ်မမှူးအဖြစ် တာဝန်ယူခါစက တပ်မ ၈၈ တပ်မမှူးအဖြစ် တာဝန်ပေးခဲ့တာပါ။ သူ တပ်မမှူး ဖြစ်စက ဒုဗိုလ်မှူးကြီး အဆင့်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ တပ်မတော်ရဲ့ ရာထူးပေး စနစ်အရ သူဟာ Officiating Colonel နဲ့ နေရတဲ့အခါ လစာငွေကတော့ ဗိုလ်မှူးကြီး လစာငွေ ဖြစ်ပြီး ဗိုလ်မှူးကြီး ရာထူးကိုတော့ တစ်နှစ်ပြည့်မှ ကြယ်သုံးပွင့် ပြည့်အောင် တပ်ခွင့် ရှိတာပါ။ သူ့ရဲ့ ဗျူဟာမှူးတွေ ဖြစ်တဲ့သူတွေ ဆိုရင် ဗိုလ်မှူးကြီး ဖြစ် နေကြပါပြီ။

သူ တပ်မမှူးကနေ ရာထူးတက်တဲ့အခါမှာ အရှေ့ပိုင်းတိုင်း၊ တိုင်းမှူး ဖြစ်ပါတယ်။ သူ့ကို ဦးနေဝင်းက တာဝန်တစ်ခု ပေးလိုက်ပါတယ်။ ဒါကတော့ ချပ်စောက် မြို့နယ်က အင်တော၊ ကျောက်ဂူမှာ အခြေပြုနေတဲ့ ဗကပ သခင် ဘင်ထွန်းရဲ့ တပ်ဖွဲ့ကို ချေမှုန်းဖို့ပါ။ သခင် တင်ထွန်းကို ဗကပ (ဗဟို) ရဲ့ ညွှန်ကြားချက်အရ အင်တော၊ ကျောက်ဂူ ဒေသမှာ အခြေပြုပြီး နယ်မြေ

အပြောင်းအလဲ လိုအပ်လာတဲ့အခါ လမ်းစဉ်ပါတီ ဥက္ကဋ္ဌအဖြစ် နံပါတ်တစ်နေရာမှာပဲ ခွထိုင်နေခဲ့တာ တွေ့ရပါတယ်။ နည်းနည်းနောနော နှစ်တွေမဟုတ်ပါဘူး။ နိုင်ငံရေးနဲ့ စီးပွားရေး နယ်ပယ်တွေမှာတော့ အကျိုးပေးနည်းပါတယ်။ နိုင်ငံရေးမှာ ချွတ်ချုံကျလာတဲ့အခါ အောက်ခြေပါတီထုကို အသိမပေးဘဲ နုတ်ထွက်၊ နိုင်ငံကို တပ်မတော်က အာဏာသိမ်းတဲ့ အရာမှာလည်း သူ့ညွှန်ကြားချက် မကင်းဘူးလို့ ကောက်ချက်ချနိုင်ပါတယ်။

စစ်အစိုးရ အချိန် ကြာလာတာနဲ့အမျှ တပ်မတော် ခေါင်းဆောင်တွေအပေါ် သူ့ရဲ့ အာဏာလွှမ်းမိုးမှု ဘယ်အချိန်မှာ အဆုံးသတ်သွားတယ်ဆိုတာ ကျွန်တော်တို့လို ပြင်ပက ပြည်သူလူထု မသိခဲ့ပါဘူး။ သူတို့ထဲက အတွင်းသိ တစ်ယောက်ယောက်က ပြန်ရေးမှသာ သိမှာပါ။ သူ့ရဲ့သမက် အေးဇော်ဝင်းနဲ့ မြေးများက နိုင်ငံတော်အာဏာနဲ့ ပတ်သက်ပြီး ခွက်ဖက် ချုပ်ကိုင်ဖို့ ကြိုးစားရာမှာ မတွေးနိုင် မအနိုင် အမှုကိစ္စ ဖြစ်လာမှသာ "အော်....သူတို့ အချင်းချင်း ခွာပြဲသွားကြပြီပဲကိုး" လို့ သိကြရတာပါ။

ဦးနေဝင်းဟာ စစ်ရေးစစ်ရာမှာ ကျွမ်းကျင်သလောက် နိုင်ငံရဲ့ အခြားအရေးတွေမှာတော့ ချာတူးလန်တယ် ဆိုတဲ့ သဘောပေါ့။ ဒီအချက်က နိုင်ငံ့ခေါင်းဆောင် ဖြစ်ချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်များ အတွက် သင်ခန်းစာ ယူစရာပါ။

## ဗိုလ်ချုပ်ကြီး စန်းယု

ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ နုတ်ထွက်သွားတဲ့ သမ္မတ ဦးစန်းယုဟာ ပြည်/ပေါက်ခေါင်း ဇာတိ ဖြစ်ပါတယ်။ တပ်မတော် နှစ်ဦး ကာလတွေမှာ နာမည်ကြီးခဲ့တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ ဗိုလ်မှူးချုပ် အောင်ရွှေတို့နဲ့ တစ်နယ်သားတည်းပါ။ ကျွန်တော် ၁၉၅၉ ခုနှစ် DSA ရောက်တဲ့နှစ်မှာ သူက မန္တလေးမှာ အခြေပြုတဲ့ မြောက်ပိုင်း စစ်ဌာနချုပ် တိုင်းမှူးပါ။ ရာထူးကတော့ ဗိုလ်မှူးချုပ်ပေါ့။

အဲဒီခေတ်တုန်းက တပ်မတော်မှာ တောင်ပိုင်းတိုင်းနဲ့ မြောက်ပိုင်းတိုင်း ရယ်လို့ စစ်တိုင်း နှစ်တိုင်းပဲ ရှိခဲ့တာပါ။ ဒါပေမဲ့ လက်အောက်မှာတော့ တပ်

မဟာတွေ ဖွဲ့ထားခဲ့ပါတယ်။ ကျွန်တော် သိသမျှ မြစ်ကြီးနား၊ စစ်တွေ၊ မအူပင်၊ ဘားအံ၊ ပန်းမော်တို့မှာ တပ်မဟာ ဌာနချုပ်တွေ ဖွင့်ထားပါတယ်။ အပြည့်အစုံတော့ ကျွန်တော် မမှတ်မိတော့ပါဘူး။ တောင်ပိုင်းတိုင်းမှာတော့ တိုင်းမှူးက ဗိုလ်မှူးချုပ် ဘလိတ် (သူက အင်္ဂလိပ်ကြီးပါ) သူ့ အငြိမ်းစား ယူသွားတော့ ဗိုလ်မှူးချုပ် အောင်ရွှေ (နောင် NLD ဥက္ကဋ္ဌ- ကွယ်လွန်) ဖြစ်ပါတယ်။

မြောက်ပိုင်းတိုင်းမှာတော့ တိုင်းမှူးက ဗိုလ်ချုပ် ကျော်ဇော ဖြစ်ပြီး တရုတ်ဖြူ စစ်ဆင်ရေးမှာ အောင်မြင်စွာ ခေါင်းဆောင်နိုင်ခဲ့လို့ သူဟာ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဖြစ်သွားတဲ့အခါကျမှ ဗိုလ်မှူးချုပ် စန်းယုက တိုင်းမှူး ဖြစ်လာတာပါ။ တော်လှန်ရေးကောင်စီ တက်လာတဲ့အခါ ဒုချုပ် (ကြည်း) က ဗိုလ်မှူးချုပ် အောင်ကြီး ဖြစ်ပါတယ်။ တော်လှန်ရေး ကောင်စီ တက်ပြီး မကြာခင်မှာဘဲ ဦးနေဝင်းနဲ့ ဦးအောင်ကြီးတို့ သဘော ထားခြင်း ကွဲလွဲတဲ့အခါ ဦးအောင်ကြီး နုတ်ထွက်သွားပါတယ်။ အဲဒီအခါကျမှ ဗိုလ်မှူးချုပ် စန်းယုဟာ ဒီရာထူးနဲ့ပဲ ဒုချုပ် (ကြည်း) ဖြစ်လာခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်လောက်မှာ ထင်ပါတယ်။

၁၉၆၉ ခုနှစ်မှာ ကျွန်တော် စစ်ရုံးကို ပြောင်းလာတော့ သူဟာ ဒုချုပ် (ကြည်း) အဖြစ် ဆက်ရှိနေဆဲပါ။ ၁၉၇၂ ခုနှစ်လောက်ကျမှ ဦးနေဝင်း သက် ပြည့် ပင်စင် ယူသွားတဲ့အခါ သူက ဗိုလ်ချုပ်ကြီး အဖြစ်နဲ့ တပ်မတော် ခေါင်း ဆောင် ဖြစ်လာပါတယ်။ လစ်လပ်သွားတဲ့ ဒုချုပ်အဖြစ် ကွယ်လွန်သူ သံ အမတ်ဟောင်း ဦးကြည်မောင်ကို ဦးစန်းယုက လိုလားပေမဲ့ ဦးနေဝင်းက လက်မခံဘဲ တိုင်းမှူး တစ်ဦးဖြစ်သူ ဗိုလ်မှူးကြီး တင်ဦး (နောင် NLD နာယက) ကို ဒုချုပ် (ကြည်း) ဖြစ်လာခဲ့ပါတယ်။

### ဒုချုပ်ရဲ့ သစ္စာရှိမှုကို စမ်းသပ်ခြင်း

ဒီ အကြောင်းအရာကို တကယ် ဖြစ်ခဲ့စဉ်က ပါဝင်ခဲ့တဲ့ မိတ်ဆွေ၊ အရာရှိ တစ်ယောက်က ပြောပြခဲ့လို့ သိရတာပါ။ အချိန်က ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်ပါ။ အဲဒီတုန်းက လှိုင်ကော်ဖြို့မှာ ကျင်းပတဲ့ ပြည်

ဆု ရတယ်လို့ ကြေညာလိုက်တော့ ကျွန်တော်က အံ့သြပြီး ရုတ်တရက် သတိမဆွဲဖြစ်ပဲ စတွန်ဝိုင်းလောက် ကြောင်သွားခဲ့မှုပါတယ်။ အဲဒီလိုနဲ့ ဆုယူ ဖို့ သူနားကို ချဉ်းကပ်တဲ့အခါမှာ "ဆုယူချိန်မှာ လက်ဆွဲနှုတ်ဆက်ရင် ဒီ လူကြီး လက်ကို ငါ ညှစ်ထည့်ကြည့်လိုက်မယ်" ဆိုတဲ့အတွေး ဖြစ်လာပါ တယ်။ သူ ဆုပေးတဲ့ ဓားကို ယူပြီး ညာလက်နဲ့ သူ့ကို လက်ဆွဲနှုတ်ဆက်တဲ့ အခါ အောင်မယ်... သူ့လက်က မာကြောနေတာပဲ။

ကျွန်တော်က ညှစ်ဖို့ နေနေသာသာ မာနေတဲ့ သူ့လက်နဲ့ သာမန် လက်ဆွဲ နှုတ်ဆက်ခဲ့ပါတယ်။ ရွှေတံဆိပ်ဆုကို ယူတော့လည်း ဒီအတိုင်းပါပဲ။ ထိုစဉ်က သူ့အကြောင်း မသိခဲ့တော့ သူ့လက်တွေ ဘာ့ကြောင့် မာတယ် ဆိုတာ မသိခဲ့ပါဘူး။ စစ်ရုံးရောက်မှ သူ့ရဲ့ အားကစားဟာ ဝိတ် မ,တာဆိုမှ အော်.... သူ့လက်တွေမာတာ ဒါ့ကြောင့်ကိုးလို့ သဘောပေါက်မိတာပါ။

အပေါ်မှာ ရေးလက်စ လွိုင်ကော်မြို့မှာ ကျင်းပတဲ့ ပြည်ထောင်စုနေ့ ညစာ စားပွဲကိုစွ ပြန်ကောက်ပါမယ်။ အရာရှိငယ်တွေနဲ့ စားပွဲထိုးတွေက အဖျော် ယမကာဝန်းတွေနဲ့ လှည့်လည် ဧည့်ခံနေတဲ့အချိန်မှာ ဗိုလ်ချုပ်ကြီး နေဝင်းက ဗိုလ်မှူးချုပ် စန်းယုကို ပြောလိုက်တဲ့ စကားတွေကို ကျွန်တော် မိတ်ဆွေက ကြားလိုက်မိပါသတဲ့။ "ဟေ့... ဗိုလ်စန်းယု...၊ ဝီစကီလေး ဘာလေး သောက်ပါကွ" လို့ ပြောတဲ့အခါ ဗိုလ်မှူးချုပ် စန်းယုက "ကျွန်တော် မသောက်ပါဘူး ခင်ဗျာ။ ဗိုလ်ချုပ်ကြီးလည်း သိသားပဲ" လို့ ပြန်ပြောပါသတဲ့။ အဲဒီမှာ ဗိုလ်ချုပ်ကြီး နေဝင်းက "အိုကွာ... ဒီလိုနေ့မျိုးမှာ ရှင်းချက်အနေနဲ့ မင်း သောက်သင့်တာပေါ့။ ကဲ.... သောက်လိုက်၊ ဒါအမိန့်ကွ" လို့ ပြောလိုက် ပါသတဲ့။ အဲဒီအခါမှာ ဗိုလ်မှူးချုပ် စန်းယုဟာ နီးရာ စားပွဲထိုး တစ်ယောက်ရဲ့ ဗန်းပေါ်မှာ ပါလာတဲ့ ဝီစကီဖန်ခွက်ကို ယူပြီး တစ်ချိုတည်းနဲ့ မော့ချလိုက်ပါ သတဲ့။

ဖန်ခွက် တစ်ခွက်လုံး ကုန်တာနဲ့ ဗိုလ်မှူးချုပ် စန်းယုဟာ မျက်နှာကြီး နီလာပြီး တဟွတ်...ဟွတ်နဲ့ သီးသွားပါသတဲ့။ ဒါကြောင့် သူ့လွယ်အိတ်ထဲက လက်ကိုင်ပုဝါနဲ့ ပါးစပ်ကို အုပ်ပြီး ထိန်းနေတဲ့အခါ ဗိုလ်ချုပ်ကြီး နေဝင်းက တဟားဟားနဲ့ ရယ်ပြီး "ငါက နောက်ပြောတာကွာ၊ မင်းက တကယ် အောက်

မေ့ပြီး ရှုထည့်လိုက်တာကိုး" လို့ ပြောလည်းပြော ပုခုံးကိုဖက်ပြီး ဆက်တီ ကုလားထိုင်တစ်ခုမှာ သွားပြီး အနားယူစေပါသတဲ့။

ကျွန်တော့် မိတ်ဆွေက အဲဒီအဖြစ်ကို ကျွန်တော့်ကို ပြောတဲ့အခါ ဒီဖြစ်စဉ်ရဲ့ လေးနက်မှုကို သူ အမိပ္ပာယ် မကောက်တတ်ပါဘူး။ ကျွန်တော်ကတော့ စိတ်ထဲမှာ ဗိုလ်ချုပ်ကြီး နေဝင်းက ဗိုလ်မှူးချုပ် စန်းယုကို လူတွေရဲ့ အလယ်မှာ စမ်းသပ်လိုက်တာပဲလို့ ကျွန်တော် မြင်မိပါတယ်။ တကယ်တော့ ဗိုလ်မှူးချုပ် စန်းယုဟာ နိုင်ငံရဲ့ ဒုတိယ ခေါင်းဆောင်ပါ။ အလွန် မြင့်မားတဲ့ ရာထူးပေါ့။ လူလယ်ကောင်မှာ ဗိုလ်ချုပ်ကြီး နေဝင်းက အတင်း အရက်သောက်နိုင်းတဲ့ ကိစ္စကို သူ ငြင်းမယ်ဆိုလည်း ငြင်းလို့ရပါတယ်။

အဲဒီလို ငြင်းမယ်ဆိုရင်တော့ ဗိုလ်ချုပ်ကြီး နေဝင်းအနေနဲ့ ဘာမှတော့ မှတ်ချက်ပေးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခြေအနေ ကျဉ်းထဲကြပ်ထဲဆိုရင်ဖြင့် ဗိုလ်မှူးချုပ် စန်းယုဟာ သူနိုင်းသလို လုပ်မယ့်သူ မဟုတ်ဘူးလို့ ကောက်ချက်ချမှာ သေချာပါတယ်။ အခုတော့ လူလယ်ကောင်မှာ သူက အမိန့်ပေးတာကို ဗိုလ်မှူးချုပ် စန်းယုက မဆိုင်းမတွ လိုက်နာ ဆောင်ရွက်ခြင်းဟာ ဦးစန်းယုက ဗိုလ်ချုပ်ကြီး နေဝင်းအပေါ် အကြွင်းမဲ့ သစ္စာရှိမယ့် လုပ်ရပ်တစ်ခုလို့ အာမခံပေးလိုက်ရာ ရောက်ပါတယ်။ ဒါ့ကြောင့် ၁၉၆၄ ခုနှစ်က လွိုင်ကော်မြို့မှာ ကျင်းပတဲ့ ပြည်ထောင်စုနေ့ ဖြစ်ရပ်ဟာ ဗိုလ်ချုပ်ကြီး နေဝင်းက ဗိုလ်မှူးချုပ် စန်းယုအပေါ် "သစ္စာရှိမှု စမ်းသပ်ပွဲ" လို့ ကျွန်တော် မြင်မိပါတယ်။

ဟုတ်ပါတယ်၊ ဦးစန်းယုဟာ ၁၉၆၄ ခုနှစ်၊ ဒုချုပ်ဘဝက ၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံး အရေးတော်ပုံအထိ ၂၄ နှစ်ကျော် ကြာအောင် သစ္စာရှိတဲ့ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ နံပါတ် ၂ အဖြစ် ဆက်တိုက် ရပ်တည်ခဲ့တာဟာ သမိုင်းဖြစ်သွားပါပြီ။ ဦးစန်းယုရဲ့ စစ်စွမ်းရည်ကိုတော့ ကျွန်တော် မကြုံဖူးလို့ အကဲမဖြတ်တတ်ပါ။ သို့သော်လည်း ဦးစန်းယုရဲ့ အုပ်ချုပ်ရေး စွမ်းရည်နဲ့ ပင်ကို စရိုက် လက္ခဏာကိုတော့ ကျွန်တော် အများကြီး တွေ့ခဲ့ သိခဲ့ရပါတယ်။

## အုပ်ချုပ်ရေး အရည်အချင်း

ဗိုလ်မှူးချုပ် စန်းယုဟာ ဒုချုပ်ဘဝနဲ့ တပ်မတော် ကိစ္စအဝဝတွေကို

ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တား ကြီးကြပ်ရသလို အစိုးရ အဖွဲ့မှာလည်း ဒုတိယ ဝန်ကြီးချုပ်အဆင့်လို တာဝန်နဲ့ စီမံရေး၊ ဘဏ္ဍာရေး ကိစ္စရပ်များကို တာဝန်ယူခဲ့ရတာလည်း ရှိပါတယ်။ အစိုးရကဏ္ဍ ကိစ္စတွေကိုတော့ ထွေထွေထူးထူး အကျယ်တဝင့် မရေးတော့ပါ။ ၁၉၆၂ ခုနှစ်ကတည်းက နိုင်ငံအရေးကို သူစိတ်ကြိုက် ပုံဖော်ခဲ့တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ အလိုဆန္ဒတွေအတိုင်း လိုက်လုပ်ရတော့ သူကိုယ်ရည်ကိုယ်သွေး မပေါ်ခဲ့ပါ။

သူလည်း ဗိုလ်ချုပ်ကြီး နေဝင်းလိုပဲ တပ်မတော် ကိစ္စတွေကိုကျတော့ ကိုယ့်ဆန္ဒနဲ့ ကိုက်ညီတဲ့ လူတွေ ရွေးတတ်ခဲ့ပါတယ်။ ဥပမာ- အထက်မှာ ရေးပြခဲ့ဖူးတဲ့ ကျန်းမာရေး ဝန်ကြီးဟောင်း၊ သံအမတ်ဟောင်း ဗိုလ်မှူးကြီး ကြည်မောင်ဟာ သူ အလွန်အားကိုးရတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ ဒုဗိုလ်မှူးကြီး ကြည်မောင်ဟာ ၁၉၆၃-၆၄ ခုနှစ် ကာလမှာ စစ်တက္ကသိုလ်ရဲ့ ဒုတိယ ကျောင်းအုပ်ကြီး ဖြစ်ခဲ့ပါတယ်။ သူဟာ ကျောက်ကပ်ရောဂါ ဖြစ်ပွားခဲ့တဲ့ အတွက် အင်္ဂလန်နိုင်ငံကို သွားရောက်ပြီး ကျောက်ကပ် တစ်ဖက် ထုတ်ခဲ့ရ ပါတယ်။

ရောဂါ ကုသပြီးလို့ မောပြည် ပြန်အရောက်မှာ သူ့မိသားစုနဲ့ ဆိုင်တဲ့ ပြဿနာတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီပြဿနာ သတင်းဟာ ကျွန်တော်တို့ စီနီယာ ဗိုလ်လောင်းတွေအထိ ရောက်ရှိခဲ့ပါတယ်။ ဒုဗိုလ်မှူးကြီး ကြည်မောင် ဟာ ကိုယ့်ရဲ့သိက္ခာ Integrety ကို အလွန် အလေးထားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နှစ် ကျောင်းဆင်းပွဲအတွက် ရောက်ရှိ လာတဲ့ ဒုချုပ် (ကြည်း) ဗိုလ်မှူးချုပ် စန်းယုနဲ့ နှစ်ယောက်ချင်း တွေ့ဆုံခွင့် တောင်းပြီး တပ်မတော်က နုတ်ထွက်ခွင့်ပေးရန် တင်ပြခဲ့ပါတယ်။ သူ့ တင်ပြ ချက်ကို ဒုချုပ်က ကြားသိရတဲ့အခါ အဲဒီအချိန်က တော်လှန်ရေး ကောင်စီ တက်ခါစ လူအင်အားတွေ အဆင့်ဆင့်မှာ လိုအပ်တဲ့အတွက် သူ့နုတ်ထွက် ခွင့်ကို လက်မခံခဲ့ပါ။

အဲဒီအစား ၁၉၆၄ ခုနှစ်မှာ ဒုဗိုလ်မှူးကြီး ကြည်မောင်ကို စစ်ရာထူးခန့် ရုံးမှာ လက်ထောက် စစ်ရာထူးခန့်အဖြစ် ပြောင်းရွှေ့ပြီး စစ်ရုံးကို ခေါ်ထား လိုက်ပါတယ်။ စစ်ရာထူးခန့်ရုံးဟာ တပ်မတော် အရာရှိ ကြီး/ငယ်များရဲ့

ရာထူး ခန့်ထားရေးကိစ္စများကို ဒုဗိုလ်မှူးကြီး ကြည်မောင်က စနစ်ကျနသွားအောင် ကိုင်တွယ် ဖြေရှင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် များမကြာမီမှာ ဒုဗိုလ်မှူးကြီး ကြည်မောင်ကို တပ်မတော်ရဲ့ အရေးကြီးရာထူး တစ်ခုဖြစ်တဲ့ စစ်ဦးစီး ဗိုလ်မှူးကြီး Colonel General Staff- Col.G.S အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရပါတယ်။

ဗိုလ်မှူးကြီး ကြည်မောင်ဟာ Col.G.S ဖြစ်လာတဲ့အခါ တပ်မတော်ရဲ့ အရေးပါတဲ့ တပ်များ ဖွဲ့စည်းမှု၊ ကာက (ကြည်း) မှာ အရေးပါတဲ့ စီမံရေးနဲ့ ဘုတေသန ဌာနများ ဖွဲ့စည်းမှု၊ တပ်မတော် စစ်တိုင်းကြီးများကိုလည်း မူလ ဘိုင်းငါးတိုင်းကနေ စစ်တိုင်းကြီး ကိုးတိုင်းအဖြစ် ပြောင်းလဲ ဖွဲ့စည်းမှုများကို သေသေသပ် ကျနစွာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၎င်းဟာ Col.G.S ရာထူးကို ၁၉၆၄ ခုနှစ်ခန့်ကနေ ၁၉၇၄ ခုနှစ်အထိ ၁၀ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

လမ်းစဉ်ပါတီ အစိုးရသစ်မှာ ကျန်းမာရေး ဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ ပြီး ၁၉၈၂ ခုနှစ်မှာ ထွက်ပေါ် လာတဲ့ နိုင်ငံသား ဥပဒေအရ တာဝန်မှ နုတ်ထွက်ခဲ့ရပါတယ်။ ဒါပေမဲ့ အင်္ဂလန်နိုင်ငံနဲ့ ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခြောက်နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အခုတော့ ကွယ်လွန်သွားခဲ့ပါပြီ။ ဒီမှာ ရေးပြချင်တာက ဗိုလ်မှူးချုပ်/ဗိုလ်ချုပ်ကြီး ခန်းယုဟာ လူတော်တွေကို အကွက်ကျအောင် ဘယ်လို တာဝန်ပေးရတယ် ဆိုတဲ့ အရည်အချင်းမှာ ခေတ်တယ်လို့ သတ်မှတ်မိပါတယ်။

## မထင်မှတ်တဲ့ ပြဿနာ

ဒီကိစ္စကို ရေးပြရတာက ပုဂ္ဂိုလ်ရေး ဆန်ပေမဲ့ ဒီဖြစ်ရပ်ဟာ အနာဂါတ် တပ်မတော်နဲ့ နိုင်ငံ့အရေးထိပါ အကျိုးသက်ရောက်မှု ရှိတဲ့အတွက် ရေးပြရခြင်း ဖြစ်ပါတယ်။ မကြာမီက ထွက်ရှိခဲ့တဲ့ ကျွန်တော့်ရဲ့ အတ္ထုပ္ပတ္တိ စာအုပ် "သံသရာတစ်ကွေ့" မှာလည်း ဖော်ပြပြီးပါပြီ။ ဒါကတော့ နောင်မှာ "ကွမ်းလုံသူရဲကောင်း" လို့ နာမည်ကျော်ပြီး ကျွန်တော်တို့ ရင်းနှီးတဲ့ တပည့်တပန်းတွေက "နပိုလီယံ" လို့ ချစ်စနိုး ခေါ်ကြတဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီဟာ ဒုတိယ ဗိုလ်မှူးကြီး ဘဝနဲ့ အင်းစိန်၊ ဒေအာင်ဆန်းမှာ ရှိနေတဲ့ သနက ၅ တပ်

ရင်းမှူး ဖြစ်စဉ်က တွေ့ကြုံရတဲ့ ကိစ္စကြီးတစ်ခုပါ။

၁၉၇၁ ခုနှစ်လောက်မှာ ထင်ပါတယ်၊ သနက ၅ က တပ်ခွဲတစ်ခွဲဟာ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ အိမ်မှာ လုံခြုံရေးယူရပါတယ်။ ထိုစဉ်က ဗိုလ်ချုပ်ကြီး စန်းယုဟာ ပြည်လမ်း ဟံသာဝတီအဝိုင်းက ဝင်ရတဲ့ ဝင်ဒါမီယာ ရပ်ကွက်ထဲ က လူကြီးတွေအတွက် သတ်မှတ်ထားတဲ့ အိမ်တစ်လုံးမှာ နေပါတယ်၊ အဲဒီ ရပ်ကွက်ရဲ့ လုံခြုံရေးကို သနက ၅ က တာဝန်ယူထားပြီး ဗိုလ်ချုပ်ကြီး စန်းယုရဲ့ အိမ်ကိုတော့ တပ်ခွဲ ၂ က တာဝန်ကျပါသတဲ့။ ကျွန်တော်ရဲ့ မိခင် တပ်ရင်းဟာ သနက ၅ ဖြစ်ပြီး တပ်ခွဲ ၂ မှာ ကျွန်တော် တာဝန် ထမ်းဆောင်ခဲ့ ဖူးပါတယ်။

တစ်နေ့မှာ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ သမီးတစ်ယောက်ဟာ တက္ကသိုလ် ကို သွားတက်ရင်း အပြန်မှာ သွားကြိုတော့ ပျောက်သွားပါတယ်။ အသွား တုန်းကတော့ လုံခြုံရေး အစောင့်အရှောက်နဲ့ သွားခဲ့တာပါ။ အပြန်မှာ သွား ကြိုတော့ ကြိုနေကျနေရာမှာ မတွေ့ရတော့တာပါ။ အဲဒီတော့ ပြဿနာဟာ တပ်ရင်းမှူးခေါင်း ဆောင့်ပြီပေါ့။ တိုင်းမှူးကတော့ ဗိုလ်မှူးကြီး ခင်အုန်း (နောင် ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်) ထင်ပါတယ်။

တုံးစံအတိုင်း တပ်ရင်းမှူးနဲ့ အရာရှိတွေဟာ တပ်ခွဲ ၂ က အရာရှိတွေနဲ့ အခြား အဆင့်တွေကို စေ့စေ့စပ်စပ် စစ်ပါတယ်။ အဲဒီအခါမှာ ရဲဘော် တစ် ယောက် ပျောက်နေတာ တွေ့ရပါတယ်။ သူကတော့ တပ်သား စိန်မြင့် သူကို ကျွန်တော် ကောင်းကောင်း သိတာပေါ့။ အရပ် မနိမ့်မမြင့်၊ အသား ဖြူဖြူ ရုပ်ကလေးက နစ်လိုဖွယ်ရာပါ။ သူက ယောနယ်ကပါ။ အနေအထိုင် ရည်းကမ်း ပြည့်ဝတဲ့ ရဲဘော်တစ်ယောက်လို့ ကျွန်တော် မှတ်မိပါတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ ကက (ကြည်း) ကို ရောက်နေပါပြီ။ ဒါပေ မဲ့ အားလပ်ရက်မှာ တပ်ရင်းကို မကြာခဏ သွားလည်လေ့ရှိပါတယ်။ ကျွန် တော် သွားတဲ့အချိန်မှာ အဲဒီကိစ္စ သိရတာပါ။ ကြားကြားခြင်း ကျွန်တော့် စိတ်ထဲမှာ "ငါ့ဆရာသမားတော့ ဒုက္ခပဲ" လို့ ချက်ချင်း အတွေးပေါက်မိပါ တယ်။ ဒုဗိုလ်မှူးကြီး ထွန်းရီ ဆိုတာက ဗိုလ်ကြီးဘဝတုန်းက ကျွန်တော်တို့ DSA ဘုရင့်နောင် တပ်ခွဲရဲ့ တပ်ခွဲမှူး၊ ကျွန်တော် သနက ၅ ရောက်တော့

သူက ဒုတပ်ရင်းမှူး အနေနဲ့ ရောက်လာပြန်တော့ ကိုယ့်ရဲ့ အထက်အရာရှိ ကျွန်တော့်ရဲ့ နှစ်ခါပြန် ဆရာလို့ ပြောနိုင်ပါတယ်။

တပ်ခွဲ ၂ ရဲ့ သတင်း ကြားရတဲ့အခါကျတော့ တပ်ရင်းမှူးအိမ်ကို တမင် သက်သက် ကျွန်တော် သွားခဲ့ပါတယ်။ ကိုယ့်ဆရာသမားရဲ့ အခြေအနေ ဘယ်လိုလဲလို့ သိချင်လို့ပါ။ တပ်ရင်းမှူးရဲ့ အိမ်ကိုရောက်တော့ လား... လား...၊ သူ့ဧည့်ခန်းမှာ အုန်းပွဲ၊ ငှက်ပျောပွဲတွေအပြည့်နဲ့ နတ်ကတော်လိုလို ဗေဒင်ဆရာလိုလို လူတွေလည်း လေး-ငါးယောက်၊ တပ်သား စိန်မြင့် ပျောက်နေတာနဲ့ ပတ်သက်လို့ နည်းမျိုးစုံနဲ့ ရှာဖွေနေတာပါ။

စိန်မြင့်ဟာ သနက ၅ နဲ့အတူ မြစ်ဝကျွန်းပေါ် စစ်ဆင်ရေး၊ ပဲခူး ရိုးမ စစ်ဆင်ရေးနဲ့ အရှေ့မြောက်ဒေသ စစ်ဆင်ရေးတွေမှာ ပါခဲ့ဖူးတော့ သူ ရောက်ခဲ့တဲ့နေရာတွေ အားလုံးကို လိုက်ရှာစေပါသတဲ့။ ရှာတဲ့သူတွေက တော့ တပ်က ဒုတပ်ကြပ်ကနေ တပ်ကြပ်ကြီးအထိ သုံး-လေးယောက် လောက် ပါတဲ့ အဖွဲ့တွေ လွှတ်ပြီး ရှာနိုင်းစေခဲ့တာပါ။ အဲဒီတုန်းကဆိုရင် တပ်က ဖွဲ့စည်းပုံ ပျက်လုနီးနီး ရှိသွားပါသတဲ့။ ပထမတော့ ဗိုလ်ချုပ်ကြီး ဇနီးယုရဲ့ သမီးကလည်း ပျောက်၊ တပ်သား စိန်မြင့်ကလည်း ပျောက် ဆို တော့ ဆက်စပ်တွေးပြီးတော့သာ လုပ်နေရတာ အထောက်အထား အခိုင် အမာ ရှာလို့ မရပါဘူးတဲ့။

သူ့ပစ္စည်းတွေ သူ့သေတ္တာတွေကို အသေးစိတ်ရှာတော့လည်း ဘာမှ မတွေ့ပါဘူးတဲ့။ နောက်ဆုံးတော့ သူကိုင်တဲ့ ဂျီ-သရီး သေနတ်ကို စစ်တဲ့ အခါ ကျည်ကတ်ထဲက ကျည်ဆံတွေရဲ့ အောက်မှာ ကောင်မလေးရဲ့ စာကို ရှာတွေ့တော့မှ ဒုဗိုလ်မှူးကြီး ထွန်းရှိဟာ ကိုယ့်နဖူးကိုယ် လက်ဖဝါးနဲ့ ရိုက် ပြီး "စိန်မြင့် လုပ်လို့ ငါ့ဘဝကတော့ သွားပါပြီကွာ" လို့ ညည်းတွားပါသတဲ့။ ရန်ကုန်မြို့ပေါ်က ရထားဘူတာ၊ ကားဂိတ်၊ သင်္ဘောဆိပ်နဲ့ လေယာဉ်ပျံကွင်း အားလုံးကို ထောက်လှမ်းရေး တပ်ထိန်း၊ ရဲအဖွဲ့တွေနဲ့ ပိတ်ဆို့ ရှာဖွေတော့ လည်း ဘာမှ မတွေ့ရပါဘူးတဲ့။ ကောင်လေးနဲ့ ကောင်မလေး ဓာတ်ပုံတွေကို ဖြန့်ပေးထားရတာပါ။

နှစ်ပတ်ကျော်လောက် ကြာတော့မှ မောင်မင်းကြီးသားတို့ စုံတွဲဟာ

အငှားကား တစ်စီးနဲ့ တပ်ရင်းမှူးအိမ်ကို ရောက်လာပါသတဲ့။ အဲဒီအခါကျမှ ဗိုလ်မှူး ထွန်းရီဟာ "ဟီး" ချနိုင်ပြီး "စိန်မြင့်ရာ၊ မင်းလုပ်လိုက်ပုံက ငါ့အဖ တော့ သွားပါပြီကွာ" လို့ ညည်းပြီး တိုင်းမှူးနဲ့ Col. G.S ကို သတင်းပို့လိုက်ပါသတဲ့။ ကောင်မလေးကိုတော့ သူ့အမေ ဒေါ်သန်းရှိန် ကိုယ်တိုင် လာခေါ်သွားခဲ့ပါသတဲ့။ စိန်မြင့်ကတော့ တပ်အချုပ်ခန်းထဲ တန်းဝင်သွားရတော့တာပေါ့။

သူဟာ တပ်မတော် စည်းကမ်းနဲ့ ပြောရမယ်ဆိုရင် တစ်အချက်- ခွင့်မဲ့ပျက်ကွက် (၂၁ ရက် မကျော်သေးတော့ တပ်ပြေးအဖြစ် သတ်မှတ်လို့မရသေး)၊ နှစ်အချက်က မိမိ အထက်အရာရှိ၊ တပ်ခွဲမှူး တပ်ရင်းမှူးတို့ ခွင့်ပြုချက် မရဘဲ မိန်းကလေး တစ်ယောက်ကို ပေါင်းသင်းခဲ့မှု၊ အဲဒီ နှစ်ချက်နဲ့ကို ငြိနေပါပြီ။ နောက် တပ်မတော်ဥပဒေရဲ့ ဂျိုကာ ပုဒ်မလို့ ခေါ်ရမယ့် ပုဒ်မ-၆၅၊ ဒီပုဒ်မက တပ်မတော်သား တစ်ယောက် စည်းကမ်းဖောက်ပြီဆိုရင် အရာရှိ ဖြစ်စေ၊ အခြားအဆင့် ဖြစ်စေ ဒီပုဒ်မနဲ့သာ ကပ်လိုက်၊ အပြစ်မရှိဘူးလို့ ဘယ်လိုမှ ငြင်းချက်ထုတ်လို့ မရတဲ့ ပုဒ်မ။

အဲဒီတော့ စိန်မြင့်ကို စစ်ခုံရုံးနဲ့ စစ်ဆေးတဲ့အခါ ပြစ်မှုများ ကျူးလွန်ကြောင်း ထင်ရှားလို့ ထောင်ဒဏ် နှစ်နှစ်ချလိုက်တယ်လို့ သိရပါတယ်။ ဒီလိုနဲ့ စိန်မြင့်ဟာ ထောင်ကျသွားပြီး လျှော့ရက်တွေ ရလို့ အချိန်စေ့တဲ့အခါ လွတ်မြောက်သွားခဲ့ပါတယ်။ ယောနယ်ဘက်က သူ့ဇာတိကို ပြန်သွားတယ်လို့သာ ကြားပြီး နောက်ပိုင်း သူ့အကြောင်း ဘာမှ မကြားရတော့ပါ။

## စိတ်ထား ကောင်းတဲ့သူ

ကျွန်တော်လည်း စစ်ရုံးမှာ နေရင်း စိန်မြင့်နဲ့ ဗိုလ်ချုပ်ကြီး စန်းယု သမီးတို့ ကိစ္စ ကြားရတဲ့အခါ ကျွန်တော့် ဆရာသမားအတွက် စိတ်မချမ်းမသာ ဖြစ်မိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ တရားလမ်းကြောင်းနဲ့ မဆိုင်ပေမဲ့ လူကြီး တစ်ယောက်ရဲ့ မိသားစုနဲ့ လူမှုရေး ပြဿနာ ဖြစ်ရင် တာဝန်ရှိတဲ့ သူတွေဟာ ဘဝတက်လမ်း ပိတ်ခဲ့တာတွေ၊ တပ်မတော်ထဲက အပြီးအပိုင် ထွက်ခွာသွားခဲ့တဲ့ ဇာတ်လမ်းတွေကို အကြိမ်ကြိမ် တွေ့ကြုံခဲ့ရဖူးလို့ပါ။

ဒုဗိုလ်မှူးကြီး ထွန်းရီဟာ ပုံမှန် အရက်သောက သောက်စားတာက လွဲလို့ စစ်သားကောင်း တစ်ယောက် ဖြစ်တယ်လို့ ကျွန်တော်က မြင်မိလို့ပါ။

ဒီလိုနဲ့နေရင်း တစ်နေ့မှာ စစ်ရာထူးခန့်ရုံးက အမိန့်စာတစ်ခုကို ဖတ်လိုက်ရပါတယ်။ M.S. Order လို့ ကျွန်တော်တို့ အားလုံး သိထားကြတာပါ။ စစ်ရာထူးခန့်ရုံးက ထွက်တဲ့ M.S. Order တွေ အားလုံး စစ်ရုံးက ဌာနကြီးတွေကို ဝေငှလေ့ရှိပါတယ်။ အဲဒီ M.S. Order ထဲမှာ "အမှတ် ၅ ဗဟုသေနတ်ကိုင် တပ်ရင်းမှ တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီး ထွန်းရီအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အမှတ် ၁ စစ်ဦးစီးဗဟာမှူးအဖြစ် ပြောင်းရွှေ့ ခန့်အပ်လိုက်သည်" ဆိုတဲ့ အမိန့် ပါပါတယ်။

ကျွန်တော် အရမ်း အံ့ဩသွားပါတယ်။ သူ့တပ်ရင်းက ရဲဘော် တစ်ယောက်ဟာ စစ်စည်းကမ်း ဖောက်ဖျက်ပြီး ထိပ်ပိုင်း ခေါင်းဆောင် တစ်ဦးရဲ့ သမီးကို နိုးယူ ပေါင်းသင်းတဲ့ ကိစ္စဟာ အလွန် ကြီးကျယ်တဲ့ ကိစ္စပါ။ တပ်ရင်းမှူးမှာ တိုက်ရိုက် တာဝန် မရှိသော်လည်းပဲ တာဝန် မကင်းဘူးလို့ ပြောနိုင်ပါတယ်။ ဒါကြောင့် သူ့ရဲ့ဘဝ ရှေ့တက်လမ်းဟာ နောင့်နေးသွားတယ် ဆိုရင် ဘယ်သူမှ အံ့ဩမှာ မဟုတ်ပါဘူး။ အခုတော့ ကျွန်တော် သင်သလို မဟုတ်ဘဲ တပ်ရင်းမှူးက အခြား အခြား တပ်ရင်းမှူးများလို စစ်ဦးစီးမှူး (ပထမတန်း) ကို ပြောင်းရွှေ့တာမျိုး မဟုတ်ဘဲနဲ့ ဗျူဟာမှူး/ဗိုလ်မှူးကြီး အဖြစ် တစ်ဆင့် ကျော်လွှားပြီး ရာထူး တက်သွားခဲ့ပါတယ်။ ထူးထွေသည့် အံ့ရာသောက်ဖွယ်။

နောက်ရက်တွေမှ ကျွန်တော်တို့ သိလာရပါတယ်။ ဘာလဲဆိုတော့ တပ်မတော်မှာ စစ်ဦးစီးမှူး (ပထမတန်း) များနဲ့ စီနီယာ ဒုတိယ ဗိုလ်မှူးကြီးတွေကို စစ်ဗျူဟာမှူး/ဗိုလ်မှူးကြီး အဆင့် တိုးမြှင့်ဖို့ အစီအစဉ်ကို M.S ဌာနလို့ ဆိုတဲ့ စစ်ရာထူးခန့်ရုံးက နစ်စဉ် အချိန်မှန် ပြုလုပ်ပြီး သင့်တော်တဲ့ အချိန်မှာ ရာထူးတိုးတဲ့ ဘုတ်အဖွဲ့ Appointment Board ထိုင်ရပါတယ်။ အဲဒီမှာ ဒုချုပ် (ကြည်း) က ဥက္ကဋ္ဌ၊ စစ်ရာထူးခန့်ချုပ်က အတွင်းရေးမှူးပါ။ အဲဒီပုဂ္ဂိုလ်တွေရဲ့ ဗျူဟာမှူး ဖြစ်နိုင်မယ့် စစ်ရေးစွမ်းရည်တွေကိုတော့ ကျွန်တော်တို့ခေတ်က Col. G.S က ထောက်ခံပေးရပါတယ်။

ဒါကြောင့် နောက်စစ်ရာထူးခန့်ဘုတ်အဖွဲ့ အစည်းအဝေးကို တင်ရမယ့် စီနီယာ ဒုဗိုလ်မှူးကြီး စာရင်းတွေ ပြုစုရာမှာ ဒုဗိုလ်မှူးကြီး ထွန်းရီရဲ့ နာမည် ပါပါတယ်။ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်ကြီး စန်းယုရဲ့ သမီးနဲ့ သနက ၅ က ရဲဘော် ကိစ္စကို Col. G.S နဲ့ ထိပ်ပိုင်း အရာရှိ သုံး-လေးယောက်ပဲ သိကြတာပါ။ ကျွန်တော်သာ သနက ၅ ရောက်သွားခဲ့လို့ မထင်မှတ်ဘဲ သိခဲ့မိတာပါ။ စစ်ရာထူးခန့်ချုပ်ရုံးက ပုဂ္ဂိုလ်တွေ တစ်ယောက်မှ သိဟန်မတူပါဘူး။

အဲဒီလို ရာထူးတိုးဖို့ စာရင်းကို စစ်ရာထူးခန့်ချုပ် (ဗိုလ်မှူးကြီး ဂျွန်လှမောင် ထင်ပါတယ်) က Col. G.S ကို လာပြတဲ့အခါ သူ့ကို စောင့်နေပြီး ဆိုပြီး အပေါ်ထပ်ကို သုတ်ခြေတင် တက်သွားပါတယ်။ Col. G.S ရုံးက ရုံးသစ် အလယ်ထပ်၊ ဗိုလ်ချုပ်ကြီး စန်းယုရုံးက အပေါ်ဆုံးထပ်မှာပါ။ Col. G.S က ဗိုလ်ချုပ်ကြီး စန်းယုကို ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးသင့်တဲ့ စာရင်းကို M.S က လာပြကြောင်း။ အဲဒီ စာရင်းထဲမှာ ဒုဗိုလ်မှူးကြီး ထွန်းရီ နာမည် ပါနေကြောင်း၊ ဒါကြောင့် သူ့ကို ရာထူး တိုးပေးရမည် ဖြစ်ပါကြောင်း တင်ပြပါတယ်။ ဗိုလ်ချုပ်ကြီး စန်းယုက "ပေးလိုက်ပါ" လို့ တစ်ခွန်းတည်း ပြောလိုက်ပါသတဲ့။

အဲဒီ မှတ်ချက်အရ ဒုတိယ ဗိုလ်မှူးကြီး ထွန်းရီဟာ ဗိုလ်မှူးကြီးအဖြစ် ရာထူး တိုးသွားခဲ့ပါတယ်။ ကျွန်တော်လို အကြောင်းသိတဲ့ လူတွေကတော့ အံ့ဩမိပါတယ်။ ကျွန်တော် အရင်က တင်ပြသလို တပ်ရင်းမှူးအနေနဲ့ ကြုံရတဲ့ ပြဿနာဟာ အလွန်ကြီးပါတယ်။ သူ့မှာ တာဝန်မကောင်းဘူးလို့ ကောက်ချက်ချပြီး ရာထူးတိုးမဲ့ ကိစ္စကို ပိတ်ပင်ထားခြင်း၊ ဒါမှမဟုတ် အရပ်ဘက် ဌာနတစ်ခုကို ပို့ပြီး ရှောင်ထိုးခြင်းများ လုပ်လိုက်လေမလားလို့ ကျွန်တော် တွေးပြီး စိုးရိမ်မိတာပါ။

သူ့ကို အခုလို ရာထူး တိုးဖို့ သဘောတူလိုက်တဲ့အခါမှာ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ အတွင်းစိတ်သဘောကို လှစ်ခနဲ မြင်လိုက်ရပါတယ်။ ဘာလဲဆိုတော့ လူသိရှင်ကြား မဟုတ်ပေမဲ့ သူ့သမီးကိစ္စဟာ တပ်ရင်းတစ်ရင်းက ရဲဘော် တစ်ယောက်နဲ့ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်ခဲ့တယ်။ အဲဒီလို ဖြစ်ရာမှာ တာဝန်မကောင်းတဲ့ တပ်ရင်းမှူးကို အရေးမယူတဲ့အပြင် ရာထူး

တိုးပေးလိုက်ခြင်းဟာ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ ဖြောင့်မတ်တဲ့ သဘောထားလို့ ကျွန်တော် မြင်မိပါတယ်။ အဲဒီတုန်းက ဆိုရင် ကျွန်တော်က ဗိုလ်ချုပ်ကြီး စန်းယုကို "ဒီပုဂ္ဂိုလ် စိတ်ကောင်းရှိတယ်" လို့ စိတ်ထဲက မှတ်ချက်ချမိပါတယ်။

## သူတို့ရဲ့ ရာထူးအမျိုးမျိုး

ဗိုလ်ချုပ်ကြီး နေဝင်းဟာ သူ အာဏာရတဲ့ သက်တမ်းတစ်လျှောက်မှာ ဗိုလ်ချုပ်ကြီး၊ အိမ်စောင့်အစိုးရကာလမှာ ဝန်ကြီးချုပ်၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ လမ်းစဉ်ပါတီ အစိုးရခေတ်မှာ သမ္မတ၊ နောက်ဆုံးမှာ လမ်းစဉ်ပါတီရဲ့ ဥက္ကဋ္ဌ ဆိုတဲ့ ရာထူးတွေနဲ့ ဖြတ်သန်းခဲ့ပါတယ်။ လှည့်ကွက် အင်မတန် တော်တဲ့သူ ဆိုတော့ သူပြောသမျှကို တစ်သဝေမတိမ်း လိုက်နာမယ့် နောက်လိုက်ကောင်း တစ်ယောက်ဖြစ်တဲ့ ဦးစန်းယုကိုလည်း ရာထူးတွေ အမျိုးမျိုး ပေးခဲ့ပါတယ်။

ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) [အဲဒီတုန်းကတော့ ဗိုလ်မှူးချုပ် အဆင့်က တစ်ပြားသားမှ တက်မပေးပါဘူး]၊ နောက် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး။ လမ်းစဉ်ပါတီ အစိုးရခေတ်မှာ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ နောက်တော့ သမ္မတ ရာထူးတွေ ရရှိခဲ့ပါတယ်။ မျက်မှန် တင်ဦးကြီး အာဏာတွေ တရှိန်ရှိန်တက်လို့ One & Half လို့ အခေါ်ခံရတဲ့ အချိန်မှာ ဦးစန်းယုကတော့ နံပါတ်တူးဟာ နံပါတ်တူးပါပဲလို့ ပြောရမလို ဖြစ်နေပါသေးတယ်။ ဒါတောင် တစ်ခုသော ကာလမှာ ပါတီရဲ့ အထွေထွေ အတွင်းရေးမှူးချုပ် ရာထူးက ခဏ ဖယ်ထားခံရပါသေးတယ်။

ဒါကလည်း ကျွန်တော် ထင်ပါတယ်၊ မျက်မှန်ကြီးက အာဏာ ကစားတာကို ဦးနေဝင်းက လိုက်လျောတဲ့အနေနဲ့ လုပ်ပြခဲ့ပေမဲ့ ဗိုလ်ချုပ်ကြီး စန်းယုက သူ့တာဝန်က ဗိုလ်ချုပ်ကြီး နေဝင်း ဆန္ဒတွေ ဖြည့်ဖို့က လွဲလို့ သူ ကိုယ်ရေးကိုယ်တာ ကြီးပွားတိုးတက်ဖို့ Personal Anbition မပါဘူး ဆိုတာ သူက ကောင်းကောင်းသိတော့ သူ့ကို မျက်မှန်ကြီး ကျေနပ်အောင် ခဏ ဘေးဖယ်ထားလိုက်တယ်၊ လေး ငါး ခြောက်လ ကြာတော့ သူ့မူလ ရာထူး ကိုပဲ ပြန်ပေးထားခဲ့ပါတယ်။




၁၉၈၈ ခုနှစ် ကျွဲကွာဆံကွင်းမှာ ပြုလုပ်တဲ့ ပါတီညီလာခံမှာတော့ ဘယ် သူမှ မထင်မှတ်ဘဲ ဦးနေဝင်းဟာ အစိုးရအဖွဲ့က နုတ်ထွက်မယ်၊ မြန်မာနိုင် မှာ တစ်ပါတီစနစ် လိုချင်သလား။ ပါတီစုံစနစ် လိုချင်သလား ဆိုတာ ပြည်သူ ဆန္ဒခံယူပွဲ လုပ်ပေးမယ် ဆိုပြီး ကြေညာရင်းနဲ့ သူနဲ့တကွ ထိပ်ပိုင်းက ခေါင်း ဆောင် ငါးဦးက အစိုးရအဖွဲ့မှ နုတ်ထွက်မယ် ဆိုတာတွေကို ဖြန့်စားကြ

ကြေညာခဲ့ပါတယ်။ ကျွန်တို့ ပုဂ္ဂိုလ်တွေ သိ မသိတော့ မပြောတတ်ပါ။ ကာယကံရှင်တွေကို အသိမပေးဘဲနဲ့ သူ့သဘောနဲ့သူ ကြေညာသွားတယ်လို့လည်း တစ်ချို့က ပြောကြပါတယ်။

အဲဒီလို နုတ်ထွက်မယ့်သူတွေကတော့ ဦးနေဝင်း၊ ဦးစန်းယု (သမ္မတ)၊ ဦးဒေးကို (လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး)၊ ဗိုလ်ချုပ်ကြီး ကျော်ထင် (ဒုဝန်ကြီးချုပ်နဲ့ ကာကွယ်ရေး ဝန်ကြီး)၊ ဦးမောင်မောင်ခ (ဝန်ကြီးချုပ်) တို့ ဖြစ်ပါတယ်။ သမ္မတအဖြစ် ဦးစိန်လွင်ကို ခန့်အပ်ပြီး ဒုတိယ ဝန်ကြီးချုပ်ဖြစ်နေတဲ့ သူရဦးထွန်းတင်ကို ဝန်ကြီးချုပ်အသစ်အဖြစ် ခန့်အပ်ပေးခဲ့ပါတယ်။ ဒီအခါ ကျမှပဲ ၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ်ကြာ ဦးနေဝင်းရဲ့ သစ္စာရှိ နံပါတ် ၂ အဖြစ် အမှုတော် ထမ်းခဲ့ရတဲ့ အနေအထားက ပြီးဆုံးသွားခဲ့ပါတယ်။ ဝမ်းကြေးတွေ ကြေပြီလို့ ပြောရင် ရမလားမသိပါ။

## ဗိုလ်ချုပ်ကြီး တင်ဦး

ဖဆပလ်မတော်ရဲ့ စစ်ဗျူဟာမြောက် ကာကွယ်ရေး ဦးစီးချုပ်ပါ။ သူ့အကြောင်းတော့ စာရေးဆရာတွေ တော်တော်များများ ရေးထားခဲ့ကြပါပြီ။ အဲဒီထဲမှာ စာရေးဆရာ တက္ကသိုလ် စိန်တင် ရေးတဲ့ စာအုပ်မှာတော့ တော်တော်ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။

ဗိုလ်ချုပ်ကြီးဟောင်း ကျွန်တော်တို့ NLD ရဲ့ နာယကကြီးအဖြစ် ရပ်တည်နေခဲ့တာ ဂုဏ်ယူစရာပါ။ ခုချိန်မှာတော့ တစ်ပိုင်း လေဖြတ်တဲ့ရောဂါကြောင့် အရင်ကလို သန်စွမ်းမှု မရှိတော့ပါဘူး။ စကားကို ပီသအောင် မပြောနိုင်တာကလွဲလို့ သူ့စိတ်ကတော့ ရှင်သန် လန်းဆန်းလျက်ရှိတာ သိရပါတယ်။

ကျွန်တော်လည်း မကြာခဏ သွားရောက်ပြီး ဂါရဝပြုတဲ့အခါ စကားတွေတော့ ဖောင်လောက်အောင် ပြောပါတယ်။ ဒါပေမဲ့ မပီသတော့ပါဘူး။ သူ ပြောတာကိုလည်း ဘယ်သူမှ ဘာသာမပြန်နိုင်ပါဘူး။ ဒါပေမဲ့ စိတ်တိုင်းမကျလို့ ဒေါသထွက်ရင်တော့ ဆဲတဲ့အခါ တော်တော် ပီပီသသ ကြားရပါတယ်။ သူ့အနီးနားက သူ့တွေကို "--ိုး၊ --ိုး၊ --ိုး" ဆိုပြီး ဆဲတာကျတော့

ဝီသလွန်းလို့ ဘေးက လူတွေက တဝါးဝါးနဲ့ သဘောတွေကျလို့။ ဘယ်သူ့ကို ဆဲနေမှန်းတောင်မသိပါ။

ကျွန်တော့်ဘဝမှာ အရင်သားထဲကရော၊ တပ်မတော်ထဲကပါ ဆုံဆည်းမှုများလွန်းလို့ သူတို့နဲ့ အရင်ဘဝတွေ ကတည်းက ရေစက်ဆုံခဲ့ကြလေသလားလို့ အတွေးပေါ်မိခဲ့ပါတယ်။ တပ်ထဲကဆိုရင် ကွယ်လွန်သွားတဲ့ ကျွန်းမာရေး ဝန်ကြီးဟောင်း။ သံအမတ်ကြီးဟောင်း ဗိုလ်မှူးကြီး ကြည်မောင်ဆိုရင် ကျွန်တော် DSA ဗိုလ်လောင်းဘဝ၊ ရုရှားဘာသာသင်တန်း၊ တက်ခဲ့ရတာတွေအပြင် စစ်ရုံးမှာ ခေါ်ပြီး တာဝန်မျိုးစုံ ပေးခံရတဲ့အဖြစ်ဟာ ကျွန်တော်တပ်က ထွက်လိုက်ရတော့မှပဲ ဆက်နွယ်မှုတွေ ပြီးဆုံးသွားခဲ့တာပါ။

အလားတူပဲ နောက်ပုဂ္ဂိုလ်တစ်ဦးကတော့ အခု နာယကကြီး ဦးတင်ဦးပါ။ ကျွန်တော် ၁၉၆၃ ခုနှစ်မှာ အရာရှိဖြစ်တော့ ရခိုင်ရိုင်ဖယ် အရှေ့ပိုင်းတစ်ခွင် (ပါးသိုင်းချောင်း မြို့နယ်၊ ပါးဝန်မြစ် အနောက်ခြမ်း) စစ်ဆင်ရေး တစ်ခုမှာ ပါခဲ့ရပါတယ်။ အဲဒီ စစ်ဆင်ရေးမှာ တပ်ရင်းမှူး ဖြစ်သူ ဗိုလ်မှူး ဇော်မင်းဟာ မြစ်ဝကျွန်းပေါ် ဗကပ အဖွဲ့ တစ်ဖွဲ့က ချောင်းမြောင်း ပစ်ခတ်ခံခဲ့ရလို့ ကျဆုံးခဲ့ရပါတယ်။ တပ်ရင်းမှူး တစ်ယောက် ကျဆုံးရလောက်အောင် ဆိုးဝါးတဲ့ စစ်ဆင်ရေးမို့ နတခ (ပုသိမ်) တိုင်းမှူး ကိုယ်တိုင် ရဟတ်ယာဉ်နဲ့ လာရောက် စစ်ဆေးပါတယ်။ အဲဒီလို လာစစ်တဲ့ တိုင်းမှူးကတော့ နောင်မှာ ကျွန်တော်တို့ နာယက ဖြစ်လာတဲ့ ဦးတင်ဦးပါ။

သူက တိုင်းမှူး ဆိုပေမဲ့ ဗိုလ်မှူးကြီး အဆင့်သာ ရှိပါသေးတယ်။ ဒါလည်း ဟိုတုန်းက ဦးနေဝင်းရဲ့ စနစ်တစ်ခုပါ။ ဗိုလ်မှူးချုပ် ရာထူး မပြောနဲ့ ဗိုလ်မှူးကြီး အဆင့်တောင်မှာ လက်ချိုးရေလို့ရတဲ့ ကာလပါ။ ကျွန်တော်ကတော့ ကျောင်းဆင်းတာ တစ်နှစ်တောင် မပြည့်သေးတဲ့ ဒုတိယ ဗိုလ် တစ်ယောက်ပါ။ တပ်ရင်းမှူး ကျဆုံးသွားတော့ စစ်ကြောင်းကို ဒုတပ်ရင်းမှူး ဗိုလ်မှူး ပီကျော်ဟန် (ပဲခူးတိုင်းဒေသ ပါတီကော်မတီ ဥက္ကဋ္ဌ-ငြိမ်း) ကွပ်ကဲပါတယ်။

တိုင်းမှူးက ရဟတ်ယာဉ်နဲ့ လာမယ်ဆိုတော့ စစ်ကြောင်းမှူးက ရွာထဲ တစ်နေရာမှာ အခြေပြုပြီး မြေပုံနဲ့တစ်ကွ ပြင်ဆင်နေပါတယ်။ ကျွန်တော့်ကို

ရယာတ်ယာဉ်ကွင်း လှိုင်မြို့ရေနဲ့ တိုင်းမှူး ရောက်လာရင် ကြိုဆိုပြီး စစ်ကြောင်း ဌာနချုပ်ကို ခေါ်လာဖို့ တာဝန်ပေးပါတယ်။ တိုင်းမှူး ရယာတ်ယာဉ်နဲ့ ရောက်လာလို့ ကျွန်တော်က အလေးပြုပြီး ကြိုဆိုတဲ့အခါ သူက "ဟ... ကောင်လေးက ငယ်ငယ်လေးပါလား" လို့ပြောပြီး ရင်းနှီးတဲ့ ပုံစံနဲ့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကလည်း အလေးပြုပြီး" ကျွန်တော် အရာရှိဖြစ်တာ ခြောက်လလောက်ပဲ ရှိပါသေးတယ် ခင်ဗျ" လို့ ပြန်ဖြေပါတယ်။



အဲဒီအချိန်မှာ ကျွန်တော်က ဗိုက်ဘာ ဦးထုပ်၊ တောစီး ဖိနပ်နဲ့ ယူနီဖောင်းက OG ဝတ်စုံပါ။ ခါးမှာတော့ ဒသမ ၃၆ ခြောက်လုံးပြူး၊ ဘေးလွယ်အိတ်နဲ့ ရေဘူးတို့ပဲ ပါပါတယ်။ ကျွန်တော်က သူ့ကိုခေါ်ပြီး ရွာဘက်ကို သွားတဲ့အခါ တိုင်းမှူးက "မင်း ဘေးအိတ်ထဲမှာ ဘာတွေ ပါလဲကွ" လို့ မေးလည်း မေး၊ ကျွန်တော့် အိတ်ကိုလည်း မွှေပါတယ်။ အိတ်ထဲမှာက Newsweek မဂ္ဂဇင်း နှစ်စောင်လောက်၊ ဆရာ ပါရဂူ ဘာသာပြန်တဲ့ စိတ္တရေလေခါနဲ့ သိဒ္ဓတ္ထ ဆိုတဲ့ စာအုပ် နှစ်အုပ် ပါပါတယ်။ သူက "အမယ်... မင်းက ဒါတွေ ဖတ်လို့" ဆိုပြီး ဆက်မေးပါသေးတယ်။ "မင်း... ဒါတွေ

ဖတ်ပြီးပြီလား" လို့ မေးတဲ့အခါ ကျွန်တော်က ဖတ်ပြီးကြောင်း ပြန်ဖြေပါတယ်။ သူက "အခုတော့ အချိန်မရသေးဘူး။ နောက်အချိန်ရမှ ဒါကို ပြန်ပြောပြ" လို့ ပြောပါတယ်။

ကျောင်းဆင်းစ ကျွန်တော့်လို ရာဇဝတ်တစ်ယောက်ကို တိုင်းမှူးလို လူကြီးတစ်ယောက်က တရင်းတနှီး ဆက်ဆံတဲ့အတွက် လူငယ်ဖြစ်တဲ့ ကျွန်တော့်မှာ ပီတိဖြစ်မိသလို ကျေလည်း ကျေနပ်မိပါတယ်။ တိုင်းမှူးက ရွာထဲမှာ ဖွင့်ထားတဲ့ စစ်ကြောင်း ဌာနချုပ် ရောက်တဲ့အခါ ဗိုလ်မှူး ဝီကျော်ဟန်ရဲ့ အခြေအနေ ရှင်းပြချက်တွေကို နားထောင်ပါတယ်။ ရန်သူ့ အခြေအနေနဲ့ မိမိ အခြေအနေတို့ကို သုံးသပ်ပြီး ဆက်လက် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ချပြပါတယ်။ နှစ်နာရီလောက် ကြာပြီးတဲ့နောက်မှာ အရာရှိတွေနဲ့ ခဏတဖြုတ် စကားပြောပြီး ရဟတ်ယာဉ်နဲ့ပဲ ပြန်သွားပါတယ်။ အဲဒါက ၁၉၆၃ ခုနှစ်၊ နှစ်ကုန်ပိုင်းပါ။

၁၉၆၅ ခုနှစ်ကျတော့ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး ပဲခူးရိုးမပေါ်မှာ စစ်ဆင်ရေး ဝင်ရပါတယ်။ ဗကပ တပ်ဖွဲ့များနဲ့ KNU တပ်ဖွဲ့များကို ချေမှုန်းဖို့ပါ။ ကျွန်တော်တို့ စစ်ကြောင်းက KNU တပ်ဖွဲ့ တချို့နဲ့ တိုက်ခိုက်တဲ့အခါမှာ လက်နက်ခဲယမ်းများနဲ့ သူတို့ရဲ့ ဆက်သွယ်ရေး စက်တွေကိုပါ မိခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ အထက်ဌာနချုပ်က စစ်ဆေးတဲ့အဖွဲ့ ရောက်လာခဲ့ပါတယ်။ ရဟတ်ယာဉ် နှစ်စီးနဲ့ပါ။ စစ်ရုံးက Col. G.S ဗိုလ်မှူးကြီး ကြည့်မောင်နဲ့အဖွဲ့အပြင် မင်္ဂလာဒုံမှာ အခြေချထားတဲ့ တိုင်းမှူးနဲ့ အဖွဲ့တို့ ဖြစ်ပါတယ်။

အဲဒီတုန်းက အလယ်ပိုင်းတိုင်းလို့ပဲ ခေါ်ပါသေးတယ်။ တိုင်းမှူးကတော့ ဗိုလ်မှူးကြီး တင်ဦးပဲ ဖြစ်ပါတယ်။ သူက နတခ (ပုသိမ်) မှာ တိုင်းမှူးဖြစ်ရာက မင်္ဂလာဒုံကို ပြောင်းလာခါစပါ။ ရဟတ်ယာဉ်တွေ ဆိုက်လာတဲ့အခါ စစ်ကြောင်းမှူး ဗိုလ်မှူး ထွန်းရီ (နပိုလီယံ) နဲ့ ကျွန်တော်တို့က ကြိုဆို နှုတ်ဆက်ပါတယ်။ သူတို့ ရဟတ်ယာဉ်ပေါ်က ဆင်းလာတော့ တိုင်းမှူးက "ဟာ... ကောင်လေး။ မင်းက ဒီတပ်ပြောင်းလာပြီလား" လို့ မေးပါတယ်။ ကျွန်တော်က "မဟုတ်ပါဘူး... တိုင်းမှူး၊ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး ဒီစစ်ဆင်ရေး

မှာ ပါလာတာပါ" လို့ ပြန်ဖြေရပါတယ်။

သူက ဘေးနားပါလာတဲ့ Col. G.S ဘက်ကို လှည့်ပြီး "ကိုကြည်မောင်၊ ဒီကောင်လေးက သနက ၅ ကချ၊ ဗိုလ်ဇော်မင်း ကျတုန်းက သူ့ အဲဒီတပ်မှာ ရှိတယ်" လို့ ပြောတဲ့အခါ ဗိုလ်မှူးကြီး ကြည်မောင်က ပြုံးရုံသာ ပြုံးပါတယ်။ ဘာမှတော့ မပြောပါ၊ ကျွန်တော် ထင်ပါတယ်၊ ဗိုလ်မှူးကြီး ကြည်မောင်က ဒီကောင်လေးကို DSA ဗိုလ်လောင်းဘဝ ကတည်းက သိခဲ့တာပါလို့ စိတ်ထဲက ပြန်ပြောနေမှာပါ။ သူ့ရဲ့ မူလ စရိုက်လက္ခဏာကိုက အလွန်စကားနည်းတဲ့ သူပါ။ အဲဒါက သူနဲ့ ဒုတိယအကြိမ် ဆုံတွေ့မှုပါ။

၁၉၆၉ ခုနှစ်မှာ ကျွန်တော် စစ်ရုံးကို ပြောင်းရွှေ့ ရောက်ရှိခဲ့ပါတယ်။ ကာက (ကြည်း) မှာ တာဝန် ထမ်းဆောင်ရင်း မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် လက်အောက်ခံ "အောင်နိမိတ် စစ်ဆင်ရေး" ဌာနချုပ်မှာလည်း တာဝန်ယူရပါတယ်။ အဲဒီကာလမှာပဲ ဗိုလ်မှူးကြီး တင်ဦးဟာ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်အဖြစ်နဲ့ စစ်ရုံးကို ရောက်ရှိလာပါတယ်။ တတိယ အကြိမ် ဆုံစီးမှုပါ။ ကာက (ကြည်း) မှာ လုပ်တဲ့ စစ်ဆင်ရေး အခြေအနေ ရှင်းလင်းချက် Briefing တွေကို အပတ်စဉ် လုပ်တဲ့အခါ အမြဲလိုလို ဆုံစီးခဲ့ကြပါတယ်။

၁၉၇၄ ခုနှစ် လမ်းစဉ်ပါတီ အစိုးရ ဖြစ်လာတဲ့အခါ ဒုချုပ်ဟာ ကာကွယ်ရေး ဦးစီးချုပ်/ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတက်သွားပါတယ်။ ၁၉၇၆ ခု နှစ်မှာ သူ့ရဲ့ ဒုတိယ သားငယ် ဆုံးသွားတဲ့အခါ နာရေး ကိစ္စကို ကျွန်တော်တို့ အရာရှိငယ်တွေက သွားပြီး ဝေယျာဝစ္စ လုပ်ပေးတဲ့အခါမှာ သူ့ မိသားစုနဲ့ပါ ရင်းနှီးလာခဲ့ပါတယ်။ ရင်းနှီးလာလို့ မကြာသေးပါဘူး။ သားငယ်လေးရဲ့ ရက်လည်နေ့မှာ သူဟာ ကာကွယ်ရေးဝန်ကြီး/ကာကွယ်ရေး ဦးစီးချုပ် အဖြစ်မှ နုတ်ထွက်လိုက်ရပါတယ်။

## သူ့ရဲ့ စစ်ရေးစွမ်းရည်

သူဟာ အသက် ၁၄ နှစ်သားလောက် ကတည်းက ဂျပန်ခေတ် စစ်တက္ကသိုလ်မှာ ဖွင့်တဲ့ ဗမာလို စစ်ပညာ မူလတန်းလို့ ခေါ်တဲ့ သင်တန်းမှာ

တက်ခဲ့တာပါ။ အတိကာတော့ ပုသိမ် ခရိုင်၊ ငပုတော မြို့နယ်က ရွာတစ်ရွာကပါ။ ပုသိမ်မြို့ အထက်တန်းကျောင်းမှာ ပညာသင်ရင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ BIA တပ် ပေါ်ထွန်းလာတဲ့အခါ ထက်သန်တဲ့ မျိုးချစ်စိတ်တွေရဲ့ တွန်းအားကြောင့် အသက်ငယ်ငယ်လေးနဲ့ တပ်ထဲ ဝင်ခဲ့တာပါ။

သူနဲ့အတူ ဝင်ခဲ့ရသူတွေကတော့ နောင်မှာ နဝိုလီယံလို့ တွင်ခဲ့တဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရို၊ တာရေးဆရာ မောင်ရှုစမ်း သို့မဟုတ် ရဲဘော်ချမ်းအေးတို့ ဖြစ်ကြပါတယ်။ ဂျပန် တော်လှန်ရေး ဖြစ်တဲ့အခါကျတော့ ဗိုလ်တင်ဦးလေးဟာ ပဲခူးတိုင်းမှာ ပါဝင်ခဲ့ပြီး ပဲခူး မြို့နယ်ရဲ့ အနောက်မြောက်ဘက်မှာ ရှိတဲ့ ဇောင်းတူဒေသမှာ အခြေပြုပြီး ဂျပန်တွေကို တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီတုန်းက ပဲခူး ရိုးမပေါ်မှာ ဂျပန်တပ်တွေ တပ်စွဲထားတဲ့အတွက် သူတို့တပ်တွေနဲ့ မကြာခဏ တိုက်ခိုက်ရပါတယ်။ ရှုံးပွဲရယ်လို့ မရှိခဲ့ပါဘူးတဲ့။ အခေါ်ဝဲစိတ်တော့ မရေးတော့ပါ။

ကန့်တာရှုပ်အရ တပ်မတော် ပြန်ဖွဲ့တဲ့အခါမှာ တော်လှန်ရေးမှာ ပါခဲ့တဲ့ တပ်မှူးကြီး/ငယ်ထဲက ၂၀ပဲ ဟာ တိုက်ရိုက် အရာရှိဖြစ်ခွင့် ရခဲ့ပါတယ်။ အဲဒီလို ပေးခဲ့တဲ့အခါ မောင်တင်ဦးလေးဟာ အသက် ၁၉ နှစ် အရွယ်မှာပဲ ဒုတိယ ဗိုလ်မြောက်အဖြစ် ကပ်ပါလာပြီး အရာရှိ ဖြစ်ခဲ့ပါတယ်။ (အမှတ်စဉ် ၂၀၀ မြောက် အရာရှိကတော့ ဗိုလ်ဘိုးကျော်ပါတဲ့၊ သူ့ဖိဘတွေကလည်း ကျွန်တော့် အဖေနဲ့ တစ်ရွာတည်းပါ။ ကျွန်တော့်ဦးကြီး တော်တယ်လို့ ပြောကြပါတယ်။)

ငယ်ငယ်ရွယ်ရွယ်နဲ့ အရာရှိ ဖြစ်သလို၊ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ တပ်ရင်းမှူး ဖြစ်ခဲ့ပါတယ်။ သနက ၁ မှာပါ။ တိုက်ဆိုင်ချင်တော့ သူ တပ်ရင်းမှူးဖြစ်ရင် ဗမာနိုင်ငံ အရှေ့ပိုင်းကို တရုတ်ဖြူတပ်တွေ ကျူးကျော်လာကြပါတယ်။ ဒီ့ကြောင့် အဲဒီ တရုတ်ဖြူတပ်တွေကို နှိမ်နင်း တိုက်ခိုက်တဲ့အခါမှာ သနက ၁ လည်း ပါဝင်ခဲ့ပါတယ်။ တပ်မတော်ဘက်က နဂါးနိုင် စစ်ဆင်ရေး၊ ရန်ကြီးအောင် စစ်ဆင်ရေးများနဲ့ တရုတ်ဖြူတပ်များ တိုက်ခိုက်ခဲ့ပါတယ်။

တိုက်ပွဲတစ်ခုမှာ တရုတ်ဖြူတပ်တွေက ပစ်ခတ် တိုက်ခတ်လို့ တပ်ရင်းမှူး ဖြစ်သူ ဗိုလ်မှူး တင်ဦးဟာ ဒဏ်ရာရရှိခဲ့ပါတယ်။ တရုတ်ဖြူတပ်တွေရဲ့

ထိုးစစ်ကြောင့် တပ်က ဖရိုဖရဲဖြစ်တဲ့အခါ အကျရာရနေတဲ့ တပ်ရင်းမှူးကို မသယ်နိုင်ဘဲနဲ့ စစ်သည်များက ရုတ်သွားရပါတယ်။ တရုတ်မြို့တပ်တွေ ရှေ့ကို ရောက်လာတဲ့အခါ ဗိုလ်မှူး တင်ဦးဟာ အနီးနားမှာ တွေ့ရတဲ့ သစ် ခေါင်းကြီး တစ်ခုထဲ ဝင်ပုန်းနေရပါတယ်။ မိမိတပ်ဖွဲ့တွေက ပြန်လည် ထိုးစစ် ဆင်တဲ့အခါကျမှ အကျရာရနေတဲ့ တပ်ရင်းမှူးကို ပြန်ကယ်နိုင်ခဲ့ပါသတဲ့။ တပ်ရင်းမှူးဟာလည်း အကျရာရနေပေမဲ့ ပြန်ရောက်လာတဲ့ စစ်သည်များနဲ့ အတူ စစ်ဆင်ရေးကို ဆောင် ဆင်နွှဲတဲ့အတွက် ဗိုလ်မှူး တင်ဦးကို "သူရ" ဘွဲ့ ချီးမြှင့်ခြင်း ခံရပါတယ်။

### ငြိမ်းချမ်းရေး မရမချင်း အိမ်ထောင်မပြုဘူးတဲ့

ဦးတင်ဦးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အရာရှိ ဖြစ်လာပေမဲ့ မိမိနဲ့ တန်းတူ အရာရှိတွေနဲ့ရော၊ ရဲဘော်တွေနဲ့ပါ လက်ပွန်းတတီး နေထိုင် ဆက်ဆံလေ့ ရှိပါတယ်။ သူ တပ်ရင်းမှူး ဖြစ်တော့လည်း ဒီအတိုင်းပါပဲ၊ အသက် မပြည့်ခင် ကတည်းက မျိုးချစ်စိတ်ဓာတ် ပြင်းထန်တဲ့အတွက် တပ်မတော်ထဲကို ဝင် လာခဲ့ရာမှာ တော်လှန်ရေးပြီးလို့ တပ်မတော်အသစ် ပြန်ဖွဲ့စဉ်ချိန်း အရာရှိ ရာထူးကို တန်းရခဲ့ပေမဲ့ ကိုယ့်တစ်ကိုယ်ရည် တိုးတက်မှုကို ကျေနပ် အားရ မှု မရှိခဲ့ပါ။ ဘာ့ကြောင့်လဲဆိုတော့ တစ်နိုင်ငံလုံး ကြိမ်မီးအုံးသလို ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွေကြောင့် အမြဲ စိတ်မချမ်းသာ ဖြစ်နေခဲ့တာပါ။ ဒါ့ကြောင့်မို့လည်း သူက "ပြည်တွင်း ငြိမ်းချမ်းရေး မရမချင်း မိန်းမ မယူဘူး" လို့ သန္နိဋ္ဌာန်ချခဲ့ဖူးပါတယ်။

သူ့ရဲ့ သန္နိဋ္ဌာန်နဲ့ ပတ်သက်လို့ ပြောခဲ့ဖူးပါတယ်၊ "ကျွန်ုပ်က ရှုံးတယ်၊ နိုက်တယ်ပဲ ဆိုဆို၊ တကယ့်ကို စိတ်ထဲ ရှိတဲ့အတိုင်း ဆုံးဖြတ်ချက်ချလိုက်တာ၊ အဲဒါ ဘယ်လိုက ဘယ်လို လူကြီးတွေ သိသွားသလဲ မသိဘူး။ ကျွန်တော့်ကို မိန်းမ ယူရမယ်လို့ အမိန့်ပေးတာ ခံခဲ့ရတယ်ဗျာ" ပါတဲ့။ သူပြောတဲ့ "လူကြီး တွေ" ဆိုတာက ဗိုလ်ချုပ်ကြီး နေဝင်းက အဓိကပါ။ သူက ဦးတင်ဦးကို မိန်းမ ယူနိုင်းခဲ့တာပါ။ အဲဒီလို နိုင်းရုံတင်မကဘူး။ ပတ်သက်ရာ ပတ်သက်ကြောင်း အရာရှိကြီးတွေကို "ဒီကောင်အတွက် မိန်းမ ရှာပေးလိုက်ကြကွာ" ဆိုတဲ့


ဓာတ်ပုံ - ဇော်မင်းနိုင်

ကားကြောင့် ဟိုက ဘေးတီး၊ ဒီက ဘေးတီးနဲ့ နောက်ဆုံးတော့ ဆေးကျောင်း တက်နေတဲ့ ဆရာဝန်လောင်း မတင်မိုးဝေနဲ့ ဆက်မိသွားပြီး အိမ်ထောင်ပြုတဲ့ အထိ ဖြစ်လာခဲ့ပါတယ်။

ကျွန်တော့် မှန်းဆချက်ပါ။ သူက ငြိမ်းချမ်းရေး မရမချင်း အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ချက်ကို လူကြီးတွေ ကြားရတဲ့အခါ ဗိုလ်ချုပ်ကြီးနေဝင်းလို ပုဂ္ဂိုလ်က မျက်စေ့ကျသွားပါလိမ့်မယ်။ ဒါကြောင့်မို့လည်း သူ့ကိုသူ့ရဲ့ ဘဝနဲ့ အရိုးမထုတ်စေဘဲ အိမ်ထောင်ပြုဖို့ အမိန့်လို ထုတ်ပြီး တိုက်တွန်းခဲ့တာပါ။ တပ်ရင်းမှူး၊ ဒုဗိုလ်မှူးကြီးအဖြစ် အမှုထမ်းရာကနေပြီး နောက်တစ်ဆင့် ဗိုလ်မှူးကြီး ဖြစ်လာတဲ့အခါ အဲဒီခေတ် တပ်မတော် ဖွဲ့စည်းမှုအရတပ်မဟာမှူး အဖြစ် ပထမတော့ ကရင် ပြည်နယ်၊ နောက်ပိုင်းတော့ ရခိုင်ပြည်နယ်တွေမှာ တာဝန်ယူခဲ့ရပါတယ်။

### ထင်မပေါ်လို့ စင်တော်က ကောက်လေသလား၊

သူတို့ အိမ်ထောင်စုမှာ သားနှစ်ယောက် ထွန်းကားပါတယ်၊ သားငယ်ဖြစ်သူက ကျန်းမာရေး မကောင်းပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ နှလုံးရောဂါ ပါလာခဲ့သူ ဖြစ်ပါတယ်။ မိခင်ဖြစ်သူ ဒေါက်တာ တင်မိုးဝေက သူ့သား အတွက်ပံ့နိုင်လို့ ဗေဒင်မေး၊ အကြားမြင် ဆရာမေး လုပ်တဲ့အခါ သားငယ်နဲ့ ပတ်သက်တဲ့ အဟောက "ဒီကလေးကို သေသေချာချာ မွေးပါ၊ သူ့ကံရဲ့ အကျိုးဒေါကြောင့် ဖခင်ရဲ့ အခြေအနေဟာ တစ်ရှိန်ထိုး တိုးတက်လာမှာ" လို့ ဖြစ်ပါတယ်၊ ဟုတ်လည်း ဟုတ်နိုင်ပါတယ်။ အဖေဖြစ်သူဟာ ပထမတော့ ဗျူဟာမှူး၊ နောက် တိုင်းမှူး၊ အဲဒီကမှနေ ဒုချုပ် နောက်တော့ ဦးစီးချုပ်/ဗိုလ်ချုပ်ကြီး/ကာကွယ်ရေး ဦးစီးချုပ်/ကာကွယ်ရေးဝန်ကြီး/လမ်းစဉ်ပါတီ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် ဆိုတဲ့ ရာထူးတွေကို တစ်သီကြီး ရရှိလာပါတော့တယ်။

အဲဒီ သားငယ်လေးဟာ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်မှာကွယ်လွန်သွားခဲ့ပါတယ်၊ သူနဲ့ ပတ်သက်လို့ အကြားအမြင် ဆရာတစ်ချို့ကဒေါ်တင်မိုးဝေကို ပြောတဲ့စကားဟာ မှန်တယ်လို့ ပြောရမလားမသိပါ။ သူ့ရဲ့

အသုဘ ရက်လည်ခဲ့နေ့မှာပဲ ဗိုလ်ချုပ်ကြီး တင်ဦးကို အနားယူခွင့်ပေးလိုက်ရ တာပါ။ ကျွန်တော်ဟာ အဲဒီတုန်းက စစ်ရုံးမှာရှိနေခဲ့ပါ။

### ဗိုလ်ကြီး အုန်းကျော်မြင့် အရေးအခင်း

ဗိုလ်ချုပ်ကြီး တင်ဦးနဲ့ ကျွန်တော်ဟာ ပုဂ္ဂိုလ်ရေး ခင်မင်မှုပါ ရှိခဲ့ အတွက် ဒီလို နုတ်ထွက်ခွင့် ပေးလိုက်တာနဲ့ ပတ်သက်လို့ စိတ်မရှင်းသော ခဲ့ပေမဲ့ တပ်မတော်သား ဘဝကို ခင်မင်ရင်းစွဲ ရှိတဲ့အတွက် တပ်မှာ ဆက်ပြီး အမှုထမ်းဖို့ ကျွန်တော် ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ ဆုံးဖြတ်ချက်အ ကြာကြာ မခံခဲ့ပါ ဘူး။ သူ နုတ်ထွက်တာနဲ့ ပတ်သက်လို့ မကျေနပ်တဲ့အတွက် ဗိုလ်ကြီး အုန်းကျော်မြင့်တို့က လူကြီးတွေကို လုပ်ကြံပြီး အာဏာသိမ်းမယ့် ကိစ္စမှာ အရှုပ်ခံပြီး ကျွန်တော်ပါ တပ်မတော်က နုတ်ထွက်ခဲ့ရပါတယ်။

ကျွန်တော်ဟာ တပ်မတော်က နုတ်ထွက်ပြီး ပြင်ပ စီးပွားရေး လောက ထဲမှာ ကျင်လည်ခဲ့ပါတယ်။ ဒီလို ကျင်လည်ရင်းနဲ့ တပ်မတော် လူကြီး ဟောင်းများနဲ့လည်း တွေ့ခဲ့၊ ဆုံခဲ့၊ စကားတွေလည်း ပြောခဲ့ကြရပါတယ်။ အဲဒီလို ပြောကြတဲ့အခါမှာ ဗိုလ်မှူးကြီးဟောင်း တစ်ယောက်က သူနဲ့ ပတ် သက်တဲ့ မှတ်ချက် စကားတစ်ခုဟာ မှတ်သားစရာ ကောင်းပါတယ်။ "မင်းတို့ ဗိုလ်တင်ဦးက သူ့ကို ဦးစီးချုပ် ခန့်လိုက်တယ် ဆိုတာနဲ့ တကယ် ခေါက်ရေ ပြီးတော့ လျှောက်လုပ်နေတာကိုကွ၊ တိုင်းတွေကို သွားတယ်၊ တပ်မတွေကို သွားတယ်၊ ရဲဘော်လိုင်းတွေထိ ရောက်အောင် သွားတယ်၊ တကယ်တော့ သူ လုပ်တာတွေက မှန်ပါတယ်၊ လုပ်သင့်တာပေါ့။ ဒါပေမဲ့ သူ့ကို ဦးစီးချုပ် ရာထူးပေးပေမဲ့ တကယ့် ဦးစီးချုပ် အစစ်က ဗိုလ်နေဝင်း ဆိုတာ သူ မေ့သွား ခဲ့တာ" လို့ ပြောဖူးပါတယ်။

အဲဒီပုဂ္ဂိုလ်ကြီး ပြောမှ ကျွန်တော်လည်း စဉ်းစားမိတော့ ဟုတ်ပါတယ် သူ ဦးစီးချုပ် ဘဝမှာ တိုင်းတွေ၊ တပ်မတွေကို ခရီးလှည့်ပြီး စစ်ဆေးတာတွေ တပ်ရင်းတွေကို ရောက်တဲ့အခါမှာလည်း ရဲဘော်တွေနေတဲ့ နေရာတွေအထိ ရောက်ပြီး စစ်ဆေးတာ၊ အခြားအဆင့်တွေရဲ့ မိသားစုတွေနဲ့ပါ တရင်းတနှီး ပြောဆို နှုတ်ဆက်တွေ တွေ့ရပါတယ်။ ဒါကြောင့် သူ့ရဲ့သတင်းဟာ ထင်

မှာ မွေးသထက် မွေးလာပြီး ခေါင်းဆောင်မှု အနေအထား တိုးတက်လာတယ်လို့ အကဲဖြတ်မိပါတယ်။

ဒီလို အနေအထားဟာ ဦးနေဝင်း မျက်မှန်ကျိုးစရာ ဖြစ်လာခဲ့တယ်ဆိုတာ သူ မမှန်းဆတတ်ခဲ့ပါဘူး။ တပ်မတော် တစ်ရပ်လုံးကို ချုပ်ကိုင်နိုင်တဲ့သူဟာ နိုင်ငံ့ အာဏာကိုပါ ရှေးရှု ချိန်ရွယ်နိုင်တာကို ဦးနေဝင်းက ကောင်းကောင်းကြီး သဘောပေါက်ခဲ့တာပေါ့။ တပ်မတော်သားတွေရဲ့ အားကိုးရာ၊ ကြည်ညို လေးစားစရာ ဖြစ်လာတဲ့ အနေအထားဟာ သူ ကျဆုံးဖို့ လမ်းကြောင်းကို ရှေးရှုနေတယ် ဆိုတာ သူ မသိခဲ့ပါ။ သိမယ် သိတော့ ထောင်ထဲကို ခုတ်ခုတ်ထိ ရောက်နေခဲ့ပါပြီ။

## ဗိုလ်ချုပ်ကြီး ကျော်ထင်

ပြည် ဇာတိ ဖြစ်ပါတယ်။ BIA/BDA ခေတ်ကတည်းက တပ်မတော်ထဲကို ဝင်ခဲ့တာပါ။ ဂျပန် တော်လှန်ရေးမှာ တပ်မှူးငယ် တစ်ယောက်အဖြစ် ပါဝင်ဆင်နွှဲခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် တပ်မတော် ပြန်လည်ဖွဲ့စည်းတော့ သူဟာ အခြားအဆင့်ဘဝနဲ့ သနက ၄ မှာ ပြန်လည် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီတုန်းက တပ်ရင်းမှူးက ဒုဗိုလ်မှူးကြီး နေဝင်း ဖြစ်ပြီး သူ့ရဲ့ လုံခြုံရေး တပ်စု တပ်ကြပ်ကြီးက တပ်ကြပ်/တပ်ကြပ်ကြီး ကျော်ထင် ဖြစ်ပါတယ်။ နောင်မှာ တိုင်းပြည် ခေါင်းဆောင်ဖြစ်လာတဲ့ ဦးနေဝင်းဟာ သူ့ရဲ့ လုံခြုံရေး တပ်စု တပ်ကြပ်ကြီး ကျော်ထင်ကို ချစ်စနိုး "ပုတုတုး" လို့ ခေါ်လေ့ရှိပါသတဲ့။

တပ်တွေရဲ့ ထုံးတမ်းစဉ်လာအရ ပြောရရင် တပ်ရင်းမှူး တစ်ယောက်ဟာ သူ့ရဲ့ တပ်ရေး ဗိုလ်ကြီး၊ တပ်ရင်း IO နဲ့ လုံခြုံရေး တပ်ကြပ်ကြီးတို့ကို အလွန် အားကိုးပါတယ်။ အဲဒီတော့ ပုတုတုးနဲ့ တပ်ရင်းမှူးတို့ရဲ့ ရင်းနှီးမှု အခြေအနေကို ခန့်မှန်းလို့ ရနိုင်ပါတယ်။ ထုံးစံအတိုင်း သူဟာ OTS ကနေ အရာရှိ ဖြစ်လာပြီး ရာထူးတွေ တဖြည်းဖြည်း တက်လာတဲ့အခါ သူ့ရဲ့ ပထမဦးဆုံး တပ်ရင်းမှူး ရာထူးကို ချင်းသေနတ်ကိုင် တပ်ရင်း ၁ မှာ ရခဲ့ပါတယ်။ တော်ဖြူ စစ်ဆင်ရေးတွေ အပြီး ခြေမြန်တပ်တွေ ဖွဲ့ပြီးတဲ့အခါ ခမရ ၁၀၇ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့ အမှုထမ်းခဲ့ရပါတယ်။ အဲဒီတပ်ရဲ့ ပထမ

ဦးဆုံးသော တပ်ရင်းမှူးကတော့ ဒုဗိုလ်မှူးကြီး ကြည်မောင် (ကျန်းမာရေး ဝန်ကြီးဟောင်း/သံအမတ်ဟောင်း) ဖြစ်ပါတယ်။

တပ်မ ၇၇ ဖွဲ့တော့ အဲဒီတပ်မမှာ ဗျူဟာမှူး ဖြစ်ခဲ့ပါတယ်။ ဗျူဟာမှူး ဖြစ်လာတဲ့အခါ ဗိုလ်ကြီး စိန်သောင်းကို PSO အဖြစ် ခန့်ခဲ့တာပါ။ သူ ရန်ကုန်တိုင်းမှူး ဖြစ်တဲ့အခါ ဗိုလ်စိန်သောင်းက နောက်အိမ်ထောင်ပြုတဲ့အတွက် တပ်ကို ပြန်ပို့ခံရပြီး ဗိုလ်ကြီး အုန်းကျော်မြင့်ဟာ PSO ဖြစ်လာပါတယ်။ ဒီအပြောင်းအလဲဟာ နောင်တစ်ချိန်မှာ တပ်မတော်အတွက်ရော နိုင်ငံ့အတွက်ပါ ကြီးမားတဲ့ အပြောင်းအလဲ ဖြစ်လာခဲ့ပါတယ်။ ကဲ ဒါကထား လိုက်ပါဦး။

ဗိုလ်မှူးကြီး ကျော်ထင် တပ်မ ၇၇ မှာ ဗျူဟာမှူး ဘဝနဲ့ တာဝန်ထမ်းဆောင်ရင်း ပဲခူးရိုးမမှာ ဗကပ ဗဟိုကို နှိမ်နင်းတဲ့ စစ်ဆင်ရေးတွေမှာ ပါဝင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ တပ်မ ၉၉ တပ်မမှူးအဖြစ် တိုးမြှင့် တာဝန်ပေးခြင်း ခံရပါတယ်။ ထိုစဉ်က တပ်မ ၉၉ က တပ်ရင်းအားလုံးဟာ အရှေ့မြောက်ဒေသက ကွတ်ခိုင် မြို့နယ်မှာ ၁၉၆၈ ခုနှစ် ကတည်းက ကျူးကျော် ဝင်ရောက်လာတဲ့ ဗကပတွေနဲ့ ရင်ဆိုင်နေရပါတယ်။ တပ်မ ၉၉ ဌာနချုပ်က ကွတ်ခိုင်မြို့မှာ တပ်စွဲထားပါတယ်။

ဗကပတွေဟာ စစ်ဦးဘီလူးလို့ ဆိုရမလား မသိပါ။ ကျွန်တော်တို့ တပ်တွေနဲ့ ယှဉ်လိုက်တိုင်း နိုင်ပွဲတွေ ဆက်တိုက်ရနေခဲ့ပါတယ်။ တပ်မ ၉၉ က တပ်ရင်းတွေဟာလည်း တစ်ရင်းပြီး တစ်ရင်း အထိနာကြလို့ တိုက်ပွဲ ကျတာတွေ၊ ဒဏ်ရာ ရတာတွေနဲ့ အဖမ်းခံရတာတွေ ဆိုတဲ့ သတင်းတွေဟာ ဆက်တိုက်ဆိုသလို ဖြစ်နေခဲ့ပါတယ်။ ဒီလို အခြေအနေတွေနဲ့ ပတ်သက်လို့ တပ်မမှူးဖြစ်သူ ဗိုလ်မှူးကြီး ကျော်ထင်ဟာ အလွန် စိုးရိမ် ပူပန်နေခဲ့တယ် ဆိုတာ သိရပါတယ်။ သူ အခြားအဆင့် အနေနဲ့ရော အရာရှိ အဖြစ်နဲ့ပါ ကြုံ တွေ့ခဲ့ရဖူးတဲ့ အနေအထားတွေထက် အများကြီး ဆိုးရွားတာမို့ ဒီဖြစ်စဉ်တွေ ကြောင့် ရတဲ့ Stress ဟာ အလွန် ကြီးမားပါတယ်။

တပ်မမှူးဟာ ရှေ့တန်းမှာရှိတဲ့ သူ့ရဲ့ တပ်ရင်း တပ်ဖွဲ့တွေ အကြီး အကျယ် အထိနာနေကြတာနဲ့ ပတ်သက်လို့ စိတ်ပူပင် သောကရောက်ပြီး

မအိပ်နိုင်၊ မစားနိုင်လို့ သိရပါတယ်။ အဲဒီလို ဖြစ်လာတဲ့အခါ သူ့ရဲ့ ကျန်းမာရေးကို စိုးရိမ်တဲ့အတွက် သူ့လက်အောက်က ခင်မင်တဲ့ ဗျူဟာမှူးများ၊ အရာရှိကြီးများက တပ်မှူးကို အိပ်ပျော်၊ စားဝင်အောင်ဆိုပြီး Army Rum တစ်ခွက် နှစ်ခွက် သောက်စေပါသတဲ့။ (ကျွန်တော်လည်း စစ်ဆင်ရေး ပြန်



လာတဲ့ ပထမအပတ် ဆိုရင် အိပ်မပျော်တတ်လို့ အရက် စသောက်ရင်းနဲ့ အိပ်ပျော်ဆေး တွေ့ခဲ့တာပါ။)

အဲဒီလို အရက် တစ်ခွက်စ နှစ်ခွက်စ သောက်လာတော့မှ တပ်မှူးဟာ အိပ်နိုင်ခဲ့ပါသတဲ့။ အဲဒီအချိန်က ပြီး သူဟာ ဗိုလ်ချုပ်ကြီး ဖြစ်တဲ့အထိ အရက်ကို အရသာခံ သောက်နေခဲ့ပါပြီ။ တပ်မတော်မှာ သူ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ရာထူး လစ်လပ်သွားတဲ့အခါ ဦးစန်းယုက ဗိုလ်မှူးကြီး ကြည်မောင်ကို နာမည်စာရင်း သွင်းခဲ့ပေမဲ့ ဦးနေဝင်းက သူ့ရဲ့

ပုတ္တတူးကိုပဲ ရွေးလိုက်ခဲ့ပါတယ်။ အလားတူပဲ ဗိုလ်ချုပ်ကြီး တင်ဦးကို အရေး ယူပြီးတဲ့နောက်မှာ ခုချုပ်ဟာ ဗိုလ်ချုပ်ကြီး ရာထူးနဲ့တကွ ကာကွယ်ရေး ဝန်ကြီး ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းတော့ ဝန်ကြီးချုပ်အထိပါ ခန့်အပ်ခြင်း ခံရပါတယ်။

### ဗိုလ်ကြီး အုန်းကျော်မြင့်အတွက် တာဝန်ယူခြင်း

ဗိုလ်ချုပ်ကြီး ကျော်ထင် ဦးစီးချုပ်ဖြစ်လို့ မကြာခင် လပိုင်းအတွင်းမှာ သူ့ရဲ့ PSO ဗိုလ်ကြီး အုန်းကျော်မြင့်က ထိုစဉ်က နိုင်ငံ့ ခေါင်းဆောင်များ ဖြစ်ကြတဲ့ ဗိုလ်ချုပ်ကြီး စန်းယုနဲ့ ထောက်လှမ်းရေးက မျက်မှန် ဗိုလ်မှူးကြီး တင်ဦးတို့ကို လုပ်ကြံပြီး ဗိုလ်ချုပ်ကြီး တင်ဦးကို ပြန်လည် နေရာပေးရန် စီစဉ်ခဲ့ပါတယ်။ သူဟာ စိတ်တူ သဘောတူ အခြား PSO များနဲ့ ပေါင်းပြီး ကြံစည်ခဲ့တာဟာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလက စတင်ခဲ့ပါတယ်။ ဇူလိုင် လမှာ သူ့အဖွဲ့သား ဗိုလ်ကြီး ဝင်းသိန်း အာရောင်ရာက ဖြီး အမှုကြီး ပေါ် ခဲ့တာဟာ ကမ္ဘာကျော်တဲ့ အမှုကြီးအထိ ဖြစ်လာခဲ့ပါတယ်။

အဖမ်းအဆီးတွေ စတင်ချိန်မှာ ဗိုလ်အုန်းကျော်မြင့်က သုံး-လေးရက် လောက် ပျောက်သွားပါတယ်။ သူက အမေရိကန် သံရုံးကို သွားပြီး နိုင်ငံရေး ခိုလှုံခွင့် တောင်းခဲ့တာပါ။ ဟိုက လက်မခံခဲ့ပါဘူး။ နောက်မှ ကြံရာမရ ဖြစ်ပြီး လေတပ်က မိတ်ဆွေ ဗိုလ်မှူး သူရ ချစ်မိုင်က တစ်ဆင့် လေတပ် ဒုချုပ် ဗိုလ်မှူးချုပ် စောဖြူထံ ရောက်သွားခဲ့ပါတယ်။ ဗိုလ်ချုပ် စောဖြူက သူ့ကို အသာတကြည် ခေါ်ပြီး သူ့ဆရာ ဗိုလ်ချုပ်ကြီး ကျော်ထင်ထံကို အပ်နှံလိုက် ပါတယ်။ အဲဒီကမှ တစ်ဆင့် ထောက်လှမ်းရေးသို့ပေါ့။ ဇာတ်လမ်း အပြည့် အစုံနဲ့ ပတ်သက်လို့ ကျွန်တော် စာအုပ် တစ်အုပ် ရေးသား ထုတ်ဝေပြီးလို့ အကျယ်တဝင့် မဖော်ပြတော့ပါဘူး။

ဗိုလ်ချုပ်ကြီး ကျော်ထင်ဟာ ဗိုလ်အုန်းကျော်မြင့်ကို ထောက်လှမ်းရေး လက် အပ်ပြီးတဲ့အခါ ခုနစ်မိုင်၊ အေဒီလမ်း (မေလမ်း) မှာ နေတဲ့ ဦးနေဝင်း ထံကို တွေ့ခွင့်တောင်းပြီး သွားရောက်ခဲ့ပါတယ်။ ဦးနေဝင်းက လက်ခံ တွေ့ တဲ့အခါ "ဗိုလ်ချုပ်၊ ကျွန်တော့် ကောင်လေး လုပ်သမျှတွေ အားလုံး ကျွန်

တော့မှာ တာဝန်ရှိပါတယ်" လို့ ပြောလိုက်ပါတယ်။ အဲဒီအခါ ဦးနေဝင်းက "ပူတူတူး၊ မင်းနဲ့ မဆိုင်ပါဘူး။ ကိုယ့်အလုပ်ပဲ ကိုယ်ဆက်လုပ်" လို့ သဘောပါတဲ့ မှတ်ချက်ပေးခဲ့ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီး ကျော်ထင်ဟာ သူ့နေရာနဲ့ ရာထူးတွေ ဘာမှ ထိခိုက်မှုမရှိဘဲ ရှစ်လေးလုံး အရေးတော်ပုံအထိ ဒီရာထူးမှာပဲ မြဲနေခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်ထိ ဆိုတော့ ၁၂ နှစ်ပေါ့။

အဲဒါကြောင့်မို့ နေပါလိမ့်မယ်၊ ဗိုလ်ချုပ်ကြီး ကျော်ထင်ဟာ နောက်ပိုင်း ကာလတွေမှာ ဦးနေဝင်းရဲ့ ပြည်တွင်း ပြည်ပ ခရီးစဉ်တွေမှာ တောက်လျှောက် လိုက်ပါခဲ့ရပါတယ်။ အခမ်းအနားတွေမှာလည်း ထပ်ချပ်မကွာ ပါနေခဲ့တာကို သတင်းစာများမှာ တွေ့နိုင်ပါတယ်။ ယုတ်စွအဆုံး ဦးနေဝင်း အိမ်သာတက်ရင်တောင်မှ သူကိုယ်တိုင် လိုက်ပါပြီး အိမ်သာပြင်ပ တံခါးဝက ရပ်စောင့်နေလေ့ ရှိပါတယ်။ အဲဒီလောက်ထိ အနီးကပ် လုံခြုံရေး လုပ်ပေးခဲ့ဘာပါ။

**အငုံ့စိတ်ကြောင့်များလား။**

သူ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်နေတဲ့ကာလမှာပဲ သူ့တပည့် ဗိုလ်ကြီး အုန်းကျော်မြင့်ကို ၁၉၇၉ ခုနှစ်မှာ ကြိုးပေးခဲ့ပါတယ်။ သူဟာ တိုင်းမှူးဘဝ၊ ဒုချုပ် ဘဝက နေပြီး ဦးစီးချုပ်ဘဝအထိ ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ လက်ပွန်းတတီး နေခဲ့တာပါ။ အချိန်ကာလအားဖြင့် ဆိုရင် ငါးနှစ်ကျော်လောက် ရှိမယ် ထင်ပါတယ်။ သူ့တပည့် ကြိုးပေးခံရတာနဲ့ ပတ်သက်လို့ သူ ဘယ်လို ခံစားရလဲ ဆိုတာတော့ ကျွန်တော် မသိရပါဘူး။ ဒါပေမဲ့လည်း သူ့တပည့်ဟာ ဘာမှ ဟုတ်တိပတ်တိ မလုပ်လိုက်ရဘဲနဲ့ အခြောက်တိုက် အသက်ပေးသွားရလေခြင်း ဆိုပြီး နက်နက်ရှိုင်းရှိုင်း ခံစားသွားခဲ့ရတယ်လို့ ထင်မှတ်စရာ သူ့ရဲ့ လုပ်ရပ်တွေကို နောက်ပိုင်းမှာ တွေ့ခဲ့ရပါတယ်။ ၁၉၈၄ ခုနှစ်မှာပါ။

၁၉၈၃ ခုနှစ်၊ အောက်တိုဘာလမှာ မြန်မာပြည်ကို အလည်အပတ် လာရောက်ခဲ့တဲ့ တောင်ကိုးရီးယား သမ္မတ ချွန်ဒူးဟွမ်ရဲ့ ထိပ်တန်း ခေါင်းဆောင်တွေ ရောက်နေနိုက် အာဇာနည်ကုန်း ဗုံးခွဲမှု ဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်နဲ့

မရှေးမနှောင်းမှာ ထောက်လှမ်းရေး ယန္တရားကြီး တစ်ခုလုံးကို ချုပ်ကိုင်ထားတဲ့ မျက်မှန် တင်ဦးကြီးနဲ့ အဖွဲ့ကို အရေးယူဖို့ အခြေအနေ ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ဦးနေဝင်းက လမ်းစဉ် ပါတီရဲ့ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များ ပါတဲ့ အဖွဲ့တစ်ခုကို ဖွဲ့ပေးလိုက်ပါတယ်။ အဲဒီ အဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး ကျော်ထင်ကို ဥက္ကဋ္ဌ ခန့်ပြီး အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်ခနဲ့ သူရဦးထွန်းတင်တို့ ပါဝင်ခဲ့ပါတယ်။

အဲဒီအဖွဲ့ရဲ့ တာဝန်က လက်ရှိထောက်လှမ်းရေး အဖွဲ့ရဲ့ အခြေအနေကို သုံးသပ်ပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အတိုချုပ်ရေးရရင် အဲဒီအဖွဲ့ဟာ ထောက်လှမ်းရေး တပ်ဖွဲ့တစ်ခုလုံးရဲ့ အရာရှိနဲ့ အခြား အဆင့် အားလုံးရဲ့ ၉၀% နှုန်းလောက်ကို အငြိမ်းစား ပေးလိုက်ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဦးနေဝင်းရဲ့ မှာချက် အငြိမ်းစားပေးခြင်း ခံရတဲ့ အရာရှိအားလုံးကို ရန်ကုန်မြို့ပေါ်မှာ တိုက်ခန်း တစ်ခန်းစီ ချထားပေးခဲ့ပါတယ်။ နေဖို့ မှလုံပြီပေါ့။ နောက်ပြီး သူတို့အားလုံးကို ဘီ မ်ဝ ကားတစ်စီးစီ ဝယ်ခွင့်ပေးခဲ့ပါတယ်။ အဲဒီကားလေးတွေဟာ အဲဒီခေတ်တုန်းက မြန်ရောင်းရင်လည်း မြိုးမြိုးမြက်မြက် မြတ်ပြီး ကိုယ်တိုင် တက္ကစီဆွဲစားရင်း မိသားစု တစ်ခုလုံးစားနိုင်တယ် ဆိုတာထက် ဝင်ငွေ ကောင်းကောင်း ရနိုင်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်က တပ်မြင် ရောက်နေပါပြီ။ အငြိမ်းစားပေးခံရတဲ့ သူတွေထဲမှာ ကျွန်တော့် မိတ်ဆွေရင်း တစ်ချို့လည်း ပါသွားပါတယ်။ မိတ်ဆွေတွေ ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ အဲဒီတုန်းက ထောက်လှမ်းရေးတွေကို တစ်ပြေးညီ အရေးယူခဲ့တာဟာ သူတို့တွေအတွက် နစ်နာဆုံးရှုံးမှုကြီး ဖြစ်သလို နိုင်ငံအတွက်လည်း လူသားအရင်းမြစ်တွေ ဆုံးရှုံးသွားတာနဲ့ အတူတူပါပဲ။ ဒီလို ရက်ရက်စက်စက် အရေးယူခဲ့တာဟာ သူတပည့် အုန်းကျော်မြင့်ကို ကြိုးပေးခံရလောက်တဲ့အထိ အကွက်ဖော်ခဲ့တဲ့ ထောက်လှမ်းရေးတွေကိုများ အငြိုးနဲ့ လုပ်လေသလားလို့ ကျွန်တော့် စိတ်ထဲမှာ ထင်မိပါတယ်။ မဖြစ်သင့်တဲ့ ကိစ္စလို့လည်း ထင်မိပါတယ်။

## ဗိုလ်ချုပ်မှူးကြီး စောမောင်

ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ ကံကောင်းတဲ့ ဗတော့ပါတယ်လို့ ကျွန်တော် ယူဆပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ သူ တပ်မမှူးဘဝမှာ မြောက်ပိုင်း တိုင်းမှူး ဗိုလ်မှူးကြီး လှဖေက သူ့တပည့် အုန်းကျော်မြင့်နဲ့ ပတ်သက်ပြီး အရေးယူခံရတဲ့အခါမှာ တိုင်းမှူးနေရာ လစ်လပ်သွားလို့ သူဟာ တပ်မမှူး ဘဝကနေ တိုင်းမှူးဖြစ်လာခဲ့တာပါ။ မြောက်ပိုင်းတိုင်း တိုင်းမှူးဘဝမှာ KIA နဲ့ ရင်ဆိုင်ရတဲ့ တိုက်ပွဲတွေမှာ မရပ်မနား ကွပ်ကဲခဲ့ရတဲ့ အတွက် သူ့ကို အနားပေးတဲ့အနေနဲ့ အဖြူရောင် နယ်မြေဖြစ်တဲ့ နတမ (ပုသိမ်) ကို ပြောင်း ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒုချုပ်က ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီ (နဝိုလ်ဒ် သံ) ဖြစ်ပါတယ်။

အဲဒီအချိန်မှာ နိုင်ငံ့ခေါင်းဆောင် ဦးနေဝင်းက သနက ၄ တပ်ရင်းမှူး ဘဝက လာခဲ့တာပါ။ သမ္မတ ဖြစ်နေတဲ့ ဦးစန်းယုကတော့ သနက ၃ ကပါ။ ဒါ့ပြင်မှာ အတွင်းရေးမှူး ဦးအေးကိုက သနက ၄ မှာ ဒုအရာခံဘဝက လာတဲ့ သူ၊ တွဲဘက်အတွင်းရေးမှူး ဖြစ်နေတဲ့ ဦးစိန်လွင်က သနက ၄ မှာ အရာခံ ဗိုလ် (RSM) ဘဝက လာတဲ့ပုဂ္ဂိုလ်၊ ကာကွယ်ရေးဝန်ကြီးနဲ့ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ကျော်ထင်က သနက ၄ မှာ တပ်ကြပ်/တပ်ကြပ်ကြီး ဖြစ်ခဲ့ဖူးသူ၊ နိုင်ငံကို သနက ၄ က အုပ်ချုပ်နေခဲ့သလိုပါပဲ။

ဒုချုပ်ဖြစ်တဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီကလည်း၊ သနက ၄ ရဲ့ တပ် ကြပ် ဘဝက လာခဲ့တာပါ။ သူဟာ လမ်းစဉ်ပါတီရဲ့ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော့် မှန်းဆချက်တစ်ခု ပြောရရင် ဗိုလ်ချုပ်ကြီး ထွန်းရီဟာ ဦးနေဝင်းက လွဲလို့ မဟုတ်တာရှိရင် မထောက် ညာ ဝေဖန်တတ်တဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ ပုံစံဟာ အစိုးရ ထိပ်ပိုင်းမှာ ဆောက်နေတဲ့ ဦးအေးကို၊ ဦးစိန်လွင်၊ ဦးကျော်ထင်တို့နဲ့ ရေရှည် လက်တွဲ ပ်လာတဲ့အခါ အံဝင်ခွင်ကျ ဖြစ်မလာဘူး ထင်ပါတယ်။ ဒါပေမဲ့ သူနဲ့တာရင် ကျန်တဲ့လူတွေက ဦးနေဝင်းကို ပိုပြီးတော့ ပေါက်ရောက်ပါတယ်။ တစ်ခု သော အချိန်မှာ သူနဲ့ အလုပ်လုပ်ရတာ အဆင်မပြေကြောင်းကို ဦးနေဝင်းကို ပြောကြပါလိမ့်မယ်။ ဒါဆိုရင် သူ့ကို ဖယ်ဖို့ လိုပြီပေါ့။

လမ်းစဉ်ပါတီရဲ့ ပုံမှန် ညီလာခံ တစ်ခုမှာ သူ့ကို နိုင်ငံတော် ကောင်စီဝင်အဖြစ် ရာထူး တိုးမြှင့်ပေးလိုက်ပါတယ်။ ပါတီ ညီလာခံရဲ့ အစီအစဉ် Agenda မှာ ကြိုတင် ညှိနှိုင်းမထားဘဲ အဲဒီနေ့ကျမှ ဖြန်းစားကြီး သူ့ Agenda ထည့်ပြီး နိုင်ငံတော်ကောင်စီအဖြစ် ပြောင်းရွှေ့ ခန့်အပ်ခံခဲ့ရတာပါ။ အင်္ဂလိပ်လို ပြောရမယ်ဆိုရင်တော့ Kicked Upstairs လို့ ပြောရမှာပေါ့။ "ခြေထောက်နဲ့ အပေါ်ကို ကန်တင်ပေးလိုက်တာမျိုး" ဖြစ်ပါတယ်။

သူ့ အငိုက်ခံလိုက်ရတယ် ဆိုတာက ကျွန်တော့် ခန့်မှန်းချက်ပါ။ ဘာကြောင့်လဲ ဆိုတော့ အဲဒီနေ့ ညီလာခံအပြီး အိမ်ရောက်တဲ့အခါ သူ့အိမ် ဧည့်ခန်းထဲလည်း ဝင်ရော အသင့်ရှိနေတဲ့ ဝေါက်အိတ်ထဲက ဝေါက်တံ တစ်ချောင်းကို ယူပြီး ဧည့်ခန်းမှာရှိတဲ့ ပရိဘောဂတွေကိုရော၊ အလှထားတဲ့ ဖန်ထည် ပစ္စည်း အမျိုးမျိုးကိုရော ဝေါက်တံနဲ့ ရိုက်ခွဲတာ နာရီဝက်လောက် ကြာပါသတဲ့။ သူ့ဇနီး (ကျွန်တော့်တို့အခေါ် မမအေး) နဲ့ အိမ်သူ၊ အိမ်သားတွေဟာ အပြင်က မီးဖိုချောင်မှ စုဝေးပြီး ကုပ်နေကြရပါသတဲ့။ အဲဒီတုန်းက ဒုချုပ် (ကြည်း) ရဲ့ အိမ်ဟာ နဝရတ်ရိပ်သာနဲ့ မျက်နှာချင်းဆိုင် ဦးဝိစာရလမ်းပေါ်မှာပါ။ ဒီဖြစ်ရပ်ကို ထောက်ရှုခြင်းအားဖြင့် သူ့ နိုင်ငံတော်ကောင်စီဝင် ဖြစ်သွားတာဟာ အလစ်အငိုက် ခံလိုက်ရတယ်လို့ ပြောနိုင်ပါတယ်။ ဘယ်လောက် ခံစားချက် ကြီးမလဲ ဆိုတာကိုလည်း မှန်းဆကြည့်နိုင်ပါတယ်။

### မထင်မှတ်တဲ့ ရာထူးတိုးမှု

ဒုဗိုလ်ချုပ်ကြီး ထွန်းရီ နိုင်ငံတော်ကောင်စီဝင် ဖြစ်သွားတဲ့အခါ ကာကွ (ကြည်း) ရဲ့ ဒုချုပ်နေရာ လစ်လပ်သွားပါတယ်။ အဲဒီတုန်းက စစ်ရုံးမှာ "တာထ" လို့ ခေါ်တဲ့ ဌာနချုပ်မှူး နှစ်ယောက် ရှိပါတယ်။ ဗိုလ်ချုပ် ခင်မောင်ကျော်နဲ့ ဗိုလ်ချုပ် လှဦးတို့ပါ။ နောက်တစ်ယောက်ကတော့ စစ်ထောက်ချုပ် (ထပ်ပါတယ်) ဖြစ်နေတဲ့ ဗိုလ်ချုပ် ဖေမြင့်ပါ။ တပ်မတော် ဒုချုပ် ရာထူး လစ်လပ်ရင် သူတို့ထဲက တစ်ယောက်ယောက် ဒုချုပ် ဖြစ်လာမယ်လို့ ကျွန်တော်တို့ အပြင်က အရာရှိဟောင်းတွေရော၊ တပ်ထဲက အရာရှိ အများစုကပါ မှန်းဆ

ကြပါတယ်။

ဒါပေမဲ့ သူတို့အားလုံး မှားပါတယ်။ တပ်မတော်ရဲ့ ဒုချုပ်အဖြစ် နတေခ (ပုသိမ်) ရောက်နေတဲ့ တိုင်းမှူး ဗိုလ်မှူးချုပ် စောမောင်ကို ရွေးချယ်လိုက်ပါတယ်။ အပြင်က ကျွန်တော်တို့တောင် မမျှော်လင့်တဲ့ အပြောင်းအရွှေ့ဖို့ အံ့အားသင့်သွားပါတယ်။ နောက်ပိုင်းမှာဖြစ်လာတဲ့ နိုင်ငံရေးဖြစ်စဉ်တွေအရ သုံးသပ်ကြည့်တဲ့အခါ ဦးနေဝင်းဟာ လက်ရုံးရည်ရော၊ နှလုံးရည်ရော ပြည့်စုံတဲ့ နောက်လိုက်မျိုးကို မလိုဘူး။ သူပြောသမျှကို တစ်သဝေမတိမ်း လိုက်နာမယ့် သူကိုသာ ရွေးချယ်လိုက်တယ်ဆိုတာ သိခဲ့ရပါတယ်။

**ဖိလစ်ပိုင်က ဖြစ်ရပ်တွေကြောင့်လား။**

၁၉၈၆ ခုနှစ်မှာ ဖိလစ်ပိုင်မှာ နိုင်ငံရေး အကြပ်အတည်း ပေါ်ခဲ့ပါတယ်။ ဖိလစ်ပိုင်ကို အာဏာရှင်သဖွယ် အုပ်ချုပ်ခဲ့တဲ့ ဖာဒီနန် မားကို့စ် Ferdinand Marcos နဲ့ ပတ်သက်ပါတယ်။ မားကို့စ်ဟာ အဲဒီနှစ် သမ္မတ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရာမှာ အတိုက်အခံ ခေါင်းဆောင် ကိုရာဇုံ အကွီနို Corazon Aquino က နိုင်ပါလျက်နဲ့ သူက ညစ်ပြီး သမ္မတ ရွေးကောက်ပွဲမှာ သူ နိုင်တယ်လို့ ကြေညာခဲ့ပါတယ်။ ဒါကို မကျေနပ်လို့ ပြည်သူ အများစုက ဆန္ဒပြခဲ့ကြပါ တယ်။ အဲဒီအချိန်ကစပြီး "ပြည်သူ့အင်အား လှုပ်ရှားမှု People's Movement" ဆိုတာ ပေါ်လာခဲ့ပါတယ်။

အဲဒီဆန္ဒပြတဲ့သူတွေကို ပစ်ခတ်နှိမ်နင်းဖို့ သမ္မတက အမိန့်ပေးတဲ့အခါ ဖိလစ်ပိုင် ကာကွယ်ရေး ဦးစီးချုပ် General Ramos က ဆန္ဒပြတဲ့ လူထုကို သေနတ်နဲ့ပစ်ဖို့ ငြင်းဆိုခဲ့ပါတယ်။ ဒီလိုငြင်းတဲ့ကိစ္စဟာ ဖိလစ်ပိုင်နိုင်ငံသာမက တစ်ကမ္ဘာလုံးပါ ပြန့်နှံ့သွားခဲ့ပါတယ်။ ဆန္ဒပြတဲ့ People's Power အင်အားစုက အနိုင်ရပြီး အာဏာရှင် Ferdinand Marcos ဟာ ပြည်ပကို ကမန်းကတန်း ထွက်ခွာသွားပြီး အမေရိကန်နိုင်ငံမှာ နိုင်ငံရေး ခိုလှုံခဲ့ပါ တယ်။ ထိုစဉ်က အမေရိကန် သမ္မတ Ronald Regan ရဲ့ ဖိအားပေးမှုလည်း အများကြီး ပါပါတယ်။

ဒီဖြစ်စဉ်မှာ ဖိလစ်ပိုင် ကာကွယ်ရေး ဦးစီးချုပ်က အရင်က သမ္မတ

ဖြစ်ခဲ့တဲ့ Mr. Marcos ရဲ့ အမိန့်ကို မလိုက်နာခဲ့တာဟာ အင်မတန် ထူးခြားတဲ့ ဖြစ်ရပ်ပါ။ ကျွန်တော်က နိုင်ငံတကာရေးရာတွေကို အမြဲတမ်း စိတ်ဝင်စားသူ ဆိုတော့ ဖိလစ်ပိုင်က အရေးအခင်းတွေကို တစိုက်မတ်မတ် လိုက်ပြီး လေ့လာနေခဲ့တာပါ။ Corazon Aquino ရဲ့ ခင်ပွန်း Mr. Aquino ဟာ သမ္မတ မားကိုစ်ရဲ့ ရန်ကို ကြောက်လို့ အမေရိကန်မှာ သွားခိုလှုံနေရတာပါ။

ဖိလစ်ပိုင် နိုင်ငံမှာ ရွေးကောက်ပွဲ ကျင်းပမယ်ဆိုလို့ သူ့နိုင်ငံကို အခဲ စွန့်ပြီး ပြန်လာတဲ့အခါ မနီလာ လေဆိပ်မှာပဲ ရောက်ရောက်ချင်း လုပ်ကြံတာ ခံရပြီး အသက်ဆုံးပါးသွားပါတယ်။ ဒီလိုဖြစ်တာဟာ သိသာ ထင်ရှားလွန်းတဲ့ အတွက် ပြည်သူလူထုက မကျေမနပ် ဆန္ဒပြကြပါတယ်။ လုပ်ကြံတဲ့လူတွေ ဟာလည်း သမ္မတ မားကိုစ်ရဲ့ တပည့်တွေ ဆိုတာ နောက်ပိုင်းတော့လည်း ပေါ်တာပါပဲ။

ဒါပေမဲ့ မူလ စီစဉ်ထားတဲ့အတိုင်း ရွေးကောက်ပွဲ ကျင်းပတော့ လုပ်ကြံ ခံရတဲ့ခေါင်းဆောင် Mr. Aquino ရဲ့ ဇနီး Corazon က ရွေးကောက်ပွဲ ဝင်ပြိုင် တဲ့ အခါ နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ မားကိုစ်က သူ့တပည့်တပန်းပေါင်းတွေနဲ့ လုပ်ကြံပြီး သူသာလျှင် ရွေးကောက်ပွဲ နိုင်တယ်လို့ ကြေညာတဲ့အခါမှာ တစ်နိုင်ငံလုံး ထကြွပြီး "ပြည်သူ့အင်အား လှုပ်ရှားမှု" ပေါ်ပေါက်လာခဲ့တာပါ။

ဗိုလ်ချုပ်ကြီး ရာမိုစ်က အထက်အမိန့်ကို မနာခံဘူးဆိုတဲ့ ဖြစ်ရပ်ကို ကျွန်တော် သတိထားမိသလို ဦးနေဝင်းက ပိုပြီး သတိထားမယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။ ဒါကြောင့် တပ်မတော်ရဲ့ ခေါင်းဆောင်ပိုင်းမှာ ဗိုလ်ချုပ် ကြီး ကျော်ထင်ကိုတော့ သူစိတ်ချပြီး ဗိုလ်ချုပ် ထွန်းရီ နေရာကို အစားထိုးမယ် ဆိုရင် စဉ်းစား ဆင်ခြင်ဉာဏ် ကြီးပြီး ကျိုးကြောင်းဆီလျော်စွာ ဆုံးဖြတ်တတ် တဲ့သူကို ရွေးမှာမဟုတ်ဘူးလို့ ထင်မိပါတယ်။ အဲဒီလို လူမျိုးအစား သူ့စကား ကို တစ်သဝေမတိမ်း နာခံမယ့်သူကို ပိုပြီး ဦးစားပေးတော့မှာပေါ့။

တကယ်တော့ ကျွန်တော် အထက်တစ်နေရာမှာ ရေးခဲ့သလိုပါပဲ။ ဗို ချုပ် (ကြည်း) နေရာကို ဖြည့်မယ်ဆိုရင် အရည်အချင်း မီတဲ့ တပ်မတော် ခေါင်း ဆောင်တွေ ရှိပါတယ်။ ဥပမာ- ဗိုလ်ချုပ် ဖေမြင့်၊ ဗိုလ်ချုပ် ခင်မောင် ကျော်၊ ဗိုလ်ချုပ် လှဦး စတဲ့ ပုဂ္ဂိုလ်တွေပေါ့။ ပုသိမ်မှာ တိုင်းမှူးလုပ်နေတဲ့

ဗိုလ်မှူးချုပ် ဓောမောင်ကိုတော့ ဘယ်သူမှ မထင်ပါဘူး။ အဲဒီလို မထင်တဲ့ ကြားကမှ ဗိုလ်မှူးချုပ် ဓောမောင်ကို ဦးနေဝင်းက "တော်ကောက်" လိုက်တဲ့ သဘောမျိုး အဓိပ္ပာယ်ဆောင်တဲ့ ခုချုပ် (ကြည်း) အဖြစ် ရွေးချယ် ခန့်အပ်ခဲ့ ဘာပါ။ ဗမာပြည်ရဲ့ ဗိုလ်ချုပ်ကြီး ရာမိုစ်လို လူမျိုးကို ကြိုတင် ဖယ်ရှားထားတဲ့ သဘောပေါ့။

**"ဓါး သည်၊ ၍" မလွဲ**

တပ်မတော် အသိုင်းအဝိုင်းက အဲဒီလို ယူဆကြတာတွေကိုလည်း ဦးနေဝင်းက သိမှာပါ။ ဒါကြောင့် ဗိုလ်ချုပ် ဓောမောင် စစ်ရုံးရောက်လာတာနဲ့ သူစုစု ရှိရင် သူ့အကြောင်းကို နိမ်သလိုလိုနဲ့ အမွှမ်းတင်တဲ့ စကားမျိုး ပြော ဘတ်ပါတယ်။ ဥပမာ- သူက "ဟေ့ကောင်တွေ သိလား၊ ဗိုလ်ဓောမောင် အရာရှိငယ် ဘဝတုန်းက Report to Wetican ဆိုတဲ့ ကြေးနန်းရတာနဲ့ သူ နိုင်ငံခြားသွားရမယ် ထင်ပြီး ဝတ်စုံတွေ ချုပ်ခဲ့တာလေကွာ၊ တကယ်တော့ အဲဒီတုန်းက Burma Signals လို့ ခေါ်တဲ့ ဆက်သွယ်ရေးတပ်တွေမှာ ကရင် တွေ များတာ၊ သူတို့က ကြေးနန်းပို့ရင် အင်္ဂလိပ်လို ပို့ကြတာဆိုတော့ ဝက် သီးကန်ကို သတင်းပို့ခိုင်းတာ၊ သူက အမေရိကန် နိုင်ငံက စစ်ဝန်း တစ်ခုကို သင်တန်းသွားရတော့မယ် အောက်မေ့ပြီး ဝတ်စုံတွေ ချုပ်ခဲ့တာလေကွာ" လို့ ခဏ ခဏ ပြောခဲ့ပါတယ်။

ခုချုပ်အသစ် ဗိုလ်ချုပ် ဓောမောင်ကလည်း လူကြားထဲမှာ ဦးနေဝင်းလို ပုဂ္ဂိုလ်ကြီးက သူနဲ့ ပတ်သက်လို့ အဲဒီလို အဖေးအဖွဲ့လို့ ပြောနိုင်တဲ့ ကိစ္စ လေး ဖြစ်ခဲ့တာကိုတောင် မှတ်မိတယ်ဆိုတဲ့ ဂုဏ်ယူစိတ်နဲ့ ကျေနပ်နေခဲ့တာပါ။ ဒီအချက်က ဘာကိုပြသလဲဆိုရင် ဗိုလ်ချုပ် ဓောမောင် အရာရှိငယ်ဘဝက ကိုယ့်အတွက်လာတဲ့ ကြေးနန်းစာကို အဓိပ္ပာယ် အဖော်မှားပြီး အူတူတူနိုင် ခဲ့တဲ့ ဖြစ်စဉ်လေးဟာ သူ ဘယ်လောက် ရိုးအတယ်ဆိုတာ ဖော်ပြနေတာပါ။ ဦးနေဝင်းနဲ့ ပတ်သက်လို့ ကျွန်တော် ခဏ ခဏ ရေးပြဖူးသလို သူဟာ လူကဲ ခတ် အင်မတန် တော်တဲ့သူ ဖြစ်လို့ သူပြောသမျှကို တစ်သဝေမတိမ်း "ဓါး သည်၊ ၍" မလွဲ လိုက်ပါ ဆောင်ရွက်မယ့်သူကို ရွေးချယ်ခဲ့တာပါ။

ဒီလို ရွေးချယ်ခဲ့တာဟာ ဦးနေဝင်းအတွက်တော့ မှန်တယ်လို့ ပြောရမှာပေါ့။ ဘာ့ကြောင့်လဲဆိုတော့ ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်ပွားခဲ့တဲ့အခါ ဆန္ဒပြတဲ့သူတွေကို ပစ်ခတ် နှိမ်နင်းခဲ့ရာမှာရော၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ အာဏာသိမ်းခဲ့တာတွေရောဟာ ဦးနေဝင်းရဲ့ ညွှန်ကြားချက်အတိုင်း လုပ်ခဲ့တာလို့ သိရပါတယ်။ ယုတ်စွအဆုံး အာဏာသိမ်းပြီး ရက်သတ္တပတ် အနည်းငယ် ကြာတဲ့အခါ ဟောင်ကောင်က ထုတ်ဝေတဲ့ Far Eastern Economic Review (လို့ ထင်ပါတယ်) မှာ ဗိုလ်ချုပ် စောမောင်နဲ့ အင်တာဗျူး ပါပါတယ်။ အဲဒီ အင်တာဗျူး ခေါင်းစဉ်က I saved Burma ဖြစ်လေတော့ ဒီအစီအစဉ်ဟာလဲ ဦးနေဝင်းရဲ့ ညွှန်ကြားချက်များ ပါမလားလို့ ထင်မိပါတယ်။

**မတွေးနိုင် မအန်နိုင် ကတိစကား**

၅၊ ၇၊ ၁၉၈၉ ရက်နေ့ ညပိုင်းမှာ ဗိုလ်ချုပ်ကြီး စောမောင်ဟာ နိုင်ငံတစ်ဝှမ်းလုံးအတွက် ရည်ရွယ်ပြီး မြန်မာ့အသံ တီဗွီမှာ မိန့်ခွန်းပြောပါတယ်။ မိန့်ခွန်းက အရှည်ကြီးပါ။ သုံးနာရီလောက် ကျော်မယ် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အတွက် အရေးပါတဲ့ မှတ်သားရေးရာ စကားတွေလည်း ပြောခဲ့ပါတယ်။ ဒါကဘာလဲဆိုတော့ "၁၉၉၀ ခုနှစ်မှာ ရွေးကောက်ပွဲ ကျင်းပပေးမယ် အဲဒီ ရွေးကောက်ပွဲမှာ နိုင်တဲ့ ပါတီက ဦးဆောင်ပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲကြပါ၊ တပ်မတော်ကတော့ ရွေးကောက်ပွဲပြီးရင် ကိုယ့် Barrack တိုင်ပြန်ကြမှာ၊ တပ်တော်ကတော့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲမှာ မပါဘူး" ဆိုတဲ့ သဘောမျိုး ပါခဲ့ပါတယ်။

ဗိုလ်ချုပ် စောမောင်ဟာ အခြေခံအားဖြင့် ရိုးသား ဖြောင့်မတ်တဲ့သူ ဖြစ်ပါလိမ့်မယ်။ အဲဒီ မိန့်ခွန်းထဲမှာ ပါတဲ့အတိုင်း ရဲရဲတင်းတင်း ပြောခဲ့တာကလည်း သူ့သဘောလည်း ပါပြီး ဦးနေဝင်းရဲ့ တိုက်တွန်းမှုလည်း ပါမှာပါ။ ဒါ့ကြောင့် တိုင်းပြည်ကိုရော၊ ကမ္ဘာကိုရော အတိအလင်း ကတိပေးလိုက်တာပါ။ ဒါ့ကြောင့် သူပြောတဲ့ စကားအတိုင်း ရွေးကောက်ပွဲကို မှုတ်ပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲအဖြစ် ကျင်းပပေးခဲ့ပါတယ်။ နိုင်မှာတဲ့ ကတိတွေ

ပေးပြီး မျှတတဲ့ ရွေးကောက်ပွဲ ကျင်းပခြင်း ဆိုတဲ့ လုပ်ရပ်တွေရဲ့ နောက်ကွယ်မှာ လမ်းစဉ်ပါတီ တစ်ဖြစ်လဲ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ပါတီ (တစည) နိုင်မယ်ဆိုတဲ့ သူတို့ရဲ့ ခန့်မှန်းချက်နဲ့လည်း သက်ဆိုင်ပါလိမ့်မယ်။

သူတို့ ခန့်မှန်းနိုင်အောင်ကလည်း တစည ကို မေါ်ထင် မပံ့ပိုးပေးမယ့် NLD ခေါင်းဆောင်တွေ ဖြစ်တဲ့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို ထက်ပက်စက်စက် ပုတ်ခတ်တဲ့ စကားတွေကိုတော့ နဝတရဲ့ S-1 (ထိုစဉ်က ဗိုလ်မှူးကြီး ခင်ညွန့်) နဲ့ S-2 (ထိုစဉ်က ဗိုလ်မှူးကြီး တင်ဦး) တို့က ထပ်ခါ သလဲလဲ ပြောခဲ့ကြပါတယ်။ ဒီလိုပြောခဲ့တဲ့ စကားတွေကြောင့် ပြည်သူလူထု ဟာ NLD ကို ကရုဏာ မသက်တော့ဘဲ တစည ကိုပဲ မဲပေးမယ်လို့ တွက်ချက် ကြဟန်တူပါတယ်။

## ၁/၉၀ ကြေညာချက်

တကယ့် ရွေးကောက်ပွဲကျတော့ နဝတ မျှော်မှန်းသလို မဟုတ်ဘဲ NLD က တစ်နိုင်ငံလုံး အပြတ်အသတ် နိုင်ခဲ့တဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ သူ လူသိရှင်ကြား ပေးထားတဲ့ စကားတွေ၊ ကတိတွေကြောင့် ခတွေးနိုင် မအန်နိုင်ဖြစ်မှာ သေချာပါတယ်။ သူ့ရဲ့ စိတ်ဝေဒနာကို ပိုပြီး ထိ ခိုက်စေမယ့် လုပ်ရပ်ကတော့ NLD ပါတီက အနိုင်ရတဲ့ ကိုယ်စားလှယ်တွေ ဗိုလ်အောင်ကျော်လမ်းက ဂန္ဓီ ခန်းမမှာ ပဏာမ ညီလာခံ မခေါ်မီ တစ်ရက် အလိုမှာ S-1 ဗိုလ်မှူးကြီး ခင်ညွန့် လက်မှတ်နဲ့ ထုတ်ပြန်လိုက်တဲ့ ကြေညာ ချက် ၁/၉၀ ဖြစ်ပါတယ်။ အဲဒီ ကြေညာချက်ရဲ့ အဓိက ရည်မှန်းချက်တော့ NLD ကိုယ်စားလှယ်တွေကို ဗိုလ်အောင်ကျော်လမ်းက ဂန္ဓီ ခန်းမ ညီလာခံမှာ ကိုယ့်သဘောနဲ့ ကိုယ် ကြေညာချက် ထုတ်မယ့် ကိစ္စတွေကို ကြိုတင် ဟန့် တားတဲ့ နိုင်ငံရေး ထောင်ချောက် ဖြစ်ပါတယ်။

အဲဒီ ကြေညာချက်ရဲ့ အနှစ်သာရကတော့ ၅၊ ၇၊ ၁၉၈၉ နေ့ ညမှာ ဗိုလ် ချုပ် စောမောင် ပြောခဲ့တဲ့ မိန့်ခွန်းရဲ့ အဓိပ္ပာယ် အားလုံးကို ပြောင်းပြန် လုပ် လိုက်တာပါ။ အဲဒီတော့ တပ်မတော်နဲ့ အစိုးရကို တာဝန်ယူရတဲ့သူဟာ ကိုယ့်စကားကို ပြန်ဖျက်ရတဲ့အခါ ခံစားရတဲ့ ဝေဒနာကို ကျွန်တော် ကိုယ်ချင်း

တနိုင်ပါတယ်။ ဒါ့ကြောင့်လို့ ထင်ပါတယ်။ ၁၉၉၂ ခုနှစ်မှာ သူ့ရဲ့ စိတ်အခြေအထား မတည်ငြိမ်ဘူးဆိုတဲ့ အကြောင်း ဗိုလ်ချုပ်ကြီး သန်းရွှေနဲ့ ဗိုလ်မှူးကြီး ခင်ညွန့်တို့ဟာ ဦးနေဝင်းဆီ သွားသတင်းပို့ပြီး ဩဝါဒ ခံယူခဲ့ပါတယ်။ ဦးနေဝင်းရဲ့ တိုက်တွန်းချက်အရ ဗိုလ်ချုပ်ကြီး စောမောင်ကို အငြိမ်းစားပေးပြီး ဗိုလ်ချုပ်ကြီး သန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်လာပါတော့တယ်။

## ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ ၁၉၉၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ၁၉ နှစ်ကြာအောင် တပ်မတော်ရဲ့ ခေါင်းဆောင်၊ နိုင်ငံရဲ့ ခေါင်းဆောင်အဖြစ် နေခဲ့ပါတယ်။ သူနဲ့ ပတ်သက်လို့ သာမန် ဆောင်းပါး ရေးတာထက် ကျမ်းတစ်စုစောင် ပြုစုရမယ့်သဘောပါ။ ပြီးတော့ သူနဲ့ ပတ်သက်လို့ကလည်း စာစောင်တွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေမှာ ဆက်တိုက် ပါနေပြီဆိုတော့ အသေးစိတ် ဖော်ပြမယ့်အစား Outline လောက်ပဲ ဖော်ပြပါရစေ။

၁။ နိုင်ငံတာဝန်တွေကို စတင် ယူပြီးတဲ့အခါ လွန်စွာ ထိရောက်တဲ့ နိုင်ငံရေး ခြေလှမ်းတစ်ရပ်ကတော့ ကြေညာချက် ၁/၉၂ ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါတယ်။ ဒီကြေညာချက်အရ ထောင်ထဲမှာ ရှိနေတဲ့ နိုင်/ကျူးတွေထဲက နဝတအတွက် အန္တရာယ် မရှိဘူးလို့ ယူဆရတဲ့သူတွေကို စိစစ် လွှတ်ပေးခြင်း ဖြစ်ပါတယ်။ ဒီလိုလူမျိုးတွေကို ၁၉၉၂ ခုနှစ်၊ ဧပြီလလောက်ကနေ နှစ်ကုန်လောက်အထိ အချိန်ဆွဲပြီး လွှတ်ပေးခဲ့ပါတယ်။ ဒီလုပ်ရပ်ကြောင့် နဝတအပေါ် ပြည်တွင်း ပြည်ပ နိုင်ငံရေး ဖိအားတွေ အများကြီး လျော့ကျသွားစေခဲ့တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ သူ့ရဲ့ Master Stroke လို့ ပြောနိုင်ပါတယ်။

၂။ နဝတ ဥက္ကဋ္ဌဖြစ်လာတဲ့အခါ သူ့လုပ်သမျှကို ထော်လော်ကန့်လန့် မလုပ်မယ့်သူ၊ နံပါတ် ၂ အဖြစ် အေးအေးဆေးဆေး နေမယ့်သူကို အချိန်ယူပြီး ရွေးချယ် ခန့်အပ်ခဲ့ပါတယ်။ သူကတော့ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးပေါ့။

၃။ ၁၉၉၃ ခုနှစ်မှာ အမျိုးသား ညီလာခံ ခေါ်ယူခဲ့ပါတယ်။ နိုင်ငံရေး အရ အနှစ်သာရ ရှိတဲ့သူတွေ အနည်းစုဖြစ်ပြီး အဓိကကျတဲ့ နိုင်ငံရေးနယ်ပယ်က လူတွေက ဝေဒိအဖြစ်ပဲ ပါခဲ့တာပါ။ ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲမှာ ၈၂ ရာခိုင်နှုန်း နိုင်ခဲ့တဲ့ NLD က အင်အား ၈၉ ယောက်ပဲ ပါပါတယ်။ (စုစုပေါင်း အင်အားက ၆၀၀ ကျော်ပါတယ်။ အချိန်ဆွဲဖို့ပါ။)

၄။ ၁၉၉၃ ခုနှစ်မှာ "ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း" ဖွဲ့စည်းပြီး သူက နာယကနဲ့ တပ်မတော် ခေါင်းဆောင်များကို အဖွဲ့ဝင် အဖြစ် ပါဝင်စေခဲ့ပါတယ်။ ဒီအသင်းဟာ ၁၉၅၈ ခုနှစ် ခန့်က ဦးနေဝင်း ဖွဲ့စည်းခဲ့တဲ့ ကြံ့ခိုင်ရေး အသင်း ပုံစံအတိုင်းပါ။

၅။ အမျိုးသားညီလာခံ ခေါ်တဲ့ ရည်ရွယ်ချက်က ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ဖြစ်ပါတယ်။ ဒီညီလာခံကို ဆင်ခြင်တုံတရား တွေကို မျက်ကွယ်ပြုပြီး အချိန်ဆွဲတဲ့ ယန္တရား တစ်ခုအဖြစ် အသုံးချခဲ့တာပါ။

၆။ ၁၉၉၅ ခုနှစ်မှာ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် တို့ကို အကျယ်ချုပ်က လွှတ်ပေးခဲ့ပေမဲ့ NLD အပေါ်မှာတော့ ဖိအား တွေ တိုးလာခဲ့ပါတယ်။

၇။ အဲဒီနှစ်မှာပဲ NLD ကို အမျိုးသား ညီလာခံက ထုတ်ပယ်ခဲ့ပြီး အဲဒီနှစ်မှာပဲ ညီလာခံကိုလည်း ရက်အကန့်အသတ် မရှိ ရပ်ဆိုင်း လိုက်ပါတယ်။

၈။ ဦးတင်ဦး၊ ဦးကြည်မောင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ပါတဲ့ ယာဉ်တန်းကို ကမ္ဘာအေး ဘုရားလမ်း၊ ကြည်အေး မုန့်တိုက် ရှေ့မှာ အကြမ်းဖက် ဝိုင်းဆို့ ရိုက်နှက်ခဲ့ပါတယ်။ ထို့အတူ ရေဝတီ ခရီးစဉ်မှာလည်း ရက်သတ္တ တစ်ပတ်ကျော် ဝိုင်းဆို့ခံ ရပြီး အတင်းအကြပ် ပြန်ပို့ခြင်း ခံရပါတယ်။ ရန်ကုန်မြို့ တစ်ဖက် ကမ်း ဒလ ခရီးစဉ်မှာလည်း အလားတူ ဝိုင်းဆို့ခြင်း ခံခဲ့ရပါ တယ်။

၉။ ၁၉၉၇ ခုနှစ်မှာ နဝတ တစ်ဖွဲ့လုံးနီးပါး ဖယ်ရှားပြီး နအဖနဲ့ အစား ထိုးခဲ့ပါတယ်။ အဲဒီအပြင် အာစီယံ အဖွဲ့ကို ဝင်ရောက်ခဲ့ပါတယ်။

၁၀။ ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားပြီး အနယ်နယ် အရပ်ရပ်မှာ ဆောက်ထားတဲ့ တံတားတွေ၊ လမ်းတွေကို ပြပါတယ်။ ရည်ရွယ် ချက်ကတော့ သူတို့ လုပ်ထားတာတွေကို ပြခြင်းအားဖြင့် ဒေါ် အောင်ဆန်းစုကြည်က သူတို့နဲ့ ပူးပေါင်း လာလိုလာငြား ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဖိတ်ခေါ် ပြသခြင်း ဖြစ်ပါတယ်။

၁၁။ ဦးအောင်ရွှေ ဦးတင်ဦးတို့ ခေါင်းဆောင်တဲ့ NLD ခေါင်းဆောင် ပိုင်းကိုလည်း ဖိတ်ကြားပြီး ထမင်းစားပွဲများနဲ့ ဧည့်ခံခဲ့ပါတယ်။

၁၂။ ၂၀၀၃ ခုနှစ်မှာ နာမည်ကျော် ဒီပဲယင်းမြို့နား ကျုံရွာအနီးမှာ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ယာဉ်တန်းကို ဝိုင်းရံ ဝိတ်ဆို့ ရိုက်နှက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်ကိုင် ဖြန့်ပို့ပြီး အကျယ်ချုပ်ချခဲ့ကာ ဦးတင်ဦးနဲ့ ကျန်အဖွဲ့ဝင်တွေကို တော့ ရှစ်လလောက် ချုပ်နှောင်ထားခဲ့ပါတယ်။ ထူးဆန်းတာက အဲဒီလို ဝိုင်းဝန်း ရိုက်နှက်တဲ့သူတွေ အရေးယူမခံရဘဲ၊ အရိုက် ရတဲ့သူတွေကို ထောင်ချခဲ့တာပါ။ (ဒီကိစ္စနဲ့ ပတ်သက်လို့ နောင် မှာ သူ မသိလိုက်ဘူး ဆိုပြီး ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်က ပြောခဲ့ဖူးပါတယ်။)

၁၃။ ဦးနေဝင်းရဲ့ သမက်နဲ့ မြေးများက တပ်မတော် ခေါင်းဆောင် တစ်ဦးကို ချဉ်းကပ်ပြီး အာဏာသိမ်းမယ့် ကိစ္စ ပေါ်ပေါက်ခဲ့ တယ်။ အဲဒီ သမက်နဲ့ မြေး သုံးယောက်ကို သေဒဏ် ချမှတ် ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဦးနေဝင်းနဲ့ သမီး ဒေါ်စန္ဒာဝင်းတို့ကို အကျယ်ချုပ် ချခဲ့ပါတယ်။ ဒီကာလမှာ ဦးနေဝင်း ကွယ်လွန် ရာမှာ အသုဘ ကိစ္စကိုတောင် ကန့်သတ်ချက်တွေ လုပ်ခဲ့ သင်္ဂြိုဟ်ရာမှာတောင် နီးစပ်ရာ လူ ၂၀ လောက်ပဲ တက်ခွင့်ရ ခဲ့တဲ့။

၁၄။ ၂၀၀၄ ခုနှစ်မှာတော့ ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့ အတူ ထောက်လှမ်း

ရေး အဖွဲ့ဝင် ၉၀ ရာခိုင်နှုန်းကျော်လောက်ကို ဖမ်းဆီးပြီး ကြီး လေးတဲ့ ထောင်ဒဏ်တွေချခဲ့ပါတယ်။

၁၅။ ၁၉၉၇ ခုနှစ်မှာတော့ ကမ္ဘာတစ်ဝှမ်းလုံး တုန်လှုပ် ချောက်ချား သွားစေခဲ့တဲ့ ရွှေဝါရောင် တော်လှန်ရေး ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီမှာ ပါဝင်ခဲ့တဲ့ သံဃာတော်များ အားလုံး နီးပါးလောက်ကို ထောင်ချခဲ့ပါတယ်။

၁၆။ နှစ်ရှည်လများ ရပ်ထားတဲ့ အမျိုးသား ညီလာခံကို ပြန်လည် ကျင်းပပြီး ဘယ်တုန်းက ရေးထားမှန်း မသိခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အပြီးသတ်စေခဲ့ပါတယ်။

၁၇။ ၂၀၀၈ ခုနှစ်မှာတော့ အဲဒီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို နိုင်ငံလုံး ဆိုင်ရာ ပြည်သူ့ ဆန္ဒခံယူပွဲ Referendum ကို ကျင်းပပြီး အတည်ပြုခဲ့ပါတယ်။

၁၈။ အဲဒီ အခြေခံ ဥပဒေမှာ ပြဋ္ဌာန်းခဲ့တဲ့အတိုင်း လွှတ်တော် အသီး သီးမှာ တပ်မတော်သား ကိုယ်စားလှယ်တွေ ၂၅ ရာခိုင်နှုန်းစီ ပါရမှာ ဖြစ်ပါတယ်။ အဲဒါအပြင် ဖွဲ့စည်းပုံ ပြင်ဆင်ရေး လုံးဝ မဖြစ်နိုင်လောက်တဲ့ (၇၅ ရာခိုင်နှုန်းကျော်) ပုဒ်မ ၄၃၆ နဲ့ ဒေါ် အောင်ဆန်းစုကြည် သမ္မတ ဖြစ်မှာကို အဟန့်အတား ဖြစ်စေ မယ့် ပုဒ်မ ၅၉ (စ) တို့ ပါဝင်စေခဲ့ပါတယ်။

၁၉။ ၂၀၁၀ ခုနှစ်မှာတော့ အဲဒီ ဖွဲ့စည်းပုံကို အခြေခံတဲ့ ရွေးကောက်ပွဲ ကျင်းပပေးခဲ့ပါတယ်။ NLD က ထိုဥပဒေကိုလည်း အသိအမှတ် မပြု၊ ရွေးကောက်ပွဲကိုလည်း မပါဝင်ခဲ့တဲ့အတွက် ကြံ့ခိုင်ရေး ပါတီကပဲ နိုင်ခဲ့ပါတယ်။

၂၀။ ကြံ့ခိုင်ရေးပါတီက နိုင်ခဲ့တဲ့ လွှတ်တော် ကိုယ်စားလှယ်များကို အခြေခံပြီး နိုင်ငံတော် သမ္မတနဲ့ ဒုတိယ သမ္မတများ၊ လွှတ်တော် ဥက္ကဋ္ဌများအပြင် တိုင်းနဲ့ ပြည်နယ် ဝန်ကြီးချုပ်များ၊ လွှတ်တော် များအပြင် အဆင့်ဆင့်သော အစိုးရများကို ဖွဲ့စည်း အုပ်ချုပ်စေ ခဲ့ပါတယ်။

၂၁။ တပ်မတော်ကိုလည်း သူစိတ်တိုင်းကျ ပုဂ္ဂိုလ်တွေ ရွေးချယ်ပြီး ခေါင်းဆောင်စေခဲ့ပါတယ်။

### ဝိဇ္ဇနဲ့ မိသားစု လုံခြုံရေးသာ အဓိက

အထက်မှာ ဖော်ပြခဲ့တဲ့ အချက်တွေဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အုပ်ချုပ်စဉ် ကာလက ထင်ရှားတဲ့ ဖြစ်ရပ်တွေပါ။ ဒီဖြစ်ရပ်တွေကို လေ့လာကြည့်ခြင်းအားဖြင့် ဒီပုဂ္ဂိုလ်ဟာ ဘယ်လောက်ထိ နိုင်ငံရေးပါး ဝတယ်ဆိုတာ သိနိုင်ပါတယ်။ အဲဒီအပြင် ပေါ်လစီသဘောတရားမျိုးနဲ့ နောင်မှာ ခရိုနီလို့ ခေါ်ရမယ့် ပုဂ္ဂိုလ်တွေကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။

အဲဒီ ခရိုနီတွေကို အခြေခံပြီး နေပြည်တော်နဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်ခဲ့တာတွေကတော့ သူ့ရဲ့ Idea နဲ့ အကောင်အထည်ဖော်ခဲ့တာ ဖြစ်မယ်လို့ ခန့်မှန်းဆိပါတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို သူစိတ်တိုင်းကျ ဆွဲခဲ့တယ်၊ သူနဲ့ သူ့မိသားစု လုံခြုံရေးကို အာမခံစေမယ့် အစိုးရ အဖွဲ့ကိုလည်း စိတ်တိုင်းကျ ဖွဲ့စည်းပေးနိုင်ခဲ့တာတွေဟာ သူ့ရဲ့ မဟာအောင်ပွဲလို့ အောင့်သက်သက်နဲ့ ပြောရမှာပါ။

### လက်ရှိ တပ်မတော် ခေါင်းဆောင်များ

လက်ရှိ တပ်မတော် ခေါင်းဆောင်များကို ဦးသန်းရွှေ ကိုယ်တိုင်က စိတ်တိုင်းကျ ရွေးခဲ့တယ်လို့ သိရပါတယ်။ နောက်တစ်မျိုး ကျွန်တော် ကြားသိတာကတော့ တပ်မတော် ခေါင်းဆောင်အချို့ကို သူတို့ရဲ့ မွေးဖွားတာမှာ ပါတဲ့ ဗေဒင် ကိန်းခန်းများအရ ရွေးခဲ့တယ်လို့လည်း ကြားရပြန်ပါတယ်။ ခုဆိုရင် သူတို့ရဲ့ ရာထူး သက်တမ်းဟာ လေး-ငါးနှစ်လောက် ရှိပါပြီ။ ထူးခြားချက်တစ်ခုကတော့ တပ်ချုပ်ဖြစ်သူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ သူ့ဘာသာသူ သက်တမ်း တိုးခဲ့တာဟာလည်း အများက ဝေဖန်စရာ ဖြစ်နေပါတယ်။

လက်ရှိ တပ်မတော် ခေါင်းဆောင်တွေနဲ့ ပတ်သက်လို့တော့ ဝေဖန်ချက် မပေးလိုသေးပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ရဲ့ သက်တမ်းက

ပြောရလောက်အောင် မရှည်သေးလို့ပါ။ အခုလက်ရှိ ကာလမှာ သူတို့ရဲ့ ဝင်ရေး စွမ်းရည်၊ စည်းရုံးရေး စွမ်းရည်တွေဟာ ရုပ်လုံးပေါ်သင့်သလောက် ပေါ်သေးပါဘူး။ အထူးသဖြင့် ခုအချိန်မှာ လူပြောများနေတဲ့ အဂတိ တရားတွေကိုလည်း ဘယ်လောက်အထိ ထိန်းနိုင်ရည် ရှိတယ် ဆိုတာလည်း မသိနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ အခုလက်ရှိ တပ်မတော် ခေါင်းဆောင်များအကြောင်း ရေးသားမှုကို အခိုက်အတန့် ဆိုင်းငံ့ထားပါဦးမယ်။

## ဗိုလ်မှူးချုပ် ကျော်ဇောရဲ့ လောကဓံ

အခုက ရေးပြချင်တဲ့ အကြောင်းအရာတစ်ခု ကျန်နေပါသေးတယ်။ ဒါကတော့ တပ်မတော် ထိပ်တန်း ခေါင်းဆောင်တွေရဲ့ တတိယအရွယ်မှာ ကြုံတွေ့ကြရတဲ့ လောကဓံတွေရဲ့ အကြောင်းပါပဲ။

ကျွန်တော် ၁၉၅၉ ခုနှစ်မှာ DSA ကိုရောက်တော့ ဗိုလ်မှူးချုပ် ကျော်ဇောဟာ တပ်မတော်က နုတ်ထွက်သွားပါပြီ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အထက်အရာရှိများက သော်လည်းကောင်း။ အခြား အဆင့် ဆရာကြီးများထံက သော်လည်းကောင်း၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားခဲ့ရတာပါ။ အရာရှိဖြစ်တော့လည်း သနက ၅ ကို ရောက်တော့ အရာရှိရိပ်သာမှာ ဗိုလ်မှူးချုပ်ကျော်ဇောနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ် တွေ့ရပါတယ်။ စာအုပ်မျက်နှာဖုံးပေါ်က "တပ်ရင်း တပ်ဖွဲ့တိုင်းရှိ တပ်ကြပ်ကြီးများနှင့် အထက် ဖတ်ရန်ဝေငှသည်" လို့ အဓိပ္ပာယ် ပါရှိတဲ့ စာသားတွေ ပါပါတယ်။

အဲဒီစာအုပ်မှာ ဗကပ ဗဟိုကော်မတီဝင်တစ်ဦးကို ဗိုလ်ချုပ် ကျော်ဇောက မိတ်ဆွေဟောင်း တစ်ယောက်ဖြစ်တဲ့အတွက် သူ့အိမ်မှာ နေထိုင်ခွင့်ပြုထားကြောင်း။ ဗိုလ်ချုပ် ကျော်ဇောထံက လျှို့ဝှက် စာရွက်စာတမ်းတွေကို ထိုပုဂ္ဂိုလ်က တစ်ဆင့် တောတွင်းရှိ ဗကပ (ဗဟို) သို့ ပေးပို့ခဲ့ကြောင်း။ ထိုကိစ္စ ထင်ရှားတဲ့အတွက် ဗိုလ်မှူးချုပ် ကျော်ဇောကို အငြိမ်းစား ပေးလိုက်ကြောင်း ရှင်းလင်း ဖော်ပြထားပါတယ်။ ဗိုလ်မှူးချုပ် ကျော်ဇောကို စစ်ဆေးတဲ့ခုံရုံး ဥက္ကဋ္ဌက ဗိုလ်ချုပ်ကြီး နေဝင်း ဖြစ်ပါတယ်။

ဗိုလ်မှူးချုပ် ကျော်ဇောဟာ ဗမာ့တပ်မတော်က တရုတ်ဖြူ စစ်ဆင်ရေး

ကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့လို့ ပြည်ပ နိုင်ငံရေး လောကမှာရော၊ တပ်မတော်ထဲမှာပါ နာမည်ကောင်းနဲ့ ကျော်ကြားပါတယ်။ ဒါ့ကြောင့် သူ့ တပ်မတော်က နုတ်ထွက်ခွင့်ရတာနဲ့ ပတ်သက်လို့ တပ်မတော်ထဲက အရာရှိ အရာခံ အကြပ် တပ်သားများက နှမြောတသကြပါတယ်။ ဒါကို သိတဲ့ ဦးနေဝင်းက အရပ်သား ဖြစ်နေတဲ့ ဗိုလ်ချုပ် ကျော်ဇောဆီကို တပ်ထဲက ပုဂ္ဂိုလ်တွေ သွားရောက် လည်ပတ်တာ မကြိုက်ပါဘူး။ တစ်စုံတစ်ယောက်က သူ့ဆီကို သွားတာသိရင် "မင်းတို့ ကြည့်သွားကြနော်" လို့ သတိပေးလေ့ ရှိပါတယ်။

ဗိုလ်ချုပ် ကျော်ဇော နေတဲ့ ဝမ်းရှောင်းက နေအိမ်ကိုလည်း ထောက်လှမ်းရေးက နေ့စဉ် စောင့်ကြည့်ခဲ့ပါတယ်။ ဘာမဟုတ်တာ လုပ်မလဲ ဆိုတဲ့ သဘောနဲ့ပေါ့။ ဗိုလ်ချုပ် ကျော်ဇော အရေးအခင်း ဖြစ်တာ ၁၉၆၂ ခုနှစ် မတိုင်ခင်ကပါ။ ဒါပေမဲ့ သူ့ကို စောင့်ကြည့်နေတဲ့ ဖြစ်စဉ်ကတော့ ထောက်လှန်ရေး ကောင်စီခေတ်မှာပါ။ နောက်ဆုံးတော့ ဗိုလ်ချုပ် ကျော်ဇောဟာ အရှေ့မြောက် ဒေသမှာ ရှိတဲ့ ဗကပ အင်အားစုတွေနဲ့ ပူးပေါင်းဖို့အတွက် ရန်ကုန်က ထွက်ခွာသွားခဲ့ပါတယ်။ သူဟာ ဗကပမှာ စစ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ရင်းနဲ့ တစ်ဖက်နိုင်ငံမှာပဲ ကွယ်လွန်သွားခဲ့ပါတယ်။

## ဗိုလ်ချုပ်ကြီး သူရတင်ဦး

၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ သူ့ကို အငြိမ်းစား ပေးလိုက်ပါတယ်။ ဒီလို အငြိမ်းစားပေးရခြင်းရဲ့ အကြောင်းရင်းကတော့ သူ့ဇနီးသည်က ခင်ပွန်းဖြစ်သူရဲ့ အရှိန်အဝါကို အလွဲသုံးစားလုပ်ပြီး ပြည်ပရောက်နေတဲ့ [illegible] သံတွေက တစ်ဆင့် အိမ်ဆောက်ပစ္စည်း မှာတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပါ။ သူ့ကို အခုလို ထွက်ခွင့်ပေးတာကို မကျေနပ်လို့ ဗိုလ်ကြီး ခုန်းကျော်မြင့်နဲ့ အရာရှိငယ် တစ်စုက လူကြီးတွေကို လုပ်ကြံဖို့ ကြံစည်ကြတာတွေ ပေါ်ပေါက်သွားတဲ့ အတွက်ကြောင့် ဗိုလ်ကြီး ခုန်းကျော်မြင့်ကို သေဒဏ်နဲ့ ဗိုလ်ချုပ်ကြီး တင်ဦးနဲ့ အခြား အရာရှိအချို့ကို ထောင်ဒဏ် အသီးသီး ချမှတ်ခဲ့ပါတယ်။

သူ့အမှုမှာ အစိုးရ သက်သေအဖြစ် ပါခဲ့တဲ့ ကျွန်တော် အပါအဝင် အခြား အရာရှိတွေကိုတော့ အဆက်အသွယ် မလုပ်ရဘူးဆိုတဲ့ အမိန့် ထုတ်ခံခဲ့ရပါတယ်။ ဒါကြောင့် အပေါင်းအသင်းများပြီး အသိုင်းအဝိုင်း ကျယ်ဝန်းတဲ့ ကျွန်တော်တို့ အရာရှိငယ် တစ်စုဟာ တပ်မတော်နဲ့ လုံးဝနီးပါး ကင်းကွာသွားခဲ့ကြပါတယ်။ တပ်မတော်ထဲမှာ ပြောလေ့ပြောထရှိတဲ့ "ရဲဘော် ရဲဘက်စိတ်" ဆိုတာ အကျုံးမဝင်တော့ပါဘူး။ ဒီလိုဖြစ်စဉ်ဟာ ထိပ်ဆုံးက ဦးနေဝင်းရဲ့ အလိုကျ ဘောက်လှမ်းရေး ဆရာကြီးများက ထုတ်တဲ့ အမိန့်ပါ။ သူတို့ လက်သုံးစကားက "ကျူးမင်စုတ်၊ ကျူငုတ်မကျန်" ဆိုတာမျိုး၊ "ဆွေ စုနစ်ဆက်၊ မျိုး ခုနစ်ဆက်" ဆိုတာမျိုးတွေပါ။

ဦးတင်ဦးကြီး ထောင်ထဲမှာ သုံး-လေးနှစ်လောက် ကြာပြီး လွတ်လာတဲ့ အခါမှာလည်း အလားတူ ကံကြမ္မာမျိုး ကြုံတွေ့ရတာပါပဲ။ မိတ်ဆွေ အပေါင်းအသင်းများနဲ့ တပည့်တပန်း အများစုတွေက သူ့ကို မဆက်ဆံရဲကြတော့ပါဘူး။ ဒါတင်မက ဆွေမျိုးရင်းချာတွေကပါ ရှောင်ဖယ် ရှောင်ဖယ် ဖြစ်လာကြပါတယ်။ ဒီလိုအဖြစ်မျိုးကို ဖန်တီးခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ဦးနေဝင်း ဖြစ်ပါတယ်။ သူ စခဲ့တဲ့ မကောင်းတဲ့ အစဉ်အလာတစ်ခုပါ။

## ဗိုလ်ချုပ်ကြီး သူရရွှေမန်း

ဝင်အစိုးရခေတ်မှာ အနောက်တောင်တိုင်း စစ်ဌာနချုပ် (ပုသိမ်) က နေပြီး ဝစ်ရုံးကို ရောက်ရှိပြီး တပ်မတော်ရဲ့ ညှိ/ကွပ်လို့ ခေါ်တဲ့ ရာထူးကို ပေးအပ် ခြင်းခံရပါတယ်။ ဗိုလ်ချုပ်ကြီး ရာထူး ဖြစ်ပြီး ထိုစဉ်က နအဖ အစိုးရရဲ့ နံပါတ် ၃ လို့ ခေါ်နိုင်တဲ့ အဆင့်ပါ။ သူဟာ ၂၀၁၁ ခုနှစ်အထိ ဗိုလ်ချုပ်ကြီး ရာထူးနဲ့ ကြည်း/ရေ/လေ တပ်မတော်ကို ညှိနှိုင်း ကွပ်ကဲရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်၊ တပ်မတော် ခေါင်းဆောင်အဖြစ် ခုနစ်နှစ် ရှစ်နှစ်လောက် တာဝန် ယူခဲ့ရ တာပါ။

၂၀၁၁ ခုနှစ်က စပြီး ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့ရပါ တယ်။ ကျွန်တော်တို့ NLD လွှတ်တော် ကိုယ်စားလှယ်တွေဟာ ၂၀၁၂ ခုနှစ် က စပြီး နေပြည်တော်ကို ရောက်လာခဲ့ပါတယ်။ အဲဒီလို ရောက်ပြီး မကြာခင်

မှာ ကြံ့ခိုင်ရေး ကိုယ်စားလှယ် တစ်ဦးက ဦးဆောင်ပြီး အဆို တစ်ခု တင်ပါ တယ်။ အဲဒီအဆိုကတော့ ၂၀၀၈ ခု ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြန်လည် သုံးသပ်ဖို့ ဖြစ်ပါတယ်။ အဲဒီအဆိုကို လွှတ်တော် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးရွှေမန်းက လက်ခံ ဆွေးနွေးခွင့် ပေးလိုက်ပါတယ်။ ဒီကိစ္စဟာ နစ်နဲ့ ချီပြီး ကြာမြင့်ခဲ့ပါတယ်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြန်လည် သုံးသပ်ခွင့်နဲ့ ပတ်သက်လို့ ဒီလို လက်ခံ ဆွေးနွေးခွင့် ပေးလိုက်တာကို တပ်မတော်သား လွှတ်တော် ကိုယ် စားလှယ်များက လုံးဝ မကျေနပ်ကြပါ။ သူတို့ကိုယ်တိုင် သဘောပေါက်လို့ မကျေနပ်တာထက် အပေါ်က အမိန့်အရ မကျေနပ်ကြတာ ဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ပထမတော့ သာမန်လို့ပဲ ခေါက်မေ့ခဲ့ပါတယ်။ ဒါပေမဲ့ လွှတ်တော်ထဲမှာပဲ ဒုဗိုလ်မှူးကြီး အဆင့်ရှိတဲ့ လွှတ်တော် ကိုယ် စားလှယ် တစ်ယောက်က သူ့ကို "သစ္စာဖောက်" လို့ ပေါ်ပေါ်ထင်ထင် ပြောခဲ့တာ နားနဲ့ ဆတ်ဆတ်ကြားခဲ့ရဖူးပါတယ်။

ကျွန်တော် အံ့ဩသွားတာပေါ့။ တော်တော်လည်း စိတ်မကောင်း ဖြစ်မိ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော်မှာ နစ်ရှည်လများ ဦးဆောင်မှု လည်း ပေးခဲ့တဲ့ ပုဂ္ဂိုလ် တစ်ယောက်၊ ရာထူးအဆင့်ဆင့်မှာလည်း တက်တက် ကြွကြွ အမှုထမ်းခဲ့တဲ့ စစ်သားကောင်း တစ်ယောက်ကို တစ်စုံတစ်ခုသော အကြောင်းကြောင့် လက်အောက်ငယ်သား တစ်ယောက်က "သစ္စာဖောက်" လို့ ပြောလာရအောင် ပြောင်းလဲသွားစေတာ ဘာ့ကြောင့်ပါလိမ့်၊ ကျွန်တော် မေးခွန်း ထုတ်မိပါတယ်။

ဒီလို ပြောင်းလဲသွားတာကိုလည်း လက်ခံသင့်ကြပါသလား။ လေးလေး နက်နက် စဉ်းစား ဆွေးနွေးသင့်ကြပါတယ်။ ဒီလို မကောင်းတဲ့ အစဉ်အလာ တစ်ခု ပပျောက်အောင် ဘယ်လို လုပ်သင့်ကြပါသလဲ။ ဒါဟာ အရေးကြီးတဲ့ ကိစ္စ တစ်ခုပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အထက်မှာ ဖော်ပြခဲ့တဲ့ ပုဂ္ဂိုလ်ကြီး တွေဟာ သူတို့ တပ်မတော်သား ဘဝမှာတုန်းက တာဝန်တွေ ကျေပွန်ခဲ့ တယ်။ ဒါ့ထက်မက မိမိအသက်ကိုတောင် မငဲ့ဘဲ စွန့်စွန့်စားစားနဲ့ ထူးချွန်တဲ့ တာဝန်ကျေပွန်မှုတွေ ရှိခဲ့တယ်။

ဒီအချက်တွေဟာ အကျုံးမဝင်တော့ဘဲ တပ်မတော်သား အချင်းချင်းတောင် ရဲဘော်ရဲဘက်စိတ်နဲ့ ဆက်ဆံတာတွေ မလုပ်ရဲအောင်၊ ဒါ့အပြင် လူမှုအသိုင်းအဝိုင်းမှာတောင် ရဲရဲတွံ့တွံ့ မဝင်ရဲလောက်အောင် ဖြစ်သွားတဲ့အထိ နှိပ်ကွပ်သင့်ပါသလား။ အင်္ဂလိပ်လို ဆိုရင်တော့ Character assassination လုပ်ခဲ့တာဟာ သင့်တော်ပါရဲ့လား။ လေးလေးနက်နက် စဉ်းစားသင့်တဲ့ အချက် တွေပါ။

## နိုင်ငံကြီးသား ဖြစ်ကြဖို့ ဆိုရင်

ဒီလို ခေါင်းစဉ်တပ်ပြီး ရေးလို့ တစ်ချို့က ကျွန်တော့်ကို ကြီးကျယ်တယ်လို့ သင်ကောင်း ထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားသင့်တဲ့ အချက်တွေ ခေါင်းထဲ ပေါ်လာတဲ့အတိုင်း တင်ပြရတာပါ။

၁။ ကျွန်တော် ပြည်ပနိုင်ငံ အချို့ကို ရောက်ခဲ့ဖူးပါတယ်၊ ထိုင်း၊ စင်ကာပူ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယန်၊ ဟော်လန်နဲ့ အင်္ဂလန် နိုင်ငံတို့ပါ။ အဲဒီနိုင်ငံ ရောက်နေတဲ့ ကျွန်တော်တို့ လူမျိုးတွေဟာ အရေးဆိုရင်တော့ "မြန်မာ" လို့ ကြွေးကြော်လေ့ ရှိပေမဲ့ တကယ့် နိစ္စဓူဝ အလုပ်တွေ လုပ်ရင်းနဲ့ တစ်ယောက်နဲ့ တစ်ယောက် တွေ့ရင် အချင်းချင်း မကောင်းပြောကြတယ်၊ ကွဲရဲ့ ကြတယ်၊ အုပ်စုဖွဲ့ကြတယ်။ ဒီအမူအကျင့်တွေဟာ နိုင်ငံကြီးသား တစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေပါလား။

၂။ လူတစ်ယောက်ဟာ ရာထူးကြီးမြင့်လာပြီဆိုရင် လူတွေက ဝိုင်းအုံပြီး ရှိုးမြှောက်ကြတယ်၊ ချဉ်းကပ်ကြတယ်၊ သိသိသာသာကြီး မြှောက်ပင့် ပြောဆိုကြတယ်။ အဲ... သူ ရာထူးကနေ ဖယ်ရှားခံရတာနဲ့ တစ်ပြိုင်နက် လူတွေက သိသိသာသာကြီး ရှောင်ဖယ်လာကြတယ်၊ မျက်နှာချင်းဆိုင် တွေ့ရင်တောင် မမြင်ချင်ယောင်ဆောင်ပြီး အဖက်မလုပ်ကြတော့ပါ။ ကျွန်တော်ကိုယ်တိုင် ခံရဖူးလို့ အခုလို ပြောနိုင်တာပါ။ နိုင်ငံကြီးသား ဖြစ်ချင်ရင် ဒီလို အမူအကျင့်မျိုးကို လက်ခံ ကျင့်သုံးသင့်ပါသလား။

၃။ လူတစ်ယောက်ကို ရာထူးကနေ ဖယ်ရှားခံလိုက်ရတာနဲ့ တစ်ပြိုင်နက် သူနဲ့ နီးစပ်ရာ တပည့်တပန်းများနဲ့ ဆွေမျိုးများကိုပါ အကြောင်းမဲ့ အရေးယူတဲ့ အမှုအကျင့်မျိုးကို တာဝန်ရှိတဲ့သူတွေက ကျင့်သုံးသင့်ပါသလား။

၄။ သူ့ကိုသာမက သူ့ပတ်ဝန်းကျင်က သူတွေကို အရေးယူခဲ့တဲ့အပြင် သူနဲ့ ပတ်သက်လို့ အဆက်အသွယ် ဖြစ်ဖို့ ဝိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ တားမြစ် ပိတ်ပင်စေခဲ့တာဟာ သင့်လျော်ပါရဲ့လား။

အထက်ပါ အကြောင်းအရာအချို့ကတော့ ကိုယ့်ကိုယ်ကိုယ် "ရွှေမြန်မာပေ့" လို့ ကြွေးကြော်တဲ့သူတိုင်း စဉ်းစားနိုင်ဖို့ ကျွန်တော် မှတ်မိသမျှ ကိစ္စအချို့ကို ရွေးချယ် တင်ပြခြင်း ဖြစ်ပါတယ်။ ဒီသဘောတရားတွေဟာ ထိပ်ပိုင်းကို ရောက်နေတဲ့ ပုဂ္ဂိုလ်များမှာ အထူး တာဝန်ရှိတယ်လို့ မြင်တဲ့အတွက် ကျွန်တော်နဲ့ တပ်ချုပ်များ ဆောင်းပါးမှာ အခွင့်ကောင်းသင့်လို့ မီးမောင်း ထိုးပြလိုက်ခြင်း ဖြစ်ပါတယ်။

အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

*****

## ကျွန်တော်နှင့် အပတ်စဉ် ၁ က အစ်ကိုကြီးများ

**နိဒါန်း**

ကျွန်တော်က စစ်တက္ကသိုလ် အပတ်စဉ် ၅ ဆိုတော့ အပတ်စဉ် ၁ ကနေ ၄ အထိ DSA မှာ ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်အားလုံးဟာ ကျွန်တော့်ရဲ့ အစ်ကိုကြီးတွေပေါ့။ သူတို့ကလည်း ကျွန်တော့်ကို ညီလေးလို သဘောထားကြတာပေါ့။ ယေဘုယျအားဖြင့် အသက် ၁၈ နှစ်ကနေ ၂၂ နှစ်အထိ ရှိတဲ့ လူပျို လူရွယ်လေးတွေချည်း လေးနှစ်တာ ကာလလုံး ပိတ်လှောင်ပြီး လေ့ကျင့်ခံ ထားရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တဲ့ အတွက် ကျွန်တော်တို့/သူတို့ အချင်းချင်း ဆက်ဆံရေးဟာ ပြင်ပက တခြားလူငယ်တွေ ဆက်ဆံရေး အတွက် ထူးခြားတဲ့ ဆက်ဆံရေး အနေအထား ရှိပါတယ်။ အဲဒါကမှ တစ်ဆင့် တစ်သက်တာလုံး နီးပါး ကြုံရင် ကြုံသလို ပေါ်ပေါက်လာခဲ့တဲ့ "အစ်ကိုကြီး ညီလေး" ဆိုတာ လူသိများလာခဲ့တာပါ။

ကျွန်တော်တို့ Intake ၁၉၅၉ ဇန်နဝါ၊ ဇွန်လမှာ မေမြို့ (ပြင်ဦးလွင်) ကို ရောက်တဲ့အခါ အပတ်စဉ် ၁ က အဲဒီနှစ် ဧပြီလမှာ ကျောင်းဆင်းသွားကြပါပြီ။ ကျွန်တော်တို့ မမီလိုက်ကြပါဘူး။ ဒါပေမဲ့ သူတို့ထဲက တချို့ကိုတော့ ခဏတစ်ဖြတ် တွေ့ခဲ့ဖူးပါတယ်။ ဘယ်မှာ တွေ့ခဲ့သလဲ ဆိုတော့ ကျွန်တော်တို့ မိတ္ထီလာ အ ထ က ၁ကို DSA ကျောင်းတက်နေတဲ့ အဖွဲ့က လာရောက်ပြီး သူတို့ ကျောင်းအကြောင်း လာရောက် ဟောပြောကြစဉ်က ဖြစ်ပါတယ်။ သူတို့ကို အားကျစေဖို့ လက်ရုံးရည်နဲ့ နှလုံးရည် ပြည့်ဝတဲ့ နိုင်ငံ့တာဝန်များ မွေးထုတ်ပေးမယ့် စစ်ကျောင်းကြီး တစ်ကျောင်း ဖြစ်ကြောင်း လာရောက် ဟောပြောခဲ့ကြပါတယ်။

အဲဒီလို ဟောပြောကြစဉ်တုန်းကတော့ ဘယ်သူတွေ ဟောပြောခဲ့ကြ




သလဲဆိုတာ မမှတ်မိတော့ပါဘူး။ ဒါပေမဲ့ သူတို့ ပြောပြောတာကို သဘော
ကျပြီး ကျွန်တော့် သူငယ်ချင်း တစ်ယောက် စစ်တက္ကသိုလ် တက်ခွင့်ရသွား
ပါတယ်။ အပတ်စဉ် ၃ မှာပါ၊ ဗိုလ်လောင်း နံပါတ် ၈၈ ဝင်းမောင် ဖြစ်ပါတယ်။

## Regular Army Officer တပ်မတော်ရဲ့ အမြဲတမ်း အရာရှိများ

စစ်တက္ကသိုလ်ကို စတင် တည်ထောင်စဉ်တုန်းက ဗထူးမြို့မှာ ဖြစ်ပါတယ်။ စစ်တက္ကသိုလ် ရောက်လာမယ့် ဗိုလ်လောင်းတွေကို စစ်ပညာနဲ့ တပေတွေကို ပူးတွဲ သင်ကြားပေးပြီး သင်တန်း လေးနှစ်ပြည့်လို့ အောင်မြင်ရင် တပ်မတော် မြန်တမ်းဝင် အရာရှိများအဖြစ် ခန့်အပ်မှာ ဖြစ်ပါတယ်။ အဲဒီလို ခန့်အပ်ရာမှာ Officer Training School - OTS ကျောင်းက ဆင်းတဲ့ အရာရှိတွေနဲ့ မတူတဲ့ အတွက် သူတို့ တစ်ဦးချင်းဆီကို ပေးခဲ့တဲ့ မြန်တမ်းဝင် အရာရှိ အမှတ်မှာ 'R' ဆိုပြီး တွဲပေးလေ့ ရှိပါတယ်။

အဓိပ္ပာယ်ကတော့ "အမြဲတမ်း Regular" သဘောပါ။ ဘာဖြစ်လို့လည်း ဆိုတော့ OTS ကို သင်တန်း တက်ခွင့်ရတဲ့ ပုဂ္ဂိုလ်တွေက သင်တန်း ရှစ်လ ပေးပြီးတာနဲ့ အရာရှိ ဖြစ်တဲ့သူတွေနဲ့စာရင် တပ်မတော်ရဲ့ အမြဲတေ အရာရှိ တွေ ဆိုတဲ့သဘောပါ။ DSA ကျောင်းဆင်းတွေရဲ့ အရာရှိ ကိုယ်ပိုင် နံပါတ် တွေကို 'R' လို့ သတ်မှတ်တာနဲ့ ပတ်သက်ပြီး တပ်မတော် အရာရှိ လောကမှာ အကျယ် အကျယ် အငြင်းပွားဖွယ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့ ထင်ပါရဲ့ ကျွန်တော်တို့ ကျောင်းဆင်းတဲ့ ၁၉၆၃ ခုနှစ် နောက်ပိုင်းမှာတော့ ဒီလို 'R' လို့ သတ်မှတ်တဲ့ စနစ်ဟာ တစ်စ တစ်စနဲ့ မှေးမှိန် ပျောက်ကွယ်သွားခဲ့ပါတယ်။

## နောင်တစ်ခေတ်၏ အောင်စစ်သည်

စစ်တက္ကသိုလ်ဟာ ဗထူးမြို့မှာ နှစ်နှစ်ပဲ ရှိနေခဲ့ပါတယ်။ အပတ်စဉ် ၁ နဲ့ ၂ ပေါ့။ စစ်ပညာနဲ့ တပေပညာတွေကို အပတ်တကုတ် သင်ကြားပြီးလို့ စနေ၊ တနင်္ဂနွေ ရက်အားတွေမှာ အပန်းဖြေ လည်ပတ်စရာနေရာ ရှားပါးတာရယ်၊ ဗထူးမြို့ပတ်ဝန်းကျင်မှာလည်း ကျေးလက်ဆန်တဲ့ လူမှုအသိုင်းအဝိုင်းတွေပဲ ရှိခဲ့လေတော့ လူပျိုပေါက် သာသာ ဗိုလ်လောင်း လူငယ်တွေ အတွက် ပတ်ဝန်းကျင်နဲ့ တသီးတခြား ဖြစ်နေတာကို ထိုစဉ်က တပ်မတော် လူကြီးတွေက မြင့် သုံးသပ်ပြီး ယခု ပြင်ဦးလွင်လို့ ခေါ်တဲ့ မေမြို့ကို ၁၉၅၈ ခုနှစ် နှစ်ဆန်း ပိုင်းက စပြီး ပြောင်းရွှေ့လာခဲ့ပါတယ်။

ဒီလို စစ်တက္ကသိုလ် တည်ထောင်တာတွေ၊ တည်ထောင်ပြီးတော့လည်း

ဗိုလ်လောင်း ကျောင်းသားတွေရဲ့ အနေအထားတွေကို အမြဲမပြတ် စောင့်ကြည့်နေတဲ့သူတွေကတော့ ထိုစဉ်က တပ်မတော် ခေါင်းဆောင်များ ဖြစ်တဲ့ ဗိုလ်မှူးချုပ် မောင်မောင်၊ ဗိုလ်မှူးကြီး ကျော်စိုးနဲ့ ဗိုလ်မှူးကြီး သန်းစိန်တို့ ဖြစ်ကြပါတယ်။ အဓိက တာဝန် အရှိဆုံး ပုဂ္ဂိုလ်ကတော့ ဗိုလ်မှူးချုပ် မောင်မောင် ဖြစ်ပါတယ်။ သူဟာ တပ်မတော် လေ့ကျင့်ရေး ညွှန်ကြားရေးမှူး အဖြစ်နဲ့ အမေရိကန် နိုင်ငံကို သွားရောက် လေ့လာခဲ့ပါတယ်။ အဲဒီ လေ့လာတဲ့ ခရီးစဉ်မှာ နယူးယောက် မြို့တော်ကြီးနားမှာ ဖွင့်လှစ်ထားတဲ့ နာမည်ကျော် West Point စစ်တက္ကသိုလ်ကိုလည်း ရောက်ခဲ့ပါတယ်။

သူဟာ ထိုစဉ်က ဗိုလ်မှူးကြီးအဆင့်ပဲ ရှိပါသေးတယ်။ မြန်မာပြည် ပြန်ရောက်တဲ့အခါ သူ့ရဲ့ စိတ်ကူးစိတ်သန်းတွေကို အကောင်အထည် ဖော်ဖို့ အတွက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းကို တင်ပြခဲ့ပါတယ်။ သူ့ရဲ့ သဘောတူညီချက်အရ စစ်တက္ကသိုလ်ကို ဗထူး တပ်မြို့မှာ တည်ထောင်ဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီလို တည်ထောင်ပြီးတော့ သင့်လျော်တဲ့ တပ်မ ဆိုင်ရာ ဆရာတွေ၊ စစ်ပညာဆိုင်ရာ ဆရာတွေ စုစည်းပေးရုံတင်မက တက်ရောက်သင့်တဲ့ လူငယ်တွေကို စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ် ၁ အဖြစ် တက်ရောက်နိုင်အောင် ပညာရေး အသိုင်းအဝိုင်းနဲ့ အစိုးရ အသိုင်းအဝိုင်းက လူငယ်တွေကို ရအောင် စုစည်းပေးခဲ့ရာမှာလည်း ဆော်ဩခဲ့ပါတယ်။ ဒါကြောင့် ဗထူးမြို့မှာ ၁၉၅၅ ခုနှစ်မှာ စတင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဗိုလ်လောင်း အပတ်စဉ် ၁ ဟာ လူငယ်အင်အား ၅၀ ကျော်နဲ့ စတင်နိုင်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ စစ်တက္ကသိုလ်ကို စတင် တည်ထောင်သူ (သို့မဟုတ်) စစ်တက္ကသိုလ်ရဲ့ ဖခင်လို့ ပြောရမယ်ဆိုရင် ကွယ်လွန်သွားခဲ့တဲ့ ဗိုလ်မှူးချုပ် မောင်မောင်ပဲလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒီလို တည်ထောင်ပြီးတဲ့ အခါမှာ လိုအပ်ချက်အရ စစ်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်အဖြစ် ရွေးချယ်တဲ့အခါ : ဆရာကြီးများနဲ့ စစ်တက္ကသိုလ်က တပေပညာရှင်တို့ အကြိမ်ကြိမ် တိုင်ပင်ပြီး သင့်လျော်တဲ့ ဆောင်ပုဒ်တစ်ခုကို ရွေးချယ် သတ်မှတ်လိုက်ပါတယ်။ "နောင် တစ်ခေတ်၏ အောင်စစ်သည်" ပါတဲ့။

## အပတ်စဉ် ၁

စစ်တက္ကသိုလ် အပတ်စဉ် ၁ ကျောင်းဆင်းတဲ့ နှစ်က ၁၉၅၇ ခုနှစ် ဧပြီလ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းကို ရောက်တော့ သူတို့ထဲက တစ်ဦးတစ်ယောက်နဲ့မှ မတွေ့ကြုံခဲ့ရပါ။ ဒါပေမဲ့ ကျွန်တော်တို့ ရှေ့က အပတ်စဉ် ၂ / ၃ / ၄ က အစ်ကိုကြီးတွေနဲ့ နီးစပ် တွေ့ဆုံ ပြောဆိုကြရတဲ့ စကားတွေထဲကမှ သူတို့အကြောင်းတွေ တစ်စ တစ်စ ကြားသိလာခဲ့တာပါ။

တစ်ဆင့်စကား တစ်ဆင့်ကြားတွေ မရှိမီကတည်းက အပတ်စဉ် ၁ က အစ်ကိုကြီး သုံးယောက်ကိုတော့ အဲဒီခေတ် သတင်းစာများက တစ်ဆင့် ကြားသိပြီးခဲ့ပါပြီ။ သူတို့ကတော့ ကိုသောင်း၊ ကိုဗိုလ်ရှိန်းနဲ့ ကိုစံလွင်တို့ အကြောင်း ဖြစ်ပါတယ်။ သူတို့ အပတ်စဉ် ကျောင်းဆင်းပွဲ အကြောင်း သတင်းစာထဲမှာ ပါလာခဲ့ပါတယ်။ အဲဒီ ကျောင်းဆင်းပွဲမှာ အောင်စစ်သည် ဆုကို ဗိုလ်လောင်း မောင်သောင်း။ လေ့ကျင့်ထူးချွန်ဆုကို ဗိုလ်လောင်း ဗိုလ်ရှိန်းနဲ့ စာပေ ထူးချွန်ဆုကို ဗိုလ်လောင်း စံလွင်တို့ ဆွတ်ခူးသွားတဲ့ သတင်း ပါခဲ့လို့ပါ။

## ကိုသောင်း

ကိုသောင်းက ကျောက်ဆည် ဇာတိပါ။ အသားဖြူ ပါတယ်။ အရပ်က ငါးပေ ရှစ်လက်မလောက် ရှိမှာပါ။ ခန္ဓာကိုယ် ကျစ်လျစ် တောင့်တင်းပါတယ်။ ဂိတ်မ,တယ်လို့ သိရပါတယ်။ ပြုံးလိုက်ရင် သွားတစ်ကလေးနဲ့ ဆိုတော့ ရုတ်တရက် မြင်လိုက်ရရင် ချစ်စရာ တစ်မျိုး ကောင်းနေပါတယ်။ သူဟာ ကျောင်းဆင်းပွဲမှာ အောင်စစ်သည်ဆု ဆွတ်ခူးပြီးလို့ သူ့ရဲ့ မိခင်တပ်ရင်း တင့်ကားတပ်ကို သတင်းပို့ပြီးလို့မှ မကြာခင် အဲဒီတုန်းက ဒုချုပ် (ကြည်း) ဖြစ်နေတဲ့ ဗိုလ်မှူးချုပ် အောင်ကြီးက သူ့ PSO အဖြစ် ခေါ်ယူခြင်း ခံရပါတယ်။

သူ PSO ဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် သူ့ဆရာရဲ့ အစီအမံကြောင့် ချက်ချင်း ဗိုလ်ကြီးအဆင့် သပြေခက် သုံးခက်ကို တပ်ဆင်ခွင့် ရပါတယ်။ အဲဒီခေတ်က ကာက (ထူး) ရဲ့ အစီအစဉ်အရ Local Captain ဒေသန္တရ ဗိုလ်ကြီး အဆင့်အဖြစ် တိုးမြှင့်ပေးတဲ့ အစီအစဉ်ပါ။ ဒါပေမဲ့ လစာကိုတော့

ဒုတိယဗိုလ် လာတာပဲ ခံစားခွင့် ရှိပါတယ်။ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေး ကောင်စီ တက်တဲ့အခါ တပ်မတော် ခေါင်းဆောင်တွေက အစိုးရ တာဝန်တွေ ထမ်းဆောင်နေတဲ့ ဗိုလ်ချုပ် အောင်ကြီးရဲ့ သတင်းတွေဟာ စဉ်ဆက်မပြတ် ပါလာလေ့ ရှိပါတယ်။ သူ့သတင်းနဲ့တကွ ဓာတ်ပုံတွေ ပါလာတိုင်း ကိုသောင်း ဟာ သူ့ဆရာနားမှာ ပါလာလေ့ ရှိတဲ့အတွက် ကျွန်တော်တို့ အမြဲ သတိပြုမိ နေပါတယ်။

ဒါပေမဲ့ နောက်တစ်နှစ်မှာပဲ ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ ဗိုလ်မှူးချုပ် အောင်ကြီးတို့ သဘောထား မတိုက်ဆိုင်မှုကြောင့် ဗိုလ်မှူးချုပ် အောင်ကြီး နုတ်ထွက်သွားရပါတယ်။ သူ နုတ်ထွက်သွားတဲ့အခါမှာ ကိုသောင်းဟာ မွန် ပြည်နယ်က ခြေလျင်တပ်ရင်း တစ်ရင်းကို ပြန်ပို့ခြင်း ခံခဲ့ရပါတယ်။ Local Captain မဖြစ်တော့ပါ။ ဗိုလ်အဆင့်ဘဝနဲ့ပဲ တာဝန်ယူ ထမ်းဆောင်ရပါတယ်။ အဲဒီ တပ်မှာ တာဝန် ထမ်းဆောင်လို့ တစ်နှစ် မပြည့်မီမှာဘဲ ကချင် ပြည်နယ် ဗန်းမော်မြို့က ခလရ ၄၇ ကို ပြောင်းရွှေ့တာ ခံခဲ့ရပါတယ်။

အကြောင်းရင်းကတော့ ကိုသောင်းဟာ မေမြို့ (ပြင်ဦးလွင်) မှာ ရှိတဲ့ သင်တန်း တစ်ခုကို သွားတက်ပါတယ်။ အဲဒီအချိန်မှာ သူ့ဆရာ ဗိုလ်မှူးချုပ် အောင်ကြီးက မေမြို့ကို ရောက်နေပါတယ်။ ဒီသတင်းကြောင့် ကိုသောင်းဟာ သင်တန်းအားရက် တစ်ရက်မှာ ဗိုလ်ချုပ် အောင်ကြီးကို သွားပြီး နှုတ်ဆက်ပါ တယ်။ အဲဒီလို သွားရောက် တွေ့ဆုံတာကို ထောက်လှမ်းရေးက သတင်း ပို့တဲ့ အတွက် ကိုသောင်းကို သတိပေးတဲ့ အနေနဲ့ တပ်ပြောင်းလိုက်ခြင်း ဖြစ်တယ်လို့ ယူဆမိပါတယ်။ ဗိုလ်မှူးချုပ် အောင်ကြီးဟာ တပ်ကထွက်တဲ့ အချိန်က စပြီး သူသွားတဲ့ နေရာ၊ တည်းခိုတဲ့ နေရာမှန်သမျှကို ထောက်လှမ်း ရေးက တကောက်ကောက် လိုက်နေတဲ့အချိန်ပါ။

စီနီယာ တပ်ခွဲမှူး ဘဝရောက်တဲ့ အခါမှာ သူဟာ မြစ်ကျွန်းပေါ်မှာ ရှိတဲ့ သနက ၂ ကို ရောက်သွားပြန်ပါတယ်။ အဲဒီမှာတော့ နောက်ပိုင်းမှာ အရာရှိဖြစ်လာတဲ့ DSA ကျောင်းဆင်း ကလေးတွေနဲ့ တွေ့ဆုံခဲ့တာ သိရပါ တယ်။ ကျွန်တော် စစ်ရုံးကို ရောက်တော့ ကက (ကြည်း) စီမံရေးမှာ အပတ်စဉ် ၁ က ရွှေတံဆိပ်ဆုရှင် ကိုစံလွင်နဲ့ တစ်ဌာနတည်း တာဝန်ထမ်းဆောင်

ရပါတယ်။ ကိုစံလွင်ကို အကြောင်းပြုပြီးတော့ နယ်တကာ့နယ်က ရောက်လာတဲ့ အပတ်စဉ် ၁ ကျောင်းဆင်း အရာရှိတွေ စစ်ရုံးကို ရောက်လာကြတိုင်း လာနှုတ်ဆက်ကြတဲ့ အတွက် ကျွန်တော်နှိုပါ သိကျွမ်းခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကက (ကျင့်) မှာ ကိုထွန်းရွှေနဲ့ ကိုအေးတို့ ရောက်နေကြပါပြီ။

ကိုသောင်းဟာ ကျောင်းဆင်းတုန်းက မိခင်တပ်ရင်းက တင့်ကားတပ်ဆိုပေမဲ့ ဗိုလ်ချုပ် အောင်ကြီး PSO ဘဝကို လွှတ်သွားတဲ့ နောက်ပိုင်းမှာတော့ ခြေလျင်တပ်တွေမှာပဲ တာဝန်ကျခဲ့ပါတယ်။ ကျွန်တော် သတိထားမိတာက အရာရှိငယ်ဘဝက ကိုသောင်းဟာ စကား အပြောအဆို အမူအရာ သိမ်မွေ့ပါတယ်။ စစ်ရုံးကို ရောက်တဲ့ အခါတိုင်း ကိုစံလွင်ကို လာနှုတ်ဆက်တဲ့အခါမှာ "ကိုစံလွင်" လို့ ခေါ်ဝေါ် နှုတ်ဆက်လေ့ရှိပါတယ်။ ကက (ကျင့်) က ကိုထွန်းရွှေကိုလည်း "ကိုထွန်းရွှေ" လို့ ခေါ်ဝေါ်လေ့ရှိပါတယ်။ သူတို့ကို စကားပြောတဲ့အခါမှာလည်း "ခင်ဗျား - ကျွန်တော်" လို့ သုံးနှုန်းလေ့ ရှိပါတယ်။

ကိုအေးနဲ့ကျတော့ "ဟေ့ကောင်...မောင်အေး" လို့ ပြောဆို ဆက်ဆံလေ့ ရှိပြီး သူက အကြီးအနေနဲ့ ခေါ်ဝေါ် သုံးနှုန်းလေ့ ရှိပါတယ်။ ကိုအေးကတော့ သူ့ကို ခွန်းတုံ့ပြန်လေ့ မရှိဘဲ ပြုံးပြုံး ပြုံးပြုံးနဲ့ နေလေ့ရှိပြီး ကိုသောင်းကိုတော့ "ခင်ဗျား - ကျွန်တော်" လို့ခေါ်ဝေါ် ဆက်ဆံခဲ့ပါတယ်။ ဒီအခြေအနေလေးတွေကို ရေးပြနေရတာက နောင် သူတို့ ရာထူးကြီးလာတဲ့အခါ ပြောင်းလဲသွားတဲ့ ဆက်ဆံပုံတွေကို သတိပြုမိလို့ပါ။

## ကိုညာဏ်လင်းတို့ ညီအစ်ကို

အလားတူပဲ သိကျွမ်း ခင်မင်ခဲ့တဲ့ သူတွေကတော့ ကိုညာဏ်လင်း၊ ကိုသော်တာစိန်၊ ကိုတင်လှိုင်နဲ့ ကိုလှမော်တို့ ဖြစ်ပါတယ်။ ကိုညာဏ်လင်းတို့ညီအစ်ကိုတွေက ထူးခြားပါတယ်။ ကိုသိန်းလင်း၊ ကိုစံလင်း၊ ဗိုလ်သာလင်းနဲ့ မောင်လင်းတို့ အားလုံးဟာ တပ်မတော်က အရာရှိတွေပါ။ သူတို့ရဲ့ဖခင်ဦးဘလင်း (ထင်ပါတယ်) က သစ်တောမင်းကြီးဘဝနဲ့ ပျဉ်းမနားမှာရှိတုန်းကမှာ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်မယ့် ဒုတိယ ဗိုလ်မှူးကြီး နေဝင်းကို အမှာနဲ့ ညှော်ခဲ့လေ့ရှိပါတယ်။

အဲဒီလို တကြေ ခေါက်ကြတဲ့အခါမှာ သူ့သားတွေကို တန်းစီစေပြီး "ဗိုလ်ချုပ်" (အဲဒီကတည်းက ဦးနေဝင်းကို ဗိုလ်ချုပ်လို့ ခေါ်ခေါ် သုံးနှုန်းခဲ့တယ်။) "ကျွန်တော့် သားတွေ ကြီးလာရင် ဗိုလ်ချုပ် တပ်ထဲကို အကုန် ထည့်မှာ၊ အဲဒီ ဗိုလ်ချုပ်ကို အခုကတည်းက အပ်ပါတယ်" ဆိုပြီး ကလေး တွေကို အဲဒီကတည်းက မိတ်ဆက်ပေးခဲ့တယ်။ ကိုသိန်းလင်းကတော့ တက္ကသိုလ် ပြီးတာနဲ့ OTS ကို ဝင်တယ်။ OTS တက်ပြီး အရာရှိ ဖြစ်လာခဲ့ပါတယ်။ ကိုဉာဏ်လင်းနဲ့ ကိုစံလင်းတို့က အမြွှာလို့ ပြောပါတယ်။ DSA ရောက်လာကြပါတယ်။

ကိုစံလင်းက အနေ အေးဆေးပါတယ်။ သူ ဒုဗိုလ်မှူးကြီး ဖြစ်တော့ အကျဉ်းဦးစီးဌာနမှာ ညွှန်ကြားရေးမှူး အဖြစ်နဲ့ ပင်စင်ယူသွားတယ် ထင်ပါ တယ်။ ကျွန်တော်က အကျဉ်းသားဘဝနဲ့ ထောင်ကျစဉ်တုန်းက ဆုံခဲ့ရပါ တယ်။ မာန်မာန သိပ်မရှိပါ။

ကိုဉာဏ်လင်းကတော့ ထက်ပါတယ်။ ဗိုလ်ကြီး ဘဝနဲ့ အမေရိကန် နိုင်ငံကို စစ်သင်တန်း တက်ဖို့ ပို့တဲ့အခါမှာလည်း သင်တန်းတွေ အောင်မြင်ခဲ့ ပါတယ်တဲ့။ အလုပ်လည်း အင်မတန် ကြိုးစားပါတယ်။ ကျွန်တော် စစ်ရုံးမှာ ရှိစဉ်က သူဟာ ကက (ကြည်း) သုတေသနမှာ ဦးစီး အရာရှိ (ဒုတိယတန်း) အဖြစ် ရောက်လာလို့ သိကျွမ်း ခင်မင်ခွင့် ရခဲ့ပါတယ်။ စစ်သွေး စစ်မာန် အပြည့် ရှိပါတယ်။ သူ့ဇနီးကတော့ မေရီကွက်ဇီကိုလို့ ခေါ်ပါတယ်။ သူ့ဇနီး ကလည်း သဘောကောင်းကြီးပါ။ ကိုဉာဏ်လင်းနဲ့ ငယ်သူငယ်ချင်းပေါ့။ သူတို့ အိမ်ထောင်ကျတဲ့ အချိန်မှာ မေရီက စက်မှုတက္ကသိုလ်မှာ ဆရာမ ဖြစ်နေ ပါပြီ။ သား သုံးယောက် ထွန်းကားပါတယ်။

ကိုဉာဏ်လင်းဟာ တပ်ရင်းမှူး ဖြစ်တော့ မိတ္ထီလာက ကချင် ၄ ထိ ရောက်ရှိသွားပါတယ်။ ကျွန်တော်ကလည်း နှစ်စဉ် တစ်နှစ် တစ်ကြိမ် မိသား များထံ ပြန်လေ့ရှိတဲ့အခါ မိတ္ထီလာ ရောက်ခိုက် တပ်ရင်းမှူး ဖြစ်နေတဲ့ ကိုဉာဏ်လင်းအိမ်ကို အလည်အပတ် သွားခဲ့ပါတယ်။ ကျွန်တော် သူ့အိမ် ရောက်သွားတော့ သူ့အမျိုးသမီး ထင်ပါတယ်၊ ဧည့်ခန်းထဲမှာ ဂျာနယ် ဖတ်နေတာ တွေ့ရပါတယ်။ ကျွန်တော်က "ကိုဉာဏ်လင်းဆီ လာလည်တာ

ပါ" လို့ ပြောတဲ့အခါ ဖတ်နေတဲ့ စာအုပ်ကို ချထားပြီး "အိမ်နောက်ဘက်မှာ" လို့ ပြန်ပြောပါတယ်။ အသံက အေးတိအေးစက်ပါ။

ကျွန်တော်က အိမ်နောက်ဘက်ကို ဆင်းသွားတဲ့အခါ ကိုညက်လင်းကို တွေ့ရပါတယ်။ ပုဆိုး တိုတိုဝတ်ပြီး စွပ်ကျယ်အကျီ ချိုင်းပြတ်နဲ့ ပေါက်တူး ပေါက်နေပါတယ်။ ကျွန်တော် နှုတ်ဆက်တော့ သူက ဘူးပင် စိုက်မလို့ ဆိုလားပဲ။

ကျွန်တော့်ကို မြင်တော့ ပေါက်တူးကို ချထားပြီး "လာရော" လို့ ပြောပြီး ဧည့်ခန်းကို သွားကြပါတယ်။ ကျွန်တော့်ကို ကော်ဖီနဲ့ ဧည့်ခံပါတယ်။ အမျိုးသမီးကတော့ စာဖတ်မပျက်ပါ။ အဲဒီအခါကျမှ ကိုညက်လင်းတို့ရဲ့ အိမ်ထောင်ရေး အခြေအနေကို သဘောပေါက်ခဲ့ပါတယ်။

နောက်များ မကြာမီ ဆရာမ ဒေါ်မေရီဟာ သူ့အမျိုးတွေရှိရာ အမေရိကန်ကို အလည်အပတ် သွားခဲ့ပါတယ်။ သူ့သား သုံးယောက်ကိုလည်း ခေါ်သွားခဲ့ပါသတဲ့။ ဒါပေမဲ့ သူ ပြန်မလာတော့ပါဘူး။ ဒါနဲ့ပဲ ကိုညက်လင်းဟာ တစ်ခုလပ် ဖြစ်လာခဲ့ပါတယ်။ ဗိုလ်မှူးကြီး ဖြစ်တဲ့အထိ ဆိုပါတော့။

အငယ်ဆုံး ခင်မောင်လင်းကတော့ အင်ဂျင်နီယာဘွဲ့ အင်ဂျင်နီယာ တပ်ထဲ ဝင်ခဲ့ပါတယ်။ သူ့အထက်က ဗိုလ်သာလင်းကတော့ မြေလျှင်မှာပါ။ နဝတ တက်တုန်းက အမရပူရ မြို့နယ် တာဝန်ခံပါ။ ၁၉၈၈ ခုနှစ် နှောင်းပိုင်း ဒေါ်အောင်ဆန်းစုကြည် အထက်ဗမာပြည် စည်းရုံးရေး ခရီးစဉ်မှာ သူ့မြို့နယ် ကို ရောက်တော့ နည်းမျိုးစုံနဲ့ နှောင့်ယှက် တားဆီးတာ ခံခဲ့ရဖူးပါတယ်။

ကိုသော်တာစိန်ကတော့ သူ့ အပတ်စဉ်က စာတော်တဲ့အထဲမှာ ပါပါတယ်။ ကိုစံလွင်ရော သူရောဟာ ဗိုလ်လောင်းဘဝ ကတည်းက မျက်မှန်တပ်ခဲ့ရတဲ့သူတွေပါ။ ခုခေတ်လိုမျိုး ဆိုရင် သူတို့ဟာ တပ်မတော် အရာရှိ ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ကိုသော်တာစိန်ဟာ ကိုထွန်းရွှေနဲ့ အလွန်ရင်းနှီး ခင်မင်တဲ့သူလို့ သိရပါတယ်။ သူတို့ နှစ်ယောက် အရာရှိငယ် ဘဝကတည်းက ၃၈ လမ်းမှာ တိုက်ခန်းတစ်ခု ငှားပြီး အတူတူ အချိန်ဖြုန်းခဲ့လေ့ ရှိပါသတဲ့။

## ကိုတင်လှိုင်နဲ့ ကိုလှမော်

ကိုတင်လှိုင်ကတော့ အသားညိုညို၊ ထောင်ထောင်မောင်းမောင်းပါ။ ရုပ်ရည် တည်တဲ့ ခန့်ညားပါတယ်။ ကိုလှမော်ကတော့ အသားဖြူဖြူ၊ ရုပ်ရည် ပြေပြစ်ပြီး လှုပြစ်တဲ့ မျက်နှာမှေး အစုက သူ့အင်္ဂါရုပ်ကို ပိုပြီး ထူးခြားစေပါတယ်။ မအူပင် ဇာတိ ဖြစ်ပါတယ်။ ကိုတင်လှိုင်ဟာ ဗိုလ်မှူးဘဝမှာ ကက (ကြည်း) စစ်ဆင် ရေးနဲ့ ကိုလှမော်ကတော့ ကက (ကြည်း) တာဝန် ဌာနတွေကို စစ်ဦးစီး အရာရှိ ဒုတိယတန်းအဖြစ် ရောက်လာကြပါတယ်။ ကိုညာကလင်းနဲ့ တစ်ပြိုင် နက်တည်းလိုပါပဲ။ အဲဒီအချိန်မှာ ကက (ကြည်း) စီမံရေးမှာ ကိုစံလွင်နဲ့ ကက (ကျင့်) မှာ ကိုအေးတို့ ရှိနေကြပါတယ်။

## အမြောက်/သံချပ်ကာ

အဲဒီအချိန်မှာ ကျွန်တော်က စစ်ရုံးမှာပါ။ ဒါပေမဲ့ ကက (သံ) လက်အောက်က တပ်တွေဖြစ်တဲ့ သံချပ်ကာနဲ့ တင့်ကားတပ်တွေမှာ အမှုထမ်းနေတဲ့ DSA အပတ်စဉ် ၁ က ကျောင်းဆင်းတွေ အားလုံးကို ခြေလျင်တပ်တွေကို တပ်ခွဲ မှူး (ဗိုလ်မှူး) တွေ အဖြစ် ပို့ပေးလိုက်ပါတယ်။ ဒီလိုနည်းနဲ့ ကိုထွန်းကြည် ကိုအောင်ကို၊ ကိုသန်းဦး၊ ကိုသိန်းမြင့်၊ ကိုလတ်နဲ့ ကိုတင်အေးတို့ဟာ ခြေလျင်တပ်တွေကို အသီးသီး ရောက်ရှိသွားခဲ့ကြပါတယ်။

အပတ်စဉ် ၁ က အမြောက်နဲ့ သံချပ်ကာကား တပ်တွေကို တာဝန်ကျ တဲ့သူ တော်တော်များပါတယ်။ နောက်ပိုင်းမှာ ဝန်ကြီး/ဗိုလ်ချုပ်ကြီး ဖြစ်လာ တဲ့ ကိုထွန်းကြည်၊ ကိုသန်းဦး၊ ကိုတင်အေး၊ ကိုလတ်၊ ကိုအောင်မြင့်ဆောင်နဲ့ ကိုအောင်ကိုး စတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သူတို့တစ်တွေ စီနီယာ ဗိုလ်ကြီး တွေ ဖြစ်လာတဲ့အခါမှာ တစ်ပြိုင်နက်လိုလို တပ်ခွဲမှူး (ဗိုလ်မှူး) အဖြစ် ရာထူးတိုး ခံကြရပြီး အားလုံး ခြေလျင် တပ်ရင်းတွေကို ပြောင်းရွှေ့ပေးခြင်း ခံရပါတယ်။

သူတို့တစ်တွေကို ရာထူးတိုးပြီး ခြေလျင်တပ်ရင်းတွေကို ပြောင်းရွှေ့တဲ့ အမိန့်ထွက်လာတဲ့ အချိန်မှာ ကျွန်တော်က စစ်ရုံးမှာပါ။ အဲဒီအမိန့် ထွက်လာ တာ တွေ့ရတော့ ကျွန်တော့်မှာ အားကျတဲ့ စိတ်နဲ့ ဝမ်းသာမိပါတယ်။ တပ်

မတော် ထုံးတမ်းစဉ်လာအရ ဆိုရင် လက်ရုံးတပ်များဖြစ်တဲ့ အမြောက်၊ သံချပ်ကာ၊ ဆက်သွယ်ရေး စတဲ့ လက်ရုံးတပ်တွေက အရာရှိတွေ ဆိုရင် ခြေလျင်တပ်တွေကို ပို့ခဲပါတယ်။

ဘာကြောင့်လဲ ဆိုတော့ အဲဒီအရာရှိတွေဟာ လက်ရုံးတပ်မှာ အမှုထမ်းရင်းနဲ့ လက်ရုံးတပ်ဆိုင်ရာ ပညာရပ်တွေနဲ့ ပတ်သက်ရင် သင်တန်းတွေ တက်ပြီးသား။ ကျွမ်းကျင်ပြီးသားဆိုတော့ သူတို့တပ်ကလွှဲပြီး တခြားတပ်ကို ပြောင်းမယ်ဆိုရင် လူရော ပညာပါ ဆုံးရှုံးသွားတတ်လို့ပါ။ ဒါပေမဲ့ DSA အပတ်စဉ် ၁ က အမြောက်နဲ့ သံချပ်ကာ တပ်မှာ ရောက်နေတဲ့ အရာရှိတွေကို ခြေလျင်ကို တစ်ပြိုင်နက် ပြောင်းပေးလိုက်တာဟာ အထက်လူကြီးတွေရဲ့ ပေါ်လစီပဲ ဖြစ်ရမယ်လို့ အဲဒီတုန်းကတည်းက ကျွန်တော် ခန့်မှန်းမိပါတယ်။ ကျွန်တော် မသိမိတဲ့ကိစ္စ တစ်ခုပေါ့။

## ကိုအေးနဲ့ ကိုလတ်

DSA အပတ်စဉ် ၁ က အစ်ကိုကြီးတွေထဲမှာ ကိုအေးနဲ့ ကိုလတ်တို့က ကျွန်တော်နဲ့ ထိတွေ့မှု အများဆုံးလို့ ဆိုရပါမယ်။ ကိုအေးဟာ တက (ကျင့်) မှာ စစ်ဦးစီးမှူး (တတိယတန်းနဲ့ ဒုတိယတန်း) ကာလတွေမှာ ကျွန်တော်နဲ့ ဝင်ရုံး အရာရှိငယ်များ ရိပ်သာ (သုံးအိမ်တန်း) မှာ ဟိုဘက်ခန်း၊ ဒီဘက်ခန်း သုံး-လေးနှစ်လောက် အတူတကွ နေခဲ့ကြတာပါ။ ကျွန်တော် အိမ်ထောင် ကျပြီးလို့ အဲဒီရိပ်သာက ထွက်ခွာလာတဲ့အထိ သူ အိမ်ထောင် မကျသေးပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ အိမ်ထောင်ကျမယ့် ဗိုလ်ကြီး/ဗိုလ်မှူး ဒေါ်မြမြစန်းနဲ့ အဆက်အသွယ်တော့ ရှိနေပါပြီ။ နောက်ပိုင်းမှာ ဝန်ကြီးအထိ ဖြစ်လာတဲ့ ဗိုလ်ချုပ် မောင်မောင်ဆွေဟာ သူ့အစ်မနဲ့အတူ လာနေရင်း အုံ အ ထ က ၁ မှာ ကျောင်းနေဆဲပါ။

ကိုလတ်ကတော့ ၁၉၇၅ နှစ်လောက်မှာ ဗထူးတပ်မြို့ တိုက်ခိုက်ရေး ကျောင်းမှာ ဖွင့်တဲ့ တပ်ခွဲမှူး သင်တန်းမှာ အတူတကွ တက်ခဲ့ကြရင်းနဲ့ ပိုပြီး ခင်မင်လာခဲ့တာပါ။ သူက အဲဒီတုန်းက တက (ကြည်း) အရန် ဖြစ်တဲ့ ဝလာရ ၁၁ မှာ ဗိုလ်မှူးအဆင့် ရောက်နေပါပြီ။ သူ့ရဲ့ အဓိက အရည်အချင်းက

"ဂီရိယ" ပါ။ တပ်ခွဲမှူး သင်တန်း တက်စဉ်တုန်း ကလည်း အဲဒီ သင်တန်းမှာ ပထမရလို့ အသည်းအသန် ကြိုးစားခဲ့ပါတယ်။ ပထမလည်း ရခဲ့ပါတယ်။

အဲဒီ သင်တန်း ဆင်းပြီးတဲ့အခါ သူက ခလရ ၁၆ မှာပဲ ပြန်ပြီး တာဝန် ထမ်းဆောင်ရပါတယ်။ အဲဒီအချိန်မှာ သူတို့တပ်ကို "အောင်နိုင်ရေး စစ်ဆင်ရေး" မှာ ထည့်သုံးခဲ့တဲ့အတွက် ကျွန်တော်နဲ့ ပိုဆက်ဆံမှု များလာပါတယ်။ အဲဒီလို ခလရ ၁၆ ဒုတပ်ရင်းမှူး တာဝန် ထမ်းဆောင်ရင်းနဲ့ ခမရ ၁၀၂ ကို တပ်ရင်းမှူးအဖြစ် ရာထူး တိုးပြီး ရောက်ရှိသွားပါတယ်။ အဲဒီအချိန်မှာပဲ ကိုသောင်းက ခမရ ၁၀၄၊ ကိုညက်လင်းက ကချင် ၄ စသဖြင့် အသီးသီး တပ်ရင်းမှူးတွေ ဖြစ်ကုန်ကြပါတယ်။ အလားတူပဲ ကိုလှမော်၊ ကိုထွန်းကြည်၊ ကိုသော်တာစိန်နဲ့ ကိုစံလွင်တို့ကလည်း တပ်ရင်းမှူးတွေ တစ်ပြိုင်နက် ဖြစ်ခဲ့ကြပါတယ်။ အဲဒီ ကာလမှာတော့ ကျွန်တော်က တပ်က ထွက်ခဲ့ရပြီးပါပြီ။

သူတို့ထဲက ကိုသန်းဦးနဲ့ ကိုအေးတို့ကတော့ တပ်ရင်းမှူး ဖြစ်တာ နောက်ကျပါတယ်။ သူများတွေ ဂျီ-ဝမ်း ဖြစ်၊ အဲဒီကမှ ဗျူဟာမှူးတွေရယ်လို့ ဖြစ်လာတော့မှ ကိုသန်းဦးနဲ့ ကိုအေးတို့ တပ်ရင်းမှူး ဖြစ်ကြပါတယ်၊ အများကြီး နောက်ကျပါတယ်။ ကျွန်တော် မှတ်မိသမျှ ပြောရရင် ကိုအေး တပ်ရင်းမှူး ဖြစ်တဲ့ တပ်က ခလရ ၆၈၊ လားရှိုး / မိုင်းရယ် ဖြစ်ပါတယ်။ သူတို့ နှစ်ယောက်စလုံးက လူအေးတွေပါ။ သူများတွေ ကိုယ့်ထက် စောစောစီးစီး ရာထူးတွေ ရသွားပေမဲ့ မနာလို ဝန်တိုခြင်း မရှိဘဲ အေးအေးဆေးဆေးနဲ့ ကိုယ့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခဲ့ကြပါတယ်။

## ကိုသောင်းရဲ့ အဆိုးလောကဓံတစ်ခု

အပတ်စဉ် ၁ က အစ်ကိုကြီးတွေ တစ်ပြိုင်နက် နီးပါး ဒုဗိုလ်မှူးကြီးတွေ ဖြစ်လာခဲ့သလို သူတို့ အတွေ့အကြုံ များလာတာနဲ့အမျှ စစ်ဦးစီးမှူး (ပထမတန်း) တာဝန်တွေ ထမ်းဆောင်ကြရပါတယ်။ အဲဒီမှာ ထူးခြားချက် တစ်ခုက မြောက်ပိုင်းတိုင်း (မပခ) မှာပါ။ အဲဒီတုန်းက မပခမှာ ဂျီ-ဝမ်းက ကိုတင်လှိုင် ထင်ပါတယ်။ စစ်ဦးစီးမှူး (ပထမတန်း) စစ်ထောက် QSO-1 အဖြစ် တာဝန် ပေးခံရသူတော့ ကိုသောင်းပါ။ ကိုသောင်းဟာ QSO-1 ဆိုပေမဲ့ ရုံးဖန်ရုံခါ

ဗျူဟာမှူးတွေ မအားရင် သူတို့နေရာမှာ အစားဝင် တာဝန်ယူရတာမျိုး ရှိခဲ့ပါတယ်။

ဖြစ်ချင်တော့ အဲဒီလို အခိုက်အတန့် တစ်ခုမှာ သူ့ကို စစ်ဦးစီး တက္ကသိုလ် တက်ဖို့ ဖြစ်လာပါတယ်။ ဒါပေမဲ့ စစ်ဗျူဟာမှူးတစ်ဦး အစား ခေတ္တ တာဝန်ယူနေခိုက်ဖြစ်တော့ တိုင်းမှူး (ဗိုလ်မှူးကြီး စောမောင်၊ နောင် ဗိုလ်ချုပ်မှူးကြီး-ကွယ်လွန်) က အစားထိုး တာဝန် ထမ်းဆောင်နေခိုက် ဖြစ်တဲ့ အတွက် သင်တန်းသား အဖြစ်မှ ကင်းလွတ်ခွင့် ပြုရန် ကာက (ကြည်း) ကို အကြောင်းပြန်ခဲ့ပါသတဲ့။ ဒီကိစ္စကို ကိုသောင်းက သိသွားတဲ့အခါ အဲဒီ သင်တန်းကို မဖြစ်မနေ တက်ခွင့်ပြုရန် တိုင်းမှူးကို တင်ပြလိုက်ပါသတဲ့။



တိုင်းမှူးရဲ့ ဆုံးဖြတ်ချက်ကို သူက စောဒက တက်ရပေါ့မလားဆိုတဲ့ သဘောနဲ့ ကိုသောင်းကို ပြင်ပ ဝန်ကြီးဌာန တစ်ခုကို ပြောင်းရွှေ့ အမှုထမ်းဖို့ ချက်ချင်း အမိန့်ထွက် လာပါသတဲ့။ DSA အပတ်စဉ် ၁ က ပြင်ပဌာနကို ပထမဦးဆုံး ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရတဲ့သူက ကိုသောင်းပဲ ဖြစ်ပါတယ်။ စံချိန်တင် ဖြစ်ရပ်တစ်ခုပေါ့။ သူ ပြင်ပဌာန တစ်ခု (သတ္တုတွင်း ဝန်ကြီး ဌာန ထင်ပါတယ်။) ကို ရောက်သွားတဲ့အခါ ကျွန်တော်နဲ့တော့ မဆုံခဲ့ပါ။

သူနဲ့ ဆုံခဲ့တဲ့သူတွေရဲ့ ပြန်ပြောတဲ့ စကားအရ ကိုသောင်းဟာ သူ့ကို ဖြိုး ပန်ကြီး ဌာနကို အပို့ခံရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ တော်တော် ခါးခါးသီးသီး ခံစားရတယ်လို့ ပြန်ကြားမိပါတယ်။

**ဖြုံခွဲလိုက်လေသလား**

ကျွန်တော်လည်း မြင်ပမှာ စီးပွားရေး လုပ်ရင်းကိုင်ရင်းနဲ့ အပတ်စဉ် ၁ အကြောင်းကိုတော့ စိတ်ဝင်တစားနဲ့ အမြဲလိုလို နားစွင့်နေခဲ့မိပါတယ်။ ဒီလိုနဲ့ပဲ သူတို့တစ်တွေ "ဗိုလ်မှူးကြီး" အဆင့်တွေကို မရှေးမနှောင်း ကာလ အတွင်းမှာပဲ ရောက်ရှိသွားကြပြီလို့ ကြားရပြန်ပါတယ်။ ကိုယ့် အစ်ကိုကြီး တွေ ကြီးပွားလာကြပြီ ဆိုတော့ ဝမ်းသာရပါတယ်။ တစ်ဖက်ကလည်း မျှော်လင့်တဲ့စိတ်လည်း ဖြစ်ပေါ်ခဲ့ပါတယ်။

ဘာဖြစ်လို့ ဒီလို မျှော်လင့်တဲ့စိတ် ဖြစ်ပေါ်ရသလဲ ဆိုတော့ ကျွန်တော် ဟာ စီးပွားရေး လောကမှာ ကျင်လည်ရင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး အခြေ အနေ၊ စီးပွားရေး အခြေအနေတွေ တစ်စ တစ်စ ဆိုးရွားစ ပြုလာတာတွေကို ကိုယ်တွေ့ မြင်တွေ့နေရတဲ့ အတွက် ဖြစ်ပါတယ်။ သူတို့များ တစ်ချိန်မှာ နိုင်ငံ့ တာဝန် ထမ်းဆောင်တဲ့ အဆင့်ထိ ရောက်လာရင်တော့ သူတို့ရဲ့ ဉာဏ် ပညာ အမြော်အမြင်နဲ့ တိုင်းပြည်ရဲ့ ယိမ်းယိုင်နေတဲ့ အနေအထားကို ပိုပို ကောင်းလာအောင် လုပ်နိုင်မှာပဲလို့ ဆိုတဲ့စိတ်နဲ့ မျှော်တလင့်လင့် ဖြစ်ခဲ့မိ တာပါ။

သူတို့တစ်တွေ ဗိုလ်မှူးကြီး ဖြစ်လို့ ကြားတာ မကြာသေးခင်မှာပဲ သူတို့ထဲက တချို့ကို အရပ်ဘက်ဌာနကို ပြောင်းရွှေ့ပြုလိုက်တယ် ဆိုတဲ့ သတင်း ကြားရတဲ့အခါမှာ ကျွန်တော့် စိတ်ထဲမှာတော့ "ဒါဟာ နိုင်ငံရေး သဘောအရ ဖြုံခွဲလိုက်တာလေများလား" လို့ ဖျတ်ခနဲ ဖြစ်ပေါ်မိပါတယ်။

အဲဒီလို ပြင်ပ ဌာနတွေကို အပို့ခံရတဲ့ သူတွေကတော့ ကိုတင်လှိုင်နဲ့ ကိုအောင်မြင့်ဘော်။ သူတို့က နိုင်ငံတော် ကောင်စီရုံးနဲ့ နိုင်ငံတော် သမ္မတရုံး ကိုသော်တာစိန်က ကုန်သွယ်ရေး၊ ကိုထွန်းရွှေက အကောက်ခွန်၊ ကိုစံလွင် က မြန်မာစာဌာနတို့ ဖြစ်ပါတယ်။ ကျွန်တော် မှတ်မိသလောက်ပါ။ သူတို့

အပတ်စဉ် ၁ က ဗိုလ်မှူးကြီးအဆင့်ကို ၁၀ ယောက်ကျော်လောက် ရတယ် ဆိုတော့ တကယ့် တစ်တပ်တစ်အားပါ။ ယခုလို ပြင်ပလို့ ခံရတဲ့ အတွက် တပ်ထဲမှာ ကျန်နေသူတွေကတော့ ကိုထွန်းကြည်၊ ကိုညက်လင်း၊ ကိုလှ မော်၊ ကိုအေးနဲ့ ကိုသန်းဦးတို့ ဖြစ်ပါတယ်။

ကျွန်တော့်အထင် အဲဒီတုန်းက ကိုအေးနဲ့ ကိုသန်းဦးတို့က ဗိုလ်မှူးကြီး အဆင့်အထိ ရာထူး မတက်သေးပါဘူး။ ကျန်တဲ့သူတွေ တပ်မမှူးလောက် ဖြစ်တော့မှ သူတို့ နှစ်ယောက်က ဗိုလ်မှူးကြီး ဖြစ်လာကြတာပါ။ သူတို့ထဲ က အတန်းတူ တစ်ယောက်ရဲ့ စကားအရ ဆိုရင် "ဒီနှစ်ယောက်က နောက်မှာ နေပြီး အေးအေးဆေးဆေးနဲ့ မြက်စားပြီး လိုက်နေကြတာ" ပါတဲ့။

ကျွန်တော် စဉ်းစားကြည့်ပါတယ်။ သူတို့တစ်တွေ အုပ်စုလိုက် ဗိုလ်မှူး ကြီး ဖြစ်လာကြတဲ့အတွက် နောင်တစ်ချိန်မှာ တပ်မမှူး၊ တိုင်းမှူး၊ အဲဒီကမှ ဘစ်ဆင့် နိုင်ငံတော် အဆင့် ရောက်လာကြရင် တိုင်းပြည်အတွက် အလွန် ကောင်းတဲ့ လက္ခဏာပဲလို့ ထင်မိပါတယ်။ ဒါပေမဲ့ အာဏာနဲ့ ပတ်သက်ရင် အမြဲတမ်းနိုးကြားတဲ့ ဦးနေဝင်းကြီးဟာ သူတို့အုပ်စုလိုက် ထိပ်ပိုင်းကို ရောက် လာရင် အန္တရာယ် ရှိလာမယ်လို့ တွက်မိမှာ သေချာပါတယ်။ ဒါကြောင့် အခုလို တကွဲတပြား ဖြစ်သွားအောင် လုပ်လိုက်တယ်လို့ ထင်မိပါတယ်။

## ကျွန်တော်နဲ့ ကိုစံလွင်

မြန်မာစာဌာနကို ရောက်သွားတဲ့ ကိုစံလွင်က ကျွန်တော်နဲ့ စစ်ရုံးမှာ အတူ ဘာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ အတွက် ခင်မင်ခဲ့ပါတယ်။ သူ တပ်ခွဲမှူး (ဗိုလ် ၄း) ဖြစ်တုန်းက သူ့အတွက် ကျွန်တော် ကိစ္စ တစ်ခုကို မထင်မှတ်ဘဲ အကျိုးဆောင်ခဲ့ဖူးပါတယ်။ ကိစ္စကတော့ သူ ဦးဆောင်တဲ့ စစ်ကြောင်းနဲ့ အကပ တပ်တချို့ ရင်ဆိုင်မိခဲ့ရာ မှာ သူ့စစ်ကြောင်းက သေကျေ ဒဏ်ရာရမှု ဘွ ရှိခဲ့ပြီး လက်နက်တချို့တောင် ရန်သူလက်ထဲ ပါသွားတဲ့ ဖြစ်စဉ် တစ်ခု ခဲ့ပါတယ်။ သူ့အထက် ဗျူဟာမှူးက ကျွန်တော်တို့ ဗိုလ်လောင်း ဘဝ တည်းက တပ်ခွဲမှူး ဖြစ်ခဲ့ဖူးတဲ့ ဗိုလ်မှူးကြီး ထွန်းရီ (နဝိုလီယံ-ကွယ်လွန်) ဖြစ်ပါတယ်။

အဲဒီဖြစ်စဉ် ဖြစ်ပြီး နှစ်ပတ်လောက် အကြာမှာ တိုက်ပွဲ ဖြစ်စဉ်နဲ့တကွ ဗျူဟာမှူးရဲ့ သုံးသပ်ချက်ပါ ပါရှိပါတယ်။ ဗျူဟာမှူးရဲ့ တင်ပြချက်ကတော့ "ဤဖြစ်စဉ် တစ်ခုလုံးနဲ့ ပတ်သက်၍ စစ်ကြောင်းမှူး ဗိုလ်မှူး စံလွင်တွင် တာဝန် ရှိသဖြင့် ၎င်းအား ထိရောက်စွာ အရေးယူသင့်ပါသည်" လို့ ပါရှိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က ကိုထွန်းလှိုင် မအားလို့ သူ့စားပွဲမှာ ခဏ ဝင်ထိုင်ရင်း ဝင်လာတဲ့ စာတွေ ဖတ်ရင်းနဲ့ သိရတာပါ။ ကိုထွန်းလှိုင် ဆိုတာက အရာခံဗိုလ်ပါ။ Col. G.S. ဗိုလ်မှူးကြီး ကြည်မောင်ရဲ့ ရုံးအဖွဲ့မှူး/ PA သဘောမျိုး တာဝန် ထမ်းဆောင်နေသူပါ။ သူ့ တာဝန် တစ်ခုနဲ့ တခြား ရောက်နေရင် ကျွန်တော်က ဝင်ပြီး ရုံးထိုင်ပေးရပါတယ်။

အဲဒီ ဖြစ်စဉ်ကို ဖတ်ကြည့်တဲ့အခါ ကျွန်တော် စိတ်မကောင်း ဖြစ်မိပါတယ်။ ဒါကြောင့် ဖြစ်စဉ် တစ်ခုလုံး ပါတဲ့ စာကို "ဝင်" လို့ သတ်မှတ်ထားတဲ့ အကန့်အောက်ဆုံးကို ဖိုပြီး အပေါ်က တခြားစာတွေ တင်လိုက်ပါတယ်။ အဲဒီနေ့ ညနေ ကိုထွန်းလှိုင် ပြန်လာတဲ့အခါ ကိုစံလွင် အကြောင်းနဲ့ ပတ်သက်တဲ့ စာအကြောင်း ပြောပြပြီး "တတ်နိုင်ရင် အဲဒီစာကို ချက်ချင်း မတင်နဲ့ဦးဗျ၊ ခဏ ဆိုင်းထား လိုက်ပါဦး" လို့ ပြောခဲ့ပြီး ကျွန်တော့် ဌာနရဲ့ စားပွဲကို ပြန်ခဲ့ပါတယ်။

## D.N.D. - Die of Natural Death

ကိုထွန်းလှိုင်ကလည်း ဘယ်လောက် ဆိုင်းထားသလဲ မသိပါဘူး။ နောက် လေး-ငါးလလောက် ကြာမှ ကိုထွန်းလှိုင်ဆီ ရောက်တော့ သူက အဲဒီ စာ အပေါ် Col. G.S. မှတ်ချက်ချထားပုံကို ကျွန်တော့်ကို ပြပါတယ်။ မှတ်ချက်က "ကြာလှပြီ" လို့ ရေးထားပြီး "ကြည်" လို့ လက်မှတ်ကို Initial ထိုးထားတာ တွေ့ရပါတယ်။ သဘောကတော့ ကိုစံလွင်ရဲ့ကိစ္စ အရေးယူတဲ့ အဆင့်ထိ မရောက်ခဲ့ဘူးပေါ့။ တကယ်တော့ ကိုစံလွင်က ဌာနမှာ တာဝန် ထမ်းဆောင်စဉ် ကတည်းက ကိုထွန်းလှိုင်နဲ့ ခင်မင် ရင်းနှီးခဲ့ရှိပါတယ်။

ဒီလိုကိစ္စမျိုးကို စစ်ရုံးက ဂါရင် ရုံးအုပ်ကြီးတွေရဲ့ စကားအရ ပြောရမယ် ဆိုရင် D.N.D. - Die of Natural Death ပါတဲ့။ ကျွန်တော်ကလည်း သူတို့ရဲ့

အဲဒီ မှတ်လောက်သားလောက် စကားကို စွဲထိ မှတ်မိနေဆဲပါ။ အဓိပ္ပာယ်ကတော့ "သူ့အလိုလို ကွယ်ပျောက်သွားတယ်" ပါတဲ့။ ကျွန်တော် အဲဒီတုန်းကတည်းက စဉ်းစားမိပါတယ်။ စစ်ကြောင်းတစ်ခုမှာ ဖြစ်တဲ့ကိစ္စကို ရှုပ်ထွေးမှုက တပ်မှူးကို တင်ပြရမှာပါ။ အဲဒီကမှ Col. G.S. ပေါ့။ ကျွန်တော် မှတ်မိတာကတော့ တပ်မှူး မှတ်ချက်ကို သတိမထားမိပါဘူး။ ဗိုလ်မှူးကြီး ထွန်းရင်ရဲ့ မှတ်ချက်ကိုသာ သတိပြုမိတာပါ။

ဒါကလည်း "ကျောင်းတော်က ရန်စ" လို့ ပြောရမလား၊ မသိပါ။ ကိုစလွင်က ဗိုလ်ကြီးသလောက် တတော်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဗိုလ်လောင်းဘဝ နောက်ဆုံးနှစ်မှာ အင်္ဂလိပ်စာ သင်တန်းတိုင်း အတန်း တက်စရာ မလိုအောင် ချွန်ထက်ကြွက် စာစီစွေ ဖော်ရှုင်ပြခဲ့တယ် ဆိုတော့ ကျွန်တော်တို့ ဂျူနီယာ ဗိုလ်လောင်းတွေ ကြားသိရတော့ အလိုလို အထင်ကြီးနေမိပါတယ်။ သူဟာ တခုတ်တဲ့သူဝီဝီ ဗိုလ်လောင်း တစ်ယောက်ရဲ့ တစ်ကိုယ်ရည် စည်းကမ်းပိုင်းမှာတော့ အားနည်းတယ်လို့ သိရပါတယ်။ ဒါကြောင့် နောက်ဆုံးနှစ်မှာတောင် Extra Drill လို့ ခေါ်တဲ့ အချိန်ပိုမှာ ကျောပိုးအိတ်ထဲ အုတ်ခဲ ရှစ်လုံး ထည့်ပြီး ပြေးရတဲ့ ပြစ်ဒဏ် ခဏ ခဏ ကျခဲ့တယ်လို့လည်း သိရပါတယ်။ ဒီလို ဗိုလ်လောင်းမျိုးကို စစ်တက္ကသိုလ်မှာ ဆရာ ဖြစ်ခဲ့ဖူးတဲ့ ဗိုလ်မှူးကြီး ထွန်းရင်က အလိုလို အထင်သေးတဲ့စိတ် ဝင်နေဟန်တူပါတယ်။ ဒါ့ကြောင့် သူ့ ရှုပ်ထွေးမှု ဖြစ်တဲ့အခါ စစ်ကြောင်းမှူး ဗိုလ်မှူး စလွင်ကို ထိရောက်စွာ အရေးယူဖို့ မှတ်ချက်ပြုခဲ့လေသလားလို့ ကျွန်တော် ထင်ခဲ့မိပါတယ်။

## အင်္ဂလိပ်စာ တော်လွန်းလို့

သူ မြန်မာစာ အဖွဲ့ကို ပြောင်းခံရတယ်လို့ ကြားတဲ့ အခါ သူ့ရုံးကို ရောက်ခဲ့ပါသေးတယ်။ နေရာက ဓာသ ကောလိပ် ၂ နဲ့ နီးပါတယ်။ ပြည်လမ်းမကြီးပေါ်မှာပါ။ သူနဲ့ တွေ့တော့ ကျွန်တော်က ပြောလိုက်ပါတယ်။ Congratulation လို့။ သူက ကျွန်တော့်ကို ဝမ်းပန်းတသာ ကြိုဆို နှုတ်ဆက်တဲ့အခါ အဲဒီလို ပြောလိုက်တော့ သူက "ဘာလဲဗျ" လို့ မေးပါတယ်။ ကျွန်တော်က

"ခင်ဗျားက DSA မှာကတည်းက အင်္ဂလိပ်စာ တော်တယ်လို့ နာမည်ကြီး တာလေ။ အခုတော့ မြန်မာစာအဖွဲ့ ဥက္ကဋ္ဌဆိုတော့ လူမှန် နေရာမှန်ပေါ့ဗျ... ဟဲ... ဟဲ..." ဆိုပြီး ပြောတဲ့အခါ သူကလည်း တဟဲဟဲနဲ့ ရယ်ပါလေရော။

တကယ်တော့ ကိုစံလွင်ဟာ မြန်မာစာဌာနမှာ တကယ် အလုပ် လုပ်ပါ တယ်။ သူပြောလို့ သိရခြင်း မဟုတ်ပါဘူး။ အဲဒီဌာနမှာ ဥက္ကဋ္ဌအဖြစ် လုပ်ရင်း နဲ့ "မြန်မာ - အင်္ဂလိပ် အဘိဓာန်"၊ "မြန်မာ့ ရိုးရာ ဆိုရိုးစကားများ" ဆိုတဲ့ နိုင်ခန့်တဲ့ ကျမ်းကြီးတွေကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ အဲဒီ စာအုပ်ကြီးတွေကို ကျွန်တော် မြင်းခြံထောင်မှာ ရှိနိုက် တကူးတက မှာပြီး လှေလာတဲ့အခါမှာ ကိုစံလွင်ရဲ့ ကြိုးစား အားထုတ်မှုကို သတိပြုမိပါတယ်။

ဒါတင်မကသေးပါဘူး။ သူ့ရဲ့ ဘာသာပြန် စာအုပ် တစ်အုပ်ကိုလည်း အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့ပါတယ်။ ရောင်းအားလည်း ကောင်းတယ်လို့ သိရပါတယ်။ ဒီစာအုပ်က မြန်မာနိုင်ငံမှာ ဒုတိယ ကမ္ဘာစစ်အတွင်း ကြုံတွေ့ ရတဲ့ တိုက်ပွဲစဉ်တွေ အကြောင်းကို ရသမြောက်စွာ ရေးထားတဲ့ စာအုပ်ပါ။

မူလ ပင်ရင်း စာရေးဆရာကတော့ Allen လို့ ထင်ပါတယ်။ သူ ဘာသာ ပြန်တဲ့ စာအုပ်ရဲ့ နာမည်ကတော့ "စစ်ညောင်းကြာရှည်၊ မြန်မာပြည်" ဖြစ်ပါ တယ်။

## သူတို့ရဲ့ လောကဓံ အနိမ့်အမြင့်

တပ်မတော်ထဲမှာ ကျန်ခဲ့တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကိုလှမော်၊ ကိုညက်လင်းနဲ့ ကိုထွန်းကြည်တို့ကတော့ တိုင်းမှူးတွေ အဆင့်ထိ ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ကိုလှမော်ကတော့ ရပစ တိုင်းမှူးဘဝမှာပဲ အဆိုး လောကဓံတရားနဲ့ ကြုံပြီး နုတ်ထွက်ခဲ့ရပါတယ်။ အခုတော့ ကွယ်လွန်သွားရှာပါပြီ။ ကိုညက်လင်းက တော့ နဂတခေတ်အထိ ပါလာပါသေးတယ်။ ဒါပေမဲ့ ကျန်းမာရေး မကောင်း တော့တဲ့အတွက် ဝန်ကြီးဌာနတွေကို ကိုင်တွယ်တဲ့အဆင့်ထိ မရောက်ခဲ့ပါ ဘူး။ သူလည်း ကွယ်လွန်ခဲ့ပါပြီ။ ကိုထွန်းကြည်တစ်ယောက်ပဲ တိုင်းမှူးဖြစ်၊ နဂတခေတ်မှာတော့ ကုန်သွယ်ရေးဝန်ကြီး၊ ၁၉၉၇ ခုနှစ်မှာ နဂတ ရုံးခါတော့ သူလည်း အနားပေးခံခဲ့ရပါတယ်။ ခုထိ ကျန်းမာနေဆဲ ဆိုတာ သိရပါတယ်။

အဌာပုဂ္ဂိုလ် တအုပ်လည်း ထုတ်ဝေခဲ့တယ်လို့ သိရပါတယ်။ အတွဲလိုက်ဆို ပဲ။

## ကော်ကောင် ကိုအေး

ကိုသန်းဦးကတော့ စစ်ဦးစီးချုပ်ထိ ရောက်ခဲ့ပြီး ကွယ်လွန်သွားခဲ့ပါပြီ။ ကော်ကောင်ကတော့ ကိုအေးပေါ့။ နဝတခေတ်မှာ သူက ရပခ တိုင်းမှူး ဗိုလ်ချုပ်မှူးကြီး စောမောင် နားသွားတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်လာတဲ့အခါ ဒုချုပ်နေရာကို တော်တော်နဲ့ မရွေးသေးပါဘူး။ လပေါင်း များစွာ ကြာခဲ့ပါသတဲ့။ (ဒီကာလမှာ ကျွန်တော်က ထောင်ထဲမှာလေ။) နစ်ကူးခါနီးမှ ဘင်ပါရဲ့ ကိုအေးကို ဒုချုပ်၊ နဝတ ဒုတိယ ဥက္ကဋ္ဌ ဆိုပြီး ရွေးလိုက်တယ်ဆိုတာ ထောင်ထဲကပဲ ကြားလိုက်ရပါတယ်။

ဒီသတင်းကို ကျွန်တော် ကြားတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာလည်း သူ့ရဲ့ လက်ထောက်ကို ရွေးတဲ့အခါ မဟာဓာတ်ဆရာကြီး ဦးနေဝင်း နည်းကို သုံးလိုက်တာပဲလို့ ကျွန်တော် ထင်မိပါတယ်။ ဘယ်လိုလဲ ဆိုတော့ ဦးနေ ဝင်းဟာ ဦးစန်းယုကို ရွေးခဲ့တဲ့အခါ အာဏာနဲ့ ပတ်သက်ရင် သူ့ကို ဘယ် တော့မှ ပုန်ကန်ချင်းယှဉ်မယ့် လူစားမျိုး မဟုတ်ဘူး ဆိုတာ သေချာမှ ရွေးခဲ့တာ ပါ။ အခုလည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ သူ့အာဏာအတွက် ဘယ်လိုမှ အန္တရာယ် ပြုမယ်လို့ မထင်တဲ့ နာမည်နဲ့ လိုက်အောင် အေးတဲ့ ကိုအေးကို ရွေးလိုက်တယ်လို့ ကျွန်တော် ထင်ပါတယ်။

## ကိုအေးနဲ့ ကိုသောင်း

ကျွန်တော် အပေါ်မှာ ရေးခဲ့ဖူးပါပြီ။ အရောရှိငယ် ဘဝက ကိုအေးက ကို သောင်းကို "ခင်ဗျား - ကျွန်တော်" နဲ့ ပြောသလို၊ ကိုသောင်းကလည်း ကိုအေးကို "မင်းနဲ့ - ငါနဲ့" ပြောခဲ့တာပါ။ ဒါပေမဲ့ ဒီအခြေအနေတွေ အားလုံး ပြောင်းပြန် ဖြစ်သွားတယ် ဆိုတာ နောက်ပိုင်းကျမှ ကျွန်တော် ကြားသိလာ ခဲ့ပါတယ်။ ကိုအေး ဒုချုပ် ဖြစ်လာတဲ့ အချိန်မှာ ကိုသောင်းက အမေရိကန် နိုင်ငံမှာ "တရားမဝင် သံအမတ်" ဖြစ်နေခဲ့ပါတယ်။ တရားမဝင် သံအမတ်လို့

ပြောရတဲ့ အကြောင်းက နဝတခေတ်မှာ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံမှာ သံအမတ် မထားပါ။ ယာယီ တာဝန်ခံ သံမှူးပဲ ထားပါတယ်။

သံတမန် ထုံးတမ်းစဉ်လာအရ မြန်မာနိုင်ငံ သံအ မတ် အမေရိကန်မှာ ရှိနေတဲ့ အဖြစ်ကို သူတို့အစိုးရက အသိအမှတ် မပြုပါ။ ရုံးစာကိုတောင် ကိုသောင်း လက်မှတ်ထိုးတဲ့ စာဆိုရင် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန က လက်မခံပါဘူးတဲ့။ မြန်မာသံရုံးက သံမှူး (သို့မဟုတ်) ပထမ အတွင်းဝန် လက်မှတ်ထိုးထားတဲ့ စာကိုသာလျှင် လက်ခံပါသတဲ့။ ဒါပေမဲ့ ကိုသောင်း ကတော့ နဝတ အစိုးရ အတွက် ကြော်ငြာ Lobby အလုပ်တွေပဲ လုပ်နေ ပါသတဲ့။ ၁၉၉၂ ခုနှစ်က အမေရိကန် Senator နဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူး လုပ်ခဲ့ဖူးတဲ့ Bill Richardson မြန်မာပြည်ကို လာလည်တဲ့ ခရီးစဉ်ဟာ ကို သောင်းရဲ့ မဲဆွယ်မှုကြောင့်လို့ သိရပါတယ်။

ကျွန်တော် အင်းစိန်ထောင်မှာ ရှိစဉ်တုန်းက ထောင်ထဲကို Bill Richardson လာလည်တဲ့အခါ ကျွန်တော်နဲ့ တွေ့ဆုံ စကားပြောခဲ့ဖူးပါတယ်။ ကျွန်တော်တင်မက မသီတာ (စမ်းချောင်း)၊ မင်းကိုနိုင်နဲ့ ကွယ်လွန်သွားတဲ့ ဦးဝင်းတင်တို့နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အဲဒီပွဲမှာ ပထမတော့ Richardson က ကိုသောင်း ပြောသမျှ၊ နဝတက လူတွေ ပြောသမျှကိုပဲ လက်ခံ ယုံကြည် ခဲ့ရာက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တဲ့အခါကျမှ မြန်မာပြည် ဒီမိုကရေစီ ရေး ရှုန်းကန် လှုပ်ရှားမှုအကြောင်း ကောင်းကောင်းသိသွားခဲ့တာပါ။

ကိုအေး ဒုချုပ် ဖြစ်တဲ့အခါ ကိုသောင်း အတွက်လည်း ကြီးမားတဲ့ အကျိုး ကျေးဇူး ဖြစ်ထွန်းခဲ့ပါတယ်။ ဘာလဲဆိုတော့ နဝတ အစိုးရက ကို သောင်းကို မြန်မာပြည် ပြန်ခေါ်ပြီး သူ့အတွက် "သိပ္ပံနဲ့ နည်းပညာ ဝန်ကြီး ဌာန" တစ်ခု အသစ်ဖွဲ့ပြီး ကိုသောင်းကို ဝန်ကြီးရာထူး ခန့်အပ်ခဲ့ပါတယ်။ ကိုအေးက ကိုသောင်းကို ချီးမြှင့်လိုက်ခြင်းပေါ့။ အဲဒီလို ဖြစ်တဲ့အခါ ကို သောင်းနဲ့ ကိုအေးတို့ရဲ့ ဆက်ဆံရေးဟာ ပြောင်းပြန် ဖြစ်သွားခဲ့ပါတယ်။ ကို အေးဟာ ကိုသောင်းအတွက် အားကိုးရာတစ်ခု ဖြစ်လာခဲ့ပြီပေါ့။ ကိုသောင်း ဟာလည်း သူ့ဝန်ကြီးဌာနက လက်အောက် ပုဂ္ဂိုလ်တွေကို တင်းတင်း ကျပ်ကျပ် ကိုင်တွယ်ခဲ့တယ်လို့ နာမည်ကျော်ကြားခဲ့ပါတယ်။

ကျွန်တော် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ လွှတ်တော် ရောက်တော့ ကိုသောင်းကလည်း လွှတ်တော် ကိုယ်စားလှယ် တစ်ဦး ဖြစ်နေပါပြီ။ ပြည်နိုင်ငြိမ်း ပါတီ အမတ်ကြီးပေါ့။ လွှတ်တော်မှာ တွေ့တဲ့အခါ ကိုသောင်းဟာ အရင် အရောင်ရှိငယ် ဘဝက အမူအရာမျိုး ဖြစ်တဲ့ ရိုးသားတဲ့ မျက်နှာထားနဲ့ ပျူငှာတဲ့ စကားတွေ ပြောတဲ့ ကိုသောင်း ဖြစ်နေပါပြီ။ ပြီးတော့ ပြည်နိုင်ငြိမ်း ပါတီရဲ့ လမ်းညွှန် ပုဂ္ဂိုလ်စုထဲမှာ ပါနေခဲ့ပါပြီ။ ကိုဖေးကတော့ ဦးသိန်းစိန် သမ္မတ လက်ထက်မှာပဲ ကျန်းမာရေး ချို့တဲ့လို့ wheel chair နဲ့ သွားရတဲ့ အဆင့် ရောက်နေပါပြီတဲ့။

## ကောထဲကကြွတ် MI Director

၁၉၈၃ ခုနှစ်မှာ One & Half လို့ နာမည်ကြီးတဲ့ မျက်မှန် တင်ဦးကြီးနဲ့ ပြည်ထဲရေး ဝန်ကြီး ဦးဘိုနီတို့ နုတ်ထွက်သွားတဲ့အခါ MI လို့ ခေါ်တဲ့ စစ်ထောက်လှမ်းရေးက ပုဂ္ဂိုလ်တွေ တစ်စ တစ်စနဲ့ အပြီးစားပေးခဲ့ပါတယ်။ လစ်လပ်သွားတဲ့ MI Director ထောက်လှမ်းရေး ညွှန်ကြားရေးမှူးအဖြစ် အပတ်စဉ် ၁ က ကိုအောင်ကိုးကို ခန့်အပ်ခြင်း ခံရပါတယ်။ ကိုအောင်ကိုးဟာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ကြံ့ခိုင်တဲ့ ကိုယ်နေကိုယ်ထား ရှိပြီး ဆံပင်ကလည်း ကောက်ကောက်လေး ဆိုတော့ ရုပ်ရည်အရလည်း ကြည့်လို့ကောင်းတဲ့ သူပါ။

ဒါပေမဲ့ သူဟာ အဲဒီ ရာထူးမှာ ကြာကြာ မနေလိုက်ရပါဘူး။ အဲ့ဒီနှစ် အောက်တိုဘာလမှာ အာဇာနည်ကုန်း ဗုံးခွဲမှု ဖြစ်သွားတဲ့အခါ ကိုအောင်ကိုးကို အမေရိကန် နိုင်ငံ စစ်သံအဖြစ် ပြောင်းရွှေ့ခံရပြီး ဦးနေဝင်း အလိုကျ "အရက် မသောက်၊ ဖဲကစ် မရိုက်တဲ့သူ" ကိုခင်ညွန့် MI Director ဖြစ်လာခဲ့ပါတယ်။ သူ့ကို ရွေးချယ်ပေးတဲ့သူကတော့ ထိုစဉ်က ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကျော်ထင် ဖြစ်ပါတယ်။ ကိုခင်ညွန့်ဟာ အရောင်ရှိငယ်ဘဝကနေ ဗိုလ်မှူးအဆင့် ဘဲ ဗိုလ်မှူးချုပ် တင့်ဆွေရဲ့ PSO အဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းခဲ့တဲ့သူပါ။

**ရေတပ်က အစ်ကိုကြီးများ**

ကျွန်တော်က မြေလျှင်တပ်မှာ ကျင်လည်ရပြီး စစ်သက်လည်း ၁၈ နှစ်သာ ရှိခဲ့တာမို့ အပတ်စဉ် ၁ က လေနဲ့ ရေ အရာရှိကြီးများ အကြောင်း သိပ်မရေး နိုင်တာကိုတော့ စာရှုသူများ ခွင့်လွှတ်ကြစေလိုပါတယ်။ တချို့ ပုဂ္ဂိုလ်တွေ အကြောင်းကိုတော့ ကောင်းကောင်း သိခဲ့တာ ရှိပါတယ်။ ဥပမာ- ကိုဗိုလ်ရှိန်း သူဟာ အရပ် မနိမ့်မမြင့်၊ အသားညိုညိုနဲ့ တည်ကြည်တဲ့ ရုပ်ရည်ရှိပါတယ်။ စစ်တက္ကသိုလ် ကျောင်းဆင်းစဉ်က "လေ့ကျင့်ထူးချွန်ဆု" ဆွတ်ခူးတဲ့သူပီပီ ရေတပ်မှာလည်း တာဝန်ကျေပွန်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် Colonel Navy အဖြစ် ခန့်အပ်ခြင်း ခံရပါတယ်။ အဲဒီတာဝန် ထမ်းဆောင်နေစဉ်မှာပဲ သူဟာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။

ကိုခင်မောင်မြင့်ရဲ့ ညီမနဲ့ အိမ်ထောင်ကျတဲ့အတွက် တပ်မတော် (ရေ) မှာ သူတို့ သဒီးယောက်ဖ နှစ်ယောက်ဟာ ဩဇာညောင်းပါတယ်။ ကိုခင် မောင်မြင့်ကတော့ ပြင်ပဌာန တစ်ခုမှာ ညွှန်ချုပ်အဖြစ် တာဝန်ယူခဲ့ရာက အဲဒီကပဲ အငြိမ်းစား ယူသွားခဲ့တယ်လို့ သိရပါတယ်။ ရေတပ်မှာ ကိုစိုးလေး ဆိုသူလည်း ရှိပါတယ်။ ကျွန်တော်နဲ့က လူချင်း ခင်မင်တဲ့ အဆင့်ထိ မရောက်ခဲ့လို့ သူ့အကြောင်း မရေးနိုင်ခဲ့ပါ။ သူ့ကို ကိုစိုးလေးလို့ ခေါ်ရတဲ့ အကြောင်းက သူတို့ Intake မှာ ကိုစိုးကြီး ဆိုတာလည်း ရှိခဲ့လို့ပါ။ နာမည် အပြည့်အစုံက ကိုစိုးလှိုင်ပါ။

ကိုစိုးကြီးကတော့ ဗိုလ်လောင်းဘဝမှာ သင်ရတဲ့ ကျန်းမာရေး လေ့ ကျင့်ခန်း တစ်ခုမှာပေါ့။ လေ့ကျင့်ခန်းက လက်ဝှေ့ သင်ခန်းစာ ဖြစ်ပါတယ်။ အတန်းဖော် တစ်ယောက်နဲ့ လက်ဝှေ့ထိုး လေ့ကျင့်တဲ့အခါ တစ်ဖက်က လက်လွန်သွားလို့ ကိုစိုးကြီး လဲကျသွားပါတယ်။ လဲအကျမှာ ခေါင်းကို ထိ ခိုက်သွားလို့ သူ့ရဲ့ အသိဉာဏ်ကိုပါ ထိခိုက်တဲ့ အဆင့်ထိ ရောက်သွားပါတယ်။ ဒါကြောင့် DSA က ထွက်လိုက်ပြီး အစိုးရဌာန တစ်ခုမှာ ရာအလုပ်ကို ဝင်လုပ်ခဲ့ပါတယ်။ ကျွန်တော်နဲ့ သူ မိတ်ဆွေဖြစ်တဲ့ အချိန်တုန်းကတော့ ဖွင့် လှစ်စ ဖြစ်တဲ့ ကန်တော်ကြီး ဟိုတယ်မှာ လုံခြုံရေး တာဝန်ခံအဖြစ် တာဝန် ထမ်းဆောင်နေပါတယ်။



နောက်တစ်ယောက်ကတော့ ကိုကျော်အေးပါ။ ကျွန်တော် စစ်ရုံးမှာ ...ခဲ့က သူက ကက (ရေ) မှာ စစ်ဦးစီးမှူး (ဒုတိယတန်း) အဖြစ် တာဝန် ...မ်းဆောင်ခဲ့လို့ သိကျွမ်းခဲ့ရပါတယ်။ သူ့ကို အတန်းဖော်များက "ကိုကျော့"

လို့ ချစ်စနိုး ခေါ်ကြပါတယ်။ နဂတာခေတ် ရောက်တော့ သူဟာ ဒုတိယ ဝန်ကြီး အဆင့်အထိ ရောက်ရှိရင်းနဲ့ အငြိမ်းစားယူသွားခဲ့ပါတယ်။

## လေတာဗီက အစ်ကိုကြီးများ

သူတို့ကိုလည်း အလားတူပါပဲ။ ကျွန်တော်နဲ့ ထိတွေ့မှု အခေတ်နည်းပါတယ်။ သတ်ထားမိတာကတော့ ကိုသန့်ဇင်ပါ။ လူရှင်းတော့ မဆုံဖူးပါ။ ဒါပေမဲ့ ကိုသန့်ဇင်ဟာ သူ ဗိုလ်လောင်း ဘဝတုန်းက ဖတွေ့ကြုံခဲ့ရတဲ့ စစ်တက္ကသိုလ် က ဆရာမ တစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ် ဆိုလို့ စိတ်ဝင်စားမိ တာပါ။ ဆရာမနဲ့ ကျောင်းသား ဇာတ်လမ်းပေါ့။ လေတပ် အပတ်စဉ် ၁ က အကြီးမှူးဆုံးသူကတော့ ကိုမောင်မောင်ပါ။ တခေုပ်ကြီးသမားလို့ နာမည် ကြီးပါတယ်။ နဝတခေတ်မှာ ဖွံ့/ရေ ဝန်ကြီး ဖြစ် တာဝန်ယူရတဲ့ အဆင့် ထိ ရောက်တယ်လို့ သိရပါတယ်။ ကိုခင်မောင်ဌေး ဆိုသူကတော့ နတ် ကြွမ်းပါသတဲ့။ ဗိုလ်မှူးကြီးအဆင့် ရောက်တဲ့ အချိန်မှာတောင် ဆဲတုန်းပါ တဲ့။ ကိုတင်ဦးကြီး အကြောင်းတော့ ကျွန်တော် သိပ်မသိပါ။ သူတို့ထဲက ပစ္စတ္တု ဇာတိ ဗိုလ်လောင်း တစ်ယောက်နဲ့ ပတ်သက်လို့ ဟာသ တစ်ခုက တော့ အခုထိ ပြောနေကြဆဲပါ။ သူက တတိယနှစ်မှာ လေတပ်ကို အရွေး ခံရပါတယ်။ အဲဒီလို အရွေးခံရတဲ့ အကြောင်းကို သူ့မိဘဆီ အကြောင်း ကြားတဲ့အခါ သူ့အဖေက သူ့ဆီကို ဒီလို စာရေးလိုက်ပါသတဲ့။ "သား — လေတပ်ရောက်လို့ လေယာဉ်ပျံ မောင်းတဲ့အခါ အန္တရာယ် ကင်းအောင်လို့ သားရဲ့ လေယာဉ်ပျံကို ဖြည်းဖြည်းနဲ့ နိမ့်နိမ့် ပျံပါလေ" လို့ ဆိုပါသတဲ့။ ဒီ စကားရပ်တွေကို ကျွန်တော်တို့ စစ်တက္ကသိုလ် ကျောင်းဆင်းတွေ တွေ့တိုင်း လေတပ်က ကောင်တွေကို အဲဒီလို ပြောနေကြပါ။

## ထူးခြားသော ပုဂ္ဂိုလ်များ

အပတ်စဉ် ၁ က အစောဆုံး ထွက်ရတဲ့ ပုဂ္ဂိုလ်တွေထဲမှာတော့ ကိုသိန်းထွန်း ကြီးက အစောဆုံး ထင်ပါတယ်။ ဘာစည်းကမ်းနဲ့ ငြိလို့လည်းတော့ မသိပါ ဘူး။ ဗိုလ်ကြီးဘဝနဲ့ အငြိမ်းရောက်ခဲ့တာပါ။ ဒါပေမဲ့ သူက စိတ်ဓာတ်ထက်

ဆိုတာ ရှိဟန် မတူပါဘူး။ လူငယ်တွေနဲ့လည်း ရောရောနှောနှော နေတတ်ပါ တယ်။ သူ အရာရှိဖြစ်ချိန်မှာ မြစ်ဝကျွန်းပေါ်မှာ အခြေကျတဲ့ တပ်ရင်းတစ်ခုမှာ ဘိုင်းရင်းသား၊ လက်နက်ကိုင် အဖွဲ့တွေနဲ့ တိုက်ပွဲတွေ ဖြစ်တဲ့ အကြောင်း အားရပါးရ ပြောခဲ့ဖူးပါတယ်။

ကိုဂင်းဖေဉ္ဈန်ကတော့ အပတ်စဉ် ၁ မှာ နောက်ဆုံး အဆင့်အနီးက အရာရှိ ဖြစ်ခဲ့လို့ ရံဖန်ရံခါ သူ့အဆင့်နဲ့ ပတ်သက်ပြီး ဟာသနှောပြီး ပြောလေ့ရှိပါတယ်။ သူနဲ့ ကိုအေးက ရှေ့ဆင့် နောက်ဆင့်ပါတဲ့။ "ကိုသောင်း က တို့ Intake မှာ နံပါတ် ၁ ပေါ့၊ ငါနဲ့ ကိုအေးကတော့ နောက်ဆုံးကနေ ရေတွက်ရင် အမှတ်စဉ် ၃- ၄ ပေါ့" ဆိုပြီး ပြက်လုံး ခဏ ခဏ ထုတ်ခဲ့ဖူးပါ ဘယ်။ သူကတော့ ဗိုလ်ကြီးဘဝမှာ စက်မှု ၁ က အထည်အလိပ် စက်ရုံရေး ရှင်းမှာ ဦးဆောင်ညွှန်ကြားရေးမှူးအထိ ဖြစ်ခဲ့ပါတယ်။ ကိုအောင်ကိုးကတော့ အမေရိကန်နိုင်ငံ စစ်သံမှူးဘဝက ပြန်ခေါ်ခံရတဲ့အခါမှာ စက်မှု ၁ က ဌာန ဘစ်ခုမှာ ညွှန်ချုပ်အထိ ဖြစ်ခဲ့ပါတယ်။

အထက်မှာ ကျွန်တော် တင်ပြခဲ့တာတွေကတော့ စစ်တက္ကသိုလ် အပတ်စဉ် ၁ က အစ်ကိုကြီးများ အကြောင်းကို လက်လှမ်းမီသမျှ တင်ပြခဲ့ ခြင်း ဖြစ်ပါတယ်။ လူစုံတက်စုံ ပါမှာ မဟုတ်သလို အကြောင်းအရာတွေလည်း ပြည့်စုံမှာ မဟုတ်ပါဘူး။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ကို အပြစ်တင်ရင်လည်း ခံရမှာပါ။

**အင်ဂျင်နီယာ ကျောင်းသားများ**

DSA အပတ်စဉ် ၁ နှင့် ၂ မှာ အစီအစဉ် တစ်ခု ရှိပါတယ်။ ဒါကတော့ စာသင် နေတဲ့ ကျောင်းသားတွေကို ဒုတိယနှစ် အောင်တဲ့အခါ အဆင့်အမြင့်ဆုံး ဗိုလ်လောင်းတွေကို ရန်ကုန် စက်မှု တက္ကသိုလ်ကို ပို့တဲ့ အစီအစဉ်ပါ။

ဒါကြောင့် အပတ်စဉ် ၁ နှင့် ၂ က ဗိုလ်လောင်း တချို့ ရန်ကုန် စက်မှု တက္ကသိုလ်ကို အပို့ခံရပါတယ်။ ကျောင်းသားတွေရဲ့ လခကိုတော့ တပ်ကြပ် ကြီး အဆင့်နဲ့ ထုတ်ပေးပါသတဲ့။ ဘယ်လောက်လဲ ဆိုတာတော့ မမှတ်မိ တော့ပါဘူး။

အဲလို အပို့ခံရတဲ့ မောင်မင်းကြီးသားများထဲက တချို့ စာမေးပွဲ ကျပါတယ်။ အပတ်စဉ် ၁ က ကိုစိုးဝင်း (ကိုကြွက်ကြီး) နဲ့ ဗဟာဒူးဆင်း။ အပတ်စဉ် ၂ က ဒေးဗစ်ဂီးလ်ရှားတို့ ဖြစ်ပါတယ်။ အပတ်စဉ် ၁ ပုဂ္ဂိုလ်များကို စစ်တက္ကသိုလ်ကို ပြန်ပို့တဲ့အခါ အပတ်စဉ် ၄ နဲ့အတူ တက်ရပါတယ်။ ဒေးဗစ်ကတော့ ကျွန်တော်တို့ အပတ်စဉ် ၅ ကို ရောက်လာပါတယ်။ စစ်တက္ကသိုလ်မှာ စာမေးပွဲအောင်တဲ့ ပုဂ္ဂိုလ်များကတော့ ကျွန်တော် မှတ်မိသမျှ ကိုပေါ်ထွန်း (ဗိုလ်ချုပ်-ငြိမ်းကွယ်လွန်) နဲ့ ကိုကျော်သိန်းတို့ ဖြစ်ပါတယ်။

ကိုစိုးဝင်းကတော့ အပတ်စဉ် ၄ ကျောင်းဆင်းတဲ့အခါ လေ့ကျင့် ထူးချွန်ဆုတောင် ရသွားလိုက်ပါသေးတယ်။ ဗဟာဒူးဆင့်ကတော့ အရာရှိ ဖြစ်တာနဲ့ တပ်က နုတ်ထွက်သွားပါတယ်။ သူ့အမျိုးတွေ ရှိတဲ့ နီပေါ နိုင်ငံကို ပြန်သွားပါတယ်။ ဒေးဗစ်ကတော့ DSA မှာ အင်္ဂလိပ်စာဌာနမှာ ဆရာ ပြန်ဖြစ်ပါတယ်။ ဗိုလ်မှူးဘဂနဲ့ နုတ်ထွက်ပြီး ဩစတြေးလျနိုင်ငံမှာ အခြေချနေထိုင်ပါ။

## ဘာကြောင့်များပါလိမ့်...

စစ်တက္ကသိုလ် အပတ်စဉ် ၁ က ပုဂ္ဂိုလ်တွေ အကြောင်းကို လက်လှမ်းမီသမျှ တင်ပြရတဲ့ အကြောင်းရင်းက ၁၉၅၅ ခုနှစ် တစ်ပိုက်မှာ လူလားမြောက်မယ့်ဆဲဆဲ လူငယ်တွေကို စုစည်းပြီး စာပေပညာနဲ့ စစ်ပညာတွေ သင်ကြားပေးခဲ့ရာမှာ နိုင်ငံ့အတွက် ဘယ်လောက်အထိ အကျိုးရှိခဲ့သလဲ ဆိုတာ စာရှုသူများ စဉ်းစား သုံးသပ်နိုင်ဖို့ ဖြစ်ပါတယ်။

နောင်တစ်ခေတ်၏ အောင်စစ်သည် ဆိုတဲ့ ဆောင်ပုဒ်နဲ့ လူငယ်တွေကို ပြုစု ပျိုးထောင်ခဲ့ရာမှာ မူလ ရည်ရွယ်ချက်ကတော့ တပ်မတော်အတွက် ပြောင်မြောက်တဲ့ စစ်သည်တွေ ထွန်းပေါ်လာရေးပါ။ ဒါပေမဲ့ တပ်မတော်က နိုင်ငံရေးဇာတ် သွတ်သွင်းလိုက်တဲ့အခါ သူတို့ထဲက တချို့သော ပုဂ္ဂိုလ်တွေဟာ နိုင်ငံတော်အဆင့်အထိ တာဝန်ယူခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ဥပမာ-ကိုအေး ဆိုရင် နိုင်ငံတော်ရဲ့ ဒုတိယ ခေါင်းဆောင်၊ ကိုထွန်းကြည်၊ တို့ မောင်မောင် (လေ) တို့ကျတော့ ဝန်ကြီးအဆင့် အထိ၊ ကိုကျော်အေးကတော့ ဒုဝန်ကြီးအထိ အသီးသီး တာဝန် ယူခဲ့ကြရပါတယ်။

အလျင်းသင့်လို့ ဒုတိယ ကမ္ဘာစစ်မှာ မြန်မာနိုင်ငံကို ပြန်လည် သိမ်း ပိုက်တဲ့ ဗြိတိသျှ အမှတ် ၁၄ တပ်မတော်ရဲ့ ဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး Sir William Slim ရေးခဲ့တဲ့ Defeat into Victory စာအုပ်မှာ ရေးခဲ့တာတွေကို တစ် ဆင့် ကောက်သည်ချပါရစေ။ သူက ဒီလို ရေးထားပါတယ်။

"အရာရှိတစ်ယောက် တပ်ကို ရောက်လာပြီဆိုရင် သူ့ကို အကဲဖြတ်ရ ပါတယ်။ ပထမ တစ်မျိုးက ဝီရိယ ရှိတယ်၊ ဉာဏ်ကောင်းတယ်။ သူဟာ အဆင့်မြင့် အရာရှိဖြစ်ဖို့ သင့်လျော်တဲ့ အရည်အချင်း ရှိတယ်။ နောက် တစ် ယောက်ကတော့ ဝီရိယ နည်းတယ်၊ ဉာဏ်ကောင်းတယ်။ သူလို အရာရှိ မျိုးဟာ နောင်တစ်ချိန်မှာ စစ်ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်လာနိုင် တယ်။ နောက်တစ်ယောက်ကတော့ တက်ကြွတယ်၊ ဉာဏ်ထုံထိုင်းတယ်။ အဲဒီလို အရာရှိမျိုးကျတော့ တပ်က စောစောစီးစီး ထုတ်ပစ်သင့်တယ်" လို့ ရေးထားပါတယ်။ အင်္ဂလိပ်လို ဆိုရင်တော့ -

If an officer is intelligent and industrious, that kind of officer is fit for higher command. If he is lazy but intelligent, he can become a good commander. If an officer is stupid and industrious, he should be kicked out of the Army. အဲ့ဒီလို ရေးထားပါတယ်။

ဒါကြောင့် တပ်မတော် အရာရှိတွေဟာ စစ်တက္ကသိုလ်ကပဲ ဆင်းဆင်း၊ ဗိုလ်သင်တန်းကျောင်းကပဲ ဆင်းဆင်း Sir William Slim ရေးထားခဲ့သလို stupid and industrious ဖြစ်တဲ့ အရာရှိမျိုး မဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီလို အနေအထား ဖြစ်မလာအောင် သင်တန်း တာဝန်ကျ ဆရာများမှာ တာဝန် ရှိသလို ကိုယ့်ကိုယ်ကိုယ် သုံးသပ်ပြီး အရည်အချင်း မြှင့်တင်နေတဲ့ အရာရှိ များကလည်း သတိပြုကြဖို့ပါ။

အဲဒီလိုသာ ပြန်လည် သုံးသပ်မှု မရှိခဲ့ရင်တော့ အပတ်စဉ် ၃၆ က ညီနောင်အချို့လို လမ်းမှားရောက်ပြီး နောင်တစ်ခေတ်၏ ဂယောင်စစ်သည် များ ဖြစ်လာမှာ မလွဲပါ။ ဒီလို အသိတွေ တိုးပွားလာစေဖို့ ရည်ရွယ်ပြီး ဒီ ဆောင်းပါးကို လက်လှမ်း မှီတမျှ ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါကြောင်း။

*****



# ဒါမျိုးတွေ ဖြစ်ခဲ့ဖူးတယ် ဆိုတာ ယုံနိုင်ကြပါ့မလား

## ပေါ့ပေါ့ပါးပါး

ကျွန်တော် ရေးခဲ့တဲ့ ဆောင်းပါး အများစုဟာ ကျွန်တော့်ဘ၀၊ သက်တမ်းတစ်လျှောက် ကိုယ်တိုင် တွေ့ကြုံခဲ့ဖူးတဲ့ နိုင်ငံရေးလောကနဲ့ တပ်မတော်က ပုဂ္ဂိုလ်တွေ အကြောင်း များပါတယ်။ သူတို့အကြောင်းကို ရေးရတာ သတိထားရပါတယ်။ တချို့ ပုဂ္ဂိုလ်တွေရဲ့ ပုဂ္ဂလိက ဖြစ်စဉ်အချို့ဟာ ရေးပြလို့ မသင့်တဲ့ အကြောင်းအရာတွေ ရှိခဲ့ပါတယ်။ ရှောင်ခဲ့ရပါတယ်။ တချို့ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကျတော့ ပုဂ္ဂိုလ်ရေး ဆန်ပေမဲ့ သူနဲ့ ဆက်နွယ်နေတဲ့ အကြောင်းအရာ တချို့ဟာ သံဝေဂရဖွယ်၊ ဆင်ခြင်ဖွယ်ရာ အကြောင်းတွေမို့ ဖွင့်ဟရေးခဲ့ရတာလည်း ရှိပါတယ်။ ပြောရရင်တော့ ရေးရတာ တော်တော်လေးလေးပင်ပင် ရှိပါတယ်။

ဒီတစ်ခါတော့ အပြောင်းအလဲအဖြစ် ပေါ့ပေါ့ပါးပါး ဖြစ်မယ်လို့ ယူဆရတဲ့ အကြောင်းလေးတွေ ရေးပြချင်ပါတယ်။ ပေါ့ပေါ့ပါးပါးလေးတွေ ဆိုပေမဲ့ နိုင်ငံရေးအမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ တော်တော် ထူးခြားတဲ့ ဖြစ်စဉ်လေးတွေပါ။ အဲဒီလို ဖြစ်စဉ်လေးတွေ ပေါ်အောင် အကောင်အထည်ဖော်တဲ့ ပုဂ္ဂိုလ်များရဲ့အတွေးရယ်၊ အာဏာကို လက်ကုန် သုံးသွားတယ် ဆိုတဲ့ အချက်တွေကို မြင်သာအောင် ရည်ရွယ်ပြီး ပြန်ပြောင်း ဖောက်သည်ချရခြင်းပါ။

## လက်ရှိ အခြေအနေ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အထွေထွေ ရွေးကောက်ပွဲမှာ NLD က ၈၀ ရာခိုင်နှုန်းလောက် အနိုင်ရခဲ့တဲ့အခါ အစိုးရ ဖွဲ့စည်းရာမှာ သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်များ ဖွဲ့

စည်းရာမှာ ဒေါ်လည်းကောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရများ လွှတ်တော်များ ဖွဲ့စည်းရာမှာ ဒေါ်လည်းကောင်း NLD ကိုယ်စားလှယ် အများစုနဲ့ ဖွဲ့စည်းပြီး နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့တာ အခု ဆိုရင် သုံးနှစ် ကာလထဲ ရောက်နေပါပြီ။

ပါတီစုံ ဒီမိုကရေစီ စနစ်ရဲ့ အခြေခံ သဘောထားဖြစ်တဲ့ ရွေးကောက်ပွဲ အနိုင်ရတဲ့ ပါတီက အစိုးရ ဖွဲ့ရမယ်ဆိုတဲ့ မူအရ နိုင်ငံ့တာဝန်များကို ယခင် အစိုးရထံမှ လွှဲပြောင်း လက်ခံခဲ့ရတာပါ။ ရွေးကောက်ပွဲ နိုင်ခါစက ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းကလို အာဏာလွှဲမှ လွှဲပါ့မလားဆိုတဲ့ အနေအထား တွေကို ဖြတ်ကျော်ပြီး အရပ်သားတွေ ဦးစီးတဲ့ ဒီမိုကရေစီ အစိုးရက တာဝန် ယူခဲ့ခြင်း ဖြစ်ပါတယ်။ နိစ္စဓူဝ စားဝတ်နေရေးတွေကို ပြဿနာများနဲ့ ရင်ဆိုင် နေရတဲ့ လူထု အများကတော့ ဒီလို အနေအထားကို ပုံမှန်လို့ ယူဆနေကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ "ရှစ်လေးလုံး အရေးတော်ပုံ" ဖြတ်သန်းလာတဲ့အခါ ကြုံတွေ့ခဲ့ရတဲ့ ထင်ရှားတဲ့ အကြောင်းအရာတွေကိုတော့ လူအများက မှတ်မိမှာပါ။ ဥပမာ- ယခု နိုင်ငံတော် အတိုင်ပင်ခံ ဖြစ်နေတဲ့ ဒေါ်အောင် ဆန်းစုကြည်ဟာ အကျယ်ချုပ်/အကျဉ်းချုပ် သုံး-လေး ကြိမ် ကျခဲ့တဲ့ ကိစ္စ မျိုးတွေ၊ ရန်ကုန်-ပုသိမ် ခရီးစဉ်မှာ ညောင်တုန်းနားက လယ်ကွင်းတွေထဲမှာ ကားတစ်စီးနဲ့ ပိတ်ဆို့ ခံခဲ့ရတာမျိုးတွေနဲ့ ဒီပဲယင်း အရေးအခင်းတွေ ဖြစ်ပါ တယ်။

ဒါပေမဲ့ အဲဒီလို ကြီးမားတဲ့ ဖြစ်စဉ်တွေအပြင် စစ်အစိုးရရဲ့ ဖိနှိပ်မှု ကြောင့် ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ထောင်ဒဏ် ကျခံရတာတွေကိုတော့ လူအများက မှတ်မိကြမယ် မထင်တော့ပါဘူး။ နှစ်ကာလ ကြာညောင်းပြီ ဆိုတော့ တချို့ကိစ္စတွေကို အခုပြန်ပြောရင် "ဟုတ်မှဟုတ်ပါ့မလား" လို့ တအံ့တသြနဲ့ ပြန်မေးခွန်းထုတ်တာတွေ ခံရနိုင်ပါတယ်။ ကျွန်တော်က ထောင်သက် ကြာရှည်ခဲ့တဲ့အတွက်ကြောင့် ထူးထူးဆန်းဆန်း ဖြစ်စဉ်လေး တွေကို ကိုယ်တိုင် မတွေ့ခဲ့ရပေမယ့် "ထောင်သတင်း ထောင်ချင်းဆောင်" ဆိုသလို ကြားသိရလာတာလေးတွေကို ပြန်လည် ဖောက်သည် ချချင်တာပါ။ တချို့ကိစ္စလေးတွေကျတော့ "ငိုအားထက် ရယ်အားသန်စရာ" လေးတွေပါ။

## အမှတ်တရ ပန်းအိုး

၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့မှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ကွယ်လွန်ခဲ့ပါတယ်။ ဒေါ်ခင်ကြည်ရဲ့ ရုပ်အလောင်းကို ရွှေတိဂုံဘုရားရဲ့ တောင်ဘက်၊ ရွှေတိဂုံဘုရားလမ်းဘေးမှာ ဂူသွင်း သင်္ဂြိုဟ်ခဲ့ပါတယ်။ ဒေါ်ခင်ကြည်ရဲ့ အုတ်ဂူ အနီးနားမှာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်။ သီပေါမင်းနဲ့အတူ ပါတော်မူခဲ့တဲ့ စုဖုရားလတ်တို့ရဲ့ အုတ်ဂူတွေ ရှိနေခဲ့ပါတယ်။ စုဖုရားလတ်က လွဲလို့ ကျန်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒေါ်ခင်ကြည်ရဲ့ အုတ်ဂူတို့ကို ကွယ်လွန်သွားခဲ့တဲ့ NLD အလုပ်အမှုဆောင် အဖွဲ့ဝင် ဗိသုကာ ဦးကျော်မင်းက ပုံစံထုတ်ခဲ့တယ်လို့ သိရပါတယ်။ ထူးခြားတဲ့ တိုက်ဆိုင်မှုတစ်ခုပါ။

ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကို သင်္ဂြိုဟ်ပြီးတဲ့နောက်မှာ အဲဒီနေရာနဲ့ နီးစပ်တဲ့ NLD အဖွဲ့ဝင် တချို့က တာဝန်ယူပြီး ပုံမှန် အပတ်စဉ် ပန်းအိုး ဘစ်လုံး သွားချထားလေ့ ရှိပါတယ်။ "လွမ်းသူ့ရဲ့ပန်း" ပေါ့။ ဒါနဲ့ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို ပုဒ်မ ၁၀ (ခ) နဲ့ အကျယ်ချုပ်ချခြင်း ခံခဲ့ရပါ တယ်။

အဲဒီလို အကျယ်ချုပ်ကျပြီးတဲ့ နောက်ပိုင်းမှာ မင်္ဂလာတောင်ညွန့် မြို့နယ်က NLD အဖွဲ့ဝင် အမျိုးသမီးတစ်ယောက်က ပန်းအိုးတစ်အိုးကို အပတ်စဉ် သွားရောက် ချထားလေ့ရှိပါတယ်။ သူ့နာမည်က မနှင်းရည် (အမည်လွှဲ) ဖြစ်ပါတယ်။ သူ အဲဒီလို ပန်းအိုးချတာကို နှစ်လ သုံးလလောက် ကြာတဲ့အခါ အာဏာပိုင်တွေက သိသွားပါတယ်။ ဒါကြောင့်မို့လို့ ခါတိုင်း ပန်းအိုးချနေကျ နေ့မှာ ဒေါ်ခင်ကြည် အုတ်ဂူ အနီးတစ်ဝိုက်မှာ စောင့်နေတဲ့ ရဲနဲ့ ထောက်လှမ်းရေး အဖွဲ့က ဖမ်းလိုက်ပါတော့တယ်။ သူ့ကို စစ်ခုံရုံးကို တင်တော့ "နယ်မြေ လုံခြုံရေးကို ထိခိုက်မယ့်ကိစ္စ" လို့ စွပ်စွဲပြီး ထောင်ဒဏ် သုံးနှစ် ချလိုက်ပါတယ်။

ကျွန်တော် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် နေ့မှာ ထောင်က လွတ်တဲ့အခါ မနှင်းရည်ကို တွေ့ပါတယ်။ အသားညိုညို၊ အရပ် မနိမ့်မမြင့်၊

အသက် ၄၀ အရွယ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဇနီး ဒေါ်ခင်ကြည်နဲ့ သမီး ဒေါ်အောင်ဆန်းစုကြည်တို့ကို ကြည်ညို လေးစားတဲ့ စိတ်နဲ့ ဒေါ်ခင်ကြည်ရဲ့ အုတ်ဂူကို အပတ်စဉ် ပန်းအိုး တစ်လုံး တစ်လုံး သွားချရင်း ထောင်ထဲ ရောက်သွားခဲ့တာပါ။

**စပီကာ ဘသိန်း**

သူ့ကို ကျွန်တော် မတွေ့ခဲ့ဖူးပါဘူး။ ကျွန်တော် အထူးဆောင်မှာ ရှိနေစဉ်က တာဝန်ကျနေတဲ့ ထောက်လှမ်းရေးနဲ့ ထောင်ဝန်ထမ်းတို့ အချင်းချင်း ပြောနေကြတဲ့ အတွက် အခုလို ပြန်ရေးပြနိုင်တာပါ။ အဲဒီ ကိုဘသိန်း ဆိုတဲ့လူက ထောင်ထဲ ရောက်နေပါပြီ၊ စစ်ခုံရုံးက ထောင်ဒဏ် သုံးနှစ် ချလိုက်ပြီး အဆောင် တစ်ခုကို ရောက်လာခဲ့တာပါ။ သူ ထောင်ကျတဲ့ အကြောင်းရင်းတို့ ပြန်ကြားရတဲ့ လူတိုင်း မရယ်ဘဲ၊ မပြုံးဘဲ မနေနိုင်ပါဘူး။ အဲဒီလောက် အထိ ဖြစ်ရပ်က ဆန်းတာပါ။

တောင်ဥက္ကလာပကပါတဲ့။ အဲဒီအချိန်တုန်းက တန်ဆောင်မုန်းလမှာပါ။ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်းလိုလိုက ကထိန်အတွက် စိုင်းပြင်းနေကြတဲ့ ကာလ ဖြစ်ပါတယ်။ ဦးဘသိန်းကလည်း တောင်ဥက္ကလာပ မြို့နယ်ထဲက သူ့ ရပ်ကွက်မှာ မဏ္ဍပ်ထိုးပြီး ကထိန်အတွက် အလှူခံနေခဲ့ပါသတဲ့။ ဒါက နှစ်စဉ် လုပ်နေကျ အလုပ်ပါ။ သူက အသံချို့စက်က တစ်ဆင့် သူ့အသံကို သူ ပြန်ကြားရတာကို အမြဲ ပီတိဖြစ်၊ ကျေနပ်နေတဲ့လူပါ။ နောက်တစ်မျိုး ပြောရရင် "မိုက်ခ်" ပေါ့။ မိုက်ခ်ရရင် လက်က မလွှတ်ချင်တဲ့လူလေ။

အဲဒီနေ့က သူဟာ ထုံးစံအတိုင်း စပီကာ တစ်ခုနဲ့ သူတို့ ရပ်ကွက် ကထိန်အတွက် နိဗ္ဗာန် အကျိုးမျှော်လို့ နှိုးဆော်နေခဲ့တာပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့ NLD အဖွဲ့ဝင် မိန်းကလေး တစ်ယောက်က ပိုက်ဆံ ငါးကျပ်ကို ထုတ်ပြီးတော့ ဦးဘသိန်းကို ပေးလိုက်ပါတယ်။ ဦးဘသိန်းက အလှူငွေ လက်ခံပြီး ဖြတ်ပိုင်းလည်း ပြန်ပေးလိုက်ပါတယ်။ အဲဒီ မိန်းကလေးက "ဦးလေး... သမီး ဒါနကို ကြေညာရင် သမီး တစ်ယောက်တည်းကိုပဲ ဆု မတောင်းပါနဲ့" လို့ ပြောလိုက်ပါတယ်။ ဦးဘသိန်းက "ဒါဆို ဘယ်လို ဆု

တောင်းရမလဲ" လို့ မေးပါတယ်။ မိန်းကလေးက "သမီး နာမည်အပြင် အကျယ်ချုပ် ကျခံနေသော ဒေါ်အောင်ဆန်းစုကြည်လည်း အချုပ်အနှောင်က အမြန်ဆုံး လွတ်ပါစေလို့ပါ ဆုတောင်းပေးပါ" လို့ ပြောလိုက်ပါတယ်။



အဲဒီအခါမှာ ကိုမိုက်ခဲ ဦးဘသိန်းကလည်း "တောင်ဥက္ကလာပ မြို့နယ် ဘ မဘယ်သူက အလှူတော် ငွေ ငါးကျပ် လှူပါတယ်။ ဤကဲ့သို့ အလှူပေးခြင်း အကျိုးကြောင့် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း" စတဲ့ ဆုတောင်းစာတွေ မိုးမွှန်အောင် ပြောပြီး နောက်ဆုံး ပြီးခါနီးမှ "ယခု အကျယ်ချုပ်ကျခံနေသော ဒေါ်အောင်ဆန်းစုကြည်လည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘာလောဆယ် အကျယ်ချုပ် ကျခံနေခြင်းမှလည်း အမြန်ဆုံးလွတ်ပါစေ" လို့ ထပ်ခါတလဲလဲ ဆုတောင်းပေးနေပါသတဲ့။

မကြာပါဘူး။ ညပိုင်းကျတော့ ရဲနဲ့ ထောက်လှမ်းရေးတို့က ရပ်ကွက် အုပ်ချုပ်ရေးမှူးနဲ့အတူ ဦးဘသိန်းကို လာရောက် ဖမ်းဆီးပါတော့တယ်။ သူ့ ည်း စစ်နှုန်းပေ့ါ၊ လူထု ဆူပူအောင် လှုံ့ဆော်တယ် စွပ်စွဲချက်နဲ့ ထောင်ဒဏ် သုံးနှစ် ချလိုက်ပါတယ်။ သူ့ကိုတော့ တိုက်တွေကို မပို့ဘဲ အဆောင်တွေကို ပို့ပါတယ်။ သူ့အဆောင်မှာ စပီကာ ဘသိန်းရယ်လို့ နာမည် ကျော်ကြားသွားခဲ့ပါတယ်။

## မစုနိုင်က ဆင်းရမည်

သူတို့ကတော့ အစိုးရ ပြန်ကြားရေးဌာန၊ သတင်းစာ ထုတ်ဝေတဲ့ ပုံနှိပ်တိုက်က ဝန်ထမ်း နှစ်ဦး ဖြစ်ပါတယ်။ အချိန်က ၁၉၉၀ ခုနှစ် မတိုင်ခင် ရွေးကောက်ပွဲ ကာလမှာပါ။ အဲဒီတုန်းက S1 လို့ ခေါ်တဲ့ ဗိုလ်မှူးကြီး ခင်ညွန့်နဲ့ S2 လို့ ခေါ်တဲ့ ဗိုလ်မှူးကြီး တင်ဦးတို့အကြောင်း သတင်းစာမှာ နေ့စဉ်လိုလို ပါနေခဲ့တာပါ။ သူတို့နှစ်ယောက်ဟာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ NLD အဖွဲ့ဝင်တွေကို ဘယ်ပြန်ညာပြန် တိုက်ခိုက်နေခဲ့ကြပါတယ်။

သိပ်မိတဲ့သူတွေ မှတ်မိကြပါလိမ့်။ S1 နဲ့ S2 တို့က NLD ခေါင်းဆောင်ပိုင်းနဲ့ ဒေါ်စုတို့ကို အပြတ်အသတ် ဖိအား ပေးနေတဲ့အချိန်၊ ပုဂ္ဂိုလ်ရေးတွေကိုလည်း ရှေ့တန်းတင်ပြီး ပုတ်ခတ်နေတဲ့အချိန် ဖြစ်ပါတယ်။ ရွေးကောက်ပွဲနီးလေ ထိုးနှက်မှုတွေက ပိုများလာလေပါ။ အဲဒီအချိန်မှာ အစိုးရပိုင် သတင်းစာတွေမှာ ကြော်ငြာ ထည့်ပါတယ်။ စီမံ/ဘဏ္ဍာ ဝန်ကြီးဌာန အောက်က အစိုးရ ငွေစုဘဏ်တွေ အကြောင်းပါ။ အဲဒီကြော်ငြာမှာ "မစုနိုင်က ဆင်းရဲမည်" လို့ ပါရှိပါတယ်။

အဲဒီ စာသားက အဓိပ္ပာယ် နှစ်ခွပါ။ ပထမ အဓိပ္ပာယ်က ငွေကြေး မစုဆောင်းနိုင်ရင် ဆင်းရဲမယ် ဆိုတဲ့ သဘောပါ။ ဒုတိယ အဓိပ္ပာယ်က မစု ဆိုတဲ့ မိန်းကလေး ရွေးကောက်ပွဲနိုင်ရင် ဆင်းရဲမယ်လို့ ဆိုလိုရင်းပါ။ အဲဒီ ကြော်ငြာက ရက်ဆက်လိုလို ပါလာပါသတဲ့။ သူတို့က ဒီမိုကရေစီ လိုလားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တော့ ဒေါ်စုကိုလည်း သံယောဇဉ် ရှိကြပါတယ်။ အဲဒီ သတင်းစာတိုက်က စာပြင်ဆရာ နှစ်ယောက်က ခုနက ပြောခဲ့တဲ့ ငွေစုနဲ့ ကြော်ငြာကို သူတို့က စာစီပေးရတာပါ။ အဲဒီ ကြော်ငြာကို နေ့စဉ် စာစီပေးရတာ ဆိုတော့ ကြာတော့ သူတို့လည်း အသဲယားလာကြပါတယ်။ ဒါကြောင့် အချင်းချင်း တိုင်ပင်ပြီး အစုလို ပြင်လိုက်ပါတယ်။ "မစုနိုင်က ဆင်းရမည်" ပါတဲ့။ "ဲ" လို့ ရေးရမယ့် နေရာမှာ "နောက်သို့ပစ်" လေး ဖြုတ်လိုက်တာနဲ့ အဓိပ္ပာယ် အများကြီး ကွဲလွဲသွားပါပြီ။

စစ်အစိုးရနော်။ ဘယ်ရမလဲ။ အဲဒီကြော်ငြာ ပါပြီး နောက်အပတ်မှာ သူတို့ နှစ်ယောက်စလုံး အဖမ်းခံရပါတော့တယ်။ "လုံခြုံရေးနဲ့ လူထု တည်

ငြိမ်ရေးကို ပျက်ပြားစေမှု” ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်ခုံရုံးက ထောင် သုံးနှစ်စီ ချထားပေးလိုက်ပါတယ်။ သူတို့ကလည်း သူတို့နည်း သူတို့ဟန်နဲ့ စစ်အစိုးရရဲ့ ဖိနှိပ်မှုကို တစ်တပ်တစ်အား ပါဝင် ဆန္ဒပြခဲ့တာပါ။

**မေတ္တာဝို့ အချွဲ့**

၁၉၉၅ ခုနှစ်နဲ့ ၁၉၉၆ ခုနှစ်တွေမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ ကွယ်လွန်သူ ဦးကြည်မောင်တို့ဟာ စနေ၊ တနင်္ဂနွေတိုင်း ညနေ ၄ နာရီက စပြီး ဒေါ်စု နေတဲ့ အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်းက အိမ်ဂိတ်ဝမှာ ဟောပြောပွဲတွေ ရှိပါတယ်။ ပထမကတော့ ဒေါ်စု တစ်ယောက်တည်း ပြောခဲ့ပေမဲ့ နောက်ပိုင်းတော့ လူထု တောင်းဆိုချက်အရ ဦးကြည်မောင်နဲ့ ဦးတင်ဦး တို့လည်း ပါဝင် ဟောပြောခဲ့ပါတယ်။ လူထု ထောက်ခံမှု များပါတယ်။ တစ်ခါတစ်ရံ လူဦးရေ သောင်းဂဏန်းထိ ရောက်သွားခဲ့တဲ့ အတွက် လမ်း ပိတ်လုနီးပါးတောင် ဖြစ်ခဲ့ပါတယ်။

ဟောပြောပွဲတွေ အရှိန်ရလာတဲ့အခါ ပုံမှန် လာနေကျ အုပ်စုက အများစု ဖြစ်ပြီး အနယ်နယ် အရပ်ရပ်က ရန်ကုန်ရောက်လို့ သိချင်စိတ်နဲ့ လာရောက်ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ပုံမှန် လာရောက်တဲ့ လူအုပ်စု တွေထဲမှာ အမြဲလိုလို လာနေကြတဲ့ လူတစ်စု ရှိပါတယ်။ သူတို့တစ်တွေ ကတော့ ရန်ကုန်မြို့တစ်ဝိုက်မှာ ကြုံရာလုပ်ငန်းတွေနဲ့ အသက်မွေးတဲ့သူ တွေပါ။ သူတို့နဲ့ ကျွန်တော်က ၁၉၉၆ ခုနှစ် မေလမှာ အင်းစိန် ထောင်မကြီး ဆားက သီးသန့်ထောင်မှာ တွေ့ခဲ့ဖူးလို့ အခုလို ရေးပြနိုင်တာပါ။

သူတို့ လူအုပ်စုတွေဟာ ဟောပြောပွဲနေ့တိုင်း ညနေ ၃ နာရီလောက်ဆို ဒေါ်စု ခြံရှေ့ ရောက်နေကြပါပြီ။ တံခါး ရှေ့မှာ နေရာအကျယူပြီး လူကြီးတွေ ပြောသမျှ သဘောကျတိုင်း လက်ခုပ်လက်ဝါးတီးပြီး အားပေးခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ ပုံမှန်လုပ်နေကျ ကိစ္စတစ်ခုကတော့ ဟောပြောပွဲ ပြီးပြီလို့ ကြေညာလိုက်တာနဲ့ “ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ”၊ “ဘဘ ဦး ကြည်မောင် ကျန်းမာပါစေ”၊ “ဘဘ ဦးတင်ဦး ကျန်းမာပါစေ” လို့ အမြဲ ပြိုင်အော်ခဲ့ကြတာပါ။ အပတ်စဉ် ဆိုသလိုပေါ့။

သူတို့အဲဒီလိုအော်နေတာကိုမောင်မင်းကြီးသားထောက်လှမ်းရေးများက မျက်စိစပါးမွေးစူးလာခဲ့ဟန် တူပါတယ်။ သူတို့ တစ်ဦးချင်းစီရဲ့ နောက်ကို ထက်ကြပ်မကွာ လိုက်ပြီး နေရပ်လိပ်စာနဲ့ အလုပ်အကိုင်တွေကိုပါ သိအောင် လုပ်ခဲ့ကြပါတယ်။ သူတို့ကတော့ ဘယ်သိပါ့မလဲ။ ရိုးရိုးသားသားနဲ့ အသက်မွေးနေတဲ့သူတွေမို့လား။ သူတို့ကတော့ ဟောပြောပွဲတိုင်းမှာ လူကြီးတွေအတွက် "ကျန်းမာပါစေ" လို့ အော်ဟစ် ကြွေးကြော်ပြီး ပျော်နေခဲ့ကြတာပါ။

သူတို့ အပတ်စဉ်လိုလို လာပြီး မိန့်ခွန်းတွေ နားထောင်၊ ပြီးတာနဲ့ လက်သီး လက်မောင်း တန်းပြီး ကျန်းမာပါစေ ကြွေးကြော်။ အဲဒီလို ပုံမှန် လုပ်လာလိုက်တာ ၁၉၉၆ ခုနှစ်၊ ဇွန်လဆန်းမှာ ရပ်တန့် ပြတ်တောက်သွားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မေလမှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ခြောက်ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို NLD က ကျင်းပဖို့ ဖိတ်စာတွေ ဝေငှခဲ့ပါတယ်။ ဒီအစည်းအဝေးဟာ သူတို့ရဲ့ ရပ်တည်မှုကို စိန်ခေါ်တဲ့ အစည်းအဝေးလို့ နဝတက ယူဆတဲ့အတွက် တစ်နိုင်ငံလုံး အစည်းအဝေး ဖိတ်ကြားခံရတဲ့သူတွေ အားလုံးလိုလိုနဲ့ မြို့နယ်တိုင်းက အရေးပါတဲ့ NLD အားလုံးကို ဖမ်းဆီးလိုက်ပါတယ်။

အဲဒီလို ဖမ်းဆီးတာနဲ့ တစ်ပြိုင်နက် ခုနက ပြောခဲ့တဲ့ ဟောပြောပွဲမှာ "ကျန်းမာပါစေ" လို့ ကြွေးကြော်တဲ့သူ အားလုံးကိုလည်း ဖမ်းပါတော့တယ်။ ကျွန်တော် ကိုယ်တိုင်လည်း အဖမ်းခံရတဲ့အတွက် သူတို့နဲ့ အင်းစိန်ထောင်မကြီး ဘေးမှာ ရှိတဲ့ သီးသန့်ဆောင်မှာ ဆုံခဲ့ရသလို သူတို့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို သိရတာပါ။ သူတို့ရဲ့ ဖြစ်စဉ်တွေကို ကြားသိရတဲ့သူတိုင်းဟာ ငိုအားထက် ရယ်အားသန် ဆိုသလို ဖြစ်ခဲ့ရတာယပေါ့။ "ကျန်းမာပါစေ" လို့ မေတ္တာပို့တဲ့အတွက် ထောင်ကျခဲ့တဲ့ ပုဂ္ဂိုလ် စုစုပေါင်း ၁၃ ယောက် ရှိပါ...သိ။ သူတို့တစ်တွေ ထောင်ကျပြီးတဲ့နောက် ထောင်ထဲက အဆောင်တွေကို အသီးသီး တကွဲတပြား ရောက်သွားကြပါတယ်။ ဒါပေမဲ့ သူတို့ကို "မေတ္တာပို့အဖွဲ့" လို့ အများက သမုတ်ကြပြီး ထောင်ထဲမှာတော့ သူတို့က လူစွမ်းကောင်းတွေပေါ့။

**ဦးကေသဝ**

ဒီဆရာတော်က ထိုစဉ်က ကြည့်မြင်တိုင်က ကျောင်းတိုက် တစ်ခုမှာ စာ လိုက်နေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဓမ္မာစရိယတန်းလို့ ထင်ပါတယ်။ သက် တော် ၃၁ နှစ်၊ ဝါ ၂၀ ဝါ ရှိပါပြီ။ သီးသန့်ထောင်က တိုက်မှာ ကျွန်တော်က အခန်း ၁၊ ဆရာတော်က အခန်း ၂ မှာပါ။ ကပ်လျက်ပေါ့။ နောက် တစ်ပတ် နှစ်ပတ်လောက် ကြာတဲ့အခါ ဖမ်းတဲ့သူတွေ ပိုများလာတဲ့အတွက် ဆရာ တော့် အခန်းကို နောက်ထပ် လူနှစ်ဦး တိုးလာပါတယ်။ တစ်ယောက်ကတော့ မျိုးခင် (ခ) ချစ်မလွယ်မုန်းခက်တို့ ဖြစ်ကြပါတယ်။ မျိုးခင်က အဲဒီအချိန်မှာ ဗီဒီယို ဇာတ်ကား တချို့ ရိုက်နေပါပြီ၊ ဇာဂနာနဲ့ တွဲပြီး ဗီဒီယို ဇာတ်ကား တချို့မှာ ဟာသ သရုပ်ဆောင် အဖြစ်နဲ့ ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ နောက်တစ်ယောက်ကတော့ မေတ္တာဝို့ အဖွဲ့က ဖြစ်ပါတယ်။ နာမည်တော့ မေ့သွားပါပြီ။

ဦးကေသဝ ထောင်ထဲ ရောက်ပုံကလည်း ဆန်းပါတယ်။ ကျွန်တော်နဲ့ အပြင်တုန်းက မသိခဲ့ပေမဲ့ ထောင်ထဲရောက်တော့မှ သိကျွမ်းခဲ့ရတာပါ။ ဦး ကေသဝဟာ တက္ကသိုလ်ရိပ်သာလမ်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဟော ပြောပွဲကို အပတ်စဉ်တိုင်း ရောက်ပါသတဲ့။ အဲဒီလို ရောက်ခဲ့တဲ့အခါ သူ့ရဲ့ ရိုးသား ဖြောင့်မတ်တဲ့ စိတ်မှာ အမှန်တရားကို ဖြစ်စေချင်တဲ့ စိတ်ဓာတ် တိုးတက် များပြားလာပါတယ်။ တစ်နေ့မှာ ကြည့်မြင်တိုင်မှာ ရှိတဲ့ သူ့ကျောင်း က ထွက်ပြီး မြို့ထဲကို သွားပါတယ်။ မြို့ထဲ ဈေးတစ်ခုက လေးပေ အရှည် ခန့်ရှိတဲ့ ကတ်ပြားအထူ တစ်ချပ်ရယ်၊ ကတ်ပြားပေါ်မှာ စာရေးဖို့ Soft Pen ဆော့ပင် တစ်ချောင်းရယ်၊ ဝါးလုံး တစ်လုံးရယ် ဝယ်ပြီး ပြန်လာပါတယ်။

ညပိုင်းကျတော့ သူ့စိတ်ထဲမှာ ပေါ်လာတဲ့ အချက် သုံး-လေးချက် လောက်ကို ကတ်ပြားပေါ်မှာ ရေးလိုက်ပါတယ်။ နောက်တစ်နေ့ မနက်ခင်း အရုဏ်ဆွမ်း စားပြီးတဲ့ အခါမှာ ညက သူ ရေးထားတဲ့ ကတ်ပြားရယ်၊ ဝါးလုံး ရယ်ကို ယူပြီး ဘတ်စ်ကားနဲ့ မြို့ထဲကို သွားပါတယ်။ ဝါးလုံးကိုတော့ ထိပ်ပိုင်း မှာ ဆေးနဲ့ အရွန်တော် ခွဲထားပါတယ်။ မြို့လယ်ကောင် ရောက်တဲ့အခါ ဆွေး

လေ ဘုရားလမ်းကို သွားပြီး မီးသတ်ရဲ့ ရင်ပြင် ပလက်ဖောင်းပေါ်မှာ ကတ် ပြားကို ဖါးလုံးခွဲကြားမှာ ညှပ်ထားပေးပြီး သူ့ဘေးမှာ ထောင်ထားလိုက်ပါ တယ်။ သူကတော့ မျက်စိ မှိတ်ထားပြီး ပရိတ် ရွတ်နေပါသတဲ့။

အဲဒီ နေရာဟာ လမ်းသွားလမ်းလာ များတဲ့ အတွက် လူတွေဟာ ဦး ကေသဝနဲ့ ဖါးလုံးထိပ်က ကတ်ပြားကို စိတ်ဝင်တစား ကြည့်ကြပြီး ဥပေ ဖြတ်သန်း သွားလာနေကြပါသတဲ့၊ ဒါပေမဲ့ မကြာပါဘူး။ ၁၅ မိနစ်လောက် ကြာတဲ့အခါ မလှမ်းမကမ်းမှာ ရှိတဲ့ ကျောက်တံတား ရဲစခန်းက ရဲ တပ် ယောက်က သူ့ကို "ဦးပဉ္ဇင်း.. စခန်းကို ခဏလိုက်ခဲ့ပါ" လို့ လာခေါ်တဲ့အတွက် သူဟာ ရဲစခန်း ရောက်သွားပါတယ်။ ရဲစခန်း ရောက်တဲ့အခါ သိမ်ကြီးဈေးနား က ကျောင်းတစ်ခုကို ခေါ်သွားပြီး အဲဒီက ဆရာတော် တစ်ပါး ရှေ့မှောက် မှာ သိက္ခာချ လူဝတ်လဲစေပါတယ်။ အဲဒီနောက်တော့ ထောင်ထဲကိုပို့



သူ ထောင်ထဲ ရောက်လာတဲ့အခါ ကျွန်တော်က ထောင်ထဲရောက်သူ အချင်းချင်း မိတ်ဖွဲ့ပြီးတော့ ဖြစ်ကြောင်းကုန်စင် မေးရပါတယ်။ ဒါဟာ ထုံး စံပါ။ အဲဒီအခါကျတော့မှ ဦးကေသဝရဲ့ အကြောင်း သိရတာပါ။ ကျွန်တော် က ဦးပဉ္ဇင်းကို "ဦးပဉ္ဇင်း တစ်ကိုယ်တော် ဆန္ဒပြတုန်းက ကတ်ပြားမှာ ဘာ တွေ ရေးထားခဲ့သလဲ ဘုရား" လို့ မေးတဲ့အခါ သူက "ဒကာကြီးရေ...

ဦးပန္နွင်းက စေတနာ မေတ္တာရှင်းနဲ့ နိုင်ငံကောင်းစေချင်တဲ့ စိတ်စေတနာနဲ့ ရေးတာပါ။ ဦးပန္နွင်း ရေးတဲ့ အကြောင်းအရာတွေက (၁) ဝိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံး တွေ့ဆုံ ညှိနှိုင်းရေး (၂) နိုင်ငံရေး အကျဉ်းသားများ အမြန်ဆုံ လွှတ်ပေးရေး (၃) အနယ်နယ် အရပ်ရပ်တွင် မတရား နှိပ်စက်မှုများအား အမြန်ဆုံး ရပ်စဲရေး (၄) ပြည်တွင်း ငြိမ်းချမ်းရေးလို့ ရေးထားတယ် ဒကာကြီးရ" လို့ ပြောပါတယ်။

ကျွန်တော်က "အရှင်ဘုရား အဲဒီ အကြောင်းအရာတွေ ရေးတာ ဘယ်သူနဲ့ တိုင်ပင်သေးလဲဘုရား" လို့ မေးတဲ့ အခါ "ဘယ်သူနဲ့မှ မတိုင်ပင်ပါဘူး ဒကာကြီးရ" ပြန်ဖြေရင်း သူက တစ်ဆက်တည်း မေးတာက "ဒါတွေနဲ့ ပတ်သက်လို့ ဦးပန္နွင်း ဘာဖြစ်နိုင်သလဲ" လို့ မေးပါတယ်။ ကျွန်တော်က "အရှင်ဘုရား ခုကာလမှာ ကြမ်းခင်းဈေးက မြင့်သွားပြီ ဘုရား။ အနည်းဆုံး ခုနစ်နှစ်ပဲ" လို့ ပြောလိုက်တဲ့အခါ သူက "ဟုတ်ပါ့မလား ဒကာကြီးရယ်၊ ဦးပန္နွင်းက နိုင်ငံ ကောင်းစေချင်လို့ မေတ္တာ စေတနာနဲ့ ရေးခဲ့တာပါ" လို့ ညည်းညူပြီး ပြောပါတယ်။

အမှန်ပါပဲ။ ဦးကေသဝဟာ ကျွန်တော်နဲ့ မတိမ်းမယိမ်းမှာပဲ ခုံရုံးအတင်ခံရပြီး ထောင်ခုနစ်နှစ် ကျသွားခဲ့ပါတယ်။ နောက်ပိုင်းတော့ သရက်ထောင်ကို ထောင်ပြောင်း ပါသွားတယ်လို့ ကြားရပါတယ်။ ဆရာတော်ရဲ့ ဇာတိက ပုဂံ-ညောင်ဦး ဖြစ်ပြီး ပန်းကုန်းတင်ရွာ ဇာတိ ဖြစ်ပါတယ်။ အဲဒီရွာဟာ ပုဂံခေတ်မှာ မိဖုရား ဖွားစော ကြီးပွားစဉ်က မိဖုရားအတွက် နေ့စဉ် ပန်းကုန်းတွေ သီပြီး ပို့ပေးရတဲ့အတွက် ဒီနာမည် ရတယ်လို့ သိရပါတယ်။ ဆရာတော်ဟာ ထောင်က လွတ်ပြီးတဲ့အခါ သူ့ရွာမှာပဲ ပြန် ကျောင်းထိုင်ပါသတဲ့။ ကျွန်တော် မြင်းခြံထောင်မှာ ရှိစဉ်က သူ့ရွာသား တစ်ယောက် ထောင်ကျလာလို့ ဆရာတော် ရွာပြန်ရောက် မှန်း သိရတာပါ။

## ဖြတ်သန်းလာခဲ့ရသော အငြိုး အမုန်းများ

ဒီဆောင်းပါး အစမှာ ကျွန်တော် ရေးခဲ့ဖူးသလိုပါ။ အရင်က ကျွန်တော်ဟာ နိုင်ငံ့ တာဝန် ကြီးကြီးမားမား ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အကြောင်း

ရေးခဲ့ရာက ခုတစ်ခေါက် ပေါ့ပေါ့ပါးပါးလေးတွေ ရေးပြပါတော့မယ်လို့ဆို တကယ်တော့ ပေါ့ပေါ့ပါးပါး ဆိုပေမဲ့ ဖြစ်စဉ်တွေဟာ ပါဝင် ပတ်သက်တဲ့ ပုဂ္ဂိုလ်တိုင်းက ဖိနှိပ် ချုပ်ချယ်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီး ခက်ခဲတဲ့ ထောင်တွင်း အကျဉ်းအကျ ခံခဲ့ရတဲ့သူတွေပါ။ ဒါပေမဲ့ သူတို့ရဲ့လုပ်ရပ်တွေဟာ ထောင်ကျဖို့ လားလားမှ မသက်ဆိုင်တဲ့ လုပ်ရပ်တွေပါ။

NLD နဲ့တကွ ဒီမိုကရေစီ လှုပ်ရှားမှုမှာ ပါဝင်ခဲ့တဲ့ သူတွေဟာ "ထစ်ခနဲဆို ထောင်ချ၊ ထစ်ခနဲဆို ထောင်ချ" ဆိုတဲ့ ဖိနှိပ်တဲ့ နိုင်ငံရေး မိုးလေဝသကို ကြုံတွေ့ခဲ့ကြရတာပါ။ ကျွန်တော်တို့ အကျဉ်းကျစဉ် ကာလက ထောင်တွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ထောက်လှမ်းရေး အရာရှိများရဲ့ ပြောစကားအရ သိခဲ့ရတာက စစ်အစိုးရဟာ ဒီမိုကရေစီ လှုပ်ရှားမှုမှာ ပါဝင်တဲ့သူတိုင်းကို အမှုမတရား ဓာတ်စံနဲ့ အပြုံးကြီးစွာ ထောင်အကျတွေ ချမှတ်ခဲ့တာပါ။

ဥပမာ တစ်ခု ပြောရရင် ၁၉၉၅ ခုနှစ်မှာ ကွယ်လွန်ခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ရာပနကို လိုက်ပို့လို့ ဆိုပြီး ထိုစဉ်က လူငယ်တွေ ဖြစ်တဲ့ မောင်မောင်ဦး (ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)၊ မိုးမြတ်သူ (ယခု နယူးဇီလန်)၊ မိုးမောင်မောင် (ယခု နော်ဝေး) စတဲ့ လူငယ် ၁၀ ယောက်လောက်ကို ဖမ်းခဲ့ပါတယ်။ အဲဒီလို ဖမ်းတဲ့ ရည်ရွယ်ချက်က နောက်တ အနည်းငယ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်က လွှတ်တော့မယ် (သူတို့ သိပြီးသား)၊ သူ လွှတ်လာရင် ဒေါ်စု နိုင်ငံရေး လုပ်ငန်းတွေ လုပ်တဲ့အခါ သူ့ကို တွင်တွင်ကျယ်ကျယ် ပံ့ပိုးမှု မပေးနိုင်အောင် ဆိုပြီး ကြိုတင်ဖမ်းဆီးခဲ့တာပါ။ ဒီလို စကားမျိုးကို အဲဒီတုန်းက သူတို့ကို ဖမ်းတဲ့ ထောက်လှမ်းရေး ဗိုလ်မှူး ကိုယ်တိုင် ဖွင့်ပြောခဲ့ပါသတဲ့။ ဆိုလိုတာက ဘယ်သူ့ကိုမဆို ထောင်ထဲကို အချိန်မရွေး ဖမ်းထည့်နိုင်တဲ့ အာဏာ သူတို့မှာ ရှိနေတာပါ။

အဲဒီလို ဖြတ်သန်းလာကြရာမှာ ကိုးလေးလုံး ကိစ္စ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုသိမ်နဲ့ ဒလ ခရီးစဉ်တွေမှာ ရက်ပေါင်းများစွာ ပိတ်ဆို့ထားခဲ့တာတွေ၊ ၂၀၀၃ ခုနှစ်မှာ အဆိုးတကာ့ အဆိုးဆုံး နှိပ်ကွပ်မှုလို့ ဆိုရမယ့် ဒီပဲယင်း အရေးအခင်း၊ ၂၀၀၇ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ ရွှေဝါရောင် တော်လှန်ရေး စတဲ့ ထင်ရှား/မထင်ရှား ဖိနှိပ်မှုများကို စစ်အစိုးရက ပြုလုပ်ခဲ့ပါတယ်။

ခုချိန်မှာတော့ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံမှာ ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ NLD ဆိုရင်လည်း နိုင်ငံ့တာဝန်တွေ ယူနေပြီး တချို့ ပုဂ္ဂိုလ်တွေကျတော့ မီဒီယာလောက၊ တချို့ ပုဂ္ဂိုလ်တွေကျတော့ ပရဟိတနဲ့ NGO လိုင်းနဲ့ တချို့ ပုဂ္ဂိုလ်တွေကျတော့ စီးပွားရေး နယ်ပယ် အသီးသီးမှာ ကျင်လည်နေကြပါပြီ။ အခုတော့လည်း ဒီမိုကရေစီ အပြည့်အဝ မရသေးပေမဲ့ အထိုက်အလျောက် မုန်တိုင်းငြိမ်တဲ့ ကာလတစ်ခုကို ရောက်နေပါပြီ။ အဲဒီ ပုဂ္ဂိုလ်တွေ အများစုဟာ ကျွန်တော် အထက်မှာ တင်ပြခဲ့တဲ့ အမုန်း အငြိုးနဲ့ ဆက်ဆံခံရတဲ့ ကာလတွေကို တစ်ခုမဟုတ် တစ်ခု ကြုံကြရမှာပါ။

လက်ရှိ နေရာရနေတဲ့ သူတွေကလည်း အများ အတွက် ကြိုးပမ်း အလုပ်လုပ်ရင် လုပ်သလောက် ထိရောက် ပြီး မလုပ်ဘဲ နေရင်လည်း ပြည်သူလူထု အကျိုးကို လျစ်လျူရှုပြီး ဘဝမေ့တာမျိုးတွေ တွေ့နေရပါတယ်။ အဲဒီအခါမှာ ကျွန်တော့်ရဲ့ ဒီပေါ့ပေါ့ပါးပါး စာစုလေးကို ဖတ်ရရင်ဖြင့် တစ်နည်း တစ်ဖုံ သံဝေဂ ရကောင်းရဲ့၊ မိမိကိုယ်ကိုယ် မိမိ ပြန်လည် ဆင်ခြင်ပြီး လမ်းကြောင်းမှန်ပေါ်ကို ကြိုးစား ပြုပြင်နိုင် ကောင်းရဲ့ဆိုတဲ့ စေတနာနဲ့ ယခုလို ပေါ့ပေါ့ပါးပါးလေးတွေ ရေးပြရခြင်း ဖြစ်ပါကြောင်း။

*****



ဓာတ်ပုံ-[illegible]

# ဖွဲ့စည်းပုံ အခြေခံ ဥပဒေများနှင့် ကျွန်တော်

## ကျွန်ဘဝမှာ မြောက်နှစ်ကြာ

ကျွန်တော်ဟာ ၁၉၄၁ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေး ရခဲ့တယ် ဆိုတော့ ကျွန်ဘဝမှာ မြောက်နှစ်နဲ့ ရက်သတ္တ နှစ်ပတ်လောက် နေခဲ့ရတယ် ဆိုပါတော့။ ကျွန်တော်တို့ ရွာဟာ အိမ်ခြေ ၃၀ ကျော်လောက်သာ ရှိတဲ့ ဇနပုဒ်လေး ဆိုတော့ ကျွန်အုပ်ချုပ်ရေးရဲ့ သဘာဝကို မခံစား မသိခဲ့ရပါဘူး။ အသက်အရွယ် ငယ်သေးလို့လည်း ဖြစ်မှာပါ။ ပြီးတော့ ကျွန်တော်တို့ ရွာလေးဟာ တိုက်နယ်ရွာလို့ ခေါ်တဲ့ အလယ်ရွာရဲ့ ပိုင်နက်ထဲမှာ ရှိပါတယ်။ အခုတော့ ကျေးရွာ အုပ်စုလို့ ခေါ်ပေမဲ့ ထိုစဉ်က တိုက်နယ်လို့ ခေါ်ကြပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကို အကောင်အထည် ပေါ်စေတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ရေးဆွဲ အတည်ပြုပြီးနောက် အဲဒီဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ရွေးကောက်ပွဲ လုပ်ခဲ့တဲ့အခါ ဖဆပလအဖွဲ့ချုပ်က အပြတ်အသတ် နိုင်ခဲ့တဲ့ အတွက် အစိုးရ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီခေတ်က Constitution မှာ "အုပ်ချုပ်ပုံ" ဆိုတဲ့ စကား ပါရှိခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ်တို့မှာတော့ မပါတော့ပါ။

တကယ်တော့ လွတ်လပ်ရေးကို ထုဆစ် အကောင်အထည် ဖော်ခဲ့တဲ့ ချုပ် အောင်ဆန်းနဲ့တကွ ခေါင်းဆောင် တချို့ ကျဆုံးသွားခဲ့တဲ့ အတွက် ုက ဝန်ကြီးချုပ် အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ထွက်ပြီ ဆိုတာနဲ့ ျွန်တော့ အဖေ တောကျောင်းက ကျောင်းဆရာလေး ဦးလုထွန်းဟာ ကုန်လို့ မြို့မှာ လခ ၁ွားထုတ်ရင်း ထွက်ရှိထားတဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ

အခြေခံ ဥပဒေ စာအုပ် လေး-ငါးအုပ်လောက် ဝယ်ခဲ့ပါတယ်။

အဲဒီအချိန်က ကျွန်တော်က ကျောင်းနေစ ပြုနေပါပြီ။ တကယ်တော့ ကျွန်တော့ အဖေက မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်က ရှမ့်ငယ် ဆိုတဲ့ ရွာလေးမှာ ကျောင်းအုပ်ဆရာ ဖြစ်နေပါပြီ။ ဒါပေမဲ့ အဖေက ဆည်ကုန်းရွာ ဇာတိပါ။ အလယ်ရွာ မူလတန်းကျောင်းမှာက ကျောင်းအုပ် အဖြစ် ဆရာ ဦးဖိုးမင်းနဲ့ လက်ထောက်ဆရာ ဦးမောင်တင်တို့ ရှိနေကြပါ တယ်။ ကျွန်တော့် အဖေကလည်း မူလ အလယ်ရွာ မူလတန်းကျောင်းမှာ တာဝန်ထမ်းရင်းနဲ့ ကျောင်းအုပ်အဖြစ် ရှမ့်ငယ်ရွာကို ပြောင်းသွားရတာ မကြာသေးပါဘူး။ ဦးဖိုးမင်း၊ ဆရာ ဦးမောင်တင်တို့နဲ့လည်း အမျိုးတော်တဲ့ အတွက် ခင်မင် ရင်းနှီးကြပါတယ်။

အဖေဟာ ဝယ်လာတဲ့ စာအုပ်တွေကို ကျောင်းကို ယူလာပါတယ်။ ကျောင်းက ဆရာတွေနဲ့ တိုင်ပင်ပြီး အဖေက အလယ်ရွာ ဇာတိ ကျောင်းသား ဟောင်းတွေကို ကျောင်းကို လာဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ကျွန်တော် မှတ်မိ သမျှ ရောက်လာတဲ့ ကျောင်းသားတွေထဲမှာ ကိုစံရှိန်နဲ့ ကိုညာက်ထင် (အလယ်ရွာသားများ)၊ ကိုမောင်တင် (သဖန်းပင်ရိုးရွာ) နဲ့ ကိုအောင်ဆီ (ဆည်ကုန်း) တို့ ဖြစ်ပြီး ကျန်တဲ့ ကျောင်းသားဟောင်း လေး-ငါးယောက်က တော့ ကျွန်တော် မမှတ်မိပါ။ အမျိုးသမီး ကျောင်းသားဟောင်းတွေ မပါတာ ကိုတော့ သတိပြုမိပါတယ်။

ရောက်လာတဲ့ ကျောင်းသားဟောင်း ၁၀ ယောက်လောက်ကို အဖေက သူ ဝယ်လာတဲ့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စာအုပ်တွေကို ဖြန့် ပေးပြီး ဖတ်စေပါတယ်။ အဖေကတော့ ညက်ညက်ကျေအောင် ဖတ်ပြီးပြီလို့ ယူဆပါတယ်။ ကျွန်တော် ကိုယ်တိုင်ကတော့ ပထမတန်းမှာပဲ ရှိသေးတော့ လူကြီးတွေရဲ့ ဝိုင်းထဲကို မဝင်နိုင်ခဲ့ပါ။ ခုခေတ်ပုံစံနဲ့ ပြန်ကြည့်မယ် ဆိုရင် အလုပ်ရုံ ဆွေးနွေးပွဲ workshop ပုံစံမျိုး ဖြစ်ပါတယ်။

ကျွန်တော်က သူတို့ဘေးမှာ ယောင်လည်လည်နဲ့ သွားထိုင်ရင်း နား ထောင်နေရတော့ ကိစ္စ အများစုကို ကြားနေ၊ သိနေရပါတယ်။ အဖေက ကျောင်းသားတွေကို အုပ်စု နှစ်စု ခွဲလိုက်ပါတယ်။ ပြီးတော့ သူက အုပ်စု

တစ်ခုမှာ ပါတဲ့ ကျောင်းသားဟောင်းတွေကို "မင်းက ဘယ်မြို့နယ်က အရွေးခံရတဲ့ ပါလီမန် အမတ်၊ နောက်တစ်ယောက်က ဘယ်မြို့နယ်က" စသဖြင့် သတ်မှတ်ပေးလိုက်ပါတယ်။ ခုခေတ်မှာ "လွှတ်တော် ကိုယ်စားလှယ်" လို့ ခေါ်နေကြတဲ့ သူတွေကို အဲဒီခေတ်က "ပါလီမန် အမတ်" လို့ ခေါ်ခဲ့ကြပါတယ်။

အဖေက ဆက်ပြောပါတယ်။ မင်းတို့ အုပ်စုက အများစု ဆိုတော့ အစိုးရ ဖွဲ့နွင့် ရှိတယ် ဆိုပြီး သူ့စာအုပ်ထဲက ပြဌာန်းချက်တွေကို ဖတ်ပြပါတယ်။ နောက်အုပ်စုတစ်ခုက လူနည်းစု ဆိုတော့ မင်းတို့က အတိုက်အခံ ပေါ့ကွာလို့ သတ်မှတ်ပေးလိုက်ပါတယ်။ ပြီးတော့မှ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေမှာ ပါတဲ့ အစိုးရရဲ့ တာဝန် ဝတ္တရားတွေ၊ အတိုက်အခံ ပါတီတွေရဲ့ တာဝန် ဝတ္တရားတွေကို ရှင်းပြပါတယ်။ နောက်မှ ဒီဖြစ်ရပ်တွေကို ပြန် စဉ်းစားကြည့်တဲ့ အခါကျတော့ အဖေဟာ သူ့ရဲ့ ရှိရုံမဲ့ရ နိုင်ငံရေး ဗဟုသုတ လေးနဲ့ သူ့တပည့်ဟောင်းတွေကို နိုင်ငံရေးသိပ္ပံ ဘာသာရပ် သင်ပေးနေတာ ပါလားလို့ အတွေးပေါက်မိပါတယ်။ ဒါကတော့ ကလေးဘဝက ကျွန်တော် မှတ်မိသမျှပါ။

အဖေ့ တပည့်ဟောင်းတွေထဲမှာ ပါတဲ့ ဗိုလ်စံရှိန်ကတော့ ကျွန်တော့ အမေနဲ့ မောင်နှမ တစ်ဝမ်းကွဲ တစ်ရွာတည်းသားတွေ ဖြစ်ပါတယ်။ အမေက မူလတန်းအောင်တော့ ပညာဆက်မသင်နိုင်ဘဲ မိခင်နဲ့အတူ အိမ်မှုကိစ္စတွေ ကူညီလုပ်ကိုင်ပေးရင်းနဲ့ ကျွန်တော့် ဖခင်နဲ့ အိမ်ထောင်ကျတာပါ။ ကိုစံရှိန် ကတော့ ဂျပန်ခေတ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ဖွဲ့စည်းခဲ့တဲ့ "အာရှလူငယ် အဖွဲ့" မှာ တက်ကြွစွာ ပါဝင်ခဲ့ပါတယ်၊ (ဦးသိန်းစိန် အစိုးရလက်ထက်မှာ ဘဏ္ဍာရေး ဝန်ကြီး လုပ်သွားတဲ့ ဦးဝင်းရှိန်ဟာ ကိုစံရှိန်သား ဖြစ်ပါတယ်။ DSA - ၁၉ ကာပါ။)

လွတ်လပ်ရေး ရပြီး မရေးမနှောင်းမှာပဲ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွေ ပေါ်လာတဲ့အခါ တပ်မတော် အင်အားနဲ့တင် မလုံလောက်တော့လို့ အလားအလာ ကောင်းတဲ့ လူငယ်တွေကို အရေးပေါ် စုဆောင်းပြီး "ကာကွယ်ရေး တပ်ဖွဲ့" ပုံသဏ္ဍာန်တွေနဲ့ ရန်သူကို ရင်ဆိုင်ဖို့ တပ်မတော်

ခေါင်းဆောင်ငယ်တွေကို ဗိုလ်ချုပ်ကြီး နေဝင်းက အနယ်နယ် အရပ်ရပ်ကို စေလွှတ်ခဲ့ပါတယ်။ ဥပမာ ဟသ်ာတဘက်ကို သနက ၄ က ဒုအရာခံ ဗိုလ်အေးကို (နောင် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး- ကွယ်လွန်)၊ သနက ၄ ကပဲ တပ်ကြပ် ထွန်းရီ (နောင် ဒုတိယ ဗိုလ်ချုပ်ကြီး- ကွယ်လွန်) ကိုတော့ သထုံ၊ မိတ္ထီလာဘက်ကိုတော့ တပ်ကြပ်ကြီး တင့်ဆွေ (နောင် ဗိုလ်မှူးချုပ်၊ ဝန်ကြီးဟောင်း) တို့ ဖြစ်ပါတယ်။

ကိုစံရှိန်၊ ကိုတင်၊ ကိုညက်တင်တို့ကတော့ တပ်ကြပ်ကြီး တင့်ဆွေရဲ့ အဖွဲ့မှာ အားတက်သရော ပါဝင်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် သူတို့ကို မိတ္ထီလာကနေ လေယာဉ်ပျံနဲ့ တောက်လျှောက် မဂ်လာဒုံကို ခေါ်သွားပြီး လက်နက်ကိုင်တပ်တွေ ဖွဲ့စည်းပေးခဲ့တယ်လို့ သိရပါတယ်။ ကိုစံရှိန်ကတော့ OTS အပတ်စဉ် ၆ မှာ အရာရှိဖြစ်ပြီး နောင် လမ်းစဉ်ပါတီရဲ့ CEC အဖြစ် ရောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဦးထွန်းလင်း အပါအဝင် လမ်းစဉ်ပါတီ ထိပ်ပိုင်းကို ရှင်းလင်း သုတ်သင် Purge လုပ်တဲ့ အထဲမှာ ပါဝင်သွားခဲ့ပါတယ်။ အခုတော့ ကွယ်လွန်သွားပါပြီ။

ကိုတင်ကတော့ OTS အပတ်စဉ် ၈ မှာ အရာရှိ ဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်မင်းသား ဝင်းဦး၊ မင်းသမီး ခင်သန်းနုရဲ့ ခင်ပွန်းဟောင်း ဗိုလ်မှူးကြီး မောင်မောင်ခင်၊ နဂါး အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ချစ်ဆွေတို့နဲ့ အပတ်စဉ် အတူတူပါ။ မြို့တော်ဝန် ဗိုလ်မှူးကြီး ထွန်းစိန်ရဲ့ အတွင်းရေးမှူး ဖြစ်လာခဲ့ပါတယ်။ ဒီမိုကရေစီ အစိုးရ ဆင်းသွားပြီး မကြာမီမှာ တပ်က နုတ်ထွက်ခဲ့ပြီး အမြင်စီးပွားရေး လုပ်ငန်းတွေမှာ ကျင်လည်ခဲ့ပါတယ်။ သူ နေတော့ ယောက်လမ်း (ယခု ယောမင်းကြီးလမ်း) မှာပါ။ လမ်းစဉ်ပါတီခေတ်မှာ အချမ်းသာဆုံး ဆိုတဲ့ သူဌေးတွေထဲက တစ်ယောက်ပေါ့။ အခုတော့ ကွယ်လွန်သွားပါပြီ။

ကိုညက်တင်ကတော့ ဦးနေဝင်း ရှိစဉ်က သူ့ရဲ့ အနီးကပ် တပ်ဖွဲ့မှာ တာဝန် ထမ်းရင်း ပထမတော့ အရာခံဗိုလ်၊ နောက်တော့ ဆရာကြီး ဗိုလ်ကြီး ဖြစ်လာခဲ့ပါတယ်။ ယခု မန္တလေးတိုင်း အစိုးရအဖွဲ့ တိုင်းမှူးချုပ် (တိုင်းမင်းကြီး) ကိုဇော်တင်မိုးဟာ သူ့သား အကြီး ဖြစ်ပါတယ်။ ကျွန်တော့ ဦးလေး ဦးအောင်ဘိုကတော့ တပ်ထဲ ပါမသွားဘဲ မိတ္ထီလာမှာ အခြေချရင်း မြေတိုင်း

တခေတ်ကြီး ဘဝနဲ့ အငြိမ်းစားယူခဲ့ကာ အခုတော့ ကွယ်လွန်သွားပါပြီ။

## ကြုံခဲ့ရတဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ ဘာသာရပ်

ကျွန်တော်ဟာ ၁၉၅၉ ခုနှစ်မှာ စစ်တက္ကသိုလ်ကို ရောက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဗိုလ်လောင်း ဘဝ ဒုတိယနှစ်ပေါ့။ ကျွန်တော်က သိပ္ပံ ဘာသာတွဲကို အဓိက ယူတော့ အရန် ဘာသာရပ်များ အဖြစ် ပထဝီ၊ သမိုင်းနဲ့ ဘောဂဗေဒ ဘာသာရပ်တွေလည်း သင်ရပါတယ်။ ဒုတိယနှစ် ရောက်တဲ့အခါ သမိုင်း ဘာသာရပ်နဲ့ တွဲပြီး နိုင်ငံရေး သိပ္ပံ Political Science ကိုလည်း ပဏာမပျိုး သင်နေရပါပြီ။ ကျွန်တော်တို့ကို သမိုင်းသင်တဲ့ ဆရာတွေကတော့ ဒုဗိုလ်မှူးကြီး လှရိုန် (ရေ- ကွယ်လွန်)၊ ဗိုလ်မှူး သန်းမောင် (ကွယ်လွန်) နဲ့ ဆရာမ ဒေါ်ရီရီမေ (ကွယ်လွန်) တို့ပါ။

နိုင်ငံရေး သိပ္ပံဘာသာရပ်နဲ့ ပတ်သက်လို့ (ထိုစဉ်က) ဗိုလ်မှူးကြီး သန်းမောင် သင်ပါတယ်။ ဘာသာရပ် ခေါင်းစဉ်က ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ဖြစ်ပါတယ်။ အဲဒီ ဥပဒေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုတဲ့ စာအုပ်တစ်အုပ်ကို အခြေခံပြီး သင်ရပါတယ်။ အဲဒီစာအုပ်ကို ရေးတဲ့သူကတော့ နောင်တစ်ချိန် လမ်းစဉ်ပါတီခေတ် နောက်ဆုံး သမ္မတ ဖြစ်သွားတဲ့ ဒေါက်တာ မောင်မောင်ပါ။ အဲသေးစိတ် မဟုတ်သော်လည်းဘဲ မှတ်မိနေတာ တစ်ခုတော့ ရှိပါတယ်။

ဘာလဲဆိုတော့ အဲဒီစာအုပ်ရဲ့ နိဒါန်းပိုင်းမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရဲ့ ကောင်းမွန်တဲ့ အချက်အလက်တွေ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ဦးတည်တဲ့ ပုဒ်မတွေ၊ ပြည်သူလူထုအပေါ် တရား မျှတမှုကို အခြေခံတဲ့ အုပ်ချုပ်ရေး စနစ်တွေ အကြောင်းကို ရွေးထုတ်ပြီး ညွှန်ပြခဲ့တဲ့ အချက်တွေပါ။ ကျွန်တော်တို့ကလည်း နိုင်ငံရေး ဗဟုသုတ ဆိုလို့ မတောက်တခေါက်ပဲ သိတဲ့သူတွေ ဆိုတော့ ခေါင်းတညိတ်ညိတ်ပေါ့။

မှတ်မိပါသေးတယ်၊ အဲဒီနေ့က ၁၉၆၂ ခုနှစ်၊ မတ်လ ၃ ရက်၊ စာသင် ခန်း တစ်နေ့ရဲ့ ပထမဦးဆုံး အချိန်၊ မနက် ရှစ်နာရီ ထိုးတာနဲ့ ဗိုလ်လောင်း ကျောင်းသား အားလုံး အတန်းထဲမှာ ရောက်နေပါပြီ။ ဗိုလ်ကြီး သန်းမောင်

ဝင်လာပါတယ်။ တာဝန်ကျ ဗိုလ်လောင်းက "အတန်းထ" ဆိုပြီး ဗိုလ်ကြီး သန်းမောင်ကို အတန်း အပ်ပါတယ်။ အရင်ရက်တွေက ဗိုလ်ကြီး သန်းမောင်ဟာ ဒေါက်တာ မောင်မောင်ရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ စာအုပ်ကို အာပေါင်အာရင်း သန်သန်နဲ့ ပို့ချခဲ့တာပါ။

ဆရာ သန်းမောင်က အတန်း လက်ခံပြီးတဲ့အခါ မြေဖြူခဲ တစ်ခုကို ကောက်ကိုင်လိုက်ပါတယ်။ သူက "ဒီနေ့ မနက်" ဆိုပြီး ကျွန်တော်တို့ကို လှမ်းပြောရင်းနဲ့ ရှေ့က သင်ပုန်းပေါ်မှာ အင်္ဂလိပ်လို Coup လို့ ရေးလိုက်ပါတယ်။ ပြီးမှ ကျွန်တော်တို့ ဗိုလ်လောင်းတွေ သဘောပေါက်လောက်ပြီလို့ ယူဆတဲ့ အခါကျမှ အဲဒီစာလုံးကို ဖျက်လိုက်ပါတယ်။ ကျွန်တော်တို့ ဘာမှ နားမလည်ပါ။

ကျွန်တော်တို့ ဗိုလ်လောင်းတွေက မနက်ဆို PT ပြေး၊ တန်းစီ၊ လူစစ် မနက်စာ စားပြီးတော့မှ သင်တန်း ခန်းမကို လာရတာပါ။ ရေဒီယို နားထောင်ချိန် မရပါဘူး။ ဆရာ သန်းမောင် ဆိုလိုတာက အဲဒီနေ့ မနက်မှာ တပ်မတော်က အာဏာ သိမ်းလိုက်ပြီး ဆိုတဲ့ သဘောနဲ့ Coup လို့ ရေးလိုက်တာပါ။ အဲဒီစာလုံးရဲ့ အပြည့်အစုံက Coup de tat (အသံထွက်-ကူဒီတာ)၊ အဓိပ္ပာယ်က စစ်တပ်က အာဏာ သိမ်းခြင်း ဖြစ်ပါတယ်။ သူက မနက် ရေဒီယို နားထောင်ခဲ့ရတဲ့ ပုဂ္ဂိုလ်လေ။

ကျွန်တော်တို့ ဗိုလ်လောင်းတွေက ဘာအဓိပ္ပာယ်မှ မဖော်ဆောင်နိုင်ဘဲ ငေါင်နေကြတော့ သူက သဘောပေါက်ပြီး အဲဒီနေ့ မနက်မှာပဲ တပ်မတော်က အာဏာသိမ်းတယ်ဆိုတဲ့ အကြောင်း၊ အာဏာသိမ်းတဲ့ အဖွဲ့ကို တော်လှန်ရေး ကောင်စီလို့ ခေါ်ကြောင်းနဲ့ အဓိကကျတဲ့ အချက်က ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း တိုးတိုး တိတ်တိတ်နဲ့ ရှင်းပြပါတယ်။ အသံတောင် သိပ်ကျယ်ကျယ် မထွက်ရဲတဲ့ သဘောမျိုးပါ။ ကျွန်တော်တို့ သဘောပေါက်လိုက်ပါပြီ။ ကျွန်တော်တို့ သင်နေတဲ့ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟာ စက္ကူစုတ် ဖြစ်သွားပြီပေါ့။ ဆရာ သန်းမောင်က စိတ်ပါလက်ပါနဲ့ ပို့ချသမျှကို အားတက်သရော လိုက်မှတ်သား နာယူခဲ့တဲ့ ကျွန်တော်တို့ကလည်း အူကြောင်ကြောင် ဖြစ်ကုန်တော့တာပေါ့။

## ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ

၁၉၇၄ ခုနှစ်လောက်မှာ လမ်းစဉ်ပါတီဟာ တော်တော် အရှိန်ရနေပါပြီ။ မူလ အစက "ပါတီ အရန်" အဖြစ် သတ်မှတ်ခြင်းခံရတဲ့ တပ်မတော်ထဲက ဗိုလ် ရာနှိုင်နှုန်းကျော်သော အရာရှိများဟာလည်း "တင်းပြည့် ပါတီဝင်" များ ဖြစ် လာခဲ့ကြပါပြီ။ အာဏာသိမ်းခဲ့တာ ၁၉၆၂ ခုနှစ် ဆိုတော့ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ အုပ်ချုပ်မှုအောက်မှာ မြန်မာနိုင်ငံဟာ ၁၀ နှစ် နေခဲ့ပြီးပါပြီ။ စစ် အုပ်ချုပ်ရေးသာ ရှိပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ မရှိဘဲ အုပ်ချုပ်ခဲ့တာ ပြည်တွင်းမှာ မသိသာပေမဲ့ နိုင်ငံတကာ အနေအထားမှာတော့ လူရာမဝင် ဖြစ်လာပါတယ်။



## မူကြမ်း အကြိမ်ကြိမ်

ဒါကြောင့်မို့ ထင်ပါရဲ့ ဦးနေဝင်းဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲဖို့ စိုင်းပြင်းလာပါတော့တယ်။ သူ့ရဲ့ စိတ်ကူးနဲ့ ဒီလုပ်ငန်းကို အကောင်အထည် ဖော်ရာမှာ တော်တော် အကွက်ကျတယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီ အချိန်မှာ ကျွန်တော် စစ်ရုံးကို ရောက်နေပါပြီ။ စစ်ရုံးက ဌာနတိုင်းမှာ "ပါတီ

စိတ်" လေးတွေ ဖွဲ့စည်းထားပါတယ်။ အရာရှိများနဲ့ အခြား အဆင့်များလည်း ပါပါတယ်။ အလားတူပဲ အစိုးရ ဌာနများ အားလုံးမှာလည်း ဒီလို ပါတီ အဖွဲ့အစည်းလေးတွေ ဖွဲ့စည်းထားပါတယ်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကိစ္စကို ဝန်ကြီးဌာန အားလုံးက ပါတီစိတ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခိုင်းပါတယ်။ အဲဒီလို ဆွေးနွေးဖို့ မူကြမ်းကိုတော့ ပါတီ ဌာနချုပ်က စီစဉ်ပေးပါတယ်။ မြို့နယ် အသီးသီးမှာလည်း မြို့နယ် ပါတီ စည်းရုံးရေး အဖွဲ့တွေက ဦးစီးပြီး ရပ်/ကျေး အလိုက် ဆွေးနွေး ပြုစုခိုင်းပါတယ်။ အဲဒီ ဆွေးနွေးပွဲတွေက ထွက်လာတဲ့ သဘောထားတွေကတော့ ပထမ မူကြမ်း သဘောရိုးပေါ့။ ပထမ မူကြမ်းပြီးတဲ့အခါမှာ အောက်ခြေ အဖွဲ့အစည်း အသီးသီးကို ပထမ အကြိမ်က ရတဲ့ အချက်တွေပေါ်က မူတည်ပြီး ဒုတိယ မူကြမ်း အတွက် ပြန်လည်ချပေးခဲ့ပါတယ်။

ကျွန်တော် မှတ်မိသမျှ ရေးပြရရင် ဒီလို အစီအစဉ်မျိုးကို တတိယ မူကြမ်း ရအောင်ထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ရတယ်လို့ ထင်ပါတယ်။ ဒီလို အထက် တက်လိုက်၊ အောက်ပြန်ချလိုက်နဲ့ ဆွေးနွေးပွဲတွေ လုပ်ခဲ့ပြီး တတိယ မူကြမ်းအထိ ပြီးစီးတဲ့အခါ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ "ပြည်သူ့ဆန္ဒခံယူပွဲ Referendum" လုပ်ခဲ့ရာမှာ ရာခိုင်နှုန်း ၉၀ ကျော်နဲ့ အတည်ပြုနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီဥပဒေရဲ့ အချက်အချာ၊ အညွှာလို့ ခေါ်ရမယ့် ပုဒ်မကတော့ "မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အရေးကိစ္စ အားလုံး အတွက် တာဝန်ရှိသည်" လို့ သဘောပါတဲ့ ပုဒ်မပါ။

## မှမမှန်တဲ့ ကိစ္စအချို့

ဒီနေရာမှာ ကျွန်တော့် ကိုယ်တွေ့လေးတွေ တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဌာနရဲ့ ပါတီစိတ်မှာ ဆွေးနွေးပွဲ လုပ်တဲ့အခါ "သမ္မတရဲ့ သက်တမ်း" နဲ့ ပတ်သက်လို့ ထင်ရှားတဲ့ အဆိုပြုချက် တစ်ခု ပြုလုပ်ခဲ့ပါတယ်။ ဒါကတော့ "သမ္မတ သက်တမ်းကို ပထမ လေးနှစ်အဖြစ် သတ်မှတ်ပြီး ဒုတိယ လေးနှစ် အထိ စုစုပေါင်း ရှစ်နှစ်သာ ခွင့်ပြုရန်" ဆိုတဲ့ အချက် ပါပါတယ်။ ဒါပေမဲ့

နောက်ဆုံး တတိယ မူကြမ်းကို အတည်ပြုတဲ့ အချိန်မှာ သမ္မတ သက်တမ်း ဆိုတဲ့ အချက် မပါတော့ပါ။ အဓိပ္ပာယ်ကတော့ နှစ် အကန့်အသတ်မရှိ ဆိုတဲ့ သဘောပေါ့။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့က အထက်ကို မေးတဲ့ အခါ အပေါ်က ပြန်ဖြေတဲ့ အဖြေက "လူထုက ဆက်လက် ထောက်ခံနေရင် ဘယ့်နှယ့် လုပ်မလဲ" ဆိုပြီး မေးခွန်းထုတ်ခံပါတယ်။

နောက်တစ်ချက်ကတော့ Referendum အတွက် မဲပေးတဲ့အခါ မဲရုံ တွေရဲ့ အစီအစဉ် ဖြစ်ပါတယ်။ မဲရုံထဲမှာ မဲပုံး အဖြူနဲ့ မဲပုံး အမည်း နှစ်ပုံး ထားရပါတယ်။ ဖွဲ့စည်းပုံ အသစ်ကို ထောက်ခံတဲ့ ပုဂ္ဂိုလ်တွေ ဆိုရင် မဲပုံး အဖြူထဲကို ထည့်ရမယ်။ ကန့်ကွက်တဲ့ သူဆိုရင် မဲပုံး အမည်းထဲကို ထည့်ရ မှာပါ။ မဲရုံထဲကို အဲဒီ မဲပုံးတွေ ထားပုံက တော်တော် သင်းပါတယ်။ မဲရုံထဲကို ဝင်ရင် ခြေလှမ်း နှစ်လှမ်း သုံးလှမ်းလောက်သာ ကွာဝေးတဲ့ နေရာမှာ မဲပုံး အဖြူ ထားပြီး၊ ခြေလှမ်း ခုနစ်လှမ်း ရှစ်လှမ်းလောက် အကွာမှာ မဲပုံးအမည်းကို ထားပါတယ်။ အဓိပ္ပာယ်က မဲထည့်သူ တစ်ယောက် သူ မဲရုံထဲ ဝင်ပြီး မြန်မြန် ပြန်ထွက်လာသလား၊ အချိန် ပိုကြာပြီးမှ ထွက်လာသလား ဆိုတာ သိအောင် ရယ်၊ ကန့်ကွက်မဲ ထည့်မယ့်သူတွေ မဲရုံထဲ ဝင်ရင် ခြေလှမ်း ပိုလှမ်းပြီ အမည်း မဲပုံး အထိ လျှောက်လှမ်း ထည့်ရမှာ နောက်တွန့်အောင် စီစဉ်ထား တာပါ။ ဘာပဲဖြစ်ဖြစ် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟာ ရာခိုင်နှုန်း ၉၀ ကျော်နဲ့ အတည်ပြုခဲ့ပါပြီ။ ဒီဥပဒေကို အခြေခံပြီး ကျင်းပတဲ့ ရွေးကောက် ပွဲဟာလည်း ယှဉ်ပြိုင် အရွေးခံမယ့်သူ မရှိတဲ့ ပွဲမို့ လမ်းစဉ်ပါတီက ရာနှုန်းပြည့် အနိုင်ရရှိသွားပါတယ်။

## လမ်းစဉ်ပါတီ အစိုးရ

ဗိုလ်ချုပ်ကြီး နေဝင်းက ဦးနေဝင်း အဖြစ်နဲ့ သမ္မတ ရာထူး၊ ဗိုလ်ချုပ်ကြီး ဝန်းယုက ဦးစန်းယု အဖြစ် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး၊ ဗိုလ်မှူးချုပ် ဝိန်ဝင်းက ဦးစိန်ဝင်း အဖြစ် ဝန်ကြီးချုပ်၊ ဗိုလ်မှူးကြီး မောင်လွင်က ဦး မောင်လွင် အဖြစ် ဒုတိယ ဝန်ကြီးချုပ်၊ ဗိုလ်မှူးကြီး သူရတင်ဦးက ကာကွယ် ရေး ဝန်ကြီး/ ကာကွယ်ရေး ဦးစီးချုပ် အဖြစ်နဲ့ တရားဝင်တဲ့ အစိုးရ အဖြစ်

ဖွဲ့စည်းလာနိုင်ခဲ့ပါတယ်။ အဲဒီလို ထောက်ခံမှု ရာခိုင်နှုန်း ၉၀ ကျော်နဲ့ တက်လာတဲ့ လမ်းစဉ်ပါတီ အစိုးရဟာ ပထမတစ်နှစ် အတွင်းမှာပဲ ဦးသန့် အရေးအခင်းနဲ့ အလုပ်သမား အရေးအခင်းတွေ ဆိုတဲ့ လူထု အုံကြွမှုတွေ ဖြစ်ပေါ်လာပါတယ်။ တရားဝင် အစိုးရ ဖြစ်လာတဲ့ အတွက် ကမ္ဘာ့ဘဏ် အာရှ ဖွံ့ဖြိုးရေးဘဏ်၊ နိုင်ငံတကာ ငွေကြေး ရန်ပုံငွေ အဖွဲ့အစည်းတွေက လည်း ထောက်ပံ့ငွေ၊ အတိုးနှုန်းနည်း ချေးငွေ စတဲ့ စီးပွားရေး ဆိုင်ရာ အထောက်အကူတွေလည်း ရလာပါတယ်။ ဒါပေမဲ့ စီးပွားရေး အခြေအနေ ပိုကောင်းမလာဘဲ မှောင်ခို စီးပွားရေးတွေသာ ပိုမိုကျယ်ပြန့်လာခဲ့ပါတယ်။

## အစိုးရတစ်ဖွဲ့ တင်ပြန်ပြီ

နိုင်ငံရဲ့ စီးပွားရေး အခြေအနေ ကောင်းမလာတဲ့ အခါ ၁၉၈၂ ခုနှစ် ရွေးကောက်ပွဲ အပြီးမှာ အစိုးရအဖွဲ့ ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးချုပ် ဦးမောင်မောင်ခနဲ့ ဒုတိယ ဝန်ကြီးချုပ် သူရ ဦးတွန်းတင် ခေါင်းဆောင်တဲ့ အစိုးရ အဖွဲ့သစ် ဖြစ်လာပြီး ဦးနေဝင်းဟာ သမ္မတ မလုပ်တော့ဘဲ ပါတီ ဥက္ကဋ္ဌ အဖြစ်နဲ့ နေပြီး ဦးစန်းယုကို သမ္မတ အဖြစ် တာဝန်ပေးခဲ့ပါတယ်။ ဒီလို တက်လာတဲ့ အစိုးရနဲ့ ပတ်သက်ပြီး ခပ်နောက်နောက် လူကြီးတစ်ယောက်က "ဘာပဲပြောင်းပြောင်း နံပါတ်ဝမ်းဟာ နံပါတ်ဝမ်းပါပဲ" လို့ မှတ်ချက်ချခဲ့ဖူးပါတယ်။

## နိုင်ငံကို ဓားပြတိုက်ခြင်း

အစိုးရသစ်နဲ့ နိုင်ငံ တိုးတက်အောင် ဆောင်ရွက်တဲ့အခါ မအောင်မြင်ခဲ့ပါဘူး။ ကျဆင်းနေတဲ့ စီးပွားရေးကို အဖတ်ဆယ်ဖို့အတွက် ၁၉၈၅ ခုနှစ်မှာ ငွေစက္ကူ အချို့ကို တရားမဝင် ကြေညာခဲ့ပါတယ်။ ဒါလည်း ထူးမခြားနား ဇာတ်လမ်းပါ။ ဒါကြောင့် အခဲမကျတဲ့ သဘောမျိုးနဲ့ ထင်ပါရဲ့၊ ၁၉၈၇ ခုနှစ်မှာ ငွေစက္ကူ အချို့ကို တရားမဝင် ကြေညာပြန်ပါတယ်။ ဒါဟာ တတိယ အကြိမ်ပါ။ အရင် နှစ်ကြိမ်တုန်းကတော့ ငွေစက္ကူ အဟောင်း အပ်တဲ့သူတွေကို အထိုက်အလျောက် ပြန်ပေးခဲ့ပေမဲ့ တတိယ အကြိမ်မှာတော့ လုံးဝ ပြန်ပေးတဲ့ အခါ

အစဉ် မပါပါ။ အဲဒီ ငွေကြေး ကိုင်ထားတဲ့သူတွေ အားလုံး ခုကွ ဖောက်ခဲ့ကြပါတယ်။

ဒီလို လုပ်ခဲ့တာတွေကိုတော့ ကျွန်တော့်အနေနဲ့ အစိုးရက နိုင်ငံသူ နိုင်ငံသားတွေကို မားပြတိုက်တယ်လို့ ယူဆပါတယ်။ ဒီလို ငွေစက္ကူတွေ တရားမဝင် ကြေညာပြီး စီးပွားရေး ဦးမော့လာအောင် လုပ်ခဲ့သော်လည်း မအောင်မြင်တဲ့အတွက် ၁၉၈၇ ခုနှစ်မှာ မြန်မာနိုင်ငံဟာ Least Depeloped Country - LDC နိုင်ငံအဖြစ် ကုလသမဂ္ဂက အသိအမှတ်ပြု ကြေညာချက် ထုတ်ပြန်ခဲ့ရပါတော့တယ်။ အဲဒီ အကျိုးဆက်အဖြစ် ၁၉၈၈ ခုနှစ်မှာ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်လာပြီး နဝတ အစိုးရ တက်လာပါတော့တယ်။ ဒီလိုနဲ့ လမ်းစဉ်ပါတီ အစိုးရဟာ သက်တမ်း ချုပ်ငြိမ်းသွားပါတော့တယ်။

## ဖွဲ့စည်းပုံအသစ်သို့ ဦးတည်သော အမျိုးသား ညီလာခံ

၁၉၉၂ ခုနှစ်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နဝတ ဥက္ကဋ္ဌ ဖြစ်လာပြီး နောက်တစ်နှစ်မှာ အမျိုးသား ညီလာခံ National Convention - NC စတင် ကျင်းပခဲ့ပါတယ်။ အဲဒီ အမျိုးသား ညီလာခံ ကျင်းပပုံဟာ ကျွန်တော် အပေါ် တစ်နေရာမှာ သုံးခဲ့ဖူးတဲ့ စကားအတိုင်း ပြောရမယ်ဆိုရင် "တော်တော် သင်းပါတယ်"။ ဘယ်လိုသင်းသလဲ ဆိုတော့ ဒီညီလာခံဟာ တစ်နိုင်ငံလုံးရဲ့ လူထုလူတန်းစား အသီးသီးက ပါတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါက်အောင် စီစဉ်ခဲ့ပါတယ်။ အနှစ်သာရထက် အပေါ်ယံကြော သဘောပဲ ဖြစ်ပါတယ်။

ဘာလို့ ဒီလိုပြောနိုင်ရသလဲ ဆိုတော့ တိုင်းနဲ့ ပြည်နယ် အသီးသီးက ခေါင်းခေါက် ရွေးချယ်ကြတဲ့ ကိုယ်စားလှယ်တွေအပြင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်များ ပါပါတယ်။ ဒါပေမဲ့ အရင်းခံ အကြောင်းရင်း ဖြစ်တဲ့ ကဏ္ဍကိုတော့ စတိသဘောမျှသာ ပါဝင်စေခဲ့ပါတယ်။ အရင်းခံ အကြောင်းရင်း ကဏ္ဍ ဆိုတာက ၁၉၉၀ ပြည့် နှစ်မှာ အရွေးချယ်ခံခဲ့ရတဲ့ NLD နဲ့ တခြားပါတီများက ကိုယ်စားလှယ်များ ဟာ NC တစ်ခုလုံးမှာ ပါဝင်တဲ့ အင်အားရဲ့ ခြောက်ပုံ တစ်ပုံလောက်ကိုသာ

ပါဝင်စေခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော် ထောင်က လွတ်တဲ့ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလမှာလည်း NC က လုပ်မြဲ လုပ်ဆဲ၊ အဲဒီနှစ် ဇူလိုင်လမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ အကျယ်ချုပ်က လွတ်လာတော့လည်း လုပ်မြဲ လုပ်ဆဲ၊ ကျွန်တော်တို့ အားလုံး သဘောပေါက်ပါတယ်။ NC ကို တတ်နိုင်သမျှ အချိန်ဆွဲမယ် ဆိုတာ။ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ခေါင်းဆောင်တဲ့ NLD အဖွဲ့ဝင်တွေဟာ NC ကို သည်းခံပြီး တက်ရောက်ခဲ့ကြပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က NLD ရဲ့ ခေါင်းဆောင်မှုကို ပြန်လည် ရယူပြီးတဲ့နောက်မှာ NC နဲ့ ပတ်သက်လို့ မပြေလည်တဲ့ ကိစ္စတွေကို တင်ပြခဲ့ပါတယ်။ တစ်စုံတစ်ခု တင်ပြရင် ၄၈ နာရီ စောင့်ပြီးမှ ပြန်ကြားချက် ပေးရမယ် ဆိုတဲ့ NC ရဲ့ စည်းကမ်းချက် ရှိခဲ့ပေမဲ့ အဲဒီတုန်းက NC ရဲ့ ဦးဆောင်အဖွဲ့က NLD ကို ၂၄ နာရီ အတွင်း ထုတ်ပယ်တဲ့ အမိန့် ထုတ်ပြန် ကြေညာခဲ့ပါတယ်။

အင်အား ၈၅ ယောက် ရှိတဲ့ NLD ကို အမျိုးသား ညီလာခံက ထုတ်ပယ်တဲ့ အခါ NC ရဲ့ အဓိပ္ပာယ်ဟာ ယိုယွင်း ပျက်စီးသွားခဲ့ပြီလို့ ယူဆကြတာ တွေပါတယ်။ ရက် အကန့်အသတ် မရှိ ယာယီ ဆိုင်းငံ့လိုက်တဲ့ အကြောင်း ကြေညာရပါတော့တယ်။ အဲဒီကစပြီး နဝတ တစ်ဖြစ်လဲ နအဖဟာ နာမည်သာ ပြောင်းပြီး လူမပြောင်းခဲ့ဘဲ NLD ကို ဆတက်ထမ်းပိုး တိုးပြီး နှိပ်ကွပ်လာပါတော့တယ်၊ ၁၉၉၅ ခုနှစ် နှစ်ကုန်ပိုင်းကစပြီး ကမ္ဘာအေး ဘုရားလမ်းထ ကြည်အေး မုန့်တိုက်ရှေ့မှာ ဒေါ်စုနဲ့ ခေါင်းဆောင်များကို အငှားလူမိုက်တွေနဲ့ ဝိုင်းရိုက်ခဲ့ပုံတွေ၊ ဒေါ်စုရဲ့ ဧရာဝတီ ခရီးစဉ်ကို ခွင့်မပြုဘဲ ရန်ကုန်- ဧည့်တွင်း ကားလမ်းဘေးမှာ ရက်သတ္တပတ်ကျော် ပိတ်ဆို့ခဲ့တာတွေ၊ အလားတူပဲ ဒလဘက် ခရီးစဉ်မှာလည်း ပိတ်ဆို့ခံရတာတွေဟာ နိုင်ငံရေးအရ အရှုပ်ရှုပ်ဆိုးတဲ့ ကိစ္စတွေပါ။

၂၀၀၃ ခုနှစ်မှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်က သူ မသိပါဘူးလို့ ပြောခဲ့တဲ့ ဒီပဲယင်း အရေးအခင်းကတော့ နအဖ အစိုးရရဲ့ ရုပ်အဆိုးဆုံး နိုင်ငံရေး ညစ်ပတ်မှုပါပဲ။ ဒီကြားထဲမှာ ဦးနေဝင်း မြေးတွေက တစ်မှောင့်၊ သူတို့ကလည်း သူ့အဘိုးရဲ့ ဆန္ဒအရ ထင်ပါတယ်။ နိုင်ငံ့အာဏာကို အတင်း အဓမ္မနည်းနဲ့

ပြန်လည် ရယူဖို့ ကြိုးစားတဲ့ ပွဲလည်း ဖြစ်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ ကမ္ဘာကျော် ရွှေဝါရောင် တော်လှန်ရေးဟာ စစ်အစိုးရကို သံဃာတော်များက အနုနည်း (သို့) မေတ္တာ တုံ့ပြန်တဲ့နည်းနဲ့ ဆန္ဒပြခဲ့တာတွေ ဖြစ်ပေါ်လာပါတယ်။

အဲဒီအခါကျမှ အချိန်ဆွဲပြီး နှစ်နှစ်ကျော် ကျင်းပခဲ့တဲ့ NC ကို ပြန်လည် အသက်သွင်းပြီးတော့ ဘယ်တုန်းက ရေးထားမှန်း မသိတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အတည်ပြုနိုင်ခဲ့ပါတယ်။ အဲဒီ ဥပဒေကို ၂၀၀၈ ခုနှစ်၊ မေလကုန် ဖွန်လ အတွင်းမှာ နိုင်ငံတစ်ဝန်း ပြည်သူ့ဆန္ဒခံ ယူပွဲ Referendum ပြုလုပ်ပြီး အတည်ပြုနိုင်ခဲ့ပါတယ်။ နောက်ဆုံးအကြိမ် NC ရဲ့ တာဝန်ခံကတော့ ထိုစဉ် က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဖြစ်ပါတယ်။ သူ့အရင်က အလားတူ တာဝန်ယူခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ဗိုလ်ချုပ် ပြည့်စုံအပြင် တခြား ကျွန်တော် မမှတ်မိတဲ့သူတွေကလည်း တာဝန်ယူခဲ့တာ ပါ။

NC ကို စတင် ကျင်းပတဲ့ အဓိက ရည်ရွယ်ချက်က နိုင်ငံအတွက် အဓိက လိုအပ်တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲဖို့ပါ။ ဒါဟာ နအဖ အစိုးရ ရဲ့ အဓိက ရည်မှန်းချက် ဖြစ်ပါတယ်။ တကယ်တော့ တပ်မတော် အစိုးရဟာ "လမ်းလျှောက်ရင်း ဦးတည်ချက် ပြောင်းသွားတဲ့ ခရီးသွား တစ်ယောက်" နဲ့ တူပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ၁၉၈၉ ခုနှစ် ဇူလိုင်လတုန်းက နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်က နိုင်ငံတစ်ဝန်းကို မိန့်ခွန်း ပြောရာမှာ "၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ နိုင်ခဲ့တဲ့ ပါတီက ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲရမယ်၊ သူ့ (တပ်မတော်) အနေနဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆွဲမပေးဘူး" လို့ အတိအလင်း ကြေညာခဲ့တာပါ။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၁၉၉၇ ခုနှစ်မှာ နဝတကို နအဖနဲ့ အစား သိုးပြီး တိုင်းပြည်ကို စိတ်တိုင်းကျ ခြယ်လှယ်ပြီးတဲ့နောက်မှာ သူတို့ထင်တိုင်း မပေါက်တဲ့အတွက် အရေးကြီးတဲ့ နိုင်ငံရေး ဖြစ်စဉ်တစ်ခုအဖြစ် ပြည်တွင်း ပြည်ပက အာရုံစိုက်လာအောင် NC ကျင်းပရခြင်း ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ် က စတင် ကျင်းပခဲ့ပေမဲ့ ၁၉၉၆ ခုနှစ်မှာ ရပ်ဆိုင်းခဲ့တယ်။ နောက်ပိုင်းတော့

"မဖြစ်ခြေဘူး" လို့ သဘောပေါက်ပြီး NC ကို လက်စသတ်ပြီးသကာလ ၂၀၀၈ ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အတည်ပြုနိုင်ခဲ့ပါတယ်။

ဒါတောင် ရွေးကောက်ပွဲကိုတော့ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာမှ ကျင်းပပေးခဲ့တာပါ။ အဲဒီ ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုး အဖွဲ့ဝင်တွေက အပြတ်အသတ် နိုင်သွားပြီ ဆိုတော့မှ ဒေါ်စုကို အကျယ်ချုပ်က လွှတ်ပေးခဲ့တာပါ။ ကျွန်တော့် အမြင်နဲ့ သုံးသပ်ရရင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ သူ



ဆန္ဒနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုလည်း ရေးပြီး အတည်ပြုနိုင်ခဲ့တယ်။ ပြီးတော့ သူနဲ့ သူ့မိသားစု လုံခြုံရေးကို အာမခံပေးမယ့် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရကိုလည်း ဖွဲ့စည်းနိုင်ခဲ့တယ်။ တပ်မတော် ခေါင်းဆောင်ကိုလည်း သူ့စိတ်တိုင်းကျ ရွေးချယ်တဲ့သူကို တာဝန်ပေးခဲ့တယ်။

ဒါတင်ပဲလား ဆိုတော့ မကသေးပါဘူး။ နောက်ပိုင်းမှာ ကိုယ့်ကို မလို လားတဲ့ အုပ်စု တက်လာလို့ တက်လာခြား ဆိုတဲ့ အတွေးနဲ့ သူတို့ကို ထိထိ ရောက်ရောက် ဟန့်တားနိုင်မယ့် ပုဒ်မအချို့ကိုလည်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ ထည့်သွင်းစေခဲ့ပါတယ်။ ဥပမာအားဖြင့် ပုဒ်မ ၄၃၆- အဲဒီဥပဒေကို ပြင်မယ်ဆိုရင် လွှတ်တော် ကိုယ်စားလှယ် အားလုံးရဲ့ ၇၅ ရာနိုင်နှုန်းကျော်မှ ရမယ် ဆိုတာမျိုး၊ လွှတ်တော်ထဲမှာ တပ်မတော်သားတွေက ၂၅ ရာနိုင်နှုန်း ရှိတော့ အဲဒီ ဥပဒေ ပြင်နိုင်ဖို့ဆိုတာ သိကြားမင်း ဆင်းလာတောင် ပြင်မရ နိုင်ပါဘူး။ မဟိုင်ဘူးလား။

နောက်ပုဒ်မ တစ်ခုကတော့ ၅၉ (စ)၊ ဒါကတော့ ဒေါ် အောင်ဆန်းစုကြည် ကို ပေါ်တင်ကြီး ရည်ရွယ်တာပါ။ မိမိရဲ့ ဇနီး ခင်ပွန်းနဲ့ သွေးရင်းသားရင်းတွေ နိုင်ငံခြားသား ဖြစ်ရင် သမ္မတ ဖြစ်နိုင်ခွင့် မရှိတဲ့ ပုဒ်မ၊ အဲဒီ ပုဒ်မကြောင့် ပထမ အကြိမ် လွှတ်တော်မှာ အခု ဒုတိယ သမ္မတ ၁ ဖြစ်နေတဲ့ ဦးမြင့်ဆွေကို ဒုတိယ သမ္မတအဖြစ် တင်တဲ့အခါ သူ့ သမက်တစ်ယောက်က နိုင်ငံခြားသား ဖြစ်နေလို့ ဆိုလား၊ ပျက်ပြယ်သွားခဲ့ရတာလေ။ နောက်ပိုင်း သူ့သမက်ကို နိုင်ငံသား ပြန်လုပ်နိုင်ခဲ့လို့ အခုတော့ ဒုတိယ သမ္မတ ဖြစ်လာရပြန်ရော။ ဒေါ်စုကိုလည်း အဲဒီလို လုပ်ဖို့ တိုက်တွန်းခဲ့သူတွေ ရှိပါတယ်။ ကျွန်တော်က သဘော မတိုက်တွန်းခဲ့ပါ။ ကျွန်တော် တိုက်တွန်းရင်လည်း သူက နားထောင် ချင်မှ နားထောင်မှာပါ။

အဲဒီ ပုဒ်မ နှစ်ခုကြောင့် ကျွန်တော်တို့ NLD အစိုးရဟာ ယခုအထိ နိုင်ငံ တိုးတက်ရေးကို ဇက်ကုန်လွှတ် လုပ်လို့မရဘဲ ယက်ကန်ယက်ကန် ဖြစ်နေ ရတာလေ။ ဒေါ်စု ကိုယ်တိုင်လည်း သမ္မတ လုပ်လို့မရတော့ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုတဲ့ ရာထူး ဖန်တီးပြီး ကြံနေရတာ မြန်မာသိ၊ ကမ္ဘာသိပါ။ အခုတလောတော့ ထွေ/အုပ်တွေကို သမ္မတ လက်အောက်မှာ ထားဖို့ ဆိုတဲ့ ကိစ္စတော့ အကောင်အထည် ပေါ်လာတော့မှာပါ။ အဓိကကျ တဲ့ ငြိမ်းချမ်းရေး ကိစ္စနဲ့ နိုင်ငံရေး ဖွံ့ဖြိုးရေး ကိစ္စကတော့ အလှမ်း ဝေးနေဆဲပဲ ဖြစ်ပါတယ်။

## နိဂုံး

အခု ဒီဆောင်းပါးမှာ ကျွန်တော် အဓိက တင်ပြချင်တာကတော့ ကျွန်တော့် အသက်အရွယ်အားဖြင့် ၈၀ တန်းကို ရောက်နေတဲ့ ကာလမှာ ကျွန်တော်တို့ နိုင်ငံကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သုံးမျိုးနဲ့ ဖြတ်သန်းတိုင်း တွေ့ကြုံရတဲ့ ဖြစ်ရပ်တွေကို တင်ပြချင်လို့ပါ။ အမှန်စင်စစ်အားဖြင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုတာ နိုင်ငံသူ နိုင်ငံသားများ၊ တစ်နည်းအားဖြင့် တိုင်းရင်းသား ပြည်သူလူထုများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှသာ အဓိပ္ပာယ် ပြည့်ဝတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့ ၁၉၄၇ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟာ နိုင်ငံတော် သီချင်းမှာ ပါခဲ့တဲ့ "တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ" ဆိုတဲ့ အဓိပ္ပာယ်နဲ့ အများကြီး နီးစပ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါပေမဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကတော့ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်နဲ့ ဦးနေဝင်းရဲ့ တစ်ပါတီ အာဏာရှင် စနစ်ကို ဦးတည်တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုတော့ ပြည်သူလူထု အကျိုးက နောက်တန်း ရောက်သွားပြီလို့ ကျွန်တော် ထင်ပါတယ်။

ဟော... နောက်ဆုံး တည်ရှိဆဲ ဖြစ်တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကတော့ အထက်မှာ ကျွန်တော် ထောက်ပြတဲ့ အချက်များအရ ဆိုရင် တပ်မတော်ကို နိုင်ငံရေး ဦးဆောင်မှု အနေအထား လျော့ကျခြင်း မရှိစေအောင် ဦးတည်ခဲ့တယ်လို့ မှတ်ချက်ပြုမယ် ဆိုရင် ကျွန်တော်များ မှားနေမလား။

မေတ္တာဖြင့်-

**ဦးဝင်းထိန်**

# အကွေ့ကလေး တစ်ကွေ့

## အုတ်နီခဲလောက် ထူတဲ့စာအုပ်

၂၀၁၈ ခုနှစ်ရဲ့ နှစ်ကုန်ပိုင်းလောက်မှာ ကျွန်တော့်ရဲ့ "သံသရာတစ်ကွေ့" စာအုပ်ကို ထုတ်ပေးခဲ့ပါတယ်။ ထုတ်ဝေသူက "ပင်းပပ စာပေ" ဖြစ်ပြီး ပုံနှိပ် ဘိုက် ပိုင်ရှင်ကတော့ ကိုသန်းဟင်းနဲ့ သူ့ဇနီး မင်းပပတို့ပါ။ သူတို့ နှစ်ယောက်စလုံးက ကျွန်တော်နဲ့ အမျိုးမကင်းပါ။ မောင်သန်းဟင်း အမေနဲ့ရော မင်းပပ အဘိုး အဘွားတွေနဲ့ပါ ကျွန်တော်နဲ့ တစ်ရွာတည်းသားတွေ ဖြစ်ပါတယ်။

အဲဒီ စာအုပ်က မထင်မှတ်ဘဲ ထူသွားခဲ့ပါတယ်။ စာမျက်နှာ ၈၀၀ ကျော်ပါ။ ကျွန်တော်က ခင်မင်တဲ့သူတွေကို စာအုပ် လက်ဆောင်ပေးရင်း "စာအုပ်က နည်းနည်းတော့ ထူတယ်ဗျ၊ ခေါင်းအုံးအိပ်လို့ရတယ်၊ ဒါမှမဟုတ် စိတ်ပေါက်လာရင် တစ်ယောက်ယောက်ကို စာအုပ်နဲ့ ကောက်ထုလို့ရတယ်" လို့ စကားစံလေ့ရှိပါတယ်။ ဟုတ်တယ်၊ စာအုပ်က အလေးကြီး နှစ်ကီလို ကျော်တယ်။

အဲဒီ စာအုပ်နဲ့ ပတ်သက်လို့ ရယ်စရာလေး တစ်ခု ဖောက်သည်ချပါရစေ။ စာအုပ် ထွက်ခါစက ထုတ်ဝေသူ မောင်သန်းဟင်းတို့ လင်မယားက ကျွန်တော့် အတွက် ဆိုပြီး စာအုပ် ၅၀ လက်ဆောင် ပေးပါတယ်။ စာပေလောက ထုံးစံ ထင်ပါရဲ့။ ကျွန်တော်က နေပြည်တော် ဧည့်ပင်ရိပ်သာမှာ နေတော့ အဲဒီ ရိပ်သာ တစ်ဝင်းလုံးဟာ လွှတ်တော် ကိုယ်စားလှယ်တွေချည်းပါပဲ၊ အနည်းနဲ့ အများ ဆိုသလို မကင်းရာမကင်းကြောင်းပေါ့။ ဒါ့ကြောင့် အဲဒီ စာအုပ်တွေကို လက်ဆောင် ပေးတဲ့အခါ အားလုံး ပြိုက်ခနဲ ကုန်သွားခဲ့ပါတယ်။



ဒါပေမဲ့ ကျွန်တော့် မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ အမျိုးတွေရဲ့ ထပ်ခါတလဲလဲ ပူဆာလာကြတဲ့အခါ မတတ်နိုင်တဲ့အဆုံး သူတို့ လင်မယားဆီက ကျွန်တော့် စာအုပ်တွေကို အဖိုးစားနား ပေးပြီး ပြန်ဝယ်ခဲ့ရပါတယ်။ အခု ဆိုရင် အုပ်ရေ ၅၀၀ ကျော်သွားပါပြီ။ စာမူခရော့ ပိုက်ဆံဟာ ကုန်သလောက် ရှိသွားပါပြီ။

## ကံကြမ္မာ အလိုကျ

အုတ်နီခဲတမျှ ထူတဲ့ အဲဒီ စာအုပ်ထဲမှာ ကျွန်တော့်ရဲ့ ဘဝ ဇာတ်ကြောင်းကို ရေးပြခဲ့ပါတယ်။ အရွယ်ရောက်ခါစ ကာလမှာတုန်းက စစ်မှုထမ်း။ မမျှော်လင့်ဘဲ ကိုယ့်ဆန္ဒ မပါဘဲနဲ့ တပ်က ထွက်လိုက်ရတဲ့ အခါမှာ စီးပွားရေးသမား။ အောင်မြင်လာတဲ့ စီးပွားရေးသမား ဘဝကနေ တစ်ခါ နိုင်ငံရေးသမား။ အဲဒီလို အဆင့်ဆင့် ပြောင်းလဲလာခဲ့တာတွေဟာ ကျွန်တော့်ရဲ့ ဆန္ဒမပါဘဲနဲ့ ကံကြမ္မာ အလိုကျ လှုပ်ရှားခဲ့ရတယ် ဆိုတဲ့အကြောင်းကို မီးမောင်းထိုးပြခဲ့တာပါ။

ရှစ်လေးလုံး အရေးတော်ပုံမှာ "မျိုးချစ် ရဲဘော်ဟောင်းများ အဖွဲ့" နဲ့ ပါဝင် လှုပ်ရှားရင်းနဲ့ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို ရောက်လာခဲ့ပါတယ်။ ဒီလို နိုင်ငံရေး ရေယဉ်ကြောမှာ မလွှဲသာ မရှောင်သာ ပါလာခဲ့ရတာဟာလည်း အဲဒီ မတိုင်ခင်က ကျွန်တော့်ရဲ့ ဘဝ အချိုးအကွေ့ တစ်ခု ဖြစ်မယ့် ကိစ္စကြီး တစ်ခုဟာ "လက်ထဲ ရောက်ခါနီးပါမှ ပြုတ်ကျသွားတဲ့ ရတနာကြီး တစ်လုံး" အဖြစ်မျိုးကြောင့်ပါ။ ဟုတ်ပါတယ်၊ အဲဒီ ရတနာကြီးသာ ကျွန်တော့် လက်ထဲက ပြုတ်ကျမသွားရင် ရှစ်လေးလုံး အရေးတော်ပုံကြီးထဲမှာလည်း ပါဝင်ဖြစ်မှာ မဟုတ်သလို NLD ကိုလည်း ရောက်လာလိမ့်မယ် မထင်ပါဘူး။

## C.Itoh ကုမ္ပဏီနဲ့ Mr. Oishi

၁၉၈၇ ခုနှစ်၊ နှစ်ဝလောက်မှာပါ။ ကျွန်တော် စီးပွားရေး လုပ်ရင်း တွေ့ကြုံရပါများလို့ သိကျွမ်း ခင်မင်ခဲ့တဲ့ Mr. Oishi ဖိတ်ခေါ်လို့ သူ့ကုမ္ပဏီ ရုံးခန်းကို ကျွန်တော် သွားခဲ့ပါတယ်။ သူက C.Itoh ကုမ္ပဏီကပါ။ သူတို့ ရုံးက ဆရာစ

လမ်းနဲ့ ပြည်ထောင်စုရိပ်သာလမ်း လမ်းဆုံ အနီးမှာပါ။ ကျယ်ဝန်းတဲ့ ခြံထဲမှာ နှစ်ထပ်တိုက်ကြီး တစ်လုံးမှာ ရုံးဖွင့်ထားပါတယ်။

သူ ကျွန်တော့်ကို ခေါ်ပြီး တိုင်ပင်တဲ့ ကိစ္စက Mingaladon Airport Extension Project - MAEP အကြောင်းပါ။ ဗမာလို ဆိုရင်တော့ "မင်္ဂလာဒုံ လေဆိပ် တိုးချဲ့ရေး စီမံကိန်း" ပေါ့။ အဲဒီ စီမံကိန်းက ဂျပန်နိုင်ငံ အစိုးရက ပေးတဲ့ ချေးငွေနဲ့ တည်ဆောက်ရမှာပါ။ ချေးငွေ ပမာဏက ဒေါ်လာ သန်း ၁၀၀ ရှိပါသတဲ့။ ချေးငွေမှာ ပါတဲ့ စည်းကမ်းချက် အရ ဒီစီမံကိန်းကို ဂျပန် နိုင်ငံက ပစ္စည်းများနဲ့သာ အကောင်အထည် ဖော်ရမယ်ဆိုတဲ့ အချက် ပါဝင် ပါတယ်။

Mr. Oishi ဟာ အသက် ၅၀ လောက် ရှိပြီး ခန္ဓာကိုယ်က မပိန်မဝါနဲ့ အရပ်ကလည်း မနိမ့်မမြင့်ပါ။ ဆံပင်တွေ ဖြူစပြုနေပါပြီ။ အင်္ဂလိပ်လိုလည်း ကောင်းကောင်း ပြောတတ်ပါတယ်။ သူပြောစကားအရ ဒီစီမံကိန်း အတွက် တင်ဒါခေါ်ပြီးလို့ ကုမ္ပဏီနှစ်ခုက စာရွက်စာတမ်းတွေ တင်သွင်းပြီး ဖြစ် ကြောင်းလည်း သိရပါတယ်။ အဲဒီ ကုမ္ပဏီနှစ်ခုရဲ့ နံမည်တွေကတော့ C.Itoh ကုမ္ပဏီက Shimitzu ကုမ္ပဏီနဲ့ Taisei ကုမ္ပဏီတို့ ဖြစ်ကြောင်းလည်း သိရပြီး သူ့ကုမ္ပဏီက စာရွက်စာတမ်း အပြည့်အစုံကို ကျွန်တော့်ကို ပြပါတယ်။

အဲဒီ အချိန်မှာ ကျွန်တော်က သကြားစက် စီမံကိန်း၊ အရက်ချက် စီမံ ကိန်း၊ ဖါစက် စီမံကိန်း ကန်ထရိုက်တွေ ရလို့ ပြင်ပ စီးပွားရေး လောကမှာ နာမည်တစ်လုံးနဲ့ ကျော်ကြားစ ပြုနေတဲ့ အချိန်ပါ။ ဒါကြောင့် စီမံကိန်း တစ်ခု အတွက် တင်ဒါတွေ ဘယ်လို သွင်းတယ်၊ တင်ဒါတွေကို ဌာန ဆိုင်ရာတွေက ဘယ်လို စိစစ်တယ် ဆိုတာ အတွေ့အကြုံ ကောင်းကောင်းကြီး ရနေပါပြီ။ နောကျေနေပြီ ဆိုပါတော့။ ဒါကြောင့် သူပေးတဲ့ စာရွက်စာတမ်း တစ်ထုပ် ကြီးကို အိမ်ကို သယ်သွားပါတယ်။ နောက်ရက်တွေမှာ သူ့စာရွက်စာတမ်းတွေ ကို လေ့လာပါတယ်။

## Industrial Spying စီးပွားရေး စပိုင် လုပ်ငန်း

ဒီကိစ္စနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စာရွက်စာတမ်းတွေ၊ စာချုပ်

တွေ အများကြီး ရှိပါတယ်။ စီးပွားရေး ကုမ္ပဏီကြီးတွေ အချင်းချင်း မျိုးတူ ထုတ်ကုန်တွေ ထုတ်တဲ့အခါ သူ့ကုမ္ပဏီ ဘာလုပ်တယ် ဆိုတာမျိုး၊ လုပ်တဲ့ ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ ဘာအချက်အလက်တွေ ရှိတယ် ဆိုတာမျိုးတွေ ကို အမြဲတမ်း စုံစမ်း ထောက်လှမ်းနေရပါတယ်။ ဒါမှလည်း ကိုယ့်ထုတ်ကုန်၊ ကိုယ့်ပစ္စည်းတွေ သူများထက် နောက်မကျဖို့ရယ်၊ နောက်ကျနေရင်လည်း အမြန်ဆုံး လိုက်မီအောင် ကြိုးစား အားထုတ်ဖို့ရယ်တွေ လုပ်နိုင်မှာပါ။ ဒါ့ကြောင့် ကုမ္ပဏီ အကြီးကြီးတွေဟာ သူများ ကုမ္ပဏီတွေရဲ့ အကြောင်းကို အမြဲတန်း စုံစမ်း ထောက်လှမ်းနေကြလေ့ ရှိပါတယ်။ ငွေကုန်ကြေးကျ အများကြီး အကုန်ခံရလေ့ ရှိပါတယ်။

ဥပမာ ဆိုပါတော့ ၁၉၇၀ ခုနှစ် အစပိုင်းလောက်မှာ Volkswagon (VW) ကားကုမ္ပဏီဟာ သူတို့ ထုတ်နေကြ နောက်ချေးပိုး ပုံစံအစား တခြား ပုံစံ model တစ်ခု ထုတ်တော့မယ်လို့ ကြေညာလိုက်ပါတယ်။ နောက်ချေးပိုးပုံ ထုတ်တဲ့ VW ကား စက်ရုံကိုတော့ တောင်အမေရိကတိုက်က နိုင်ငံတစ်ခုကို ရောင်းလိုက်မှာပါ။ အဲဒီ သတင်း ကျွန်တော် ဖတ်ခဲ့ရပြီး အမှတ်တမဲ့ ရှိနေရာ တ နှစ်နှစ်လောက် ကြာတဲ့ အခါမှာ ဂျပန်နိုင်ငံက Mazda ကား ကုမ္ပဏီဟာ model 323 ဆိုတဲ့ ကားကို တစ်ကမ္ဘာလုံးကို ထုတ်လုပ် ဖြန့်ချိလိုက်ပါတယ်။

အဲဒီ အခါမှာ VW ကုမ္ပဏီဟာ သူတို့ရဲ့ model ကို ခိုးချပါတယ် ဆိုပြီး စွပ်စွဲသံတွေ ထွက်လာပါတယ်။ တရားတဘောင် ကြီးကြီးမားမား ဖြစ်တယ်လို့ သိရပါတယ်။ အသေးစိတ်ကိုတော့ မသိပါဘူး။ နောက်တစ်နှစ်မှာ VW ကုမ္ပဏီက ထုတ်လိုက်တဲ့ Volkswagon-Golf ဆိုတဲ့ ကားဟာ အခုနက ကျွန်တော် ပြောခဲ့တဲ့ Mazda 323 နဲ့ ပုံစံ တူနေတာ တွေ့ရပါတယ်။ အဲဒီ ဖြစ်စဉ်ဟာ ကျွန်တော် တင်ပြချင်တဲ့ Industrial Spying စီးပွားရေး စပိုင် လုပ်ငန်း ဖြစ်ပါတယ်။

## လမ်းစဉ်ပါတီခေတ်မှာ

ကျွန်တော်ဟာ အမှတ် ၁ စက်မှုဝန်ကြီး ဌာနရဲ့ အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်းနဲ့ စားသောက်ကုန် ကော်ပိုရေးရှင်းတွေမှာ စီမံကိန်း ငါးခု

Turn Key Project အနေနဲ့ ကန်ထရိုက်တွေ ရခဲ့ဖူးပါတယ်။ အခြား စီးပွားရေး သမားကြီးတွေရဲ့ စီမံကိန်း သုံးလေးခုမှာလည်း ထဲထဲဝင်ဝင် ပါဝင်ခဲ့ဖူးပါ တယ်။ ဒါပေမဲ့ လမ်းစဉ်ပါတီခေတ်က အခြေအနေတွေအရ ကျွန်တော်ဟာ Industrial Spying အလုပ်တွေ မလုပ်ခဲ့ဖူးပါဘူး။ လုပ်ဖို့လည်း မလိုခဲ့လို့ပါ။ ဌာနဆိုင်ရာက အရာရှိကြီးတွေကို ခင်မင်တဲ့ အထိမ်းအမှတ်နဲ့ အရက်ပုလင်း တို့၊ နိုင်ငံခြား စီးကရက်တို့ လက်ဆောင်ပေးတာနဲ့တင် လုံလောက်ပါတယ်။

အခု MAEP စီမံကိန်းမှာတော့ Mr. Oishi ရဲ့ အစီအမံနဲ့ သူ့ရဲ့ ပြိုင်ဘက် Taisei ကုမ္ပဏီရဲ့ တင်ဒါ စာရွက်စာတမ်းတွေကိုလည်း နောက်ရက်တွေမှာ ကျွန်တော် လေ့လာခွင့် ရခဲ့ပါတယ်။ အဲဒီ စာရွက်စာတမ်းတွေကို သူ ဘယ်လို နည်းနဲ့ ရတယ် ဆိုတာ ကျွန်တော် မသိပါဘူး။ ဌာနဆိုင်ရာတွေဆီက အခိုး အခ ပေးပြီး ယယ်တာ ဖြစ်နိုင်သလို ဂျပန်မှာ ရှိတဲ့ ရုံးချုပ်က ပို့ပေးတာလည်း ဖြစ်နိုင်ပါတယ်။

## နှိုင်းယှဉ်ချက်

ကျွန်တော်ဟာ Mr.Oishi က ပေးထားတဲ့ ကုမ္ပဏီနှစ်ခုရဲ့ တင်ဒါ စာရွက် စာတမ်းတွေကို လေ့လာကြည့်ပါတယ်။ အချုပ်အားဖြင့် ပြောရရင် C.Itoh ကုမ္ပဏီက Shimitzu ကုမ္ပဏီဟာ Taisei ကုမ္ပဏီထက် ဒေါ်လာ ရှစ်သန်း လောက် လျှော့နည်းပြီ တင်ဒါ တင်သွင်းထားတာ တွေ့ရပါတယ်။ အဲဒီလို တွေ့တဲ့ အခါ ကျွန်တော် ကျေနပ်သွားပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကုမ္ပဏီ နှစ်ခုလုံးက ဂျပန်၊ တင်သွင်းတဲ့ စက်ပစ္စည်းတွေကလည်း ဂျပန် နိုင်ငံ လုပ် ပစ္စည်းတွေ ဆိုတော့ တင်ဒါ ဈေးနှုန်း အရ ဈေးနည်းတဲ့ ကုမ္ပဏီဟာ တင်ဒါ အောင်ဖို့ အလားအလာ ပိုများတဲ့ အတွက် ဖြစ်ပါတယ်။

တင်ဒါ စာရွက်စာတမ်းတွေကို လေ့လာရုံနဲ့ ကျွန်တော် ကျေနပ်မနေ ပါဘူး။ ဒီတင်ဒါကို ဆုံးဖြတ်မှာက ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန (ပို့ ဆက်) ဖြစ်ပါတယ်။ တကယ်တော့ ဆုံးဖြတ်မယ့် ပုဂ္ဂိုလ်က ပို/ဆက် ဝန်ကြီး ပေါ့။ ဝန်ကြီးကို ကျွန်တော် သိပါတယ်။ ကျွန်တော် စစ်ရုံးမှာ နေကတည်းက မျက်မှန်းတန်းမိရုံမျှမက လူချင်းလည်း ခင်မင်ရင်းနှီးတဲ့ အဆင့် အထိ တွေ့ခဲ့



ဆုံခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ့ကို တိုက်ရိုက် ချဉ်းကပ်မယ် ဆိုရင် မသင့်လျော်ဘူးလို့ ယူဆပြီး ဝန်ကြီးဌာနက အဲဒီ စီမံကိန်းနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ် နှစ်ဦးသုံးဦးကိုပဲ သွားရောက် တွေ့ဆုံခဲ့ပါတယ်။ ခင်မင် ရင်းနှီးမှု တည်ဆောက်ခဲ့ပါတယ်။

အဲဒီ ပုဂ္ဂိုလ်တွေကလည်း ကျွန်တော် တပ်မတော် အရာရှိ ဘဝမှာကတည်းက သိကျွမ်း ခင်မင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တော့ သူတို့ကို ပြန်လည်ဆက်သွယ်ရတာ အခက်အခဲ မရှိပါဘူး။ လာဘ်ထိုးတဲ့ အဆင့်ထိ မရောက်ပေမဲ့ သင့်လျော်တဲ့ လက်ဆောင်တွေတော့ ပေးရတာပေါ့။ သူတို့ အထောက်အသွယ်နဲ့ပဲ ကျွန်တော့်ဆီမှာ ရထားတဲ့ ကုမ္ပဏီနှစ်ခုရဲ့ အချက်အလက်တွေကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီစီမံကိန်းနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာန အဆင့်မှာ ပိုင်လောက်ပြီလို့ ယူဆလိုက်ပါတယ်။ ကျွန်တော် အဲဒီလို တွေ့ဆုံ ပြောဆိုတာတွေကိုလည်း Mr. Oishi ကို ပြန်ပြောပြီး အစီရင်ခံ ဖွင့်ဆိုကြပါတယ်။

## ဆုံးဖြတ်ချက် ချမယ့်သူ

ဒေါ်လာ သန်း ၉၀ နီးပါး တန်ဖိုးရှိတဲ့ စီမံကိန်း တစ်ခုကို ဆုံးဖြတ်ရာမှာ ဝန်ကြီးဌာန တစ်ခုတည်းကို ပိုင်ရုံနဲ့ မရလောက်ပါဘူး။ ဝန်ကြီး အဖွဲ့ Cabinet ကို တင်ပြရမှာ ဖြစ်တဲ့အတွက် ဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်က အရေးကြီးဆုံးပါ။ ဒါကြောင့်မို့လို့ ဝန်ကြီးချုပ်ရုံးကို လှေလာတဲ့ အခါမှာလည်း ကျွန်တော်နဲ့ သိကျွမ်း ခင်မင်တဲ့ အရာရှိကြီးတွေက တစ်ပုံတစ်ခေါင်းကြီးပါ။ သူတို့ရဲ့ နေရာနဲ့ တာဝန်တွေကို လေ့လာပြီး MAEP နဲ့ ပတ်သက်တဲ့ ညွှန်ကြားရေးမှူးနဲ့ သူ့ရဲ့ လက်အောက်က အရာရှိတွေကို လေ့လာရပါတယ်။ လေ့လာလို့ သေချာသလောက် ရှိတော့မှ သူတို့ကို ချဉ်းကပ်ပြီး MAEP စီမံကိန်းဟာ ကျွန်တော်နဲ့ ပတ်သက်တယ်ဆိုတဲ့ အကြောင်းကိုလည်း သူတို့ကို အသိပေးထားရပါတယ်။ ကျွန်တော်ဟာ အဲဒီ အချိန်မှာ နိုင်ငံခြား ကုမ္ပဏီနဲ့ ဆက်စပ်ပြီး စီးပွားရေး လုပ်တာ အောင်မြင်နေတယ် ဆိုတဲ့ သတင်းကို သူတို့ တော်တော်များများ သိနေကြပါပြီ။

## အထက်နဲ့ အောက် အနေအထား

MAEP စီမံကိန်းနဲ့ ပတ်သက်ပြီး ကျွန်တော်ဟာ စီမံကိန်း ရုံးအဖွဲ့၊ ပို့/ဆက် ဝန်ကြီးဌာနနဲ့ ဝန်ကြီးချုပ်ရုံးက ပုဂ္ဂိုလ်တွေကို တွေ့ဆုံပြီး မိတ်ဖွဲ့ရတာ၊ ခင်မင်လာတဲ့အခါ လက်ဆောင်ပဏ္ဏာ ပေးပြီး စီမံကိန်းနဲ့ ပတ်သက်တဲ့ သတင်း အချက်အလက်တွေ စုဆောင်းရတာ အင်မတန် လက်ဝင်ပါတယ်။ ဘယ်လို ပုဂ္ဂိုလ်ကို ဘယ်လို ချဉ်းကပ်ရမယ် ဆိုတာ အပြန်ပြန်အလှန်လှန် စဉ်းစားရပါတယ်၊ အမျိုးမျိုး ဖယားရှုရပါတယ်။ ပြီးမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်ကို သင့်လျော်သလို ချဉ်းကပ်ပြီး သတင်းတွေ မေးမြန်း စုဆောင်းရပါတယ်။

ဒါတွေဟာ အပြောလွယ်ပေမဲ့ အလုပ်ခက်ပါတယ်။ သူတို့ရုံးကို သွားရတာ၊ အဆင်မပြေဘူးဆိုရင် အပြင်မှာ ချိန်းတွေ့ရတာ၊ ဆီလျော်တဲ့ စကားတွေ ရွေးချယ် ပြောဆိုရတာတွေဟာ တကယ်တော့ အလွန် လက်ဝင်ပါတယ်။ အချိန်လည်း ကြာပါတယ်။ အပေါင်းအသင်းနဲ့ လုပ်လို့ မဖြစ်တဲ့ အတွက်ကြောင့် တစ်ကိုယ်တည်း ကြံရပါတယ်။ အဲဒီလို ဌာနပေါင်းစုံက လူမျိုးစုံနဲ့ ခင်မင်အောင် ပေါင်းသင်းပြီး ကိုယ်မျှော်မှန်းတဲ့ စီမံကိန်း အောင်မြင်ရေး အတွက် ကြိုးစားခဲ့ရတာပါ။ အချိန်လည်း ယူရပါတယ်။

ကာလအားဖြင့် မြောက်လလောက်အထိ ရှည်ကြာလာခဲ့ပါပြီ။ ကျွန်တော်ကလည်း ရတဲ့ သတင်း အချက်အလက်တွေကို Mr. Oishi ကို ပြောပြပြီးပေဖန်ရပါတယ်၊ဆွေးနွေးရပါတယ်။ဖြစ်လာနိုင်မယ့်အလားအလာတွေကို တွက်ချက်ရပါတယ်။ အချိန် ကြာလာတာနဲ့အမျှ ကျွန်တော် ရတဲ့ သတင်းတွေဟာ နိုင်လုံတဲ့အတွက် စီမံကိန်း အောင်မြင်တော့မယ်လို့ နှစ်ယောက်သား ယုံကြည်လာခဲ့ကြပါတယ်။

## မမျှော်လင့်တဲ့ အန္တရာယ်

ကျွန်တော် အဲဒီလို လှုပ်ရှားနေခဲ့တာတွေကို အမြဲတမ်း သတိရှိရှိနဲ့ လုပ်ခဲ့တာပါ။ လုပ်ငန်းကိစ္စ ဆိုရင် ဖုန်းပေါ်မှာ ဘယ်တော့မှ မပြောပါဘူး။ ပြောစရာရှိရင် လူကိုယ်တိုင်ပဲ ပြောလေ့ရှိပါတယ်။ တယ်လီဖုန်းကို အချိန်းအချက်ပဲ

လုပ်လေ့ရှိပါတယ်။ တွေ့ချင်တဲ့ လူဆိုရင် "ဘယ်နေ့၊ ဘယ်အချိန်မှာ တွေ့ရအောင်" ဆိုပြီး ချိန်းလေ့ ရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ ဆိုရင် ကျွန်တော်ဟာ လက်ဖက်ရည်ဆိုင် (သို့မဟုတ်) စားသောက်ဆိုင်တွေမှာပဲ တွေ့လေ့ရှိပါတယ်။

ဒီစီမံကိန်းနဲ့ ပတ်သက်လို့ စတင် လှုပ်ရှားတဲ့ အချိန် သုံးလလောက်ကြာတဲ့ အခါ Mr. Oishi ရဲ့ ရုံးရှေ့ လမ်းဘေးမှာ မနက် ခုနစ်နာရီကနေ ညနေ ကိုးနာရီလောက်အထိ ထောက်လှမ်းရေး တစ်ဖွဲ့က စောင့်ကြည့်ခြင်း ခံနေရတာ တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ မလိုက်သေးပါ။ ကိုယ့်လုံခြုံရေးနဲ့ ပတ်သက်လို့ အစကတည်းက သတိရှိနေသူ ဖြစ်တော့ ထူးခြားတဲ့ ကိစ္စတွေ ပေါ်လာတိုင်း ကျွန်တော် သတိပြုမိနေတာပါ။

## ရုံးအဖွဲ့တွေလည်း မနေရပါ

Mr. Oishi ဟာ ရန်ကုန်မှာ ရုံးဖွင့်ပြီးတော့ အခြေချနေတာပါ။ C.Itoh ကုမ္ပဏီအတွက်ပါ။ အဲဒီ အချိန်မှာ C.Itoh ကုမ္ပဏီဟာ စွမ်းအင် ဝန်ကြီးဌာန ထဲပါရဲ့ စီမံကိန်း တစ်ခု ရနေ၊ အကောင်အထည်ဖော်နေတဲ့ ကာလပါ။ အဲဒီ စီမံကိန်းကို အကောင်အထည်ဖော်နေဆဲမှာ အခု MAEP စီမံကိန်း ပေါ်လာတဲ့အတွက် သူကို တာဝန် ပေးရင်းနဲ့ ကျွန်တော်နဲ့ ဆက်သွယ်မိတာပါ။ ကျွန်တော် လှုပ်ရှားလို့မှ သုံးလေးလ ကြာလာတဲ့အခါ အထက်မှာ ရေးခဲ့သလို စီမံကိန်းနဲ့ ပတ်သက်တဲ့ ရုံးတွေကို သက်ဆိုင်ရာက စောင့်ကြည့်တဲ့ အဆင့်ထိ ရောက်လာပါတယ်။

အခြစ်က ဒီမှာတင် ရပ်မသွားသေးပါဘူး။ တစ်ရက်မှာတော့ Mr. Oishi ရဲ့ ရုံးက မြန်မာဝန်ထမ်းလေးတွေကို စသုံးလုံးက ကိစ္စရှိလို့ ဆိုပြီးတော့ ခေါ်မေးတာ ခံရပါတယ်။ တစ်ယောက်ပြီး တစ်ယောက် နေ့စဉ်ရက်ဆက်ပါ။ သူတို့ကို ဖမ်းတာတော့ မဟုတ်ပါဘူး။ သူတို့ ရုံးဟာ ဘာရုံးလဲ၊ ဘာတွေ လုပ်ရလဲ၊ တာဝန်ခံ ဘယ်သူလဲ၊ လခ ဘယ်လောက် ရသလဲ စတဲ့ အချက်အလက်တွေကို မေးမြန်းခြင်းပါ။ ရုံးက ဝန်ထမ်း ၁၀ ယောက်လောက် ရှိမယ် ထင်ပါရဲ့၊ သူတို့ကို တစ်ယောက်ပြီး တစ်ယောက် ခေါ်မေးတာ ရက်သတ္တ

နှစ်ပတ်လောက် ရှိပါ့မယ်။ ဒါပေမဲ့ ဘယ်အချက်အလက်မှ ရခဲ့ဟန် မတူပါဘူး။

Mr. Oishi ကိုတော့ ခေါ်မေးတာ မရှိပေမဲ့ သူ့ဝန်ထမ်းတွေကို အဲဒီလို ခေါ်မေးခဲ့တဲ့ အတွက် သူ့မှာ စိုးရိမ်ပူပန်မှုတွေ ဖြစ်လာပါတယ်။ ကျွန်တော်လည်း စိုးရိမ်မိတာပေါ့။ ဒါပေမဲ့ ကိုယ်ကိုယ်ကိုယ် ပြန်သုံးသပ်ပါတယ်။ "ငါ ဒီရုံးကို ဝင်ထွက်နေတာ သူတို့ သိမှာပဲ၊ ငါ့ကို ကိုယ်တိုင်ကိုယ်ကျ ခေါ်မမေးတာဟာ ငါနဲ့ မဆိုင်သေးလို့ပဲ" လို့ ယူဆပြီး လုပ်စရာရှိတဲ့ အလုပ် ဆက်လုပ်ပါတယ်။ အသွားအလာ မပျက်ခဲ့ပါ။ Mr. Oishi ကိုလည်း ဖြစ်လာနိုင်မယ့် အလားအလာတွေကို တွက်ပြီးတော့ စိတ်မပူဖို့ အားပေးရပါတယ်။

အဲဒီ အချိန်မှာ ကျွန်တော် စဉ်းစားမိတာက ဒီ MAEP စီမံကိန်းဟာ Shimitzu ကုမ္ပဏီဘက်က အားသာနေတယ်၊ ဒါကို Taisei ကုမ္ပဏီဘက်က လှုပ်ရှားတဲ့ ပုဂ္ဂိုလ်တွေက အထက် အထိ ပေါက်ရောက်ပြီး သူတို့ရဲ့ ဖိအားကြောင့် Mr. Oishi နဲ့ ရုံးအဖွဲ့ဝင်တွေကို အလုပ် ဆက်မလုပ်ရဲအောင် ခြောက်လှန့်တဲ့ လုပ်ရပ် harassment လို့ ယူဆပါတယ်။

## ဆုံးဖြတ်ချိန် ရောက်ပြီ

ကျွန်တော်ဟာ MAEP စီမံကိန်းနဲ့ ပတ်သက်လို့ တွေ့သင့်၊ တွေ့ထိုက်တဲ့ သူတွေ၊ ပြောသင့်ပြောထိုက်တဲ့ သူတွေကို ပြောထားတဲ့ အတွက် စီမံကိန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ အမြဲတမ်း ရခဲ့ပါတယ်။ စီမံကိန်းရဲ့ အနေအထား၊ သက်ဆိုင်ရာ ဌာနက လူကြီးတွေရဲ့ မှတ်ချက် သဘောထားတွေကို up to date ရထားလေတော့ ဒီစီမံကိန်းကို ကုမ္ပဏီ နှစ်ခုအနက် တစ်ခုကို ရွေးချယ်ရတော့မယ် ဆိုတဲ့ အဆင့်ကို ရောက်လာပါပြီ။ ဝန်ကြီးဌာန အနေနဲ့ Shimitzu ကို တင်ဒါ အောင်စေဖို့ အတွက် ဝန်ကြီး အဖွဲ့ Cabinet အစည်းအဝေးကို ထောက်ခံ တင်ပြတယ် ဆိုတဲ့ သတင်း ရလိုက်ပါတယ်။

အဲဒီ Cabinet အစည်းအဝေး လုပ်တဲ့ အချိန်မှာ ကျွန်တော် တခြား အလုပ်တွေကို ပစ်ထားပြီး Mr. Oishi ရဲ့ ရုံးမှာ တစ်နေကုန် သွားစောင့်ပါတယ်။ စိတ်လှုပ်ရှားစွာနဲ့ပေါ့။ ညနေ လေးနာရီခွဲလောက်ကျတော့မှ ဝန်ကြီးချုပ်ရုံးမှာ

ရှိတဲ့ ကျွန်တော့် စိတ်ဆွေက "ဝန်ကြီးအဖွဲ့က လက်ခံလိုက်ပြီ" လို့ အဓိပ္ပာယ် ပေါက်တဲ့ တယ်လီဖုန်း သတင်းကို ကျွန်တော်တို့ ရလိုက်ပါတယ်။ အဲဒီလို သတင်းမျိုးကို ဖုန်းနဲ့ သာမန် စကား ပြောသလို ပြောလို့ မရပါ။ နှစ်ဖက် သဘောတူ လျှို့ဝှက် အဓိပ္ပာယ် ပါတဲ့ စကား Code Word နဲ့ ပြောရတာပါ။

ကျွန်တော်တို့ နှစ်ယောက် ပျော်လိုက်ကြတာ၊ နှစ်ယောက်သား လက်တွဲပြီး သူ့ရှေ့စည်ခန်းမှာ ခုန်ပေါက်ပြီး အော်လိုက်ဟစ်လိုက်နဲ့ပေါ့။ သူ့ ရုံးအဖွဲ့သားတွေကတော့ ရုံးဆင်းသွားကြပါပြီ။ ဒါပေမဲ့ သူ့အိမ်က ရှိတဲ့ ထမင်းချက်တွေနဲ့ စီမံပြီး ဂီစကီ ပုလင်းဖောက်လို့ အောင်ပွဲ အထိမ်းအမှတ်နဲ့ တကြိ သောက်ကြပါတယ်။ နှစ်ယောက်တည်းပါ။ သူကလည်း သူ့နည်းသူ့ဟန် ထွင်ထားတဲ့ Code Word တွေနဲ့ တိုကျိုက ဌာနချုပ်ကို လှမ်းပို့ပြီးပါပြီ။ တိုကျိုက သက်ဆိုင်ရာ ရုံးမှာလည်း အော်ကြဟစ်ကြနဲ့ အောင်ပွဲ ကျင်းပကြပါသတဲ့။

## နောက်ဆက်တွဲ သတင်း အချို့

MAEP စီမံကိန်းကို ဝန်ကြီးချုပ် ခေါင်းဆောင်တဲ့ ဝန်ကြီး အဖွဲ့က ဆုံးဖြတ်ပြီးပြီ ဆိုတော့ ရှစ်လလောက် ကျွန်တော် ကြိုးပမ်းထားတဲ့ လုပ်ငန်းကြီး အောင်မြင် သွားတဲ့ အတွက် လူဟာ စိတ်လက်ပေါ့ပါးပြီး နေရထိုင်ရတာ စိတ်ကျေနပ် လိုက်တာ၊ ဒီစီမံကိန်းကြီး အောင်မြင်ရင်တော့ ငါနဲ့ ငါ့မိသားစု ဘဝဟာ သိသိသာသာ အဆင့်မြင့်သွားတော့မှာပဲ ဆိုတဲ့ အသိနဲ့ ကျေနပ် ဝမ်းမြောက် နေတာပါ။ ဒါပေမဲ့ အဲဒီ ကျေနပ်ပီတိ ဖြစ်မှုဟာ တစ်ပတ်ပဲ ခံပါတယ်။

လုပ်စရာ အလုပ်တွေ ပြီးပြီ ဆိုပြီး စိတ်ချလက်ချနဲ့ MAEP စီမံကိန်း ကိစ္စကို ခဏ မေ့ပျောက်ထားမိပါတယ်။ ဒါပေမဲ့ အဲဒီ အနေအထားဟာ ရက် သတ္တပတ် တစ်ပတ်ပဲ ခံပါတယ်။ နောက်တစ်ပတ် သောကြာနေ့ (Cabinet အစည်းအဝေးအပြီး တစ်ပတ် အကြာ) မှာ ဝန်ကြီးချုပ်ရုံးက ကျွန်တော့် မိတ် ဆွေဆီက ဖုန်းလာပါတယ်။ ဝန်ကြီး အဖွဲ့ ဆုံးဖြတ်ချက်ကို အပေါ်ကို တင် လိုက်တဲ့ အခါ "အပေါ်က" ဝန်ကြီး အဖွဲ့ ဆုံးဖြတ်ချက်ကို သဘော မတူပါ ဘူးတဲ့။ ဝန်ကြီးများ အဖွဲ့က ပယ်ထားတဲ့ ကုမ္ပဏီ Taisei ကို ပေးလိုက်ဖို့ အမိန့်ချပါသတဲ့။ အဲဒီ သတင်းဟာ ကျွန်တော့်ကို အကြီးအကျယ် တုန်လှုပ်



သွားစေခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်၊ ကျွန်တော့် အသက် ၄၆ နှစ်မှာပါ။

ကျွန်တော် Mr. Oishi ထံကိုလည်း အဲဒီ သတင်းဆိုးကို သွားပြောရပါ တော့တယ်။ သူလည်း အရှုပ်ကြီးပြုပ်ပေါ့။ ပြောစရာ ရှိတာ ပြောပြီးတဲ့ အခါ

ရှေ့ဆက် ဘာစကားတွေ ပြောရမယ် ဆိုတာ မသိတော့တာနဲ့ အိမ်ကိုသာ ပြန်လာခဲ့ပါတော့တယ်။ နောက်တစ်ပတ်မှာကျတော့ Mr. Oishi တိုကျိုကို ခဏ ပြန်သွားပြီလို့ သူ့ရုံးက လူတစ်ချို့ရဲ့ စကားအရ သိရပါတယ်။ တကယ်တော့ Mr. Oishi ဟာ အပြီးအပိုင် ပြန်သွားခဲ့တာပါ။ ဘယ်တော့မှ ပြန်မလာတော့ပါဘူး။ ကျွန်တော်နဲ့လည်း လုံးဝ အဆက်အသွယ် မပြုတော့ပါဘူး။ တော်တော့်ကို စိတ်မကောင်းမိပါဘူး။

## နောက်ပိုင်း ဖြစ်လာပုံတွေ

MAEP စီမံကိန်းကို Taisei ကုမ္ပဏီက အောင်သွားပါတယ်။ Taisei ကုမ္ပဏီ ဟာ Shimitzu ကုမ္ပဏီထက် ဒေါ်လာ ရှစ်သန်း ကိုးသန်းလောက် ပိုများပါ တယ်။ ဒါပေမဲ့ "အပေါ်က" ဈေးများတာကိုပဲ ရွေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီ "အပေါ်က" ဆိုတာကို စာရှုသူများက ဘယ်သူပါလိမ့်လို့ တွေးမိကြမှာ မလွဲပါ။ ဒါပေမဲ့ ကျွန်တော် ဖြေမှာက ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ကြ ပါတော့လို့ပဲ ပြောချင်ပါတယ်။ လမ်းစဉ်ပါတီခေတ်က တန်ဖိုးကြီးတဲ့ စီမံကိန်း တွေဟာ ဒီလို ပုံစံမျိုးနဲ့ ရွေးချယ်ခဲ့တယ်လို့ ယူဆပါတယ်။

၁၉၈၇ ခုနှစ် အကုန် ၁၉၈၈ ခုနှစ်၊ နှစ်စပိုင်းလောက်က စပြီး အဲဒီ ကုမ္ပဏီက လုပ်ငန်း စတင်နေပါပြီ။ ကျွန်တော်က အင်းစိန်မှာ နေတော့ ရုံး ရှိခါ မြို့ထဲ သွားရင် ပြည်လမ်းမအတိုင်း သွားရလေ့ ရှိပါတယ်။ အဲဒီလို သွားတဲ့ အခါတွေမှာ ဆယ်မိုင်ကုန်းနဲ့ ဇော်ဘွားကြီးကုန်း တစ်ဝိုက်မှာ အဲဒီ ကုမ္ပဏီက ကားတွေ မြေသယ်လုပ်ငန်းတွေ စတင်နေတာ တွေ့ခဲ့ရပါတယ်။ အရင်တုန်းက နံမည်ကြီးတဲ့ "ကိုးလောင်းကွေ့" ဆိုတာကြီးကိုလည်း မြေ သားတွေနဲ့ ဖို့ပြီး လမ်းဖြောင့်အောင် လုပ်လိုက်ပါပြီ။ တိုးရဲ့ လေယာဉ်ကွင်း အတွက် လိုမယ့် မြေသားတွေကိုလည်း အနီးအနား တစ်ဝိုက်က မြေတွေ တူးပြီး လုပ်ငန်း လုပ်နေကြပါပြီ။

ဒီလိုနဲ့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လမှာ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ် ပေါက်ခဲ့ပါတယ်။ ဒီအကြောင်းကို အကျယ်တဝင့် ရေးမပြတော့ပါဘူး။ အဲဒီ အရေးတော်ပုံကြောင့် MAEP စီမံကိန်းကြီး တစ်ခုလုံးဟာ ရပ်တန့်သွား

တယ်။ ဒါတင်မကသေးပါဘူး။ မင်္ဂလာဒုံလေဆိပ်နဲ့ မြောက်ဥက္ကလာ ကြားမှာ ရှိတဲ့ မြေကွက်လပ်ကြီးမှာ Taisei ကုမ္ပဏီက ဂိုဒေါင်ကြီးတွေ ဆောက်ထား ပါတယ်။ ပစ္စည်းတွေ အပြည့်နဲ့ပေါ့။

မင်းမဲ့ စရိုက် ဆန်လာတဲ့ အခါ အနီး ပတ်ဝန်းကျင်က လူထုက အဲဒီ ဂိုဒေါင်ကြီးကို ဖောက်ပြီး အထဲက ပစ္စည်းတွေကို အကုန် သယ်သွားပါတော့ တယ်။ ဂိုဒေါင်နှစ်လုံးစလုံး အခွံချည်း ကျန်ပါတော့တယ်။ ဒီလိုနည်းနဲ့ Taisei ရဲ့ MAEP စီမံကိန်းကြီးဟာ စုံးစုံးမြုပ်သွားပါတော့တယ်။ သူတို့ဟာ မသမာတဲ့ နည်းနဲ့ တင်ဒါ အောင်ထားတယ်လို့ ကျွန်တော် ယုံကြည်ခဲ့တာပါ။ သူတို့ရဲ့ ဝေဒနာ အကျိုးပေးလို့လည်း ပြောလို့ ရပါတယ်။

## အတွေ့ကလေး တစ်တွေ့

ကျွန်တော် ကြုံခဲ့ရတဲ့ ဒီဖြစ်ရပ်ကို ကျွန်တော်က "အတွေ့ကလေး တစ်တွေ့" လို့ သတ်မှတ်မိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဒီစီမံကိန်းကိုသာ ကျွန် တော် ရခဲ့မယ် ဆိုရင် Shimitzu ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်တာတွေကို ကျွန် တော်က Mr. Oishi ကိုယ်စား အကောင်အထည်ဖော်ပေးရမှာပါ။ အဲဒီလို ဘာဝန်ယူနေရပြီ ဆိုရင် ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ဝင်ပါဖို့ အခြေ အနေ ပေးမှာ မဟုတ်တော့ပါဘူး။ ဒါဆိုရင် ကျွန်တော် လျှောက်ရမယ့် ဘဝ သမ်းကြောင်းဟာလည်း တစ်မျိုးတစ်ဖုံ ဖြစ်သွားမှာ သေချာပါတယ်။ ဘာ့ ကြောင့်လဲ ဆိုတော့ -

ဒီစီမံကိန်း အောင်မြင်ရင် ကျွန်တော် ရမယ့် ဝေစုက စီမံကိန်း တစ်ခုရဲ့ ဘစ်ရာနှုန်း ဖြစ်လို့ပါ။ ဒါကြောင့် ကျွန်တော် ဆောင်းပါး အစမှာ ဖော်ပြခဲ့ သလို ကျွန်တော့် လက်ထဲကို ရောက်လုဆဲဆဲ ရတနာကြီး တစ်လုံး ပြုတ်ကျ သွားတယ်လို့ နှိုင်းယှဉ်မိတာပါ။

ဒါပါပဲ ခင်ဗျာ။

မေတ္တာဖြင့်-

ဦးဝင်းထိန်